ကျေးဇူးတော်ရှင်
အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်

အမရပူရမြို့မင်္ဂလာရိပ်သာတိုက်ကျောင်းပေါ်၌
ဟောကြားတော်မူသော


# သစ္စာ(၄)ပါး

တရားတော်



## ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂-ပါး၊ ထင်ရှားပေါ်လွင်-ဒေတ်အစဉ်

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော် ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ် ဖြတ်လမ်းကြည့်ရှုစရာ စက်ဝိုင်းဒေသနာ၊




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရှစ်နှစ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်
ကြောင့်နှစ်ရှစ်၊ နှစ်ရှစ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ဖြန်နည်းအလျော်။ ဗြဟ္မာ-သိကြား၊ စသည်များက၊ ထင်ရှားမြင်မြင်၊ ဇီရင်ဘန်
င်။ အကြောင်းရင်းကြောင့်၊ လူနတ်များနွား၊ သတ္တဝါတို့၊ ဖြစ်လာရှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မြော်။
လင်္ကာဆောင်ပုဒ်) မူလနှစ်ဖြာ၊ သင်္ဂါနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရင်မှလား
န်သုံးနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။



ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရား

# ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့-မင်္ဂလာတိုက်ဟောင်း၊ ဓမ္မာရုံ၌

ဟောကြား- ဆုံးမတော်မူသော

# ( ဝိပဿနာ )

# အလုပ် — တရားတော်

အမှတ်စဉ် ( ၁၅ )

A

မိုးကုတ် ဆရာတော် ဘုရားကြီး၏
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့၏
မူပိုင် ဖြစ်သည်။

မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။

**အဖွဲ့ကိုယ်စား ၊ -ထုတ်ဝေဖြန့်ချိသူ**
ဦးဘသောင်း ( အတွင်းရေးမှူး ) မှတ်ပုံတင် ( ၀၁၂၅ )
အမှတ် ၃၃-ဆင်းဒွစ်လမ်း၊ ရန်ကုန်မြို့။

★

ယောဂီပုံနှိပ်တိုက်၊ ဦးတင် မှတ်ပုံတင်အမှတ် (၀၀၃၇)က
အမှတ် ၂၄၅-လွစ္စလမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ပထမ ရိုက်နှိပ်ခြင်း စာအုပ်ရေ ၅,၀၀၀
( ၁၃ - ၆ - ၆၆ )

# နိဒါန်း

နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးတွင် ပဌမအဆင့် အနေဖြင့် ပဋိစ္စသမုပ္ပါဒ်တရား၊ ဒုတိယ- တတိယ-စတုတ္ထ စသဖြင့်မည်သည့် အဆင့်ကပင် ဖြစ်စေ ပြောစေကာမူ အရိယာသစ္စာတရားသည်၊ အလွန့်အလွန် အရေးပါ အရာရောက်ရသော တရားတော်များ အရာကျယ်လှသော တရားတော်များ ဖြစ်သည်ဟု .... အတော် အတန် လိုက်စားမိသူတိုင်း သဘောပေါက်မိကြပေလိမ့်မည်။

သံယုတ်ပါဠိတော်၌ တိရစ္ဆာန်အမျိုးမျိုး ရှိကြရာဝယ် မိမိတို့ ခြေရာ ရှိကြသည်ချည်းပင် ဖြစ်ရာ၊ ဘယ်ခြေရာမဆို ဆင်ခြေ ရာ အတွင်းမှာသာ ဝင်ရမည်ဆိုသလို .... မည်သည့် တရားမဆို နောက်ဆုံး၌ သစ္စာတရား၌သာ လမ်းဆုံးရမည်ချည်း ဖြစ်သည်ဟု တထစ်ချ ဆုံးဖြတ်ကြရာသည်။

ဘုရားဖြစ်စေ .... ပစ္စေကဗုဒ္ဓါဖြစ်စေ၊ ရဟန္တာဖြစ်စေ၊ သော တာပန်, သကဒါဂါမ်, အနာဂါမ်ဖြစ်စေ သစ္စာကို အနုလောမ ဉာဏ်ဖြင့် သိနားလည်ပြီးလျှင် အနုဗောဓဉာဏ် ထိုးထွင်းသိ သောဉာဏ်ဖြင့် ပိုင်းခြားနိုင်မှသာလျှင် မိမိဆိုင်ရာ မဂ်ဖိုလ် စသည်ကို အောင်မြင်ခြင်းသို့ ရောက်ရှိကြကုန်သည်။

သစ္စာတရားကို ထိုးထွင်း၍ မသိဘဲ မည်သူ သောတာပန် ဖြစ်သွားသည်။ မည်သူ သကဒါဂါမ် ဖြစ်သွားသည်၊ အနာဂါမ် ဖြစ်သွားသည်၊ ရဟန္တာ ဖြစ်သွားပြီ စသဖြင့် ပြောသံ ဆိုသံ ကြားချင် ကြားရလိမ့်မည်။

မြတ်စွာဘုရားသခင်သည် သစ္စာသံယုတ်၌ လူတယောက်သည် အိမ်တအိမ်ကို အောက်မှ တိုင်မပါဘဲ၊ ဒိုင်း·မျှား·ထုတ်·ယောက် မပါဘဲ မိမိက အမိုးမိုးလာခဲ့တယ်ကွာ....ဆိုယင် ယုံနိုင်ဘွယ် မရှိသလို....ထိုနောက် အခြားသူ တယောက်က သူ့ သူငယ်ချင်း တယောက်အား ငါသည် မင်းမောယင် သောက်ဘို့ ဇီးဖြူရွက်နှင့် ရေထုပ်လာခဲ့တယ်ကွာ ဆိုယင်လည်း ယုံနိုင်ဘွယ် မရှိ၊ ယုံတမ်းစကားသာ မှတ်လိုက်ပေတော့ကွ...။ မယုံပါနှင့်ဟု ဟောတော်မူသည်။

သစ္စာလေးပါးတရား ဆိုသည်မှာ ဤမျှ အရေးကြီးလှပါသည်။ အနည်းငယ် ချဲ့၍ ပြောပါဦးအံ့....၊ မြတ်စွာဘုရားသခင်သည် ရဟန်းတို့ ငါသည် သစ္စာလေးပါးကို လျော်စွာမသိခြင်းကြောင့်၊ ထိုးထွင်း၍ မသိခြင်းကြောင့် သံသရာ ရှည်ခဲ့ရသည်။ သင်တို့သည်လည်း သစ္စာလေးပါးကို မသိသေးသမျှ သံသရာမှာ ကျင်လည်ပြေးသွား ရှည်လျားဦးမည်ပင် ဖြစ်သည်ဟု ဟောတော်မူပါသည်။

မြတ်စွာဘုရားရှင်တို့ ပွင့်တော်မူသည်ဖြစ်စေ၊ မပွင့်တော်မူသည် ဖြစ်စေ.... ဤသစ္စာလေးပါး အမှန်တရားမှာ ရှိသည်ချည်းပင် ဖြစ်သည်။ သို့သော်....ဘုရားပွင့်တော်မူမှသာလျှင် ဤကား- ဒုက္ခသစ္စာတည်း၊ ဤကား.... ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ

တည်း၊ဤကား....ဒုက္ခသမုဒယတို့၏ ချုပ်ရာ နိရောဓသစ္စာတည်း၊ ဤကား....ဒုက္ခ သမုဒယတို့ ချုပ်ရာ ရောက်ကြောင်း အကျင့်မှန် လမ်းကြောင်းတည်းဟု တင်ရှားစွာ ဖွင့်ပြတော်မူခြင်း ဟော ကြားတော်မူခြင်း ဖြစ်သည်။

ထိုကြောင့် ဗုဒ္ဓမြတ်စွာသည် ငါသည် အကြင်အခါ၌ သစ္စာ လေးပါးကို ထိုးထွင်း၍ မသိသေး။ ဘုရားဟူ၍ နတ်နှင့်တကွ....၊ ပြဟ္မာနှင့်တကွသော လူအပေါင်းတို့အား ဝန်ခံတော် မမူသေး၊ အကြင်အခါ၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိ၏။ ထိုအခါ နတ်ပြဟ္မာနှင့်တကွ လူအပေါင်းတို့အား ဘုရားဟူ၍ ဝန်ခံတော် မူပြီဟူ၍ ဓမ္မစကြာ၌ ဟောတော်မူသည်။

ထိုကြောင့် မဂ်လေးတန်, ဖိုလ်လေးတန် တည်းဟူသော အောင်ပန်းဆွတ် ပုဂ္ဂိုလ်တိုင်း သစ္စာမပါဘဲ ကျွတ်တန်းဝင်တော် မူကြသည်ဟူ၍ မရှိကြချေ။ ယုံမှားသံသယ ဖြစ်ကြရန် မဟုတ် ပါ....။

ဘုရားရှင်တို့ ဓမ္မတာတော်သည်လည်း ပဌမ ဒါနကထာ, သီလကထာ ဟောတော်မူ၍ နောက် သဂ္ဂကထာ နတ်ပြည်ရောက် ကြောင်း ဟောတော်မူသည်။ နောက်ပြီးတဖန် နတ်ပြည်ဟာလဲ ငါး'ါးအာရုံ ကာမဂုဏ်ထဲမှာ ပျော်မွေ့နေသည် ဖြစ်၍ ခွေး အမဲတုံး ရတာနဲ့ အတူတူပါဘဲ။ အိပ်မက်ထဲမှာ စားရတဲ့ အစာနဲ့ အတူတူပါဘဲ စသည်ဖြင့် နတ်ကာမဂုဏ်ကို ဖျက်ဆီးတော်မူလို၍ "ကာမာနံ အာဒီနဝကထာ"ကို ဟောတော်မူရသည်။ကာမဂုဏ် ၏ အပြစ်တွေကို ပြပြီးဆိုခဲ့သည့်အတိုင်း ဟောတော်မူသည်၊

ထိုကဲ့သို့ ကာမဂုဏ်အပြစ်တွေ မြင်ပြီးလျှင် ကာမဂုဏ်ငါးပါး အပေါ်၌ ငြီးငွေ့လာသောအခါ စိတ်သည် နူးညံ့သိမ်မွေ့လာ

သောအခါ၊ သန့်ရှင်း စင်ကြယ်လာသောအခါ၊ အညစ်အကြေးကင်းစင်သော အခါ ပြုပြင်ခြင်းငှါ သင့်လျော်သော အခါကျမှ သစ္စာလေးပါး တရားတော်ကိုကောက်၍ ဟောတော်မူရသည်။ ဤသို့ ဟောတော်မူရခြင်းသည် ဗုဒ္ဓမြတ်စွာတို့ ဓမ္မတာပင် ဖြစ်သည်။

ဤနေရာ၌ ဆင်ခြေဝင်ရန် ရှိပေသည်။ ဗာဟိရဒါရုစိတို့တော့ သစ္စာမပါပါလား မေးဘွယ် ရှိပေသည်။ ဂေါတမရှင်တော်ဘုရား လက်ထက်မှာ ဒါရုစိနှင့် မာလုကျပုတ္တ နှစ်ပါးသာ 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'ကို ဟောတော်မူသည်ကို သတိပြုကြရာသည်။ ၎င်းတရားမျိုးကို ရှင်စူဠပန်သွားပြီး ဟော၍ ရမည်မဟုတ်ချေ။ သို့သော်မည်သည့်တရားဖြစ်ဖြစ် သစ္စာ၌ အကျုံး ဝင်ပြီးသားသာ ဖြစ်ချေသည်။

နောက်ဆုံး သစ္စာ၌သာ လမ်းဆုံးရသည်ချည်း ဖြစ်ချေသည်။

သစ္စသံယုတ်မှာ မြတ်စွာဘုရားသခင်သည် ရဟန်းတို့ အလျားယူဇနာ ငါးဆယ်၊ အနံ ယူဇနာ ငါးဆယ်၊ စောက် ယူဇနာငါးဆယ်ရှိတဲ့ ရေကန်ကြီးတခု ရှိတယ်။ ဒီ ရေကန်ကြီးထဲမှာလဲ ရေအပြည့်ရှိတယ်။ တယောက်သော သူသည် သမန်းမြက်ဖျားနှင့် (၇)ကြိမ်တို့ပြီး ရေကို ယူပြီး ထားပါ။၎င်း(၇) ကြိမ်တို့ပြီး ရတဲ့ ရေနှင့် ကန်ကြီးထဲက ရေနှင့် ဘယ်ရေကပိုပြီး များပါမလဲ ရဟန်းတို့ဟု မေးတော်မူရာ ရဟန်းများက ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား သမန်းမြက်ဖျားနှင့် တို့လို့ ရတဲ့ ရေသည်ကား ရေကန်ကြီးထဲက ရေနှင့် နှိုင်းယှဉ်သော် မနှိုင်းယှဉ်လောက်ပါ ဘုရားဟု လျှောက်ထားကြလေသည်။

ဗုဒ္ဓမြတ်စွာသည် ရဟန်းတို့၊ ဤဥပမာလိုဘဲ သစ္စာထိုးထွင်း သိပြီးသော ပုဂ္ဂိုလ်များ၏ ကျန်ရှိနေသော ဒုက္ခသည် သမန်းမြက်ဖျားနှင့် ယူ၍ ရသော ရေလောက်သာ ကျန်ရှိတော့သည်။ ကုန်ဆုံးပြီးသော ဒုက္ခသည် ရေကန်ကြီးထဲက ကျန်ရှိသော ရေထုအများနှင့် တူသည်ဟု မိန့်တော်မူသည်။ ဆိုလိုသည်မှာ အပါယ်တံခါးပိတ်ပြီးသော သောတာပန်ပုဂ္ဂိုလ်တို့၏ ကြွင်းကျန်သော ဒုက္ခအလွန်အားဖြင့် ခုနစ်ဘဝသာ ဖြစ်ရာ၊ ရေကန်ထဲက ရေနှင့် နှိုင်းယှဉ်ခြင်းဖြင့် မဖြစ်လောက်ဘူးဟုသာ ဆိုရတော့မည်။

သစ္စာသိ၍ မဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်ဖြစ်ရန် ယခု သာသနာတော်၌ အလွန် အရေးကြီးပါသည်။ ဤကဲ့သို့သော တရားကို ထိုးထိုးထွင်းထွင်း သိထိုက်သော တရား ဟုတ်-မဟုတ် ဤသို့.... ဤသို့ သိပြီးနောက် ထိုးထွင်း၍ ခန္ဓာဥာဏ်ရောက်အောင် အားထုတ်ထိုက်-မထိုက် ၎င်းအရေးကြီးသော သစ္စာတရားကို ဟောပြောတတ်သော ပုဂ္ဂိုလ်ဆရာသမား ရှာသင့်-မရှာသင့် ဤနေရာ၌ ပေါ်လွင် ထင်ရှားပါသည်။

ပေဋကော ပဒေသ ပါဠိတော်၌....

သာဝကပါရမီ ရရှိစေရန် (၀၁)သောတာပန် ဖြစ်စေရန်မှာ အကြောင်းနှစ်ခုမျှ ရှိသည်ဟူ၍ ဆိုသည်။

"ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ ပရတောစ ဃောသော သစ္စာနုသန္ဓိံ အဇ္ဈတ္တဉ္စယောနိသော မနသိကာရော" ဆိုလိုသည်မှာ သောတာပန် ဖြစ်ချင်ယင် သစ္စာနှင့် စပ်သော တရားနာ၍ သစ္စာ နှလုံးသွင်းလျှင် ပြီးတာပါဘဲဟု ဆိုသောကြောင့် သစ္စာတရား နာမှုနှင့် ကင်း၍

လည်း သောတာပန်-သကဒါဂါမ်-အနာဂါမ်-ရဟန္တာ မဖြစ်နိုင်ပါ။ သစ္စာတရားကို နှလုံးသွင်းမှု ကင်း၍လည်း သောတာပန်-သကဒါဂါမ်-အနာဂါမ်-ရဟန္တာ မဖြစ်နိုင်ပါ။

သစ္စာဆိုသည်မှာ တခြားတပါးဟု မှတ်ရန် မလိုပါ။ အင်မတန်မှ ခဲရာခဲဆစ်ဟူ၍ ယူဆကြရန် မလိုပါ။ သစ္စာဟောတတ်သည့် ဆရာဆိုသည်မှာလည်း ဘယ်မှာ ရှာရမည်ဆိုသည်ကိုလည်း ခဲယဉ်းလိုက်တာဟူ၍ ငြီးငြူနေစရာ မလိုပါ။

မလိုပုံကို ရှင်းပြပါဦးအံ့....။

သစ္စာတခြား, ပဋိစ္စသမုပ္ပါဒ်တခြားစီဟူ၍ မယူပါနှင့်။ ပဋိစ္စသမုပ္ပါဒ်တရားထဲ၌ သစ္စာပါပြီး ဖြစ်ပါသည်။ ထို့ကြောင့် ပဋိစ္စသမုပ္ပါဒ် ဟောတတ်သော ဆရာသည် သစ္စာဟောသည့် ဆရာပင် ဖြစ်ပါသည်။

နောက်တဖန် "သစ္စာနုလောမိကဉာဏံ့ ဝိပဿနာဉာဏံ" ဟု တဖန် အဋ္ဌကထာကြီးများက ဖွင့်တော်မူသောကြောင့်.... ဝိပဿနာဉာဏ်ဆိုသည်မှာ တခြားမဟုတ်။ သစ္စာသိတဲ့ ဉာဏ်ဘဲဟု တဖန် နှစ်သိမ့်စေရန် အကြောင်းတွေ့ရပြန်ပါသည်။

နှစ်သိမ့်စေရန် ဆိုသည်မှာ.... အရမ်း နှစ်သိမ့်၍ မဖြစ်သေးပါ။ ဝိပဿနာအားထုတ်သော ယောဂီအတွက်သာ နှစ်သိမ့်ခြင်း ဖြစ်စေနိုင်ပါမည်။

တဖန် ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးက "သစ္စာ တခြား အနိစ္စတခြားလို့ မမှတ်ကြနဲ့ အုံးကွ" ဟု အမိန့်ရှိတော်မူပြန်ပါသည်။

ထို့ကြောင့် ယောဂီပုဂ္ဂိုလ်များသည် တကယ်အရင်းကျကျ စစ်စစ်မြစ်မြစ် လိုက်ကြမည်ဆိုပါက ဝိပဿနာဆိုသော်လည်း အနိစ္စရှုတဲ့ ဝိပဿနာဟုတ်ကဲ့လား။ ဒုက္ခရှုတဲ့ ဝိပဿနာဟုတ်ကဲ့လား။ အနတ္တရှုတဲ့ ဝိပဿနာဟုတ်ကဲ့လားဟု စိစစ်တတ်သော ဉာဏ်ကလည်း လိုအပ်ပါသည်။

**မှတ်ချက်**။ ။(အနိစ္စသည်ပင်ဒုက္ခ။ ဒုက္ခသည်ပင် အနတ္တ။ အနတ္တသည်ပင် ဖြစ်ပြီး ပျက်တတ်သောကြောင့် ဖြစ်ပျက်ဟု တလုံးတည်း၌ အကြွမ်းဝင်သည်)။

အဘယ်ကြောင့် စိစစ်ရဦးမည် ဆိုသော အကြောင်းရှိနေသလဲ ဆိုပါလျှင် ယခုခေတ်မှာ ဝိပဿနာ- ဝိပဿနာဆိုငြားသော်လည်း။ ဖြစ်ပျက်မပါသော ဝိပဿနာတွေကလည်း များစွာပေါ်ပေါက်နေပါသည်။ နောက်တဖန် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နှင့်တွဲ၍ မပြသော ဝိပဿနာတွေကလည်း များစွာရှိပေလိမ့်မည်။

ရင်းနောက် ဒိဋ္ဌိကို(သဿတ, ဉစ္ဆေဒ,သက္ကာယဒိဋ္ဌိ) သိမှုဖြင့် ဖြုတ်မပေးဘဲ လုပ်နေကြသော ဝိပဿနာတွေကလည်း ရှိပေလိမ့်ဦးမည်။ ထိုနောက် အရေးအကြီးဆုံးဖြစ်သော သစ္စာနှင့်တွဲ၍ ပြသခြင်းမရှိသော ဝိပဿနာတွေလည်း ပို၍များပေလိမ့်မည်ဟု ယုံကြည်ရန်ရှိပေသည်။ မည်သည့် ဝိပဿနာမဆို ဓမ္မာနုပဿနာမှာသာ လမ်းဆုံးရမည်သာဖြစ်ရာ၊ ထိုသို့မဟုတ်ပါဘဲ ရှုမှုရှိုက်မှုအားဖြင့်ရင်း။ သွားတာမှတ်, စားတာမှတ် နေခြင်းအားဖြင့်ရင်း။ ငါရှုငါရှိုက်ဖြင့်သော်ရင်း။ ငါရှု ငါမှတ်ဖြင့် သော်ရင်း။ သမာဓိစခန်း၌သာ ထစ်၍သောင်တင်ပြီး နေကြရာ အမှန်အားဖြင့်

ဤအလုပ်ကိုပင် ဝိပဿနာထင်ပြီး ဤမျှလောက်နှင့်သာဝိပဿနာ အလုပ်မှာ လုပ်စရာကိစ္စကုန်ပြီဟု အထင်ရောက်နေကြသူ များ လျက်ရှိသည်ကို တွေ့ရသဖြင့် အလွန်ပင် ဝမ်းနည်းစရာကောင်းလှ တော့သည်။

ဝိပဿနာလောက၌ များသောအားဖြင့် ဤအခြေ၌ရှိကြ သည်သာများကြသည်။ ဤသို့ ဖြစ်ရပ်အမှန်ရှိရာ ခန္ဓာအရှိကို ဉာဏ်အသိနှင့် ဘယ်အချိန်ဘယ်ကာလ၌ သိနိုင်ကြပါမည်နည်း။ ဤခန္ဓာအရှိကို ဝိပဿနာဉာဏ်အားဖြင့် ဟုတ်တိုင်းမှန်စွာ သိပြီး လျှင် ဒုက္ခသစ္စာကို ဒုက္ခသစ္စာဘဲဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိမြင်နိုင်မှသာလျှင် ဤဒုက္ခသစ္စာဆိုတဲ့ ခန္ဓာကြီးကို မလိုချင် မရ ချင်တဲ့ ဉာဏ်ဝင်လာပြီးလျှင်ဤခန္ဓာပေါ်၌ပင်လျှင်ရှုမှန်းငြီးငွေ့ မပျော်မွေ့ဘဲ ဤသည်လျှင် ဒုက္ခသစ္စာအစစ်ဘဲ။ ဤသည်လျှင် ဒုက္ခသစ္စာအစစ်ဘဲဟု ဉာဏ်မျက်စိ၌ မြင်လာလျှင် စက္ခုံ ဉဒပါဒိ ပညာဉဒပါဒိ, ဝိဇ္ဇာဉဒပါဒိဖြစ်သည်ပင်။ ဤသို့ဉာဏ်မျက်စိ၌ မြင်လာလျှင် မဂ္ဂသစ္စာပွားများပြီးဖြစ်ပြီ။ ဒုက္ခသစ္စာကိုလည်းပိုင်း ခြားပြီးဖြစ်သည်။ နောက်ခန္ဓာ မရချင်၊မလိုချင်တာသည် သမုဒယ သစ္စာကိုပယ်ပြီးဖြစ်သည်။ နောက်ဒုက္ခမလာဘဲ ငြိမ်းအေးခြင်း သည် နိရောဓသစ္စာဖြစ်သည်။

နောက်ဆုံး သစ္စာမြင်သည့် အပိုင်းများသည် ဓမ္မာနုပဿနာ ပိုင်းများဖြစ်သည်၊ ၎င်းဓမ္မာနုပဿနာမှာသာ လမ်းဆုံးရမည် ဖြစ်သည်။

ရိုးသားစွာ သန့်ရှင်းသော စေတနာစိတ်ရင်းနှင့် ပြောရပါ လျှင် သာမည ရိုးရိုးတန်းတန်းဘဲဖြစ်စေ၊ ခပ်ကြမ်းကြမ်းဘဲ ဖြစ်စေ ဝင်လေ-ထွက်လေ ရှုရှိုက်ရုံမျှနှင့် ဆိုပါလျှင် သမထ၌

သာလမ်းဆုံးနေသည်ဖြစ်ပါ၍ သစ္စာနုလောမိကဉာဏ်ကိုပင် ရဘို့ အင်မတန် ခဲယဉ်းလှပါသည်။ သစ္စာနုလောမိကဉာဏ်မျှ မရလျှင်လည်းမဂ်ဉာဏ်ဖိုလ်ဉာဏ်ရဘို့ခရီးအင်မတန်အလှမ်းဝေးလေတော့သည်။ ထို့ကြောင့် ဝိပဿနာအလုပ်မှာ ဉာဏ်ဦးစီးလုပ်မှသာလျှင် ခရီးပေါက်နိုင်မည် ဖြစ်ပါသည်။ * ဒိဋ္ဌိမပြုတ်ဘဲ ရှုနေသော ဝိပဿနာသည်မည်သည့်နည်းနှင့်မျှ ခရီးမပေါက်နိုင်ဟု တထစ်ချ ဆုံးဖြတ်ထိုက်ပါသည်။

ဤသို့ ဒိဋ္ဌိပြုတ်မှုသည်လည်း ပဋိစ္စသမုပ္ပါဒ် တရားသဘော နားလည် သဘောပေါက်မှသာလျှင် ဖြစ်နိုင်ပါသည်။

ဒုတိယအဆင့်နောက်ပိုင်းတွင် သစ္စာနှင့် လျော်သောဉာဏ်။ သစ္စာနှင့်လျော်သော နှလုံးသွင်းမှု လိုအပ်လှပါသည်။

သစ္စာနှင့်လျော်သော ဉာဏ်ရမှုဆိုသည်မှာ သစ္စာတရားတော်ကို နာမှုဖြစ်သည်။ သစ္စာတရား နှလုံးသွင်းမှု ဆိုသည်မှာလည်း သစ္စာတရားကို နာကြားရမှသာလျှင် သစ္စာဆိုသည် ဤသည်ပင်တည်းဟု သိရှိနားလည်မည်။ နားလည်မှသာ မည်သို့နှလုံးသွင်းမှ သစ္စာနှလုံးသွင်းခြင်းမည်သည် စသဖြင့်နှလုံးသွင်းမှု၌လိမ္မာနိုင်မည်။ ယခုအခါသစ္စာဟောတတ်-ပြောတတ်သော ပုဂ္ဂိုလ်လည်း မရှိသလောက် ရှားပါးနေကြပြန်သည်။ သစ္စာဟောသောတရားပွဲကလည်း အလွန်တရာမှ နည်းပါးနေကြပြန်ပါသည်။

ထိုသို့သော အချိန်အခါအတွင်းမှာ ယခု ဤစာရေးသူသည် ဆရာတော်ကြီး ခန္ဓာဝန်ကို ချသွားတော်မူသွားပြီးသည်နောက် ခြေရာလဲပျောက်- ရေလဲနောက်ဆိုသလို ဆရာတော်ကြီးလဲ မရှိ;

---

* သိမှုဉာတပရိညာနှင့် ပြုတ်မှုကို ဆိုသည်။

တော့ဘူး။ ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော အလွန့် အလွန်အဘိုးတန်လှသော တရားတော်တွေကလည်း ပျောက်ကွယ် သွားလျှင်ဖြင့်သတ္တဝါဝေနေယျတွေဖြင့်အကျိုးနဲ့ရချေတော့မည် ဟု သဘောပိုက်ပြီးလျှင် သက်တော်ထင်ရှားရှိစဉ်က ဟောတော် မူခဲ့သော အရပ်ရပ် ခန္ဓာဥာဏ်ရောက်တရားများကို စုပေါင်းရိုက် နှိပ်၍ အသင်းအဖွဲ့ ဖွဲ့စည်းပြီးလျှင် မပျောက်မပျက်အောင် ထိန်း သိမ်းစောင့်ရှောက်ခြင်း။ စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချီ ခြင်း။ အသံသွင်းတရားများကို အနှံ့အပြား လိုက်လံဖွင့်လှစ် ခြင်းစသော ပြန့်ပွားရေးများကို ဆောင်ရွက်လုပ်ကိုင်လျက်ရှိရာ ရန်ကုန်မြို့၌ဖြစ်စေ၊ အခြားအခြားသော မြို့ရွာများ၌ဖြစ်စေ၊ မိုးကုတ်ဆရာတော်ကြီး၏ တိုက်ခွဲတရားသံများ တဌာနမရှိ တဌာနရှိဆိုသလို ဖွင့်လှစ်လျက်ရှိကြရာလက်လှမ်းမှီရာဌာနများသို့ ဤသစ္စာသရား ပဋိစ္စသမုပ္ပါဒ်တရားများကိုနာယူနိုင်ကြပါသည်။

ထိုသို့မဟုတ် အဖွဲ့ကြီးက ထုတ်ဝေလျက်ရှိသော ဝိပဿနာ ဒေသနာ ခန္ဓာဥာဏ်ရောက် တရားများကို ယခုစာအုပ်အထိ အမှတ်စဉ် ၁၅-အထိ ရှိပြီဖြစ်ရာ တအုပ် တအုပ်လျှင် တနာရီ ဟောတရား ၁၂ပုဒ်၊ ၁၃-ပုဒ် စသဖြင့်ပါရှိရာ တရားတပုဒ် တည်းနှင့်လည်း အကျိုးသက်ရောက်စေနိုင်ပါသည်။တရားတလုံး စကားတလုံးမျှနှင့်လည်း အကျိုးသက်ရောက်နိုင်ပါသည်။

ဓမ္မစေတီသဘောဖြင့် အိမ်တိုင်းအိမ်တိုင်း အမှတ်စဉ်(၁)မှ စ၍ (၁၅) အထိ ပူဇော်ထားထိုက်ပါသည်။ ပူဇော်ထားရုံမျှ မကမူ၍ ဖတ်လည်းဖတ်ရှုကြပါဟု တိုက်တွန်းပါသည်။ နား မလည်မချင်း ဖတ်ရှုကြပါဟု တိုက်တွန်းပါသည်။ နားလည်

သလိုလည်း အလုပ်လည်းလုပ်ကြပါဟု ဒုတိယအကြိမ်တိုက်တွန်းပါသည်။

ဤကဲ့သို့ အကြိမ်ကြိမ် တိုက်တွန်းခြင်းသည် နောင်ဤကဲ့သို့ ယောနိုင် ပြောနိုင်မည့်ပုဂ္ဂိုလ်က ပေါ်နိုင်တော့မည် မဟုတ်သော ကြောင့် တိုက်တွန်းခြင်း ဖြစ်ပါသည်၊ ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့....။

ဦးသံဒိုင် ( ဥက္ကဋ္ဌ )
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့
အမှတ် ၃၃-ဆင်းဒွစ်လမ်း ရန်ကုန်မြို့။

# စိတ္တာနုပဿနာ ရှုပွားနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ဧည့်သည်<br>၅ ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ် | အတွင်းဧည့်သည်<br>၅ ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊
၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ပျက်ရှုပါ၊
အိမ်သည် မရှိပါက အပြင် ဧည့်သည်၊အတွင်းဧည့်သည်
ပေါ်ရာကို ရှုပါ၊
ဧည့်သည်မရှိပါက အိမ်သည်ကိုအမြဲရှုပါ၊

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | သံသရာခရီးသည်ထွက်လမ်းနှေ့ အလုပ်ပေးတရားတော် | | ၁ |
| ၂။ | အာသဝချုပ်ကြောင်း | ။ | ၄၃ |
| ၃။ | ဒိဋ္ဌိကွာပြီးမှ ဝိပဿနာရှုရန် | ။ | ၇၄ |
| ၄။ | ကံကို ဥာဏ်ဖြင့် သတ်နည်း | ။ | ၁၁၇ |
| ၅။ | ခန္ဓာကိုယ်ရှိက ကျန်းမာမှုမရှိ | ။ | ၁၆၆ |
| ၆။ | ဝေဒနာနုပဿနာရှုနည်း | ။ | ၂၀၇ |
| ၇။ | ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်နည်း | ။ | ၂၄၅ |
| ၈။ | လူ့ပြည်မှ လမ်းသုံးသွယ် | ။ | ၂၈၄ |
| ၉။ | နိဗ္ဗာန်ကို ခန္ဓာဖုံးပုံ | ။ | ၃၂၅ |
| ၁၀။ | ရှေ့သွားခေါင်းဆောင်စိတ် | ။ | ၃၆၉ |
| ၁၁။ | ပဋိစ္စသမုပ္ပါဒ်မှ ထွက်ရာလမ်း | ။ | ၄၁၃ |
| ၁၂။ | လောဘ-ဒေါသ-မောဟချုပ်ကြောင်း | ။ | ၄၅၀ |
| ၁၃။ | ယမမင်းစစ်ခန်း | ။ | ၅၁၁ |
| ၁၄။ | ရှင်ပြုအလှူနှင့် နေ့စက်ချ | ။ | ၅၆၉ |

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမွာရှိ၍ - ဟောကြားတော်မူသော

( သံသရာ့ ခရီးသည်၏ ထွက်လမ်း )

# နေ့ အလုပ်ပေးတရားတော်-

( ၁၀ - ၉ - ၆၂ )

ဒီနေ့ ပဋိစ္စသမုပ္ပါဒ် စ,ကြည့်ကြ၊ ဒီ ပါဠိတော်ကိုက အစ ပြနေတယ်၊ ဒီနေ့ဟောမည့် ပါဠိတော်က....(မှန်ပါ့)။

တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ် ကြည့်ပါတဲ့၊ ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက်တော့ ၁-နံပါတ်မှာ အဝိဇ္ဇာက စ,တယ်၊ ၃-နံပါတ်မှာ တဏှာက စ,တယ်၊ တွေ့ကြရဲ့လား....(တွေ့ပါတယ်ဘုရား)။

၁-နံပါတ်မှာ.... (အဝိဇ္ဇာက စ,ပါတယ်) ၃-နံပါတ်ကျတော့ (တဏှာက စ,ပါတယ်)တဏှာက စ,တယ်... တဲ့၊ ဩော်....ဒီဥစ္စာ ၁-နံပါတ်က အတိတ်က မိုက်ပြစ်၊ ၃-နံပါတ်က ပစ္စုပ္ပန်ကျမှ

မိုက်ပြစ်....(မှန်ပါ့) မိုက်ပြစ်နှစ်ခုကို တကာတကာမတွေ တွေ့ပါတယ်....(တွေ့ပါတယ်ဘုရား)။

အဲဒီတော့ကို အတိတ်ကလဲ သစ္စာမသိတဲ့ အဝိဇ္ဇာက စတယ်၊ ၃-နံပါတ်ကျပြန်တော့လဲ ဘဝတဏှာက စ,တယ်၊ ရောက်ရာပျော်တတ်တဲ့ ဘဝတဏှာက စ,တယ်....(မှန်ပါ့)။

ဦးကျော်မောင်တို့ တွေ့ပြီနော်....( တွေ့ပါပြီ )အတိတ်ကလဲ သစ္စာမသိတဲ့ အဝိဇ္ဇာက စ,ခဲ့တယ်ဆိုတာ တကာတကာမတွေ တွေ့ကြပါပြီ....(မှန်ပါ့)။

ယခု ပစ္စုပ္ပန်ဘဝကျလဲ ကိုယ့်ဟာကလေးနဲ့ ကိုယ့်ဘဝ ကိုယ်ရောက်ရာ ပျော်တဲ့ တဏှာက စ,နေတယ်....(မှန်ပါ)ဒါဖြင့် အဝိဇ္ဇာ,တဏှာနှစ်ခုသည် အတိတ်အကြောင်း အဝိဇ္ဇာ၊ ပစ္စုပ္ပန်အကြောင်း တဏှာလို့ မှတ်လိုက်ပါ....(မှန်ပါ့)။

သတ္တဝါတွေ သံသရာလည်တဲ့ နေရာဌာနမှာတဲ့ .... အတိတ်အကြောင်းတော့ အဝိဇ္ဇာက စ,တယ်၊ အတိတ်ဘဝတုန်းကတော့ အဝိဇ္ဇာကြောင့် ဖြစ်ခဲ့ရတယ်....(မှန်ပါ့)ယခုဘဝကျတော့ ကိုယ့်သားသမီးနဲ့ ကိုယ့်အရောင်း အဝယ်နဲ့ ကိုယ့်ရပ်ရွာဒေသ ခင်တဲ့ တဏှာက စ,နေတယ်....(မှန်ပါ့)။

ဒါဖြင့် အတိတ်ကလဲ မလိမ်မာခဲ့၊ ပစ္စုပ္ပန်မှာလဲ မိုက်မဲမှု ပိုပြန်ဆိုတော့ အားလုံး တရားနာတဲ့ တကာတကာမတွေ လွတ်ရေး ကျွတ်ရေး မပါတော့ဘူး .. (မှန်ပါ့) ဘဝရေသောက်မြစ်နှစ်ခုနဲ့ စ,နေတယ်....(မှန်ပါ့)။

ဘဝရေသောက်မြစ် နှစ်ခုနဲ့ စ,နေတော့ အတိတ်ကတော့ ဘဝရေသောက်မြစ်က အဝိဇ္ဇာ၊ပစ္စုပ္ပန်ကျတော့ ဘဝရေသောက်

မြစ်က တဏှာဖြစ်နေတော့ ဒီအာသဝ ဝင်ရိုး လှည့်သလို သွားမည့်ဟာဘဲ....(မှန်ပါ့)။

ဒါဟာ အဝိဇ္ဇာသွားမည့် ကာမာသဝပေါ့ဗျာ....( မှန်ပါ့ ) ကာမာသဝဟာ တဏှာ၊ အဲဒီ့ အာသဝဝင်ရိုးနှစ်ခု အလယ်မှာ မောင်ချစ်စိန် တွေ့ပါတယ်....( မှန်ပါ့ )တွေ့တယ်မဟုတ်လား.... (တွေ့ပါတယ်ဘုရား) အဝိဇ္ဇာနဲ့ တဏှာ....(မှန်ပါ့) အတိတ်က လာခဲ့တာတွေ ပစ္စုပ္ပန်က အားပြုပြီး လှည့်တယ်....(မှန်ပါ့)။

အတိတ်က လာခဲ့တဲ့ အဝိဇ္ဇာ၏ အရှိန်ကလေး သေမည့် ကြံ တော့ တဏှာက အားထုတ်ပြီး လှည့်လိုက်ပြန်တော့ ပြန်လည် ထွက်သွားတယ် .. (မှန်ပါ့)။

အစ,ကလေးဟာ လှည့်လိုက်လို့ ရပ်မည်လို့ ကြံကာရှိသေး တယ် တဏှာက ပြန်ပြီး ကူလှည့်လိုက်ပြန်တော့ မောင်ချစ်စိန် တပတ်ရသွားတယ်....(မှန်ပါ့)။

နောက်တခါ အဝိဇ္ဇာက စ,ပြန်တယ်၊ နောက်တခါ တဏှာ က-နေ အရှိန်ကုန်ပြန် တဏှာက-နေ လှည့်ပေးလိုက်ပြန်တော့.... ဒါကြောင့် အာသဝဝင်ရိုးလို့ အလယ်မှာ နှစ်ခုပြထားတယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီ အတိတ်ဘဝက အဝိဇ္ဇာ၊ ပစ္စုပ္ပန်မှာ တဏှာဆိုတဲ့ .... ဒီ ဝင်ရိုးနှစ်ခု မကျိုးတဲ့ ပုဂ္ဂိုလ်မှာ မပျက်စီးတဲ့ ပုဂ္ဂိုလ်များမှာ ငါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သဗ္ဗညုတဉာဏ်တော်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ကွာ....မြင့်မိုရ်တောင်ကြီးဆိုတာ မြေ ထဲမှာ ရှစ်သောင်းလေးထောင် နက်ပါတယ်၊ အပေါ်မှာ ။ အမြင့် ရှစ်သောင်းလေးထောင်ဘဲ၊ ယူဇနာပေါင်း ရှစ်သောင်း လေးထောင်မြင့်တဲ့ မြင့်မိုရ်တောင်ကြီး ဒါကြီးဟာ ပျောက်ဘို့

မြင်သေးတယ်၊ ဒီ အဝိဇ္ဇာနဲ့ တဏှာ လှည့်ပြီး အဝိဇ္ဇာက လှည့်ပေးလိုက်၊ ရပ်မည့်ကြံ တဏှာက ပြန်လှည့်တယ်ဆိုတဲ့ ဒီဝင်ရိုးကြီး နှစ်ခုက လှည့်ပေးနေတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘယ်တော့မှ သစ္စာသိပြီး နိဗ္ဗာန်ဝင်လိမ့်မယ်လို့ ငါဘုရား မဟောမပါဘူးတဲ့-- (မှန်ပါ့)။

သိပ်နစ်နာတယ်....( နစ်နာပါတယ်ဘုရား ) တကာတကာမတွေ အင်မတန် ကြောက်စရာကောင်းပါကလား....၊ အင်မတန်ကြောက်စရာကောင်းတယ်ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီ အာသဝ ဝင်ရိုးကြီး နှစ်လုံးဟာ အခု ပဋိစ္စသမုပ္ပါဒ်အလယ်မှာ ပြထားပါတယ်၊ အပေါ်ကနေ လှည့်လိုက်တယ်ဆိုယင် တကာ တကာမတို့ အောက်- အထက် ပြန်ဘို့သာ ရှိတော့တယ်တဲ့....၊ ဘယ်မှာမှ ရပ်ဘို့တော့ မရှိတော့ပါဘူး....( မှန်ပါ့ ) အောက် - အထက် ပြန်ဘို့ဘဲ လှည့်ဘို့ဘဲ ရှိတော့တယ်ဆိုတာ ပေါ်ရောပေါ့....(ပေါ်ပါပြီဘုရား)။

အဲဒီ ဝင်ရိုးကြီးနှစ်ခု မကျိုးတဲ့ ပုဂ္ဂိုလ်မှာ နေငါးစင်းထွက်တဲ့အခါ မြင့်မိုရ်တောင်ကြီးဟာ ပျောက်သွားတယ်၊ကမ္ဘာတခု-တခု လဲတဲ့အခါ ငါမြင်တယ်တဲ့....(မှန်ပါ့)။

မဟာသမုဒ္ဒရာကြီးဟာ အဆုံး-အစမရှိ နက်တဲ့ မဟာသမုဒ္ဒရာကြီး၊ ကျယ်ပြန့်လိုက်တာလဲ အဆုံး-အစမရှိတဲ့ မဟာသမုဒ္ဒရာကြီးဟာ ခန်းဘို့ခြောက်ဘို့ရာ ကမ္ဘာပျက်တဲ့အခါ ငါမြင်တယ်၊ ဒီ အာသဝဝင်ရိုးနှစ်ခု မကျိုးတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ သစ္စာသိလိမ့်မယ် နိဗ္ဗာန်ရလိမ့်မယ်လို့ ငါဘုရား မဟောဘူးတဲ့(မှန်ပါ့)

သိပ် ကြောက်စရာ ကောင်းပါကလား .... ( ကောင်းပါတယ် ဘုရား )။

တကာတကာမတွေ ဒီအကြောင်း ကြားရတာနဲ့ ဩော်... သူတို့နှစ်ခုဖြင့် ချုံးနိုင်-ဖွဲ့နိုင်-သတ်နိုင်မှဘဲ ဒို့ လွတ်ရေး-ကျွတ်ရေး ရှိတော့တယ်ဆိုတာ သေသေချာချာမှတ်ရမယ်....(မှန်လှပါ ဘုရား)။

ဒါကြောင့် ဦးဘသန်းကြီးတို့ ပြောရတယ်၊ဦးစံဖေတို့၊ပြုံး မိတိုင်း တွေးပါ ခင်ဗျားတို့ဟာ အလကားပြုံးနေတာပါဆိုတဲ့ ဥစ္စာ မိတ်ဆွေသင်္ဂဟတွေနဲ့ တွေ့လို့ ပြုံးနေတဲ့ဥစ္စာ အလကား ပြုံးနေတာပါ၊ ကိုယ့်အရေးက အများကြီး ကျန်နေသေးတာ၊ ဝင်ရိုးက လှည့်တုန်းရှိသေးတယ်ဆိုတာ သိကြပလား....(သိပါပြီ ဘုရား)။

ဒါကြောင့် တကာတကာမတွေက ဖိုးကာ,လိမ်းကာ သား နဲ့ သမီးနဲ့ ပျော်ကာ, ရွှင်ကာနဲ့ လူ့ဘဝ အရတော်လှပြီလို့ များ မောင်သစ်တို့က စိတ်ကြီးမဝင်လိုက်ပါနဲ့....( မှန်ပါ ) နောက်က တကာတကာမတွေ စိတ်ကြီးမဝင်ပါနဲ့ဦးဆိုတာကို ကန့်ကွက်တယ်....(မှန်ပါ) ဘာ့ကြောင့်တုံးဆိုတော့ ဝင်ရိုးနှလုံး က လှည့်နေတာကိုး....(မှန်ပါ)။

ဘုရားကလဲ နှစ်သိန်းသေးသောင်းရှိတဲ့ မဟာပထဝီမြေကြီး ဟာကွာ .... ကမ္ဘာပျက်တဲ့အခါ နေငါးစင်းထွက်တဲ့အခါ ဟာ လာဟင်းလင်းကြီး ဖြစ်သွားတယ်ကွ....၊ ပျောက်သွားတယ် .... ( မှန်လှပါဘုရား ) ဒီ အာသဝဝင်ရိုး အတိတ်က အဝိဇ္ဇာ ပစ္စုပ္ပန်မှာ တဏှာဆိုတဲ့ .... ဝင်ရိုး နှစ်ခု ပေါင်း လှည့်လိုက်

ပြီဆိုမှဖြင့် သစ္စာလဲ မသိတော့ပါဘူးကွ၊ လည်ပတ်ပြီးသကာလ အိုပွဲ့နာပွဲ့သေပွဲသာ ခင်းနေတော့တာဘဲ....(မှန်ပါ့ဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် မင်းတို့ ဒိဝင်ရိုးနှစ်ခု မကျူးသ၍ နှစ်သိန်းလေးသောင်းရှိတဲ့ မဟာပထဝီ မြေကြီးသည် ပျောက်ဘို့ရာအရေးမြင်သေးတယ်၊ မင်းတို့သစ္စာသိ ဘို့အရေး၊ မင်းတို့ နိဗ္ဗာန်ရောက်ဘို့အရေး ငါတော့ မမြင်တော့ ဘူးတဲ့....(မှန်ပါ့ဘုရား)။

ဘယ်လောက် ဟောချက် ပြင်းထန်သတုံး .... (ပြင်းထန်ပါ တယ်ဘုရား)ခန္ဓဝဂ္ဂသံယုတ်မှာ ကိုယ်တော်မြတ်ကြီး ကိုယ်တော် တိုင် မောင်ချစ်စိန် ဒီအတိုင်းဟောတယ်.... (မှပါ့) မဟောသင့် ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး ကိုယ်ကိုယ်တိုင် သိတော့မှ အတိတ်အကြောင်းမှာ ဘယ်သူက အစ့ရသတုံး....(အဝိဇ္ဇာပါ) ပစ္စုပ္ပန်မှာ ဘယ်သူက စ့သတုံး....(တဏှာပါဘုရား)။

ကဲ....ဒီနှစ်ခုကလဲ အဝိဇ္ဇာကလှည့်လို့ အရှိန်ကလေးရပ်မည့် ကြံတော့ တဏှာက ပြန်လှည့်ပစ်လိုက်တယ်....(မှန်ပါ့)တဏှာက ဉပါဒါန့်ကံတွေ ရှောက်လှည့်ပစ်လိုက်တယ်.... (မှန်ပါ့) တခါ တည်း အဝိဇ္ဇာဆီ ပြန်ရောက်မသွားဘူးလား.... (ရောက်သွားပါ တယ်ဘုရား)။

ကဲ....ဒါဖြင့် ဦးစံဖေရ- ရပ်တဲ့အချိန် ပါသေးလား....(မပါ- ပါဘုရား)ရပ်တဲ့အချိန် မပါတော့ ဒီအထဲ-ထဲမှာ အစပ့်အစပ့် အစပ်ဆိုတာကလေးတွေလဲ ပါတယ်၊အဲဒါ သေတဲ့နေရာကလေး တွေ ပြနေတာ....(မှန်ပါ့) ဘာပြသလဲ.... (သေတဲ့နေရာကလေး တွေ ပြနေတာပါဘုရား)။

အဲ....သေပြီးရင်း သေရင်း- သေပြီးရင်း သေရင်း၊ ဟင် .... (မှန်ပါ) သေပြီးရင်း-သေရင်း၊ သေပြီးရင်း- သေရင်းဆိုတော့ တကာတကာမတွေ့ မြင့်မိုရ်တောင်ကြီးဟာ ရပ်စဲတဲ့ အချိန် ပါသေးသတဲ့၊ သမုဒ္ဒရာရေ ခန်းခြောက်တဲ့အချိန် ပါသေးတယ်၊ ခင်ဗျားတို့ အသေရပ်စဲတဲ့အချိန် မပါဘူး....(မှန်ပါ) ဒုက္ခရပ်စဲတဲ့အချိန်....(မပါ-ပါဘုရား)မပါဘူး။

မောင်သစ် ဒီအချိန် ဒီကာလမှာ ဪ .... ဒီနှစ်ခုကျိုးအောင် ဟောတတ်တဲ့ဆရာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်ကလေး မကွယ်ခင်ညွှန်ပြတတ်တဲ့ ဆရာနဲ့တွေ့တုန်း တချိန်ကလေးမှာ ဒီနှစ်ခု ချိုးဖဲ့ပစ်မှသာလျှင် ဒို့ဟာ အိုပွဲ၊ နာပွဲ သေပွဲရပ်တော့မယ် ဆိုတာ မှတ်ရမယ်....(မှန်ပါ) နို့ မဟုတ်ယင် ရပ်ချိန်ပါသေးလား....(မပါ-ပါဘုရား)။

သေရာက လှည့်လိုက် ၂-ကျအောင် ရောက်တယ်၊ မရောက်ဘူးလား .... ( ရောက်ပါတယ် ) ၁-ကနေ လှည့်လိုက်တာ ၂-မရောက်ဘူးလား....(ရောက်ပါတယ်) အဲဒါ အဝိဇ္ဇာကနေလှည့်လိုက်တာ....(မှန်ပါဘုရား)။

အဲ....၂-ကနေ အရှိန်ကလေး နည်းနည်း ရပ်မည်ကြံကာရှိသေး၊ ၃-နံပါတ် တဏှာကနေ လှည့်လိုက်ပြန်တော့ မောင်သစ် ၄-ရောက်သွားတယ်....(မှန်ပါ) ၄-ကနေပြီးတခါ အဝိဇ္ဇာပြန်မထွက်ဘူးလား....(ထွက်ပါတယ်ဘုရား)။

ထွက်တဲ့ အခါကျတော့ ဘယ်မှာတုံး ဒီစက်ဝိုင်းကြီးဟာ ရပ်စရာကို အချိန်ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အဲဒါ ကိုယ့်ကိုယ်တိုင် စဉ်းစားကြည့်ပါ၊ နောက်ဘဝကလဲ သစ္စာမသိတဲ့ပုဂ္ဂိုလ်မို့ ဒီဘဝ ခန္ဓာရနေကြပြီ....(မှန်ပါဘုရား)။

နောက်ဘဝက ဒုက္ခသစ္စာမသိတော့ ဒီခန္ဓာ ဆုတောင်းလို့ မောင်သစ်ခန္ဓာကြီး ဒုက္ခသစ္စာရနေပြီ ....( မှန်ပါ့ ) ဒီဘဝမှာ ခင်ဗျားတို့ အခုလက်ရှိ ဒုက္ခသစ္စာ ခန္ဓာကြီးရနေပြီ၊ ရုပ်နာမ် ခန္ဓာကြီးရနေတယ်၊ အတိတ်က သစ္စာမသိခဲ့လို့ ရနေတာ.... ( မှန်ပါ့ )အဝိဇ္ဇာဒဏ်ချက် ဆိုယင် လွဲပါ့မလား .... (မလွဲပါ ဘုရား)။

ဒီဘဝကျတော့ ရောက်ရာ ပျော်နေတဲ့ တဏှာက နေပြီး သကာလ ကိုယ့်အရောင်းနဲ့ ကိုယ့်အဝယ်နဲ့ ကိုယ့်သားသမီး နဲ့ ဟုတ်လှပြီထင်နေတဲ့ တဏှာကနေပြီး မောင်ချစ်စိန် လှည့်လာ တယ်....(လှည့်ပါတယ်ဘုရား)။

လှည့်တဲ့ အခါကျတော့ တဏှာကနေ လှည့်လိုက်တော့၊ ပစ္စုပ္ပန်ကနေ လှည့်လိုက်ပြန်တော့ ပစ္စုပ္ပန်ပြီး အနာဂတ်တခါ တည်းရောက်လာတယ်၊ မရောက်ဘူးလား....( ရောက်ပါတယ် ) အဝိဇ္ဇာနားပြန်ကပ်ပြန်တယ်....(မှန်ပါ့ဘုရား)။

တခါ အဝိဇ္ဇာနား ပြန်ကပ်ပြီးတော့ ၄- နံပါတ်ကနေပြီး "အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော" ဆိုပြီး မောင်သစ် လှည့်လိုက်တာ သွားပြန်ရော .... (မှန်ပါ့) ၂-နံပါတ်ရောက်ပြန် တယ်....(မှန်ပါ့ဘုရား)။

၂-နံပါတ် အရှိန်သေရမည့် ကြံတော့ ၃-ကနေပြန်လှည့်လိုက် တာ မောင်ချစ်စိန် သွားရောက္ခ....(မှန်ပါ့)၄-ကနေ ၁-ပြန်ဆက် တာဘဲ၊ မဆက်ဘူးလား....(ဆက်ပါတယ်ဘုရား)။

ဒီ အို့နာ့သေကြီး အမြင်နဲ့ တကာတကာမတွေသိရတော့မှ ဩော်....ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ အပြောကြီးတာ မဟုတ်ပါလား....(မှန်ပါ့ဘုရား)။

မြင့်မိုရ်တောင်ကြီး ပျောက်စရာမြင်တယ်၊ မဟာသမုဒ္ဒရာရေ ပျောက်စရာ မြင်တယ်၊ မဟာပထဝီ မြေကြီး ပျောက်စရာမြင်တယ်၊ မင်းတို့ အသေရပ်မည့်ကိစ္စ ငါမမြင်ဘူးတဲ့....( မှန်ပါ့ ) မင်းတို့ ဒုက္ခရပ်မည့်ကိစ္စ ငါမမြင်ဘူးတဲ့ ဆိုတဲ့ဥစ္စာ အခု ကိုယ့်ကျဘန်း ကြည့်လိုက်တော့မှ မပေါ်ကြသေးဘူးလား.... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ပြောရတယ်၊ တကာတကာမတို့ ခင်ဗျားတို့ ကိုယ့်ဟာကလေးနဲ့ ကိုယ်တင်းတိမ်မနေနဲ့၊ ဘာမှမဟုတ်သေးဘူးဆိုမှ အမှတ်ရမယ်.... (မှန်ပါ့ဘုရား)။

ကိုယ့်သားနဲ့ ကိုယ့်လင်မယားနဲ့ တိုက်နဲ့တာနဲ့၊ စိန်ရွှေငွေ အစရှိသည်နဲ့ နေကြ-ထိုင်ကြငြားပေမဲ့ ဘာမှမဟုတ်သေးဘူးလို့ သာ မှတ်ပါ....(မှန်ပါ့ဘုရား) ဘာဟုတ်သတုံး.... (ဘာမှမဟုတ်သေးပါဘုရား)။

ဘာမှ မဟုတ်သေးဘူး၊ ဒီဝင်ရိုးနှစ်ခု ကျိုးပလား....(မကျိုးသေးပါ) မကျိုးသေးလို့ ရှိယင်ဖြင့် ဒီနေ့လူ- နက်ဖြန်ခွေး၊ မဟုတ်ဘူးလား .... ( မှန်ပါ့ ) သဘက်ခါ ငရဲကောင်ကြီး.... (မှန်ပါ့)မဖြစ်နိုင်ဘူးလား....(ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒီလို လှည့်စရာအရေးက ဒီနှစ်ခုက ကျန်နေသေးတော့ အာသဝဝင်ရိုးက မကျိုးသေးတော့ ပြုံးချိန်မဟုတ်သေးဘူးလို့ ဆရာဘုန်းကြီးပြောနေတဲ့ အဓိပ္ပါယ်ဟာ ရှင်းလောက်ပါပြီ (ရှင်းပါပြီဘုရား)။

ကဲ....ဦးကျော်မောင်တို့ ကိုယ့်ဟာကိုယ်နဲ့ ဟုတ်နေလိုက်တာ ဟင်....(မှန်ပါ့) ကိုယ့်ဟာကလေးနဲ့ ကိုယ်တော့ တော်သေးပြီ ကွယ်....(မှန်ပါ့) ဘယ်တော်နေတာတုံး၊ ခင်ဗျားတို့ ကိုယ့်နေ

ရာနဲ့ ကိုယ်တော်သေးရဲ့ကွယ် လုပ်ချင်လုပ်နေမှာ .... (မှန်ပါ ဘုရား)။

အေး....ဦးဘသန်းကြီး တော်သေးရဲ့များ လုပ်နေသေးသလား ခင်ဗျား၊ လုပ်လို့ရှိယင် ဒီဝင်ရိုးနှစ်ခု သိကိုမသိလို့ .... ဟင် .... ( မှန်ပါ ) ကိုယ့်အရပ်နဲ့ ကိုယ့်ဟာနဲ့ ကိုယ်ကျတော့ အေး-လူဖြစ်ရငြားသော်လဲ တော်-တော်သေးရဲ့ အစရှိသည်နဲ့ ကိုယ့်ဟာနဲ့ကိုယ် ပြုံးပြီးသကာလ နေတော့ အခုဟာ အသိနဲ့သာ ပြုံးရသေးတာကိုး ကျိုးမှမကျိုးသေးဘဲ ဝင်ရိုးက (မှန်ပါဘုရား)။

အဲဒီတော့ ဦးဘသန်းကြီးတို့ နောက်က တကာတကာမတို့ ကိုယ့်အတွက် လိုသေးတယ်လို့ ဆုံးဖြတ်ချက်ချရမယ်....(လိုပါသေးတယ်ဘုရား)။

ချရဦးမှာပေါ့ကွ မောင်ချစ်စိန်ရ.... (မှန်ပါ) အခု အိမ်ပြန်တော့ အခုတဏှာက လှည့်ချီရဲ့ .... (မှန်ပါ) မဟုတ်ဘူးလား .... (မှန်ပါ) အခု အလုပ်တရားနားလိုက်၊အခု အဝိဇ္ဇာက လှည့်ချီရဲ့ (မှန်ပါ)။

အလုပ် တရားကို အခုလို ဖြစ်ပျက်မြင်တဲ့ ဉာဏ်ကလေးသာ မောင်သစ်က နားလိုက်စမ်းပါကွာ....။ အဝိဇ္ဇာက လှည့်ပြီးပြီ.... (မှန်ပါ) လှည့်ပြီးပြီ။ တောတွေ-တောင်တွေ သစ်ပင်တွေ ငါ့ဟာ ငါ့ဟာတွေ ဖြစ်ကုန်ပြီ .... ( မှန်ပါ ) မဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်ဘုရား)အဝိဇ္ဇာကလှည့်လိုက်ပြီ၊သစ္စာမသိတဲ့အတွက် (မှန်ပါ)။

အိမ်ရောက်လာတော့လဲ သားကိုစွဲ၊ သမီးကိုစွဲ၊ ဆွေကိုစွဲ၊မျိုးကိုစွဲတွေနဲ့ တဏှာကနေ လှည့်လိုက်တာ ဒေါင်ချာစိုင်းသွားတာဘဲ-(မှန်ပါ့)။

ဘယ့်နှယ်တုံး.... မောင်သစ်.... တော်သေးရဲ့ ဆိုတာမျိုးပါသေးရဲ့လား....( မပါ-ပါဘုရား ) ပါကို မပါသေးဘူး-တကာတကာမတို့၊ ပေါ်အောင် ပြောလို့ ပေါ်နေတာလို့ မယူပါနဲ့၊ ကိုယ့်အလုပ်သွားက ဤ-အတိုင်းပါဘဲ....(မှန်ပါ့)။

ကိုယ့်အလုပ်သွားက....( ဤ-အတိုင်းပါဘုရား ) ဤ-အတိုင်းပါဘဲဆိုတော့ ဘယ်အချိန်မှ တော်သေးရဲ့ဆိုတာမျိုးကို စိတ်မကူးပါနဲ့ဦး....တဲ့၊ အသေရပ်စဲတဲ့ အလုပ်, မလုပ်ရသေးပါဘူး....(မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

လုပ်နေပြန်လဲ အထ,မမြောက်သေးလို့ ရှိယင်ဖြင့် အင်း....အထ,မမြောက်သေးဘူး။ မပြုံးရသေး ဘူးဟေ့....။ မောင်သစ်မဆိုရပေဘူးလား....(ဆိုရပါတယ်ဘုရား)။

နောက်က တကာတကာမတွေ အထ,မမြောက်သေး.... ဘယ့်နှယ်ဆိုမယ်....(မပြုံးရသေးပါဘုရား) မပြုံးရသေးဘူး။ ဘာဖြစ်လို့တုံး....၊ သေစရာတွေ ငိုစရာတွေက အများကြီးကျန်သေးတာကိုး....(မှန်ပါ့) ပြုံးချိန်လို့-ဆိုလို့မှ ရကြပလား....(မရသေးပါဘုရား) မရသေးဘူး၊ အများကြီး လိုသေးတယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ခင်ဗျားတို့ကသာ ပြုံးတယ်။ ဘုရားက .... မြင့်မိုရ်တောင်ကြီးပျောက်စရာရှိတယ်။ မင်းတို့-အသေမရပ်ဘူးပြောတာ.... ( မှန်လှပါ ဘုရား )။

ကိုင်း....ခင်ဗျားတို့က ပြုံးချင်လို့ ပြုံးနေတာ၊ အရှုံးပြုံး တော့....ကျုပ့်မပြောတတ်ဘူး.... ( မှန်ပါ့ ) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

စင်စစ်တော့ ပြုံးချိန်ဟုတ်ကြပလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ....(မဟုတ်သေးပါဘုရား)။

မဟုတ်သေးပါဘူး။ မဟာသမုဒ္ဒရာရေ ဆိုတာ ဘယ်လိုမှ ရေ တွက်လို့ မရတာကြီးတောင် ဦးဘသန်း ခန်းစရာမြင်သေးတယ် တဲ့၊ မင်းတို့ ဝင်ရိုးနှစ်ခု မကျိုးသေးဘူး၊လိုပါသေးတယ်ကွ....တဲ့- (မှန်ပါ့) အိုပွဲ, နာပွဲ, သေပွဲ,, ဆွေးပွဲ အများကြီး လာစရာရှိပါ သေးတယ်ဆိုတဲ့ဥစ္စာကလဲ ဘာမှ သံသယမရှိနဲ့၊ ဒီ အတိုင်းဘဲ ဖြစ်ရမှာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် သစ္စာသိတဲ့ တနေ့မှာ သူတို့နှစ်ခုကျိုးမှာဘဲ....(မှန်လှ ပါဘုရား) မောင်သစ် ဘာတဲ့တုံး.... ( သစ္စာသိတဲ့ တနေ့ ကျိုး မှာပါဘုရား )။

သစ္စာသိတာက ဆရာပြောနဲ့သိလို့ မပြီးဘူး.... ( မှန်ပါ့ ) ကိုယ့်ဉာဏ်က ပြောတဲ့အသိမျိုးမှ.... ( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ)။

ပြောသံကြား ပြောတဲ့အသိမျိုးနဲ့လဲ မရသေးဘူ.... (မှန်ပါ့) ပါဠိအသိမျိုးနဲ့လဲ.... (မရသေးပါဘုရား) မရသေးတော့ ကိုယ် တိုင်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကြည့်ပြီး သိတဲ့အသိမျိုးမှ ရပါလိမ့်မယ် (မှန်ပါ့)။

ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကြည့်ပြီးသိတဲ့အသိမျိုးမှ အသေရ, အနာရ, အဆွေးရ, အပူရဆိုတဲ့ ကိစ္စပြီးပါလိမ့်မယ်.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့်....မောင်သစ် ဒီအလုပ်ဟာဖြင့် ခုဒီမှာ ဩော်.... ဒီလို ပြောတာဟုတ်တာဘဲ။ဒီ့ပြင် အချိန်မှာဆိုယင် ဘာလူလို့ ဘယ် ရောက် သာဖြစ်နေမှာဘဲ....(မှန်ပါ့)။

မောင်သစ်....တော်တော်ကြာ ဘာလူလိုက်တာကွာ....၊ ဘယ် ဘုံရောက်သွားတယ်။ နိဗ္ဗာန်ဝင်သွားတယ်။ ဒါသာ ပြောနေမှာ ဘဲ....( မှန်ပါ့ ) တလုံးမှလဲ သူ့ဟာက ဝင်ရိုးကျိုး မပါဘူး.... (မှန်ပါ့ဘုရား)။

မောင်သစ်-ပါရဲ့လား....(မပါ-ပါဘုရား) နောက်က တကာ တကာမတွေ....( မပါ-ပါဘုရား ) ဝင်ရိုးမှ မကျိုးလို့ရှိယင် သူ ပြောတာတွေ အကုန်ဟုတ်နိုင်ပါ့မလား.... (မဟုတ်နိုင်ပါဘုရား) ဘာမှ မဟုတ်ဘူးလို့သာ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဘာမှ မဟုတ်ဘူးလို့ ဆုံးဖြတ်ချက်ချရမယ်.... ( မှန်ပါ့ ) ကိုယ့်ဝင်ရိုးက ကိုယ့်လှည့်နေတာ၊ သူများပြောတာနဲ့ သူများ ဘယ်ရောက်သွားတယ် ပြောတာနဲ့ ကိုယ်က ယုံရမှာလား.... (မယုံရပါဘုရား)ကိုယ့်ဝင်ရိုးက ကိုယ့်လှည့်နေတာ.... (မှန်ပါ့-ဘုရား)။

ဟို....သူများရောက်တာကို သွားပြီး ယုံကြည် ကိုးစား အား ထားနေလို့ တော်ပါ့မလား ဆိုတာကော ရှင်းကြပလား .... (ရှင်းပါပြီ) ဘာမှ မဆိုင်ဘူးလို့ ဦးဘာသန်းကြီး ဆုံးဖြတ်ချက် ချပါ....(မှန်ပါ့)။

အေး....နေရာကျကြပလား တကာတကာမတို့...၊ နားလည် ကြပလား....(နားလည်ပါပြီ)။

ဘယ်သူက ဘာပြောပြော၊ မင်းတို့ဖြင့်ကွာ....၊ သေပျော်ပါ ပြီကွ-လို့ ပြောငြားသော်လဲ ဩော်.... သူမသိလို့ ပြောတာ....၊

ငါ့မှာ ဝင်ရိုးနှစ်ချောင်း လှည့်တုံးရှိသေးတယ်သာ အောက်မေ့ထား....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒီလာတဲ့ တကာတကာမတွေ တော်တော်ကြာ အရပ်ပြန်သွားတဲ့အခါ အင်း .... ဟိုက သာခုခေါ်၊ ဒီက သာခုခေါ်နဲ့ အင်း....သွားလုပ်ပြီး ဘဝင်မျှားမြင့်မနေလိုက်ပါနဲ့ဦး.... (မှန်လှပါဘုရား) ကိုယ့်ဝင်ရိုးနှစ်ချောင်းကလှည့်တာ ကိုယ်အသိဆုံးပါ-(မှန်ပါ့) မသိဘူးလား....(သိပါတယ်ဘုရား)။

အခုပြောနေတဲ့ကြားထဲမှာ မောင်ချစ်စိန် မင်း....အိမ်ရောက်လို့ရှိယင် ရောက်သည်နဲ့ တပြိုင်နက်တည်း တဏှာဝင်ရိုးလှည့်ချီရဲ့....(လှည့်ပါတယ်) ဟုတ်လား....(မှန်ပါ့)။

ဒီရောက်လာတယ်။ ဝိပဿနာအလုပ် ရပ်လိုက်သည်နဲ့တပြိုင်နက် အဝိဇ္ဇာဝင်ရိုးလှည့်တာဘဲ.... ( မှန်ပါ့ ) မလှည့်ဘူးလား.... ( လှည့်ပါတယ် ) သစ္စာမသိကတည်းကိုက ' အဝိဇ္ဇာပစ္စယာ သင်္ခါရာ,က လုပ်ပြီ...(မှန်ပါ့)။

ဟိုက အိမ်ရောက်သည်နဲ့ တပြိုင်နက်တည်း သားရေး၊ သမီးရေး၊ စီးပွားရေးလဲ ရှုပ်လာပါရော....မောင်သစ် တဏှာဝင်ရိုးက လှည့်တော့တာဘဲ.... ( လှည့်ပါတယ်ဘုရား ) အဝိဇ္ဇာဝင်ရိုးက လှည့်လို့မှ အရှိန်မသေခင် တဏှာဝင်ရိုးက ထပ်လှည့်လိုက်တဲ့ အခါကျတော့ မောင်ချစ်စိန် မူးနေတာပေါ့ကွ.... ( မှန်ပါ့ ) ပျော်နေတာပေါ့ကွ....( မှန်ပါ့ ) သုံးဆယ့်တဘုံတည်းက ထွက်ပေါက်ကို ပါသေးရဲ့လား....(မပါ-ပါဘုရား)။

အေး....ဒါကြောင့် နားကြီးကြီးနဲ့ ထောင်ကြည့်တော့မှ

ဩြော်....တကယ့်ကို အလိုကြီး လိုနေပါသေးကလား....၊ ပေါ်လာတယ်....(ပေါ်ပါတယ်ဘုရား)။

နားသေးသေးနဲ့ ထောင်တဲ့အခါကျတော့ တကာတကာမတွေက အချို့ဘုန်းကြီးတွေ ချီးမွမ်းတယ်၊ အရှင်ဘုရားများ အပါယ်လေးပါး တံခါးပိတ်နေပြီ၊ဟိုမှာဖြင့် လှည့်လို့၊ပတ်လှည့်နေတယ်၊ မဟုတ်ဘူးလား....(မှန်ပါ)။

မင်းတို့လဲ အရပ်ထဲက လူတွေက သူတို့ တော်လိုက်တာ....ဘုရားနဲ့ တရားနဲ့၊ အင်း....နိဗ္ဗာန်နဲ့ နီးကုန်ပြီ၊ ဘယ်ဟုတ်ရဦးမလဲ....(မှန်ပါ)လှည့်တုန်းရှိသေးတယ်....(မှန်ပါ)။

လှည့်တုန်းရှိသေးတယ်....ဟင်....(မှန်ပါ) အလုပ်တရား နားလိုက်ယင် ဘယ်သူက လှည့်သတုံး....အဝိဇ္ဇာက လှည့်တယ်....(မှန်ပါ) စီးပွားခဏ်း ဝင်လိုက်ယင်....(တဏှာက လှည့်ပါတယ်) ကဲ....ဘယ်မှာတုံးကွ....(မှန်ပါ)မောင်ချစ်စိန် ဘယ်မှာတုံး၊အားတက်စရာပါပလား....(အားတက်စရာ မပါသေးပါဘုရား)။

မပါသေးဘူး၊ ဒါက သူများပြောလား၊ ကိုယ်-ကိုယ်တိုင် အလှည့်ခံနေရတာလား....(ကိုယ်-ကိုယ်တိုင် အလှည့်ခံနေရတာပါဘုရား)။

ကဲ....ဦးကျော်ဇမောင်တို့ မိတ္ထိလာ မပြန်ဖြစ်ပေလို့၊ ပြန်ဖြစ်ယင် ရောက်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာက လှည့်ချီရဲ့ (မှန်ပါ)မလှည့်ပေဘူးလား....(လှည့်ပါတယ်ဘုရား)။

သေသေချာချာ လှည့်မှာဘဲ တခါတည်း၊ ဦးကျော်မောင် သွားမှုပြီးမှာ ဦးကျော်မောင် ပြောမှုပြီးမှာတွေက လာတော့မယ်....(မှန်ပါ) မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါ ဘယ်သူကလှည့်တာတုံး .... (တဏှာက လှည့်တာပါ) တဏှာက လှည့်လိုက်တာ၊ ခုနင်ကအလုပ်ကလေး မလုပ်ဘဲနဲ့ တော်အောင်, ရော်အောင် ရှေ့ဖြစ်- နောက်ဖြစ်ကလေး ပြော နေကြယင်လဲ ရုပ်နာမ်မမြင်တဲ့အချိန်၊ ဒုက္ခသစ္စာမမြင်တဲ့အချိန်၊ အဝိဇ္ဇာက လှည့်နေတယ်.... (မှန်ပါ့ အဝိဇ္ဇာကလှည့်နေပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အလကားနေယင်း ဘယ်သူက လှည့်သတုံး .... (အဝိဇ္ဇာက လှည့်ပါတယ်) အင်း....သားရေး, သမီးရေး, စီးပွားရေးနဲ့ ကြံ နေယင်....(တဏှာက လှည့်ပါတယ်ဘုရား)။

ဘယ်မတုံးကွ၊ အဝိဇ္ဇာကလှည့်လိုက်လို့ ၂-နားမှာ အရှိန် ရပ်မလို့ ကြံကာရှိသေးတယ်၊ ၃-တည်းဟူသော တဏှာက ဝင် လှည့်လိုက်တာ ဟင်....၄-တို ၁-တို့နှင့် ပြန်မဆက်ဘူးလား .... (ပြန်ဆက်ပါတယ်) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

မြင်ကော မြင်ကြရဲ့လား ခင်ဗျားတို့ပဋိစ္စသမုပ္ပါဒ်ဒီအတိုင်း လှည့်တယ်ဆိုတာ....(မြင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဆရာဘုန်းကြီးက မြည်တယ်-တွန်တယ်- ဆုံးမ တယ်ဆိုတဲ့ဥစ္စာ လိုသေးလို့သာ မှတ်ရမယ်....(မှန်ပါ့) မလိုဘူး လား....(လိုပါတယ်ဘုရား)။

အလုပ်လက်လွှတ်သည်နှဲ့ တပြိုင်နက်တည်း အဝိဇ္ဇာကရောက် လိုက်သည်.... ( မှန်ပါ့ ) ဟုတ်လား၊ လောကီဝင်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာဒဏ်ချက်မိပြီ....( မှန်ပါ့ ) မမိသေးဘူး လား....(မိပါတယ်ဘုရား)။

အဲဒါကြောင့် စိတ်မချရသေးပါဘူး၊ စိတ်မချရသေးပါဘူး၊ ဒီအထဲ ဒါနဝင်တားလို့ ရမှ-မရဘဲ.... (မှန်ပါ့) သီလဝင်တား

လို့ကော ....( မရပါ ) မရဘူး၊ ဥာဏ်က ဝင်တားမှရတယ်..... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါနက ဝင်တားလိုက်တယ်၊ ဒီဘဝနည်းနည်း ဆင်းရဲတယ်၊ ဟိုဘဝ လျှမှဘဲဆိုတော့ အဝိဇ္ဇာထဲသွားပြီ....(မှန်ပါ့)မပါသေး ဘူးလား....( ပါ-ပါပြီ ) နောက်ဘဝ ဆုတောင်းတာက ဒုက္ခ သစ္စာမသိတဲ့ အစိဇ္ဇာဒဏ်ချက် မမိသေးဘူးလား- မိသလား .... (မိပါတယ်ဘုရား)။

အဲဒါကလေး ပေးတယ်၊ ဒီဘဝဆင်းရဲတယ်၊ နောက်ဘဝ ချမ်းသာအောင်ဆိုပြီး သကာလ လှူကြတန်းကြတာတွေ အဝိဇ္ဇာ လှည့်ပစ်လိုက်တာ....(မှန်ပါ့ဘုရား)။

မဖိုးတို့ ကုသိုလ်လောက်တော့ကွာ- ငါအရေးမစိုက်ပါဘူး ဆိုပြီး အဝိဇ္ဇာက ဝင်လှည့်ပစ်လိုက်တာ ဦးဘသန်း သွားရော.... (မှန်ပါ့)ဟုတ်လား....(မှန်ပါ့) အဲဒါ နောက်ထပ်ရှိအောင်စုဦး မှဘဲဟေ့- ရှာဦးမှဘဲဆိုတော့ တဏှာက ဝင်လှည့်လိုက်တယ်.... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်သွားရောပေါ့....(မှန်ပါ့)သူတို့နှစ်ခုနှိပ်စက်တာနဲ့ ဘဲ ကျုပ်တို့မှာ ချာချာလှည့်နေရတယ်ဆိုတာ မပေါ်သေးဘူး လား....(ပေါ်ပါပြီဘုရား)။

ကိုင်း .... တကာတကာမတွေ ဘာအားကိုးကြမှာဘုံးလို့ မေးတဲ့အခါကျတော့ ဒါနကလဲ အဝိဇ္ဇာမနိုင်....(မှန်ပါ့)အဝိဇ္ဇာ တဏှာ မနိုင်ဘူး....(မှန်ပါ့) သီလကလဲ မနိုင်ဘူး....( မှန်ပါ့ ) သမထကလဲ မနိုင်ဘူး .... ( မှန်ပါ့ ) ဝိပဿနာက ဝင်လိုက်မှဘဲ ရပ်တယ်၊ ပြတ်ပြတ်ထွက်တယ်....(မှန်ပါ့) နို့မဟုတ်ယင် ပြတ်ကို မပြတ်ဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သူများပြောသံကြားနဲ့ ဘုရားက ဝေနေယျဇ္ဈာသယလိုက်ပြီး အမျိုးမျိုး ဟောထားတာတွေနဲ့ သွားမယူနဲ့၊ ကိုယ့်သန္တာန် လည်မှုပြတ်တယ်- မပြတ်တယ်သာ ပဓာနထားကြည့်....(မှန်ပါ)ပုဂ္ဂိုလ်လိုက်ပြီး ဟောထားတာတွေ ရှိသေးတာကိုး....(မှန်ပါဘုရား)။

အဲဒါတွေက အလွယ်တရားတွေဖြစ်ပြီးသကာလနေတော့အရှိ တရားကို ကိုယ့်ဟာကိုယ်ရပ်- မရပ်ကိုတော့ မောင်သစ် ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်အသိဆုံးပေါ့....(မှန်ပါ) မဟုတ်ဘူးလား.... (ဟုတ်ပါတယ်) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲ....သူများသာစုခေါ်ပေမဲ့လဲ ကိုယ်နဲ့မဆိုင်....( မှန်ပါ ) သူများချီးမွမ်းတာနဲ့လဲ....( ကိုယ်နဲ့မဆိုင်ပါဘုရား)။

ကိုယ်နဲ့ မဆိုင်ဘူးတဲ့၊ ကိုယ့်ပဋိစ္စသမုပ္ပါဒ် အဝိဇ္ဇာကလှည့်ပြီး ပလား- တဏှာက ထပ်လှည့်ဦးမလို့ ရှယ်နေသလား....(မှန်ပါ) ဒီလိုဆိုယင် အသေတွေ ထပ်နေဦးမှာဘဲ....(မှန်ပါ) မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေက အများကြီးလိုသေးတယ်ဆိုတာ တကာတကာမ တွေ အခုပြောတဲ့တရားဟာ အတော်ကြီးတဲ့ တရားလို့မှတ်.... (မှန်ပါ) ပြောသံကြားနဲ့ မယုံနဲ့ပြောတာ .... (မှန်ပါဘုရား)။

သူများပြောသံကြားနဲ့ ဘယ့်နှယ်တုံး.... ( မယုံနဲ့ ) မင်းတို့ လူသာစုခေါ်၊ နတ်သာစုခေါ်ဆိုယင်လဲ ရပ်ပြီးမနေလိုက်ပါနဲ့ဦး (မှန်ပါဘုရား)။

လူသာစုခေါ်ဆိုတာလဲ မောင်သစ်-မသိတဲ့လူက သာစုခေါ်

တာဘဲ၊ သစ္စာမသိတဲ့လူက သာခုခေါ်တာ ဦးကျော်မောင်ကြီး တို့က ပြုံးများနေယင် ခက်ကရောပေါ့- မခက်ဘူးလား .... (မှန်ပါ့) နတ်သာခုခေါ်- နတ်လဲ နတ်အ့တွေ နတ်ဆင်းရဲ့နတ် မွဲတွေပြည့်လို့....(မှန်ပါ့) ပြည့်နေတာဘဲ သူတို့ ....( မှန်ပါ့ ) ကျွတ်တမ်းမဝင်နိုင်တဲ့ နတ်တွေပုံနေတာဘဲ....(မှန်ပါ့ဘုရား)။

သူတို့ လူသာခုခေါ်, နတ်သာခုခေါ် ပေမဲ့သဲ ဦးဘသန်း ကြီးက တင်းတိမ်နေသလား၊ တင်းတိမ်နေယင် မသိတဲ့လူမြှောက် ပေးတာ ခင်ဗျားက မြှောက်နေတဲ့ အဓိပ္ပါယ်ရောက်တယ် .... (မှန်ပါ့) ဒါတော်သလားဗျ။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်က အဝိဇ္ဇာက လှည့်နေသလား ကြည့် လိုက်....(မှန်ပါ့) တဏှာက လှည့်နေသလား ကြည့်လိုက် ကိုယ့် ခန္ဓာကို၊ မောင်ချစ်စိန် မပေါ်သေးဘူးလား .... (ပေါ်ပါတယ် ဘုရား)။

အဲဒီတော့ သူတို့က လူသာခုခေါ်,နတ်သာခုခေါ်နဲ့ဘေးက ခေါ်ပြောသော်သဲ တကာတကာမတွေက ဩော်....သူတို့မသိလို့ ခေါ်တာ၊ ငါ့ ရှက်စရာကြီးပါလား အောက်မေ့ရမယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတို့က ဘာတဲ့တုံး....(မသိလို့ပါ)ငါက ဘယ်လိုသိရမလဲ (ရှက်စရာကြီး) ရှက်စရာကြီး- အဲဒါမှမှန်တယ်၊ ဒါမှမှန်တယ်.... (မှန်ပါ့ဘုရား)။

ဦးဘသန်း လူသာခုခေါ်- နတ်သာခုခေါ်နဲ့များ ခင်ဗျား တင်းတိမ်မနေနဲ့ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်ပဋိစ္စသမုပ္ပါဒ်ကို....၊ ကိုယ့်အဝိဇ္ဇာက ကိုယ့်ခန္ဓာကြီး လှည့်လို့ ခန္ဓာကြီးကို သစ္စာမထင်တဲ့ အချိန်ကျလို့ရှိယင် သူ လှည့်နေတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ခန္ဓာကြီး ဖြစ်ပျက်ဒုက္ခသစ္စာ မမြင်တဲ့အချိန်မှာ ဘယ်သူက လှည့်နေသတုံး....(အဝိဇ္ဇာက လှည့်နေပါတယ်) ဒီထဲကိစ္စကလေး ပေါ်လာတော့....(တဏှာက လှည့်ပါတယ်ဘုရား)။

ဩော်-ခက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့၊မင်းတို့ကလဲ ကိစ္စကလဲ ပေါ်လိုက်တာ မပြောပါနဲ့တော့၊ မောင်မင်းကြီး တဏှာလှည့်တော်မူထဲက ကျနေတာ....(မှန်ပါ့ဘုရား)။

ဟင်း....ဒီထဲ အလုပ်ကလေးနားလိုက် အဝိဇ္ဇာကလှည့်လိုက်၊ ကိစ္စကလေးပေါ်လိုက် တဏှာကလှည့်လိုက်....(မှန်ပါ့)နောက်က တကာတကာမတွေ ရှင်းပလား....(ရှင်းပါပြီဘုရား)။

သူတော်ကောင်း အလုပ်ကလေး- ဖြစ်ပျက်အလုပ်ကလေး နားလိုက်ယင် ဘယ်သူလှည့်လိုက်သတုံး .... (အဝိဇ္ဇာကလှည့်ပါ့ တယ်)အဲ....အဝိဇ္ဇာက လှည့်လိုက်တယ်၊ ဖြစ်ပျက်မှုမမြင်တော့ဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့) ကိစ္စကလေးပေါ်လာလို့ သွားလိုက် ဦးမယ်ဆိုတော့....(တဏှာကလှည့်ပါတယ်ဘုရား)။

ဘယ်မှာတုံး တကာတကာမတွေ မလည်တဲ့အချိန်ကိုပါသေး ရဲ့လား....(မပါတော့ပါဘုရား)။

မပါဘူးတဲ့၊ အဲဒါကြောင့် ဒီနေ့တရားမှာ ကြီးကြီး ကျယ် ကျယ် ပြောတယ်လို့ မအောက်မေ့နဲ့ ဦးဘသန်း လူသာခုခေါ် နတ်သာမုခေါ်ဟာ အပိုဘဲ.... (မှန်ပါ့ဘုရား)။

ကိုယ့်လှည့်နေတာတွေ ကိုယ်ရပ်နိုင်မှသာလျှင် ကိုယ့်ဟာ ကိုယ်သာဓုခေါ်နိုင်မှ အမှန်....(မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ်.... (ကိုယ့်ဟာကိုယ် သာဓုခေါ်နိုင်မှ အမှန်ပါဘုရား)။

လူသာဓုခေါ်, နတ်သာဓုခေါ် လိုရင်းမဟုတ်ဘူးဟေ့ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ် ပြေးလွှားနေရတဲ့ ဇာတ်ထုပ်ကြီးကို ကိုယ့်ဉာဏ်နဲ့ ကိုယ်ရပ်-ရလို့ရှိယင်ဖြင့် ကိုယ့်ဟာကိုယ် သာဓုခေါ်နိုင်မှအမှန် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကဲ....ဘယ့်နှယ်ဆိုကြမလဲ လူသာဓုခေါ်, နတ်သာဓုခေါ်က အမှား .... ( အမှားပါ ) ကိုယ့်ဟာကိုယ် သာဓုခေါ်နိုင်မှ.... (အမှန်ပါဘုရား)။

အံမာလေး မောင်ချစ်စိန် မနည်းပြောရပါလား၊ မင်းတို့က သူများသာဓုခေါ်တာနဲ့ အတော်တင်းတိမ်နေတဲ့ လူတွေ-ဟင်.... (မှန်ပါ့ဘုရား)။

အတော် ကြပ်တာပါကလား ဆိုတာ နောက်က တကာ တကာမတွေ အတွင်းကျကျ စကားပြောလာတော့မှ ဦးစံဖေ.... အတော်ခက်သွားတယ်....( မှန်ပါ့ ) ပေါ်ပြီနော်....(ပေါ်ပါပြီ ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင့်မိုရ် တောင်ကြီး ပျောက်စရာ မြင်သေးတယ်၊ မင်းတို့ ဒီ ဝင်ရိုးနှစ်ခု ကျိုးဘို့ မမြင်ဘူးတဲ့....(မှန်ပါ့)အာသဝဝင်ရိုး တွေ့ပြီမဟုတ်လား (တွေ့ပါပြီဘုရား)အဝိဇ္ဇာနဲ့ တဏှာ အလယ်ပိုင်းမှာ ရှင်းပလား-- (ရှင်းပါပြီဘုရား)။

တမ္ဘာဒုဋ္ဌတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာမဇော။

သမုဒ္ဒရာရေကြီး ခန်းခြောက်တို့ မြင်သေးတယ်၊ ကမ္ဘာပျက်တဲ့အခါ ငါမြင်ပါတယ်ကွတဲ့....၊ မင်းတို့ အအို့အသေရပ်နေတဲ့ လှည့်နေတဲ့ ပဋ္ဌိသန္ဓေနေလိုက်, အိုလိုက်,နာလိုက်,သေလိုက်,အေးလိုက်,ပူလိုက်၊ အဲဒါတွေ ရပ်နေတဲ့အခါ ငါ မတွေ့ဘူးကွတဲ့....။ ရှင်းပလား.... (ရှင်းပါပြီ)။

နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာမထဝီ မြေကြီးဟာ.... နေငါးစင်းထွက်တဲ့အခါကျတော့ မောင်သစ် ပြောင်ထွက်သွားတယ်....(မှန်ပါ့)ပျောက်ပျက်သွားတယ်၊ အဲဒါ ငါမြင်တယ်ကွတဲ့....၊မင်းတို့ အအို့အနာ့အသေတွေ ရပ်တာတော့ ငါ မမြင်ဘူးတဲ့....။ ဒီလိုဘဲ လှည့်နေတာဘဲ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား) ကြောက်စရာ ဘယ်လောက်ကောင်းသတုံး.... (ကောင်းပါတယ်ဘုရား)။

ဒါဖြင့် ယနေ့တရားမှာ သေသေချာချာသာ ခင်ဗျားတို့ ရပ်နည်းနိဿယည်းကို ယူမှဘဲ သင့်တော်တော့မယ် ဆိုတာကို ဆုံးဖြတ်ချက်ချရမယ်....( မှန်ပါ့ )ဘယ်လိုလုပ်မှ ရပ်မယ်ဆိုတာ ရှင်းပလား....(ရှင်းပါပြီဘုရား)။

မရပ်ပုံကလေးကွာ....ငါ ရှင်းပြပါဦးမယ်ဆိုတော့မှ သူ ခွေးဥပမာနဲ့ မောင်သစ် ပုံထုတ်လာတယ်....(မှန်ပါ့)ပုံထုတ်လာတာ ဒီ ဝတ္ထုဘဲ....(မှန်ပါ့)။

"အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗကောဋိ နပညာယတိ"

ဘိက္ခဝေ=ရဟန်းကို၊ အယံသံသာရော=မင်းတို့ လှည့်ပြေးနေတဲ့ သံသရာကြီး ခန္ဓာသံသရာကြီးသည်၊ အနမတဂ္ဂေါ=မသိ

အပ်သော အစရှိတယ်တဲ့၊ ဘယ်တုန်းက စ,လည်လာတယ်လို့.... မင်းတို့ ငါ မသိပါဘူးတဲ့....(မှန်ပါ့)။

ဘယ်တုန်းက စ,ပြီး မင်းတို့ လည်လာတယ်ဆိုတာ ငါ မသိဘူးတဲ့....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့ 'အဝိဇ္ဇာ နီဝရဏာနံ တဏှာသံယောဇနာနံ' အတိတ်အကြောင်း အဝိဇ္ဇာကလဲ လှည့်လိုက်တာနည်းတာမဟုတ်ဘူးကွတဲ့၊ ၂-နံပါတ် ရောက်သွားတယ်....(မှန်လှပါ) ပစ္စုပ္ပန်အကြောင်း တဏှာက လှည့်လိုက်တာလဲ ၄-နံပါတ်က-နေပြီး ၁-ပြန်ကူးတဲ့ အခြေအနေရောက်တယ်....( မှန်ပါ့ ) မရောက်ကြဘူးလား....(ရောက်ပါတယ်ဘုရား)။

'သန္ဓာဝိသံ သံသရတိ' တခါတည်းကွာတဲ့ ခေါက်တုံ့.... ခေါက်ပြန် အကြိမ်ဘယ်လောက်ကယ်လို့ ငါ မဟောနိုင်ဘူးတဲ့ (မှန်ပါ့)ဒီ အဝိုင်းပြေး-ပြေးပြီးတော့ နေတာ....(မှန်ပါ့)။

သေလိုက် - ထပြေးလိုက်၊ သေချိန်ရောက်လို့ သေလိုက်-ထပြေးလိုက်....( မှန်ပါ့ ) သေလိုက်-ထပြေးလိုက်၊ သဘောကျပလား....(ကျပါပြီဘုရား)။

အစပ်ဟူသ၍ဟာ သေတဲ့နေရာ။ ဟိုဘက် ကူးလိုက်ယင်.... ထပြေးတဲ့နေရာ....(မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

အစပ်ဟူသ၍ဟာ....(သေတဲ့နေရာ) ဟိုဘက်ကူးသွားယင်.... (ထပြေးတဲ့နေရာပါ) ထပြေးပြီး တခါ ဟိုဘက်အစပ်နား ကျတော့....(သေပါတယ်)သေပြီးတခါ ထပြေးပြန်တယ်....(မှန်ပါ့) ထပြေးပြီး ဟိုဘက်အစပ်ကျတော့....( သေပါတယ် ) သေပြီး ဟိုဘက်ကူးပြန်ပြီကွ....(မှန်ပါ့)။

ထပြေး-ထပြေးပြီး သေလိုက်-ထပြေးလိုက်၊ထပြေးလိုက်-သေလိုက်ဆိုတော့ အဲဒါကြီးဟာ ခုနင်က ပြောခဲ့တဲ့ မြင့်မိုရ်တောင်တို့ ပျောက်တာ မြင်တယ်။ သူ ရပ်စဲနေတာ ငါ မမြင်ဘူးတဲ့ .... (မှန်ပါ့) ထပြေးလိုက်-သေလိုက် ရပ်စဲနေတာ ငါ မမြင်ဘူးတဲ့.... (မှန်ပါ့)။

သေလိုက်-ပြေးလိုက်။ ထပြီး တခါ ပဋိသန္ဓေနေ....ပြေးလိုက် သေလိုက်။ ဒါသာ မြင်တယ်တဲ့.... (မှန်ပါ့) မြင့်မိုရ်တောင်ကြီးဟာတော့ကွာ....တဲ့ ကမ္ဘာတည်နေတာ အကြာကြီး မြင့်မိုရ်တောင် မပေါ်လာပါဘူးတဲ့။ ရပ်စဲနေတယ်တဲ့....(မှန်ပါ့)။

သမုဒ္ဒရာရေကြီးဟာ ကမ္ဘာတည်နေတာကြာတော့ တော်တော်နဲ့ ရေတွေ ရောက်မလာပါဘူးတဲ့၊မြေကြီးကို ရှာမတွေ့ပါဘူးတဲ့....မြေတည်စရာ မရှိလို့ တော်တော်နဲ့ကို မလာပါဘူးတဲ့ (မှန်ပါ့)။

နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီး ပျောက်သွားတာ ဟာလာဟင်းလင်းကြီး ဖြစ်နေတာ တော်တော်နဲ့ အစကလေးတခု မြေမှုန်ကလေးတခု ရောက်လာတာ ငါမမြင်ပါဘူးတဲ့။အင်မတန် ကြာမှသာလျှင် မြင့်မိုရ်တောင်ကြီးတို့ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးတို့ ပေါ်လာတာ ငါ သိတယ်တဲ့....။

မင်းတို့ဖြင့် ဘယ်တော့မှ ရပ်နေတယ်လို့ ငါသိကိုမသိဘူးတဲ့၊ ရပ်နေတယ်လို့ကို မရှိဘူးတဲ့၊အိုလိုက်-နာလိုက်-သေလိုက်၊အိုလိုက် နာလိုက်-သေလိုက်....( မှန်ပါ့ ) အိုလိုက်-နာလိုက်- သေလိုက်။ ပဋိသန္ဓေနေလိုက်။ ကဲ... ဦးကျော်မောင် ရပ်စဲတာ ဘုရားမြင်ရဲ့တဲ့လား....(မမြင်ပါဘုရား)။

နောက်က တကာတကာမတွေ ရှင်းရဲ့လား.... (ရှင်းပါတယ် ဘုရား)ဘယ့်နှယ်လုပ်ကြမှာတုံး။ ဒီလိုဘဲ ပဋိသန္ဓေနေလိုက် .... အိုလိုက်-နာလိုက်-သေလိုက်။ ထပ်ပြီး ပဋိသန္ဓေနေလိုက်-အိုလိုက် နာလိုက်-သေလိုက်။ ပြေးလိုက်-သေလိုက်နဲ့ ဒီလိုဘဲ နေကြတော့ မလားတဲ့။ ဟုတ်လား....(မှန်ပါ့)ဒါလဲ ကိုယ့်အလောင်း ကိုယ် ထမ်းပြေးနေတာ....(မှန်ပါ့)။

ပဋိသန္ဓေနေတယ်ဆိုတော့ ကိုယ့်အလောင်း ကိုယ်ထမ်းနေ တာ....(မှန်ပါ့)အိုတယ်ဆိုတော့ ကိုယ့်အလောင်းထမ်းပြီး ကိုယ် အိုတာ....(မှန်ပါ့) နာတယ်ဆိုတော့ကော.... (ကိုယ့်အလောင်း ထမ်းပြီး နာဘာပါ)သေတော့ ကိုယ့်အလောင်းထမ်းပြီး ကိုယ် ပစ်ချလိုက်ရတာ....( မှန်ပါ့ ) ပြီးတော့မှ တခါ တခုသော ပုံသဏ္ဌာန်နဲ့ ထပြေးပြန်တာ....(မှန်ပါ့) ဒီလိုဘဲ ထပြေးရတယ်.... (မှန်ပါ့)။

ဦးဘသန်း အတော်ခက်နေပါပေါ့လား....(မှန်ပါ့) နောက် က တကာတကာမတွေ သဘောပါကြရဲ့လား....( ပါပါတယ် ဘုရား )။

ဒါဘယ့်နှယ်ကြောင့် ဒီလို ဖြစ်နေတာတုံးလို့ ငါဘုရား သခင်ကိုယ်တော်မြတ်ကြီး ဉာဏ်နဲ့ ကြည့်လိုက်တော့ သြော်.... သူတို့သည်ကား ခန္ဓာခင်မှုပေါ့....(မှန်ပါ့)။

ဟော....လာပြီ....(မှန်ပါ့)ခန္ဓာကို ဒုက္ခသစ္စာလို့ မသိ။ခန္ဓာ ကို ခင်မှု တခု။ ဒီနှစ်ခု ငြိနေတာ....(မှန်ပါ့)ဒါနှစ်ခုဘဲ ပြန်တွေ့ တာဘဲ....(မှန်ပါ့)အဝိဇ္ဇာနဲ့တဏှာဘဲ ပြန်မတွေ့ဘူးလား....(တွေ့ ပါတယ်ဘုရား)။

ခန္ဓာကို ဒုက္ခသစ္စာလို့ မသိတာက ဘာတုံး....(အဝိဇ္ဇာပါ) ခင်နေကြတာက....(တဏှာပါဘုရား)။

ဪ....ဒီနှစ်ခုကြောင့် ဟေ့တဲ့။ပေါ်ကြပလား လက်သည် (ပေါ်ပါပြီဘုရား)ဘာတွေသတုံး....(အဝိဇ္ဇာနဲ့ တဏှာ တွေ့ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာဘဲ တွေ့တယ်ဆိုတော့ မောင်သစ် ရှင်းရောပေါ့ကွ....(မှန်ပါ့)ဟုတ်တယ်တဲ့ ရောက်ရာဘဝမှာ စဉ်းစားကြည့်ပါတဲ့။ကိုယ့်ခန္ဓာကလေးကို စွန့်ရမှာ အင်မတန် ဝန်လေးကြတယ်....(မှန်ပါ့)ခန္ဓာပြန်ခင်တယ်....(မှန်ပါ့)မခင်ဘူးလား.... (ခင်ပါတယ်ဘုရား)ငါပျောက်သွားမှာကလေးကော အင်မတန် မကြောက်ဘူးလား....( ကြောက်ပါတယ်ဘုရား )။

အင်း....ဒါဖြင့် ဒိဋ္ဌိတည်းဟူသော တရားကလဲ အတော်စွဲတယ်....(မှန်ပါ့)ခင်တဲ့ တဏှာရယ် ဒိဋ္ဌိအစွဲရယ် မရှိဘူးလား.... (ရှိပါတယ်) ခန္ဓာချည်တိုင်ရယ်ကော မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အေး... ဒါတွေချည့်ဘဲ ပြန်ရောက်နေတော့ ငါဘုရား ဥပမာပြမယ်ကွာ....တဲ့။ ချည်တိုင်ကြီးတခု ရှိတယ်တဲ့။တိုင်ကြီးပေါ့ဗျာ နွားများ မြဲအောင် မပြေးနိုင်အောင် စိုက်တဲ့ တိုင်ကြီး ရှိတယ်။ မင်းတို့မှာလဲ ချည်တိုင်ကြီးတခု ရှိတယ်....( မှန်ပါ့ ) အဲဒီ့ချည်တိုင်ဟာ ကြိုးတခု ဝါးလုံးတပ်ပြီး ခွေးတပ်ပြီး ချည်ထားပေါ့ကွာ....တဲ့....(မှန်ပါ့)။

အဲဒီတော့ ဒီလိုချည်ထားတော့ ခွေးသည် ဒီကြိုး ဖြတ်ဘို့ရာလဲ ဝါးလုံးနဲ့ လျှိုထားတော့ မောင်သစ် ကိုက်လို့ ရရဲ့လား

(မရပါ)မရဘူးနော်....(မှန်ပါ့)ဝါးလုံးနဲ့ကလဲ တွဲထားတာကိုး (မှန်ပါ့)။

အဲဒီတော့ သူ ပြေးနိုင်လှလို့ရှိယင် တိုင်ချည်ထားတဲ့အတွက် တိုင်ပတ်ပြေးရုံဘဲကွ....။နေလဲ တိုင်ခြေနေ။ ထိုင်လဲ တိုင်ခြေ ထိုင်ရုံဘဲ။သေလဲ တိုင်ခြေ သေရုံဘဲ....(မှန်ပါ့)။

သူ့ကြိုးကော သူ ဖြတ်နိုင်ပါ့မလား....(မဖြတ်နိုင်ပါဘူးရား) မဖြတ်နိုင်ဘူးတဲ့။ ဒီကြိုးကို သူ မဖြတ်နိုင်ဘူး။ ဘာဖြစ်လို့တုံး-- လည်ပတ်ကြိုး ပါတာကိုး။ ဝါလုံးလဲ လျှိုထားတာကိုး၊ ကြိုးနဲ့ ဝါးလုံးနဲ့ ကိုက်မည့်ကြံယင် ကိုက်မည့်နေရာ ဝါးလုံးက ရောက်လာတာဘဲ....(မှန်ပါ့)မဟုတ်ဘူးလား(ဟုတ်ပါတယ်) သံပြောင်းကလေးပေါ့ဗျာ....(မှန်ပါ့)။

ဒီအတိုင်းဘဲကွတဲ့.... မင်းတို့ဟာ ခန္ဓာဒုက္ခသစ္စာ မသိတော့ ခန္ဓာချည်တိုင်နားက သွားဘို့ရာ အင်မတန် ဝန်လေးပါတယ်တဲ့- အဲဒါကြောင့် ခန္ဓာငါးပါးဟာ ချည်တိုင်နဲ့ တူတယ်တဲ့ .... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တဏှာဟာ ကြိုးနဲ့ တူတယ်ကွတဲ့....။ဒိဋ္ဌိဟာ လည်ပတ်နဲ့ တူတယ်... (မှန်ပါ့)ခုနင်က ပြေးနေတဲ့ လည်ပတ်ကြိုးကလေးကပေါ့ ဗျာနော်....(မှန်ပါ့)။

အဲဒီတော့ကိုတဲ့ ဒီခွေးဟာ တနေ့လုံး ပြေးပြေးသော်လဲဘယ် နေရာ ရောက်လိမ့်မယ်လို့ ဆိုနိုင်ပါ့မလား....။ တိုင်ပတ်ပြေးနေတာ ရှိတာပေါ့ကွ....ဘယ်ရောက်လိမ့်မတုံးတဲ့....(မှန်ပါ့)။

စိမ့်ကြီး,မြိုင်ကြီး ရောက်နိုင်ပါ့မလား.... ( မရောက်နိုင်ပါ ) ဘာ့ကြောင့်တုံး....(တိုင်ပတ်ပြေးနေလို့ပါဘုရား)။

တိုင်ပတ်ပြေးနေတာ။ ကြိုးတဆုံးသာ ပြေးနိုင်တာကိုး .... (မှန်ပါ့) ကြိုးတဆုံးပတ်တာဘဲ ရှိတယ်။ဒီ့ပြင် ရှိသေးရဲ့လား-- (မရှိပါဘုရား)ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတွေဟာတဲ့ .... ခန္ဓာငါးပါး တည်းဟူသော ချည်တိုင်မှာ တဏှာတည်းဟူသော ကြိုးနဲ့ ဒိဋ္ဌိတည်းဟူသော လည်တောက်ကြီး တပ်ပြီးသကာလ လှည့်ပြေးနေတော့ ဒီတိုင်ခြေ မွေးပြီး ဒီတိုင်ခြေသေ ဒီတိုင်ခြေ ကျင်ကြီးစွန့်, ဒီကြိုးကို မဖြတ်နိုင်၊ ဒီလည်ပတ်ကလဲ မပြုတ်ဘဲ ဖြစ်နေတော့၊ဒိဋ္ဌိလည်ပတ်ကလဲ မပြုတ်ဘဲ ဖြစ်နေ၊ ဒီ တဏှာကြိုးကလဲ ဒီခန္ဓာကြီး ခင်နေပြန်ဆိုတော့ ခန္ဓာကြီးကလဲ မြဲတယ်ထင်နေတဲ့ အဝိဇ္ဇာတည်းဟူသော သဘောနဲ့ စိုက်ထားပြန်တော့ ခန္ဓာက ခိုင်တယ် - မြဲတယ် ယူထားတယ်....(မှန်ပါ့)။

ငါတော်တော်နဲ့ မသေနိုင်သေးပါဘူး။ ဟုတ်လား၊မသေနိုင်သေးတဲ့ ခန္ဓာကြီးမို့ ခင်နေတယ်။ ခင်ရပါသော်ကော ငါ့ကိုယ်ဘဲဆိုတဲ့ ဒိဋ္ဌိလည်ပတ်တွေက အကုန်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာချည်တိုင် ခင်တွယ်နေတဲ့ကြိုး ငါထင်နေတဲ့ ဒိဋ္ဌိနဲ့ ဒီတိုင်ခြေ လှည့်ပတ်ပြေးနေတဲ့ ခွေးဟာကွာတဲ့ မွေးလဲ ဒီနေရာ၊သေလဲ ဒီနေရာ၊ကျင်ကြီးစွန့်လဲဒီနေရာ၊စားလဲ ဒီနေရာမှတပါး ဘယ်မှ သွားစရာမရှိဘူးတဲ့....(မှန်ပါ)သံသရာ့ပြင်ဘက် ရောက်စရာ မြင်သေးသလား....( မမြင်ပါဘုရား )ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်လောက်ဆိုးတယ်ဆိုတာ မောင်ချစ်စိန် မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)နောက်က တကာတကာမတွေ ကိုယ့်ဖြစ်စဉ်ကို အခု အကြီးအကျယ် ပြောနေတာဘဲ....တဲ့။ နားလည်

ကြရဲ့လား....(လည်ပါတယ်) သိပ်ကြောက်စရာကောင်းပါလား-(မှန်ပါ့)။

ဒါဖြင့် ဒီလို လုပ်ကြပါစို့ တကာတကာမတွေ ဒီ ခန္ဓာတည်းဟူသော တိုင်ယင်လဲ ကျိုးပါမှ။ ဒီ တဏှာတည်းဟူသော ကြိုးယင်လဲ ပြတ်ပါမှ။ ဒီ ဒိဋ္ဌိတည်းဟူသော လည်ပတ်ယင်လဲ ပြုတ်ပါမှ။ ဒီခွေး....သံသရာ့ခရီးသည် ခွေးဟာဖြင့် လွတ်ရေး.... ကျွတ်ရေးရရှိတော့တယ်....( မှန်ပါ့ ) နို့မဟုတ်ယင်....(မရှိပါဘုရား)။

တိုင်ယင်လဲ ကျိုးပါမှနော်....(မှန်ပါ့)ကြိုးယင်လဲ ပြတ်ပါမှ၊ လည်ပတ်ယင်လဲပြုတ်ပါမှ။ ဒါမှသာလျှင် တကာတကာမတွေ.... ခွေးနဲ့တူတဲ့ သံသရာ့ခရီးသည်ဟာ လွတ်ပဟ....ကျွတ်ပဟ....ဆိုတာ လာရမှာကိုး....(မှန်ပါ့)နို့မဟုတ်ယင် လွတ်ရေး,ကျွတ်ရေး ဆိုတာ ပါနိုင်ပါ့မလား....(မပါနိုင်ပါဘုရား)။

မောင်ချစ်စိန် အခုသေသေချာချာ ဟောလာတော့မှ တိုင်ကျိုးဘို့ရာလဲ မလွယ်ဘူး၊ ကြိုးပြတ်ဘို့ရာလဲ....(မလွယ်ပါဘုရား) သူကတဏှာကိုး....(မှန်ပါ့) တိုင်က ခန္ဓာကိုး.... (မှန်ပါ့) ကြိုးက တဏှာ- ဒိဋ္ဌိက လည်ပတ်ဆိုတော့ ခက်နေပြီကော .. (မှန်ပါ့)။

တကာတကာမတွေ တိုင်က ဘာနဲ့တူသတဲ့....(ခန္ဓာနဲ့တူပါတယ်)ကြိုးက ဘာနဲ့တူသတဲ့....(တဏှာနဲ့တူပါတယ်)လည်ပတ်က ဘာနဲ့တူသတဲ့....(ဒိဋ္ဌိနဲ့တူပါတယ်ဘုရား)။

ဟာ.... ဒိဋ္ဌိနဲ့တူတယ်ဆိုတော့ တခါတည်း ဒီဥစ္စာတွေက ခန္ဓာငါးပါးမသိတော့ တိုင်ထဲ အဝိဇ္ဇာကလဲပါနေတော့ အဝိဇ္ဇာ တိုင်ကြီးကလဲ စိုက်ထားသလို ဖြစ်နေတယ်၊ ခန္ဓာငါးပါးသိမှ-

မသိဘဲကိုး....(မှန်ပါ့) ဒုက္ခသစ္စာလို့ သိသေးရဲ့လား .... (မသိပါဘုရား)။

မသိတော့ကို....တဲ့၊ အဝိဇ္ဇာဒဏ်ချက်ကလဲ တိုင်စိုက်မိပြီနော်-(မှန်ပါ့) တဏှာဒဏ်ချက်ကလဲ ဒီတိုင်နဲ့တွဲမိပြီ၊ ချည်နေတယ် (မှန်ပါ့)ဒိဋ္ဌိဒဏ်ချက်ကလဲ လည်ပတ်နဲ့၊ သံသရာ့ခရီးသည်ခွေးနဲ့ဟာဖြင့် ပတ်မိနေတော့ ဒီတိုင်ခြေမွေးပြီး ဒီတိုင်ခြေသေ၊ ဒီတိုင်ခြေပတ်၊ ဒီတိုင်လှည့်ပြေး ဆိုတဲ့ဥစ္စာ ဒါဖြင့် ဘယ်ကိုရောက်ရောက် ခန္ဓာနဲ့တွဲတွဲနေတယ်.... ( မှန်ပါ့ ) ခန္ဓာလွတ်တဲ့ နိဗ္ဗာန်ရောက်ကဲ့လား....(မရောက်ပါဘုရား)။

ဒီတိုင်ခြေမှာဘဲ ခန္ဓာတိုင်ခြေမှာဘဲ ရောက်ရောက်နေတယ်-(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နတ်ပြည် ရောက်တော့ကော တကာတကာမတို့ တိုင်ကျိုးတာလား- တိုင်ခြေဘဲ ပြန်ရောက်နေတာလား....(တိုင်ခြေဘဲ ပြန်ရောက်နေပါတယ်)ဗြဟ္မာပြည်ရောက်ပြန်တော့ကော.... (တိုင်ခြေဘဲ ပြန်ရောက်ပါတယ်ဘုရား)။

တိုင်တော့ ပြောင်းမှ-မပြောင်းဘဲ....( မှန်ပါ့ ) တိုင်က ခန္ဓာငါးပါးဘဲ....(မှန်ပါ့)ပြောင်းရဲ့လား....( မပြောင်းပါဘုရား )။

ဟော့....မောင်ချစ်စိန် တိုင်ပြောင်းရဲ့လား .... (မပြောင်းပါဘုရား) ကြိုးကလဲ ပြတ်ပါသလားဆိုတော့ ရောက်ရာခင်နေတဲ့ ကြိုးကလဲ မပြတ်ဘူး....(မှန်ပါ့) ဒိဋ္ဌိလည်ပတ်ကလဲ ပြုတ်ပါရဲ့လားလို့ မေးတဲ့အခါကျတော့ ငါ့ကိုယ်ငါ့ဟာလဲ ရှိလျက်....(မှန်ပါ့) မရှိဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒီတော့ ကြောင့် .... ဒီတိုင်နဲ့ ဒီ ကြိုးနဲ့ ဒီ လည်ပတ်နဲ့ တော့ လည်နေတဲ့ ခွေးနဲ့ သံသရာ့ခရီးသည်နဲ့ မောင်ချစ်စိန် ထူးသေးသလား .... (မထူးပါ)ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

သုံးဆဲ့တဘုံ ဒီအတိုင်းသွားနေတာဘဲ၊ ကိုယ့်ကြိုးနဲ့, ကိုယ့် တိုင်နဲ့, ကိုယ့်လည်ပတ်နဲ့ သွားနေတာဘဲ .... (မှန်ပါ့ဘုရား)။

တယ်မြင်ပါကလား၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် တကာတကာမတို့ အင်မတန် မြင်တယ်ဆိုတာ မပေါ်သေးဘူး လား....(ပေါ်ပါပြီ) ပေါ်ပြီနော်၊ ခင်ဗျားတို့ကို ဒီဟာကလေး တွေ ဟောချင်လွန်းလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီတွေဖြည့်ခဲ့တာ သဗ္ဗညုတ ဉာဏ်နဲ့ ဒီအမြင်ရချင်တာ....(မှန်ပါ့ဘုရား)။

ဦးဘသန်း ဒီအမြင်ရချင်တာ....(မှန်ပါ့) နောက်က တကာ တကာမတွေ ဘုရားပါရမီဖြည့်တာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘုရားဖြစ်ချင်တာလား။ ဒီအမြင်ရချင်တာလား .. (ဒီအမြင်ရချင် တာပါဘုရား)။

ဒီအမြင်ရချင်တာဆိုတော့ ဒီအမြင်က ဘုရားဖြစ်မှရတာ.... (မှန်ပါ့) သဗ္ဗညုတဉာဏ်ရမှ ဒီအမြင်တွေပေါ်လာတာ၊ကြောင့် သတ္တဝါတွေခန္ဓာတည်းဟူသောချည်တိုင်မှာကိုယ့်တဏှာတည်းဟူ သောကြိုးနဲ့ ကိုယ့်ဒိဋ္ဌိတည်းဟူသော လည်ပတ်နဲ့ ဒီတိုင်ခြေမှာ ပြေး ပြီးတိုင်ခြေစား-တိုင်ခြေမှာသေ-တိုင်ခြေမှာနေ-တိုင်လှည့်ပတ်ပြေး ဒီလိုနေကြတာ သူမြင်တယ်....(မှန်ပါ့) သဘောပါကြပလား .... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တိုင်ကျိုးပြီး လည်ပတ်ဖြုတ်ပြီးသကာလ ကြိုးဖြတ်မှ သာလျှင် ကိစ္စပြီးတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ဟာဖြင့် ကောင်း ကောင်းကြီး ရှင်းသွားပြီ....(ရှင်းပါပြီ) မရှင်းသေးဘူးလား.... (ရှင်းပါပြီ)အဲဒါ သေသေချာချာ မှတ်ပါ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် အလုပ်တရားပြမှ ဖြစ်တော့မယ်.... ( မှန်ပါ့ ) အလုပ်တရားမပြလို့ရှိယင်....(မဖြစ်ပါ) တိုင်လဲကျိုးမှာ မဟုတ် ဘူး၊ ကြိုးလဲပြတ်မှာမဟုတ်ဘူး.... ( မှန်ပါ့ ) လည်ပတ်လဲပြုတ် မယ်မဟုတ်ဘူး....(မှန်ပါ့ဘုရား)။

အေး....နောက်က တကာတကာမတွေ ခင်ဗျားတို့ ဒီတရား မျိုးကို နားထဲမှာကြားလိုက်ရတယ် ဆိုလို့ရှိယင် ဩော် .... ဒီဟာလိုရင်းပါလား၊ ဒီသုံးခု တိုင်ကျိုး, ကြိုးပြတ်, လည်ပတ် မပြုတ်လို့ရှိယင်ဖြင့် ဘာလုပ်နေနေ မရသေးပါကလား .... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်တုံး မောင်ချစ်စိန်....(ဘာလုပ်နေနေ မရသေးပါ ဘုရား) ဘယ်လို အလှူအတန်းကြီးလှူလှူ လွှတ်ရေး- ကျွတ်ရေး တော့....(မရပါ) မရသေးပါဘူးတဲ့ တကာတကာမတို့၊ ခန္ဓာ တည်းဟူသော တိုင်ကြီးက မြဲနေမယ်ဆိုလို့ရှိယင်လဲ ခန္ဓာမရှိမှ နိဗ္ဗာန်ဆိုကတည်းက နိဗ္ဗာန်ရောက်စရာ မြင်သေးရဲ့လား .... (မမြင်ပါ့ဘုရား)။

တဏှာငြိမ်းမှ နိဗ္ဗာန်ဆိုသဖြင့်လဲ တဏှာတည်းဟူသော ကြိုး ကလဲ ကိုယ်ခန္ဓာနဲ့တခါတည်း တွဲလျက်ကြီးဖြစ်နေတော့ တဏှာ နဲ့ ခန္ဓာနဲ့ကလဲ ခင်နေတာ တွဲလျက်ကြီးဖြစ်မနေဘူးလား .... (ဖြစ်နေပါတယ်ဘုရား)။

အဲဒီတော့ သံသရာ့ခရီးသည်ဖြစ်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ပညာဖြစ်နိုင်သလား....မဖြစ်နိုင်ဘူးလား....၊တိုင်ကျိုးလဲ သံသရာ့ခရီးသည် မတတ်နိုင်ဘူး....(မှန်ပါ့) ကြိုးပြတ်အောင်လဲ သံသရာ့ခရီးသည်က....(မတတ်နိုင်ပါဘုရား) လည်ပတ်ပြုတ်အောင်လဲ သံသရာ့ခရီးသည်က ...(မတတ်နိုင်ပါဘုရား)။

မတတ်နိုင်တော့ကို ဝိပဿနာဉာဏ်ဝင်မှဘဲ မောင်ချစ်စိန်--ရနိုင်တော့မယ်....(မှန်ပါ့) နို့မဟုတ်ယင်....(မရနိုင်ပါဘုရား)။

ဒါနလောက်နဲ့လဲ တိုင်ကျိုးဘို့ ဝေးပါသေးရဲ့....(မှန်ပါ့) သီလလောက်နဲ့လဲ....( ဝေးပါသေးတယ်ဘုရား )ဝေးပါသေးတယ်၊ ဒိဋ္ဌိပြုတ်ဘို့ကောကွာ....(ဝေးပါသေးတယ်)ဒိဋ္ဌိလည်ပတ်ပြုတ်ဘို့လဲ ဝေးပါသေးတယ်ဆိုတာ ပေါ်တာပေါ့....( မှန်လှပါဘုရား )။

ကဲ.... ဦးကျော်မောင် .... ဘယ်လောက် နက်နဲတယ်ဆိုတာ မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား)မောင်သစ် ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဒီ့ပြင်ဟာတွေ ဘာတွေ အသာထားစမ်းပါဦး၊ သူ့ကို မဖြတ်နိုင်ဘူး....(မှန်ပါ့) မပြောရပေဘူးလား.... ပြောရမလား....(ပြောရပါမယ်ဘုရား)။

ပြောရမယ်ကွ၊ သူက ဘဝ တောင်းတတာတွေ ပါနေတော့ ချည်တိုင်နဲ့ကို မခွဲချင်တဲ့ သဘောတွေလဲ ပါတယ်၊မပါဘူးလား-( ပါ-ပါတယ်ဘုရား )ချည်တိုင်ခန္ဓာကြီးနဲ့လေ.... ( မှန်လှပါဘုရား )။

ကိုင်း--ဒါဖြင့် ပြောကြပါစို့....တကာတကာမတို့ ၂-နံပါတ်မှာ ခန္ဓာငါးပါး ရှိပါတယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် ၂-နံပါတ်မှာ ဘာရှိသတုံး....(ခန္ဓာငါးပါး ရှိပါတယ်)ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့....ခန္ဓာငါးပါး ရှိတယ်နော်....(မှန်ပါ့)။

အဲဒီ ခန္ဓာငါးပါးကို သူ့အကွက် ကြည့်လိုက်တဲ့ အခါကျတော့ ဒုက္ခသစ္စာလို့ တွေ့ပါလိမ့်မယ်....(မှန်ပါ့)။

သူ့အကွက် ကြည့်လိုက်တော့.... ( ဒုက္ခသစ္စာပါဘုရား ) ဩော်.... ဒုက္ခသစ္စာဖြင့် ဒီထဲက တရားတွေဟာ ဒုက္ခသစ္စာမှ တပါး ဘာမှမပါပါကလား ၂-နံပါတ်အကွက်ထဲက တရားတွေဟာ ဒုက္ခသစ္စာမှ တပါး ဘာမှမပါဘူးဆိုတာ ပေါ်ကြပလား-(ပေါ်ပါပြီဘုရား)။

၂-နံပါတ်အကွက်မှာ....(ဒုက္ခသစ္စာမှ တပါး ဘာမှ မပါပါဘုရား)ဒုက္ခသစ္စာမှ တပါး ဘာမှ မပါဘူး....၊ မောင်ချစ်စိန်....တွေ့ပလား....(တွေ့ပါပြီဘုရား)။

နောက်က ပဋိစ္စသမုပ္ပါဒ် ကြည့်တဲ့ လူတွေ....၂ - နံပါတ်ထဲ ဘာသစ္စာတွေ့သတုံး... (ဒုက္ခသစ္စာသာ တွေ့ပါတယ်ဘုရား)။

ဝိညာဏ်ကြည့်လိုက်ပြန်တော့လဲ....(ဒုက္ခသစ္စာ)နာမ်ရုပ်ကြည့်လိုက်ပြန်တော့....(ဒုက္ခသစ္စာပါ)သဠာယတနကြည့်လိုက်....(ဒုက္ခသစ္စာ)ဖဿ ဝေဒနာကြည့်လိုက်....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် အဲဒါ ခန္ဓာငါးပါဘဲ....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ်အလိုတော့ ငါး၊ ခန္ဓာလို ဖွဲ့လိုက်တော့သဲ....(ငါးပါးပါဘဲ ဘုရား) ငါးဘဲ၊ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ကိုယ့်ခန္ဓာငါးပါးကို ကိုယ့်ဒုက္ခသစ္စာလို့ သိလိုက်တဲ့ အချိန်ကျတော့မှအဝိဇ္ဇာကဖုံးလွှမ်းလို့မရလို့ပဋ္ဌမလှည့်မည့် ဝင်ရိုးကြီးဟာ လှည့်လို့ မရလို့....(မှန်ပါ) ရသေးရဲ့လား....(မရပါဘုရား)။

ပဋ္ဌမလှည့်မည့် ဝင်ရိုးကြီးဟာ ရသေးရဲ့လား....(မရပါ)မရတော့ကို ခန္ဓာကြီးကို ဒုက္ခသစ္စာလို့ သိသွားသည်နဲ့ တပြိုင်နက်တည်း ဒီဥစ္စာ တိုင်ကျိုးပြီဆိုတဲ့ အဓိပ္ပါယ် မောင်သစ် ပေါ်လာတယ်...(မှန်ပါ့-ပေါ်လာပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါနဲ့ဘဲ ဒီ ခန္ဓာကြီးကို တခါ ဦးဘသန်းတို့ကို ....ဘုန်းကြီးကဘဲ ဘုရားနည်းအတိုင်းဘဲ ပေးလိုက်ပါတယ်၊ဒီ ခန္ဓာကြီးဟာ ဒုက္ခသစ္စာလို့ပေါ်တိုင်း-ပေါ်တိုင်း ဒုက္ခသစ္စာ၊ပျောက်တိုင်း-ပျောက်တိုင်း ဒုက္ခသစ္စာလို့....ခင်ဗျားတို့ ရှုစမ်း....(မှန်ပါ့ဘုရား)။

ဒီ ခန္ဓာထဲကစိတ်ကြိုက်လို့ရှိယင်လဲ စိတ်ကိုပေါ်လဲဒုက္ခသစ္စာ ပျက်လဲဒုက္ခသစ္စာလို့ရှုစမ်းပါလို့ ဆိုတော့မောင်သစ် အဝိဇ္ဇာက လှည့်နိုင်သေးရဲ့လား....( မလှည့်နိုင်ပါ )ဝိဇ္ဇာဖြစ်သွားတယ်....( မှန်ပါ့ဘုရား ) အဲဒီတော့ မလှည့်နိုင်တော့ဘူး....(မှန်လှပါဘုရား)။

အဝိဇ္ဇာက မလှည့်နိုင်တော့ ဒီနေရာ နောက် ၂-နံပါတ် ပြန်ဖြစ်ဘို့ ရှိသေးသလား....(မရှိပါဘုရား)အဝိဇ္ဇာလှည့်မှ ၁-က နေ ၂-ရောက်မှာ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဝိဇ္ဇာကနေ လှည့်မှ....(၁-က နေ ၂-ရောက်မှာပါဘုရား)

ကဲ....သူကမှ မလှည့်နိုင်တော့ဘူးတဲ့ .. ။ လှည့်ပြီးသားတွေ ကျုပ်တို့က ဒုက္ခသစ္စာလို့ သိသွားပြီ....(မှန်ပါ့)။

သူလှည့်ထားတာတွေ ဘယ်လို သိထားတုံး....(ဒုက္ခသစ္စာလို့ သိထားပါတယ်ဘုရား)အတိတ်က အဝိဇ္ဇာက လှည့်ထားတဲ့ ခန္ဓာ ငါးပါးကို ကျုပ်တို့က ဒုက္ခသစ္စာလို့ ခန္ဓာကိုယ် ပေါ်တိုင်း.... ပေါ်တိုင်း ရှုပေးပါနော်....(မှန်ပါ့)။

စိတ်ပေါ်လဲ ဒုက္ခသစ္စာလို့ ရှုပေးပါ....(မှန်ပါ့) ဘယ်စိတ်လာလာ... (ဒုက္ခသစ္စာလို့ ရှုရပါမယ်ဘုရား)။

ဒုက္ခသစ္စာ ဖြစ်ပျက်ဒုက္ခသစ္စာ, ဖြစ်ပျက်ဒုက္ခသစ္စာ လို့သာ တကာတကာမတွေက ရှုပွါးပေးစမ်းပါ....(မှန်ပါ့) ရှုရုံကလေး ဥာတနဲ့ မနေဘဲနဲ့ တီရဏဆိုတာနဲ့ ပွါးပေးပါ....( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘာလုပ်ရမယ်....(ပွါးပေးရပါမယ်ဘုရား)ရှုရုံနဲ့ မနေပါနဲ့ ( မှန်ပါ့ )ပွါးပေးပါဆိုတဲ့ စကားကို သုံးပစ်လိုက်တယ်နော် .... (မှန်ပါ့)။

ဘာဖြစ်လို့တုံး....၊ ဥာတပရိညာက သူချည့် နိဗ္ဗာန်မရောက်နိုင်ဘူး....(မှန်ပါ့)တီရဏပရိညာနဲ့ ပွါးမှ ပဟာနပရိညာဆိုတဲ့.... ၃-နံပါတ်က လာမှာကိုး....(မှန်ပါ့)။

ဒါဖြင့် ၂-နံပါတ်ကို သာသနာတွင်းတရားနဲ့ ဦးဘသန်းကြီးက မဂ္ဂင်ငါးပါးဆိုတာသာသနာတွင်းတရား....(မှန်ပါ့)မဂ္ဂင်ငါးပါး သာသနာတွင်းတရားနဲ့ ကြည့်လိုက်တော့ ဘာသစ္စာ တွေ့သကုံးတဲ့....၂- နံပါတ်ထဲမှာ .... (ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)။

အဲ....ဒုက္ခသစ္စာ....ဒုက္ခသစ္စာလို့ စိတ်ကလေး ရှုတဲ့ ပုဂ္ဂိုလ်က စိတ်ပေါ်တိုင်း....ပေါ်တိုင်း ဒုက္ခသစ္စာ( မှန်ပါ့ ) ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်က ဝေဒနာပေါ်တိုင်း....ပေါ်တိုင်း ဒုက္ခသစ္စာလို့ ဦးစံဖေ ရှုပေး....(မှန်ပါ့)။

တခုခုမှတ်ပြီးတော့....(မှန်ပါ့) ရှုပေးလိုက်တော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားတယ်ဆိုကတည်းက ဒီနေရာက ရှေ့ကို မသွားနိုင်တော့ဘူး....(မှန်ပါ့)။

၂-ကနေပြီး ၃-သွားနိုင်သေးရဲ့လား....(မသွားနိုင်ပါဘုရား) အဲ့ဒီတော့ ဒီလို ရှုနေရင်းမတ္တနဲ့ ဒုက္ခသစ္စာမှန်းသိတော့ .... မောင်သစ် ခင်သေးသလား....(မခင်ပါဘုရား)။

မခင်လို့ရှိယင်ဖြင့် တိုင်ကျိုးလို့ ကြိုးပြတ်သွားပြီ....(မှန်ပါ့ဘုရား)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒီ ဖြစ်ပျက်ကလေးတွေသည်ကားလို့ ဆိုယင် ခိုင်သလား မြဲသလား- မခိုင်တာ-မမြဲတာလားလို့ သေသေချာချာ ကြည့်စမ်း....(မခိုင်တာ- မမြဲတာပါဘုရား)။

ဟင် ဒါဖြင့် ငါမဟုတ်လို့ သူဖြစ်ချင်လို့ ဖြစ်တာပေါ့.... (မှန်ပါ့)ဒီတော့ ဒိဋ္ဌိလည်ပတ်ကလဲ ပြုတ်တယ်....(မှန်ပါ့)မောင်ချစ်စိန် မပြုတ်ဘူးလား....(ဒိဋ္ဌိလည်ပတ် ပြုတ်ပါတယ်ဘုရား)။

အဲဒီတော့ ပဌမသစ္စာ သိတုန်းက ဒုက္ခသစ္စာ သိတုန်းက အဝိဇ္ဇာပြုတ်ခဲ့တယ်နော်.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အေး....တော်တော်ကြာ သိသည်နဲ့တပြိုင်နက် ဒီခန္ဓာကြီး

မခင်တော့ ၃-နံပါတ် ကူးသေးသလား....(မကူးပါ) ဘယ့်နှယ် ကြောင့် မကူးသတုံးလို့ မေးတဲ့အခါ ၂-နံပါတ် ဖြစ်မှု- ပျက်မှု ဟာ မခိုင်တာ မမြဲတာသိတော့ ဒိဋ္ဌိလည်ပတ်ကလဲ ပြုတ်သွား တဲ့အခါကျတော့ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတဲ့ ၃-နံပါတ်မလာတော့ဘူး....(မှန်ပါ့) လာသေးရဲ့လား....(မလာ ပါဘုရား)။

ဒိဋ္ဌိလာမှ ဒိဋ္ဌုပါဒါန်လာမှာကိုး၊ ဒိဋ္ဌုပါဒါန်လာမှ ကမ္မ ဘဝဆိုတာ မောင်ချစ်စိန် လာမယ်....(မှန်ပါ့) ဒိဋ္ဌိမှမလာဘဲနဲ့ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်ကံ လာသေးရဲ့လား .... ( မလာပါ ) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်ဆိုတာ တိုင်ချိုးတာဘဲ....(မှန်ပါ့) တိုင်ချိုး လိုက်သည်နဲ့ တပြိုင်နက်တည်းတဲ့ ကြိုးသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် ဖြတ်လိုက်သည်နဲ့ တပြိုင်နက်တည်း ၃- နံပါတ်ပေါ် သေးရဲ့လား....(မပေါ်ပါဘုရား)။

ဖြစ်ပျက်သည်ကားလို့ဆိုယင် ခိုင်မှု မြဲမှုလား- မခိုင်မှု မမြဲမှု လားလို့ ကြည့်တဲ့အခါကျတော့ မခိုင်မှု- မမြဲမှုသိတော့ ဒိဋ္ဌိ လည်ပတ်ကပြုတ်သွားတယ်....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိလည်ပတ်ပြုတ်သွားတော့ သံသရာ့ ခရီးသည်ဟာ တိုင် ကျိုး-ကြိုးပြတ်- လည်ပတ်ပြုတ်....(မှန်ပါ့) တိုင်ကျိုး- ကြိုးပြတ်- လည်ပတ်ပြုတ်ဖြစ်တယ်....(မှန်ပါ့) မဖြစ်ဘူးလား .... (ဖြစ်ပါ တယ်ဘုရား)။

ပြုတ်တဲ့အခါကျတော့ ၃- နံပါတ် ရောက်သေးရဲ့လား ....

(မရောက်ပါ) ၄-နံပါတ်ကော.... (မရောက်တော့ပါ) မရောက်နိုင်တော့ဘူးဆိုတာ ဒါ အလုပ်သမားမှ မရောက်မှာ .... (မှန်ပါ့ဘုရား)။

မောင်ချစ်စိန် ဘယ်လိုယူမတုံး.... (အလုပ်သမားမှ မရောက်မှာပါ) ဒီ့ပြင်လူကဖြင့် စိတ်ချရပါ့မလား .... (စိတ်မချရပါဘုရား)။

ဒီ့ပြင်လူကဖြင့် လုံးဝမလုပ်ဘဲနဲ့ဘဲ တိုင်လဲမကျိုး, ကြိုးလဲမပြတ်, လည်ပတ်လည်း မပြုတ်ဆိုတော့ မောင်သစ်ရေ ဘယ်မှာသာလျှင် ဒီအာသဝဝင်ရိုးကြီးနှစ်ခု လည်နေတဲ့ဥစ္စာ သူရပ်နိုင်မည့် နည်းလမ်းရှိသေးရဲ့လား....(မရှိပါ) ဦးဘသန်း သိပ်ကွာပါလားဟင်....(ကွာပါတယ်ဘုရား)။

ဒါ့ကြောင့် ဒီနေ့ဟာ အားလုံးတကာတကာမတွေ ထမင်းမစားရချင်နေ စားရချင်စားရ၊ တိုင်ကျိုးတဲ့အလုပ်၊ ကြိုးပြတ်တဲ့အလုပ်၊ လည်ပတ်ပြုတ်တဲ့ အလုပ်ကို ခင်ဗျားတို့ ဖြစ်ပျက်ရှုတုန်းဆိုယင် ရှုလိုက်လို့ ဖြစ်ပျက်တချက်မြင်မယ်ဆိုယင် ဒီသုံးခုပါပြီ (မှန်ပါ့ဘုရား)။

ရှုလိုက်လို့ ဖြစ်ပျက်တချက်မြင်လိုက်လို့ရှိယင်တိုင်လဲကျိုးပြီ (မှန်ပါ့)ကြိုးကော....(ပြတ်ပါပြီ) လည်ပတ်ကော.... (ပြုတ်ပါပြီဘုရား) အဲဒီတော့ သံသရာ့ခရီးသည်ဟာ လွတ်မသွားသေးဘူးလား....( လွတ်သွားပါပြီ ) အဝိုင်းပြေးမှ အပြင်ထွက်သွားပါပြီ....(မှန်ပါ့ဘုရား)။

အဝိုင်းပြေးမှ....( အပြင်ထွက်သွားပါပြီ ) အဲ... အပြင်ထွက်သွားတော့ "ဝေဒနာနိရောဓာ တဏှာနိရောဓော နိဗ္ဗာနံ" ဘက်သွားတယ် .. (မှန်ပါ့ဘုရား)။

ဘာတဲ့....“ဝေဒနာနိရောဓာ တဏှာနိရောဓော နိဗ္ဗာန်”ထွက် လမ်းလို့ မဆိုဘူးလား.... (ဆိုပါတယ်ဘုရား) အဲဒီတော့ အပြင် ထွက်သွားတယ်....(မှန်ပါ့) လည်နေသေးရဲ့လား.... (မလည်ပါ ဘုရား)။

အဲဒီတော့ တိုင်ကျိုး,ကြိုးပြတ်, လည်ပတ်ပြုတ်မှ ထွက်လမ်း ဖြစ်တာ....(မှန်ပါ့ဘုရား)။

တကာ့တကာမတို့ ဘယ်လိုမှတ်တဲ့....(တိုင်ကျိုး, ကြိုးပြတ်,လည် ပတ်ပြုတ်မှ ထွက်လမ်းဖြစ်တာပါဘုရား) နို့မဟုတ်လို့ရှိယင် .... (လည်လမ်းပါဘဲဘုရား)။

လည်လမ်းဘဲဆိုတော့ ခုနင်က ပြောခဲ့တဲ့ သမုဒ္ဒရာရေသာ ခန်း၍ မြင့်မိုရ်တောင်ကြီးသာ ပျောက်၍ နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီးသာ ကုန်၍သွားစရာရှိတယ်၊တိုင် ကျိုး,ကြိုးပြတ်, လည်ပတ်ပြုတ်ဘို့ ငါမမြင်ဘူးတဲ့ .... (မှန်ပါ့ ဘုရား)။

မပြုတ်ကတည်းကလဲ ဦးဘသန်း အဝိုင်းပြေးပြေးမှာဘဲ .... (မှန်ပါ့)ထ,ပြေးလိုက်- သေလိုက်နေဦးမှာဘဲ.... (မှန်ပါ့ဘုရား)။

မောင်သစ် ဘယ့်နှယ်နေပါ့မလဲ....(ထ,ပြေးလိုက်-သေလိုက် နေဦးမှာပါ)ထ, ပြေးလိုက်ဆိုတာ ပဋိသန္ဓေနေတာ၊ ပဋိသန္ဓေ နေပြီး သေလိုက်ဆိုတာက သေပွဲဝင်လိုက်တာ .... ( မှန်ပါ့ ) သေရာကနေ ထ,ပြေးပြန်တော့ ပဋိသန္ဓေဆက်နေတာ ဆိုတော့ လွတ်ရေး·ကျွတ်ရေးကို မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲ .... ဒါဖြင့် တကာတကာမတို့ စိတ်တွေပြထားပါတယ်၊ ခင်ဗျားတို့စာရွက်ကလေးလဲ ပေးထားပါတယ်၊အဲဒီ့စိတ်ကလေး

တခုကို ဖြစ်ပျက်လို့ ကျကျနန မြင်လို့ရှိယင် ဖြစ်ပျက်ဟာ တိုင်ကျိုးတာဘဲ....(မှန်ပါ့ဘုရား)။

မြင်တော့တဏှာကဟိုဘက်ကူးမဲ့ဥစ္စာလဲ မကူးရအောင် ဖြတ်ပစ်လိုက်တယ်....(မှန်ပါ့) ၃-နံပါတ်ကူးမည့်ဟာလဲ ကူးခွင့်ရသေးရဲ့လား....(မရပါ) အဲဒါ တဏှာဖြတ်လိုက်တဲ့ဥစ္စာ မောင်ချစ်စိန်က ကျေနပ်ပလား....(ကျေနပ်ပါပြီ) ဖြစ်ပျက်မြင်လိုက်သည်နဲ့ တပြိုင်နက်တည်း ဒိဋ္ဌိဟာ ရောပြုတ်မသွားဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါကြောင့် တိုင်ကျိုး,ကြိုးပြတ်, လည်ပတ်ပြုတ်တဲ့အလုပ်ဟာဖြင့် ဖြစ်ပျက်မြင်တဲ့ မဂ္ဂင်ငါးပါးသာလျှင် ခင်ဗျားတို့၏ ကယ်မည့် ယူမည့် အားကိုးစရာ သောင်ကြီးသဖွယ်- ဖေါင်ကြီးသဖွယ် မဂ္ဂင်သာဖြစ်တယ်....(မှန်ပါ့ဘုရား)။

နို့မဟုတ်ယင် ဖြစ်စရာမြင်သေးရဲ့လား.... ( မမြင်ပါ )ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မြင်စိတ်လာလဲ ဖြစ်ပျက်ရှု, ကြားစိတ်လာလဲဖြစ်ပျက်ရှု၊ နောက်ဆုံးပိတ် ရှူစိတ်-ရှိုက်စိတ်ဆိုလဲ .... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်ရှု အိမ်သည်ရှုနေတုန်း ဧည့်သည်လာယင် ဧည့်သည်ရှု၊ ဧည့်သည်မလာယင် အိမ်သည်ရှု၊ အတွင်းဧည့်သည်လာ အတွင်းဧည့်သည်ရှု၊ အပြင်ဧည့်သည်လာယင် .... (အပြင်ဧည့်သည်ရှု) ဘာမှမရှိယင် အိမ်သည်ဖြစ်ပျက်ရှုဆိုတော့ ရှုပါများလို့ရှိယင် ရှုတာသည် တီရဏပရိညာ .... ( မှန်ပါ့ ) ရှုလို့ အထမြောက်သွားယင် ပဟာနပရိညာဆိုတဲ့ ၃-နံပါတ်ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ကံတွေဟာ အကုန်သွားတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ အခုဟောနေတာက သိမှု၊ ကိုယ့်ဟာကိုယ် ဟိုကျ တော့ ဒီဆဲ့ သုံးခုလှည့်ရှုနေတာက ပွားမှုနော်....(မှန်ပါ့)နောက် ပွားလို့ ခရီးပေါက်တဲ့အခါကျတော့ ခင်ဗျားတို့ပယ်မှု....(မှန်ပါ့ ဘုရား)။

ခင်ဗျားတို့မှာ တရားနာတာက....(သိမှုပါ) ကိုယ့်နေရာမှာ ကိုယ်ပွားကြတဲ့ အခါကျတော့....(ပွားမှုပါဘုရား)ပွားများတာ ရင့်လာတော့....(ပယ်မှုပါဘုရား)။

အဲဒီတော့ ပယ်မှုကျယင် ကိစ္စပြီးတာဘဲ....(မှန်ပါ့) သဘော ပါကြလား....(ပါ-ပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မဗွာရုံ၌ - ဟောကြားတော်မူသော

( သံသရာ့ ခရီးသည်၏ ထွက်လမ်း )

# နေ့ အလုပ်ပေးတရားတော်-

( ၁၉ - ၉ - ၆၂ )

အာသဝေါတရားကုန်တယ်ဆိုတဲ့ ဥစ္စာ စကားအားဖြင့် အာသဝေါတရားကုန်တယ်လို့ မှတ်ကြပါ....နော်....(မှန်ပါ့) စင်စစ်တော့ အာသဝေါကုန်တယ်ဆိုတာ အကြောင်းကုန်တာ ပြတာ.... (မှန်ပါ့ဘုရား)။

အကြောင်းကုန်တာသည် အကျိုးပြည့်စုံတာလို့ မှတ်ထားကြပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ အာသဝေါတရား ကုန်တယ်။ အာသဝေါတရားကုန်တယ်ဆိုတဲ့ဥစ္စာသည် အကြောင်းတရားတွေ ကုန်သွားလို့ အကျိုးတရားဖြစ်တယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတာတမျိုး ကိုယ်တိုင်ရသွားတာတမျိုး၊ နှစ်မျိုးဖြစ်တယ်လို့ မှတ်ထားရမယ် (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အာသဝက္ခယ သုတ်ဣတိဝုတ်ပါဠိတော်မှာ ဟောတယ်။မည်သည့်ပုဂ္ဂိုလ် အာသဝေါတရားကုန်တယ်ဆိုတာ ငါပြောမယ်ဟေ့.... တဲ့။ အာသဝေါတရားကုန်တယ်ဆိုတာသည် အာသဝေါတရား၏ ပင်ကိုယ်သဘောက ဘုံ့အားဖြင့် နေဝသညာ နာသညာယတန ဘုံ့တိုင်အောင် အောက် အဝီစိတိုင်အောင် မြုပ်အောင် လုပ်တတ်တဲ့တရားကို အာသဝလို့ ခေါ်တယ်....(မှန်ပါ့ဘုရား)။

အထက်ဘဝဂ်တိုင်အောင် အောက် အဝီစိတိုင်အောင် မျောအောင် မြုပ်အောင် လုပ်တတ်တဲ့ တရားကို ဘာ့တရားခေါ်ကြမယ်....( အာသဝေါတရားခေါ်ပါတယ်ဘုရား ) အာသဝေါတရားလို့ မှတ်ထားကြပါ .. နော်....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့်.... အာသဝေါတရားဆိုတာ အထက်သို့ ဘဝဂ်တိုင်အောင် မျောတယ်။ အောက်အဝီစိတိုင်အောင် မြုပ်စေတဲ့တရားကို အာသဝေါတရားလို့ မှတ်ထားလိုက်တော့ .... ဘာတုံးလို့မေးတော့ကို လောဘ, မောဟဘဲ....(မှန်ပါ့)။

ကာမာသဝဆိုတာလဲ လောဘ။ ဘဝါသဝဆိုတာလဲ လောဘဘဲ။ ဒိဋ္ဌာသဝ ဆိုတာက ဒိဋ္ဌိဘဲ။ အဝိဇ္ဇာသဝ ဆိုတာက မောဟ....( မှန်ပါ့ ) ပေါင်းလိုက်တဲ့အခါကျတော့ .... တူရာပေါင်းလိုက်တဲ့အခါကျတော့ အာသဝေါတရားသုံးပါး။ နာမည်ရင့်ရင့်နဲ့ ဝေဘန်လိုက်တဲ့အခါ အာသဝေါတရားလေးပါး.... (မှန်ပါ့ဘုရား)။

ကာမာသဝက ကာမဘုံကို မြုပ်အောင် မျောအောင် လုပ်တတ်တဲ့ လောဘကို ကာမာသဝလို့ မှတ်ထားပါ....( မှန်ပါ့ ) ရူပအရူပဘုံကို မျောအောင် မြုပ်အောင် လုပ်တတ်တဲ့ တရားက

ဘဝ ါသဝလို့ မှတ်ထားပါ။ အပါယ်လေးပါး ကျအောင် လုပ်တတ်တဲ့ တရားက ဒိဋ္ဌာသဝလို့ မှတ်ထားပါ....( မှန်ပါ့ ) သုံးဆယ့်တဘုံလုံးကို ခြုံပြီး မြုပ်အောင် မျောအောင် လုပ်တတ်တာက အဝိဇ္ဇာသဝ....(မှန်ပါ့) သူ အကျယ်ဆုံးဘဲလို့ မှတ်ရမယ်နော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ အာသဝေါတရားတွေ တကာ တကာမတွေက သိနေတော့ အာသဝေါတရားဆိုတာ ရှိနေလို့ ရှိယင်ဖြင့် အာသဝေါတရားကုန်ရာလဲရှိတယ်လို့ မှတ်ထားကြပါ....(မှန်ပါ့)။

အာသဝေါရှိယင်.... (အာသဝေါကုန်ရာလဲရှိပါတယ်ဘုရား) ကုန်ရာလဲ ရှိတယ်....(မှန်ပါ့ဘုရား)။

ဩော်....ဒါ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အာသဝေါရှိယင် အာသဝေါကုန်ရာရှိတယ်ကွာ....လို့ ပြောတော့ ဘယ်လိုပုဂ္ဂိုလ်များ ဘယ်လို အကြံဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်များ အာသဝေါတရားကုန်ပါလိမ့်မတုံးဆိုတော့ .... " ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ "....တဲ့။ ဘုရားက ဟောလိုက်တယ်။

ဇာနတော=ရှုသော ပုဂ္ဂိုလ်။ ပဿတော= ရှုတဲ့အခါ မြင်သော ပုဂ္ဂိုလ်အား။ အာသဝါနံ=အာသဝေါတရားတို့၏။ ခယံ=ကုန်ရာကို။ ဝဒါမိ=ရောက်နိုင်တဲ့ တရားဟူ၍ ဟောတော်မူ၏....တဲ့....။

ဩော်....ရှုတဲ့ပုဂ္ဂိုလ်။ ရှုလဲရှု မြင်လဲမြင်တဲ့ ပုဂ္ဂိုလ်မှာ အာသဝေါတရားကုန်တယ်....(မှန်ပါ့ဘုရား)။

ဩော်....အာသဝေါတရားကုန်တယ်ဆိုတာ ရှုမြင်တဲ့ပုဂ္ဂိုလ်မှ ရှုလဲရှုမှ မြင်လဲမြင်မှ အာသဝေါတရားကုန်တယ်လို့ နောက်က

တကာတကာမတွေ မှတ်ထားကြပါ....( မှန်ပါ့ ) ရှုလဲရှု မြင်လဲမြင်....နော်....(မှန်ပါ့)။

အဲဒီတော့ အခုဒီလာပြီး တကာတကာမတွေ နေကြတယ်။ ဘယ်အကျိုးငှာ လာနေကြသတုံးလို့ မေးတဲ့အခါ အာသဝေါ တရားကုန်ချင်လို့ လာနေကြတာဘဲ....(မှန်ပါ့)။

အာသဝေါကုန်ချင်လို့ လာနေကြတာဘဲ။ အာသဝေါ တရားဟာ မြုပ်တတ် မျောတတ်လွန်းလို့....ဒါကိုသိပြီးသကာလ ထားတော့ တကာတကာမတွေ ရှုရမယ်။ မြင်အောင်ရှုလို့ ရှိယင် အာသဝေါတရား ကုန်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား)။

မြင်အောင် ရှုကြလို့ရှိယင်.... ( အာသဝေါတရား ကုန်ပါ လိမ့်မယ်ဘုရား )။

အဲ....မြင်အောင် ရှုလို့ရှိယင် အာသဝေါတရား ကုန်ပါလိမ့် မယ်လို့ မှတ်ထားကြပါ....(မှန်ပါ့)။

မြင်ရမှာက ဘယ်နှစ်မျိုးတုံးလို့ မေးတဲ့အခါကျတော့ သတိ ပဋ္ဌာန်လေးမျိုး....(မှန်ပါ) လေးမျိုးထဲကလဲ တခါတမျိုး မှတ် ထားလိုက်တာပေါ့။ ခန္ဓာငါးပါးကို သတိပဋ္ဌာန်နဲ့ ဝေဘန်တော့ လေးပါးဖြစ်သွားတယ်။ လေးပါးထဲက တပါးပါးကို ရှုလိုက် ပြန်တော့ သတိပဋ္ဌာန်လေးပါးကုန်ပြန်တယ်....(မှန်ပါ့)။

အဲဒါကြောင့် ရှုလဲရှုကြပါ။ မြင်အောင်လဲ ကြည့်ကြပါလို့ ဘုရားက သတိပေးလိုက်တယ်။ ရှုလို့ မြင်လို့ရှိယင် အာသဝေါ တရားကုန်ပါတယ်....(မှန်ပါ့)။

ရှုလို့မြင်ခဲ့သော်....( အာသဝေါတရားကုန်ပါတယ်ဘုရား ) အာသဝေါတရားကုန်တယ်။

ဒါဖြင့် အာသဝေါတရား ကုန်ချင်တဲ့ တကာ တကာမတွေ သည်....( ဝါ ) နိဗ္ဗာန်ရချင်တဲ့ တကာတကာမတွေသည် မြင် အောင် ရှုရမှာဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘာလုပ်ကြမယ်....(မြင်အောင် ရှုရပါမယ်ဘုရား)မြင်အောင် ရှုကြရမှာဘဲလို့ ဘုန်းကြီးတို့ တကာတကာမတွေ မှတ်ထားပါ။

မြင်အောင် ရှုကြရမယ်။ဘာတုံးလို့ မေးတဲ့ အခါကျတော့ တကာတကာမတွေ ပေးထားတဲ့ စာရွက်ကလေးကြည့်။ မြင်စိတ် ကလေးကို မြင်တတ်တဲ့ စိတ်ကလေးကို သြော်.... သူမြင်လဲမြင် တယ်ဆိုတာ ဒီတရားကလေးဟာ မြင်လဲ မြင်တတ်တဲ့တရား။မြင် ပြီးလဲ ခိုင်မြဲတဲ့တရားမဟုတ်ဘူး။ ပျောက်သွားတဲ့တရား။

ဒါဖြင့် မြင်စိတ်ကလေးဟာ အာရုံကို မြင်တတ်တာလဲသူဘဲ- (မှန်ပါ့) မြင်ပြီး မမြဲတာလဲ( သူပါဘဲဘုရား ) သူဘဲလို့ အဲဒီ တရားကလေးသည် မြင်တာသည် ဖြစ်တယ်။ မမြင်တာသည် ပျက်တယ်....(မှန်ပါ့)။

မြင်တာသည်.... ( ဖြစ်ပါတယ်ဘုရား ) မမြင်တာသည်.... (ပျက်ပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတွေ မြင်စိတ်ကလေးပေါ် လာလို့ရှိယင် မြင်နေတုန်းက သြော်....ဖြစ်တယ်ဟေ့....။ မဖြစ် ရဘူး။ ပျက်သွားပြီ။ အဲဒီ နှစ်ခုကို တကာတကာမတွေက မြင် စိတ်ကလေး ပေါ်တာလဲသိ။မြင်စိတ်ကလေး ပျက်တာလဲ သိလို့ ရှိယင်ဖြင့် စျာနတော = ရှုသော ပုဂ္ဂိုလ်အား။ ပဿတော = မြင် သော ပုဂ္ဂိုလ်အား....တဲ့။ သြော်....ဒါကလေးဟာ ဖြစ်မှု-ပျက်မှု နှစ်ခုပါကလားလို့ မြင်ခဲ့လို့ရှိယင် အာသဝေါတရား ကုန်ပါ တယ်....(မှန်ပါ့ဘုရား)။

ဖြစ်မှု-ပျက်မှု နှစ်ခုပါလားလို့ သိယင်....(အာသဝေါတရားကုန်ပါတယ်ဘုရား) အာသဝေါတရားကုန်တယ်လို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေ ဩော်....ဖြစ်မှု-ပျက်မှုဆိုတာ တခြားမှာ ရှိတာမဟုတ်ပါဘူး။ ခန္ဓာထဲမှာရှိတယ်.... ( မှန်ပါ့ ) ခန္ဓာဘယ်,ခန္ဓာတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ ပေးထားတဲ့ စာရွက်ကလေးမှာ ဝိညာဏက္ခန္ဓာကို ကြည့်လို့ ပြောထားတယ်....(မှန်ပါ့)။

မြင်စိတ်ကလေးဟာ ဝိညာဏက္ခန္ဓာ။ ကြားစိတ်ကလေးဟာ ကော....(ဝိညာဏက္ခန္ဓာပါဘဲဘုရား) အေး....နံစိတ်ကလေး၊ စားစိတ်ကလေး၊ ယားယံကောင်းတဲ့ စိတ် က လေး တွေ ဟာ.... (ဝိညာဏက္ခန္ဓာပါဘုရား) လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ....(ဝိညာဏက္ခန္ဓာပါဘုရား) ရှူစိတ် ရှိုက်စိတ်....(ဝိညာဏက္ခန္ဓာပါဘုရား)။

ဝိညာဏက္ခန္ဓာကို ဘုန်းကြီးက အဓိက ထားဟောနေတယ်.... ( မှန်ပါ့ ) ဝိညာဏက္ခန္ဓာ အဓိက ထားဟောတာတော့ကို ဒီတရားကလေးဟာ အခု ပြောခဲ့တဲ့ ဆယ့်နှစ်မျိုး ရှိပါတယ်၊ ဆယ့်နှစ်မျိုးဟာ ဘယ်တော့မှ မောင်သစ်တို့ ပြိုင်မပေါ်ပါဘူး....(မှန်လှပါ)တခုဖြစ်ပျက်ပြီးမှ နောက်တခု ဖြစ်ပျက်လာတာပါ....(မှန်ပါ့ဘုရား)။

တခု ဖြစ်ပျက်ပြီးမှ....( နောက်တခု ဖြစ်ပျက်လာတာပါ ) နောက်တခု ဖြစ်ပျက်လာတာပါလို့ မှတ်ထားလိုက်တာပေါ့ .... (မှန်ပါ့)။

အဲဒီတော့ တခုသော တရားကလေးမြင်တာကလေးဟာ ဖြစ်တယ်၊ မမြင်ပြန်ဘူး ပျက်တယ်။ ကြားတာကလေးဟာ ကြားစမှာ ဖြစ်တယ်ကြားတဲ့ စိတ်ကလေး ဖြစ်လို့ ကြားတာ....(မှန်ပါ့) မကြားရပြန်ဘူးဆို ပျက်တယ်။

ဩော်... ဤကဲ့သို့ ဖြစ်ပျက်နှစ်ခုကို ဇာနတော = ရှုသော၊ ပဿတော = မြင်သော ပုဂ္ဂိုလ်အား၊ အာသဝါနံ = အာသဝေါ တရားတို့၏၊ ခယံ = ကုန်ရာကို၊ ဝဒါမိ = ဟော၏။

ဒီ နှစ်ခုမြင်ယင် အာသဝကုန်ရာ နိဗ္ဗာန်ကို ရောက်လိမ့်မယ် လို့ ငါ ဟောတာဘဲတဲ့။ ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒီ နှစ်ခုမြင်ယင်.... ( အာသဝ ကုန်ရာ နိဗ္ဗာန်ရောက်ပါတယ် ဘုရား )။

နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဟောတယ်ဆိုတော့ တကာတကာ မတွေ့ ဆယ့်နှစ်ခုကလေး၏ ဖြစ်မှု-ပျက်မှု မြင်အောင် ကြည့်ပါ- (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်နှစ်ခု ကြည့်ရမလဲ....(ဆယ့်နှစ်ခု ကြည့်ရပါမယ်ဘုရား) အေး....ဆယ့်နှစ်ခုဆိုတာ တကာတကာမတွေ့ကို စာရွက်ကလေး တွေ့ ပေးထားပါတယ်။ ဆယ့်နှစ်မျိုး အဲဒါကလေးဟာ တခုစီ ဖြစ်နေမှာဘဲ။ တခုပေါ်လိုက်-ဖြစ်ပြီး-ပျက်သွားလိုက်၊ အဲဒါက လေးမြင်အောင်ကြည့်။ ဒါကလေးမြင်အောင်ကြည့်ကြည့်-ကြည့် ကြည့်နေလို့ ရှိယင် အာသဝေါတရား ကုန်သွားတယ်ဆိုတော့ .... ကိုင်း.... ကိုယ့်ပါလာတဲ့ ပဋိစ္စသမုပ္ပါဒ် ကိုယ်ခင်းလိုက်ပါဦး.... နော်....(မှန်ပါ့ဘုရား)။

ပေါ်လာလိမ့်မယ်....။ အဲဒီတော့အာသဝေါတရားကုန်တယ် မကုန်တယ်ဆိုတာ ပေါ်လာပါလိမ့်မယ်....နော်....(မှန်ပါ့)။

ဥပမာမယ် .... သဠာယတနဆိုတဲ့ဥစ္စာ တကာတကာမတွေ ဆယ့်နှစ်မျိုးကို ဆိုပါတယ်။ မြင်စိတ်-ကြားစိတ်တွေ ပေါင်းလိုက်တဲ့အခါ သဠာယတနထဲက မနာယတနဆိုတာကို ဖြန့်လိုက်လို့ရှိယင်ဖြင့် မောင်ချစ်စိန် ဆယ့်နှစ်ခုရှိတယ် မှတ်လိုက်ရုံပေါ့.... နော်....(မှန်ပါ့)။

စိတ်ကို ဖြန့်လိုက်ယင်.... (ဆယ့်နှစ်ခုရှိပါတယ်ဘုရား) ဆယ့်နှစ်ခု....နော်....(မှန်ပါ့)။

အဲဒီ ဆယ့်နှစ်ခုဟာ ဆယ့်နှစ်ခု ပြိုင်ပေါ်သလား။ သူပေါ်ချင်သလို ပေါ်တာလား.... ( သူပေါ်ချင်သလို ပေါ်ပါတယ်ဘုရား )။

သူပေါ်ချင်သလိုပေါ်တယ် ဆိုငြားသော်လဲ နှစ်ခုပြိုင်ပေါ်သလား....တခုတည်း ပေါ်သလား.... ( တခုတည်းပေါ်ပါတယ်ဘုရား )။

တခုတည်းပေါ်တယ်လို့ တကာတကာမတွေက မှတ်ထားပေါ့....(မှန်ပါ့)။

အဲဒီလိုမှတ်ပြီးသကာလထားလိုက်တော့ ပေါ်တဲ့ အချိန်မှာ ကြည့်လိုက်တာပေါ့။ ဥပမာ....လောဘစိတ်ကလေးဟာ ဝမ်းထဲ ပေါ်တယ်။ စားချင်တဲ့စိတ်ကလေး၊ ဝတ်ချင်တဲ့စိတ်ကလေး၊ ပျော်တဲ့စိတ်ကလေး။ ဒါကလေးဟာ ပေါ်လာပြီး ပေါ်တုန်းကို လောဘလို့ ဆိုနိုင်တာဘဲ။ ပျောက်သွားတဲ့အခါကျတော့ လောဘဆိုနိုင်သေးရဲ့လား....(မဆိုနိုင်ပါဘုရား)။

ဒါဖြင့် ဘယ်နည်းနဲ့မှ သူ့ကို လောဘမဆိုနဲ့တော့ ပေါ်ပြီး ပျောက်တတ်တဲ့တရားသာ ဆိုလိုက်.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်.... ( ပေါ်ပြီး-ပျောက်တတ်တဲ့တရားပါ ဘုရား )။

အဲ....ခန္ဓာကိုယ်ထဲမှာ စိတ်ဆယ့်နှစ်မျိုးပင် ဟောထားငြား သော်လဲ မောင်ချစ်စိန် ပေါ်ပြီး ပျောက်တဲ့ တရားချည်းဘဲ.... (မှန်ပါ့) တန်းတူဘဲ....(မှန်ပါ့ဘုရား)။

မြင်စိတ်လဲပေါ်-ပျောက်....(မှန်ပါ့) ကြားစိတ်လဲ....(ပေါ် ပျောက်ပါဘုရား)။

ပေါ်ပျောက်ချည့်ဘဲဆိုတာ တကာတကာမတွေ့က မှတ်ထား လိုက်တော့ အဲဒီ့ပေါ်တာနဲ့ ပျောက်တာကို ( ဝါ ) ဖြစ် တာနဲ့ ပျက်တာကို မြင်လို့ရှိယင်ဖြင့်....တဲ့ ဒုတိယ ၂-နံပါတ် အကွက်မှာ မြင်လို့ရှိယင်ဖြင့် ၂-နံပါတ်ကြားထဲမှာ မဂ်က ဝင် တာဘဲ....(မှန်ပါ့)။

မြင်တဲ့အခါကျတော့ နောက်က တဏှာ ဥပါဒါန်လာသေး ရဲ့လား....(မလာပါဘုရား) မလာတော့ဘူး။

မြင်တဲ့တရားက မြင်လိုက်ယင်ဘဲ သူက အဝိဇ္ဇာက ဝိဇ္ဇာဖြစ် သောကြောင့် အဝိဇ္ဇာချုပ်တယ်....(မှန်ပါ့) အဝိဇ္ဇာသာ မချုပ် ဘူးလား....(ချုပ်ပါတယ်ဘုရား) နောက်ကလဲ တဏှာလာသေး ရဲ့လား....(မလာပါဘုရား)။

ဟာ...ဒါဖြင့် တဏှာမလာသဖြင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ ချုပ်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

မြင်တဲ့ တရားကလေးက စိတ်ဖြစ်ပျက်ကို မြင်လိုက်လို့ ရှိယင် မြင်-မြင်ခြင်း အဝိဇ္ဇာသဝ ချုပ်တယ်....( မှန်ပါ ) သဘောကျ ပလား....(ကျပါပြီ)။

နောက်က တဏှာ ဥပါဒါန်လာသေးရဲ့လား .... ( မလာပါ ဘုရား ) မလာသောကြောင့် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ ချုပ်တယ်....(မှန်ပါ)။

ဒါ စဉ်းစား၊ ဒီနေ့တရားက တမျိုးလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါဘုရား)။

ကဲ....ရှေ့က ကြားစိတ်ကလေး မောင်ချစ်စိန် ဖြစ်မှု- ပျက်မှု ကလေး....မင်းက ရှုလိုက်တယ်။ ဖြစ်မှု - ပျက်မှုမြင်တာက မြင် တဲ့ .... တရားက အဝိဇ္ဇာလား.... ဝိဇ္ဇာလား .... ( ဝိဇ္ဇာပါ ဘုရား)။

ဒါဖြင့် ဝိဇ္ဇာဆိုကတည်းက အဝိဇ္ဇာသဝ ချုပ်ပြီ.... (မှန်ပါ) မချုပ်သေးဘူးလား ...(ချုပ်ပါပြီ)။

ကောင်းပြီ မြင်တဲ့ အထဲမှာဘဲ မြင်တတ်တဲ့ တရားကလေးက အဝိဇ္ဇာကို ချုပ်အောင် လုပ်တော့ကို မြင်ယင် ခင်တတ်တဲ့ နောက်က တဏှာလာသေးလား....(မလာပါဘုရား) ကြားယင် ခင်တတ်တဲ့ တဏှာလာသေးရဲ့လား... (မလာပါဘုရား)။

မလာတော့ အဲဒါက ကာမာသဝ ,ဘဝါသဝ, ဒိဋ္ဌာသဝဆိုတဲ့ သုံးမျိုးချုပ်တယ်.... (မှန်ပါ) ဘယ်နှစ်မျိုး ချုပ်သွားသတုံး .... (သုံးမျိုးချုပ်ပါတယ်ဘုရား)။

ဒါဖြင့် မဂ္ဂင်- မဂ်ထဲပါတဲ့တရားက တမျိုးချုပ်စေတယ်

မလာဘဲနဲ့ မင်္ဂနောက်က မလာရအောင်လို့ ကန့်ကွက်တဲ့ သဘောနဲ့ ချုပ်တာက အာသဝေါသုံးပါး၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အာသဝေါတရား သုံးပါး....(မှန်ပါ့)အေး....ဦးကျော်မောင်တို့ သေသေချာချာ မှတ်ပါနော်....(မှန်ပါ့ဘုရား)။

မြင်သည်နဲ့ တပြိုင်နက်တည်း ရှေးကမမြင်တာကို မြင်သောကြောင့် ဘာချုပ်သတုံး....(အဝိဇ္ဇာချုပ်ပါတယ်ဘုရား) ။

မြင်ယင် မြင်တတ်တဲ့တရားက မြင်လိုက်လို့ သူကတော့ သူလာလို့ ပေါ်လာလို့ချုပ်တယ်....(မှန်ပါ့) ဝိဇ္ဇာပေါ်လာလို့ အဝိဇ္ဇာချုပ်တယ်....(မှန်ပါ့ဘုရား)။

မောင်သစ် ဝိဇ္ဇာပေါ်လာလို့ .... ( အဝိဇ္ဇာချုပ်ပါတယ် ) နောက်တရားတွေကတော့ နောက်တဏှာ မလာတာကတော့ကို တကာတကာမတို့ လာခွင့်မရလို့ ချုပ်တယ် .... (မှန်ပါ့ဘုရား)။

ဟိုဟာ သူနဲ့ဆန့်ကျင်ဘက်ပေါ်လို့ ချုပ်တယ်.... (မှန်ပါ့) အဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက် ဝိဇ္ဇာပေါ်လို့ ချုပ်တာကတမျိုးနော် (မှန်ပါ့) လာခွင့်မရဘဲနဲ့ မပေါ်ရဘဲနဲ့ ချုပ်နေတဲ့ ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝကတမျိုး....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အာသဝေါ ဘယ်နှစ်ခုချုပ်သတုံး.... ( လေးခုပါ ) လေးခုချုပ်တယ်....(မှန်ပါ့ဘုရား)။

ဒါဖြင့် မဂ္ဂင်ငါးပါးထဲက သမ္မာဒိဋ္ဌိဝိဇ္ဇာ ပေါ်လာတော့ ဘယ်သူချုပ်သွားသတုံး....(အဝိဇ္ဇာချုပ်သွားတယ်) အဝိဇ္ဇာချုပ်တယ်၊ ဒါကတော့ သူလာလို့ကိုချုပ်တယ် .... (မှန်ပါ့ဘုရား)။

ဟိုဟာတွေကတော့ကိုတဲ့ နောက်က လာခွင့်မရဘဲနဲ့ မလာဘဲနဲ့ ချုပ်ရတယ်....(မှန်ပါ့) တဏှာဆိုတဲ့ ကာမာသဝ, ဘဝါသဝ,ဒိဋ္ဌာသဝနော်....(မှန်ပါ့) အဲဒီသုံးခုသော အာသဝကတော့ မလာဘဲနဲ့ ချုပ်တယ်....(မှန်ပါ့ဘုရား)။

အဝိဇ္ဇာချုပ်တာကတော့ သူ့ကိုနိုင်တဲ့ တရားလာလို့ချုပ်တယ်....(မှန်ပါ့ဘုရား)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဝိဇ္ဇာလာတာနဲ့ ဘာတုံး....( အဝိဇ္ဇာချုပ်ပါတယ် ) အဲဒီကတော့ သူဆန့်ကျင်ဘက်တရား လာတာနဲ့ချုပ်တယ်....(မှန်ပါ့) ဟိုဟာကတော့ လာကို-လာခွင့်မရဘဲနဲ့ ချုပ်တယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ရှေ့ကတရားကတော့ဖြင့် ဆန့်ကျင်ဘက်တရားကို ကိုယ်တိုင်သတ်တဲ့ သဘောရောက်တယ်နော်....(မှန်ပါ့ဘုရား)။

နောက်က အာသဝေါတရား ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝဆိုတဲ့ အာသဝေါတရားသုံးပါး၊ တတိယကွက်မှာ လောဘဆိုတာ ကာမာသဝ၊လောဘဆိုတာ ဘဝါသဝ၊ လောဘဆိုတာ ဒိဋ္ဌာသဝ၊ ဒီသုံးခုလုံး ဆက်မှတ်လိုက်တော့ ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ တကာတကာမတွေ အဝိဇ္ဇာသဝရော, ကာမာသဝ ဘဝါသဝ, ဒိဋ္ဌာသဝဆိုတဲ့ တရားတွေဟာ....တဲ့၊ ချုပ်သွားတာ ဘာဖြစ်လို့တုံးဆိုတော့ ဈာနတော ရှုလို့တဲ့၊ စိတ်ဖြစ်ပျက်ကလေးရှုလို့....(မှန်ပါ့) ပဿတော မြင်လို့ ....( မှန်ပါ့ ) ဖြစ်မှုပျက်မှုကလေးကို မြင်လို့ တကာတကာမတွေ အာသဝေါတရားလေးပါးချုပ်တယ်....(မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဖြစ်မှု-ပျက်မှုမြင်လို့....(အာသဝေါတရား လေးပါးချုပ်ပါ တယ်) အာသဝေါတရား လေးပါးချုပ်တယ်....တဲ့။

ဒါကြောင့် ဘုရားက အာသဝက္ခယသုတ်မှာ "ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံဝဒါမိ" ဘိက္ခဝေ=ရဟန်း တို့၊ အဟံ=ငါဘုရားသည်၊ ဇာနတော = ရှုသောပုဂ္ဂိုလ်အား၊ ပဿတော = မြင်သောပုဂ္ဂိုလ်အား၊ ရှုပြီးမြင်တဲ့ ပုဂ္ဂိုလ်မှတဲ့.... (မှန်ပါ့) ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်မှာ၊ အာသဝါနံ = အာသဝေါ တရားတို့၏၊ ခယံ=ကုန်၏ ဟူ၍၊ ဝဒါမိ = ဟောတော်မူ၏.... (မှန်ပါ့ဘုရား)။

အာသဝ ဘယ်နှစ်ခုချုပ်သလဲ....(လေးခုချုပ်ပါတယ်)ရှုမြင် လို့ရှိယင်လေ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များ အာသဝေါတရား ဘယ်နှစ်ပါး ချုပ်သလဲ....( လေးပါးချုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က ဘာကလေးလှူလှူ ဘာကလေး တန်းတန်း "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု" ဤကောင်း မှုကြောင့် အာသဝေါတရား ကုန်ရပါလို၏ဆိုတော့ ရှုတာလဲ မဟုတ်ဘူး....(မှန်ပါ့) မြင်တာကော....(မဟုတ်ပါ) ကုန်ချင်တာ ပြောတာ-ဟင်....(မှန်ပါ့ဘုရား)။

ကုန်ချင်တာ ပြောတာဘဲရှိတယ်၊ ကုန်ရပါလို၏ဆိုတဲ့ ရည် ရွယ်ချက်ရှိတာဘဲမှန်းတယ်၊ ကုန်တဲ့အလုပ်တော့ သူမလုပ်ဘူး.... (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကုန်တဲ့အလုပ်ကို....(မလုပ်ပါ) မလုပ်တော့ ဘုရားက ဇာန တော=ရှုသောပုဂ္ဂိုလ်အား၊ ပဿတော=မြင်သောပုဂ္ဂိုလ်အား၊

ဖြစ်ပျက်ဇာလေးကိုတဲ့ ရှုတဲ့ပုဂ္ဂိုလ်-မြင်တဲ့ ပုဂ္ဂိုလ်အား၊ အာသဝါနံခယံ = အာသဝေါတရား ကုန်တယ်လို့ ငါက ဟောတာတဲ့-(မှန်ပါ့ဘုရား)။

ဖင်းတို့က ကုန်ချင်ပါတယ်လို့ပြောနေလို့ ရှုတာလဲမဟုတ်၊ မြင်တာလဲမဟုတ်တော့ ငါဘုရား မတတ်နိုင်ဘူးတဲ့ .... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

တကာတကာမတို့ ဘယ်လိုလုပ်မှအာသဝေါတရား ကုန်မှာပါလိမ့်....(ဖြစ်ပျက်ကို မြင်အောင်ရှုမှပါဘုရား)။

အေး....ရှုမှမြင်မှာနော်....( မှန်ပါ့ ) ခန္ဓာကိုယ်ထဲမှာ ဝိညာဏက္ခန္ဓာတွေ စံထိုးပြတယ်....( မှန်ပါ့ ) တခုခုဖြစ်ပျက်မြင်လို့ရှိယင်ဖြင့် မောင်သစ် ဘာတဲ့....(အာသဝေါတရား ကုန်ပါတယ်) အာသဝေါ တရား ကုန်တယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ရှုလို့မြင်တဲ့ပုဂ္ဂိုလ်မှ ကုန်ပါတယ်၊ ရှုလို့မမြင်တဲ့ပုဂ္ဂိုလ်ဖြင့်....(မကုန်ပါဘုရား)။

ရှုလဲမရှုတဲ့ပုဂ္ဂိုလ်မှာ မြင်ဆိုတာ မောင်ချစ်စိန်- လာစရာရှိသေးသလား....(မရှိပါဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ခင်ဗျားတို့ဟာက ပါးစပ်နဲ့ တောင်းယူလို့ရတာရှိတယ်နော်....(မှန်ပါ့) အလုပ်-လုပ်ယူမှ ရတာရှိတယ်....(မှန်ပါ့ဘုရား)။

အခု ဘုရား သေသေချာချာ ဟောတာက ပါးစပ်နဲ့ တောင်းယူလို့ မရဘူး....( မှန်ပါ့ ) အလုပ်-လုပ်ယူမှ ရတဲ့အကြောင်းကို သေသေချာချာ ဟောပါတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ငါက္ခာ.... တဲ့၊ မင်းတို့ကို သေသေချာချာ မှာခဲ့ပါမယ်၊ မင်းတို့ကလဲ အလွယ်ကြိုက်၊ အလွယ်ကြိုက်လို့ကတော့ မရနိုင်ဘူးကွ....တဲ့၊ "နဟေတံ သိထိလမာရဗ္ဘ" တဲ့၊ လျော့လျော့ကလေး အားထုတ်လို့တော့ နိဗ္ဗာန်မရဘူး-တဲ့၊ 'နဟိဒံ အပ္ပေန ထာမသာ' အနည်းငယ်သော အားအစွမ်းကလေးနဲ့ လုပ်မယ်ဆိုယင်လဲ မရနိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

သဗ္ဗဒုက္ခပမောစနံ....တဲ့၊ မင်းတို့ရှိတဲ့ ဒုက္ခကြီးက နည်းတာမဟုတ်ဘူးတဲ့.... (မှန်ပါ့)ဒါတွေ အကုန်လွတ်အောင် အားကလေး လျော့လျော့ သာမညဝီရိယကလေးနဲ့ လုပ်လို့တော့ ဒီဒုက္ခကြီးဟာ ကြီးကျယ်နေတဲ့ ဒုက္ခကျွတ်မှာမဟုတ်ဘူးကွတဲ့.... (မှန်ပါ့ဘုရား)။

နဟေတံ သိထိလမာရဗ္ဘ၊
နဟိဒံ အပ္ပေန ထာမသာ။
နိဗ္ဗာန အဓိဂန္တဗ္ဗံ၊
သဗ္ဗဒုက္ခပမောစနံ။

အလွန်မြတ်တဲ့ နိဗ္ဗာန်ကြီးကို ဒုက္ခတွေအများကြီး မကုန်ဘဲနဲ့တော့ အလွန်ချမ်းသာတဲ့ နိဗ္ဗာန်ရမှာမဟုတ်ဘူးကွတဲ့။

အဲဒီတော့ လျော့လျော့ အားအင်ပျော့ပြီးတော့ လုပ်လို့တော့ဖြင့် မောင်သစ် မရဘူးတဲ့....(မှန်ပါ့ဘုရား)။

တော်တော်ပြင်းပြင်းထန်ထန်ကလေး တချီတဖွဲ့ လုပ်လိုက်ကြပါ....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

တော်တော်ပြင်းပြင်းထန်ထန်တော့ တချီတဖွဲ့လုပ်မှ ရမယ်.... (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဖြစ်ပျက်ကို ရှုတဲ့ပုဂ္ဂိုလ် မြင်တဲ့ပုဂ္ဂိုလ်မှာ အာသဝေါတရားကုန်တယ်လို့ ငါဟောတယ်....တဲ့။ မရှုတဲ့ပုဂ္ဂိုလ် မမြင်တဲ့ပုဂ္ဂိုလ် အာသဝေါတရားကုန်တယ်လို့ ငါမဟောဘူး....တဲ့....(မှန်ပါ့ဘုရား)။

ပါသွားပြီ။ ပါသွားပြီ ဆုတောင်းသမားတွေ မရဘူးဆိုတာ (မှန်ပါ့) မပါသေးဘူးလား....(ပါ-ပါပြီဘုရား)။

ပြောကြစမ်း....။ ရှုတဲ့ပုဂ္ဂိုလ်.... (မြင်တဲ့ပုဂ္ဂိုလ်မှ အာသဝေါကုန်ပါတယ်ဘုရား) အာသဝေါတရားကုန်တယ်ဆိုတာ နိဗ္ဗာန်ရတယ်လို့ အစက ပြောခဲ့ပြီးပြီ....(မှန်ပါ့)။

အာသဝေါတရားကုန်တယ်ဆိုတာ ဘာတုံး.... ( နိဗ္ဗာန်ရပါတယ်ဘုရား )။

ကဲ .... ပြောင်းပြန်လှည့်လိုက်စမ်း။ မရှုတဲ့ပုဂ္ဂိုလ် မမြင်တဲ့ပုဂ္ဂိုလ်မှာ (နိဗ္ဗာန်မရပါဘုရား)။

အဲ....အာသဝေါတရားမကုန်ဘူး။ နိဗ္ဗာန်မရဘူး.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရှုမှု-မြင်မှုရှိတဲ့ ပုဂ္ဂိုလ်မှ နိဗ္ဗာန်ရမည့်ဥစ္စာ အတောင်းသမားသက်သက် ဆွမ်းနဲ့လဲယူ။ ကွမ်းနဲ့လဲယူလို့တော့.... (မရပါဘုရား) မရဘူးတဲ့....နော်....(မှန်လှပါဘုရား)။

ဉာဏ်အလုပ်ကို သဒ္ဓါအလုပ်နဲ့တော့ မောင်ချစ်စိန် မရနိုင်ဘူး....(မရပါဘုရား) သမာဓိအလုပ်နဲ့ကော....( မရပါဘုရား ) မရနိုင်ဘူး။ ဝိရတီဆိုတဲ့ သီလအလုပ်နဲ့....(မရပါဘုရား)။

မရနိုင်ဘူး။ ဉာဏ်အလုပ်ကို ဉာဏ်နဲ့လုပ်ရမယ်.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီ)။

ဟိုဟာတွေဟာ အခြံအရံအားပေးမှုဘဲ ကျေးဇူးများလိမ့်မယ် လို့ မှတ်ထားပါ....(မှန်ပါ)။

အခြံအရံအားပေးမှုဘဲ ဖြစ်လိမ့်မယ်လို့ သေသေချာချာမှတ် ထားပါ။ ရှင်းကြပလား....(ရှင်းပါပြီ)။

ကောင်းပြီ....ဒါဖြင့် ဒီတကာ တကာမတွေမှာ အလုပ်ပြင် လိုက်ကြဦးလို့ မောင်သစ် သတိပေးတာကော ကျေနပ်ပလား - (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ ငါ့ဥပမာတခု ပြောပြပါရစေကွာ.... တဲ့။မင်း တို့က ဆုတောင်းသန်သန်နဲ့ ငါက လုပ်ယူမှ မြင်မှ ရမယ်လို့ ပြောတာနဲ့ ငါ့ဥပမာပြောပြလို့ရှိယင် မင်းတို့ ရှင်းပါလိမ့်မယ် တဲ့....(မှန်ပါ)။

ဘုရားကိုက ဥပမာ ခင်းပြတယ်....( မှန်ပါ ) ကြက်မကြီး တကောင်ရှိတယ်ဟေ့....တဲ့။ တနေ့တလုံး တလုံးဥတာ ဆယ့်နှစ် ရက်ရှိတော့ ဆယ့်နှစ်လုံးရတယ်....ကွ....တဲ့....(မှန်ပါ)။

ဆယ့်နှစ်လုံးရတော့ ကြက်ဥကလေးတွေ မောင်သစ်.... တော် တော်စုမိပြီ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲ....ကြက်ဥကလေးတွေ စုမိတဲ့အခါကျတော့ ကြက်မကြီးက အပြင်ထွက်ပြီးတော့ အတောင်ဖြန့်လဲ မဝတ်ပါနဲ့ကွ....တဲ့။ ရင် ပတ်က အပူငွေ့လဲ ကြက်ဥပေါ်ကို ဝတ်မပေးပါနဲ့ကွ.... တဲ့။ ကြက်တို့ အနံ့ကိုလဲ မပေးဘဲနဲ့ ပြင်ဘက်ကနေပြီး ကြက်မကြီး က ငါ့ဟာဖြစ်တယ်။ ဥကလေးဆယ့်နှစ်လုံးရှိတယ်။ ဒီဥကလေး ဆယ့်နှစ်လုံးထဲမှာဖြင့် ကြက်ကောင်ကလေးတွေသည် အတောင် ကလေးတွေ ရင့်ပြီးသကာလ ခြေသည်း-လက်သည်း ကလေးတွေ ရင့်။ ပြင်ဘက်အလင်းရောင်တွေမြင်ပြီး သူတို့ဟာသူတို့ ဖောက်

ထွက်ပါစေ....လို့ ကြက်မကြီးက ပြင်ဘက်က အသံပေးတယ်.... (မှန်ပါ) ပုပ်သာသွားတယ်။ ဆယ့်နှစ်လုံးစလုံး ပုပ်သွားတယ်။ ကြက်ကောင်မဖြစ်လာဘူး....( မှန်ပါ ) သဘောကျပလား.... (ကျပါပြီ)။

ပြင်ဘက်က အသံပေးရုံနဲ့တော့....(မရပါဘုရား) မရဘူးတဲ့ ဒါဟာ....ဘုရားပေးတဲ့ ဥပမာနော်....(မှန်ပါ)။

နို့-ဘယ်လိုလုပ်မှတုံးဆိုတော့ တခါတခါ အတောင် ဖြန့်ပြီး တော့ လေလုံအောင် ဝတ်ရမယ်ကွ....တဲ့။ ကြက်မကြီးက ခုနင်က ဆယ့်နှစ်လုံးပေါ်မှာ....(မှန်ပါ) ပြီးတော့မှ ရင်ပတ်က အပူငွေ့ ကလေးဆိုတဲ့ ဟိုထဲမှာရှိတဲ့ အရည်ခန်းအောင် အပူဓါတ် ပေးရ မယ်.... ( မှန်ပါ ) ပြင်ဘက်ကလဲ လေမလာအောင် ရင်ပတ်က အပူဓါတ်နဲ့လဲ ကြက်ဥပေါ်မှာ ဆက်မိအောင် လုပ်ရမယ်.... (မှန်ပါ) ပြီးတော့ ကြက်တို့၏ အနံ့ကလေးကိုလဲ ပေးရမယ်.... (မှန်ပါ)။

ဘယ်နှစ်ချက်ပါလိမ့်....(သုံးချက်ပါဘုရား)။

အတောင်ဖြန့်၍ ဝတ်ခြင်းတမျိုး....(မှန်ပါ) သဘောကျရဲ့ လား....(ကျပါတယ်ဘုရား) အပူဓါတ်ပေးခြင်း....( တမျိုးပါ ) တမျိုးဟုတ်လား....(မှန်ပါ) အနံ့ဓါတ်ပေးခြင်း.... ( တမျိုးပါ ဘုရား )။

သုံးမျိုးရှိလို့ရှိယင် ဒီသုံးမျိုးကိုတဲ့ ကြက်မကြီးကသာ လုပ် ပါတဲ့။ ငါ့ကြက်ကလေးသည် နှုတ်သီးကလေးတွေ ရင့်ပါစေ၊ အတောင်ကလေးတွေ ရင့်ပါစေ၊ ပြင်ဘက် အလင်း မြင်ပါစေ၊ အရေခန်းခြောက်ပါစေဆိုတာ ကြက်မကြီးက ဘာမှ မလုပ်နဲ့တဲ့ ဒီသုံးလုပ်သာ ကိုယ်တိုင်လုပ်တဲ့။ ကြက်ဥကလေးတွေ ပေါက်

လာလိမ့်မယ်....(မှန်ပါ့) အကောင်ကလေးတွေ ဖြစ်လာလိမ့်မယ် ရှင်းပလား....(ရှင်းပါပြီ)။

အကောင်ကလေးတွေဖြစ် ရင့်ကျက်။ ရင့်ကျက်လာပြီး အထဲ ထဲမှာ ရှိတဲ့ အရေတွေခန်း ပြင်ဘက်အလင်းတွေ မြင်တော့ သူတို့ ဟာ သူတို့ နှုတ်သီးကလေးတွေ ရင့်လာတာနဲ့ နှုတ်သီးကလေး တွေနဲ့ ထိုးကြ၊ ကိုယ်ကလေးတွေနဲ့ ဆန့်ကြ၊ ခြေထောက် ကလေးတွေနဲ့ တွန်းပစ်တော့ အခုနင်က အရေခန်း ဥခွံက ပါးတော့ မောင်သစ်ရေ ဖြန်းကနဲကွဲတယ်.... (မှန်ပါ့) မကွဲဘူး လား....(ကွဲပါတယ်ဘုရား) ကွဲဟော့ ဒီကြက်ကလေး ပြင်ဘက် ရောက်မလာဘူးလား....(ရောက်လာပါတယ်ဘုရား)။

အဲဒါ - ဘယ့်နှယ်ကြောင့် ဒီကြက်ကလေးတွေ ပြင်ဘက် ရောက်လာပါလိမ့်မတုံးမေးတော့ ကြက်မကြီးက သူ့အလုပ်-သုံး လုပ်ကို လုပ်တယ်....တဲ့....(မှန်ပါ့)။

တခါတခါ အတောင်ဖြန့်ပြီးဝတ်၊ ရှင်းပြီ....နော်.... (ရှင်းပါ ပြီဘုရား) အတောင်ဖြန့်အုပ်ပြီးသကာလ ရင်ပတ်က အပူငွေ့ တွေကိုလဲတဲ့ ဒီကြက်ဥကလေးတွေပေါ်မှာပေးတယ်....(မှန်ပါ့) အပူငွေ့ပေးရင်းဘဲ ကြက်တို့၏ အနံ့တွေလဲ အထဲမှာရှိတဲ့ ကြက် ကောင်ကလေးတွေကို ပေးလိုက်တယ်....(မှန်ပါ့)။

သုံးခုသောအလုပ်ကို- လုပ်လိုက်တာနဲ့ ပေါက်ပါစေသတည်း ခြေသည်း လက်သည်း ရင့်ပါစေသတည်း၊ ပြင်ဘက်ကအလင်းကို မြင်ပါစေသတည်းလို့ဆိုတဲ့ ရည်ရွယ်ချက်တွေဟာ ဘာမှမပါ ချင်နေ ဒီအလုပ်- သုံးလုပ်လုပ်ယင် အကုန်ပေါက်တာဘဲ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီမှာလဲ တကာတကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ သုံးလုပ်ကို လုပ်လိုက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ဘာဆုမှ တောင်းမနေနဲ့။ ဟုတ်လား၊ အာသဝေါတရား ကုန်ရပါလို၏၊ ဆုတောင်းမနေနဲ့ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အေး....သူ့ဟာသူဘဲ ခင်ဗျားတို့ အနိစ္စဖြစ်ပျက်၊ ဒုက္ခဖြစ်ပျက်၊ အနတ္တဖြစ်ပျက်ကိုသာ ခင်ဗျားတို့က လုပ်မြဲတိုင်းလုပ်နေလို့ ရှိယင် ခင်ဗျားတို့စိတ်သာချ ဒီဘဝနိဗ္ဗာန်ရတယ်.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဘာ့ကြောင့် ရသတုံးလို့ မေးတဲ့အခါကျတော့ ဥပမေယျကို ဘုရားကထုတ်လာတယ်၊ ဥပမေယျ ဘယ်လိုထုတ်လာသတုံး ဆိုတော့ ကြက်မကြီးက ဝပ်လိုက်တဲ့ အခါကွာ....တဲ့၊ ဥခွံဟာတဲ့ အရေတွေခန်းခြောက်ပြီးတော့ ပါးလာတယ်တဲ့ .... (မှန်ပါ့ဘုရား)။

ဒီမှာလဲ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မြင်ဖန်များလာတော့ ဉာဏ်က အဝိဇ္ဇာကို ပါးစေတယ်တဲ့ .... (မှန်ပါ့) ခုခွံကိုပါးစေသလို ခုနင်က ဖြစ်ပျက်ရှုတဲ့ဉာဏ်က အဝိဇ္ဇာဥခွံကိုပါးစေတယ်ကွတဲ့... (မှန်ပါ့ဘုရား)။

ကြပ်ကြပ်ရှုယင်အဝိဇ္ဇာပါးသွားတာဘဲ....(မှန်ပါ့) ဝိဇ္ဇာများများလာတော့ မောင်ချစ်စိန် အဝိဇ္ဇာဘယ့်နှယ်နေသလဲ.... (ပါးသွားပါတယ်ဘုရား)။

ဒါမင်းတို့ ဆုတောင်းအလုပ်လားတဲ့။ ခဏခဏရှုနေလို့လား (ခဏခဏရှုနေလို့ပါ)အေး....ပါးနေတယ်.... (မှန်ပါ့) ပေါ်နေပြီ တကာတကာမတို့၊ မပေါ်သေးဘူးလား .... (ပေါ်ပါပြီဘုရား)။

တရားသဘော ပေါ်နေပါပြီ၊ ဒါ့ကြောင့် အဲဒီပါးတာကလဲ ပါးချင်လို့ပါးရတာလား ဆိုတော့ ကြက်ဥထဲမှာရှိတဲ့ အရေကလေးတွေက ခန်းခြောက်တယ်....(မှန်ပါ့)ဒီက အပူဓါတ်ပေးလိုက်တဲ့အခါမှာ....(မှန်ပါ့) မခြောက်ဘူးလား .... (ခြောက်ပါတယ်ဘုရား)။

ထို့အတူဘဲ .... တဲ့၊ ဉာဏ်တည်းဟူသော တရားကနေပြီး သကာလ ကိလေသာအစေးကိုလဲ ခန်းခြောက်စေတယ်....(မှန်ပါ့ဘုရား)။

ဒီထဲမှာ ကြက်ဥထဲမှာ အရေတွေ ခန်းခြောက်သလို တကာတကာမတွေ့သန္တာန်မှာရှိတဲ့ အနုသယကိလေသာ အစေးတွေကိုလဲ ခန်းခြောက်စေတယ်.... (မှန်ပါ့ဘုရား)။

ပွားမှုအလုပ်ဟာ ဖြစ်ပျက်ရှုမှု အလုပ်ဟာ ဘယ်လောက်ကျေးဇူးများတယ်ဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဉခွံကပါး၊ အစေးကခြောက်သလို ပြင်ဘက်က အလင်းမြင်လာတယ်....တဲ့၊ အတွင်းမှာရှိတဲ့ ကြက်ကလေးတွေက- (မှန်ပါ့ဘုရား)။

အတွင်းမှာရှိတဲ့ ကြက်ကလေးတွေက ဘာဖြစ်လာသလဲ.... (အလင်းမြင်ပါတယ်ဘုရား)။

အလင်းမြင်လာတယ်....(မှန်ပါ့) ဒီမှာလဲထို့နည်းအတူဘဲတဲ့၊ ရှုပါများပြီးသကာလ လာတဲ့အခါကျလို့ရှိယင်ဖြင့် အဝိဇ္ဇာအမှောင်ဓါတ်တွေကပျောက်၊ကိလေသာအမဲစိတ်တွေက ပျောက်ပြီးသကာလ နိဗ္ဗာန်အလင်းဟာ ပေါ်တယ်.... (မှန်ပါ့) နိဗ္ဗာန်အလင်းဓါတ်ကြီး ပေါ်လာတယ်၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဒါဖြင့် အလုပ်သုံးလုပ်- လုပ်မှ အဝိဇ္ဇာဉာဏ်ပါးပြီး တဏှာအစေးခြောက်ပြီး နိဗ္ဗာန်အလင်းပေါ်မှာပေါ့.... ( မှန်ပါ့ )ဖြစ်ပျက်မရှုဘဲနဲ့တော့ ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါ)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဘာလုပ်မှ နိဗ္ဗာန်ရမှာပုံးဆိုတဲ့ဥစ္စာဖြင့် ဖြစ်ပျက်အနိစ္စ, ဖြစ်ပျက်ဒုက္ခ, ဖြစ်ပျက်အနတ္တ ဒါလုပ်မှရမယ်....(မှန်ပါ့) ဒါမလုပ်ယင်တော့....(မရပါ)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာကလဲ ကျုပ်တို့ဘဝသံသရာက ထူလာတော့အဝိဇ္ဇာပေါ်မှာ အပတ်ပေါင်းဘယ်လောက် ရောက်ဘူးပြီတုံး-အဝိဇ္ဇာ-အဝိဇ္ဇာနဲ့ မရေတွက်နိုင်ဘူး၊ လှည့်ပြီးပတ်လာကာ .... (မှန်ပါ့)ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါဘုရား)။

အဲဒီတော့ အဝိဇ္ဇာထုကြီး ထည်ကြီးကကော သေးသလား-ကြီးသလားလို့ မေးပါတယ်....(ကြီးကျယ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာဉာဏ်ပါးဘို့ဆိုတာလဲ ဉာဏ်နဲ့ထပ်ပြန်တလဲလဲရှုမှ- ဝိဇ္ဇာဉာဏ်က ထပ်ပြန်တလဲလဲရှုမှ အဝိဇ္ဇာကပါးမှာ .... (မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီတဏှာအစေးခြောက်မှ ကာမာသဝ,ဘဝါသဝ ဒိဋ္ဌာသဝ ချုပ်မှာဘဲ....(မှန်ပါ့)မဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဲဒီတော့ အဝိဇ္ဇာပါးပြီး တဏှာအစေးချောက်မှသာလျှင် အားလုံး တကာတကာမတွေ အာသဝေါတရား ကုန်မယ်ဆိုတာ သေချာကြပလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ကြက်မကြီးသည် ပြင်ဘက်ကနေပြီး ကြက်ဥကလေးတွေ ဥခွံပါးပြီးသကာလ ဥထဲမှာရှိတဲ့ အရေကလေးတွေခြောက်ပြီး ပြင်ဘက်အလင်း မြင်ရတာလားတဲ့၊ ကြက်မကြီးကိုယ်တိုင်အလုပ် သုံးလုပ်-လုပ်လို့လား.... (ကြက်မကြီးကိုယ်တိုင်အလုပ်သုံးလုပ်-လုပ်လို့ပါဘုရား)။

အတောင်ဖြန့်ပြီး ဝတ်ခြင်းအလုပ်....(မှန်ပါ့) အပူဓါတ်ပေးခြင်းအလုပ်....(မှန်ပါ့) အနံ့ဓါတ်ပေးခြင်းအလုပ်....( မှန်ပါ့ ) ကြက်မကြီးက ဘယ်နှစ်လုပ်-လုပ်သလဲ.... (သုံးလုပ်-လုပ်ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့က လက္ခဏာရေး သုံးပါးအလုပ်ကို လုပ်ပါတဲ့.... အနိစ္စအလုပ်၊ ဒုက္ခအလုပ်၊ အနတ္တအလုပ် ကြက်မကြီးသုံးလုပ်-လုပ်သလို ခင်ဗျားတို့လဲ ဒီအလုပ် - သုံးလုပ် လုပ်လို့ရှိယင်ဖြင့် ခန္ဓာကိုယ်ထဲမှာရှိတဲ့ အဝိဇ္ဇာပါး၍ တဏှာ အစေးတွေခန်းခြောက်ပြီး နိဗ္ဗာန်အလင်းကြီးဟာ ပေါ်လာမှာဘဲ....(မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် လုပ်မှရမည့်တရားပါလား....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမယ်....(လုပ်မှရမည့်တရားပါဘုရား)။

လုပ်မှရမည့်တရား၊ ဘာနဲ့လုပ်မှရမှာတုံးလို့မေးတဲ့အခါကျမှ "ဈာနတော" ရှိတဲ့ပုဂ္ဂိုလ် "ပဿတော" ဉာဏ်နဲ့မြင်တဲ့ပုဂ္ဂိုလ် ဉာဏ်နဲ့ရှုပြီး ဉာဏ်နဲ့ မြင်မှတဲ့....(မှန်ပါ့)။

တကာတကာ့မှတို့ ပေါ်ကြပလား .... ( ပေါ်ပါပြီဘုရား ) ဉာဏ်နဲ့ရှုပြီး....(ဉာဏ်နဲ့ မြင်မှပါဘုရား)။

ဉာဏ်နဲ့ရှုပြီး ဉာဏ်နဲ့ မြင်မှ ရမှာတဲ့....(မှန်ပါ့) သမာဓိနဲ့ ရှုပြီး သမာဓိနဲ့ မြင်လို့လဲ မရဘူး... ( မရပါဘုရား ) သီလနဲ့ နေလို့လဲ မရသေးဘူးတဲ့.... ( မရပါဘုရား ) ဒါနနဲ့ နေလဲ.... (မရပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ) ရှုမှ-မြင်မှဆိုတာ ထင်ရှားကြပလား....(ထင်ရှားပါပြီ)။

အဲ....ရှုမှ မြင်တယ်၊ မြင်မှသာလျှင် အာသဝေါတရားကုန် တယ်....(မှန်ပါ့)။

အာသဝေါတရားကုန်တာ ဘာခေါ်ကြမယ်.... ( နိဗ္ဗာန်ပါ ဘုရား )။

အဲ....အာသဝေါတရားကုန်တယ်ဆိုတာ နိဗ္ဗာန်လို့ မှတ်ထား တော့ ဩော်....ဒါ ဘာပါလိမ့်မတုံးလို့ မေးမနေနဲ့တော့အာ သဝေါတရားကုန်တာ နိဗ္ဗာန်ဘဲဆိုတော့ ဘယ်လိုပုဂ္ဂိုလ် ကုန်ပါ လိမ့်မတုံး၊ ဘုရားတဆူ-တဆူပွင့်တဲ့အခါ ဘယ်လိုပုဂ္ဂိုလ်တွေအာ သဝေါတရားကုန်ပြီး နိဗ္ဗာန် ရောက်ကြပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ ရှုလို့-မြင်တဲ့ ပုဂ္ဂိုလ်တွေလို့မှတ်....(မှန်ပါ့)။

ဘာတဲ့တုံး....(ရှုလို့-မြင်တဲ့ ပုဂ္ဂိုလ်တွေပါဘုရား) ရှုလို့-မြင် တဲ့ ပုဂ္ဂိုလ်ရောက်ကြတာဘဲ....(မှန်ပါ့)။

မောင်သစ်ရေ....ဘာတဲ့တုံး.... ( ရှုလို့-မြင်တဲ့ ပုဂ္ဂိုလ်တွေ ရောက်ပါတယ်ဘုရား) ရှုလို့ မြင်တဲ့ ပုဂ္ဂိုလ်။

ဒီအတိုင်း အိမ်မှာနေပြီး မရှုလဲ မရှုဘူး။ မရှုမှ မရှုဘဲနဲ့ မြင်ဘို့ကတော့ ဝေးပါသေးရဲ့....(မှန်ပါ့)။

အဲဒီလို ပုဂ္ဂိုလ်တွေကတော့ ဘုရားပွင့်လို့ ဘုရားပေါင်း ဂင်္ဂါ ဝါဠု သဲစုနဲ့မက ပွင့်သွားစေကာမူ သူနဲ့မဆိုင်ပါဘူး....(မှန်လှ ပါဘုရား) ဆိုင်ပါ့မလား....(မဆိုင်ပါဘုရား)။

ရှုလဲ မရှုတော့ မြင်လဲ မြင်ပါ့မလား....( မမြင်ပါဘုရား ) မမြင်တော့ အာသဝေါတရားဆိုတဲ့ အဝိဇ္ဇာ ဥဒ္ဓံက မောင်ချစ် စိန်-ပါးပါ့မလား.... ( မပါးပါဘုရား ) တဏှာအစေးက.... (မခြောက်ပါဘုရား) အပြင်က အလင်းကော....(မရှိပါဘုရား)။

ဘယ်မှာ အစေးတွေက ဖုံးနေယင် ဥဒ္ဓံက ထူနေယင် ဘယ့် မြင်ရတော့မတုံး....(မမြင်ရပါဘုရား)။

အဲဒီတော့ လောကီ ဥပမာ ပြောကြပါစို့၊ ရှင်းရှင်းလင်း လင်းနဲ့ဆိုတော့ ကျုပ်တို့ ဉာဏ်ပေါ်မှာတဲ့.... အဝိဇ္ဇာဥဒ္ဓံကလဲ ဖုံးတယ်....(မှန်ပါ့) တဏှာအစေးကလဲ အုပ်နေတယ်.... သဘော ကျပလား....(ကျပါပြီ)။

ဉာဏ်ပေါ်မှာ....( အဝိဇ္ဇာဥဒ္ဓံက ဖုံးတယ် ) တဏှာအစေး ကလဲ....(ဖုံးနေပါတယ်ဘုရား)။

အဲ....တဏှာအစေးကလဲ ဖုံးနေတော့ ဒီဉာဏ်ကလေး ထက် ပါတော့မလား....(မထက်ပါဘုရား) မထက်နိုင်ဘူး။

အဲဒီတော့ အဝိဇ္ဇာဥဒ္ဓံပါးအောင်လဲ ရှု-ပွားပေးပါ....(မှန်လှ ပါဘုရား) သဘောကျပလား....(ကျပါပြီ) တဏှာအစေး ခန်း ခြောက်အောင်လဲ ကြပ်ကြပ်ရှု-ပွားပေးပါ....(မှန်ပါ့)။

အဲဒီတော့ ဉာဏ်ကလေးဟာက ပြင်ဘက် ပွင့်လာတယ်.... (မှန်ပါ့) ဉာဏ်မရှိလို့ မဟုတ်ဘူးတဲ့။ ဉာဏ်ပေါ်မှာ အဝိဇ္ဇာနဲ့ တဏှာအမှေးတွေ ထူနေလို့ဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်ကြပ လား... (ပေါ်ပါပြီ)။

အဲဒါကြောင့် “ ဝိဇ္ဇာ ဥဒပါဒိ ” တဲ့။ ဝိဇ္ဇာ=ဝိဇ္ဇာသည်။

ဥဒပါဒိ=ပေါ်ထွက်လာ၏။ မောင်သစ် အဝိဇ္ဇာတွေကို ထိုးထွက်လာတယ်....(မှန်ပါ့) တဏှာအစေးတွေထဲက၊ ထိုးထွက်လာတယ် သဘောကျပလား....(ကျပါပြီ)။

ဒီ အတိုင်းသာဖြင့် သူ့ဟာသူ တနေ့တခြား ဖုံးသွားတာဘဲ လို့ မောင်ချစ်စိန်မှတ်လိုက်ပါ.. (မှန်ပါ့)။

ဒါဖြင့် အိမ်မှာ သားရေး, သမီးရေး, စီးပွားရေးနဲ့ စားကာ သောက်ကာနဲ့ နေတဲ့ပုဂ္ဂိုလ်ဟာ သူ့ ဉာဏ်ကလေးတော့ ပါကြပါတယ်....(မှန်ပါ့) အင်း....တနေ့လဲ ဘာမှ မလုပ်တော့ အဝိဇ္ဇာက ဖုံးလိုက်....( မှန်ပါ့ ) တဏှာအစေးတွေကလဲ ဒီ အပေါ်မှာ ရံလိုက်။ ဖုံးပိုက်-ဖိလိုက်,မနေပေဘူးလား... (နေပါတယ်ဘုရား)။

အဲဒီတော့ မောင်သစ် ဒုကြိုး - ဒယ်ကြိုး ဘယ်လောက် ကြီးကျယ်မတုံးဆိုတာ ငါ-ဘုရားအမြင်နဲ့ ပြောပါမကွာ.... တဲ့....။ အကနိဋ္ဌ ပြဟ္မာ့ပြည်မကဘူး၊ ဉာဏ်ကလေး သေးသေးအပေါ်မှာ အဝိဇ္ဇာက ဖုံးနေတာ.... ( မှန်ပါ့ ) တဏှာအစေးတွေက ဖုံးနေတာ....(မှန်ပါ့)။

မောင်သစ် ဘယ်လောက် ကြီးကျယ်သတုံး.... (ကြီးကျယ်ပါတယ်ဘုရား)။

တနေ့ ဘယ်နှစ်ခါ ဖုံးသတုံးမေးကြည့်တော့ ဘယ့်နှယ်ဖြေမလဲ.. (မရေတွက်နိုင်ပါဘုရား)။

တဏှာအစေးတွေကလဲ ဘယ်လောက်ထိအောင်တဏှာအစေးတွေ ပွား-များလာသတုံးမေးတဲ့အခါကျတော့ ဟိုလဲခင်၊ ဒီလဲခင်၊ ဟိုသဲကြောင့်ကျ၊ ဒီလဲကြောင့်ကျ.... (မှန်ပါ့) အဲဒါတွေကလဲ ဝိုင်းပြီး ဉာဏ်ကို ဖုံးတာဘဲ....(မှန်ပါ့) သဘောကျပလား-(ကျပါပြီ)။

ဒါဖြင့် ဥာဏ်ပေါ်မှာ ကိလေသာအစေးတွေကလဲ ထပ်ပြန် တလဲလဲဖုံး....(မှန်ပါ့) အဝိဇ္ဇာ ဥဒ္ဓံကြီးကလဲ ထပ်သတဲ့ ထပ်ပြီး သကာလနေတော့ ဒီဥာဏ်ကလေးဟာက ....“ အာလောကော ဥဒပါဒိ ” အလင်းမြင်ဘို့ မလာနိုင်ဘူးကွ .. တဲ့....(မှန်ပါ့)။

“ အာလောကော ဥဒပါဒိ ” ဆိုတာ။ အလောကော= အလင်းသည်၊ အလင်းကို မြင်ခြင်းသည်။ ဥဒပါဒိ=ဖြစ်ပေါ်လာ ၏-ဆိုတာ ငါ့ဘုရားမတတ်နိုင်ဘူး....တဲ့....( မှန်ပါ့ ) သဘော ကျပလား....(ကျပါပြီ)။

တကာတကာမတွေ ခင်ဗျားတို့ဖြစ်နေတဲ့ ဖြစ်ထွေနဲ့ ဒီကဖွင့် ရမှာနဲ့ ခင်ဗျားတို့က အဖုံးကဲတာနဲ့တော့ တွေ့ကြပကော.... (မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုရားကလဲ ဒီဥာဏ်ကလေး ပေါ်မှာတဲ့ ကိလေသာ အစေးခန်းခြောက်ရမယ်တဲ့၊ အဝိဇ္ဇာဥဒ္ဓံကြီးဟာ ဘာတုံး .... (ပါးရပါမယ်ဘုရား)။

ခင်ဗျားတို့ကလဲ တနေ့မှမရှုဘဲ ထားတယ်၊ မရှုတဲ့အချိန် အဝိဇ္ဇာဥဒ္ဓံက ထူလေလေ....( မှန်ပါ့ ) မရှုလေလေ သားရေး, သမီးရေး, စီးပွားရေးက ကောင်းလေလေ....(မှန်ပါ့) တဏှာရေ ကြီးက ကြီးကျယ်ထူထပ်လာလေလေ....(မှန်ပါ့)မဆိုနိုင်ဘူးလား- (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ ကြည့်လိုက်တဲ့ အခါကျတော့ အဝိဇ္ဇာဥဒ္ဓံကလဲ မပါး၊ တဏှာအစေးကလဲ မခန်းခြောက်တော့ ပြင်ဘက်မှာ ဥာဏ်တည်းဟူသော အလင်းနဲ့ နိဗ္ဗာန်တည်းဟူသော ပြင်ဘက် အလင်းဓါတ်ကြီး ကျဉ်းမြောင်းတဲ့ နေရာဋ္ဌာနမှ လွတ်မြောက်တဲ့

နေရာဌာန အလင်းဓါတ်ကြီးကို ကန်ထွက်နိုင်ပါ့မလား.... (ကန်မထွက်နိုင်ပါဘုရား)။

ဘာပြုလို့တုံး၊ တဏှာအစေးတွေကလဲထူ၊ အဝိဇ္ဇာဥခွံကြီးကလဲ....(ထူပါတယ်)အခွံထူနေတယ်ဆိုတော့ တကာတကာမတို့ အဲဒါ ခဏခဏ ခင်ဗျားတို့ပွားမှဘဲ ကျေးဇူးများမယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဘုရားက "ဘာဝနာနုယောဂံ အနနုယုဉ္ဇသ" ဘာ**ဝ**နာနုယောဂံ= ပွားမှုကို၊အနနုယုဉ္ဇသ = မယှဉ်သောပုဂ္ဂိုလ်အားတို့၊ ပွားမှုအလုပ်ကို မလုပ်တဲ့ပုဂ္ဂိုလ်ကျတော့ ငါဘယ်လိုမှ မတတ်နိုင်ဘူးတဲ့....(မှန်ပါ့ဘုရား)။

ကိုင်း....မောင်သစ် ဘာတဲ့ .... (ပွားမှုမလုပ်တဲ့ ပုဂ္ဂိုလ်အား ဘာမှမတတ်နိုင်ပါ)ပွားမှု အလုပ်မှ မလုပ်တဲ့ပုဂ္ဂိုလ်တော့ ငါဘာမှမတတ်နိုင်ဘူးကွာ....တဲ့၊ သူတို့ကို....(မှန်ပါ့ဘုရား)။

သူတို့ကပြီးတော့ လုပ်သေးတယ်ကွ တဲ့၊ ပွားမှု အလုပ်လဲ မလုပ်သေးဘူးတဲ့၊ ခုနင်က ကြက်မကြီးလိုဘဲတဲ့၊ လုပ်ကောင်းတဲ့ အလုပ်လဲ မလုပ်ဘဲနဲ့ ပြင်ဘက်ကနေပြီး ငါ့ကြက်ကလေးတွေ ပေါက်ပါစေ....(မှန်ပါ့)ငါနိဗ္ဗာန်ရရပါလို၏ ဆိုတာပေါ့ဗျာ.... (မှန်ပါ့)ဘယ်နည်းနှင့်မှ ငါမတတ်နိုင်ဘူးတဲ့ ဒီပုဂ္ဂိုလ်ကို၊ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

မရနိုင်ဘူးဆိုတဲ့ အဓိပ္ပါယ်ကော ပေါ်ပလား....(ပေါ်ပါပြီဘုရား) ကဲ .... ဒါဖြင့် မဂ်ကိစ္စဟာ ဘာကိစ္စတုံး မေးတော့မှ ဦးကျော်မောင် သေသေချာချာမှတ်ပါ ဘာဝေတဗ္ဗကိစ္စ .... (မှန်ပါ့ဘုရား)။

သေသေချာချာမှတ်ပါ မောင်ချစ်စိန်ရ.... (မှန်ပါ့) ဘာတဲ့ တုံး....(ဘာဝေတဗ္ဗကိစ္စပါဘုရား)။

ဘာဝေတဗ္ဗကိစ္စဆိုတဲ့ဥစ္စာ တကာတကာမတွေက မှတ်ပါ၊ ပွားမှရတဲ့ကိစ္စ....(မှန်ပါ့)နောက်က တကာတကာမတွေ ဘာတဲ့ (ပွားမှရတဲ့ကိစ္စပါဘုရား)။

ပွားမှရတဲ့ ကိစ္စ၊ တောင်းယူလို့ ရတဲ့ကိစ္စမဟုတ်ဘူး ဆိုတာ ဟိုစာအုပ်ထဲမှာ ကျုပ်တော်တော် ရေးထားတယ် .... (မှန်ပါ့ ဘုရား)။

တောင်းယူလို့ရှိယင် တဆုပ်တခဲရမှာဘဲကွ၊ အစိုင်အခဲတော့ မရဘူးကွဆိုတဲ့ဥစ္စာ မောင်သစ် တော်တော်ရေးတယ် နော် .... (မှန်ပါ့ဘုရား)။

ဒီကြည့်လေ၊ ဒီပါဠိတော်က ဘယ့်နှယ်တုံး .... ( မှန်ပါ့ ) "ဘာဝနာနုယောဂံ အနနုယုတ္တဿ ဝိဟရတော ဥပ္ပဇ္ဇတိ" ဘာဝနာ မပွားဘဲနဲ့တဲ့ သူ့မှာအလိုတခုရှိတယ်တဲ့၊ သူအလိုရှိတဲ့သဘောက ငါသည် အာသဝေါတရား ကုန်ရာ နိဗ္ဗာန်ရောက်ရ ပါလို၏ ဆိုတော့ ပွားလဲမပွားဘဲနဲ့ ရောက်ချင်တဲ့စိတ်က တော်တော် များတဲ့ပုဂ္ဂိုလ်ဘဲ....(မှန်ပါ့ဘုရား)။

အဲ့ဒါသည်ကားလို့ဆိုယင် ဘယ်တော့မှ သူ့စျာနတော ပဿ တော မရှိတဲ့အတွက် ရှုပွားမှုမရှိတဲ့အတွက် ငါဘယ်တော့မှရလိမ့် မယ်လို့မဟောဘူးတဲ့-(မှန်ပါ့)ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ရှုပွားယူရမည့်အလုပ်ကိုရှုပွားယူရမယ်၊တောင်းယူလို့ ရမည့်အလုပ်ကို(တောင်းယူရပါမယ်ဘုရား) အဲလူ့ပြည်,နတ်ပြည် ဆိုယင် တောင်းယူပါ ရမယ်....(မှန်ပါ့ဘုရား)။

ဝိပဿနာအလုပ်ဆိုတော့ နိဗ္ဗာန်ရဘို့ အလုပ်ဆိုတော့ တကာ တကာမတွေ ပြောဘို့ရာ မလိုပါဘူး....( မှန်ပါ့ ) ပွားယူရမည့် အလုပ်သက်သက်ဘဲ.... ( မှန်ပါ့ )ရှင်းကြပလား .... (ရှင်းပါပြီ ဘုရား)။

ကိုင်း.... ဒါဖြင့် ကြက်မကြီး သုံးလုပ်- လုပ်တော့ ကြက်ဥ ကလေးတွေ ပြင်ဘက်ရောက်တယ်၊ ကြက်ကောင် ကလေးတွေ ဖြစ်ပြီး ပြင်ဘက်သို့ ပေါ်ထွက်လာကြတယ်....(မှန်ပါ့) မဆိုနိုင် ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကြက်ကောင်ကလေးတွေ ပြင်ဘက်သို့ အတောင်ကလေးတွေ ဖြန့်ပြီးသကာလ သွားကြ,လာကြ,စားကြ,သောက်ကြ, ပျော်ကြ ရွှင်ကြတာ ဦးကျော်မောင် ဘယ်နှယ်ကြောင့်တုံး ဆိုတော့ ကြက်မကြီးက အလုပ်-သုံးလုပ်လုပ်လို့.... (မှန်ပါ့) ကြက်ကောင် ကလေးတွေ ဖြစ်လာတယ်နော်....(မှန်ပါ့ဘုရား)။

ထို့နည်းအတူဘဲ ခင်ဗျားတို့လဲ ဉာဏ်ကြက်ကောင်ကလေး ပြင်ဘက်ကို လွတ်လပ်တဲ့ နေရာဌာန သံသရာတည်းဟူသောခရီး ထဲမှ ဆွဲထုတ်ပြီး နိဗ္ဗာန်တည်းဟူသော နေရာဌာနသွားချင်လို့ ရှိယင် သုံးလုပ်ကို လုပ်ရမှာဘဲ....(မှန်ပါ့ဘုရား)။

အနိစ္စဖြစ်ပျက်, ဒုက္ခဖြစ်ပျက်,အနတ္တဖြစ်ပျက်.... ( မှန်ပါ့ ) ဒါမလုပ်ယင်တော့ဖြင့်....(မရပါ) မရဘူးဆိုတာ သေချာကြပ လား....(သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့်ဒီတကာတကာမတွေမှာ လုပ်ဖြစ်အောင် လုပ်ပါဆိုတာ ဘုန်းကြီးက တိုက်တွန်းတာလား- ဘုရားကလမ်း စဉ်ပြတာလား....(ဘုရားက လမ်းစဉ်ပြတာပါဘုရား)။

ဘုရားက လမ်းစဉ်ပြတာဖြစ်နေတော့ တကာတကာမတွေ ဘုရားလမ်းစဉ်ပြတာတော့ဖြင့် သူကိုယ်တိုင်ရောက်ဘူးလို့ သူကိုယ်တိုင်လမ်းပြတယ်....(မှန်ပါ့ဘုရား)။

မရောက်ဘူးတဲ့ ပုဂ္ဂိုလ်က လမ်းပြတာလား- ရောက်ဘူးပြီး သားပုဂ္ဂိုလ်က လမ်းပြတာလား....(ရောက်ဘူးပြီးသား ပုဂ္ဂိုလ်က လမ်းပြတာပါဘုရား)။

အဲဒီတော့ ရောက်ဘူးပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်က လမ်းစဉ်ပြ တာဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေက ရှုပွားယူရ မည့်အလုပ်ကို ဘာလုပ်ရမယ်....(ရှုပွားယူရပါမယ်ဘုရား)။

ရှုပွားမှုမပါဘဲ အာသဝေါတရားကုန်ရာ နိဗ္ဗာန်ရောက်ရပါ့ လို၏ဆိုပြီး ဆုတောင်းယူလို့ ရပါ့မလား....(မရပါဘုရား)။

ဒါကြောင့် တကာတကာမတို့ကို ဆရာဘုန်းကြီးက အဝိဇ္ဇာ ဥဒ္ဒေ လဲပါ၊ တဏှာအစေးလဲ ခြောက်ပြီး အာသဝေါတရား ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်တဲ့ ရှုပွားမှုအလုပ်ကို အား ထုတ်ကြပါဟု တိုက်တွန်းလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

ကဲ....ယနေ့ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု....

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဂ်လာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမွာရှိ၍ - ဟောကြားတော်မူသော

( သံသရာ့ ခရီးသည်၏ ထွက်လမ်း )

# နေ့အလုပ်ပေးတရားတော်-

( ၁၉ - ၉ - ၆၂ )

ရုပ်နာမ်တို့၏ ဒုက္ခသိမ်းတာလဲ နိဗ္ဗာန်လို့ မှတ်ပါ.... (မှန်ပါ့) ကိလေသာဆိုတဲ့ သောကတွေ ပရိဒေဝတွေ ဒုက္ခတွေ ဒေါမနဿတွေ ဒီအပူခေတ်တွေ သိမ်းတာလဲ နိဗ္ဗာန်လို့ မှတ်ကြပါ.... (မှန်ပါ့)။

အဲဒီ နိဗ္ဗာန်ကို ဒီတကာတကာမတွေ အခု ခန္ဓာဒုက္ခသစ္စာကြီးကလဲ ပြုရ-စုရရဲ့ ရှိလျက်ဘဲ။ သားပူ၊ သမီးပူ၊ ဆွေပူ၊မျိုးပူ၊ ပစ္စည်းပူ၊ မင်းပူ၊ စိုးပူ-ဆိုတဲ့ အပူခေတ်တွေကလဲ ဝမ်းထဲမှာ ရှိလျက်ဘဲ....(မှန်ပါ့)။

အဲဒီကဲ့သို့ ရှိလျက်ဖြစ်နေတော့ ကိလေသာအပူကလဲ မငြိမ်း၊ ခန္ဓာဒုက္ခကလဲ မသိမ်း။ ဘာဖြစ်နေပါလိမ့်မလဲ။ ဘယ့်နှယ်ကြောင့် မသိမ်းပါလိမ့်မလဲ-ကြာလှပြီ။ ဘုရားတွေ ဂဂ်ါသဲမှုန့်နဲ့

အမျှ ပွင့်သွားကြပြီ။ ဘယ့်နှယ်ကြောင့် ခန္ဓာဒုက္ခလဲ မသိမ်းပါလိမ့်မလဲ။ ကိလေသာ အပူခေတ်တွေလဲ ဘယ့်နှယ်ကြောင့် မငြိမ်းပါလိမ့်မလဲ။ ဒီလိုမေးလိုက်တဲ့အခါကျတော့ ဒါနကို ဒို့-မလုပ်လို့လား....။ မဟုတ်ဘူး။ ဒါနလုပ်လို့ လူဖြစ် လာတာ အထင်အရှားဘဲ....(မှန်ပါ့)။

သီလမဆောက်တည်ခဲ့လို့လားလို့ မေးပြန်လဲ သီလဆောက်တည်လို့ဘဲ အခု ဒီ အသက်၊ ဒီ အရွယ်ကျအောင် အသက်ရှည်နေကြတယ်....(မှန်ပါ့)။

သမထအားမထုတ်လို့လားလို့ မေးတော့လဲ ဗြဟ္မာပြည်ကကို အခေါက်ပေါင်း မရေတွက်နိုင်ဘူး။ ကမ္ဘာ ပျက်တိုင်း-ပျက်တိုင်း ဗြဟ္မာပြည်ရောက်နေလို့... (မှန်ပါ့)။

ဒါဖြင့် ဒါန သီလတွေ လုပ်ပြီးသားတွေဘဲ စုံလို့ပေါ့။

ဘယ့်နှယ်ကြောင့် ခန္ဓာသိမ်းတဲ့ နိဗ္ဗာန်၊ ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်၊ ဒီ တကာတကာမတွေ မရောက်ပါလိမ့်မတုံး....။ ဒါနတွေ လုပ်ခဲ့လို့ဘဲ လူ့ဘဝတောင် ရနေပြီ။ သီလ ဆောက်တည်ခဲ့လို့ဘဲ၊ ဤရှိ-ဤမျှအသက်ရှည်နေကြပြီ။ သမထ အားထုတ်ခဲ့လို့လဲ ကမ္ဘာပျက်တိုင်း ဗြဟ္မာပြည်ရောက်ခဲ့ကြပြီ။ ဒို့ သန္တာန်မှာ တခုသော အကန့်အကွက်တော့ ရှိလို့ နိဗ္ဗာန်မရတာဘဲ ဆိုတာ မှတ်ရမယ်....(မှန်ပါ့)။

တခုသော အကန့်အကွက်ဆိုတာရှိလို့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီးမရတာဘဲဆိုတာ သေသေချာချာမှတ်ပါ.... (မှန်လှပါဘုရား)။

အဲဒီတော့ .... ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကန့်ကွက်တဲ့ တရား၏ လက်သည်ကို ရှာလိုက်တော့ အင်း.... ဒါန လုပ်ပြန်လဲ

အတ္တဒိဋ္ဌိ၊ ငါလူလို့ ငါရမှာဘဲ၊ သူဝင်ရှုပ်တယ်တဲ့....( မှန်ပါ့ ) သီလဆောက်တည်လဲ ငါအသက်ရှည်ဘို့ ငါကောင်းစားဘို့ ဆိုတော့ သူဝင်ရှုပ်တာဘဲ.... (မှန်ပါ့) သမထ အားထုတ်လိုက်ပြန်တော့လဲ ငါပြဟ္မာဖြစ်ဘို့ဆိုတဲ့ အတ္တဒိဋ္ဌိက ဝင်ရှုပ်ထားတယ်.... (မှန်ပါ့)။

ဩော်....ဒါဖြင့် ဒါန သီလတွေက တားတာမဟုတ်ပါလား၊ ဒီဒါန သီလထဲ ဝင်ရှုပ်နေတဲ့ ငါ့-အလှူ၊ ငါ့-သီလ၊ ငါ့-သမာဓိ ဆိုတဲ့ တရားတွေက တားတာပါလားဆိုတော့ တကာတကာမတွေ ရှုပ်လုံးပေါ်လာတယ်....( မှန်ပါ့ ) ဩော်....သူဘဲ ဆိုတာ လက်သည်ဖမ်းမိပြီ ဦးဘသန်း....(မှန်ပါ့)။

မဖမ်းမိကြသေးဘူးလား....(ဖမ်းမိပါပြီဘုရား) အင်း.... ဘာ, ဖမ်းမိကြသလဲ....(လက်သည် ဖမ်းမိပါပြီဘုရား)။

ဘာ, ဖမ်းကြသလဲ၊ ဒါနက**လဲ** မတား၊ သီလကလဲ လုပ်ခဲ့**တာ**သေချာ၊ သမထတွေလဲ လုပ်ခဲ့တာ သေချာဘဲ မှတ်ရမယ်။ **ဒီ**အတ္တဒိဋ္ဌိရောပြီး လုပ်နေတာနဲ့ မောင်သစ်ရေ နိဗ္ဗာန်မရဘူး.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

နောက်က တကာတကာမတွေ ဘာ ရောနေလို့ပါလိမ့်.... (အတ္တဒိဋ္ဌိရောနေလို့ပါဘုရား)။

အတ္တဒိဋ္ဌိရောပြီးသကာလနေတဲ့အတွက် ဒါနလုပ်ပြန်လဲ ဒါန လုပ်ခဲ့လို့ ဒါနအကျိုးဆက်ကြည့်လိုက်ပြန်လဲ ခန္ဓာတွေ ပေါ်နေတာက အထင်အရှားဘဲ....(မှန်ပါ့)။

သီလဆောက်တည်ခဲ့လို့ အခုတိုင်တိုင် ဦးဘသန်းတို့၊ ဦးကျော် မောင်တို့၊ မောင်သစ်တို့ အသက်ရှည်လာခဲ့ကြတာ။ မွေးတုန်းက ကလလရေကြည်က မသေခဲ့ပါဘူး....( မှန်ပါ့) ပြင်ဘက် ရောက်

တော့ သူငယ်နာနဲ့လဲ မသေခဲ့ပါဘူး.... ( မှန်ပါ ) သီလတန်ခိုးကြောင့် အသက်ရှည်လာကြတယ်ဆိုတာလဲ အပေါ်လွင်သွားဘဲ၊ မပေါ်လွင်ဘူးလား....(ပေါ်လွင်ပါတယ်ဘုရား)။

သမထမလုပ်ဘူး ဘူးဆိုရမှာကလဲ ကမ္ဘာပျက်ပေါင်း ဘယ်လောက်တွေ့ခဲ့ကြပလဲ....(များလှပါပြီဘုရား)။

ကမ္ဘာပျက်တိုင်း-ပျက်တိုင်းလဲ များသောအားဖြင့် ဗြဟ္မာ့ပြည်သာ လားနေကြတယ်ဆိုတာ မောင်ချစ်စိန် သမထ လုပ်ဘူးတာ သေချာတယ်....(မှန်ပါ)။

ဒါန, သီလ, သမထတွေ စုံအောင် လုပ်ဘူးပါလျက်သားနဲ့ ခန္ဓာသိမ်းတဲ့နိဗ္ဗာန်၊ ကိလေသာသိမ်းတဲ့ နိဗ္ဗာန်ကြီး မရောက်ခဲ့ကြတာကဖြင့် ဒီ အထဲမှာ အနှောက်အယှက်ပါလို့ဘဲ.... ( မှန်လှပါဘုရား)။

တွေ့ကြပလား....(တွေ့ပါပြီ) အနှောက်အယှက် ဘယ်သူတုံးဆိုတာကော ပေါ်ကြပလား....(ပေါ်ပါပြီ) အတ္တဒိဋ္ဌိ.... (မှန်လှပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်သူပါလိမ့်....(အတ္တဒိဋ္ဌိပါဘုရား)။

အလှူထဲလဲ ငါ-ဝင်ရှုပ်နေတာဘဲ....( မှန်ပါ ) သီလထဲလဲ.... (သူဘဲ ဝင်ရှုပ်နေပါတယ်ဘုရား)။

အဲ....အတ္တဒိဋ္ဌိဝင်ရှုပ်နေတာဘဲ။ သမထထဲမှာကော.... ( အတ္တဒိဋ္ဌိဝင်ရှုပ်ပါတယ်ဘုရား)။

အတ္တဒိဋ္ဌိဝင်ရှုပ်နေတော့ ဟိုဟာတွေက အဖြောင့်သွားချင်ငြားသော်လဲ ကန့်ကွက်တဲ့တရားကြီးနဲ့ တွဲလျက်ကြီးဖြစ်နေတော့

ဦးဘသန်းရေ အဖြောင့်သွားလို့ ဖြစ်သေးရဲ့လား.... (မဖြစ်ပါ ဘုရား)။

နို့-သာသနာတွေနဲ့ကော....၊ ဘုရား သာသနာတွေနဲ့ကော-မကြုံဘူးဘူးလားလို့ မေးတော့ ကြုံဘူးခဲ့တယ်....(မှန်ပါ့) ဘုရားတွေလဲ ဒါလောက်များတော့ တဆူမတွေ့ တဆူတွေ့ဆိုသလိုတွေ့တဲ့ ဘုရားတွေသဲ နည်းလှမယ်-မဟုတ်ပါဘူး....(မှန်ပါ့)။

ဘယ့်နှယ်ကြောင့် ဒီတကာတကာမတွေ ဒုက္ခတန်းလန်း၊ အပူမီးတွေ အလောင်မီးတွေနဲ့ တန်းလန်းကြီး ဖြစ်ပြီး သကာလ နေရစ်ခဲ့ရပါလိမ့်မလဲလို့ မေးဘို့ ကြုံလာတော့ ဩော်....ဒါဘုရားတွေလဲ အတ္တဒိဋ္ဌိ- သူကခန္ဓာကိုယ်ထဲ ဝင်တားနေတော့ ဘုရားဟောတာက တခြား သူက တားတာကတဖုံ (မှန်ပါ့) ဒီလိုဖြစ်နေတော့ ဦးကျော်မောင်တို့၊ ဦးဘသန်းတို့ လက်သည်တော့ဖြင့် သူဘဲဆိုတာ သေသေချာချာ မိထားတယ်-(မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ လက်သည်ဖမ်းမိကြပလား.... (ဖမ်းမိပါပြီ) ဘာတွေ့ပါလိမ့်.... (အတ္တဒိဋ္ဌိတွေ့ပါတယ်ဘုရား)။

အတ္တဒိဋ္ဌိဆိုတာ မသိဘဲနေကြမှာ စိုးပါတယ်၊ ငါ- ငါ့ဥစ္စာဆိုတာပါဘဲ....(မှန်ပါ့)ခန္ဓာကိုယ်ကိုငါ၊ ခန္ဓာကိုယ်လုပ်ကိုင်ထားတဲ့ ပစ္စည်းတွေ ငါ့ဥစ္စာ....(မှန်ပါ့ဘုရား)။

ငါ-ငါ့ဥစ္စာဆိုတဲ့ အတ္တဒိဋ္ဌိကတားနေတဲ့ အတွက်တဲ့ ဘုရားနဲ့တွေ့လဲ သူကမဂ်ဉာဏ်ဖိုလ်ဉာဏ် တားနေတာဘဲ .... (မှန်ပါ့) ဒါနထဲလဲ သူဝင်ရှုပ်ပြီးသကာလ နိဗ္ဗာနပစ္စယော လုပ်ငြား သော်လဲ တားလိုက်တာဘဲ....(မှန်ပါ့) သီလထဲမှာလဲ သူဝင်ရှုပ်

ပြီး ဘာတုံး- (တားပါတယ်)သမထထဲလဲ သူဝင်ရှုပ်ပြီးသကာလ (တားပါတယ်ဘုရား)တားတာဘဲ။

ဒါဖြင့် .... ဒါန.... အပြစ်လဲ .... မရှိဘူး ....၊ သီလ .... အပြစ်လဲမရှိဘူး၊ သမထ အပြစ်လဲမရှိဘူး၊ ဦးကျော်မောင်ရေ- အတ္တဒိဋ္ဌိက ဝင်တားတားနေလို့ အလုံးစုံထဲ သူဝင်ရှုပ်နေတဲ့ အတွက် ကျုပ်တို့ ခင်ဗျားတို့ ခန္ဓာဒုက္ခသစ္စာကြီးကို ထမ်းပိုးနေရတယ်....(မှန်ပါ့ဘုရား)။

သူ့လဲထမ်းရသေးရဲ့ သူ့ထဲကပေါ်တဲ့ ကိလေသာတွေက သူ့ဘဲလောင်တာဘဲ....(မှန်ပါ့) မလောင်ဘူးလား .... (လောင်ပါတယ်ဘုရား)။

မီးနဲ့ထင်း တွဲလျက်ကြီးဖြစ်ပြီးသကာလ နေရစ်ခဲ့ရတဲ့ဥစ္စာ ယနေ့ည လက်သည်ဖမ်းပေးလိုက်တဲ့ အခါကျတော့ တကာ တကာမတွေ ပေါ်သွားပါပြီ....(ပေါ်ပါပြီ) ဘာတွေ့သတုံး .... (အတ္တဒိဋ္ဌိတွေ့ပါတယ်ဘုရား)။

အတ္တဒိဋ္ဌိဘဲ တွေ့တယ်ဆိုတာ လေးလေးစားစား မှတ်ကြပါ- (မှန်ပါ့)နို့ အတ္တဒိဋ္ဌိကလဲ....တဲ့၊ သာသနာပမှာ မင်းမူနေတယ်၊ ဒါကလေးမှတ်လိုက်စမ်းပါ....(မှန်ပါ့) သာသနာမရှိတဲ့ပုဂ္ဂိုလ်မှာ မင်းမူနေတယ်....(မှန်ပါ့ဘုရား)။

သေသေချာချာ မှတ်စမ်းပါ၊ ဘာတဲ့တုံး .... (သာသနာမရှိတဲ့ ပုဂ္ဂိုလ်မှာမင်းမူနေပါတယ်)။

အဲ....သာသနာပမှာ မင်းမူနေတာဘဲ.... ( မှန်ပါ့ )အတ္တဒိဋ္ဌိဟာ ဘုရင်ကြီးလုပ်နေတာဘဲ .... (မှန်ပါ့) ဘယ်ပုဂ္ဂိုလ် မဆိုကွ ထွက်ရပ်လမ်း မပေါက်အောင် ငါရွက်ဆောင်နေတာဘဲ .... (မှန်ပါ့ဘုရား)။

ဒါလောက်ထိအောင် သာသနာပမှာ မင်းမူနေတယ်ဆိုတဲ့ ဥစ္စာ တကာတကာမတွေ တွေ့ကြပလား....(တွေ့ပါပြီ) ဘယ်သူ ပါလိမ့်....(အတ္တဒိဋ္ဌိပါဘုရား)။

အတ္တဒိဋ္ဌိ၊ ငါ-ငါ့ဥစ္စာနော်၊ ကိုယ့်ကိုယ်ကြီး ငါထင်တယ်၊ သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်ကိုယ်ကြီး ငါထင်တာရယ်၊ ကိုယ်ရှာထားတဲ့ ပစ္စည်း ကိုယ့်သားသမီး-ငါ့ဥစ္စာထင်တာရယ်....(မှန်ပါ့) အဲဒီ့အတ္တဒိဋ္ဌိ နှစ်ခုက အတ္တနှင့်အတ္တနိယ၊ သူတို့နှစ်ခု ဝင်တားလိုက်တာနဲ့ ဘုရားတရားမဟောလို့ ကျုပ်တို့နိဗ္ဗာန်မရသည်မဟုတ် (မှန်ပါ့) ဘုရားတရား မနာရလို့ နိဗ္ဗာန်မရသည်မဟုတ်....(မှန်ပါ့) ဒါန သီလ သမထတွေ မလုပ်ဘူးလို့ နိဗ္ဗာန်မရသည်မဟုတ်....(မှန်ပါ့) အတ္တဒိဋ္ဌိကို ကျုပ်တို့အရေးတကြီး မဖြုတ်မိလို့ မရတာဘဲ .... (မှန်ပါ့ဘုရား)။

အတ္တဒိဋ္ဌိကို အရေးတကြီးမဖြုတ်မိတဲ့အတွက် ကျုပ်တို့သည် ဘုရားတရားနာရလဲ ဒိဋ္ဌိကဝင်တားလိုက်တာဘဲ....(မှန်ပါ့)ဒါန သီလ သမထတွေ လုပ်ပြန်တော့လဲ .... (ဒိဋ္ဌိက တားပါတယ် ဘုရား)။

ဒိဋ္ဌိ ဘဲ ဝင်တားပြီးနေတော့ ဘုန်းကြီးတို့ တကာတကာမ တွေမှာတဲ့ ခုထက်တိုင်တိုင် ခန္ဓာ့ဒုက္ခ ကိလေသာဒုက္ခကို ခံရ လျက်ဘဲ....(မှန်ပါ့ဘုရား)။

ခန္ဓာ့ဒုက္ခလဲ ခံလျက်ဘဲ....(မှန်ပါ့) ကိလေသာလောင်မြိုက်တဲ့ အပူကြီးလဲ ကျုပ်တို့သည် ကိုင်နေရတာဘဲ....(မှန်ပါ့ဘုရား)။

တခါတလေများ တကာတကာမတွေ သားပူ သမီးပူ ဆွေပူ မျိုးပူတွေများလို့ ရှုပ်ပြီးသကာလ ထမင်းမစား ဟင်းမစားများ

ဖြစ်လာလိုက်သေး....(မှန်ပါ့) ဒီကိလေသာပူတွေကလဲ လောင်လျက်ဘဲနော်....(မှန်ပါ့ဘုရား)။

ခန္ဓာကြီးကလဲ နာလိုက်, ကျင်လိုက်, ကိုက်လိုက်, ခဲလိုက်, အိုလိုက်,သေလိုက်၊ ရောဂါတွေ ဟူသ၍ လက်ခံလိုက်နဲ့၊ ဒီဒုက္ခကြီး နှစ်ခု ကိလေသာညှဉ်းဆဲတဲ့ဒုက္ခ၊ခန္ဓာချင်းခန္ဓာနှိပ်စက်နေတဲ့ဒုက္ခ၊ တခန္ဓာက တခန္ဓာကို နှိပ်စက်နေတဲ့ဒုက္ခ ... (မှန်ပါ့) အဲဒါတွေ ခုထက်တိုင်တိုင် လက်ရှိကိုယ်တွေ ကိုယ့်ကိုယ်တိုင် ခံနေရတဲ့အဖြစ်ဟာ တကာတကာမတို့ ဘုရားနဲ့လဲလွဲခဲ့၊ဩော်....လက်သည်ယနေ့ည ဆရာဘုန်းကြီး ဖမ်းပေးတော့မှ အတ္တဒိဋ္ဌိတဲ့....(မှန်ပါ့) သူတားနေတာ....(မှန်ပါ့ဘုရား)။

ဦးဘသန်းကြီး ဘာပါလိမ့်.... (အတ္တဒိဋ္ဌိကတားနေတာပါ) နောက်က တကာတကာမတွေ ဘာတဲ့တုံး (အတ္တဒိဋ္ဌိကတားနေတာပါဘုရား)။

အတ္တဒိဋ္ဌိဆိုတာ ခန္ဓာကိုယ်ကို ငါထင်တာနော်.... (မှန်ပါ့)

ခန္ဓာကိုယ် ရုပ်နာမ်ဖြစ်ပျက်ကို ဘာထင်သတုံး....(ငါထင်ပါတယ်)ခန္ဓာကိုယ်က ပွားလာတာကျတော့....(ငါ့ဉစ္စာလို့ထင်ပါတယ်)ငါ့ဉစ္စာထင်တယ်။

မောင်ချစ်စိန် ဒီနှစ်ခုတားနေတာ....( မှန်ပါ့ )နောက်က တကာတကာမတွေ အတ္တနဲ့ အတ္တနိယ တားလိုက်ပါတယ် ....(မှန်ပါ့)မြန်မာလို ပြန်ပါဆိုတော့ ငါ-ငါ့ဉစ္စာနှစ်ခုကတားလိုက်တာဘဲ....(မှန်ပါ့ဘုရား)။

မယုံယင် အိမ်ပြန်ကြည့်ပါ တကာ့တကာမတို့၊ ငါမရှိယင် အို-ဒီလိုဖြစ်ကုန်တာဘဲဆိုတော့ ငါမရှိယင် ဆိုကတည်းက ကိုယ့်ကိုယ်- ကိုယ်မှာ ငါထားသည်....(မှန်ပါ့ဘုရား)။

ငါမရှိယင် ငါ့ဥစ္စာတွေဟာ အကုန်စာရင်းတွေနဲ့ တကွအလုံးစုံတွေဟာ ဘာမှ မစေ့စပ်တော့ဘူး ဆိုတော့ ငါ့ဥစ္စာတွေလဲစွဲတယ်၊ ငါလဲလုပ်-ငါ့ဥစ္စာလဲလုပ်ကြသေးတယ်(မှန်ပါ့)။

ခင်ဗျားတို့ အိမ်ပြန်တဲ့အခါ ဒါ ငါမရှိယင် ဆိုကတည်းက ဒီက စ,လာတယ်....(မှန်ပါ့)မစ,ဘူးလား....(စ,ပါတယ်ဘုရား)။

ငါ မရှိယင်ဆိုတော့ ငါက စိတ်ကိုစွဲထားတယ်....( မှန်ပါ့ ) မရှိယင်ဆိုတဲ့ဥစ္စာကအတ္တနိယကလေးအကြောင်းပြောတော့မလို့ (မှန်ပါ့) ငါ့ဥစ္စာအကြောင်း ပြောတော့မလို့ဆိုတော့ ငါနဲ့ ငါ့ဥစ္စာဟာ တကာ့တကာမတို့တွဲလျက်ကြီးပါကလား.... (မှန်ပါ့ဘုရား)။

ငါရှိလို့ ငါ့ဥစ္စာရှိနေတယ်....(မှန်ပါ့) ငါရှိလို့.... (ငါ့ဥစ္စာရှိနေပါတယ်) မောင်သစ်တို့ ပြန်ယင်လဲ ညည်းချင်ညည်းမယ်၊ ဦးကျော်မောင်တို့ ပြန်ယင်လဲ ညည်းချင်ညည်းမယ်၊မင်းတို့ကွာ.... ငါမရှိယင် ဒီလိုချည့်ဘဲ....(မှန်ပါ့ဘုရား)။

ငါမရှိယင်ဆိုတဲ့ ဥစ္စာကတော့ အတ္တဒိဋ္ဌိနော်....(မှန်ပါ့) ဒီလိုချည့်ဘဲလို့ ရှေ့သွားမည့်တရားက ဘာပါလိမ့်.... (အတ္တနိယပါဘုရား) အတ္တနိယသဘောကို သူဆွဲပြောနေတာ .... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အိမ်မှာ အမှိုက်ကလေး ရှုပ်နေလို့ ရှိယင်လာပြီ၊ ငါကအယင် လာတယ်....(မှန်ပါ့) ငါမရှိလို့ ရှိယင် ရှုပ်ပွေနေတာဘဲ ဆိုတော့ ငါ့ဉစ္စာပေါ်မှာ ရှုပ်နေတာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေ အိမ်ဝင်ယင် ဘယ်သူဦးစီး ဝင်ကြသတုံးဆိုတဲ့ အဓိပ္ပါယ်လဲ ပေါ်သွားပြီ.... (ပေါ်သွားပါ ပြီ)ဘယ်သူဦးစီးဝင်သတုံး .... (အတ္တဒိဋ္ဌိဦးစီးဝင်ပါတယ်ဘုရား)။

အတ္တက ဦးစီးတော့ အတ္တနိယက တခါတည်းပါသွားတယ်- (မှန်ပါ့) ငါ-ငါ့ဉစ္စာ....(မှန်ပါ့ဘုရား)။

ဩော်.... ဒါဖြင့် အိမ်ကနေသွားတော့မယ် ဆိုပြန်တော့လဲ ခင်ဗျားတို့က ဘယ့်နှယ် နှုတ်ဆက်ကြသတုံးဆိုတော့ ငါသွား ဦးမယ်....(မှန်ပါ့ဘုရား)။

ဟော....အတ္တနဲ့ ကိုယ့်ခန္ဓာကြီး ငါထင်ပြီးသကာလ တကယ် ငါထင်တာနော်....(မှန်ပါ့)ငါသွားဦးမယ်....တဲ့၊ အဲဒီတော့စိဘ်ချ လက်ချနေရစ်ဆိုတော့ ငါ့ဉစ္စာကစိတ်ချလက်ချ နေရစ်-(မှန်ပါ့) ငါ-ငါ့ဉစ္စာ နှစ်ခုနဲ့ နှုတ်ဆက်တယ်....(မှန်ပါ့ဘုရား)။

ဖြစ်မှ- ဖြစ်ရလေထဲ ကျနေပြီ .... ( မှန်ပါ့ ) နေတုန်းကလဲ ဘာနဲ့ နေကြသလဲ....( ငါနဲ့ နေပါတယ် ) ငါ့,ငါ့ဉစ္စာ နှစ်ခုနဲ့ ခင်ဗျားတို့ အဖေါ်လုပ်နေတယ်.... ( မှန်ပါ့ ) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

တနေရာက တနေရာကို မလွဲသာလို့ သွားတော့မယ် ဆိုတော့ လဲ ဘယ်လိုများ သွားလေ့ရှိပါလိမ့်.... (ငါ့ ငါ့ဉစ္စာနဲ့သွားပါ တယ်) ငါ သွားဦးမယ်ကိုး၊ ဟုတ်လား....(မှန်ပါ့ဘုရား)။

**အဲ**ဒီတော့ ငါမရှိယင် ငါ့ဥစ္စာတွေစိတ်ချပါရစေနော် ဆိုပြီး တော့ ငါ့ဥစ္စာတွေဘက် လက်ညှိုးထိုးထိုးနေတယ် .... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ခင်ဗျားတို့ဟာ နေပြန်လဲ ဒီတရားနဲ့ ငါနဲ့အဖော် လုပ်နေတယ်၊ မဟုတ်ဘူးလား....(မှန်ပါ့) သွားပြန်တော့ကော (ငါနဲ့အဖော်လုပ်နေပါတယ်)ငါနဲ့ အဖော်လုပ်ပြီးထွက်တယ် ဆိုတော့ ဘယ်မှာ နိဗ္ဗာန်ရောက်တော့မလဲ....(မှန်ပါ့)ရောက်ဘို့ ကို မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

တကာတကာမတွေ ခင်ဗျားတို့ သာသနာပ ဘုရင်လုပ်နေ တယ်ဆိုတာ ပေါ်ပြီ....( ပေါ်ပါပြီ ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

အခုသာသနာတွင်းသာ သူက၊ ဒါတောင်မှ ဆရာကောင်း သမားကောင်းက နည်းပေးကောင်းမှ၊ဟော့....ခန္ဓာကိုယ်တကိုယ် လုံးဟာ ဖြစ်မှုနဲ့ ပျက်မှုဒုက္ခသစ္စာကြီးရှိတယ်၊ ပြောလဲပြောနိုင် လွန်းလို့၊ ခင်ဗျားတို့ကလဲ တခါတခါ ထ,တကြည့်လိုက်လို့ ရှောင်ရှောင်နေတာသူက....(မှန်ပါ့) ဒီအလုပ်လဲ ရပ်စဲလိုက်ရော တခါတည်း သူရောက်လာတာဘဲ....(မှန်ပါ့ဘုရား)။

ဝိပဿနာအလုပ်လဲ ရပ်စဲလိုက်ပါရော .... (သူရောက်လာတာ ပါဘဲ)မင်းမှုပြန်တာဘဲ....(မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် သာသနာတွင်းတောင် အခိုက်အတန့် လောက် သာ မင်းမမှုတာ မောင်ချစ်စိန်....(မှန်ပါ့) သာသနာပကျတော့ ဘယ့်နှယ်ဆိုကြမယ်.... (အမြဲမင်းမှုပါတယ်) အမြဲမင်းမှုတယ်.... (မှန်ပါ့ဘုရား)။

နောက်က တကာတတာမတွေ ဘယ့်နှယ်တုံး၊ သဘောကျ ရဲ့လား....(ကျပါတယ်ဘုရား)။

ဒါဖြင့် မင်းမူနေတဲ့ တရားကလဲ ဘယ်တရားတုံးလို့သေသေ ချာချာ အကွက်ကျကျ သူ့အရပ်ဆိုးတာသိရအောင် မေးတော့ မှ ခန္ဓာသိမ်း နိဗ္ဗာန် တဏှာငြိမ်း နိဗ္ဗာန်ဆိုတဲ့ နိဗ္ဗာန်တားတာ.... (မှန်ပါ့)ဒီ့ပြင်နေရာ မတားဘူး....(မှန်ပါ့ဘုရား)။

ဒုက္ခရောက်မည့် ဗြဟ္မာပြည် သွားမလား၊ သွားသာသွား ငါမတားဘူးထဲက....(မှန်ပါ့)ဟုတ်ပလား....(မှန်ပါ့ဘုရား)။

နတ်ပြည် အကြိမ်ကြိမ်ခံစားမလား- သွားသာသွား၊ ငါမ တားဘူး....(မှန်ပါ့) သူ့နယ် သူက အာသဝဘဲ....(မှန်ပါ့) ဒိဋ္ဌာ သဝကိုး၊သူ့နယ်ထဲကမှ မထွက်တော့ ဘယ်တားမတုံး....(မှန်ပါ့ ဘုရား)။

အင်မတန် သဘောပါတယ်ဆိုတဲ့ အဓိပ္ပါယ်ကိုလဲ ရှင်းရှင်း လင်းလင်းနားထောင်ပါ....(မှန်ပါ့ဘုရား)။

သူ့နယ်ထဲကဆိုယင်တော့ သူကမတားဘူး....(မှန်ပါ့)သုံးဆဲ့ တဘုံ အိုဘေး,နာဘေး, သေဘေး, ဆီသာ လွတ်ရမယ်ဆိုလို့ရှိ ယင်ဖြင့် လုပ်ကွာ၊ မင်းဒါနလုပ်ပါလား၊ လုပ်သာလုပ်၊ မင်းလုပ် မှ မင်းရမှာ၊ သူကတောင် ဟောလိုက်သေးတယ်.... ( မှန်ပါ့ ) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

သီလလဲ မင်းဆောက်တည်မှ မင်းအသက်ရှည်မှာဆိုပြီးသူက တောင် အားပေးလိုက်သေးတယ်....(မှန်ပါ့) သူက သုံးဆဲ့တဘုံ မထွက်ယင်တော့ ကြိုက်တယ်....( မှန်ပါ့ ) ဒုက္ခပင်လယ်ဝေယင်

ကြိုက်တယ်....( မှန်ပါ့ ) ဒုက္ခနဲ့ ကျွတ်လွတ်သွားမှာတော့ သူ မကြိုက်ဘူး....( မကြိုက်ပါ ) ဘယ်လောက်ဆိုးတဲ့ တရားတုံး.... (မှန်ပါ့ဘုရား)။

အဲဒါ ခင်ဗျားတို့ကလဲ ဘုရင်တဆူလုပ်ပြီး ကိုးကွယ်နေတော့ မောင်ချစ်စိန် သိပ်ခက်ပါကလား.... (ခက်ပါတယ်) ဘုရင်တဆူ လုပ်ပြီး ကိုးကွယ်နေတယ်....(မှန်ပါ့ဘုရား)။

ဘုရင်တဆူလုပ်ပြီး ကိုးကွယ်တယ်ဆိုတော့ ဦးကျော်မောင် တို့က ပြုန်းကနဲမယုံဘူး....(မှန်ပါ့) သေသေချာချာ ဖေါ်ပြော တော့မယ်ဆိုတော့မှ အေး....ငါ့ကိုကျန်းမာအောင် ပြုကြ စုကြ၊ ငါရှိမှ နင်တို့ ငွေဝင်မျေားမှာကိုး....(မှန်ပါ့ဘုရား)။

အံမာလေး....တကယ့်ကို အတ္တဒိဋ္ဌိက ကိုယ်ကိုယ်တိုင် လာပြီး တော့ တခါတည်း မင်းမူနေတာဘဲ....(မှန်ပါ့)သဘောပါပလား (ပါ-ပါတယ်ဘုရား)။

ငါ-ကျန်းမာဘို့ အရေးကြီးတယ်။ ငါ-ကျန်းမာလို့ ရှိယင်ဖြင့် မင်းတို့ နောက်က အသာမေးလိုက်ပြီး စားဘို့ သောက်ဘို့ နေဘို့ ထိုင်ဘို့ ဝတ်ဘို့ဆိုတဲ့ဥစ္စာအလွယ်တကူနဲ့ပြီးသွားတယ်။ အဲဒီတော့ ငါ့ မေတ္တာပို့ကြ....(မှန်ပါ့)။

အံမာလေး....သွားပြီကောဂ္ဂ။ ဒိဋ္ဌိကြီး မေတ္တာ အပို့ ခိုင်း တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒိဋ္ဌိကို ပူဇော်ကြဟေ့....(မှန်ပါ့) ပြောကော မပြောကြဘူး လား....(ပြောပါတယ်ဘုရား)။

အင်း....ဘယ်သူ့ကို ပူဇော်ကြဟေ့ ပြောတာတုံး.... (ဒိဋ္ဌိကို ပါဘုရား)။

အင်း....ကိုယ်ကလဲ ဒိဋ္ဌိ....( မှန်ပါ့ ) ဘေးက ပုဂ္ဂိုလ်တွေက ငါ့ကျန်းမာအောင် မေတ္တာပို့ကြ။ ငါ့ကို ကောင်းကောင်းမွန်မွန် ကျွေးကြ၊ ပြုကြ၊ စုကြ၊ ငါတယောက် ခေါင်းဆောင်နေတာ။ ငါ-ခေါင်းဆောင်လို့ မင်းတို့ ပြောင်နေတာ။ အံမာလေး....မင်းမူနေလိုက်တာ....(မှန်ပါ့)။

မေတ္တာများ ပို့ကြဦးတဲ့။ ကောင်းကောင်း-မွန်မွန် ပြုကြ၊ စုကြဦး....တဲ့။ ဒိဋ္ဌိကို ပူဇော်နေကြတာ....(မှန်ပါ့) ဖေါ်မပြောယင် ခင်ဗျားတို့က ဒါလောက်ရိပ်မိတာမဟုတ်ဘူး....(မရိပ်မိပါဘုရား) အခုတော့ သေချာပလား....(သေချာပါပြီ)။

အေး....ကွာ....မင်းတို့ ဘာပူစရာရှိသတုံး။ သူများချော့ချင်မော့ချင်ပြန်လို့ ရှိယင်လဲ။ ငါရှိနေတာဘဲ တဲ့ ....( မှန်ပါ့ ) အံမာ....လာပြန်ပြီ....(မှန်ပါ့) ဟင်....မောင်သစ် မလာဘူးလား (လာပါတယ်ဘုရား)။

သူများ ချော့ချင် မော့ချင်လို့ သနားတဲ့ စိတ်ကလေး.... သနားတဲ့ဥစ္စာ ကရုဏာ....(မှန်ပါ့)ကရုဏာဟာ ဗြဟ္မာ့ပြည်လားနိုင်တယ်....(မှန်ပါ့) ဗြဟ္မာ့ပြည်လားနိုင်တယ်။ မေတ္တာ ကရုဏာ မုဒိတာ-ဆိုတဲ့ တရားတွေဟာ တရားကောင်းတွေဘဲ။ သို့သော်လဲ တဲ့....။ ငါက တန်းလန်းဖြစ်နေတော့ ဒိဋ္ဌိက ရှုပ်လျက်ဘဲ....(မှန်လှပါဘုရား)။

ဘယ့်နှယ်နေသတုံး....(ဒိဋ္ဌိက ရှုပ်လျက်ပါဘဲ ဘုရား)။

ဒိဋ္ဌိက ရှုပ်ပြီးသကာလနေတော့ တကာတကာမတွေက အခု ဖေါ်ပြောလို့သာ သိတာကိုး....( မှန်ပါ့ ) နို့မဟုတ်လို့ရှိယင် သူ ရှုပ်နေလို့ ဒို့မှာ ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် မရတာ

ပါကလားလို့ မတွေ့ဘူး။ ဒါန သီလ နည်းလို့ မရဘူးဘဲထင်နေတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီနေ့ည အထင်ပြောင်းလိုက်စမ်းပါဦး....(မှန်ပါ့) ဒါန သီလ သမထတော့ ခင်ဗျားတို့ မနည်းပါဘူး....(မှန်ပါ့) သို့သော် ဒိဋ္ဌိဖြုတ်နည်း နိဿယည်းက မရဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒိဋ္ဌိဖြုတ်နည်း နိဿယည်းကလဲ မရတော့ ဘာဖြစ်လို့ မရပါလိမ့်မတုံးမေးတော့ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်၊ စိတ်စဉ်တွေသာဖြစ်၍ စိတ်စဉ်ချုပ်တယ်၊ ရုပ်စဉ်ဖြစ်၍ ရုပ်စဉ်ချုပ်တာကို ပဋိစ္စသမုပ္ပါဒ်သူက နားမလည်ဘဲ ဖြစ်သွားတယ်....( မှန်ပါ့ ) ပေါ်ပလား....(ပေါ်ပါပြီ)။

စိတ်စဉ်တွေ တခုပြီးတခု ဖြစ်တာလဲ....(နားမလည်ပါဘုရား) နားမလည်ဘူး။ ရုပ်တွေ တခုပြီးတခုဖြစ်လို့ တခုချုပ်တာတွေကော....(နားမလည်ပါဘုရား)။

ဒါဖြင့် ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နားမလည်မှုကြောင့် ဒီဒိဋ္ဌိလာတာဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာ, နားမလည်လို့လဲ....(ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ပါ ဘုရား)။

အင်း....ခက်ပါသေးတယ်။ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နားမလည်သ၍ ကာလပတ်လုံးလဲ မောင်သစ်တို့က မလိုက်ဘဲ။ ဘယ်တော့မှ ဒိဋ္ဌိမပြုတ်....(မှန်ပါ့) ပေါ်တာကို ငါ့လုပ်တော့မှာဘဲ.... ( မှန်ပါ့ ဘုရား )။

တဏှာလာလဲ....ငါလိုချင်တယ်။ ဥပါဒါန်လာလဲ ငါမရမနေနိုင်ဘူး....(မှန်ပါ့) ကဲ....ဟုတ်ပလား.... (မှန်ပါ့) ကံ-လာပြန်တဲ့အခါလဲ ငါ့ကြိုးစားရဦးမယ်။ ကံ-ကိုလဲ ငါ့လုပ်ပစ်တာဘဲ....(မှန်ပါ့) တဏှာကော....(ငါ့လုပ်ပစ်ပါတယ်ဘုရား) ဥပါဒါန်ကော....(ငါလုပ်ပစ်ပါတယ်ဘုရား)။

မျက်လုံးဘက်က ခုနင်က သဠာယတန ကြည့်လိုက်ပြန်တော့လဲ ငါမြင်တယ်....တဲ့....(မှန်ပါ့) နားစိတ်ကို ငါ့ကြားပါတယ်-တဲ့....(မှန်ပါ့)။

ဘယ်မှာတုံး ပဋိစ္စသမုပ္ပါဒ်တွေ ပေါ်သ၍ကို ခင်ဗျားတို့က ပဋိစ္စသမုပ္ပါဒ်နားမလည်တော့ နာမ်ရုပ်တွေ အစဉ်အတိုင်းဖြစ်ပြီးနေတာကို အကုန် ငါ့လုပ်ချင်တယ်....(မှန်ပါ့) မလုပ်ဘူးလား-(လုပ်ပါတယ်ဘုရား)။

နာမ် ရုပ်တွေ အစဉ်အတိုင်းဖြစ်တာကို.... (ငါလုပ်ပါတယ်) အကုန် ငါ့လုပ်ပြီးသကာလ နေကြတော့ တနေ့လုံးချေးထဲမျောနေတဲ့ အချိန်များ အို....မောင်သစ်တို့ ဘယ်သူ မင်းမူနေသတုံး-(အတ္တဒိဋ္ဌိမင်းမူနေပါတယ်) သေချာပလား.... ( သေချာပါပြီဘုရား )။

အိမ်မှာ လူကြီး-လူကောင်း လုပ်ပြီးသကာလမှ သားတွေ၊ သမီးတွေ ကိုယ့်ချွေးရုံတွေများ ဆုံးမပြီးသကာလ ငါ့ပြောတာနားမထောင်ကြလို့ ရှိယင် ခက်ကြလိမ့်မယ်.... နော်....။ လူကြီး-သူမသုံတွေ့ကလဲ ငါထဲကကို မထွက်ဘူး....( မှန်ပါ့ ) ဒါဘဲလာတာဘဲ....( မှန်ပါ့ ) သဘောပါကြရဲ့လား.... ( ပါ-ပါတယ်ဘုရား )။

ဒါဖြင့် ခင်ဗျားတို့ ဆုံးမတဲ့အချိန်မှာလဲ သူတပါးအကောင်း ပြောနေတဲ့ အချိန်မှာလဲ ကိုယ်ကသာ အကောင်းပြောနေတယ်၊ မဂ်တား-ဖိုလ်တား ဒိဋ္ဌိက မင်းမှုလျက်ဘဲ....(မှန်ပါ) မဟုတ်ဘူး လား....(ဟုတ်ပါတယ်ဘုရား)။

ကုသိုလ်မရဘူးလား....( ရပါတယ်ဘုရား ) သူများဆုံးမတာ ဘဲ....( ကုသိုလ်တော့ အင်မတန်ရပါတယ် ) ရပင်ရငြားသော်လဲ ခင်ဗျားတို့ ရတဲ့ ကုသိုလ်က နိဗ္ဗာန်ရတဲ့ကုသိုလ်မဟုတ်ဘူး၊ သုဂတိ လည်ရမည့် ကုသိုလ်ဖြစ်နေတယ်....(မှန်ပါ) အတ္တဒိဋ္ဌိက ဝင်တား တာကိုး... (မှန်ပါ)။

တကာတကာမတို့ ပေါ်ကြပလား.... (ပေါ်ပါပြီ) အင်း.... ခင်ဗျားတို့ အိမ်မှာ ဘယ်သူမင်းမှုနေသတုံး....(အတ္တဒိဋ္ဌိမင်းမှုနေ ပါတယ်ဘုရား)။

အတ္တဒိဋ္ဌိမင်းမှုနေတယ်ဆိုတော့ ဒီအိမ်မှာလဲ အတ္တဒိဋ္ဌိမင်းမှု တယ်။ ဟို-အိမ်မှာလဲ....(အတ္တဒိဋ္ဌိမင်းမှုတာပါဘဲဘုရား)။

ကဲ....ဦးဘသန်း ဘယ့်အိမ်များ နိဗ္ဗာန်ရောက်စရာ မြင်သေး သတုံး....(မမြင်ပါဘုရား) မမြင်တော့ဘူး၊ ရှင်းပြီနော်....(မှန်လှ ပါဘုရား)။

အဲဒီတော့ ဒီတကာတကာမတွေမှာ....ခုနင်က စကားကိုပြန် နိဂုံးချုပ်ကြစို့၊ မောင်သစ်.... ( မှန်ပါ ) ဒါနမရှိလို့ နိဗ္ဗာန် မရောက်တာလဲ မဟုတ်ဘူး....(မှန်ပါ) သီလမရှိလို့.... ( နိဗ္ဗာန် မရောက်တာလဲ မဟုတ်ပါဘုရား ) သမထမရှိလို့.... ( နိဗ္ဗာန် မရောက်တာလဲ မဟုတ်ပါဘုရား ) နိဗ္ဗာန်မရောက်တာ မဟုတ် ပါဘူး။ ဒီအထဲ ရောနေတဲ့ အတ္တဒိဋ္ဌိမဖြုတ်တတ်တာနဲ့ နိဗ္ဗာန်

မရောက်ဘဲ ဖြစ်သွားတယ်....(မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဒီထဲမှာ ရောနေတဲ့....( အတ္တဒိဋ္ဌိမဖြုတ်တတ်လို့ပါဘုရား ) အတ္တဒိဋ္ဌိမဖြုတ်တတ်တာနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ ဒီ.... တဲ့.... ဘုရား အဆူဆူတွေပြီး လွဲရတဲ့ဥစ္စာ အတ္တဒိဋ္ဌိ မပြုတ်လို့.... (မှန်ပါ့)။

လွဲတာကလဲ လွဲချင်းကြီး လွဲတာတွေကလဲ အတ္တဒိဋ္ဌိမပြုတ်လို့....(မှန်ပါ့) တွေ့ပြီးလွဲရတာလဲ....( အတ္တဒိဋ္ဌိမပြုတ်လို့ပါ ) ဒါ နှစ်ချက်မှတ်ပါ.... (မှန်ပါ့) စကားတခွန်းတည်းလို့ မယူလိုက်ပါနဲ့....(မှန်ပါ့ဘုရား)။

မတွေ့ရတဲ့ ဘုရားတွေနဲ့ အလွဲကြီးလွဲရတာကော .... (အတ္တဒိဋ္ဌိမပြုတ်လို့ပါ)ဒါကျတော့ ခုနင်က အတ္တဒိဋ္ဌိကြောင့် အပါယ်ရောက်နေတာကိုး....(မှန်ပါ့) တွေ့နိုင်ပါဦးမလား .... (မတွေ့နိုင်ပါဘုရား)။

တွေ့လျက်နဲ့ လွဲတာကလဲ ဝမ်းထဲမှာ အတ္တဒိဋ္ဌိအပင်းကြောင့် (မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်နှစ်လွဲနဲ့ကြုံခဲ့သလဲ.... (နှစ်လွဲနဲ့ကြုံခဲ့ပါတယ်) ပေါ်လောက်ပါပြီ၊ ဒါလောက်ဆိုလို့ ရှိယင်နေဘ် .... (မှန်ပါ့)တွေ့လွဲလဲဟုတ်ပါတယ်၊ ဟုတ်လား....(မှန်ပါ့)မတွေ့လွဲလဲ....(ဟုတ်ပါတယ်)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဘယ်သူသည်အများဆုံး အကြီးအကျယ်ဆုံးတွေ့လွဲကို လုပ်ပါသတုံး၊မတွေ့လွဲကိုလုပ်ပါသတုံး၊ သုံးဆဲ့တဘုံထဲချာချာပတ်အောင်ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး

အတိုင်း အတိတ်,ပစ္စုပ္ပန်၊ပစ္စုပ္ပန်, အနာဂတ် အဝိုင်းကြီးလှည့်ပြီး အပြေးစိုင်းနေတာလဲ ဩော်....အတ္တဒိဋ္ဌိဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သဘောပါကြပလား....(ပါ-ပါပြီ)ဘာပါလိမ့် .... (အတ္တဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တအိမ်လုံး မင်းမူနေတာလဲသူဘဲ .... (မှန်ပါ့)တမြို့လုံး မင်းမူနေတာကော....(သူပါဘဲ)အဲ....သုံးဆဲ့တဘုံ မင်းရှာလိုက်တဲ့ အခါကျတော့ဖြင့် သူဘဲတွေ့တယ် .... (မှန်ပါ့ဘုရား)။

သုံးဆဲ့တဘုံ မင်းမူနေတာ ဘယ်သူပါလိမ့်....(အတ္တဒိဋ္ဌိပါဘုရား)မောင်ချစ်စိန် မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ပေါ်ပြီ၊ နောက်က တကာတကာမ တွေကော ရှင်းကြရဲ့လား .... (ရှင်းပါတယ်) ဘယ်သူများ မင်းမူနေသတုံး....(အတ္တဒိဋ္ဌိမင်းမူနေပါတယ်ဘုရား)။

သူကလဲ သုဂတိတားသလား၊ ဗြဟ္မာပြည်တားသလား .... (မတားပါ)နိဗ္ဗာန်တခုဘဲ တားတယ်....(မှန်ပါ့ဘုရား)။

ဦးသဘန်း ဘာတားသလဲ.... (နိဗ္ဗာန်တခုဘဲ တားပါတယ်) ဒီ့ပြင်နေရာ သူတားကို မတားဘူး... (မှန်ပါ့ဘုရား)။

ကိုင်း....ဒီ့ပြင်နေရာတွေ မတားနိုင်ပါဘူးတဲ့၊ တကယ့်ချက်ကောင်းမှ ဝင်တားတယ်လို့ဆိုတာ တကာတကာမတွေမှတ်စမ်းပါ....(မှန်ပါ့ဘုရား)။

ဘယ်နေရာတားသတုံး....(နိဗ္ဗာန် တားပါတယ်) နိဗ္ဗာန်ကျမှ တားတယ်၊ ဗြဟ္မာပြည်သွားမလား၊ ငါတောင် လိုက်ခဲ့ဦးမယ်

ထဲက....(မှန်ပါ့) အားပေးလိုက်တဲ့ဖြစ်ခြင်း၊ မဟုတ်ဘူးလား ....(မှန်ပါ့ဘုရား)။

ဟိုဗကပြဟ္မာကြီးများ စဉ်းစားကြည့်ပါလား၊ နာပြီးရတဲ့ ခန္ဓာကို နိဗ္ဗာန်လို့တောင် ပြောနေတယ်....(မှန်ပါ့)ဘယ်တော့မှ မအိုဘူးတဲ့၊ ဘယ်တော့မှ မနာဘူးတဲ့၊ ဘယ်တော့မှ မသေဘူးတဲ့၊ အဲဒါကြောင့် နတ်ပြဟ္မာခန္ဓာဟာ နိဗ္ဗာန်တဲ့ ....(မှန်ပါ့) ဒိဋ္ဌိကြီး မင်းမူနေလိုက်တာ....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေမှာလဲတဲ့ ဩဘ် ....နင်တို့ ငါ့ရှိတုန်း လူလားမြောက်အောင်လုပ်ကြ၊ အံ့မာဒိဋ္ဌိက....( မှန်ပါ့ ) ဘာတဲ့တုံး(ငါရှိတုန်းလူလားမြောက်အောင် လုပ်ကြပါတဲ့ပါ)။

မောင်သစ်တို့ ပြောဘူးရဲ့လား....(ပြောဘူးပါတယ်) အံ့မာသူရှိတုန်းကို လူလားမြောက်အောင်လုပ်ပါတဲ့(မှန်ပါ့)နို့မဟုတ် ငယ်သားတွေ တော်တော်ကြာ မျက်စိမပွင့် မျက်စိ မလင်းနဲ့သူများ အလိမ်အကောက်တွေ ခံရပြီး ဆုံးရှုံးခြင်း ဖြစ်နိုင်ပါ လိမ့်မယ်များ တခါတည်း ဒိဋ္ဌိကမင်းမူနေလိုက်တာ၊တခါတလေ အပြင်ထွက်ပြလိုက်သေးတယ်....(မှန်ပါ့)မပြဘူးလား .... (ပြပါတယ်ဘုရား)။

အပြင်ထွက်ပြတယ်ဟော့၊ မင်းတို့ ငါမရှိသိလိမ့်မယ် ....နော်၊ အံ့မာ တခါတလေ အပြင်ထွက်ပြတယ်....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီလိုပြောမိကြသေးရဲ့လား....( ပြောမိပါတယ် ) ဘယ်သူမင်းမူတာကုံး....(ဒိဋ္ဌိမင်းမူတာပါဘုရား)။

ဝမ်းထဲ ဒါန သီလလုပ်တုန်းတွင် မင်းမူတာမဟုတ်ဘူး၊ ပြင်ဘက်များ ထွက်ပြီးသကာလ သူကလက်ခမောင်း ခတ်ပြလိုက်သေးတယ်....(မှန်ပါ့) ငါမရှိ သိရစ်လိမ့်မယ်.... (မှန်ပါ့ဘုရား)။

ဟ....ဘာဖြစ်တာတုံး....(မင်းမူတာပါ)မင်းမူတာက အတွင်းတွင် မင်းမူနေသလား၊ အပြင်ဘက်ထွက်ပြီး သကာလ လက်ခမောင်းခတ်ပြတာလား.... (အပြင်ဘက်ထွက်ပြီး လက်ခမောင်းခတ်ပြတာပါ)အဲ....ငါမရှိသိလိမ့်မယ်ကိုးဗျ .... (မှန်ပါ့) ပြောမိကြသလား....(ပြောမိပါတယ်ဘုရား)။

အင်း....ငါမရှိ သိလိမ့်မယ်ဆိုတော့ ငါလဲရှိမှာမဟုတ်ပါဘူး၊ ငါလဲ အပါယ်ရောက်တော့မှာဘဲ ဒီအပြောသာ ပြောနေယင် ထင်လဲထင်နေယင်တော့....(မှန်ပါ့) မဟုတ်ဘူးလား .... (မှန်ပါ့ဘုရား)။

ဦးကျော်မောင် ဒီနေ့ ဒိဋ္ဌိတလုံးတည်း အတော်ဆိုးနေပါကလား....(ဆိုးပါတယ်) အဲဒီတော့ မှတ်စရာက ဒီနေ့မှာ သိပ်များများမပါဘဲနဲ့ အကျယ်အဝန်းကို ဂရုစိုက်ပြီး သကာလသြော်....သာသနာပမင်းမူတဲ့ ရှင်ဘုရင်တွေပေါ့....(မှန်ပါ့)တွေ့ပြီနော်....(မှန်ပါ့ဘုရား)။

ဘာပါလိမ့်....( သာသနာပမင်းမူတဲ့ ရှင်ဘုရင်တွေပါပြီ ) ဘယ်သူပါလိမ့်....(အတ္တဒိဋ္ဌိပါ)အတ္တဒိဋ္ဌိ....( မှန်ပါ့ ) တနည်းဒါက ဘုရားကိုသာသနာပထားတဲ့အခါ မင်းမူတယ်.... (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ရှိလျက်သားနဲ့ ဆရာကောင်း သမားကောင်းနဲ့ မတွေ့ဘဲနဲ့ သူတို့မှာ ဒါန,သီလ, လောက်နဲ့

တင်းတိမ်နေတဲ့ပုဂ္ဂိုလ်များမှာ ထို့အတူဘဲ သာသနာပဘဲလို့ သူ (မှန်ပါ့)သူ့လဲ အတ္တဒိဋ္ဌိမင်းမူလျက်ဘဲ....(မှန်ပါ့ဘုရား)။

သာသနာတွင်း ၂၅၀၀-ပျော့ပျော့ ကျန်ပါသေးတယ်။ သို့သော်လဲ သူ့မှာတော့ သာသနာပ ဘဲ....(မှန်ပါ့) ဘာ့မင်းမူနေသလဲ.... (အတ္တဒိဋ္ဌိမင်းမူနေပါတယ်ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘယ်လောက်များ အတ္တဒိဋ္ဌိ အရာကျယ်တယ်ဆိုတဲ့ ဥစ္စာဖြင့် တကာတကာမတို့ အင်မတန်မှ ဆိုးဝါးတဲ့ တရားက အရာကျယ်လိုက်တဲ့ဖြစ်ခြင်း၊ မင်းမူနေလိုက်တဲ့ဖြစ်ခြင်း သူမပါယင် အလုပ်လုပ်လို့ မဖြစ်ဘူး....(မှန်ပါ့)။

သူမပါလို့ရှိယင် ဘယ့်နှယ်တုံး....(အလုပ်-လုပ်လို့ မဖြစ်ပါဘုရား)။

ဘယ်ဖြစ်တော့မတုံးကွ။ မင်းတို့က အိမ်ကဆင်းယင် ငါသွားဦးမယ်-ပြောရတာ....( မှန်ပါ့) သူမပါယင်ကို ခြေသလုံး လှမ်းလို့ မဖြစ်ဘူး....(မှန်ပါ့)။

အင်း....လာခဲ့ပြန်တော့လဲ ရောက်ပြန်ပလား၊ ဟုတ်ကဲ့၊ ကျုပ်ပြန်လာပါပြီဆိုတော့ ကျုပ်နဲ့ ငါနဲ့ဘဲ အယင်သုံးတာ ထူးတာဘဲ....(မှန်ပါ့)။

အိမ်ဝင်လာတော့လဲ သူနဲ့ဘဲ....(မှန်ပါ့) ထွက်သွားတော့လဲ-(သူနဲ့ပါဘဲဘုရား) အလှမ်း လှမ်းပြန်တော့ကော....( သူနဲ့ပါဘဲဘုရား )။

ကဲ....မောင်သစ် ဘယ်အချိန်များ သူမင်းမမူတဲ့အချိန် ပြောစမ်းပါဦး....(မရှိပါဘုရား) ဒါဖြင့် မင်းမပါယင် သူမင်းမူတဲ့

အချိန် သာသနာပ....( မှန်ပါ ) ရှင်းကြပလား....( ရှင်းပါပြီ ဘုရား )။

သူ မင်းမူတဲ့အချိန်....(သာသနာပ-ပါဘုရား) သာသနာပ ဆိုတော့ ဝိပဿနာကလေး ရှုလိုက်လို့ ခန္ဓာကိုယ်ထဲမှာ ဖြစ်မှု-ပျက်မှုကလေး မြင်တဲ့အချိန်လောက်သာ သူက မင်းမမူဘဲနေတာ.... (မှန်ပါ) ဒီ့ပြင် အချိန်မှာတော့....(မင်းမူပါတယ်ဘုရား) မင်းမူနေတာဘဲဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီ)။

အဲဒီတော့ ယနေ့ညဟောတဲ့တရားမှာ သာသနာပ အခြေအနေပေါ်သွားပြီ....(မှန်ပါ) ပေါ်ပလား.... (ပေါ်ပါပြီ)။

သာသနာပ မှာ ရှင်ဘုရင် ဘယ်သူလုပ်နေပါလိမ့်.... ( အတ္တဒိဋ္ဌိလုပ်နေပါတယ်ဘုရား)။

သာသနာတွင်းမှာ လဲ ကမ္ဘာသကတဉာဏ်လောက်နဲ့ နေတဲ့ ပုဂ္ဂိုလ်များမှာ....(အတ္တဒိဋ္ဌိမင်းမူတာပါဘဲဘုရား) အတ္တဒိဋ္ဌိမင်းမူသျှက်ဘဲ....(မှန်ပါ) သူ့မှာ သာသနာပ ဘဲ....(မှန်ပါ) ထူးသေးရဲ့လား....(မထူးပါဘုရား)။

တချို့ မြို့တွေ ရွာတွေထဲမှာအိုး.... အာပါယ်တံခါးပိတ်ပြီးပြီ။ သေပျော်ပြီ။ ဒါ ကျုပ်နောက်က ကျုပ်အထုပ်ဘဲ။ ကျုပ်နောက်လိုက်မှာ....။ အိမှာ သုံးများသုံးလိုက်သေးတယ်.... (မှန်ပါ) သုံးကော မသုံးဘူးလား....(သုံးပါတယ်ဘုရား)။

လိုက်ကော လိုက်ကဲ့လားလို့မေးတော့.... (မလိုက်ပါဘုရား) ဘယ်လိုက်လိမ့်မတုံး။

အဲဒီလို ပုဂ္ဂိုလ်တွေကျတော့ မောင်သစ်တို့က ဩော်.... သာသနာတွင်းဘဲလား၊ သာသနာပ ဘဲလားဆိုတာ စဉ်းစားပါ.... (သာသနာပ-ပါဘုရား) အတ္တဒိဋ္ဌိ မင်းမူနေတာ.... ( မှန်ပါ ) ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတို့ သုံးဆယ့်တဘုံမှာ ဘုရားအဆူဆူနဲ့ တွေ့လဲ့လဲ အတ္တဒိဋ္ဌိဘဲ....( မှန်ပါ ) မင်းမူနေလို့.... (မှန်ပါ) ဟုတ်လား....မတွေ့ဘဲနဲ့ လွဲရတာလဲ.... (အတ္တဒိဋ္ဌိပါဘဲ ဘုရား) အတ္တဒိဋ္ဌိ မင်းမူနေလို့နော်....(မှန်ပါ)။

သာသနာထားလျက်နဲ့ လွဲရတာကော.... (အတ္တဒိဋ္ဌိမင်းမူနေလို့ပါဘုရား)။

အတ္တဒိဋ္ဌိမင်းမူနေလို့ဆိုတော့ ဩော်....မောင်ချစ်စိန် ထွက်လမ်းကို မမြင်တော့ဘူး....(မမြင်ပါဘုရား) နိဗ္ဗာန် ထွက်လမ်းကို မောင်သစ် မြင်သေးရဲ့လား....(မမြင်ပါဘုရား) အတော်မဆိုးဘူးလား....( ဆိုးပါတယ်ဘုရား)။

ဟာ.... တခါတလေများ ဒီက တကာတကာမတွေများ ငါ့သား၊ ငါ့သမီးရှိရာကို အတ္တဒိဋ္ဌိက ဆွဲများ သွားလိုက်တဲ့ဖြစ်ခြင်း ဒေါင်ချာစိုင်းလို့ ဟင်.... အမောဆိုက်များ ရောက်သွားတယ်....(မှန်ပါ) အတ္တဒိဋ္ဌိက ဆွဲချလိုက်တာ....(မှန်ပါ)။

တခါတလေ အတ္တဒိဋ္ဌိက ဒုန်းပြေးခိုင်းတဲ့အခါများ ပါသေးတယ်....(ပါ-ပါတယ်) မပါဘူးလား....(ပါပါတယ်ဘုရား)။

ငါမှီအောင် သွားရလိမ့်မယ်။ ငါမမှီယင် ကိုယ်ကျိုးနည်းလိမ့်မယ်။ အတ္တဒိဋ္ဌိက ဒုန်းအပြေးခိုင်းတယ်....(မှန်ပါ)။

တခါတလေ အတ္တဒိဋ္ဌိက ဒုန်းအပြေးမခိုင်းဘူး၊ ဂုတ်ကြိုးတပ်ပြီးသကာလ တခါတည်း ဆွဲမျှားသွားလိုက်တာ ကိုယ့်အိမ်-ကိုယ့်ရာရှိတာကိုး သွားရမှာဘဲဆိုပြီးတော့....(မှန်ပါ့)။

အတ္တဒိဋ္ဌိက ဘယ့်နှယ်တုံးဗျာ....(ဆွဲပါတယ်ဘုရား)။

အဲဒါကြောင့် ဒိဋ္ဌိ သံယောဇဉ်ဆိုတာ ဒီနေရာကျတော့ကြိုးသဘောခေါ်နေတယ်....(မှန်ပါ့) ဟုတ်လား။ ဒါ့ကြောင့်....

ဒိဋ္ဌိဗန္ဓနဗဒ္ဓာ တေ၊ တဏှာသောတေန ဝုယှရေ။

တဏှာသောတေန ဗုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဟောသင့်တယ်နော်....(မှန်ပါ့)။

ဒိဋ္ဌိက ချည်ပြီးယင်တော့ကွာ....တဏှာရေကတော့ မျောမှာပေါ့ကွတဲ့....(မှန်ပါ့) ချည်တုပ်ပြီးလို့ မျောရတဲ့ပုဂ္ဂိုလ် ကမ်းတွေ့လို့မှ ကိုယ့်ဟာဟုတ်သေးရဲ့လား....( မဟုတ်ပါဘုရား ) ဖေါင်တွေတွေ့တော့ကော.... (မဟုတ်ပါဘုရား) ချည်တုပ်ထားတာကိုး....(မှန်ပါ့)။

ဒီမှာလဲ တကာတကာမတို့ ဘုရားတည်းဟူသော ကိုယ်တော်ကြီးက ကယ်မည့်-ယူမည့်လာပြန်လဲ ကိုယ်က ချည်ပြီး-တုပ်ပြီးဖြစ်နေတယ်။ သားကြောင့် မသွားနိုင်။ သမီးကြောင့် မသွားနိုင်....(မှန်ပါ့) ပစ္စည်းမရှိ အကြောင်းမညီညွတ်တာနဲ့ မသွားနိုင်-မလာနိုင်သေးတာလဲ ချည်ပြီး-တုပ်ပြီး ဖြစ်နေတာနဲ့ တွေ့လွဲဖြစ်သွားတယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘာလွဲတဲ့လဲ....(တွေ့လွဲပါဘုရား) တွေ့လွဲ-တွေ့လွဲ။

တောဒေယျတို့မျှား ကြည့်ပါလားကွာ....၊ ဘုရားကျောင်းတော် အရှေ့ဘက်မှာ နေတယ်။ တွေ့တော့-တွေ့တာဘဲ လှဲနေတယ်....(မှန်ပါ့) သဘောပါကြလား....(ပါ-ပါတယ်)။

တွေ့ပြီးလှဲတာဘဲသူ၊ သူ့သား တယောက်ကိုသာ သူ အရေးယူနေတာ....( မှန်ပါ့ ) သူဘ-လူလားမြောက်ဘို့သာ အရေးယူတယ်။ ဒီ့ပြင်ဟာ ဘယ်သူ့မှ ဂရုမစိုက်ဘူး....(မှန်ပါ့) ကိုင်း....ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတွေ သုံးဆယ့်တဘုံ၏ ဘုရင်ကြီးကိုဖြင့် ယနေ့ည ဘွင်းဘွင်းပေါ်ပါပြီ....( ပေါ်ပါပြီ ) ဘယ်သူပါလိမ့်....(အတ္တဒိဋ္ဌိပါဘုရား) ရှင်းပြီနော်.... (ရှင်းပါပြီ)။

သုံးဆယ့်တဘုံလှည့်ပတ် အပြေးခိုင်းတာလဲ သူဘဲဟုတ်လား-(မှန်ပါ့) ဂုတ်ကြိုးတပ်ပြီး အဆွဲခိုင်းတာလဲ....( သူပါဘဲဘုရား ) မပြေးနိုင်အောင် ချည်ထားတာကော.... (သူပါဘဲဘုရား) ပြေးပြန်တော့လဲ ဟပ်ထိုးလဲအောင် လုပ်တာလဲ.... (သူပါဘဲဘုရား)။

သူဘဲဆိုတော့ ဩော်....ဒို့ဖြင့် ဒိဋ္ဌိလက်အောက်မှာ ဝိညာဏ်ပျောက်ခဲ့ရတဲ့ဘဝ ဘယ်လောက် ရှိပါလိမ့်မတုံး ဆိုတော့ သားကျွေးရင်း၊ မယားကျွေးရင်း တခါတည်း ရောဂါရပြီး သေကြတာဘဲ.... (မှန်ပါ့) ဒိဋ္ဌိလက်အောက်မှာ ငါ့ သား-သမီးစားဘို့ ငါ့ သား-မယားကျွေးဘို့ ဆိုပြီး ဒိဋ္ဌိဒဏ်ချက်နဲ့ဘဲ ဝိညာဏ်ပျောက်ခဲ့တယ်....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဘယ်သူ့ ဒဏ်ချက်တုံး....(ဒိဋ္ဌိဒဏ်ချက်ပါဘုရား)။

ဒိဋ္ဌိဒဏ်ချက်နဲ့ဘဲ ဝိညာဏ်ပျောက်ရတယ် ဆိုတာ လူပေါင်းဘယ်လောက်တုံးလို့ မောင်သစ် မေးယင် ဘယ့်နှယ်ပြောမလဲ-

(မရေမတွက်နိုင်ပါဘုရား) အကုန် ဒီဒဏ်ချက်မိတာဘဲ.... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ကိုင်း....အသက်အရွယ်လဲ ကြီးပြီကွ။ အယင်တော့ ဒိဋ္ဌိဒဏ်ချက်ကြောင့် သားနား၊ သမီးနား၊ ဆွေနား၊ မျိုးနား မကင်းနိုင်တော့ နေရသေးကွ။ အခုတော့ ဒိဋ္ဌိဒဏ်ချက်က ဒီနားနေလို့ရှိ ယင်ဖြင့် အသေဆိုးသေပါလိမ့်မယ်ကွ။ မင့်နယ်ထွက်ပါတော့မယ်ကွ-ဆိုပြီး ထွက်သွားတဲ့ ပုဂ္ဂိုလ်က အိုလဲမထွက်ဘူး....(မှန်လှပါဘုရား)။

အိုတော့လဲ ပြုမည့် စုမည့်လူ ရှိဦးမှ....( မှန်ပါ ) ပျိုးတုန်းတော့လဲ ကျွေးချင် မွေးချင်သေးလို့....(မှန်ပါ)။

ဘယ်မှာတုံးကွ ထွက်တာကို ပါသေးရဲ့လား.... ( မပါ-ပါဘုရား ) ရိပ်မိကြရဲ့လား....။ နောက်က တကာတကာမတွေ....(ရိပ်မိပါတယ်ဘုရား) အတော်မဆိုးဘူးလား .... ( ဆိုးပါတယ်ဘုရား )။

အေး....ဒါကြောင့် ဘုန်းကြီးက တခါတခါပြောလို့ ဘေးမဲ့လွှတ်တာတောင် မသွားဘူးဟေ့....ဆိုတော့ ဦးဘသန်း မနာနဲ့ဗျ....(မနာပါဘုရား)။

ဒီအရွယ် ကျောင်းကန်ဘုရားနဲ့ တော်ပြီ၊ သားတွေ သမီးတွေက ထမင်းဘဲ လိုက်ပို့မယ်။ ဆေးလိပ်အလိုရှိလဲ ခုနစ်ရက်တပတ်ပို့နေမယ်။ နင်တို့က မသိပါဘူး။ ငါက ဒိဋ္ဌိသိထားတာကိုး....(မှန်ပါ)။

ငါ့မရှိယင် ကစင့်ကရဲဖြစ်မှာစိုးနေတယ်။ နင်တို့က ကိစ္စမရှိဘူးဆိုကတည်းက ဘာတုံးကွ....(အတ္တဒိဋ္ဌိပါဘုရား) ငါ....(မှန်လှပါ ငါ့ပါဘုရား)။

အိမ်မှာ လူကြီးမရှိဘူးဆိုယင် လူမလေး ခွေးမခန့်ဖြစ်ကုန်မှာပေါ့....ဆိုတော့ ငါဟာ ဒီငွေမရှာငြားသော်လဲ ဒရဝမ် လုပ်နိုင်သေးတယ်ပြောတာ....(မှန်ပါ) ရိပ်မိပလား.... (ရိပ်မိပါပြီ)။

ငွေမရှာနိုင်ငြားသော်လဲ....(ဒရဝမ်လုပ်နိုင်သေးတယ်)ဒရဝမ်လုပ်နိုင်သေးတယ်ဆိုတဲ့ ငါ့ကလဲ အတော်ဆိုးတာကွ.... ( မှန်လှပါဘုရား ) မဆိုးဘူးလား၊ ဆိုးသလား.... (ဆိုးပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်ကလာကွာ....၊ မင်္ဂလာ-ဖိုလ်တားကြီးက ဘုရင်လုပ်နေပေါ့-မောင်သစ် နိဗ္ဗာန်ရောက်ဘို့ ဘယ့်နှယ် နေကြသတုံး-(မရောက်နိုင်ပါဘုရား) မြင်သေးရဲ့လား ... (မမြင်ပါဘုရား)။

ဒါဖြင့် မင်းတို့ ဝိပဿနာလုပ်တာဟာ ဒိဋ္ဌိ သတ်တာဘဲ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ဝိပဿနာလုပ်တာသည်....(ဒိဋ္ဌိသတ်တာပါဘုရား)။

အဲ....ဒါကြောင့် ဒိဋ္ဌိဟာ ခင်ဗျားတို့ အင်မတန် အကန့်အကွက်ထဲမှာဖြင့် အပြင်းဆုံး ကန့်ကွက်နိုင်တဲ့တရားဘဲ....(မှန်လှပါဘုရား) နိဗ္ဗာန်ကို ကန့်ကွက်တာနော်....(မှန်ပါ) ဒီ့ပြင်နေရာတော့ သူက မကန့်ကွက်ပါဘူး။ လမ်းတောင် ဖွင့်ပေးသေးတယ်ငါလုပ်မှ ငါရမှာကိုး....(မှန်ပါ)။

နင်တို့ဘိုတွေ ဘယ်မှ မထားခဲ့ဘူး။ ငါ့အကုန်ယူသွားမယ်။ သားတွေ သမီးတွေ စိတ်ဆိုးတဲ့အခါကျတော့လေ.... ( မှန်ပါ )

နှင်တို့ဘို့ တပဲမှ မထားခဲ့ဘူးတဲ့။ ငါ့ဟာငါ လူတန်းပြီး၊ ငါ့အထုပ် ငါယူသွားမယ်....(မှန်ပါ့) ဒိဋ္ဌိက အဲဒီလိုတော့ တွန်းပေးတယ်....(မှန်ပါ့)။

တွန်းပေးတယ်၊ ဘာဖြစ်လို့တုံး။ သူ့နယ်ထဲကမှ မလွတ်ဘဲကိုး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ရှေးအဖွားကြီးတွေ၊ ရှေးအဖိုးကြီးတွေ သား-သမီးတွေ စိတ်ဆိုးတဲ့အခါကျလို့ရှိယင် ဒါသုံးလာတာဘဲ....(မှန်ပါ့) နှင်တို့ဘို့ မထားခဲ့ဘူး၊ ငါ့လုပ်ထားတာ ငါယူသွားမယ်....(မှန်ပါ့) ဘာနဲ့ယူသွားတာတုံး၊ အတ္တဒိဋ္ဌိနဲ့ ယူသွားတာ....(မှန်ပါ့) ပြောကော မပြောကြဘူးလား .... ( ပြောပါတယ်ဘုရား )။

အဲဒီတော့ သူကသိုလ်မရဘူးလားဆိုတော့ ကုသိုလ်ရတယ်။ နိဗ္ဗာန်မရဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘာတဲ့တုံး....(ကုသိုလ်ရပါတယ်၊ နိဗ္ဗာန်တော့မရပါဘုရား)။

အဲ....ကုသိုလ်ရတာက တမျိုး၊ နိဗ္ဗာန်ရတာက တမျိုးကိုးဗျ-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကုသိုလ်ရတာကတော့ ဒိဋ္ဌိနဲ့ပြုလဲ ကုသိုလ် ရတာဘဲ ....(မှန်ပါ့) နိဗ္ဗာန်ကျလာတော့ ဒိဋ္ဌိပါလာယင် လုံးဝမရဘူး ....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါကြောင့်....**တဲ့**၊ ခင်ဗျားတို့ ဒိဋ္ဌိခွာဘို့ အရေးဟာဖြင့် ရင်ဝလှံစူး ဦးခေါင်းမီးလောင်တာထက် ရင်ဝလှံစူး မြန်မြန်ရှောင်သလိုဟုတ်လား၊ ဦးခေါင်းမီးလောင် မြန်မြန်ငြိမ်းသလို သူ့

ထက်အရေးတကြီး လုပ်ရမယ်ဆိုတော့ တန်းကုန်ရောပေါ့ကွာ.... (မှန်ပါ့) မကုန်သေးဘူးလား....(ကုန်ပါပြီဘုရား)။

ရင်ဝလှံကြီးနဲ့ ထိုးလိုက်တယ်၊ ကပြာကရာမရှောင်ပေဘူးလား....(ရှောင်ပါတယ်) အဲဒါ ရှောင်တာထက် ဒိဋ္ဌိကိုအယင်ရှောင်ရမယ်....(မှန်ပါ့) ဦးခေါင်း မီးလောင်တာ မြန်မြန်ငြိမ်းချင်တဲ့ သဘောထက် ဒိဋ္ဌိကို ဒီ့ထက်မြန်မြန်ဖယ်ရှားပစ်ရမယ်.... (မှန်ပါ့)ဒါလောက် ဟောထားတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့ သံယုတ်ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောတာ- (မှန်ပါ့) မောင်သစ် သဘောကျပလား....(ကျပါပြီဘုရား)။

သံယုတ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောတာ၊မောင်သစ် ဘယ်လောက်ကြောက်စရာ ကောင်းသတုံး .... (ကောင်းပါတယ်ဘုရား)။

ဒီ့ပြင်ဟာမျှား ဒါလောက်မြန်မြန်လုပ် ဆိုတာမျှားပါသေးလား....(မပါ-ပါ) မပါဘူးတဲ့၊ ဒါကျတော့ တခါတည်း အရေးကြီးလွန်းလို့ မြန်မြန်လုပ်လိုက်စမ်းပါ ဆိုတဲ့အသွား ဘုရားသည် ဒီလိုဟောတယ်ဆိုတော့ တကယ်အမြင်ကျယ်တဲ့ပုဂ္ဂိုလ်က တကယ် အမှန်ပြောလို့ ခင်ဗျားတို့က အေးစက်စက်ကြီး လုပ်မနေနဲ့ .... (မှန်ပါ့ဘုရား)။

အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်က အမှန်ပြောတာကိုက အမြင်လဲ မကျယ်ဘဲနဲ့ အေးစက်စက် လုပ်နေယင် တော်ပါ့မလား .... (မတော်ပါဘုရား)။

ဘယ့်နှယ်တုံး ဦးကျော်မောင်တို့၊ ဦးဘသန်းတို့.... ဟင်.... (မှန်ပါ့ဘုရား)။

ကိုင်းဒါနဲ့ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီးကွာ .... တဲ့၊ အတ္တဒိဋ္ဌိက ဘယ်လောက်ထိအောင် မျိုးစေ့တွေသန်တယ်၊ဘယ်လောက်ထိအောင် ဒိဋ္ဌိတွေပွားနိုင်တယ်ဆိုတာ ငါရှင်းပြမယ်ကွ....တဲ့၊ နိဗ္ဗာန်မရတာ သူ့ဘဲတဲ့.... ( မှန်ပါ့ ) ဆိုပြီးသကာလ အဗျာကတသံယုတ်မှာ ဝစ္ဆပရိဗိုဇ်က မေးတယ်.... ( မှန်ပါ့ ) အရှင်ကြီးဂေါတမ အတ္တရှိသလားတဲ့....(မှန်ပါ့ဘုရား)။

မဖြေဘူး၊မတုန်မလှုပ်နေတယ် .... (မှန်ပါ့)အတ္တရှိသလားလို့ သူက မေး လိုက် တယ် ဘု ရား က မ ဖြေ ဘူး၊ မ ဖြေ တာ ကြောင့် အဗျာကတ သံယုတ်လို့ဆိုတယ်၊ အဗျာကတ ဆိုတာ သူတပါးဘာမှ မပြောတော့ဘူး၊ တိတ်တိတ်နေတာ .... (မှန်ပါ့ဘုရား)။

ရှင်ကြီးဂေါတမ ငါရှိသလားလို့ သူမေးတာ မြန်မာလိုတော့....(မှန်ပါ့)ငါဆိုတဲ့ သဘောကလေးဟာ ရှိသလား....။

ဝမ်းထဲမှာ ငါဆိုတဲ့စိတ်ကလေး ဖြစ်စေ၊ ဝိညာဏ်ကလေး ဖြစ်စေပေါ့လေ....(မှန်ပါ့) အဲဒီ ငါကလေးဟာ ရှိသလားလို့ မေးလိုက်တယ်....(မှန်ပါ့) ဘုရားက မဖြေဘူး။

ဒါဖြင့် ရှင်ကြီးဂေါတမ ငါမရှိဘူးလား .... တဲ့၊ ငါဆိုတဲ့ အတ္တကောင် မရှိဘူးလားတဲ့.... (မှန်ပါ့) ဘုရားက မဖြေဘူး.... (မှန်ပါ့ဘုရား)။

နှစ်ခုစလုံး မဖြေဘူးနော်.... ( မှန်ပါ့ ) တကာတကာမတွေ တခေါက်ပြန်ပြောပါဦးမယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဇေတဝန်ကျောင်း သီတင်းသုံးနေလို့ ဝစ္ဆပရိဗိုဇ်က အနားလာပြီး သကာလ ပဋိသန္ထာရစကားတွေကို ပြောပြီး နောက်ဆုံးပိတ် သူအမေး ထုတ်ပါတယ်တဲ့၊ ရှင်ကြီးဂေါတမ ငါဆိုတဲ့ အတ္တဟာရှိသလား တဲ့၊ ဘုရားကမဖြေဘူး....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကတော့ ဖြေပါတယ်၊ မင့်ပေးလိုက်တုန်းက ငါအရှိသားဘဲ....တဲ့၊ အပြောမျိုးတွေ ခင်ဗျားတို့က .... (မှန်ပါ့ ဘုရား)။

မင့်-ပေးလိုက်တုန်းက ဘာတုံး.... (ငါအရှိသားဘဲ) ဘယ့် နှယ်တုံး မင်းတို့ဟာကလဲ လွန်လှချည့်လား....(မှန်ပါ့)ဘုရားက တော့ ဖြေကို မဖြေဘူး....(မှန်ပါ့)ဘုရားက မဖြေဘူး၊မင်းတို့က အဖြေထုတ်နေလို့ ခက်နေတာ....(မှန်ပါ့ဘုရား)။

ဘုရားကို ရှင်ကြီးဂေါတမတဲ့၊ ဝစ္ဆကမေးတော့ အတ္တရှိ သလားလို့ဆိုတော့ အတ္တဆိုတာ ငါနော်....( မှန်ပါ့ )တခုခုကို ငါထင်နေတာကလေး....(မှန်ပါ့) ဘုရားက ဖြေကို မဖြေဘူး.... (မှန်ပါ့ဘုရား)။

မင်းတို့ကတော့ကို ဟိုပုဂ္ဂိုလ်က ကျုပ်ဒီပစ္စည်းကလေးခုနင်က ဒီနေရာ မေ့နေရစ်တယ်လို့ ထင်လို့လာခဲ့ပါတယ် ဆိုတော့ အို....နင်မေ့မနေနဲ့ ငါအရှိသားဘဲ၊ နင်ယူသွားတာ ငါမြင် တယ်....(မှန်ပါ့) ဟော- ငါကို အရှိသားပြောတာ .... (မှန်ပါ့ ဘုရား)။

ဟင်....ခင်ဗျားတို့က ဘာတဲ့ .... (ငါအရှိသားလို့ ပြောပါ တယ်) ငါအရှိသားတဲ့ ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘုရားကတော့ ရှင်ကြီးဂေါတမ ငါရှိသလားလို့ မေးတော့ ဘုရားက ဘယ်လိုတုံး....(မဖြေပါ) ခင်ဗျားတို့ကတော့ .... (ဖြေပါတယ်) သွားပြီကော၊ မသွားသေးဘူးလား .... (သွားပါပြီဘုရား)။

အတော်ဆိုးသွားပြီ တကာတကာမတို့၊ ဒီစကားဟာက ခင်ဗျားတို့ လောကီနဲ့ ဘုရားဟောတော်မူတဲ့ လောကုတ်နဲ့ တိုက်တိုက်ပြောမှ ခင်ဗျားတို့ အမှားတော်ပုံ ကြီးကျယ်မှန်းဟာ သိတယ်....( မှန်ပါ့ ) နို့မဟုတ်ယင် သိပါ့မလား .... (မသိပါဘုရား)။

ဦးကျော်မောင်ကြီး အိမ်နေတဲ့အခါကျတော့ နင်ယူသွားတာ ငါရှိသွားဘဲ၊ ဟော....(မှန်ပါ့) နင့်ကို ငါအသိသွားဘဲ.... (မှန်ပါ့ဘုရား)။

ဟော....ငါအရှိသွား- ငါအသိသွား၊ တကယ်ငါထင်တာ ပေါ့ ဒီခန္ဓာငါးပါးကို ဘယ့်နှယ်တုံး....(ထင်ပါတယ်ဘုရား)။

ငါရှိတယ်ထင်တာလဲ ဒီခန္ဓာ ငါးပါးကို ငါထင်ထားတာဘဲ....(မှန်ပါ့) ငါသိတယ်ဆိုတာလဲ ဒီခန္ဓာကြီးက သိတယ်လို့ ပြောနေတာဘဲ၊ မပြောဘူးလား.... (ပြောပါတယ်ဘုရား)။

အဲဒီတော့ ဝစ္ဆပရိဗိုဇ်က ရှင်ကြီးဂေါတမ အတ္တဆိုတာ ရှိသလားဆိုတော့ စာလိုဖြစ်နေလို့ မြန်မာလိုပြောကြပါစို့၊ ရှင်ကြီးဂေါတမ ငါဆိုတဲ့သဘောကလေးဟာ ရှိသလား....တဲ့။ ဝမ်းထဲမှာပေါ့လေ(မှန်ပါ့) ဘုရားက ဖြေကိုမဖြေဘူး....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒါနဲ့ သူဆက်ပြီး မေးလိုက်တယ်- ဝစ္ဆကဘဲ၊ ရှင်ကြီး ဂေါတမ ဒါဖြင့် ငါမရှိဘူးလားတဲ့....(မှန်ပါ) ဘုရားကဖြေကို မဖြေဘူး....(မှန်ပါဘုရား)။

ငါမရှိဘူးလားလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် ဖြေကို မဖြေဘူး၊ ခင်ဗျားတို့က ခေါ်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် ဥပမာ ငါမရှိဘူးလားဆိုဟာ- ငါရှိပါတယ်ဟာ-ပြောချင်ပြောမယ်-ဟင်.... (ပြောပါတယ်ဘုရား)။

ဒီအိမ် ဘယ်သူမှ မရှိဘူးလားဆို ဟာ- ငါအရှိသားဘဲ .... (မှန်ပါ) သုံးကြရဲ့လား .. ( သုံးပါတယ် ) ထင်ကောမထင်ဘူး လား....(ထင်ပါတယ်) တယ်လဲပေါတဲ့လူတွေပါလား။

ဒီနေ့ညတရားမှာ ဒိဋ္ဌိအရေးတကြီး ပြောနေတာ.... (မှန်လှ ပါဘုရား)။

ဒိဋ္ဌိအရေးတကြီးပြောနေတာ တဲ့ .. ။ ဒီဥစ္စာ မောင်ချစ်စိန် မဟောသေးပါဘူးတဲ့....(မှန်ပါ) အင်မတန်အရေးကြီးတဲ့စကား တွေ သုံးနေတာ . (မှန်ပါ) မဟောသေးပါဘူးတဲ့ ဒီဥစ္စာ။

ကဲ....ဒါဖြင့် တကာတကာမတို့ အခု ဝစ္ဆပရိဗိုဇ်က နှစ်ချက် မေးတော့ ဘာမှ ဘုရားက မဖြေဘဲ မတုန်မလှုပ် နေတာနဲ့ ပြန် သွားတယ် .. (မှန်ပါ)။

၁-နံပါတ်က ရှင်ကြီးဂေါတမ ငါရှိသလား....တဲ့။ ဘုရားက မတုန်မလှုပ်နေလိုက်တယ်။ ဖြေစရာမရှိဘဲကိုး....(မှန်ပါ)။

ဒါဖြင့် ငါမရှိဘူးလားလို့ သူဆက်မေးပြန်တော့ ဒါလဲ မဖြေ ဘဲ နေလိုက်တယ်....(မှန်ပါ)။

ဒီတော့ ရှင်အာနန္ဒာက အနားမှာ ရှိမြဲဓမ္မတာ ဖြစ်နေတော့ ဝင်လာတယ် ... (မှန်ပါ့) မေးတုန်းကလဲ သူကြားတယ်၊ အရှင်ဘုရား....ဘယ့်နှယ် ဝစ္ဆပရိဗိုဇ်က အတ္တရှိသလားလို့ မေးပြန်တော့ အရှင်ဘုရားကလဲ မတုန်မလှုပ်နေတယ်၊ အတ္တမရှိဘူးလားလို့ မေးပြန်တော့လဲ မတုန်မလှုပ်မဖြေဘဲ နေလိုက်ပြန်တယ်။ အားနာစရာကြီး....။ သူက လောကွတ်ချော်ချင်တဲ့ ပုဂ္ဂိုလ်ကိုး.... (မှန်ပါ့)။

အဲဒီအခါမှာတဲ့ သူသည်ကားလို့ ဆိုလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးနားမှာ သူဘဲ လျှောက်ဝန့်သူ ပုဂ္ဂိုလ်ရှိလို့ သူ လျှောက်တယ်....(မှန်ပါ့)။

ကဲ .. ကွာ....အာနန္ဒာ....မင်း, နားထောင် ငါပြောပြမယ်တဲ့.... (မှန်ပါ့) အတ္တရှိသလားလို့ သူမေးလိုက်တဲ့ဥစ္စာကို ငါကရှိတယ်လို့ ဖြေလိုက်လို့ရှိယင် သဿတဒိဋ္ဌိဖြစ်တော့မယ်ကွတဲ့ (မှန်လှပါဘုရား) ဒီ စိတ်ကလေး ဒီ ဝိညာဏ်ကလေးဟာ ဟိုဘုံသွားလိုက်၊ ဒီ ဘုံသွားလိုက်ဆိုပြီး သူ ဘယ်တော့မှ မသိဘူးတဲ့၊သဘောကျပလား....(ကျပါပြီ)။

အတ္တဒိဋ္ဌိရှိတယ်လို့ ဖြေလိုက်လို့ရှိယင် သူ ဘာ ဒိဋ္ဌိဖြစ်သွားမလဲ....(အတ္တဒိဋ္ဌိဖြစ်သွားပါမယ်ဘုရား)။

ကဲ....တကာတတာမတို့ ဘယ်လောက် ကြောက်စရာကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

အတ္တ မရှိဘူးလားလို့ မေးလို့ ငါက မရှိဘူး ဖြေလိုက်လို့ရှိယင် သူ ဥစ္ဆေဒဒိဋ္ဌိဘက်သွားတော့မယ်တဲ့။ ဒီ ဝစ္ဆဟာ....(မှန်လှပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီ)။

အတ္တရှိတယ်လို့ ငါဖြေလိုက်လို့ရှိယင်ဘာတဲ့တုံး (သဿတဒိဋ္ဌိဘက် သွားပါမယ်ဘုရား)။

ဟာ....အတ္တမရှိပါဘူးကွာ။ သူက မရှိဘူးလားမေးလို့ မရှိပါဘူးကွာလို့ ဖြေလိုက်လို့ရှိယင်လဲ ဘာဖြစ်မလဲ....(ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားပါမယ်ဘုရား)။

အဲဒါကြောင့် ဟော.... တဲ့၊ ငါမဖြေလိုက်ဘူးတဲ့.... (မှန်ပါ့)။

ကဲ....ဒိဋ္ဌိအခွာဘယ်လောက် ခက်တယ်ထင်သတုံး....(မှန်ပါ့) မခက်ဘူးလား....(ခက်ပါတယ်ဘုရား)။

ဒိဋ္ဌိအခွာ အားကြီး ခက်တယ်ဆိုတာ တကာတကာမတွေ့ပေါ်လောက်ပါပြီ....နော် .. (ပေါ်ပါပြီ) နားကြီးကြီးနဲ့ထောင်လို့ရှိယင်တော့ သိပ်အဘိုးတန်တာဘဲ....(မှန်ပါ့) သိပ်အဘိုးတန်ပါတယ်။

ဒါတွင် မကသေးဘူး....တဲ့၊ ညီတော် အာနန္ဒာရ... တဲ့၊ ခက်တာက အတ္တရှိသလားလို့ မေးလို့ရှိယင် ငါဟောထားတဲ့.... " သဗ္ဗေဓမ္မာ အနတ္တ "နဲ့ ကန့်လန့်ဖြစ်တယ်ကွတဲ့....(မှန်ပါ့) ရိပ်မိပလား .. (ရိပ်မိပါပြီ)။

အတ္တရှိသလားလို့မေးတော့ ငါက ရှိတယ်လို့ ဖြေလိုက်ယင် " သဗ္ဗေဓမ္မာ အနတ္တာ " ဆိုတဲ့ လောကကြီး အကုန် အနတ္တနဲ့ကို ဆန့်ကျင်ဘက်မဖြစ်ပေဘူးလားကွတဲ့။ ဒါကြောင့် ငါမတုန့်မလှုပ်နေလိုက်တယ်တဲ့.. (မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ) ဒါဒုတိယအဖြေနော်....(မှန်ပါ့) ခုနင်ကတော့ သဿတ ဥစ္ဆေဒနဲ့ဖြေပါတယ်... (မှန်ပါ့)။

အခုတော့ဖြင့် အတ္တရှိသလား၊ ရှိတယ်လို့ နောက်နည်းနဲ့ဖြေလိုက်ပြန်လို့ရှိယင်လဲ " သဗ္ဗေဓမ္မာ အနတ္တာ " ဆိုတဲ့လောက

ကြီးဟာ အကုန် အနတ္တ ရှိနေတဲ့ဥစ္စာနဲ့ သေသေချာချာ ဆန့်ကျင်ဘက် ဖြစ်မှာစိုးလို့ ငါမဟောဘူးတဲ့.... (မှန်ပါ့) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

သေသေချာချာ ဆန့်ကျင်ဘက်ဖြစ်မှာ ဖြစ်နေလို့ ကွာတဲ့၊ အတ္တရှိသလားဆိုလဲ၊ ငါမပြောဘဲနေလိုက်တယ်.... (မှန်ပါ့)။

ဘာနဲ့ဆန့်ကျင်ဘက်ဖြစ်မှာစိုးလို့တဲ့လဲ .... သဗ္ဗေဓမ္မာ အနတ္တ (မှန်ပါ့) ရှင်းကြပလား... (ရှင်းပါပြီ)။

ဘာနဲ့ ဆန့်ကျင်ဘက်ဖြစ်မှာတုံး.... (သဗ္ဗေဓမ္မာအနတ္တနဲ့ ပါဘုရား)။

အတ္တရှိသလား။ ရှိတယ်လို့ ဖြေလိုက်ယင် ဘာနဲ့ ဆန့်ကျင်ဘက်ဖြစ်မတုံး....(သဗ္ဗေဓမ္မာအနတ္တနဲ့ ပါဘုရား)။

" သဗ္ဗေဓမ္မာ အနတ္တာ "ဆိုတဲ့ ပါဠိတော်ကြီးနဲ့ သေသေချာချာ ဆန့်ကျင်ဘက် ဖြစ်တော့မယ် တဲ့....(မှန်ပါ့)။

"သဗ္ဗေဓမ္မာ အနတ္တာ"ဆိုတဲ့ လောကဖြစ်စဉ်ကြီးနဲ့ ဘယ့်နှယ်နေသတုံး....(ဆန့်ကျင်ဘက်ဖြစ်ပါတယ်ဘုရား)အဲဒါကြောင့် ငါမဖြေဘူးကွာတဲ့....(မှန်ပါ့)။

တခါ အတ္တမရှိဘူးလို့ ယူလိုက်ပြန်လို့ရှိယင်လဲတဲ့ ဩော်.... ခုနင်တုန်းကတော့ဖြင့် အတ္တရှိသလိုလို အခုအတ္တမရှိဘူး ဆိုတော့ ဘယ်ဟာယူရမှန်းမသိဘဲနဲ့ ဒိဗရဗိုဇ် တွေဝေသွားမယ်....(မှန်ပါ့ဘုရား)။

သူတို့က အတ္တ သဘောကျထားတာတဲ့၊ အတ္တမရှိဘူးလို့ ငါက ဖြေလိုက်လို့ရှိယင် ပိုမိုပြီး သူ တွေဝေတော့မယ်တဲ့ .... (မှန်ပါ့ဘုရား)။

အဲဒီတွေဝေမှုတွေကြောင့် အတ္တမရှိဘူးလို့လဲ ငါမဖြေလိုက်တော့ပါဘူးကွာတဲ့....(မှန်ပါ့ဘုရား)။

သူ့ဟာက ဒိဋ္ဌိဘက်ပြေးမှာချည့်ဘဲ....( မှန်ပါ့ ) မပြေးမှာကော ပါသေးရဲ့လား....( မပါ-ပါဘုရား )။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာလဲ....တဲ့၊ အခုခင်ဗျားတို့ဟာက စကားပြောလဲ ဒိဋ္ဌိဘက် ပြေးတာဘဲ၊ အိမ်ဝင်လာပြန်တော့လဲ-(ဒိဋ္ဌိဘက်ပြေးပါတယ်) အိမ်ကထွက်ပြန်တော့လဲ....(ဒိဋ္ဌိဘက်ပြေးပါတယ်) ခုနင်က ပရဗိုဇ်ထက်ဆိုးနေပြီ၊ မဆိုးဘူးလား....(ဆိုးပါတယ်ဘုရား)။

ဒါဖြင့် တအိမ်လုံး ဘယ်သူမင်းမူနေပြန်သတုံး မေးလိုက်ပြန်တော့ .... (ဒိဋ္ဌိမင်းမူနေပါတယ်) ဒိဋ္ဌိမင်းမူနေတယ်ဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားမဖြေတာများ မောင်သစ်၊ဝမ်းနည်းစရာရှိရဲ့လား....(မရှိပါဘုရား)ဖြေယင် တဖက်စောင်းသွားမယ်....(မှန်ပါ့)မသွားပေဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါကြောင့် ဒီတကာတကာမတွေတော့ဖြင့် ခင်ဗျားတို့ ကြပ်ကြပ်သတိထားပြီး နားထောင်ပါ....(မှန်ပါ့) ဘုန်းကြီးရေးထားတဲ့ စိတ်ကလေး ဆဲ့နှစ်ချက်၊ ဝေဒနာဖြစ်ယင် ငါးချက်၊ ဒါကလေး ဖြစ်ပျက်ကိုတော့ မြင်မှဖြစ်မှာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြစ်ပျက်ကိုတော့ မြင်မှဖြစ်မှာဘဲ....(မှန်ပါ့)ဒါမှမမြင်လို့ရှိယင်ဖြင့် ဒါကလေးဟာ ခိုင်တယ်ဆိုယင် သဿတဒိဋ္ဌိလာမှာဘဲ (မှန်ပါ့)ဒါကလေးမှာ မခိုင်တော့ဘူး ဘယ်တော့မှမဖြစ်တော့ဘူး ယူလိုက်ပြန်လို့ရှိယင်လဲ.... (ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ကျုပ်ဝေဒနာ ဘယ်တော့မှမဖြစ်ပါဘူးဆိုတာတောင် ခက်နေစာယ်.... ( မှန်ပါ့ ) ဥစ္စာဒိဋ္ဌိဘက် ပြေးသွားတယ်.... (မှန်ပါ့ဘုရား)။

ကျုပ်ဝေဒနာလဲ ခဏခဏ ဖြစ်နေတာဘဲလို့ ပြောလိုက်ပြန်တော့လဲ ကျုပ်ဝေဒနာက ခက်သွားတယ်....( မှန်ပါ့ ) ဝေဒနာသူကပိုင်သလို ဖြစ်နေတယ်....(မှန်ပါ့)မပိုင်ဘူးလား.... (မပိုင်ပါဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဖြစ်ပျက်မြင်မှုမှတပါး ဒိဋ္ဌိကိုဖယ်ရှားနိုင်တဲ့ တရားမရှိဘူး .... ( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဖြစ်ပျက်မြင်မှ ဘာပယ်ရှားနိုင်သတုံး .... (ဒိဋ္ဌိပယ်ရှားနိုင်ပါတယ်)ဖြစ်ပျက်မမြင်လို့ရှိယင်....(ဒိဋ္ဌိမပယ်ရှားနိုင်ပါဘုရား)။

ဒါဖြင့် အားလုံး တကာတကာမတွေ ခင်ဗျားတို့ကြိုးစားနေတဲ့ဖြစ်ပျက်ဟာ ဒိဋ္ဌိကို သူဉာဏ်နဲ့ပယ်နေတာ .... (မှန်ပါ့) ဉာဏ်နဲ့ပယ်လို့ ဒိဋ္ဌိအမြစ်ပြတ်သွားတဲ့ တနေ့ကျလို့ရှိယင် အမြစ်ပြတ်အောင် ပယ်နိုင်လို့ ရှိယင်ဖြင့် အမြစ်ပြတ်အောင် တူးဆွနေတာသည် ဝိပဿနာမဂ်နဲ့ တူတယ်....(မှန်ပါ့) ဒိဋ္ဌိ ရေသောက်မြစ်ဖြတ်တာဟာ လောကုတ္တရာမဂ်နဲ့တူတယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်လုပ်နေတာသည် အမြစ်တွေတူးဆွနေတာ....(မှန်ပါ့) ဖြတ်လိုက်တဲ့အခါ လွယ်အောင်လို့ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

နောက်ကျလာတော့ မဂ္ဂင်ငါးပါးနဲ့ တူးဆွနေပြီးမဂ္ဂင်ရှစ်ပါး တည်းဟူသော ဓါးနဲ့ဖြတ်လိုက်တဲ့ အခါကျတော့ ဒိဋ္ဌိရေသောက် မြစ် ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတွေ သစ်ပင်သည် အပေါ်ကနေပြီး ဘာမှမတူးဆွဘဲနဲ့ ဦးဘသန်း ရေသောက်မြစ် ပြတ်ချင်လို့တော့ ရမှာမဟုတ်ဘူး....(မရပါဘုရား)။

သစ်ပင်ရေသောက်မြစ်ကိုရှာပြီးသကာလ တူးဆွပြီးအမှုန်တွေ ဖယ်နေတာနဲ့ ဝိပဿနာနဲ့တူတယ်....(မှန်ပါ့) နောက်ဆုံးပိုင်မှ ရေသောက်မြစ်တွေလို့ ဖြတ်လိုက်တာနဲ့ လောကုတ္တရာမဂ်နဲ့ တူတယ်....(မှန်ပါ့ဘုရား)မောင်ချစ်စိန် ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

သစ်ပင်ကြီးကို ဒီအတိုင်း အမြစ်ရှာတဲ့ လူတွေပါ့မလား...., (မတွေ့ပါဘုရား)။

ဟိုကတူး၊ ဒီက ဆွနဲ့ ရေသောက်မြစ်ရှာနေတာနဲ့ ဘာနဲ့ တူ သလဲ....(ဝိပဿနာမဂ်နဲ့ တူပါတယ်ဘုရား) ဝိပဿနာမဂ်နဲ့ တူ တယ်....(မှန်ပါ့)။

နောက်တော့ ရေသောက်မြစ် တွေ့တဲ့ အခါကျတော့ သွား ရော....ဟော.... နောက်,ဘယ်တော့မှ မပေါက်အောင်ဆိုပြီးသကာ လ ဖြတ်လိုက်, တောက်လိုက်တဲ့အခါကျတော့ ပြတ်ထွက်သွား တယ်။ နောက်,ဘယ်တော့မှ မပေါက်တာနဲ့ လောကုတ္တရာမဂ်နဲ့ တူတယ်....(မှန်ပါ့)။

ဒါဖြင့် သစ်ပင်ကို တူးဆွပြီးသကာလ ရေသောက်မြစ် မရှာ ဘဲနဲ့ သစ်မြစ်ကြီးဖြတ်ချင်လို့တော့ မရဘူး....( မရပါဘုရား ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် ဝိပဿနာမဂ်ရှာနည်း နိဿယည်းနဲ့ ဝိပဿနာမဂ် ရှုနေတာနဲ့ တူတယ်၊ ဟုတ်လား....(မှန်ပါ့) ရေသောက်မြစ် တွေ့ပြီးသကာလ ဝိပဿနာမဂ်က ဖေါ်ပေးတော့မှ ရေသောက်မြစ်ဖြတ်တာနဲ့ လောကုတ္တရာမဂ္ဂင်ရှစ်ပါးနဲ့တူတယ်ဆိုတာလဲ ရှင်းကြပါပြီ....(ရှင်းပါပြီ)။

ဒီလိုဆိုလို့ရှိယင် သူဘယ်သူ့မှ မဖြတ်ဘူးလို့မှတ်၊ လောဘလဲ သူမဖြတ်သေးဘူး၊ ဒေါသလဲ သူမဖြတ်သေးဘူး၊ မောဟလဲ သူမဖြတ်သေးဘူး။ ပဌမ-မဂ်ဟာ ဒိဋ္ဌိတခုတည်း ဖြတ်ချလိုက်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ပဌမ-မဂ်က ဘာ့ဖြတ်သတုံး.... (ဒိဋ္ဌိတခုတည်း ဖြတ်ပါတယ်ဘုရား) ဒိဋ္ဌိတခုတည်းဖြတ်တယ်နော် .... တကာတကာမတို့....(မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ရှုနေတာသည် ဒိဋ္ဌိရေသောက်မြစ် ရှာနေတာ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

နောက်တော့ တွေ့ပြီး....သူဘဲလို့ဆိုတဲ့ အခါကျတော့မှ မဂ္ဂင်ရှစ်ပါးတည်းဟူသော လောကုတ္တရာမဂ်နဲ့ ဖြတ်တောက်လိုက်တဲ့အခါကျတော့ ဒိဋ္ဌိရေသောက်မြစ် ပြုတ်သွားတယ်.... (မှန်ပါ့)။

ဒိဋ္ဌိရေသောက်မြစ် ပြုတ်သွားကတည်းက အားလုံး တကာတကာမတွေ အပါယ်သိုး, အပါယ်ပွင့်, အပါယ်ခန္ဓာ, တိရစ္ဆာန်ခန္ဓာ, လာသေးရဲ့လား....(မလာတော့ပါဘုရား)။

မလာတော့ဘူးဆိုတော့ အပါယ်လေးပါးက နိဗ္ဗာန် မသွားနိုင်ဘူးဆိုတာတော့ သေချာတယ်....(မှန်ပါ့)။

အဲဒီတော့ ဒီနေရာသွားအောင် လုပ်ထားတာ ဒိဋ္ဌိဘဲ ဆိုတာပေါ်လာတယ်....(မှန်ပါ့) မဟုတ်ဘူးလား....( ဟုတ်ပါတယ် )

သူ့ ပယ်လိုက်ကတည်းက အပါယ်လေးပါး လွတ်သွား တယ်- (မှန်ပါ့) သူ့ မပယ်ခင်တုန်းက.... ( အပါယ်လေးပါးမလွတ်ပါဘုရား)။

ဒါဖြင့် အပါယ်လေးပါးချလေသ၍ ဒိဋ္ဌိဘဲ.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

သုဂတိတွေမှာ ရောက်ပြီး နိဗ္ဗာန် ကန့်ကွက် လေ သ၍လဲ.... (ဒိဋ္ဌိပါဘဲဘုရား)။

ဒိဋ္ဌိဘဲဆိုတော့ ဒိဋ္ဌိဟာ အပါယ်လေးပါးကျတော့ မရောက်ရောက်အောင် ပို့တယ်....(မှန်ပါ့) သုဂတိရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ နိဗ္ဗာန် ကန့်ကွက်ထားတယ်....(မှန်ပါ့) နိဗ္ဗာန်ကန့်ကွက်သေးတယ်ဆိုတော့ မနာဘူးလား....(နာပါတယ်ဘုရား)။

အင်မတန် နာလေသောကြောင့် ခင်ဗျားတို့ အဖြစ်မြင်လို့ ရှိယင်ဟုတ်လား၊ ဥစ္ဆေဒစင်တယ် ... ( မှန်ပါ့ ) အပျက်မြင်လို့ ရှိယင်....(သဿတစင်ပါတယ်ဘုရား)။

သဿတစင်တယ်ဆိုတော့ ခင်ဗျားတို့ အဖြစ် အပျက်ကလေး နှစ်ခုဟာ ဒိဋ္ဌိစင်သွားတယ်....(မှန်ပါ့)။

အဲဒီတော့ ငါ, ရှိသေးရဲ့လား....(မရှိပါဘုရား)။

**အဲ**....ဒါကလေး သေသေချာချာမှတ်ပါ၊ အဖြစ် မြင်ယင်.... (ဥစ္ဆေဒစင်ပါတယ်) ဥစ္ဆေဒစင်တယ်၊ အကြောင်းရှိလို့ ဖြစ်လာပြန်တာကိုး....(မှန်ပါ့) ဖြစ်လာတယ်ဆိုကတည်းက ဥစ္ဆေဒ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

အပျက်မြင်တော့ ခိုင်တယ်-မြဲတယ် သဿတယူသေးရဲ့လား- (မယူပါဘုရား)။

ဒါဖြင့် အပျက်မြင်တော့.... (သင်္ခတဒိဋ္ဌိစင်ပါတယ်ဘုရား) အဖြစ်အစားထိုးလာတာ မြင်တော့.... ( ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ် ဘုရား )။

ဒါဖြင့် သင်္ခတ ဥစ္ဆေဒစင်တယ် ဆိုကတည်းက သက္ကာယက ပြားလာတဲ့ သင်္ခတ ဥစ္ဆေဒကိုးဗျ....(မှန်ပါ့) အတ္တဒိဋ္ဌိက ပြား လာတာ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ အတ္တဒိဋ္ဌိတည်းဟူသော တရား၏အညွန့်-အငြောင့် တွေရော....အတ္တဒိဋ္ဌိရော တကာတကာမတွေ့ အကုန်ပျောက်သွား တယ်....(မှန်ပါ့)။

ဒါဖြင့် ဖြစ်ပျက်မြင်အောင် လုပ်ပါဆိုတဲ့ စကားသည် ဒိဋ္ဌိ အသတ်ခိုင်းတာဘဲဆိုတာ ယနေ့ည ရှင်းသွားပြီ....( ရှင်းပါပြီ )။

ဖြစ်ပျက်မှန်းအောင် လုပ်စမ်းပါဆိုတာသည် ဒိဋ္ဌိမုန်းအောင် လုပ်ပါလို့ ပြောတာဘဲ....(မှန်ပါ့)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

( ကံ့ကို ဥာဏ်ဖြင့် သတ်နည်း )

# နေ့ အလုပ်ပေးတရားတော်-

( ၂၁ - ၉ - ၆၂ )

အားလုံး-တကာတကာမတွေ.... ဒီတကာတကာမတွေ ဒီဘုံဌာနသို့ ဘယ်လိုကြောင့် ရောက်လာကြပါလိမ့်မလဲလို့ မေးကြလို့ရှိယင်ဖြင့် ကံ့ပစ်ချသလိုခံရတာပါဘုရား ဆိုတာ အားလုံး ဖြေကြမှာဘဲ....(မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်ကြောင့် ရောက်လာပါလိမ့်.... (ကံ့ပစ်ချလို့ပါဘုရား) ကံ့ပစ်ချလို့....(မှန်ပါ့)။

တကာတကာမတွေ လူ့ပြည်ကြီး ရောက်ပြီးသကာလ အမိဝမ်းခေါင်းထဲရောက်ကြတာ ကိုယ့်သဘောနဲ့ ကိုယ်ရောက်လာတာလား။ ကံ့စီမံသလို ခံကြရတာလားလို့ မေးလို့ ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီလိုဘဲ အဖြေထွက်ရမှာဘဲ။ ကံ့စီမံသလို ခံရတာပါဘုရား....(မှန်ပါ့)။

ဟ....ကံ့က ဘယ်နေရာပစ်ချလိုက်သတုံးလို့ မေးတဲ့အခါကျ တော့ အောက်က ကျင်ကြီးအပေါ်က အစာသစ်တွေ၊ ဒီကြား ထဲ ပစ်ချတယ်။ ဝမ်းထဲမှာ....ဝမ်းထဲမှာ တကာတကာမတွေ.... (မှန်ပါ့)။

အောက်ကတော့ဖြင့် ကျင်ကြီး....နော်....(မှန်ပါ့) အပေါ်က ခွေးအန်ဖတ်နဲ့ တူတဲ့အစာ၊ အဲဒီ့ကြားထဲမှာ ခင်ဗျားတို့ကံ့က တကာကြွယ်တယောက်၊ ဦးလှဘူးတယောက်၊ တကာသစ်တယောင်ံ ဒီကြားထဲ ပစ်ချလိုက်တယ်....(မှန်ပါ့)။

နေရာကောင်း့ နေရာသန့်လားလို့ မေးလို့ရှိယင် ဘယ့်နှယ် ဖြေကြမလဲ....(မဟုတ်ပါဘုရား)။

နေရာကောင်း့ နေရာသန့်မဟုတ်ပါဘူး....( မှန်ပါ့ ) တကာ တကာမတို့ အောက်က ကျင်ကြီးလေ.... ( မှန်ပါ့ ) အပေါ်က အမေစားသောက်တဲ့အစာအာဟာရတွေ၊ ဒီကြားထဲမှာ တကာ ကြွယ်တို့၊ ဦးလှဘူးတို့ကို ပဋိသန္ဓေ ကလလ ရေကြည် အဖြစ်နဲ့ တကာသစ် ပစ်ချလိုက်တယ်....(မှန်ပါ့)။

တကာတကာမတွေ နေရာကောင်း ရောက်လာကြသလား။ နေရာဆိုး ရောက်လာကြသလားဆိုတာလဲ စဉ်းစားကြည့်ပါ.... ( နေရာဆိုးရောက်လာကြပါတယ်ဘုရား ) နေရာဆိုးရောက်လာ တယ်....(မှန်ပါ့)။

ဒီနေရာ ဘယ်သူ စီမံလိုက်ပါလိမ့် .... ( ကံ့ စီမံပါတယ် ) ကံ့ စီမံလိုက်တယ်....(မှန်ပါ့)။

ကံ့စီမံလိုက်တော့ တကာတကာမတွေက အစာသစ်နဲ့ အစာ ဟောင်းကြားထဲမှာ ကလလရေကြည်အဖြစ်နဲ့ လူခန္ဓာအဖြစ်နဲ့ ရောက်ပြီးသကာလ လာကြတော့ ဘုန်းကြီးတို့ တကာ တကာမ

တွေ့မှာ မသိသေးတော့ ဩော်....ကံ့ကောင်းလို့ ဒီနေရာရောက်လာတယ်၊ ထင်ချင်လဲ ထင်ကြမယ်....(မှန်ပါ့)။

ကံ့ကောင်းလို့ ရောက်တယ်လို့ မောင်ဘသော်တို့ ဆိုလို့ရပါ့မလား....(မရပါဘုရား)။

နေရာကြည့်ပါဦး၊ ကံ့ကောင်းလို့ ရောက်တဲ့ နေရာလား....တကာတကာမတို့၊ နေရာကြည့်ပါ၊ အစာဟောင်းနဲ့ အစာသစ်ဒီကြားထဲလာပြီးရောက်ပါတယ်ဆိုကတည်းက ကံ့ကောင်းလို့ရောက်တာလားဆိုတာ မေးနေတယ်၊ တကာ တကာမတွေဘဲအဖြေထွက်ပါတော့.... ( ကံ့မကောင်းလို့ ရောက်လာတာပါဘုရား ) ကံ့ဆိုးလို့ ရောက်တာ....(မှန်ပါ့)။

ဘယ်သူက သက်သေခံသတုံးလို့ တကာကြွယ်တို့ မေးလို့ရှိယင် တကာသစ်တို့ မေးလို့ရှိယင်ဖြင့် နေရာက သက်သေခံတယ်(မှန်ပါ့)။

ဘယ့်နှယ်ဖြေကြမလဲ....(နေရာကသက်သေခံပါတယ်ဘုရား) တကာကြွယ် သူများပြော မယုံပါနဲ့၊ ကိုယ်နေခဲ့တာ အမှန်ထားပါ....(မှန်ပါ့)။

သူများပြော မယုံကြည်ကြပါနဲ့ တကာ တကာမတွေ ကိုယ်နေခဲ့တာ အမှန်ထားပါ.... (မှန်ပါ့) ကိုယ်နေခဲ့တာ အမှန်ထားတော့ အစာဟောင်းနဲ့ အစာသစ်ကြားထဲမှာဘဲ နေခဲ့ရတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်သူက ပစ်ချလိုက်သတုံး.... (ကံ့က ပစ်ချလိုက်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီကံ့တွေ ခင်ဗျားတို့ကလဲ အင်မတန် ကိုး စားထိုက်တယ်လို့ ယူလို့ရှိယင် ဒီနေရာချည့် ပစ်ချနေတယ်.... (မှန်ပါ့)။

ဒီနေရာထဲမှာ မင်းတို့ကွာ....ကိုးလခွဲ ဆယ်လ့နေရမယ် ဆိုပြီး ပစ်ချလိုက်တာဘဲ....(မှန်ပါ့)။

ဝမ်းထဲမှာ ဘယ်နှစ်လ နေရတယ်....(ကိုးလ့ခွဲ ဆယ်လနေရ ပါတယ်ဘုရား)။

ကိုးလ့ခွဲဆယ်လဆိုပြီး ပစ်ချလိုက်တော့ အင်း....အောက်က ထိုင်ရတာက ကျင်ကြီး၊ အပေါ်က ရွက်ထားရတာက ချေးအန် ဖတ်နဲ့ တူတဲ့ အစာသစ်တွေ....( မှန်ပါ့ ) ဒီကြားထဲ ကံ့ကနေ ပစ်ချလိုက်တယ်....(မှန်ပါ့)။

ဒီကြားထဲ ကံ့ကနေ ပစ်ချတာ တကာကြွယ်တို့က ကံ့ ကောင်းလို့ ဒီနေရာ ရောက်လာတာလား၊ ကံ့ဆိုးလို့ ရောက် လာတာလား....(ကံ့ဆိုးလို့ ရောက်လာတာပါဘုရား)။

မောင်ဘသော်....ပေါ်ပြီကွ....( ပေါ်ပါပြီဘုရား ) တခြား သော ပုဂ္ဂိုလ်များ ပြောတော့ မင်းကံ့ကောင်းလို့ လူ့ဘဝရ တယ်....(မှန်ပါ့) မဟုတ်ပါဘူး-ဘုရာ့၊တပည့်တော် အစကလေး စ-ပြောစမ်းပါဦးဆိုမှ အစက စ့ပြောယင်တော့ သေချာပါပြီ- (မှန်ပါ့) မသေချာသေးဘူးလား....(သေချာပါပြီ)။

အစက စ့ပြောကြည့်တော့ ခင်ဗျားတို့ တကာတကာမတွေ ခင်ဗျားတို့ အမေ၏ စားတဲ့ အစာတွေက အပေါ်က.... (မှန်ပါ့ ဘုရား) ခင်ဗျားတို့ အမေစားတဲ့ ကျေကျက်တဲ့ အစာဟောင်း ဆိုတဲ့ ကျင်ကြီးက အောက်က....(မှန်ပါ့) ပြီးတော့ မစွန့်ရသေး

ဘူး....( မှန်ပါ ) အဲဒီ ကြားထဲမှာ ကံ့က ပစ်ချလိုက်တာ.... (မှန်ပါ)။

ဒီကြားထဲမှာ မောင်ဘသော် တယောက်၊ တကာသစ်တယောက်၊ ဒီက တကာတကာမတွေ ဒီ ကြားထဲ ပစ်ချလိုက်တော့ ထောင်ထဲကျတာက တော်သေးတယ်၊ ဒီ နှစ်ခုကြားထဲ ကျတာက တကာကြွယ် အတော်နစ်နာတယ်.... (နစ်နာပါတယ်ဘုရား)။

ဒါဖြင့် ကံ့ကောင်းတာလား၊ ကံ့ဆိုးတာလား.... (ကံ့ဆိုးတာပါဘုရား)။

ဆိုးတယ်၊ မဆိုးတယ်ကိုလဲ ဘုရားက တခါဟောပြပြန်တယ်။ တကာတကာမတို့ စဉ်းစားပါဦး။ အဲဒီရောက်စ့ ကလေးဟာကွာ တဲ့....၊ ငါ့သေသေချာချာ ပြောပါ့မယ်တဲ့....၊ ဇာတိလို့ ခေါ်တယ်....ဟော့....တဲ့....(မှန်ပါ)။

ဘာလို့ခေါ်သလဲ.... (ဇာတိလို့ ခေါ်ပါတယ်ဘုရား)။

ဇာတိလို့ ခေါ်တယ်ဆိုတော့ ဒီ ဇာတိကိုပင်လျှင် ဘုရားအဆူဆူ ဘယ်သူမှမလွဲရအောင် ဟောတဲ့တရားထဲမှာ " ဇာတိပိ ဒုက္ခာ "....( မှန်ပါ )။

အင်း....ဒီ ထဲဖြစ်လာတာကလေးကလဲ ဘာသစ္စာ တဲ့....လဲ.... (ဒုက္ခသစ္စာပါဘုရား)။

နို့ နေရတဲ့ နေရာကလဲ တကာတကာမတို့ ဒုက္ခရောက်တဲ့ နေရာထဲမှာ ဒုက္ခသစ္စာလာပြီးသကာလ မျိုးစေ့ကျတယ်ဆိုတော့ မောင်ဘသော် ပျော်စရာ, ရွှင်စရာ ပါသေးရဲ့လား.... (မပါ-ပါဘုရား)။

ဉာဏ်နဲ့ စဉ်းစားပါ တကာတကာမတို့၊ ဉာဏ်နဲ့ စဉ်းစားပြီးသကာလ ကြည့်တဲ့အခါကျတော့မှ ဩော်.... ဘုရားကလဲ....

ဖြစ်လာတဲ့ ဒီယောကျ်ား-မိန်းမဆိုတဲ့ သဘောကလေး ဘဝ လူဖြစ်ပေါ်လာတဲ့ သဘောကလေးတွေကြည့်လိုက်တော့ " ဇာတိပိ ဒုက္ခာ " လို့ဘဲ ဟောတယ်....(မှန်ပါ့)။

နို့....ဘုရားဟောတဲ့အတိုင်း ကိုယ်နေရ ထိုင်ရတာ ကြည့်ပြန်တော့....(ဒုက္ခသစ္စာပါ)ဒုက္ခရောက်နေတာဘဲ....(မှန်ပါ့ဘုရား)။

ကျင်ကြီးပေါ်ထိုင်ပြီး ချေးအန့်ဖတ်နဲ့တူတဲ့ အစာတွေရှက်ထားရပြန်တော့ တကာတကာမတို့ နေရထိုင်ရတဲ့ နေရာကလဲ ဘုရားဟောတော်မူတာနဲ့ တသဝေမတိမ်း မှန်နေတော့တယ် ဆိုတာလဲ ငြင်းဘို့မလိုတော့ပါဘူး....( မလိုပါဘုရား ) လိုသေးသလား....(မလိုပါဘုရား)။

ရောက်ရာဌာနက နေရမည့်နေရာကလဲ ဒုက္ခသစ္စာ....(မှန်ပါ့) နေတဲ့အရပ်ပေါ်လာတဲ့ ရုပ်နာမ်ကလေးဆိုတဲ့ သဘောကလေးကလဲ....တဲ့၊ ကလလရေကြည်သဘောကလေးကလဲ ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ နေရာထိုင်ခင်းကလဲ ဘာသစ္စာတုံး ....(ဒုက္ခသစ္စာပါ)နေရတဲ့ သတ္တဝါကလေးကလဲ....(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာဘဲဆိုတာ ဒီဘက်က တကာတကာမတွေ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့က အင်မတန် ကံကောင်း အကြောင်းသင့်ပြီးသကာလဘုရား- လူ့ဘဝအရ တော်-တော်သေးရဲ့တဲ့၊ အစတော့ မတွေးမိပါဘူးထင်ပါရဲ့....(မှန်ပါ့) သဘောကျရဲ့လား-(ကျပါတယ်ဘုရား)။

အစက ကောင်းကြရဲ့လား .... ( မကောင်းပါ ) အစကလဲ မကောင်းတော့ တကာတကာမတွေက ဩော်.... ဘယ်သူစိမ်

လိုက်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဘယ့်နှယ်ဆိုကြမလဲ.... (ကံကစီမံပါတယ်ဘုရား)။

ခင်ဗျားတို့ ရွှေ့နိုင်သေးရဲ့လား- ဒီနေရာက.... (မရွှေ့နိုင်ပါ ဘုရား)။

မရွှေ့နိုင်တော့ ကံကစီမံသလို ခံပြီးသကာလ နေတော့ ဘုန်းကြီးတို့ တတာတကာမတွေ့ဦး ကိုယ့်သဘောကလဲ မပါ၊ ကံ သဘောစီမံသလို ခံရတော့ ရွှေ့လို့လဲမဖြစ်....(မှန်ပါ့)နေရာကလဲ ရွှေ့ချင်စရာနေရာ....(မရှိပါ) နေရာကလဲ နည်းနည်းမှ ပျော်ချင် စရာ, ပါးချင်စရာပါ-ပါရဲ့လား....(မပါ-ပါဘုရား)။

နေရာကလဲမပါ၊ ရောက်တဲ့ခန္ဓာကြီးကလဲ တကာတကာမ တွေ ဒီနေရာပစ်ချလိုက်တော့ ဒီနေရာကျပြီး ဒီနေရာမှာဘဲ မရွှေ့နိုင်ဘဲဖြစ်ပြီးသကာလ နေကြတော့ "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" ဆိုတဲ့အတိုင်း ဒီနေရာမှာဘဲ၊ ကမ္မံ=ကံသည်၊ သတ္တေ= သတ္တဝါ တို့ကို၊ ဝိဘဇ္ဇတိ=အကျိုးပေး၏၊ ဆိုတဲ့အတိုင်း ဒီနေရာကလေးက ရွှေ့နိုင်ကြသေးရဲ့လား....(မရွှေ့နိုင်ပါဘုရား)။

ဒါဖြင့် နေရာကလဲ မကောင်း၊ နေရတာကလဲ ဒုက္ခိတ.... (မှန်ပါ့)ကဲ....မရွှေ့နိုင်တာက ဘာဖြစ်လို့တုံး၊ကျင်ကြီးကျင်ငယ် ကြားထဲ မနေချင်ပါဘူးလို့ တကာတကာမတွေက ရွှေ့နိုင်တဲ့ စွမ်းရည်သတ္တိ ရှိကြရဲ့လား....(မရှိပါဘုရား)။

ဘယ့်နှယ်ကြောင့် ရွှေ့နိုင်တဲ့စွမ်းရည်သတ္တိ မရှိပါလိမ့်မတုံး မေးတော့ တကာတကာမတွေ ကိုယ်ကလဲ ဒုက္ခိတဒုက္ခသစ္စာဖြစ် နေတယ်....(မှန်ပါ့ဘုရား)။

ဒီရုပ်နာမ်ကလေးက ဘာဖြစ်နေသတုံး....(ဒုက္ခိတ ဒုက္ခသစ္စာ ဖြစ်နေပါတယ်ဘုရား)။

ဒုက္ခ ိတဆိုတဲ့ ဒုက္ခသစ္စာဖြစ်နေတော့ နေရာကမကောင်း၊ မရွှေ့နိုင်တဲ့ အခြေအနေတွေ ရောက်ဆိုတော့ ဒီ့ထက်ဆိုးတာ တော့ဖြင့် မောင်ဘသော် ရှာတွေ့သေးသလား .... (မတွေ့ပါ ဘုရား)။

သေသေချာချာ စဉ်းစားပါ၊ သေသေချာချာ စဉ်းစားပါ တကာတကာမတို့၊ ဒီနေရာက လာတာဘဲဆိုတော့ဖြင့် တကာသစ် ငြင်းဘို့လိုသေးသလား....(မလိုပါ) တကာတကာမတို့ ဘယ်ကမှ လာတာမဟုတ်ဘူး ဒီနေရာက လာကြတာ....(မှန်ပါ့)ဒီနေရာမှာ ဘဲ နေခဲ့ကြရတယ်....(မှန်ပါ့ဘုရား)။

နေရာကောင်း နေခဲ့ကြရသလား....( မဟုတ်ပါ ) နေရာလဲ မကောင်းဘူး....(မှန်ပါ့ဘုရား)။

ကဲ .... ဒီနေရာဖြင့် မကောင်းဘူး၊ ဟိုနေရာ ပြောင်းပါ ဦးမယ်ဆိုတဲ့ ရုပ်နာမ်ကလေးကလဲ ပြောင်းနိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါရဲ့လား....(မရှိပါဘုရား)။

သူကလဲ ဘာသစ္စာမို့ မပြောင်းနိုင်တာတုံး.... (ဒုက္ခသစ္စာမို့ မပြောင်းနိုင်တာပါဘုရား)။

နေရာကလဲ ဒုက္ခရောက်၊ ဒုက္ခတွေပင်လယ်ဝေပြီး သကာလ နေတဲ့နေရာ....( မှန်ပါ့ ) ရွှေ့လာတဲ့ဒုက္ခ ိတ- ဒုက္ခသစ္စာကလဲ မရွှေ့မပြောင်းနိုင်တဲ့သဘော .... ( မှန်ပါ့ ) ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့်“ဇာတိပိဒုက္ခာ” ( မှန်ပါ့ ) ဟောထိုက်-မဟော ထိုက်....(ဟောထိုက်ပါတယ်ဘုရား)။

ဇာတိပိ....( ဒုက္ခသစ္စာပေါ ) ဒီမှာရောက်ကြသ၍ ဘာသစ္စာတဲ့လဲ.... (ဒုက္ခသစ္စာပေါ) နေရာထိုင်ခင်းကလဲ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပေါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာပေါ်မှာ ဒုက္ခသစ္စာကလေးတခု ရောက်လာတာဘဲ ဆိုလို့ရှိယင်ဖြင့် မောင်ဘသော်တို့၊ တကာကြွယ်တို့ လွဲပါ့မလား....(မလွဲပါဘုရား)။

ကိုယ့်အကြောင်း ကိုယ်ပြန်ပြီး အကြည့်ခိုင်းတာပါ-(မှန်ပါ့) တကာတကာမတို့ ဘာအကြည့်ခိုင်းပါလိမ့်....(ကိုယ့်အကြောင်း ကိုယ်ပြန်ပြီး အကြည့်ခိုင်းတာပါဘုရား)။

ကိုယ့်အကြောင်း ကိုယ်ပြန်ပြီးအကြည့်ခိုင်းတော့ ဩော်.... ဒါဘယ့်နှယ်ကြောင့် မကောင်းတဲ့နေရာမှာ မကောင်းတဲ့ရုပ်နာမ် ဖြစ်ရပါလိမ့် မလဲလို့ တွေးကြည့်တော့ တကာတကာမတွေ သိတန်သလောက် သိထားတော့ ကံဘဲဘုရား....(မှန်ပါ့) ဘယ့်နှယ်လဲ အဖြေထွက်လာပြီ....(မှန်ပါ့ဘုရား)။

ကံဘဲတုရာ့- သူစီမံသလိုခံရုံဘဲ .... ( မှန်ပါ့ ) တကယ့်စီမံလိုက်တာ တကာတကာမတွေ ကိုယ့်အကြိုက် ကိုယ့်အလိုက် များ အခုတွေးကြည့်စမ်းပါ၊ ခဏကလေး ပျော်စရာ ပါးစရာ ပါ-ပါရဲ့လား....(မပါ-ပါဘုရား)။

နို့ဘယ့်နှယ်ကြောင့် မရွေ့နိုင်ကြသတုံးဆိုတော့- ဒုက္ခတ ဒုက္ခသစ္စာမို့ဘုရာ့.... ( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် စကတည်းက ကျုပ်တို့ခန္ဓာထဲ ရောက်စ ဘာသစ္စာကလေးနဲ့ နေခဲ့ကြရသလဲ.... (ဒုက္ခသစ္စာကလေးနဲ့နေခဲ့ ကြရပါတယ်ဘုရား)။

ဒါဖြင့် "ဇာတိပိ ဒုက္ခာ"ဟုတ်ပါရဲ့လား....(ဟုတ်ပါတယ်) စဉ်းစားမိကြပလား....(စဉ်းစားမိပါပြီဘုရား)။

ဩော်....ဒီ ဇာတိပိဒုက္ခသစ္စာဟာ တကာတကာမတို့ခင်ဗျား တို့ ဝေထားတဲ့ ပဋိစ္စသမုပ္ပါဒ်ဟာ အိမ်သိမ်းထားဘို့ မဟုတ်ပါ ဘူး၊ ခင်ဗျားတို့ဉာဏ်ထဲမှာ ရောက်နေနှင့်ဘို့၊ ဉာဏ်ထဲမှာမှတ် ပြီးသကာလ ဉာဏ်ထဲရောက်နေနှင့်ဘို့ လှူဒါန်းပေးကမ်းထား တော့ နောက်ပြန်ပြီး ကြည့်လိုက်တဲ့ အခါကျတော့ ဇာတိ နောက်က ကံမရှိဘူးလား....(ရှိပါတယ်ဘုရား)။

ဒါဖြင့် ကမ္မဘဝပစ္စယာ.... ( ဇာတိပါ ) ဟာ.... ဒါဖြင့် တကာတကာမတို့ ပေါ်ပြီ-ပေါ်ပြီ၊ ဒီကံဘဲ....(မှန်ပါ့) ဒီကံစီမံ တာဘဲ ဒီဇာတိ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒီကံစီမံတာဘဲဆိုတဲ့ ဒီဇာတိဟာဖြင့် သေချာကြပလား.... (သေချာပါပြီဘုရား)။

ဒါ နောက်ဆုတ်ကလေး တွေးလိုက်ပါဦး-တကာတကာမတို့ နောက်ဆုတ်ကလေး တွေးလိုက်တော့ ဒီကံသည်ကားလို့ဆိုယင် ငါတို့ကို ကျင်ကြီးကျင်ငယ်ကြားထဲ ပို့တယ်....(မှန်ပါ့ဘုရား) ရုပ်နာမ်ကလေး လူမမယ်ကလေး ဒုက္ခသစ္စာကလေး ကလလ ရေကြည်သဘောကလေး ပို့လိုက်တယ်၊ တကယ့်ကိုဆိုးဝါးတဲ့ ကံပါကလားဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ) တကယ်ဆိုးတဲ့ ကံနော်....(မှန်ပါ့ဘုရား)။

အင်း-ဒီကံကလဲ တကာတကာမတို့ဆိုးချင်လို့ ဆိုးရတာလား လို့ မေးတဲ့အခါကျတော့ ကံနောက်က အုပ်ချုပ်နေတာ ပဋိ လောမ ပြောင်းပြန် ပြန်ပြောလိုက်တော့ဖြင့် ဉပါဒါန်ကြောင့် (မှန်ပါ့ဘုရား)။

ဘယ်နှယ် ဘာတွေ့သတုံး.... (ဥပါဒါန်တွေ့ပါတယ်ဘုရား) ဪ .... ဥပါဒါန်စိမ်းသလို ကံကလုပ်ပေးရရှာတယ် နော် .... (မှန်ပါ)အဲဒီကံကလုပ်ပေးလိုက်တော့ ကျုပ်တို့ ဒုက္ခသစ္စာကြီး လှလှကြီး ရတော့တယ်ဆိုတဲ့ဉစ္စာ ငြင်းဘို့မလိုတော့ဘူး .... (မလို ပါဘုရား)။

ဒီဥပါဒါန်ကလဲ ဘယ်သူက သူ့အပေါ်မှာ လုပ်စေဆိုတဲ့ အမိန့်ပေးနေပါလိမ့်မတုံး၊ နောက်ဆုတ် ပြန်တွေးလိုက်တော့လဲ ဘာတွေ့ကြသလဲ....( တဏှာပါ ) တဏှာတွေ့တယ် .... (မှန်ပါ ဘုရား)။

ဒါဖြင့် ဒီတဏှာဟာလဲ ကျုပ်တို့ကို နေရာဆိုးပို့တဲ့အထဲမှာ အကူအညီပါတယ် (မှန်ပါ) နေရာဆိုးပို့တဲ့အထဲမှာ....(အကူ အညီပါ-ပါတယ်ဘုရား)။

ဒုက္ခမျိုးစုံနဲ့ကြုံဘို့ အထဲမှာလဲ .... (အကူအညီပါ-ပါတယ်) အကူအညီပါတယ်ဆိုတာ သေချာကြပလား .... (သေချာပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဇာတိက ဘာသစ္စာ ....(ဒုက္ခ သစ္စာပါ)အင်း....ဇာတိက ဒုက္ခသစ္စာနော်....(မှန်ပါဘုရား)။

နောက်တခါ ဇာတိသည် ဘယ်ကလာသတုံးဆိုတော့ ကံက မလာဘူးလား.... (လာပါတယ်) အဲ....ကံက သမုဒယသစ္စာလို့ တွေးလိုက်၊ ကံကြောင့် ဇာတိဖြစ်ရတာကိုး.... (မှန်ပါဘုရား)။

ကံကဘာသစ္စာတုံး.... (သမုဒယသစ္စာပါ) အဲ....ဇာတိက.... (ဒုက္ခသစ္စာပါဘုရား)ကံက....( သမုဒယသစ္စာပါဘုရား)။

ဪ....ဒီကံကလဲ လုပ်ချင်လို့လုပ်ရတာလား၊ ဒီသတ္တဝါ ဒုက္ခတကာလေးဖြစ်အောင် ကျင်ကြီး- အစာဟောင်း-အစာသစ်

ကြားထဲမှာ ခန္ဓာကလေးပေါ်အောင် ကံက သူ့စိမံချင်သလို စီမံရတာလားလို့ မေးတဲ့အခါကျလို့ရှိယင် ကံနောက်ကအုပ်ချုပ်နေတာ တကာကြွယ် မြင်ပါလိမ့်မယ်....(မှန်ပါ့)ဘယ်သူပါလိမ့်....(ဥပါဒါန်ပါဘုရား)။

ဒါဖြင့် "ဥပါဒါနပစ္စယာ ကမ္မဘဝေါ" ဆိုတော့ ဟော.... ဥပါဒါန်ကြိုက်သလို ကံကစီမံရတာ....(မှန်ပါ့)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

အင်း....ဘယ်သူကြိုက်သလိုဘယ်သူစီမံရပါလိမ့်....(ဥပါဒါန်ကြိုက်သလို ကံ့က စီမံရပါတယ်ဘုရား)။

ရှင်းပြီဗျ၊ ဥပါဒါန်ကြိုက်သလို ကံ့က စီမံရတော့ ဥပါဒါန်လက်အောက်ခံဖြစ်နေတယ် ကံက....(မှန်ပါ့ဘုရား)။

ဒါဖြင့် ဥပါဒါန်လဲ ကျုပ်တို့ဒုက္ခရောက်စေတဲ့ နေရာဌာနမှာ အကြီးအကျယ် ဆိုးဝါးအောင် အကူအညီပေးတဲ့တရားဘဲဆိုလို့ရှိယင်လဲ မှန်ရတော့တာဘဲ....(မှန်ပါ့)ဆိုထိုက်ပလား.... (ဆိုထိုက်ပါတယ်ဘုရား)။

ဟော့... ဥပါဒါန်၊ မင်းသည်ကားလို့ ဆိုလို့ရှိယင် ငါတို့ကို ဒုက္ခကြားထဲ- ကျင်ကြီး- ကျင်ငယ်ကြားထဲ ပို့လိုက်တဲ့နေရာမင်းအတော် အကူအညီပေးတာဘဲ၊ ဆိုးဝါးလှချည့်ကလား ဆိုတော့ ကျွန်တော် ဆိုးဝါးချင်လို့ ဆိုးဝါးတာမဟုတ်ဘူး၊ ကျွန်တော့်အထက်က အုပ်ချုပ်ရေးရှိသေးတယ် .... (မှန်ပါ့ဘုရား)။

သူ့အထက်ကစီမံပြန်တယ်ဆိုတော့လဲဥပါဒါန်နောက်ကဘာက စီမံပြန်ပါလိမ့်....(တဏှာကစီမံပါတယ်ဘုရား)။

ဪ.... ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်း တကာတကာမတို့ တဏှာစိမ်းသလို ဥပါဒါန်က လုပ်ရရှာတော့ ဥပါဒါန်စိမ်းသလို ကံကလုပ်ရရှာတော့ ကံစိမ်းသလို ကျုပ်တို့မှာ ဒုက္ခသည်ကလေးလာဖြစ်ရတယ် .... (မှန်ပါ့ဘုရား)။

ကံစိမ်းသလို ဘာလာဖြစ်ရပါလိမ့်.... (ဒုက္ခသည်ကလေးလာဖြစ်ရပါတယ်ဘုရား)။

ဒုက္ခသည်ကလေး လာဖြစ်ရတော့ ဪ....ဒုက္ခသည်ကလေး ကျင်ကြီး ကျင်ငယ်ကြားထဲ ဒုက္ခသည်ကလေးတယောက် မျက်စိသူငယ်နဲ့ ပေါ်ပေါက်လာခဲ့ရတာ အဆိုးဝါးဆုံးတရား သုံးခုကြောင့်ဘဲဆိုတာ ပေါ်လာတယ်....(မှန်ပါ့) တဏှာ, ဥပါဒါန်, ကံ....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်သူပါလိမ့် တကာတကာမတို့ .... (တဏှာ,ဥပါဒါန်,ကံပါဘုရား) တဏှာ, ဥပါဒါန်, ကံ ဆိုတာ ရတော့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းရှင်းနေတယ်....(မှန်ပါ့)မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီသုံးခုသည် ကျုပ်တို့၏ မိတ်ဆွေသဘော သက်ရောက်သလား၊ သို့မဟုတ် ရန်သူအမှတ်နဲ့ ကျုပ်တို့ကိုစီရင်နေတာလား မေးကြည့်စမ်း .... (ရန်သူအမှတ်နဲ့ စီရင်နေတာပါဘုရား)။

အဲ-ကျုပ်တို့ ဘယ်တုန်းကမှ သူ ဒီ ကျင်ကြီး၊ကျင်ငယ်ကြားထဲပို့လိုက်ပါလိမ့်မတုံး၊ ပို့လိုက်ပြန်တော့လဲ မလှုပ်နိုင်တဲ့ အသည်းကလေးအဖြစ်နဲ့ နေရပြန်တော့ ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒီ ရန်သူ သုံးယောက် ဘယ့်နှယ်ကြောင့် ကျုပ်တို့ကို

အနိုပ်စက်ပြင်းထန်းပါလိမ့်မလဲ ဆိုတဲ့ဥစ္စာ မေးခွန်း ထုတ်ရလိမ့်မယ်....(မှန်လှပါဘုရား)။

ရန်သူ သုံးယောက်တွေ့ကြပလား....(တွေ့ပါပြီဘုရား) အကြီးဆုံး ရန်သူက ကံ, ဒုတိယနည်းနည်းငေးတာကဥပါဒါန်၊ တတိယ ပိုငေးတာက တဏှာ....(မှန်ပါ့) တဏှာ ဥပါဒါန် ကံ တို့၏ လက်ချက်ဟာ တကာကြွယ်ရေ.... ကျုပ်တို့မှာ ခုထက်ထိ ဒုက္ခရောက်တုန်း ရှိသေးတယ်... (မှန်လှပါဘုရား)။

ဇာတိပြီးတော့လဲ ဇရာဒုက္ခတွေ ရောက်နေကြပြီကောဗျ .... (မှန်လှပါဘုရား) ဗျာဓိဒုက္ခတွေ တွေ့ဦးမှာ မဟုတ်လား ... (မှန်လှပါဘုရား) အနာနှိပ်စက်တဲ့ ဒုက္ခတွေ့ရဦးမယ်....(မှန်ပါ့) အင်း-နောက်ကျတော့ သေပွဲဝင်တဲ့ ဒုက္ခကော.... (တွေ့ရပါမယ်)။

ဩော်....ဒါဖြင့် တကာတကာမတို့မှာ ဇာတိဒုက္ခ ဇရာဒုက္ခ ဗျာဓိဒုက္ခ မရဏဒုက္ခဆိုတဲ့ ဒုက္ခလေးချက်တွေ တွေ့ရဦးမှာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် **အ**မှန်အတိုင်း ဖြစ်နေတဲ့ဥစ္စာ ကျုပ်တို့မှာတဲ့ ရန်သူသုံးယောက်၏ လက်အောက်မှာ ရောက်ခဲ့ရလေရဲ့ဆိုတာ သေသေချာချာမှတ်ပါ.. (မှန်ပါ့)။

ရန်သူ သုံးယောက် လက်အောက်ရောက်ခဲ့တယ်.... ( မှန်ပါ့ ) ကံ,လဲ ရန်သူဘဲ။ ဥပါဒါန်ကော... ( ရန်သူပါဘုရား ) တဏှာကော....(ရန်သူပါဘုရား)။

ဩော်.... ဒီ ရန်သူတွေသည်ကားလို့ ဆိုယင် ကျုပ်တို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နည်းနည်းမှ အခု သေသေချာချာ ဆရာ·ဘုန်းကြီးက အကျိုးအကြောင်းတွေ ဆက်ပြလိုက်တဲ့ အခါကျတော့ ဘယ်သူ့ လက်သတ်မွေးလို့ တော်ပါလိမ့်မတုံးလို့

တကာကြွယ်မေးတော့ ရန်သူသုံးယောက် ဘယ်သူ့မှ မွေးလို့ မတော်ဘူးဘုရား့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ရန်သူ သုံးယောက် ဘယ်သူ့ကို ကိုယ်ပိုင်မွေးလို့တော်ကြပါ့မလဲ...(ဘယ်သူ့မှ မတော်ပါဘုရား) ဘယ်သူမှ မတော်ဘူးဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းလောက်ပါပြီ....(ရှင်းပါပြီ)။

အဲဒါကြောင့် တကာကြွယ်တို့၊ တကာသစ်တို့၊ မောင်ဘသော်တို့၊ ဦးလှဘူးတို့က ကံ့ကောင်းလို့ လူဖြစ်လာတယ်ဆိုတော့ ကံ့ကိုဘဲ ကျေးဇူးတင်ရဦးတော့မလိုလို....(မှန်ပါ့)။

ကိုယ်ရောက်တဲ့ နေရာဌာနတော့ မကြည့်ဘူး၊ ရမ်းပြီးကျေးဇူးဘင်တာဘဲ...(မှန်လှပါဘုရား)။

ကိုယ့်ဖြစ်တဲ့ ဖြစ်ထွေကလေးကြောင့် မရွေ့နိုင် မသွားနိုင်တဲ့ ကံ့ပေးထားတာက ဇာတိဒုက္ခ တခုပေးတယ်၊ ဇရာဒုက္ခလဲ သူ့လက်ချက်မလွတ်ဘူး... (မှန်ပါ့) ဗျာဓိဒုက္ခကော....(သူ့လက်ချက်မလွတ်ပါ) မရဏဒုက္ခကော.... (သူ့လက်ချက်မလွတ်ပါဘုရား)။

မယုံစဉ်းစားကြည့်၊ ကံ့ကုန်လို့ သေတယ်ပြောတာဘဲ။ သူသတ်တာဘဲ...( မှန်ပါ့ ) မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒီတော့ ဒီဒုက္ခလေးချက်ကို ကံ ဥပါဒါန် တဏှာ ဒီသုံးခုပေါင်းပြီး ပေးလိုက်တာ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒီ ဒုက္ခလေးချက်ကို ဘယ်သူက ပေးလိုက်ပါလိမ့်.... (တဏှာ ဥပါဒါန် ကံ က ပေါင်းပြီး ပေးပါတယ်ဘုရား ) ရှင်းကြပြီ.... (ရှင်းပါပြီ)။

ပြောင်းပြန်-ပြန်ပြောလိုက်တော့ ကံ ဥပါဒါန် တဏှာပေါ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ) အစဉ်အတိုင်း ပြောတော့ တဏှာ ဥပါဒါန် ကံ....(မှန်ပါ့)။

ဒါဖြင့်....ဒါမိတ်ဆွေ သုံးယောက်လို့ဆိုကြမလား၊ ရန်သူ သုံးယောက်လို့ ဆိုရမလား....(ရန်သူသုံးယောက်ပါဘုရား)။

ဒီအသံ ခင်ဗျားတို့ ထွက်လာတာဟာ တကာကြွယ် ဘုန်းကြီး အင်မတန်မှ ဝမ်းမြောက်ပါတယ်....(မှန်ပါ့)။

နို့-မဟုတ်ယင် ဘယ်သူက ပြောပြော ခင်ဗျားတို့က ကံ့ ကောင်းလို့ လူဖြစ်လာတယ်.... (မှန်ပါ့) ကံ့ကောင်းလို့ လူဖြစ် လာတယ်ဆိုတော့ သစ္စာကို မမြင်တော့ဘူး .. (မှန်ပါ့)။

အခုတော့ဖြင့် တကာကြွယ်ရေ .... သစ္စာဟ "ဇာတိ ဒုက္ခ သစ္စာ".. (မှန်ပါ့) အခု တကာကြွယ်တို့ကျတော့...."ဇရာဒုက္ခ သစ္စာ"...(မှန်ပါ့) တော်တော်ကြာ အိပ်ရာထဲ လျောင်းတော့ "ဗျာဓိပိ ဒုက္ခ သစ္စာ"... (မှန်ပါ့) အင်း....တော်တော်ကြာကျ လို့ရှိယင်ဖြင့် အားလုံးဘဲမျက်ရည်ကျပြီးတော့ ထမ်းထုတ်ဘဲဘဝ ရောက်တော့ "မရဏမ္ပိ ဒုက္ခသစ္စံ".... (မှန်ပါ့) မရောက် ပေဘူးလား... (ရောက်ပါတယ်ဘုရား)။

အဲဒီ့ ဒုက္ခလေးချက်ဟာတဲ့ ဘယ်ရန်သူတွေကြောင့် ကျုပ်တို့ သည်ကားလို့ဆိုယင် ဒုက္ခလေးချက် လုလ္လုကြီးတွေရပါလိမ့်မတုံး လို့ မေးလိုက်လို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ...(တဏှာ ဥပါဒါန် ကံ့ပါဘုရား)။

ဒါဖြင့် ကံ့ကောင်းတာများ မောင်သစ် ပါသေးသလား.... (မပါ-ပါဘုရား)။

တကာတကာမတွေ ကံ့ကောင်းတာများ ပါနေသေးလား.... (မပါ-ပါဘုရား)။

ကံ့ကောင်းတာလုံးဝမပါ-ပါဘူး....တဲ့၊ ဒီ ရန်သူ သုံးယောက် ကြိုက်သလို စီမံလိုက်တာ ကျုပ်တို့ဖြင့် ဆင်းရဲပွဲက စ့ပြီး ဆင်းရဲပွဲဆင်းရတယ်....( မှန်ပါ့ ) " ဇာတိပိ ဒုက္ခာသစ္စာ " ပြီးတော့ " မရဏမ္ပိ ဒုက္ခသစ္စံ " မဆင်းရဘူးလား.... (ဆင်းရပါတယ် ဘုရား) ဆင်းရဲပွဲ စ့လိုက်တယ်... ( မှန်ပါ့ ) ဇာတ်သိမ်းတော့ ကော... (ဆင်းရဲပွဲသိမ်းရပါတယ်) ဆင်းရဲနဲ့ဘဲ သိမ်းရတယ် .... (မှန်ပါ့)။

ဩြော်... အမွဲကြီး မွဲပြီး အမွဲကြီး သေရတယ်.... ( မှန်လှပါ ဘုရား )။

တကာတကာမတွေ အကောင်းပါသေးလား.... ( မပါ-ပါ ဘုရား )။

အဲဒါကို ထောက်ကြည့်တော့မှ ကံ့များ တယ်ကြောက်စရာ ကောင်းပါလား....ဟော့....(မှန်ပါ့)။

တကာကြွယ်တို့၊ ဦးလှဘူးတို့ ကံ့ဟာ ဘယ့်နှယ်တုံး.... (ကြောက်စရာကောင်းပါတယ်ဘုရား)။

ဘုရားကလဲ ဟော.... ဖြစ်စဉ်ကလဲ အကိုက်ဆိုတော့ " ကမ္မ ဘဝပစ္စယာ ဇာတိ "တဲ့ အနီးဆုံးလက်သည်သူပါဘဲ.... (မှန်လှပါဘုရား)။

အနီးဆုံးလက်သည်....(သူပါဘဲဘုရား) ကံ့ဘဲ ဆိုတာ ပေါ် လာကြပလား... (ပေါ်လာပါပြီ)။

ကျုပ်တို့ ဒုက္ခလေးချက်ကို အနီးဆုံးပေးတာ ဘယ်သူပါလိမ့်....(ကံပါဘုရား) သဘောပါကြပလား.... ( ပါ-ပါတယ်ဘုရား )။

သို့သော် သူကလဲ သူ့သဘောချည့် အကုန်ပေးတယ်လို့ မယူဘဲနဲ့ ဥပါဒါန်သဘောလဲပါ၊ တဏှာသဘောလဲပါတယ်ဆိုတာလဲ သိကြပါပြီ....(သိပါပြီဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဒီကံနဲ့ အိုးစားမကွဲသ၍ ကာလပတ်လုံးဖြင့် ဒီဒုက္ခလေးပွဲနဲ့ လွဲနိုင်မယ်မဟုတ်တော့ဘူး ဆိုတာဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ဒီကံနဲ့ မကွဲသ၍ ကာလပတ်လုံး ဒုက္ခလေးပွဲနဲ့ လွဲနိုင်ပါ့မလား... (မလွဲနိုင်ပါဘုရား) ဇာတိ ဇရာ ဗျာဓိမရဏဆိုတဲ့ ဒုက္ခလေးပွဲနဲ့ လွဲနိုင်ပါ့မလား....(မလွဲနိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကံဟာ ကျုပ်တို့ကို အတော်နှိပ်စက်တဲ့ကံဘဲ....(မှန်ပါ့) ခင်ဗျားတို့ ကံမျှားမျှော်လင့်သေးသလား....(မမျှော်လင့်ပါဘုရား)။

ဟာ...ဒီလိုလဲမပြောကြနဲ့လေ၊ ခင်ဗျားတို့က အရေးရှိလာတဲ့အခါ ကျလို့ရှိယင်ဖြင့် အင်း....အရောင်းအဝယ်ကလေး ဆုတ်ယုတ်လာတယ်၊ သားကလေး, သမီးကလေးတွေ နေမကောင်းဘူး၊ ကိုယ်ကလဲ အကြောင်းမညီညွတ်ဘူး ဆိုလို့ရှိယင် ကံမျှားဘာဖြစ်နေသတုံး မပြောတတ်ပါဘူး၊ အံ့မာ.... ကံကိုတောင်းတတယ်....(မှန်ပါ့ဘုရား)။

ကံနှိပ်စက်တယ်ဆိုတာတောင်မှ ခင်ဗျားတို့က ဘယ့်နှယ်တုံး တောင်းတသေးတယ်....(မှန်ပါ့) နှိပ်စက်ထားတာ မမြင်ကြတော့ နောက်ထပ် နှိပ်စက်ဘို့ကိုလဲ မျှော်လင့်ချက် မကင်းသေးဘူး.... (မှန်ပါ့)တယ်လဲ မိုက်ချက်သန်ပါလား.... (သန်ပါတယ်ဘုရား)။

သေသေချာချာ ရှင်းကြ၊ သေသေချာချာရှင်းကြ တရားအကွက်လည်လာပြီ....(မှန်ပါဘုရား)။

တကာကြွယ်တို့အိမ်မှာ တက်ဖျားတွေကလဲများ၊ တုပ်ကွေးကလေးကသဲ ဝင်ချင်၊ ရောဂါကလေးကသဲ ထိုးတက်တော့ တကာကြွယ် ဘာတောင့်တသလဲ .... (ကံကောင်းဘို့ တောင်းတပါတယ်) ဘာဖြစ်လို့တုံး၊ အယင်နှိပ်စက်ထားတာ မကျေနပ်တာနဲ့....(မှန်ပါ့ဘုရား)ဘာတုံးဗျ နောက်ထပ်နှိပ်စက်ပါဦးခေါ်တာလား....(ခေါ်တာပါဘုရား)။

ဒါလောက် ခင်ဗျားတို့ ဆရာဘုန်းကြီး အကူအညီမရတော့ဘူးဆိုယင် ခင်ဗျားတို့ နဂိုရ်ကနှိပ်စက်ထားတဲ့ ဒဏ်ရာမပြေခင် ရိုက်ပါဦးဆိုတဲ့ လူထပ်ခေါ်တယ်....(မှန်ပါ့) ဒါလောက်ဆိုးဝါးတယ်.... (ဆိုးဝါးပါတယ်ဘုရား)။

သေသေချာချာစဉ်းစားပါ၊ နဂိုရ်ကနှိပ်စက်ထားတဲ့ ဒဏ်ရာ နေရာ အခုအများကြီး ကျေတေနေပါပြီဆိုတာ ပြောဘို့လိုသေးသလား....(မလိုပါ) ဒီထဲကနေပြီး ဘာတောင်းတပြန်သတုံး .... (ကံတောင်းတပါတယ်) ဘာဖြစ်ချင်သေးလို့တုံး ...(ဒုက္ခရောက်ချင်လို့ပါ) အယင်ဒုက္ခနည်းလို့လား....(မဟုတ်ပါဘုရား)။

အယင်ဒုက္ခလဲ မနည်းဘူး၊ နောက်ဒုက္ခကိုလဲ လိုချင်သေးတယ်ဆိုတော့ ခင်ဗျားတို့ဟာ စုံလုံကန်းမိုက်ဘဲ-(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမယ် .... ( စုံလုံးကန်းမိုက်ပါ ) မောင်သစ် သေသေချာချာ ဉာဏ်နားနဲ့ထောင်မှ စုံလုံးကန်းမိုက် ပေါ်လာ တယ်....( မှန်ပါ့ ) ဉာဏ်နားနဲ့ မထောင်လို့ရှိယင် စုံလုံးကန်း မိုက်က မပေါ်သေးဘူး....(မှန်ပါ့) အခုတော့ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အရေးရှိ ကံတောင်းတ၊ အရေးရှိ ကံ တောင်းတပြီး ခင်ဗျားတို့ ကံကိုဖက်ပြီး တောင်းတတာသည် ကားလို့ဆိုယင် သစ္စာမမြင်တဲ့ ပုဂ္ဂိုလ်၏ တောင်းတချက် .... (မှန်ပါ့)ပေါ်ပလား ...(ပေါ်ပါပြီဘုရား)။

ကံကို နောက်ထပ်တောင်းတတာသည်၊တကာကြွယ်ဘာတဲ့.... (သစ္စာမသိတဲ့ပုဂ္ဂိုလ်၏ တောင်းတချက်ပါဘုရား)။

သစ္စာမမြင်လို့ပေါ့ဗျ၊ ဒုက္ခလေးချက် ဆိုတာ ဒုက္ခသစ္စာ မဟုတ်လား....(မှန်ပါ့) "ဇာတိပိဒုက္ခံ ဇရာပိဒုက္ခံ ဗျာတိပိ ဒုက္ခံ မရဏမ္ပိဒုက္ခံ"ဆိုတဲ့ ဒုက္ခလေးချက်ဟာ ဒီကံပေးထား တာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အဲဒီတော့ နောက်ထပ်ကံလာဘ့ိ ဒီဒုက္ခလေးချက် မြင်လို့ တောင်းတတာလား- မမြင်လို့ တောင်းတတာလား .... (မမြင် လို့ တောင်းတတာပါဘုရား)။

ဟာ....ဒါဖြင့် သစ္စာမသိတဲ့ ပုဂ္ဂိုလ်တွေဘဲ....(မှန်ပါ့) ဘုရား သခင်ကိုယ်တော်မြတ်ကြီးက သစ္စာမသိယင်တော့ကွ ဘာလူလူ ဘာတန်းတန်း-ဘာပေးပေး နိဗ္ဗာန်မရဘူးဟေ့.... (မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

သစ္စာမသိယင်....(နိဗ္ဗာန်မရပါ) အဲဒီတော့ ကံကိုပြန်တောင်း တတဲ့ ပုဂ္ဂိုလ်များမှာ တကာကြွယ်တို့၊ ဦးလှဘူးတို့ဘဲ ဆုံးဖြတ်

ချက်ချပါတော့၊ သိတဲ့ပုဂ္ဂိုလ်မို့ မျှော်တာလား၊ မသိတဲ့ပုဂ္ဂိုလ်မို့ မျှော်တာလား....(မသိတဲ့ပုဂ္ဂိုလ်မို့ မျှော်တာပါဘုရား)။

မင်းတို့ သစ္စာမသိယင် ပေါ်လာပြီ....( မှန်ပါ့ )မပေါ်လာသေးဘူးလား....( ပေါ်လာပါပြီ ) အတော်ဆိုးဝါးပါလား....(ဆိုးဝါးပါတယ်ဘုရား)။

တကာ့တကာမတွေ ခင်ဗျားတို့ ဒီလိုထူးထူးခြားခြား နက်နက်နဲနဲမှ ဖွင့်ပေးမည့်သူ မရှိတော့ဘူးဆိုယင် ခင်ဗျားတို့ သွားပြီ....(မှန်ပါ့) ဒီကံတွေဘဲ မျှော်ပြီးရိုက်ပါဦး၊ ရိုက်ပါဦးလို့ပြောနေမှာနဲ့ အတူတူနေမှာဘဲ....(မှန်ပါ့) အသေသတ်ပါဦး၊ အသေသတ်ပါဦးလို့ ပြောနေတာနဲ့ကော.... (အတူတူပါဘဲဘုရား)။

လွန်လှချည့်လား.... (မှန်ပါ့) တယ်ဆိုးဝါးပါလား တကာတကာမတို့....(ဆိုးဝါးပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဒီလိုလုပ်ကြစို့ တကာတကာမတို့၊ ဒီကံဟူသရှဲဟာ ဘုရားကလဲ "ကုသလာ ကုသလံ ဇဟံ" ကုသိုလ်- အကုသိုလ်ကို စွန့်လိုက်လို့ ငါ ဘုရားဖြစ်လာခဲ့တယ်ကွာတဲ့... (မှန်ပါ့) ရေဝတတို့ကလဲ ကုသိုလ်, အကုသိုလ်တရားတွေကို ငါစွန့်လိုက်လို့ အနုပြဗ္ဗဇာဆိုတဲ့ ရဟန္တာဖြစ်လာတယ်... (မှန်ပါ့)ရှင်သာရိပုတ္တရာရဲ့ညီ ရေဝတလေ... (မှန်ပါ့ဘုရား)။

အဲဒီတော့ သူတို့က ကံကိုကျကျနန အပြစ်သိပြီ.... (မှန်ပါ့) မသိသေးဘူးလား (သိပါတယ်ဘုရား)။

တကာကြွယ် ပေါ်ပလား....(ပေါ်ပါပြီ) ကံဟာ ကျကျနန အပြစ်လေးလေး ပေးတယ်ဆိုတာ ယနေ့မပေါ်သေးဘူးလား ....(ပေါ်ပါပြီဘုရား)။

ဇာတိဒုက္ခလဲ ဘယ်သူပေးသတုံး....( ကံပေးတာပါ ) ဇရာဒုက္ခကော ဘယ်သူပေးသတုံး....( ကံပေးတာပါ ) ဗျာဓိဒုက္ခ ဘယ်သူပေးသတုံး....(ကံပေးတာပါ) မရဏဒုက္ခ .... (ကံပေးတာပါဘုရား)။

ဒီထဲကနေပြီး တကာတကာမတို့ ဒီဒုက္ခလေးချက် မသိတဲ့ ပုဂ္ဂိုလ်များကတော့ ခြော်.... ကံများဘာဖြစ်ပါလိမ့်မတုံး၊ ကံကလေးဆက်ဦးမှ ကောင်းတော့မယ်ထင်တယ်.... (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့လဲ အယင်ဒဏ်ချက်က ပြေလို့လား- မပြောင်လာပြန်တာလား....(မပြောင်လာပြန်တာပါဘုရား)။

ဟ .... မောင်သစ် ဒီဥစ္စာ စုံလုံးကန်း မိုက်တယ်ဆိုတာများ အပြောကသေးနေတယ်.... (မှန်ပါ့) အပြောက သေးနေသေး တယ်၊ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ရှေ့စဉ်းစားယင် ဒီ့ထက်ဆိုးဝါးတယ် ဆိုတာများ ဘကာတကာမတွေ ဘာမှငြင်းဆန်နေဘို့ မလိုတော့ပါဘူး....(မလိုပါဘုရား)။

တကာတကာမတို့ တသက်နဲ့တကိုယ်မှာ ကျေးဇူးရှင်ကြီး ထင်လိုက်တဲ့ဥစ္စာ အခုမှ ရန်သူမှန်း ပေါ်တော့တယ် .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့အထင် တသက်နဲ့တကိုယ်ကတော့ ဘယ်လိုထင်သတုံး... (ကျေးဇူးရှင်ထင်ပါတယ်) ကျေးဇူးရှင်ဘဲ ဒီကံကြီးပြုသ၍ ကျုပ်တို့ဖြင့် နေကြရတာဘဲဆိုပြီး ကျေးဇူးရှင်အဖြစ်နဲ့ဘဲ ပူဇော် ပသ လာခဲ့ကြတယ်ဆိုတဲ့ဥစ္စာ သဘောကျပလား .... (ကျပါပြီဘုရား)။

ကာယကံ့ဝစီကံ့ မနောကံဖြင့်ဘုရားတပည့်တော် ရှိခိုးလာခဲ့တယ်။ အံမာ ဒီကံနဲ့ရှိခိုးလာခဲ့တယ်....(မှန်ပါ့)ဒီကံနဲ့ဒီလိုရှိခိုးရတဲ့တပည့်တော်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာကိုဖြင့် ရပါရစေ....တဲ့၊ ယုံယုံကြည်ကြည်နဲ့ဘဲ ဒီ ကံ့ ကိုဖြင့် အားကိုးပါတယ်လို့ ဆိုပြီး သကာလ ဒီလိုနဲ့ပြီးလာကြတာ....(မှန်ပါ့)သိပ်ဆိုးပါကလား.... (ဆိုးပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတို့ ဒီကံ့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အခု ဒုက္ခ ဘယ်နှစ်ချက်ပေးသလဲ.... (လေးချက်ပေးပါတယ်ဘုရား) ဇာတိဒုက္ခပေးတာလဲ....(ကံ့ပါဘဲဘုရား) ဇရာဒုက္ခပေးတာလဲ .. (ကံ့ပါဘဲဘုရား) ဗျာဓိဒုက္ခပေးတာလဲ.... (ကံ့ပါဘဲဘုရား) မရဏဒုက္ခပေးတာလဲ....(ကံ့ပါဘဲဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ကံ့ဟာ ကျေးဇူးရှင်လားတဲ့...၊ နှိပ်စက်တတ်တဲ့ တရားလား.... (နှိပ်စက်တတ်တဲ့ တရားပါဘုရား)။

အင်း....တော်တော် နားကြီးကြီးနဲ့ထောင်မှ သင့်လာတော့တယ်....(မှန်ပါ့) နို့-မဟုတ်လို့ရှိယင်ဖြင့် မိဘရိုးရာအတိုင်းပြောသံကြား သူများပါးစပ်ဖျား လမ်းဆုံးတဲ့ ပုဂ္ဂိုလ်အသွားနဲ့ ဆိုလို့ရှိယင်ဖြင့် ကံ့များ ခေလိုက်တာလို့ဆိုပြီး ကံဘဲ မျှော်နေတယ်....(မှန်ပါ့) မမျှော်ကြဘူးလား.... (ဒမျှော်ပါတယ်ဘုရား)။

အေး....ဒါတွေက မသိသေးတော့ ခုနင်က ဒုက္ခလေးချက်မမြင်တဲ့ပုဂ္ဂိုလ်၏ မျှော်တော်ဇောလို့ ဆိုလို့ရှိယင် မလွဲဘူး.... (မလွဲပါဘုရား)။

ဒုက္ခလေးချက် မမြင်တဲ့ပုဂ္ဂိုလ်၏ မျှော်တော်ဇော....(မှန်ပါ့) ရှင်းကြပလား .. (ရှင်းပါပြီ)။

ကောင်းပြီ....ဒါဖြင့် ယခု ဒုက္ခလေးချက် မြင်ကြပလား.... (မြင်ပါပြီ) ဘယ်သူပေးတဲ့ ဒုက္ခလေးချက်ပါလိမ့်.... (ကံ့ပေးတဲ့ ဒုက္ခလေးချက်ပါဘုရား ) ကံ့ ပေးတဲ့ ဒုက္ခလေးချက် ဆိုတာ တကာတကာမတွေ ရှင်းပလား....(ရှင်းပါပြီ)။

အဲ....ကံ့ပေးတဲ့ ဒုက္ခလေးချက်ဟာ ကံ့မကုန်သ၍ ဒုက္ခကုန် နိုင်ပါ့မလား....(မကုန်နိုင်ပါဘုရား)။

ဒါဖြင့် ယနေ့သည် တကာတကာမတို့ တယ်ဆိုးတဲ့ ကံ့ပါက လား....၊ မင်း့တယောက်တည်းနဲ့ ငါတို့ကို ဒုက္ခလေးချက်ပေး တာဟာ ငါတို့ဖြင့် ယခုထောင်းထောင်းလဲ့ ကျေပါပြီ။

ထောင်းထောင်းကျေပြီဆိုတာ အိုပွဲခင်းတာ.... ( မှန်ပါ့ ) မျက်စိမကောင်း, နားမကောင်း, ခါးမကောင်း, အားမကောင်း ဆိုတာတွေ မောင်သစ် မရှိသေးဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒါတွေ ဘယ်သူ့ဒဏ်ချက်တွေပါလိမ့်....(ကံ့၏ ဒဏ်ချက် တွေပါဘုရား)။

အင်း....တော်တော်ကြာကျလို့ရှိယင်ဖြင့် တကာတကာမတွေ ရင်ဆို့ရဦးမည့် ဒုက္ခကြီးလဲ မလာပေဘူးလား.... ( လာပါတယ် ဘုရား ) အင်း....ဒါလဲ ဘယ်သူ၏ ဒဏ်ချက်ပါလိမ့် .... ( ကံ့၏ ဒဏ်ချက်ပါဘုရား )။

အင်း... ကံ့ကုန်လို့သေသတဲ့... ( မှန်ပါ့ ) မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါတွေကြည့်လိုက်တဲ့ အခါကျတော့မှ သစ္စာသိတဲ့ ပုဂ္ဂိုလ်ကျတော့ တကာကြွယ်....ကံ့မမျှော်တော့ဘူး.... (မှန်ပါ့)။

သစ္စာသိတဲ့ ပုဂ္ဂိုလ်က....(ကံ့မမျှော်တော့ပါဘုရား)။

အင်း... ဒါ....ဒီနေ့ မျက်လုံး ကျယ်ကျယ် ဆိုသလိုတဲ တကာတကာမတွေ ခင်ဗျားတို့၏ အမြင်မှား၊ နှိပ်စက်ထားတာ မမြင်ဘဲနဲ့ ကံ့ကိုဘဲ ဒုတိယပြန်တောင်းတတဲ့ ပုဂ္ဂိုလ်တွေမှာဖြင့် အလွဲအချော်ကြီးနေလို့ မောင်သစ် ဒီစကားကို သေသေချာချာခင်းတာ....(မှန်ပါ့)။

သေသေချာချာခင်းတာ သဘောကျကြလား....(ကျပါပြီ)။

အဲဒါ နှစ်သက်နေတဲ့ ပုဂ္ဂိုလ်များလဲ ပြင်လိုက်စမ်းပါဦး.... (မှန်ပါ့)။

ကံ့မကောင်းလို့ ဒုက္ခရောက်ရတာလား၊ ကံ့ကောင်းလို့ ဒုက္ခရောက်ရတာလားလို့ မေးလို့ရှိယင် မကောင်းတဲ့ အကုသိုလ်ကံကလဲ ဒုက္ခပေးတာဘဲ....(မှန်ပါ့)။

“ အကုသလံ ကမ္မံ ဝိပါကဿ ” လို့ ပဋ္ဌာန်းပါဠိတော်ကြီးများ လာတော့ သူလဲမကောင်းကျိုးပေးတာဘဲ....(မှန်ပါ့)။

ကုသိုလ်ကလဲ ဇာတိဒုက္ခပေးပါတယ် ဆိုတော့ တကာကြွယ် ဘယ့်နှယ်ဆိုမတုံး.... ( မကောင်းပါဘုရား ) သေချာရဲ့လား.... (သေချာပါတယ်ဘုရား)။

တကာကြွယ် နတ်ဇာတိများ ကြိုက်သေးသလား.... (မကြိုက်ပါဘုရား) ဟ....ဘာ့သစ္စာလို့ သိလို့ပါလိမ့်.... (ဒုက္ခသစ္စာလို့ သိလို့ပါဘုရား)။

အင်း....ရှေးတုန်းက နတ်ပြည်ဆုတောင်းတဲ့ ပုဂ္ဂိုလ်များ ဒီသစ္စာမသိလို့တောင်းတာ....(မှန်ပါ) အခုတော့ တောင်းချင်ကြသေးရဲ့လား.... (မတောင်းချင်ပါဘုရား) ရမှာတောင် ကြောက်တယ်...(မှန်ပါ)။

ရမှာတောင် ကြောက်စရာကြီးဆိုတာ ပေါ်ကြပလား.... ( ပေါ်ပါပြီ ) ဘာ့သစ္စာရသတုံး.... ( ဒုက္ခသစ္စာရပါတယ်ဘုရား ) အေး .... ဒါကလေး သိလိုက်ရတာနဲ့ တကာတကာမတွေ သာသနာတွင်းနားဘဲ ဖြစ်ပြီးသာကာလ သာသနာတွင်းတရားနဲ့ သာသနာတွင်းနားကြုံတယ်၊အကြုံကြီးကြုံတယ်၊ အဆုံကြီးဆုံတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ရှင်းသွားပါပြီ....(ရှင်းပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် ကံသည်ကားလို့ဆိုယင် တကာတကာမတို့ သူတယောက်တည်း ကျုပ်တို့ကို နှိပ်စက်တာလား အပေါင်းအဖေါ်နဲ့ နှိပ်စက်တာလားလို့ မောင်ဘသော် မေးလိုက်တော့ ဘယ့်နှယ်ဖြေပါ့မလဲ.... ( အပေါင်းအပေါ်နဲ့ နှိပ်စက်တာပါ ) တကျော ဥပါဒါန်တွေ ရောပေးတာ....(မှန်ပါ့ဘုရား)။

တကျော့ဥပါဒါန်တွေရောပြီး ကံ့ကနေပြီးဒုက္ခချည်းဘဲ ပေးချလိုက်တယ်....(မှန်ပါ) သဘောကြပလား .... (ကျပါပြီဘုရား)။

သူတယောက်တည်းလား- အပေါင်းအသင်းနဲ့ နှိပ်စက်တာလား... (အပေါင်းအသင်းနဲ့ နှိပ်စက်တာပါဘုရား)။

ဒါဖြင့် အပေါင်းအသင်းနဲ့ နှိပ်စက်လို့ရှိယင် ခံရတဲ့တကာကြွယ်၊ ခံရတဲ့ဦးလှဘူးက တယောက်တည်း....( မှန်ပါ့ဘုရား ) သူတို့က သုံးလေးယောက်ပေါင်းပြီး သကာလ နှိပ်စက်တော့ တယောက်တည်းနဲ့ သုံးလေးယောက်နဲ့ ဆိုတော့ ဘဝတိုင်း

ခင်ဗျားတို့ အနိုင်ရခဲ့ကြသလား အရှုံးပေးခဲ့ရသလား....(အရှုံး ပေးခဲ့ရပါတယ်ဘုရား)။

အင်း....ဒါကလေးပေါ်အောင် မနည်းပြောရပါကလား .... (မှန်ပါ့)တကာတကာမတို့ ဒီနေ့တရား တော်တော်ခက်နေတယ် နော်....(မှန်ပါ့ဘုရား)။

ဒါကလေး ပေါ်အောင် မနည်းပြောရတယ် ဆိုတဲ့ဥစ္စာ တကာတကာမတို့ ခင်ဗျားတို့မှာ ဘဝများစွာ သံသရာကြီးထဲ မှာဖြင့် ဒီကံစီမံသလို ခံခဲ့ရလို့ အင်း .... ဒုက္ခလေးချက်နဲ့ကို ဘယ်တော့မှ အိုးစားမကွဲခဲ့ဘူး....(မှန်ပါ့ဘုရား)။

ကံစီမံတဲ့အတွက် ဒုက္ခလေးချက်နဲ့.... ( အိုးစားမကွဲခဲ့ပါ ) အဲဒီ့ အိုးစားမကွဲခဲ့တော့ ဒုက္ခလေးချက်နဲ့ဘဲ ဖြစ်ခဲ့ရတယ်.... (မှန်ပါ့ဘုရား)။

တခါဒီကံတွေဘဲ ပြန်ပြီးဆက်ချင်ပြန်တယ်ဆိုတော့ ဩော်.... ထောင်ကျပြီးယင်း ကျချင်ရင်း....( မှန်ပါ့ )ကြိုးကျပြီးရင်း .... (ကျချင်ယင်းပါ) မိုက်ချက်ပြင်းထန်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ့်နှယ်ဆိုကြမလဲ.... (မိုက်ချက်ပြင်းပါ တယ်)မိုက်ချက် ပြင်းထန်လိုက်တာ ဆိုတဲ့ဥစ္စာ တကာဦးလှဘူး သေသေချာချာ ပေါ်လာတယ်.... (ပေါ်လာပါတယ်) မပေါ် လာဘူးလား....(ပေါ်လာပါတယ်ဘုရား)။

အေး .. ဒါကြောင့် အခုလို ဆရာကောင်း သမားကောင်းနဲ့ သာသနာနဲ့ ကြုံခိုက် သစ္စာတွေပေးနေတဲ့ ဆရာနဲ့တွေ့တော့မှ ငါတို့ အားကိုးလေသမျှဖြင့် ငါတို့ ဒုက္ခရောက်ဘို့ချည့်ဘဲ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ငါတို့ အားကိုးလေသမျှ....(ငါတို့ဒုက္ခရောက်ဘို့ချည့်ပါဘဲ) ငါတို့ ဒုက္ခရောက်ဘို့ချည့်ဘဲ ဆိုတာဖြင့် တကာတကာမတို့ မငြင်းနဲ့တော့....(မှန်ပါ့)ပေါ်ကြပြီး....(ပေါ်ပါပြီဘုရား)။

တက်အားကိုးလိုက်ယင် ဒုက္ခတချက်ရ....( မှန်ပါ့ ) နောက်တက်အားကိုးလိုက်ယင်.... (ဒုက္ခတချက်ရပါတယ်) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကံတွေအားကိုးတိုင်း အားကိုးတိုင်း ဘာရမယ်ထင်ကြသတုံး....(ဒုက္ခချည့်ရပါတယ်ဘုရား)။

ဇာတိ ဇရာ ဗျာဓိ မရဏ ဒါလေးချက်ဆိုတာ လျှော့စျေးပြောနေတာ....(မှန်ပါ့) သောက ပရိဒေဝ ဒုက္ခဒေါမနဿ ဥပါယာသမထည့်သေးပါဘူး....(မှန်ပါ့) ဒါတွေလဲ သူပေးတာပါဘဲ....(မှန်ပါ့) ကံပေးတာပါဘဲဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဘဝတိုင်း ဒုက္ခလေးချက်နဲ့နေပြီး ဒုက္ခလေးချက်နဲ့ဘဲ သေခဲ့ရတယ်....(မှန်ပါ့ဘုရား)။

ဘဝတိုင်း-ဘဝတိုင်း ဒုက္ခလေးချက်နဲ့နေပြီး ဒုက္ခလေးချက်နဲ့လဲ ဘာတုံး....(သေခဲ့ရပါတယ်)အခင်း....လက်သည် ဘယ်သူပါလိမ့်....(ကံပါဘုရား)ကံဘဲ။

ဒါဖြင့် ခင်ဗျားတို့ကျုပ်တို့၏ ရန်သူအကြီးဆုံး ယနေ့ဖမ်းမိပြီ (မှန်ပါ့)ဘာဖမ်းမိပါလိမ့်....(ကံပါဘုရား)။

ကုသိုလ်ကံလဲ ဖမ်းမိပြီ....(မှန်ပါ့) ကုသိုလ်ကံလဲ ဇာတိ ဇရာ မရဏ အကျိုးပေးတာဘဲ.... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီဘုရား)။

အကုသိုလ်ကံကော .... (ဇာတိ ဇရာ မရဏ အကျိုးပေးပါတယ်)အကျိုးပေးတာဘဲ... (မှန်ပါ) လက်သည်တွေဖြင့် ယနေ့ကောင်းကောင်း မမိသေးဘူးလား....(မိပါပြီဘုရား)။

ဒါကြောင့် ဒီကံ နှစ်ကံသည် လက်ထဲ ရောက်စေတာတဲ့ ကံတွေဖြစ်လေသောကြောင့် ဒုက္ခလေးချက်ပေးတာတဲ့ ကံတွေဖြစ်လေသောကြောင့် ဒီကံတွေကို တကာတကာမတွေ ဉာဏ်နဲ့ ဖြတ်ကြစို့....(မှန်ပါ) ဒီကံတွေဘာလုပ်ရမယ်....(ဉာဏ်နဲ့ဖြတ်ရပါမယ်ဘုရား)။

ဉာဏ်နဲ့ဖြတ်ဘို့ဘဲ ဆိုတာတော့ဖြင့် တကာသစ် ပေါ်လာပြီ-(ပေါ်ပါပြီ) ဒီကံတွေ ဘာလုပ်ကြမယ်.. (ဉာဏ်နဲ့ဖြတ်ရပါမယ်ဘုရား)။

ဟာ .... တကာကြွယ်ရ စဉ်းစားပါဦး၊ ခင်ဗျားအမေ့ အဖေ ခင်ဗျားသတ်တော့မလို့လား၊ သတ်ရမှာဘဲ.... (မှန်ပါဘုရား)။

ကံ့သာလျှင်အမိ ကံ့ သာလျှင်အဖလို့ ခင်ဗျားတို့ အမေ-အဖေတွေ ကိုးကွယ်ထားတာ ယနေ့ဘာဖြစ်ကြသတုံး မေးတော့ ဆရာဘုန်းကြီး ရန်တိုက်တာနဲ့ဘဲ အမေအဖေ သတ်တော့မလို့ လားလို့ မေးလို့ရှိယင်ဖြင့်....တဲ့၊ခင်ဗျားတို့ ယနေ့အမှန်သိလာတဲ့ အတွက် ဒီကံ့ကို ဖြတ်မှရမယ်.... ( မှန်ပါ ) ဘဝတိုင်း ဒုက္ခလေး ချက်ကို ပေးနေတာသူဘဲ....(မှန်ပါ) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီကံသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် သူတယောက်တည်း နှိပ်စက်သည်မဟုတ် မောင်ဘ သော်....(မှန်ပါ) အဖေါ်နှင့်တကွ အသင်းအပင်းနဲ့ နှိပ်စက်တယ်....(မှန်ပါဘုရား)။

သတ္တဝါက တယောက်တည်း .... (မှန်ပါ) နှိပ်စက်တဲ့ဥစ္စာက တဏှာ,ဥပါဒါန်,ကံ၊ သုံးချက်... (မှန်ပါ)မလာဘူးလား.... (လာပါတယ်ဘုရား)။

ဒါဖြင့် ဘဝမှာဖြစ်လိုက်၊ ဒီလူသုံးယောက်က ပေါင်းပြီး သကာလ နှိပ်စက်ပြီး သတ်ဖြတ်လိုက်... (မှန်ပါ) တဘဝဖြစ်လိုက် ဒီလူသုံးယောက်ကပေါင်းပြီး သတ်ဖြတ်လိုက်....(မှန်ပါ) တကာ တကာမတို့ အကောင်းနေခဲ့ရတဲ့ဘဝ အသေကောင်း သေခဲ့ရတဲ့ ဘဝ တွေ့ပလား....(မတွေ့သေးပါ)မသေရတဲ့ ဘဝကော....(မတွေ့ပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခြောက်....အင်မတန်သံသရာရှည်ပြီး အင်မတန် နစ်နာခဲ့တဲ့ဘဝချည့်ဘဲ တွေ့ခဲ့ရတယ်ဆိုတာ တကာကြွယ် ဆုံးဖြတ်ချက်ချပါ.... (မှန်ပါ) ချနိုင်ကြပလား .... (ချနိုင်ပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီကံ,မလာအောင် လုပ်ကြစို့ .... (မှန်ပါဘုရား)။

ဒီကံမလာအောင် လုပ်ကြစို့ဆိုတော့ တကာတကာမတွေ သေသေချာချာမှတ်ပါ၊ ဒီကံမလာအောင် လုပ်တဲ့ နည်းတွေ ရှင်းပြမယ်... (မှန်ပါဘုရား)။

ကိုင်း....တကာတကာမတို့ ဒီကံမလာအောင် လုပ်တဲ့နည်းက တဏှာလဲမလာ,ဥပါဒါန်လဲမလာ, ဆိုယင် ကံ,က ငါချည့်ထူး ချွန်ပြီး လာဦးမယ်ဆိုတဲ့သဘောနဲ့ ဖြစ်နိုင်ပါမလား... (မဖြစ်နိုင် ပါဘုရား)။

မဖြစ်နိုင်တော့ တကာတကာမတို့ ဒီမြင်တယ်၊ လိုချင်တယ် မလာစေနဲ့....(မှန်ပါဘုရား)။

မြင်တယ်ဆိုယင် မြင်စိတ်ကလေးကို တခါတည်း ဝိပဿနာရှု (မှန်ပါ့)ဗြော်.... သူအနိစ္စပါလားလို့ မြန်မြန်ရှုပါ .... (မှန်ပါ့ဘုရား)။

မြန်မြန်ရှုလိုက်တော့မြင်စိတ်ကလေး ရှုလိုက်တဲ့အခါကျတော့ တကာတကာမတို့ မြင်စိတ်က အနိစ္စ၊ ဟုတ်လား .... ( မှန်ပါ့ ) ရှုတာက မဂ်ဉာဏ်ဖြစ်သွားတယ်... (မှန်ပါ့) မဂ်ဉာဏ်ဖြစ်မသွားဘူးလား....( ဖြစ်သွားပါတယ် ) ဝိပဿနာဉာဏ် ဖြစ်သွားပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီဉာဏ်ကလေး ဖြစ်သွားတော့ တဏှာလာသေးရဲ့လား· (မလာပါ) ဥပါဒါန်ကော....(မလာပါ)ကံ့ကော ... (မလာပါဘုရား)။

ဟာ... ဒါဖြင့် ဒီဖြစ်ပျက်ရှုတဲ့ဉာဏ်သည် တဏှာ, ဥပါဒါန်, ကံ့ပြတ်ပါလား....(မှန်ပါ့)ဖြစ်ပျက်ရှုတဲ့ ဉာဏ်သည်....(တဏှာ, ဥပါဒါန်,ကံပြတ်ပါတယ်ဘုရား)။

တိုတိုပြောတော့ တဏှာ, ဥပါဒါန်လဲ သူဖြတ်တာဘဲ .... (မှန်ပါ့) ကံ့ဖြတ်အလုပ်ဟာဖြင့် တကာကြွယ် သူဘဲ .... (မှန်ပါ့ဘုရား)။

ကံ့ဖြတ်အလုပ်တွေ့ပလား.... ( တွေ့ပါပြီ ) မြင်စိတ်ကလေး ဒီကနေကြည့်လိုက်လဲ ပန်ကာတွေ လည်နေတာကို မြင်တယ်၊ မြင်တဲ့စိတ်ကလေးကိုဘဲ အင်း .. ဒါကလေးဟာ ဖြစ်ပြီး ပျက်သွားတာဘဲ... (မှန်ပါ့ဘုရား)။

ကြည့်လိုက်တဲ့ အခါကျတော့ ဒီပန်ကာလိုချင်တဲ့ တဏှာ၊ ပန်ကာစွဲသမ်းတဲ့ ဥပါဒါန်၊ ပန်ကာကို မရ·ရအောင်အားထုတ်မယ်ဆိုတဲ့ ကံ့တွေလာသေးရဲ့လား....(မလာပါဘုရား)။

ဟာ .... ဒါဖြင့် ဘဝတိုင်း-ဘဝတိုင်း သုံးယောက်ပေါင်းပြီး သကာလ သံသရာ့ခရီးသည်တယောက်ကို သတ်နေတာ မောင် ဘသော် သူဘဲ... (မှန်ပါ့သူရား)။

သုံးယောက်ပေါင်း သိပလား.... ( သိပါပြီ ) ဘယ်သူတွေပါ လိမ့်... (တဏှာ့၊ဥပါဒါန်၊ ကံတွေပါဘုရား)။

အင်း... သတ္တဝါတဦးတယောက်ကို သူတို့လက်အောက်မှာဘဲ ဝိညာဏ်ချုပ်ကြ အသက်ပြောက်ကြရတယ်.... (မှန်ပါ့) မဆိုနိုင် ဘူးလား... (ဆိုနိုင်ပါတယ်)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒါတွေ ကြည့်လိုက်တဲ့အခါကျတော့မှ အင်း-ဒို့ ဝိပဿနာ ကင်းခဲ့လို့သာ ဒုက္ခလေးချက်နဲ့ ဘဝတိုင်း ကြုံဆုံခဲ့ရတယ် .... (မှန်ပါ့ဘုရား)။

ဝိပဿနာကင်းခဲ့တာ ကိုယ့်ဟာကိုယ် သေချာသွားပြီ .... (မှန်ပါ့) ဘယ့်နှယ်ဆိုကြမယ်.... (ဝိပဿနာကင်းခဲ့လို့သာ ဒုက္ခ လေးချက်ကြုံခဲ့ရပါတယ်ဘုရား)။

ဝိပဿနာ သေသေချာချာ ကင်းခဲ့တယ်၊ မလုပ်ခဲ့ဘူး .... (မှန်ပါ့)ဒါ့ကြောင့် တကာကြွယ်တို့ ကံ့စီမံသလိုခံနေရတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာမလုပ်ခဲ့လို့လဲ-(ဝိပဿနာမလုပ်ခဲ့လို့ပါ)ဒါဖြင့် ခင်ဗျား တို့ သာသနာတွင်းတရားကို ခင်ဗျားတို့ မလုပ်ဘူး....( မှန်ပါ့ ) ဝိပဿနာဆိုတာ သာသနာတွင်းမှ ပေါ်တာ.... (မှန်ပါ့ဘုရား)။

ဝိပဿနာဆိုတာ.... (သာသနာတွင်းမှ ပေါ်တာပါ) ဒါဖြင့် တကာကြွယ်တို့ ဘဝများစွာ သံသရာက ကံစီမံရာခံနေရတဲ့ ဒုက္ခ လေးချက်နဲ့ အချိန်ကုန်ပြီးသကာလ လာခဲ့ကြတာဟာ သာသနာ တွင်းတရားကို ကြိုးစားခဲ့ဘို့ မရဘူး... (မရခဲ့ပါဘုရား)။

ဦးလှဘူး ပေါ်ပလား...( ပေါ်ပါပြီ ) နောက်က တကာ တကာမတွေ နားလည်ကြရဲ့လား.... (နားလည်ပါတယ်ဘုရား)။

သေသေချာချာ စဉ်းစဉ်းစား စားနဲ့ နားထောင်ကြပါ၊ ဒီဥစ္စာ ခင်ဗျားတို့အတွက် ကယ်တင်ပေးနေတာ .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့အတွက် ကယ်တင်ပေးနေတာ ခင်ဗျားတို့နောက်ကို ဒီကံ့ရောက်ရမှာဘဲ၊ ဒုက္ခလေးချက်နဲ့ချည့် တဘဝလုံးလမ်းဆုံးပြီး သွားရတဲ့ နစ်နာမှုဟာ အလွန်ကြီးပါတယ် .... (ကြီးပါတယ်)မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

ကဲ .. အခုတော့ဖြင့် သေချာပါပြီ တကာတကာမတို့မြင်တယ်ဆိုလို့ရှိယင် လိုချင်တာမလာအောင် ဘာသုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်က အနိစ္စ၊ ရှုတာက မဂ္ဂ.... ( မှန်ပါ့ )အဲဒီ့ မဂ်ကလေးက တကာတကာမတို့ ကျုပ်တို့ကို ပေါင်းပြီးနှိပ်စက်တဲ့ ရန်သူသုံးယောက်ကို မောင်သဘော် မဂ်က ဖြတ်တယ် (မှန်ပါ့)ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဘယ်သူက သတ်ပစ်လိုက်သလဲ .... (မဂ်ကသတ်ပစ်လိုက်ပါတယ်)မဂ်က သတ်ပစ်လိုက်တော့ တကာတကာမတော့ ကျုပ်တို့ အန္တရာယ်ကင်းဘို့ ဘေးရှင်းဘို့.... ( မှန်ပါ့ ) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် မရှုတဲ့ပုဂ္ဂိုလ်မှာ မဂ္ဂင်က မပေါ်ဘူး....(မှန်ပါ့)သတ်မည့်သူ လာသေးရဲ့လား .. (လာပါတယ်ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ကလဲ ဘုန်းကြီးက မြည်တယ်တွန်တယ်လို့ မအောက်မေ့ပါနဲ့၊ ခင်ဗျားတို့က ဝိပဿနာရှုဘို့ အလုပ်

တော့ ခင်ဗျားတို့က ဒါနလောက်မလွယ်ဘဲ ဖြစ်နေတယ် .... (မှန်ပါ့)သီလလောက်ကော....(မလွယ်ပါဘုရား)။

အဲဒီတော့ အခုန ရန်သူက မောင်သစ် ဘယ်လိုအောက်မေ့မတုံးလို့ မေးတဲ့အခါကျတော့ ဩော် .... ငါတော့ဖြင့် သူတို့သည်ကားလို့ဆိုလို့ရှိယင် အနိုပ်စက်ခံနိုင်သေးလို့ ငါ့ကို မပယ်သေးဘူးဆိုတဲ့သဘော သေသေချာချာ ရောက်တယ်.... (ရောက်ပါတယ်)မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝိပဿနာသည်ပင်လျှင် သာသနာတွင်းတရား....(မှန်ပါ့) "ဝိပဿနာသမဂ္ဂီ သာသနသ္မိံယေဝ ဟောတိ" ဝိပဿနာသမဂ္ဂီ = ဝိပဿနာတရားသည်၊ သာသနသ္မိံယေဝ = သာသနာရှိမှသာလျှင်၊ ဟောတိ = ဖြစ်ပေါ်လာနိုင်၏.... (မှန်ပါ့ဘုရား)။

ဒီ့ပြင် ဒါန, သီလ, သမထက သာသနာတွင်း မဟုတ်ဘူးတဲ့.... (မှန်ပါ့)တကာကြွယ် ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဝိပဿနာက ဘာတဲ့...(သာသနာတွင်းမှသာ ပေါ်ပါတယ်ဘုရား) အဲ....ကံ့စီမံတာ လိုက်နာနေကြလို့ရှိယင် သာသနာတွင်းကိုဖြစ်သေးရဲ့လား....(မဖြစ်ပါဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ နားထဲကကြားတယ် ဆိုလို့ရှိယင် ဘာဘဲကြားကြား အဲဒီ့ကြားစိတ်ကလေးကို ဘာလုပ်မယ်....(ဖြစ်ပျက်ရှုရပါမယ်) အင်း... ကြားလို့မုန်းတယ်ဆိုတာ လာသေးရဲ့လား ... (မလာပါ) ကြားလို့ သာယာတယ်ဆိုတဲ့ တဏှာကော....(မလာပါဘုရား)။

ဒါဖြင့် တဏှာ, ဥပါဒါန်, ကံ, ဘယ်နှယ်နေကြသလဲ .... (မလာပါ )ဒါဖြင့် မောင်ဘသော်က စဉ်းစား တကာကြွယ်က စဉ်းစား ရန်သူသုံးယောက်စလုံး လာခွင့်ရသေးရဲ့လား ....(မရပါဘုရား)။

ဟ....ဒါဖြင့် ရန်သူသုံးယောက် သတ်တာ ဘယ်သူပါလိမ့် .... (ဝိပဿနာမဂ်ပါဘုရား)။

ဒါဖြင့် သူတို့က ကျုပ်တို့သတ်တာများလို့ သူတို့ ပြန်သတ်ရတဲ့အလုပ်ကို ကျုပ်တို့ မလုပ်လို့ရှိယင် ကျုပ်တို့နာလိမ့်မယ် .... (မှန်ပါ)မဟုတ်ဘူးလား.... (မှန်ပါဘုရား)။

သူတို့သုံးယောက် ဝိုင်းပြီးသတ်ခဲ့တဲ့ ဘဝတွေ ကျုပ်တို့မှာ ရေတွက်နိုင်ရဲ့လား....(မရေတွက်နိုင်ပါဘုရား)။

ဘယ်တုန်းကမှ သူတို့သုံးယောက်ကို ကျုပ်တို့ကလဲ ပြန်မသတ်ဘူးတော့ သာသနာတွင်း မကြုံတော့လဲ မသတ်နိုင်ဘူး....(မှန်ပါဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ သာသနာတွင်းကလဲကြုံ ဆရာဘုန်းကြီးကလဲ ပေါ်အောင် ပြောပြီးသကာလ နေတော့ ဘုန်းကြီးတို့ တကာတကာမတွေဒီ ကြားစိတ်ကလေး လာလဲ ဘာလုပ်ကြမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဝိပဿနာ ရှုတာလား· ကိုယ်နှိပ်စက်တဲ့ ရန်သူကို သတ်တာလား....(ကိုယ်နှိပ်စက်တဲ့ ရန်သူကိုသတ်တာပါဘုရား)။

မရှုယင် ကိုယ်နှိပ်စက်တဲ့ ရန်သူမွေးတာတဲ .... ( မှန်ပါ ) ရှင်းပလား.... (ရှင်းပါပြီ) ရှုယင် .... (သေပါတယ်ဘုရား)။

မရှုယင်....(ကိုယ့်နှိပ်စက်တဲ့ ရန်သူမွေးပါတယ်) ကိုယ့်နှိပ်စက်တဲ့ ရန်သူမွေးတယ်....(မှန်ပါ့) ရှုယင်.... (သတ်ရပါမယ်)ကိုယ့်နှိပ်စက်တဲ့ ရန်သူသတ်တယ်....(မှန်ပါ့ဘုရား)။

ဒါမလွဲပါစေနဲ့ သေသေချာချာမှတ်ပါ....(မှန်ပါ့) ခင်ဗျားတို့ နည်းနည်းကလေး ပေါ့လိုက်လို့ရှိယင် ရန်သူတွေနှိပ်စက်ဘို့ ခင်ဗျားတို့ လက်သတ်မွေးပြန်ပြီ.... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ရှုလိုက်လို့ရှိယင်ဖြင့် ရန်သူ- ရန်သူမှန်းသိလို့ သတ်ပေါ့ .... (မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒီစကားဟာ ဒီတရားပွဲမှာ မောင်သစ် အရေးကြီးတယ် .... (မှန်ပါ့)မကြီးဘူးလား....(ကြီးပါတယ်ဘုရား)။

မရှုယင် ရန်သူမွေးတာဘဲ .... ( မှန်ပါ့ ) ရှုယင်ရန်သူကို.... (သတ်တာပါဘဲ)သတ်တာဘဲဆိုတာ ပေါ်ကြပလား .... (ပေါ်ပါပြီ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဟာကာတကာမတို့ ရန်သူဆိုတာက ပေါင်းထိုက်·မွေးထိုက်သလား....တဲ့၊ ကိုယ်ကဘဲ သူတို့ကို နှင်ထုတ်ထိုက်သလား၊ သတ်ဖြတ်ထိုက်သလားဆိုတာ အကဲခတ်ပါဦး.... (နှင်ထုတ်ထိုက်ပါတယ်)ရှင်းကြပြီ....(ရှင်းပါပြီဘုရား)။

ကဲ .... ဒါဖြင့် ဝိပဿနာလုပ်ရမှာ တပည့်တော်တို့ အချိန်ကလေးက မရဘူးဘုရာ့ဆိုတော့ ရန်သူမွေးပါရစေဦး....(မှန်ပါ့) သဘောပါပလား....(ပါ-ပါတယ်ဘုရား)။

ဝိပဿနာက အချိန်မရသေးဘူး ဘုရာ့လို့ ဆိုလို့ရှိယင် ဘာတုံး... (ရန်သူကို မွေးပါရစေဦး)။

အင်း....ဘာဖြစ်လို့တုံး၊ သေရတာအားမရလို့လား၊ ခံရတာအားမရလို့လားဆိုတဲ့ မေးခွန်းဟာ မေးရမယ်....(မှန်ပါ့) ခမေးယင် ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

သေသေချာချာ စဉ်းစားပါ၊ စကားတတ်လို့ပြောတဲ့စကားလား၊ ခင်ဗျားတို့၏ ဖြစ်စဉ်နဲ့ကိုက်တာလား.... (ဖြစ်စဉ်နဲ့ကိုက်တာပါ)ရှင်းပါပြီ... (ရှင်းပါပြီဘုရား)။

ရှင်းပြီ-ရှင်းပြီ တကာတကာမတို့၊ ဒါဖြင့် နှာခေါင်းထဲ နံတဲ့စိတ် မွှေးတဲ့စိတ်ကလေး နှာခေါင်းမှာပေါ်ယင်လဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုတော့ ခင်ဗျားတို့ ဘာလုပ်နေကြသတုံး မေးတော့ ဘယ့်နှယ်ဖြေမလဲ....(ရန်သူသတ်နေတာပါ) ရန်သူသတ်နေတာ.... (မှန်ပါ့ဘုရား)။

ဘဝများစွာမှာ သူကသာ ကျုပ်တို့ကို သတ်ခဲ့တယ်....(မှန်ပါ့) အခု သူ့ကို ကျုပ်တို့က သတ်နေတာ....(မှန်ပါ့ဘုရား)။

တကျော့ဥပါဒါန်ကိုကို ဘာလုပ်နေကြတာတုံး .... (သတ်နေကြတာပါ)သတ်နေကြတယ်။ ဩော်... ရန်သူကိုသတ်တဲ့အလုပ်က ဝိပဿနာပါလား... (မှန်ပါ့ဘုရား)။

တကာကြွယ် ပေါ်ပလား ... ( ပေါ်ပါပြီ ) ရန်သူသတ်တဲ့ အလုပ်က .. (ဝိပဿနာပါဘုရား)။

ဝိပဿနာဘဲဆိုတာ တကာတကာမတွေ အင်မတန်ရှင်းသွားပြီ....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာ ဖြေးဖြေးမှလုပ်ရမှာဘဲဆိုတဲ့ လူများဖြင့် ရန်သူတွေ မွေးပါရစေဦးဆိုတဲ့ တောင်းပန်ချက်နဲ့ မထူးပါဘူး.... (မထူးပါဘုရား)။

မောင်သစ် သိပ်ဆိုးရာ ရောက်ပါတယ် .... (ရောက်ပါတယ်ဘုရား)။

တကာတကာမတွေ ဝိပဿနာ အမြန်လုပ်ထိုက်သလား....တဲ့၊ နှေးနှေးဘဲ လုပ်ထိုက်သလား...(အမြန်လုပ်ထိုက်ပါတယ်) ဘယ့်နှယ်ကြောင့်ပါလိမ့်....( ရန်သူကို သတ်လို့ပါ ) ရန်သူတတ်တဲ့ တရားကိုမလုပ်ယင် ရန်သူကြီးထွားမှာဘဲ၊ မဟုတ်ဘူးလား .... (မှန်ပါ့ဘုရား)။

အဲဒီတော့ နောက်မှလုပ်မည်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ရန်သူကြီးပွားရေး စောင့်နေတာ....(မှန်ပါ့) အခုချက်ခြင်းလုပ်တဲ့ ပုဂ္ဂိုလ်သည် ရန်သူကို ရန်သူမှန်းသိလို့ ကိုယ်တိုင်သတ်နေတာ.... ( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာကြွယ်ရေ-တနေ့မှမလွတ်စေနဲ့နော်....(မှန်ပါ့) ဦးလှဘူး မလွတ်စေနဲ့၊ လမ်းသွားရင်းတောင် မလွတ်စေနဲ့ ... (မှန်ပါ့)ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကိုင်း .. ဒါဖြင့် တကာတကာမတို့၊ ဒီကံဟာ ကုသိုလ်ကံကိုလဲ မောင်ဘသော်- သတ်တာဘဲ.... ( မှန်ပါ့ ) ဖြစ်ပျက်ရှုတဲ့ဉာဏ်သည်....(ကုသိုလ်ကံကိုလဲ သတ်ပါတယ်) အကုသိုလ်ကံကိုကော.... (သတ်ပါတယ်ဘုရား)။

ဟာ... ဒါဖြင့် ရန်သူနှစ်ယောက်စလုံး သွားတယ်.... (မှန်ပါ့) တကာတကာမတို့ ဘုံဘဝအကျိုးပေးတတ်တဲ့ ရန်သူနှစ်ယောက်စလုံး ဘာတုံး....(သွားပါတယ်ဘုရား)။

ဒါဖြင့် ဒီသတ်နည်းရပလား....(ရပါပြီ)ဟာ.... တကာကြွယ် သေချာပလား... ( သေချာပါပြီ ) ဘယ်သူမှသတ်နိုင်သတုံး.... (ဝိပဿနာမှ သတ်နိုင်ပါတယ်ဘုရား)။

သေသေချာချာမှတ် ဖြစ်ပျက်မြင်တဲ့ ဉာဏ်မှ သတ်နိုင်တယ်.... (မှန်ပါ့) တကာတကာမတို့ ဘာတဲ့ .... (ဖြစ်ပျက်မြင်တဲ့ ဉာဏ်မှ သတ်နိုင်ပါတယ်ဘုရား)။

ဖြစ်ပျက်မြင်တဲ့ဉာဏ်မှ သတ်နိုင်တယ်ဆိုတာများ ရှင်းရှင်းလင်းလင်းမှတ်စမ်းပါ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်ကလေးမှ မတွေ့သေးသို့ ရှိယင်ဖြင့် စုံလုံးကန်းကလေးမွေး၍ စုံလုံးကန်းကလေး သေသွားတာဘဲလို့ ကိုယ့်ကိုယ်-ကိုယ်ဆုံးဖြတ်ချက်ချ....(မှန်ပါ့ဘုရား)။

ဖြစ်ပျက်မတွေ့တဲ့ ပုဂ္ဂိုလ်များမှာ ဘယ်လိုအောက်မေ့ကြမယ်....(စုံလုံးကန်းကလေးမွေး၍ စုံလုံးကန်းကလေး သေပါတယ်ဘုရား)။

စုံလုံးကန်းမွေးလာပြီးတော့ ...(စုံလုံးကန်းသေပါတယ်)ကဲ.... သစ္စာမျက်လုံးရသေးရဲ့လား....(မရပါဘုရား)။

အဲဒီတော့ စုံလုံးကန်းမွေး၍ စုံလုံးကန်းသေတဲ့ မသာကလေးတွေ ဖြစ်သွားတော့ မနာဘူးလား....(နာပါတယ်ဘုရား)။

ဒါ့ကြောင့် ဖြစ်ပျက်တွေ့တဲ့ ပုဂ္ဂိုလ်ကျတော့ သစ္စာမြင်တဲ့ ပုဂ္ဂိုလ်မို့ အမြင်ကလေးမွေးပြီး သကာလ ယင်းပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် နောက်ဘဝ် လမ်းမမှားတော့ဘူး၊ မသေရာသာ သွားတော့တယ်....(မှန်ပါ့ဘုရား)။

မမြင်တဲ့ပုဂ္ဂိုလ် စုံလုံးကန်းကဘော့ သွားမိသွားရာ သွားမှာဘဲ....(သွားမှာပါဘုရား)။

ဒီပုဂ္ဂိုလ်ကတော့ သစ္စာမြင်တဲ့ဉာဏ်နဲ့ သေသွားတဲ့အခါကျတော့ ခုနင်က တကာတကာမတို့ သုံးဆဲ့တဘုံထဲ မသွားတော့

ဘူး....(မှန်ပါ့) ဒုက္ခလေးချက်ရှိတဲ့နေရာ သွားသေးရဲ့လား .... (မသွားပါဘုရား)။

ဒုက္ခလွတ်တဲ့နေရာသာ သွားတော့တယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)ရှင်းကြပလား ... (ရှင်းပါပြီ) ဩော်.... ဒါဖြင့် သစ္စာဟာ သိပ်အရေးကြီးပါကလား .... (ကြီးပါတယ်ဘုရား)။

သစ္စာသိပ်အရေးကြီးတယ်၊ ဒါကြောင့် ဘုရားတိုင်း- ဘုရားတိုင်း ငါသစ္စာမသိတုန်းကလဲ မင်းတို့လိုပါဘဲကွာ၊ အိုဘေး၊ နာဘေး၊ သေဘေးကို အဖေါ်လုပ်နေတာဘဲ....( မှန်ပါ့ ) ငါ သစ္စာသိလာတဲ့တနေ့မှာ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ အိုးစားကွဲတယ်ကွာ ဆိုတော့ တကာတကာမတွေ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ အိုးစားကွဲချင်လို့ ရှိယင်ဖြင့် ခုနင်က ဒုက္ခလေးချက်ပေးတာဟာ ကံဘဲ....(မှန်ပါ့ဘုရား)။

ဒီကံမလာအောင် ခင်ဗျားတို့ ဘယ့်နှယ်လုပ်မတုံး ဆိုတော့ စိတ္တာနုပဿနာရှုလိုက်....( မှန်ပါ့ ) စိတ္တာနုပဿနာရှုလိုက်ပါ၊ ကြားစိတ်ကလေးရှုလိုက်၊ နံစိတ်ကလေးရှုလိုက်၊ စားစိတ်ကလေး ကော....(ရှုရမှာပါဘုရား)။

အဲ....စားလို့ ကောင်းတယ်ဆိုတာ မလာတော့ဘူး- စားစိတ်ကလေး ဖြစ်ပျက်ရှုလိုက်ပြီ ဆိုမှဖြင့်....(မှန်ပါ့) မောင်ဘသော်နေရာကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်မဂ် ဆိုကတည်းက စားလို့ကောင်းတဲ့ တဏှာ၊ ဥပါဒါန်၊ ကံ လာသေးရဲ့လား . (မလာပါဘုရား)။

ဟာ .. ဒါဖြင့် ခန္ဓာကိုယ်ထဲမှာ တကာတကာမတို့ ယားတဲ့ စိတ်ကလေးကိုလဲ ဖြစ်ပျက်ရှုပေးရမယ် .. (မှန်ပါ့ဘုရား)။

ယားတဲ့စိတ်ကလေး, နာတဲ့စိတ်ကလေးကို ဖြစ်ပျက်ရှုလိုက်လို့ရှိယင် ဖြစ်ပျက်ရှုတာက မဂ်ဆိုတော့ ယားခြင်းကြောင့် ဒေါသလာသေးရဲ့လား… ( မလာပါ ) ကောင်းခြင်းကြောင့် တဏှာလာသေးရဲ့လား… (မလာပါဘုရား)။

တဏှာ,ဥပါဒါန်,ကံ မလာတော့ဘူး… (မှန်ပါ) မလာတော့ ဘာရှုရှု ဘုန်းကြီးတို့ တကာတကာမတွေ့ မှတ်လိုက်စမ်းပါ ရန်သူသတ်နေတာ….(မှန်ပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့က ဝိပဿနာခေတ်- ဝိပဿနာခေတ် လူတိုင်းပါးစပ်ဖျားမှာ ဝိပဿနာတရားချည့်ဘဲ ပြောနေကြတယ် ဆိုတဲ့ဥစ္စာ အဲဒါ စကားဟာ သေးနုပ်ပါသေးတယ် တကာကြွယ် (မှန်ပါဘုရား)။

ဝိပဿနာခေတ် မပါဘူးတဲ့၊ ရန်သူမှန်းသိလို့ ရန်သူသတ်တဲ့ခေတ်….(မှန်ပါ) ဘယ်လိုဆိုကြမလဲ …. (ရန်သူကို ရန်သူမှန်းသိလို့ ရန်သူသတ်တဲ့ခေတ်ပါဘုရား)။

နို့ရှေးတုန်းက ဘာဖြစ်လို့မလာခဲ့သတုံး၊ ဝိပဿနာတွေ မလုပ်ကြပါလိမ့်မတုံး၊ ရန်သူမှန်းမသိလို့ ရန်သူမသတ်တဲ့ခေတ်၊ အကန်းမွေးပြီး အကန်းသေဟဲ့ခေတ်…. (မှန်ပါ) ရိပ်မိပလား…. (ရိပ်မိပါပြီဘုရား)။

အခုတော့ဖြင့် မျက်စိနှစ်ကွင်း အလင်းထဲရောက်ပြီးသကာလ အလင်းကလေးနဲ့ဘဲ သေသွားတော့ကို လမ်းမှားစရာရှိသေးရဲ့လား….(မရှိပါ) ရှင်းပလား….(ရှင်းပါပြီဘုရား)။

တော်တော်အရေးကြီးတဲ့ နေ့ဘဲဆိုတာ ပေါ်ပလား… (ပေါ်ပါပြီ)သို့သော် တကာတကာမတို့ဝမ်းထဲ လောဘ ဖြစ်ပေါ်လာ

လဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်) အင်း .... ဒါဘာလုပ်ကြတာတုံး....(ရန်သူသတ်တာပါဘုရား)။

ရန်သူမှန်းသိလို့ ရန်သူသတ်နေတာဘုရာ့.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒေါသစိတ်ကလေးလာလဲ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်) အင်း....ဘာလုပ်နေတာတုံး ခင်ဗျားတို့ဟာ .... (ရန်သူ ရန်သူမှန်းသိလို့ သတ်နေတာပါ) တဏှာ့,ဥပါဒါန်နဲ့,ကံ နောက်က မသေဘူးလား .. (သေပါတယ်) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အင်း....ဝမ်းထဲမှာတခါ သံသယရှိနေယင် မောဟစိတ်ကလေး၊ ပျံ့လွင့်တဲ့ ဥဒ္ဓစ္စစိတ်ကလေး လာယင်လဲ ဘာလုပ်ကြမယ် .... (ဖြစ်ပျက်ရှုရပါမယ်) ဟ....ဘာလုပ်တာတုံး တကာတကာမတွေ (ရန်သူ ရန်သူမှန်းသိလို့သတ်တာပါဘုရား)။

ဝိပဿနာရှုနေတယ် မပြောပါနဲ့ ဟုတ်လား၊ ကိုယ့်ရန်သူမှန်းသိလို့ ကိုယ်သတ်နေတဲ့ အလုပ်ကိုလုပ်ပါတယ်....( မှန်ပါ့ ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဝိပဿနာဆိုတော့ အို· သူတို့ ဝိပဿနာတွေက ရှေးသလိုလို နောက်သလိုလိုနဲ့ အတော်ရှုပ်တယ်လို့ ပြောနေဦးမယ် .... (မှန်ပါ့)ရှင်းပသား....(ရှင်းပါပြီဘုရား)။

အဲဒီလိုဖြစ်နေဦးမယ်၊ ကိုယ့်ရန်သူ ကိုယ်သတ်နေတယ်ဆိုတဲ့ အဖြေကို အမြဲပေးကြပါ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ကိုယ့်ရန်သူ ကိုယ်သတ်နေတဲ့ပုဂ္ဂိုလ်အဖြေသဘောကျတော့ ဝိပဿနာမရှုတဲ့ပုဂ္ဂိုလ်က တကာကြွယ် သူ့ဟာသူ သိသွားတယ် .... ( သိပါတယ် ) သူက ရန်သူပန်းကုံးနေတာ

သေချင်သေးလို့ပါသဲ....(မှန်ပါ) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကိုင်း .... ဒါဖြင့် တကာတကာမတို့ အခုရှုနည်း လောဘ, ဒေါသ, မောဟ, ပြီးသွားပြီ အတွင်းညွှတ်သည်နော် — (မှန်ပါ့ဘုရား)။

ကဲတခါ အလောဘဆိုတဲ့ မလိုချင်တဲ့ စိတ်ကလေး ပေးချင်ကမ်းချင်တဲ့စိတ်ကလေးလာလဲ ဘာလုပ်ကြမလဲ ... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အင်း....သူက ဖြစ်ပျက်ဆိုတော့ ရှုဘာကမဂ်-(မှန်ပါ့)ဒီမဂ်ကရန်သူ ဘယ်နှစ်ယောက်သတ်ပါလိမ့်.. (သုံးယောက်ပါ) တဏှာ, ဥပါဒါန်,ကံ, သုံးယောက်ကို မသတ်ဘူးလား .... (သတ်ပါတယ်ဘုရား)။

အဲဒါကြောင့် ဝိပဿနာရှုဘာလား၊ရန်သူသတ်နေတာလား (ရန်သူသတ်နေတာပါဘုရား)။

အဲဒီတော့ တကာတကာမတို့ အင်မတန် အဘိုးတန်တဲ့ရန်သူသတ်တဲ့ အလုပ်ကြီးတခုကို ခင်ဗျားတို့ ရန်သူမွေးတာနဲ့ ရန်သူဆက်တာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ကိုယ်ကျိုး ရှိတာနဲ့ ကိုယ်ကျိုးနည်းတာ ကွာပါသေးတယ်....(မှန်ပါ့ဘုရား)။

ကိုယ်ကျိုးရှိတာက ရန်သူသတ်နိုင် ကိုယ်ကျိုးရှိတယ် .... (မှန်ပါ့) ကိုယ်ကျိုးနည်းတာက ရန်သူမွေးနေလို့ရှိယင်ဖြင့် ကိုယ်ကျိုးဖြင့် သေသေချာချာ လှလှကြီး နည်းတော့မှာဘဲဆိုတာပေါ်ရောပေါ့....(ပေါ်ပါပြီ) မပေါ်ဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း.. ဒါဖြင့် တကာတကာမတို့ ဝမ်းထဲမှာ အဒေါသစိတ်ဆိုတဲ့ မေတ္တာစိတ်ကလေး ပေါ်လာတယ်.... (မှန်ပါ့) ဟိုပုဂ္ဂိုလ်မေတ္တာရှိ-ဒီပုဂ္ဂိုလ် မေတ္တာရှိ....(မှန်ပါ့) အဲဒီ မေတ္တာစိတ်ကလေး ပေါ်လာလဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်သာရှု....(မှန်ပါ) ဖြစ်ပျက်မရှုလို့ ရှိယင် မေတ္တာလိုလိုနဲ့ တကာတကာမတို့ နောက်က တဏှာလိုက်လာလိမ့်မယ်-(မှန်ပါ့ဘုရား)။

'ရာဂေါ မေတ္တာယ ဝဉ္စေတိ' ရာဂေါ=ရာဂသည်၊ မေတ္တာယ= မေတ္တာလိုလိုနဲ့၊ ဝဉ္စေတိ= လှည့်ပတ်လာ၏ဆိုတော့ တခါတည်း နောက်က မေတ္တာလိုလိုနဲ့ တဏှာက နောက်ကလိုက်လာတယ်.... (မှန်ပါ့ဘုရား)။

ဒီခလေးကလေးကို သားသုံးယောက်ရှိသည့် အနက်က သူ့အပေါ် မေတ္တာအပိုဆုံးဆိုလို့ရှိယင် သွားပြီ၊ တဏှာကပါလာတာဘဲ....(မှန်ပါ့)မပါသေးဘူးလား.... (ပါ-ပါတယ်) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် မေတ္တာစိတ်လာလဲ ဘာလုပ်ကြမယ် .... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ရှုတော့ တကာတကာမတို့ ဝိပဿနာရှုတာလား- ကိုယ့်ရန်သူ ကိုယ်သတ်ကြတာလား....(ကိုယ့်ရန်သူကိုယ်သတ်ကြတာပါဘုရား)။

ဟာ .... ဒါဖြင့် မျက်စိအလင်းရလာပလား- စုံလုံးကန်းဘဲရှိသေးသလား.... ( အလင်းရပါပြီ ) မျက်စိအလင်းရတယ်ဆိုတာပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

**အဲဒါကြောင့်** တကာတကာမတို့ အပြင်ဥ္ဆေ့သည်ငါးယောက် **ဆိုတာလဲ** စာရွက်ကလေးထဲ ပါပါတယ်.... ( မှန်ပါ့ )အတွင်းဥ္ဆေ့သည် ငါးယောက်ဆိုတာကော....(ပါ-ပါတယ်ဘုရား)။

ကဲ· အတွင်းဥ္ဆေ့သည်· အပြင်ဥ္ဆေ့သည်က တပည့်တော်တို့ **သန္တာန်** မလာပြန်ဘူးဘုရား ဆိုတော့ လေကိုထွက် အောင် **အားထုတ်တဲ့စိတ်**၊ ဒါကလေး ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

သူတို့က ရှိမှာဘဲ သက်စောင့်ကိုးဗျ....(မှန်ပါ့) " အဿာသ ပဿာသာ ကာယ သင်္ခါရော " ဆိုတဲ့ အတိုင်း....(မှန်ပါ့)။

တကာတကာမတို့ တခါတလေ ပြန်ရှိုက်တဲ့ စိတ်ကလေးလာ **လဲ** ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

သူတို့ နှစ်ခုကို အမြဲရှု.... (မှန်ပါ့) ဒီ့ပြင်ဟာ အတွင်းဥ္ဆေ့သည်၊ အပြင်ဥ္ဆေ့သည်က လာမှရှု....(မှန်ပါ့)သဘောကျပလား-(ကျပါပြီ)။

ဒါဖြင့် ရှုစရာဘယ်လောက်ပါသတုံးမေးတော့ ဘယ့်နှယ်ဖြေကြမလဲ....( ဆယ့်နှစ်ခုပါဘုရား ) ဆယ့်နှစ်ခုဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

အဲဒီတော့ကို အမြဲတန်းရှုရမှာက အိမ်သည်စိတ် နှစ်ခု....(မှန်လှပါဘုရား)။

တကာကြွယ်ရေ....ထွက်စိတ်လေကို ဖြစ်အောင် အားထုတ်တဲ့စိတ်၊ လေကို ပြန်ရှိုက်တဲ့စိတ်၊ ဒီစိတ်နှစ်ခုကတော့ ရှုသာနေ၊ အမြဲတန်းရှိမှာဘဲ....(မှန်ပါ့) ကြားစိတ်မဝင်လာယင် ရှိနေတာဘဲ....( မှန်ပါ့ ) ကြားစိတ်-မြင်စိတ်ဝင်လာတော့ သူမရှိဘူး....(မှန်ပါ့ဘုရား)။

ဘာ့ လိုက်ရှုကြမယ်....(မြင်စိတ်ပါဘုရား) မြင်စိတ် လိုက်ရှု.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

အဲဒီကဲ့သို့ ရှုလိုက်, ရှုလိုက်ပြီဆိုမှဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေဟာ မြင်စိတ်နောက်ကလဲ ဖြစ်ပျက်၊ ရှုစိတ်နောက် ကလဲ.... ( ဖြစ်ပျက်ပါဘုရား ) ဖြစ်ပျက်သိတဲ့ မဂ်ပေါ့ဗျာ.... (မှန်ပါ့) အင်း.... ရှုက်စိတ်နောက်ကကော....(ဖြစ်ပျက်သိတဲ့မဂ် ပါဘုရား)။

သူက ဖြစ်ပျက်၊ သိတာက မဂ်.... ( မှန်ပါ့ ) သဘောပါပ လား....(ပါ-ပါပြီဘုရား)။

အဲဒီကဲ့သို့ တကာတကာမတွေက နောက်က ရှုပေးနေကြ တာသည် ဝိပဿနာရှုတာလား၊ ရန်သူသတ်ပွဲ အလုပ်-လုပ်နေကြ တာလား....(ရန်သူသတ်ပွဲ အလုပ် လုပ်နေကြတာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ရန်သူသိတာက သမုဒယသစ္စာသိ တယ်....(မှန်ပါ့) ရန်သူကြောင့် ဒုက္ခရောက်ခဲ့တဲ့ လေးချက်ကို သိတာက ဒုက္ခသစ္စာသိတယ် .. (မှန်ပါ့)။

ဒီရန်သူကို မနိုင်ခဲ့တဲ့အတွက် ဒုက္ခ ဘယ်နှစ်မျိုးရခဲ့သတုံး.... (လေးမျိုးရပါတယ်ဘုရား) ဇာတိ-ဒုက္ခ၊ ဇရာ-ဒုက္ခ၊ ဗျာဓိ-ဒုက္ခ၊ မရဏ-ဒုက္ခ....(မှန်ပါ့)။

ဒါဖြင့် ရန်သူသုံးယောက်က သမုဒယသစ္စာ၊ သဘောကျပ လား....(ကျပါပြီဘုရား)။

ရန်သူ သုံးယောက်က....( သမုဒယသစ္စာပါဘုရား ) ရန်သူ သုံးယောက် ပေးထားတဲ့ ဒုက္ခလေးချက်က.... ( ဒုက္ခသစ္စာပါ ဘုရား )။

ရန်သူ သုံးယောက်ဆိုတာက တဏှာ ဥပါဒါန် ကံ၊ ရှင်းပလား....(ရှင်းပါပြီ) သူက ဘာသစ္စာတုံး.... ( သမုဒယသစ္စာပါဘုရား )။

အင်း....သူတို့ကြောင့် ကျုပ်တို့ ဒုက္ခလေးချက်ရတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အခုတော့ဖြင့် တကာတကာမတွေ မြင်စိတ်ပေါ်လဲ ဖြစ်ပျက်ရှုလိုက်တော့ သမုဒယသစ္စာလဲသတ်ပြီးသား.... ( မှန်ပါ ) ဒုက္ခသစ္စာကော....(သတ်ပြီးသားပါဘုရား)။

ဒါဖြင့် သမုဒယသိမ်းလဲ နိဗ္ဗာန်.... ( မှန်ပါ ) ဒုက္ခသိမ်းလဲ (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ဘဲဆိုတော့ ဩော်....ရှုမှ နိဗ္ဗာန်ရောက်တာပါ.... (မှန်လှပါဘုရား) ဘယ်လိုပါလိမ့်.... (ရှုမှ နိဗ္ဗာန်ရောက်တာပါ) ရှုမှ နိဗ္ဗာန်ရောက်တယ်ဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှုလိုက်တဲ့အခါ၊ ရှုတဲ့ဉာဏ်က ဘာ သစ္စာတုံး....( မဂ္ဂသစ္စာပါဘုရား ) နောက်က ရန်သူ သုံးယောက်က ဘာသစ္စာတုံး....( သမုဒယသစ္စာပါဘုရား ) သေမသွားသေးဘူးလား....(သေသွားပါပြီဘုရား)။

ရှုလိုက်တော့ သေသွားတယ်....(မှန်ပါ) ဒါဖြင့် ဒုက္ခလေးချက်ကလဲ လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား)။

ဒါဖြင့် သမုဒယသိမ်းလဲ ဘာခေါ်မလဲ.... (နိဗ္ဗာန်ပါဘုရား) ဒုက္ခလေးချက်သိမ်းလဲ....(နိဗ္ဗာန်ပါဘုရား)။

ဩော်....ဒါဖြင့် ဒီ မဂ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် သမုဒယကိုလဲ ပယ်တယ်ဟုတ်လား....(မှန်ပါ) နိဗ္ဗာန်ဆိုတဲ့ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်လဲ မျက်မှောက် ပြုနိုင်သောကြောင့် တကာတကာမတို့

ဒုက္ခသစ္စာသိတဲ့ပုဂ္ဂိုလ်အလုပ်ကို လုပ်သောကြောင့်ဒုက္ခသစ္စာကိုလဲ ပရိညေယျနဲ့ ပိုင်းခြားပြီး သိတဲ့ပုဂ္ဂိုလ်မို့ လုပ်ဖြစ်တာ....(မှန်လှပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ ရှေးဦးစွာသိတာက ဒုက္ခသစ္စာပေါ့ဗျာ.... (မှန်ပါ့) သိတာက မဂ္ဂသစ္စာ....(မှန်ပါ့) သေတာက သမုဒယသစ္စာ....(မှန်ပါ့) ဒုက္ခလေးချက်မလာတာက.... (နိရောဓသစ္စာပါဘုရား)။

အဲဒီလို အားထုတ်လိုက်တော့ တကာတကာမတို့ က°-အမိ၊ က°-အဖတွေ အကုန်သွား....(မှန်ပါ့) တဏှာအမိ,မာန အဖတွေကော အကုန်သွား ....(မှန်ပါ့) မသွားသေးဘူးလား....(သွားပါတယ်ဘုရား)။

အဲဒါကြောင့် အခု-ဘုန်းကြီးပြောတဲ့ စိတ္တာနုပဿနာစာရွက်ကလေးတွေကို တကာတကာမတွေ ပေးထားပါတယ်.... (မှန်လှပါဘုရား) မရသေးတဲ့ပုဂ္ဂိုလ်များ ဆိုင်ရာ တောင်းပေါ့ဗျာ.... (မှန်ပါ့)။

အဲဒီတော့ ဒါသာ လှည့်ရှုပြီးသကာလနေကြမယ်ဆိုလို့ရှိယင်ဖြင့် စိတ်ချုပ်ယင် ရုပ်ချုပ်ပါတယ်... (မှန်ပါ့)။

စိတ်ချုပ်ယင်....(ရုပ်ချုပ်ပါတယ်ဘုရား) စိတ်နဲ့ ပတ်သက်တဲ့စေတသိက်တွေကော... (ချုပ်ပါတယ်ဘုရား)။

အဲဒီတော့ တခုရှုလို့ရှိယင် ခန္ဓာငါးပါး အကုန်ချုပ်ပါတယ်....(မှန်ပါ့)။

အဲဒါကြောင့် စိတ်,ဖြစ်ပျက်မြင်အောင် ရှု....(မှန်ပါ့) ၎င်းဖြစ်ပျက်ကို မြင်လဲ မရပ်နဲ့ မုန်းအောင်ရှု။

ရင်းဖြစ်ပျက်က ဒုက္ခသစ္စာပါလားလို့ ဆိုပြီးသကာလ ပိုင်ပိုင်နိုင်နိုင် သိပြီးဆုံးအောင်ရှု....(မှန်ပါ့)။

ဤကဲ့သို့ ရှုလို့ရှိယင် ၁-နံပါတ်ရှုတာက ယထာဘူတဉာဏ် (မှန်ပါ့) ၂-နံပါတ်က နိဗ္ဗိန္ဒဉာဏ်၊ ၃-နံပါတ်က မဂ်ဉာဏ်ဆိုတဲ့ သောတာပန်တည်လို့ရှိယင်ဖြင့် အတိတ် ပြုလုပ်ထားတဲ့ ကံ တွေကိုလဲ ဒီဉာဏ်က သတ်တယ်... (မှန်ပါ့) ယခုဘဝမှာ မိုက်မဲထားတဲ့ ကံတွေကော....(သတ်ပါတယ်ဘုရား)အနာဂတ် မိုက်မဲလတ္တံ့ ကံတွေကော....(သတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီမဂ်ဉာဏ်သည် တကာတကာမတို့ ကံ သတ်တယ် ဆိုတာ သေချာပလား .... ( သေချာပါပြီ ) ကံသတ်လိုက်ကတည်းက ဒုက္ခလေးချက် လွတ်ပေါ့လို့ ယနေ့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့။

သာဓု...သာဓု.. သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

**အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား**

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

( ခန္ဓာကိုယ်ရှိက ကျန်းမာမှုမရှိ )

# နေ့အလုပ်ပေးတရားတော်-

( ၂၂ - ၉ - ၆၂ )

တေဇောခတ်က ပူလောင်၊ ပူလောင်ပြီး အရှိန်ရင့်ကျက်သွားလို့ရှိယင် သူလဲဖေါက်ပြန်ပျက်စီးတာဘဲ....( မှန်ပါ ) ဝါယောခတ်က ခိုင်တယ်၊ လှုပ်ရှားတယ်၊ ဒါလဲ သူ့သဘော စွန့်သွားတယ်၊ ခိုင်တာလဲ မရှိတော့ဘူး၊ လှုပ်ရှားတာလဲ မရှိတော့ဘူးဆိုတော့ ဒါသူလဲ့ ဖေါက်ပြန်ပျက်စီးနေတာဘဲ.... (မှန်လှပါဘုရား)။

တခါ ဝေဒနာဘက် ကြည့်လိုက်တော့ ဝေဒနာကလေးတွေက သုခရယ်လို့ ပေါ်လာပြန်၊ ပျောက်ပျက် သွားပြန်တာဘဲ၊ ဒုက္ခရယ်လို့ပေါ်လာပြန်လဲ ပျောက်ပျက်သွားတာဘဲ၊ ဥပေက္ခာရယ်လို့ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာပြန်ယင်လဲ ပျောက်

ပျက်သွားတာဘဲ၊ အင်း.... ဝေဒနာဘက်ကသဲ ပျောက်ပျက်တာဘဲ ရှိတယ်....(မှန်ပါ့)။

သညာဘက်ကလဲ သညာခြောက်မျိုးရှိသည့်အနက်က ရူပါရုံမှတ်တဲ့ သညာ ရူပါရုံမှတ်ပြီး ပျောက်ပျက်သွားတယ်.... (မှန်လှပါဘုရား) သဒ္ဒါရုံမှတ်တဲ့ သညာ ဘာသံ,ညာသံ မှတ်တဲ့သညာလဲ မှတ်ပြီးသကာလ ဖေါက်ပြန်ပျက်စီးသွားတာဘဲ.... ( မှန်ပါ့ဘုရား )။

ဒါဖြင့် ခန္ဓာငါးပါးစလုံး စိတ်ရယ်, ရုပ်ရယ်, ဖြစ်မှု-ပျက်မှုချည့်ဘဲ....(မှန်ပါ့) ဒါတွေဟာ ဖေါက်ပြန်ပျက်စီးပြီးသကာလ သွားကြတာဘဲ....(မှန်ပါ့ဘုရား)။

ဖေါက်ပြန်ပျက်စီးပြီးသကာလ သွားကြတော့ကို သူတို့သည် ခိုင်ခန့်တည်တန့်ပြီးသကာလ မာနေတယ်၊ ကျန်းမာနေတယ် ဆိုတဲ့ ဥစ္စာ မောင်သစ် တခါမှ ပြောစရာ မပါဘူး.... (မှန်ပါ့) ဖေါက်ပြန်ပျက်စီးနေတုန်းသွားပြီး ကျန်းမာနေတယ်လို့ ပြောလို့-ဆိုလို့ ရပါ့မလား....(မရပါဘုရား)။

ဒါဖြင့် ဒီလိုဆိုမှ ရုပ်ဘက်က ကြည့်လိုက်လဲ မကျန်းမာမှု.... ပျောက်ပျက်မှုနဲ့ လုမ်းဆုံးတယ်.... ( မှန်ပါ့ ) ဝေဒနာဘက်က ကြည့်လိုက်ပြန်**လဲ** ထို့အတူဘဲ၊ မကျန်းမာမှု ပျောက်ပျက်မှုနဲ့ လမ်းဆုံးတယ်....(မှန်ပါ့)။

သညာကြည့်လိုက်ပြန်**လဲ** ထို့အတူဘဲ မှတ်တော့ မှတ်နိုင်တာဘဲ၊ မှတ်ရင်းဘဲ ဖေါက်ပြန်ပျက်စီးသွားတာဘဲ၊ မကျန်းမာမှုနဲ့ ပျက်စီးသွားတယ်....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာငါးပါးမှာ ပျက်စီးရတယ်ဆိုကတည်းက ကျန်းမာလို့လား၊ မကျန်းမာမှုနဲ့ ပျက်စီးတာလားလို့ဆိုတာ မေးစရာ မေးခွန်းပါတယ်....( မှန်ပါ့ ) မကျန်းမာမှုကြောင့် ပျက်စီးသွားတယ်လို့ မှတ်ရမယ်....(မှန်ပါ့)။

ခန္ဓာငါးပါးမှာ အားလုံး တကာ တကာမတွေ ဖေါက်ပြန်ပျက်စီးသွားတယ်ဆိုယင် ကျန်းမာမှုရှိလို့လား၊ မကျန်းမာမှုနဲ့ ပျက်စီးတာလား....(မကျန်းမာမှုနဲ့ ပျက်စီးတာပါဘုရား)။

မကျန်းမာမှုနဲ့ ပျက်စီးတယ်လို့ ဉာဏ်ကလေး ထိုးထွင်းပြီး သကာလ ပျက်စီးတယ်ဆိုကတည်းက ပျက်စီးဘို့ရာ ဖြစ်-ဒုက္ခပါ ပြီးသကာလ လာတော့ ပျက်စီးခြင်း, ဆုံးရှုံးခြင်း, ပျောက်ပျက်ခြင်း, ဒါတွေ အကုန်ရောက်ပြီးသကာလ သွားခြင်းသည်ကား လို့ဆိုလို့ရှိယင်ဖြင့် ခန္ဓာကိုယ်ထဲမှာ ဘယ်သူ့ကြည့်လိုက်, ကြည့်လိုက် မကျန်းမာမှုနဲ့ ပျောက်ပျက်သွားတာချည့်ဘဲ....( မှန်ပါ့ ) တိုတိုပြောတော့ ဆင်းရဲမှုနဲ့ ပျောက်ပျက် သွားတာ ချည့်ဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဆင်းရဲမှုနဲ့ ပျောက်ပျက် သွားတာချည့်ဘဲ ဆိုတော့ တကာ တကာမတွေ ဝိပဿနာဉာဏ်နဲ့ ခန္ဓာတင်လိုက်တဲ့ အခါကျတော့ အင်း....ပျောက်ပျက် သွားပါလား....၊ မကျန်းမာလို့ ပျောက်ပျက်သွားတာကိုး-လို့ ဝိပဿနာဉာဏ်နဲ့ ကြည့်ပေးပါ....(မှန်လှပါဘုရား)။

မကျန်းမာလို့ ပျောက်ပျက်သွားတာချည့်ဘဲ၊နာတာကလေး ပျောက်ပျက်သွားတယ်၊ အင်း....မကျန်းမာမှုကြောင့်ဆုံးရှုံးသွား

တယ်၊ ကောင်းတာကလေး ပျက်စီးသွားလဲ မကျန်းမာမှုကြောင့် သူ ဆိုးရှုံးသွားတာဘဲ....(မှန်ပါ့) ဘယ်စိတ်လာလာ၊ ဦးဘသန်း တို့၊ ဦးကျော်မောင်တို့ မကျန်းမာမှုကြောင့်ဘဲ ပျက်စီးသွားတာ ဘဲ....(မှန်ပါ့)။

ဒါ့ကြောင့် ဒီပျက်စီးတာတွေက ခဏခဏခန္ဓာထဲမှာ အများ ကြီး၊ ရုပ်ဘက်ကလဲအများကြီး၊၊ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဆိုတဲ့ နာမ်ဘက်ကလဲ အများကြီး...(မှန်ပါ့) ဒါတွေ ပျက်စီးနေတော့ ဘယ်အချိန် ကျန်းမာသတုံးလို့ မေးလို့ ရှိယင် ဖြင့်....ဘယ်အချိန်မှ မကျန်းမာဘူး၊ ဖေါက်ပြန် ပျက်စီး နေတာ ချည့်ဘဲ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဘယ်အချိန် ကျန်းမာသတုံးမေးယင် ဘယ့်နှယ် ဖြေကြမလဲ.... (ဘယ်အချိန်မှ မကျန်းမာပါဘုရား) ဘယ်အချိန်မှ မကျန်းမာ ဘူး၊ ဖေါက်ပြန်ပျက်စီးနေတဲ့အချိန်သာရှိတယ် .... ( မှန်လှပါ ဘုရား )။

အဲဒီတော့ အားလုံးတကာတကာမတွေ ဖေါက်ပြန် ပျက်စီး တာသည် ကျန်းမာမှု ရှိလို့လား....၊ မကျန်းမာမှုတွေ ဘဲလား.... (မကျန်းမာမှုတွေပါဘုရား)။

မကျန်းမာမှုတွေဘဲလို့ တကာတကာမတွေက မှတ်ထားဘို့ အရေးကြီးပါတယ်.. (မှန်ပါ့)။

အဲဒီ မကျန်းမာမှုတွေကြောင့် ပေါ်လာလိုက် ပျောက်သွား လိုက်၊ ပေါ်လာလိုက်-ပျောက်သွားလိုက်....ဒါဖြင့် ခန္ဓာငါးပါး မှာ ပေါ် -ပျောက်မှတပါး ဦးဘသန်းတို့၊ ဦးကျော်မောင်တို့ ဘာရှိသေးသတုံး....(မရှိပါဘုရား)။

မရှိတော့ ဘယ်အချိန်မဆို မကျန်းမာမှုနဲ့ဘဲ အချိန်ကုန်သွားတာဘဲဆိုတဲ့ဥစ္စာ ငြင်းဘို့မလိုတော့ဘူး .... (မလိုပါဘုရား) လိုသေးသလား....(မလိုပါဘုရား)။

အဲဒီတော့ အရိယာတို့၏ မျက်လုံးနဲ့ကြည့်လိုက်တဲ့ အခါကျတော့ ဒီခန္ဓာကြီးကြည့်လိုက်တဲ့ အခါကျတော့ အတူသာနေရတယ်၊ မကျန်းမာမှုနဲ့ ပျက်စီးနေတာတွေချည့် တွေ့နေရတော့ ဒီခန္ဓာကြီးနဲ့ ခွဲလိုက်ရလို့ရှိယင်ဖြင့် ကျန်းမာမှာဘဲ ဒီလိုလာတယ်....(မှန်ပါ)။

ဒီခန္ဓာကြီးနဲ့ ခွဲခွာလိုက်ရလို့ရှိယင်ဖြင့် ကျန်းမာမှာဘဲ ဆိုတော့ ခန္ဓာရှိမှုကို သူတို့ သဘောကျနေသလား၊ ခန္ဓာမရှိမှုကို သဘောကျနေသလား.... ( ခန္ဓာမရှိမှုကို သဘောကျပါတယ်ဘုရား )။

အဲ....ခန္ဓာမရှိမှုသဘောကျနေတာသည် မှတ်ထားလိုက်စမ်းပါ၊ နိဗ္ဗာန်ကို သဘောကျနေတာ....(မှန်ပါ)။

ဘာဖြစ်လို့တုံးဆိုတော့ ခန္ဓာကြည့်လိုက်တော့ ဖေါက်ပြန်ပျက်စီးနေတာ တွေ့ရတယ်....(မှန်ပါ)။

ခန္ဓာကြည့်လိုက်တော့ ဘာတွေ တွေ့ကြသလဲ.... (ဖေါက်ပြန်ပျက်စီးနေတာ တွေ့ရပါတယ်ဘုရား)။

ဖေါက်ပြန် ပျက်စီးတာတွေချည့် တွေ့ပြီးသကာလ နေတော့ နာမ်ရုပ်ကြည့်လိုက် ဖေါက်ပြန်ပျက်စီးတာတွေလိုက် ပြင်လို့ဖြင့် မရပါဘူး၊ ဝိပါကဝဋ်ပေါ့....(မှန်ပါ)။

ဝိပါကကအကျိုးပေးတာ ဝဋ္ဋက ဒါချည့်လှည့်ဖြစ်နေတာ.... (မှန်ပါ့) ဒါချည့်ဖြစ်တယ်၊ ဖေါက်ပြန်လိုက် - ပျက်စီးလိုက်၊ ဖေါက်ပြန်လိုက်-ပျက်စီးလိုက်၊ မောင်ချစ်စိန် ဒီအတိုင်းနေတယ် (မှန်ပါ့)။

ဒီအတိုင်းနေတာ ကြည့်လိုက်တော့ သူတို့အရိယာပုဂ္ဂိုလ်၊ အရိယာမျက်လုံးနဲ့ ကြည့်လိုက်တော့ ဒီခန္ဓာကြီးနဲ့နေရတာ.... ပျော်လိမ့်မလား။အင်း .. ဒီခန္ဓာဝန်များ ချပစ်လိုက်ရလို့ ရှိယင် ကောင်းလိမ့်မလားဆိုတာ ခင်ဗျားတို့ဘဲ တွေးကြည့်ယင် ပေါ်ပါပြီ....(မှန်ပါ့)။

ဘယ့်နှယ်ပေါ်လိမ့်မယ်ထင်ကြသလဲ .... ( ခန္ဓာဝန်ချပစ်ယင် ကောင်းလိမ့်မယ်ဘုရား)။

ခန္ဓာဝန်ချပစ်လို့ ရှိယင်ဖြင့် ဦးဘသန်း ချက်ခြင်းချလို့ရှိယင် ချက်ခြင်းသဘောကျတယ်....(မှန်ပါ့)။

ကျုပ်တို့-ခင်ဗျားတို့လို နောက်ခန္ဓာတောင့်တချင်တဲ့ စိတ်ဟာ ဦးဘသန်း လက်ရှိခန္ဓာကို အနာနဲ့ ဖေါက်ပြန်ပျက်စီးနေတာကို မကြည့်မိလို့ နောက်ခန္ဓာ တောင့်တ-တာ .... (မှန်ပါ့) ဟုတ်ပလား....(ဟုတ်ပါတယ်ဘုရား)။

လက်ရှိခန္ဓာကြီး၏ ဖေါက်ပြန် ပျက်စီး နေတာကို အရိယာမျက်လုံးတပ်ပြီး မကြည့်တတ်တာနဲ့ နောက် ခန္ဓာ တောင့်တတယ်-ဆိုတဲ့ အဓိပ္ပါယ်ဟာ မရောက်ဘူးလား၊ ရောက်သလား.... (ရောက်ပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် နောက်ခန္ဓာ တောင်းတတဲ့ ပုဂ္ဂိုလ်များ အရိယာမျက်လုံးကလဲမရှိ။အရိယာတို့၏ တပည့်သားမျက်လုံးကလဲ

မရှိ....(မှန်ပါ) အရိယာမဖြစ်လို့ အရိယာမျက်လုံးမရှိချင် နေပါစေတော့ မောင်သစ်....(မှန်ပါ) အရိယာတို့၏ တပည့်သားဖြစ်တဲ့ မျက်လုံးနဲ့ တပ်ကြည့်ပြန်တော့လဲ ပေါ်တယ်- ဟော့.... ( မှန်ပါ ) အဲ....ဝိပဿနာမျက်လုံးကို ဆိုပါတယ်.... နော်.... (မှန်ပါ)။

ဝိပဿနာမျက်လုံးကို ဆိုပါတယ်။ အဲဒီ ဝိပဿနာမျက်လုံးနဲ့ တပ်ကြည့်လိုက်မယ်ဆိုလို့ ရှိယင်လဲ ဖေါက်ပြန် ပျက်စီးတာဘဲ ဘယ်တော့ ကျန်းမာတာပါသေးတုံး....(မပါ-ပါဘုရား)။

ဖေါက်ပြန်ပျက်စီးနေတာချည့်ဘဲ။ ဘယ်တော့မှ ကျန်းမာတာ မပါဘူးလို့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ အဲဒီလို ကြည့်နေတဲ့ အချိန်ကျလို့ ရှိယင်ဖြင့် အရိယာတို့၏ တပည့်သား မျက်လုံးနဲ့ တပ်ကြည့်လိုက်တဲ့အခါ အင်း....ဒီခန္ဓာကြီးနဲ့ မနေရလို့ ရှိယင်ဖြင့် ဝဋ်မြစ်ကျွတ်တာဘဲဆိုတဲ့ အသိဉာဏ် ပေါ်မလာဘူးလား....(ပေါ်လာပါတယ်ဘုရား) ဝဋ်ကောင်ကြီး လုံးလုံးဘဲ ဆိုတဲ့ အမိုပ္ပါယ်လဲ သူ့ဉာဏ်ထဲမှာ ရှင်းပေးထားတယ်....(မှန်လှပါဘုရား)။

ဝဋ်ကောင်ကြီးလုံးလုံး။ အင်း.... ဒါများ ကျွတ်သွားလို့ ရှိယင်ဖြင့် ချမ်းသာအစစ်တော့ဖြင့် တွေ့ရမှာဘဲဆိုတာ မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာကို အရိယာပုဂ္ဂိုလ်များ ခန္ဓာဝန်ကို ချချင်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ အကုန်ရှင်းသွားပြီ .... ( ရှင်းပါပြီဘုရား )။

ခန္ဓာဝန်ချချင်တယ်ဆိုတဲ့အဓိပ္ပါယ် ဘယ့်နှယ်နေကြသလဲ.... (ရှင်းပါတယ်ဘုရား) ရှင်းသွားပြီ....နော်....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတွေ့မှာ ဒီမျက်လုံးရဘို့ရာ တယ်....အရေးကြီးပါလား....(ကြီးပါတယ်ဘုရား)။

ဒီမျက်လုံးမှ မရလို့ရှိယင် ခန္ဓာဝန် ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ နိဗ္ဗာန်ကို သဘောမကျဘူး....( မှန်ပါ့ ) ဒီမျက်လုံးရထားတဲ့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ကို သူမတွေ့ရသေးငြားသော်လဲ မှန်းဆပြီး တော့ အဲဒီရောက်မှ အေးမှာဘဲ-ဆိုတဲ့ စိတ်ကလေးဟာ လာသေး တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ကို အခု-အရိယာမျက်လုံးတပ်ပြီးသကာလ ဆရာဘုန်းကြီးက ဟော့.... စိတ်ကလေး ဘယ်လို ကြည့်စမ်းပါ၊ ဘယ်လိုကြည့်စမ်းပါဆိုတာ မကျန်းမာပြီး ပျက်စီးတာတွေ မြင် အောင်လို့ မောင်သစ် အကြည့်ခိုင်းတာ....(မှန်ပါ့)။

ပေါ်လာတယ်ဆိုကတည်းက တော်တော်ကြာ ခဏကလေး နေပြီး ပျက်စီးသွားတာ....(မှန်ပါ့) ပေါ်လာလိုက်-ပျက်းစီးလိုက် ပေါ်လာလိုက်-ပျက်စီးလိုက် ရုပ်ကလေးကြည့်လိုက် ထို့အတူ.... ဝေဒနာကြည့်လိုက် ထို့အတူ....စိတ်ကြည့်လိုက် ထို့အတူ ဖေါက် ပြန်ပျက်စီးနေကြတာချည့် မြင်မနေဘူးလား.... ( မြင်နေပါတယ် ဘုရား )။

အဲဒီကဲ့သို့မြင်တဲ့အခါကျတော့မှ သြော်....ဒါ အရိယာတပည့် သားတို့၏ မျက်လုံးလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အဲဒီ ပုဂ္ဂိုလ်များကတော့ဖြင့် ဒီ ခန္ဓာကြီးနဲ့ ပျော်လိမ့်မယ်၊ ဒီ ခန္ဓာကြီးကို နောက်ထပ် အဖေါ် လုပ်ချင်လိမ့်မယ် ဆိုတာ မောင်သစ် ရှိပါ့မလား....(မရှိပါဘုရား)။

ဒါဖြင့် ဒီအရိယာမျက်လုံးဟာ အလွန်အရေးကြီးပါတယ်.... ( မှန်ပါ့ ) သူ မရှိယင် ဒုက္ခသစ် ရှာမှာဘဲ။ သူ ရှိယင် ဒုက္ခသစ် မရှာတော့ဘူး....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

သူသာ အရိယာမျက်လုံးသာ မရှိသေးလို့ ရှိယင် ဘုံဘဝတွေ ရောက်ချင်တော့ ဒုက္ခသစ်ရှာမှာဘဲ - မဟုတ်ဘူးလား....(မှန်ပါ့) အရိယာမျက်လုံးတပ်ပေးလိုက်တော့ သေသေချာချာ ကိုယ့်ကိုယ် တိုင် မြင်ရတဲ့အခါကျလို့ ရှိယင်ဖြင့် ခဏခဏ ကိုယ့်မသာ ကိုယ် မြင်ရမယ်။

ကိုယ့်မသာ ကိုယ်မြင်ရဆိုတာ ကိုယ့်ဉာဏ်နဲ့ ကြည့်လိုက်တော့ ကိုယ့်မသာတွေ ကိုယ်မမြင်ရဘူးလား.... (မြင်ရပါတယ်ဘုရား)။

ဝေဒနာက္ခန္ဓာရှုတဲ့ တကာတကာမတွေကလဲ ဝေဒနာက္ခန္ဓာ ကြီး ပျက်စီးနေပုံကို ရူပက္ခန္ဓာကြည့်တဲ့ တကာတကာမတွေကလဲ ရူပက္ခန္ဓာပျက်စီးသွားတော့ ကိုယ့်မသာကလေးတွေ ကိုယ်မြင်ပြီး သကာလ ခန္ဓာနဲ့ အတူတူနေရတာဟာ အသုဘနဲ့ အတူတူနေရ တာ၊ ဝေဒနာနဲ့ အတူတူနေရတာ ဒုက္ခနဲ့ အတူတူနေရတာ၊ အရိယာမျက်လုံး တပ်ကြည့်လိုက်တော့ ဒါကလေးတွေကို ကွင်း ကွင်း-ကွက်ကွက် မမြင်ပေဘူးလား....(မြင်ပါတယ်ဘုရား)။

**အဲဒီ**ကဲ့သို့ ကွင်းကွင်း ကွက်ကွက် မြင်တဲ့ ပုဂ္ဂိုလ်များ ထဲက ဒီ ခန္ဓာနဲ့ ကွဲရလို့ ရှိယင် ကောင်းသေးတယ်.... (မှန်ပါ့) နောက် ခန္ဓာမရလို့ ရှိယင် ဒီ့ထက်ပိုကောင်းတယ်....(မှန်ပါ့) ဒီ စိတ်တွေ မလာပေဘူးလား....(လာပါဘယ်ဘုရား) ဒီ ခန္ဓာလဲ သာယာတဲ့ စိတ်ရှိသေးရဲ့လား....(မရှိပါဘုရား) နောက်ခန္ဓာကို တောင်းတ တဲ့ စိတ်ကော....(မရှိပါဘုရား)။

နောက်ခန္ဓာလဲ တောင်းတတဲ့ စိတ်လာမယ် မဟုတ်ပါဘူး.... (မှန်ပါ့) အဲဒါမျက်လုံးတလုံးက ကျေးဇူးပြုလိုက်တယ်....(မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်....(မျက်လုံးတလုံးက ကျေးဇူးပြုလိုက်ပါတယ်ဘုရား)။

မျက်လုံးတလုံးက ကျေးဇူးပြုလိုက်တယ်၊ မျက်လုံးက ဘာမျက်လုံးတုံးဆိုတော့ အရိယာတို့၏ တပည့်သား မျက်လုံး.... (မှန်လှပါဘုရား)။

သူက အရိယာမဖြစ်သေးတော့ အရိယာတို့၏ တပည့်သား မျက်လုံးနဲ့ ကိုယ့်ခန္ဓာကိုယ်ကြည့်လိုက်တော့မှ မမာပြီး သေနေတာတွေချည့် မြင်တယ်....(မှန်ပါ့)။

ခန္ဓာကိုယ်ထဲမှာဘာတွေမြင်တယ်....(မမာပြီးသေနေတာတွေမြင်ပါတယ်ဘုရား)။

မမာပြီးသေနေတာတွေချည့် မြင်နေတယ်....( မှန်ပါ့ ) အဲဒီ့အမြင်ရောက်အောင် ယောဂီ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်များဩဘ်....ပျက်စီးသွားပြန်ပြီ-ပျက်စီးသွားပြန်ပြီဆိုတဲ့ဉာဏ်ကလေးနဲ့ စိတ်ကလေးပေါ်လိုက်-ကြည့်လိုက် မရှိပြန်ဘူး၊ ဩဘ်....မမာပြီး ပျက်စီးသွားပြန်ပြီ-ဟုတ်လား....(မှန်ပါ့)။

ဘယ်စိတ်လာလာ ပျောက်ပျက်သွားယင် ဘယ့်နှယ် ဆိုကြမယ်....(မမာပြီး ပျက်စီးသွားပါတယ်ဘုရား)။

မမာပြီး ပျက်စီးသွားတာတွေဘဲ ဆိုတဲ့ အဓိပ္ပါယ် အတော်ရှင်းပါတယ်....(မှန်ပါ့)။

အဲဒီတော့ အဲဒီမျက်လုံးကလေး မရ,ရအောင် လုပ်မှသာလျှင် လက်ရှိခန္ဓာကိုလဲ မလိုချင်။ လက်မဲ့ခန္ဓာကိုလဲ မတောင့်တ .... (မှန်ပါ့) ဒီဉာဏ်ပေါ်ရမယ်....(မှန်ပါ့)။

လက်ရှိခန္ဓာ....(မလိုချင်ပါဘုရား) လက်မဲ့ခန္ဓာ.... (မတောင့်တပါဘုရား)။

အဲဒီ့ မလိုချင်တာနဲ့ မတောင့်တတာ မောင်ချစ်စိန် အတိုးတန်ပြီ....(မှန်ပါ့)။

ဒါ....ဝိပဿနာရှုပါ၊ ဝိပဿနာရှုပါလို့ တကာတကာမတွေ ဟောနေတာက လက်ရှိခန္ဓာမလိုချင်၊ နောက်ခန္ဓာမတောင့်တာ။ လက်ရှိခန္ဓာကလဲ ဒုက္ခသစ္စာမို့ လက်မဲ့ခန္ဓာကလဲ တောင့်တာ မိယင် ဒုက္ခသစ္စာအနာတွေသာ လာမှာ ဖြစ်နေသောကြောင့် ဒီမျက်လုံးမရ,အရယူကြပါဆိုတာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့တကွ ဆရာသမားများက လေးလေးနက်နက် တိုက်တွန်းပါတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့် ဝိပဿနာရှုပါ၊ ဝိပဿနာရှုပါလို့ ဟောနေတာဟာ လက်ရှိခန္ဓာလဲမလိုချင်၊ လက်မဲ့ ခန္ဓာလဲ မတောင့်တဘို့ အလုပ်တွေ....(မှန်ပါ့)။

လက်ရှိခန္ဓာ....(မလိုချင်ပါဘုရား) လက်မဲ့ခန္ဓာ .... (မတောင့်တပါဘုရား)။

အဲ....လက်ရှိခန္ဓာမလိုချင်-လက်မဲ့ခန္ဓာမတောင့်တ ဖြစ်အောင် လို့ ဝိပဿနာကြိုးစားကြ ဆိုကတဲ့ဥစ္စာ မောင်ချစ်စိန် အင်မတန် အတိုးတန်တဲ့စကား....(မှန်ပါ့ဘုရား)။

အင်မတန် အတိုးတန်တယ်၊ လက်ရှိခန္ဓာ မလိုချင်ဆိုတာလဲ ဒုက္ခသစ္စာ၊ အမြဲတမ်းဝေဒနာနဲ့ ပျက်စီးနေတာ ဒီနည်းတဲ့....

(မှန်ပါ့) လက်မဲ့ခန္ဓာ မတောင့်တတာကလဲ ဒီနည်းဘဲလာမှာ ဘဲဆိုတာက ဒီဒုက္ခသစ္စာနဲ့ ဒီဝေဒနာတွေနဲ့ ဒီခဏခဏအသေ ကလေးဘဲ လာမယ်ဆိုတာက သိပြီးသားဖြစ်နေတော့ လက်မဲ့ ခန္ဓာလဲ တောင့်တပါဦးမလား.... (မတောင့်တပါဘုရား)။

အေး .... ဒါကြောင့် ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များ ဘယ် အကျိုးငှာတုံးဆိုတော့ ဟကာတကာမတွေ့ ဖြေတတ်ကြပလား- (ဖြေတတ်ပါပြီ) လက်ရှိခန္ဓာမလိုချင် လက်မဲ့ခန္ဓာမတောင့်တ အောင်လို့ လုပ်ကြတာနော်....(မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာ....(မလိုချင်အောင်လို့)လက်မဲ့ခန္ဓာ- (မတောင့် တအောင်လို့) မတောင့်တအောင်လို့ လုပ်ကြရတာ။

အဲဒီတော့ လုပ်နေလို့ ဖြစ်ပျက်မြင်တယ်၊ မျက်စိမြင်တယ် ဆိုငြားသော်လဲ အခုတလုံးပေါ်ဘို့ဘဲ အရေးကြီးတယ်-(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခုပြောတဲ့ တလုံးဟာ သိပ်အရေးကြီးတယ်....( မှန်ပါ့ ) လက်ရှိခန္ဓာမလိုချင်တဲ့ ဉာဏ်ပေါ်အောင် ဝမ်းထဲကမှတ် .... ( မှန်ပါ့ ) လက်မဲ့ခန္ဓာ မတောင့်တတဲ့ဉာဏ် ပေါ်လာမှ.... (မှန်ပါ့)ဒါ ဝိပဿနာအစစ်ကိုးဗျ....(မှန်ပါ့)သဘောပါကြလား (ပါ-ပါပြီဘုရား)။

ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါ လက်ရှိခန္ဓာက အမြဲတမ်း အနာပေါက်ပြီး ပျက်စီးတာဘဲ.... ( မှန်ပါ့ ) လက်မဲ့ခန္ဓာကလဲ ထို့အတူဘဲလာယင် အမြဲတမ်းအနာပေါက်ပြီး ပျက်စီးတာဘဲ လာမှာဘဲ....(မှန်ပါ့) ဒီ့ပြင် ကောင်းတာလာစရာ မြင်သေးရဲ့ လား....(မမြင်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ကို လက်ရှိခန္ဓာ မလိုချင်ဆိုတာက မဂ်....(မှန်ပါ့) လက်မဲ့ခန္ဓာ မတောင့်တဆိုတာ မဂ်ကြောင့် တဏှာသေတာ ပြောတာ... (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာ မလိုချင်ဆိုတာက မဂ်ဉာဏ်ပေါ်တာ၊ဝိပဿနာ မဂ်ဉာဏ်ပေါ်နေတယ်.... (မှန်ပါ့) အမှန်အကန် မြင်လိုက်တော့ ဝိပဿနာမဂ်ဉာဏ် မပေါ်လာဘူးလား .... (ပေါ်လာပါတယ် ဘုရား)။

ဒါက လက်ရှိခန္ဓာဘာတုံး....(မလိုချင်ပါ) နောက်ကတဏှာ ပေါ်ပြီးသကာလ နေသောကြောင့်လက်မဲ့ခန္ဓာလဲ မတောင့်တ တော့ဘူးဆိုတာလဲ ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက်တော့ ရှေ့ကမဂ်၊ နောက်က တဏှာသေတာ ဟောနေတာ....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ကြည့်ပါ၊ ၁-နံပါတ်ထဲမှာရှိတဲ့ ခန္ဓာငါးပါး တပါးပါး ဖေါက်ပြန်ပျက်စီးတာ မြင်လို့ရှိယင်ဖြင့် လက်ရှိ ခန္ဓာမလိုချင်တဲ့ ဝိပဿနာမဂ်ဉာဏ် မဖြစ်ဘူးလား .... (ဖြစ်ပါ တယ်) လက်မဲ့ခန္ဓာ တောင့်တတဲ့တဏှာကော လာနိုင်သေးရဲ့ လား....(မလာနိုင်ပါဘုရား )။

ဘာဖြစ်လို့ မလာသလဲဆိုတော့ အို....ဒီမဂ်ကသတ်ထားပြီ- (မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီမဂ်က သတ်ထားတော့ ဩော် .... ဝိပဿနာအလုပ်ဟာ တယ့်ကျေးဇူးများပါလား၊ လက်ရှိခန္ဓာကိုလဲ အနာပေါက် ရောက်ပြီးသေတဲ့အတွက် မလိုချင်....( မှန်ပါ့ )ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

လက်မဲ့ခန္ဓာ မတောင့်တတာကလဲ တောင့်ဘတဲ့ တရား ကိုက လက်ရှိခန္ဓာမလိုချင်တဲ့ ဉာဏ်က သတ်ပစ်လိုက်တယ် ....

(မှန်ပါ့) ၃-နံပါတ်လာသေးရဲ့လား .... ( မလာပါ )တဏှာ, ဥပါဒါန် လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ လက်ရှိခန္ဓာမလိုချင်၊ လက်မဲ့ခန္ဓာ မတောင့်တတာသည် ဝိပဿနာဉာဏ်- (မှန်ပါ့)ဒီကိုတက်လာယင် မဂ်ဉာဏ် မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဩော် .... ဒါဖြင့် သူမှအမှန်ဖြစ်တော့မယ် .... ( မှန်ပါ့ ) ဒါကြောင့်သူ့ကို သမ္မာဒိဋ္ဌိဆိုတဲ့ နာမည်ပေးရတယ်.... (မှန်ပါ့) သမ္မာက=မှန်ကန်တာ၊ ဒိဋ္ဌိက=မြင်တာ....(မှန်ပါ့ဘုရား)။

အမှန်အမြင်ကို ရလာတဲ့ အခါကျတော့ မောင်ချစ်စိန် လက်ရှိခန္ဓာဘာတဲ့ .... ( မလိုချင်ပါ ) လက်မဲ့ခန္ဓာကကော.... (မတောင့်တပါ) အင်း.... ဘယ့်နှယ်ကြောင့်ပါလိမ့် .... (အမှန်မြင်လို့ပါဘုရား)။

အမှန်ဉာဏ်ဆိုတော့ ၂-နဲ့ ၃-ကြားထဲမှာ မဂ်ကလေးဝင်တယ်....(မှန်ပါ့) ၂-နဲ့ ၃-ကြားထဲမှာ မဂ်ကလေးဝင်ပါတယ်။

အဲဒီမဂ်ကလေးဟာက နှစ်မျိုးယူနိုင်တယ်....(မှန်ပါ့)လက်ရှိရှေ့ပိုင်းက ၂-နံပါတ်ကိုတော့ သူမလိုချင်ဘူး၊ ၃-နံပါတ်တောင့်တတဲ့ တဏှာကို သူသတ်တယ်.... (မှန်ပါ့) သဘောပါပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် မဂ်ကလေးသည် ရှေ့ပိုင်းကိုလဲ ဒုက္ခသစ္စာမြင်တယ်၊ နောက်ပိုင်းကိုလဲ တဏှာသတ်တယ်၊ မဆိုနိုင်ဘူးလား .... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ မဂ်သည် ဒုက္ခကိုလဲသိ၊ သမုဒယကိုလဲပယ်ဘယ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခကို....(သိပါတယ်) သမုဒယကို-(ပယ်ပါတယ်) အေး.... ဒါဖြင့် ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်များမှာ ဒုက္ခကိုကြည့်-ဒုက္ခဖြစ်ကြောင်းကို ပယ်နေတဲ့အလုပ်ဟာ ဝိပဿနာ လုပ်နေတဲ့ ပုဂ္ဂိုလ်၏ အကျိုးရှိတဲ့အလုပ်လို့ မှတ်လိုက်စမ်းပါ .... (မှန်ပါ့ဘုရား) တော်တော်အရေးကြီးတယ်ဒီဥစ္စာက.... (မှန်ပါ့ဘုရား)။

အဲဒီတော့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘဂ္ဂတိုင်းကို အလည်သွားတယ်၊ ဘဂ္ဂတိုင်းကို အလည်သွားတော့ သုသုမာရဂိရိတောင် ခြေရင်းမှာ နကုလမာတာတို့ နကုလပိတာတို့ဆိုတာ ရှိတယ်....(မှန်ပါ့ဘုရား)။

အဲဒီ ရောက်သွားတဲ့ အခါကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာအဘိုးကြီးအဖွားကြီးနကုလမာတာနဲ့နကုလပိတာက ဘုရားကြွလာတယ်ဆိုယင် ဟာ-သားကြီးကြွလာပြီ အမေ-အဖေ အိမ်မှာဲ ရောက်လာတော့ သိပ်တော့ကောင်းလှတယ် မဟုတ်ဘူး ဆိုပြီးတော့ နှုတ်ဆက်ကြတယ်.... (မှန်ပါ့)ဒါကြောင့် အကြွမ်းဝင်တဲ့အထဲမှာ ဧတဒဂ်ရတယ်၊ နကုလမာတာတို့နကုလပိတာတို့ နော်....(မှန်ပါ့) ဘုရားနဲ့ အကြွမ်းဝင်တဲ့အထဲမှာ၊ ရောက်လာတယ်ဆိုယင် သားကြီးခေါ်တာကိုး (မှန်ပါ့ဘုရား)။

ခေါ်တော့ ခေါ်မှာဘဲတဲ့ ခေါ်ရမှာဘဲ၊ ဘုရားဟာ သူတို့ လင်မယား အိမ်ထောင်ကျလို့ သူတို့ဝမ်းထဲမှာ ပဋိသန္ဓေနေပြီး သားဖြစ်ခဲ့ရတာက တိုက်ရိုက်ကငါးရာတဲ့....(မှန်ပါ့)တိုက်ရိုက်ကဘဝငါးရာဖြစ်ခဲ့ရတယ်။

ဒီအဘိုးကြီးနဲ့ ဒီအဖွားကြီးနဲ့ အိမ်ထောင်မကျဘဲ အဘိုးကြီးက တပါးသောတကာမနဲ့ အိမ်ထောင်ကျလို့ ဘုရားက ပဋိသန္ဓေနေတာကဘဝငါးရာ....(မှန်ပါ့)ဒီအဖွားကြီးက နကုလ

ပိတာနဲ့ အိမ်ထောင်မကျဘဲနဲ့ တပါးသောတကာနဲ့ အိမ်ထောင်ကျလို့ ဖြစ်ရတဲ့အထဲမှာ ဘုရားပဋိသန္ဓေနေတာကငါးရာ၊ ဘဝပေါင်း ထောင့်ငါးရာ....(မှန်ပါ)အံမာ... ကြောက်စရာကြီး ပါလား....(မှန်ပါဘုရား)။

သံသရာကျင်လည်ရတယ်ဆိုတာ တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီ) ကြည့်စမ်း ဘုရားအလောင်းဟာ ဒီ့ပြင် အမေ-မိဘာ သူမထည့်သေးဘူး....( မှန်ပါ ) ဒီအဘိုးကြီးနဲ့ ဒီ အဖွားကြီးမှာဘဲ တိုက်ရိုက်က ငါးရာ၊ သွယ်ဝိုက်သော နည်းက တထောင်....(မှန်ပါ) ဘယ်လောက်ရှိသတုံး....(တထောင့်ငါးရာ ပါဘုရား)။

အဲဒီက အရှိန်ပါလာတယ်....(မှန်ပါ) အဲဒီက အရှိန်ပါလာပြီးသကာလ ဘုရားကြလာတယ်ဆို၊ သားကြီးက အမေ-မိဘာတွေ အိုမှာဘဲ ရောက်လာတယ်.... အစရှိသည်နဲ့ နှုတ်ဆက်ကြတယ်.... (မှန်ပါ)။

သံသရာ၊ သံသရာဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ ဘုရား)။

ဘယ်လောက်များ မောင်ချစ်စိန်ရှည်ခဲ့တယ်ဆိုတဲ့အကြောင်း ဟာ....မင်းတို့က အခုမှတွေ့တာ၊ အခုမှဘဲ အသစ်လုပ်နေလို့ တိုနေတာ။ အဝိဇ္ဇာက ဖုံးထားတော့ နောက်ကြောင်းတွေ မမြင်ဘူး....(မှန်ပါဘုရား)။

ဒီမှာ ဘုရားအလောင်းကြည့်ပါလား၊ နု-စဉ် အခါတုန်းက၊ ဒီအဘိုးကြီးနဲ့ ဒီအဖွားကြီး တိုက်ရိုက် အိမ်ထောင်ကျလို့ ဘဝ ပေါင်း ငါးရာ-ဆိုတော့ နည်းသလား....(မနည်းပါဘုရား) ဒါ-

ဘဝပေါင်း ငါးရာနေခဲ့ရပြီး၊ ဘဝပေါင်း ငါးရာသေခဲ့တာဘဲ.... (မှန်ပါ့)။

ဒီလိုချည်းဘဲ တပါးသော တကာမနဲ့ အိမ်ထောင်ကျလို့ ဘုရားအလောင်းကလဲ ဒီထဲပဋိသန္ဓေနေတာကသဲ ငါးရာဆိုတော့ ဒါလဲ ငါးရာနေလို့ ငါးရာသေတာဘဲ....( မှန်ပါ့ ) မဟုတ်ဘူး လား....(ဟုတ်ပါတယ်ဘုရား)။

ဒီအဖွားကြီးက တပါးသော တကာကြီးနဲ့ အိမ်ထောင်ကျ လို့ ဘုရားအလောင်းက ဒီအထဲ ပဋိသန္ဓေနေတာလဲ ငါးရာဆို ပြန်တော့လဲ အင်း....ငါးရာနေလို့ ငါးရာသေတာဘဲ.... (မှန်လှ ပါဘုရား) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဘယ်လောက်များကြောက်စရာကောင်းသတုံး....(ကောင်းပါ တယ်ဘုရား) အလောင်းချင်းကို သူတို့နဲ့ ထပ်နေတယ်....(မှန်လှ ပါဘုရား) ဒီ့ပြင် အမေ-အဖေထည့်လို့ မရသေးဘူး....(မှန်လှ ပါဘုရား)။

ဒီမှာ စဉ်းစားကြည့်ပါလား....၊ ဟိမဝန္တာတောမှာ သစ်ပင် တွေက မောင်သစ် နေကြည့်လို့ မမြင်နိုင်ဘူး....(မှန်ပါ့) သစ်ပင် တွေဟာ နေရိပ်ထဲနေတဲ့ သစ်ပင်တွေဘဲ....( မှန်ပါ့ ) အဲဒါတွေ အကုန်လှဲ၊တော-တတောလုံးလဲ၊လှဲပြီးသကာလ လေးသစ်လောက် လေးသစ်လောက် တခါတည်း အချပ်ကလေးတွေလုပ်။ ဤကား အမေ။ ဤကားအမေ၏-အမေ။ ဒါ-ငါ့အမေ၊ ငါ့အမေ၏အမေ အဖေ။ တောထဲက သစ်တွေဟူသ၍ အကုန် ကုန်တယ်။ အမည် မကုန်ဘူး....(မှန်ပါ့)။

သံသရာ ဘယ်လောက် ရှည်ခဲ့တယ် ဆိုတာ သိကြပလား.... (သိပါပြီဘုရား)။

ဒါ အမိဝမ်းခေါင်းထဲမှာ တနေ့က ပြောခဲ့တဲ့ ကျင်ကြီး-ကျင်ငယ်ကြားထဲမှာ ဘယ်လောက် အောင်းခဲ့ရတယ် ဆိုတာဖြင့် ပြောဘို မလိုတော့ဘူး....(မလိုတော့ပါဘုရား)။

အဲဒါ ပျင်းဘို၊ မုန်းဘို၊ ငြီးငွေ့ဘို့ဆိုတာ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါကြောင့် ပြောင်ချော်ချော်လုပ်နေယင် ဖြစ်ကို မဖြစ်ဘူး.... (မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီ)။

ပြောင်ချော်ချော်နဲ့ တော်အောင်နဲ့ အခုဟာကလေး အခု မှတ်ပြီးတော့ နောက်ကြောင်းတွေလဲ ဘာမှပြန်မှ မကြည့်ဘဲနဲ့ နဂိုရ်ကကို အင်း....တဘာဝတွင်ဘဲ အစရှိသည်နဲ့ ဘယ်ဟုတ်လိမ့် မတုံး၊ ဘဝပေါင်းက ဆိုနေ့တာဘဲ....(မှန်ပါ့)။

ဒါကြောင့် လူတယောက်,တယောက် သေတိုင်းမျက်ရည်ကျ ခဲ့ရတာ သမုဒ္ဒရာရေ လေးစင်းရေလောက်ဆိုတော့ မသိတဲ့ပုဂ္ဂိုလ် ကတော့ ကြီးမယ်၊ မကဘူးလို့ ဘုရားဟောတာ....(မှန်ပါ့)မက ဘူးလို့ ဟောတာ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ဘဂ္ဂတိုင်း နကုလမာတာ နကုလပိတာတို့ဆီ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကြွသွားတဲ့အခါကျတော့ အဘိုး ကြီးတွေ အဖွားကြီးတွေက ခုနှစ်ဆယ်ကျော်စီ ရှိနေကြတော့ သားကြီးက အခုမှ ကြွလာတယ်၊ တရားတွေကို နာချင်တယ်၊ နာချင်ပေမဲ့ တရားရှည်ကြီးနဲ့ အလုပ်ရှည်ကြီး လုပ်နေမယ်ဆိုလို့ ရှိယင်လဲ သေမှာက ဦးသွားလိမ့်မယ်....( မှန်ပါ့ ) ဒါ့ကြောင့် သားကြီးက တရားတိုတိုနဲ့ မိမိနဲ့ အဘိုးကြီး အဖွားကြီးနဲ့ ချက် ချင်းကိစ္စပြီးမည့်တရား သူ့ အသက်တမ်းနဲ့ လိုက်ပြီးသကာလ တို

တို ဟောပါတဲ့....(မှန်ပါ့) သူကပွင့်ပွင့်-လင်းလင်း လျှောက်တယ် (မှန်ပါ့) ပွင့်ပွင့်-လင်းလင်းလျှောက်တယ်....။

တကာကြီး-တကာကြီးတို့ကလဲ အသက်-အရွယ်ကလဲကြီးပြီဆို တာ ဟုတ်တယ်၊ အသက်-အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်များမှာ အသက် အရွယ်ကြီးလို့ မမာဘူးလို့ ဒီလိုမအောက်မေ့ပါနဲ့ ငယ်တဲ့ ပုဂ္ဂိုလ်လဲ အတူတူပါဘဲ....(မှန်ပါ့) သူလဲ ဖေါက်ပြန် ပျက်စီးနေ တာဘဲ....(မှန်ပါ့)။

အဲဒီတော့ ဘယ်သူက ကျန်းမာလို့ ဘယ်သူက ချမ်းသာတယ် ဆိုတာကို တကာကြီး-ထည့်မပြောနေနဲ့တဲ့....(မှန်ပါ့)သဘောကျ ပလား....(ကျပါပြီ)။

သူက အသက်-အရွယ်ကြီးပြီလို့ ပြောတာကိုး....( မှန်ပါ့ ) အသက်-အရွယ်ကြီးပြီတဲ့၊ အဘိုးကြီး - အဖွားကြီးတွေ အသက်- အရွယ်ကြီးတော့ တရားရှည်ရှည် ဟောနေလို့တော့ မဖြစ်ဘူး။ ကျင့်ရမည့်တရားဟာ သူနဲ့လိုက်မှာ မဟုတ်ဘူး။ တိုတိုနဲ့ မိတဲ့ တရားသာ သူတို့ပေးပါ။ ရောဂါတွေကလဲများကုန်ပြီ၊ ခါးတွေ ကိုင်း-အရေတွန့်လိမ်၊ ဒီလိုဖြစ်နေတော့ အဘိုးကြီး - အဖွားကြီး တွေ ကြီးကုန်ပြီဆိုတော့ သူတို့ဟာသူတို့မကျန်းမာတာတွေးတယ် (မှန်ပါ့) မကျန်းမာလို့ တရားတိုတိုရပါရစေ။ တိုတိုဘဲ နာပါရ စေ။ ဒီလိုပြောပြီးသကာလနေတာပါဘဲ....(မှန်ပါ့)။

ဒါကြောင့် ဘုရားက ဟောတယ်....။

" ယောဟိ ဂဟပတိ ဣမံ ကာယံ ပရိဟရန္တော မုဟုတ္တမ္ပိ အာရောဂျံ ပဋိဇာနေယျ၊ ကိမညတြ ဗာလျာ "

ဒီ ခန္ဓာကိုယ် ဆောင်နေတဲ့ပုဂ္ဂိုလ် ခန္ဓာကိုယ် ထမ်းရွက်နေကြ တဲ့ ပုဂ္ဂိုလ်များဟာ ဘယ်အချိန်မှ တကာကြီး မကျန်းမာဘူးတဲ့-

(မှန်ပါ့) မသိတဲ့ လူမိုက်ချန်လှပ်၍ သိတဲ့ပုဂ္ဂိုလ်အတွက်မှာ ဘယ်အချိန်မှ မကင်းပါဘူးတဲ့၊ ဖေါက်ပြန် ပျက်စီးနေတယ်လို့ ဆိုတာသာ တကာကြီး မှတ်ထားပါတဲ့....(မှန်ပါ့)။

မသိတဲ့ လူမိုက်တော့ ချန်လှပ်ပါ.... ( မှန်ပါ့ ) ဘယ်အချိန်မှ မကင်းဘူး....(မှန်ပါ့)။

ကဲ....ပြောကြစမ်းပါ-တကာ တကာမတို့ နာတာ၊ ကျင်တာ ကိုက်တာ၊ ခဲတာ၊ မကျန်းမာတယ်လို့ ဆိုတာ မဟုတ်ဘူးတဲ့.... (မှန်ပါ့) ဘယ်အချိန်မှ ရပ်ကလဲမခိုင်....(မှန်ပါ့) နာမ်ကကော- (မခိုင်ပါဘုရား) နို့-ဘယ်အချိန် ကျန်းမာသတုံး....(ဘယ်အချိန်မှ မကျန်းမာပါဘုရား)။

ဘယ်အချိန်မှ မကျန်းမာဘူးတဲ့။ အဲဒီတော့ ကိုယ့်ကိုယ်ကို ကျန်းမာတယ်-ချမ်းသာတယ်လို့ ထင်ကြတဲ့ပုဂ္ဂိုလ်များဟာ လူမိုက်တဲ့... (မှန်ပါ့) လူမိုက်ကို ချန်လှပ်၊ အရိယာ မျက်လုံးတပ်ပြီး သကာလ အမှန်ကို မြင်ကြလို့ရှိယင် ဘယ်အချိန်မှ မကျန်းမာပါဘူးတဲ့....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ကျန်းမာတယ်လို့ ထင်နေတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် လူမိုက်ထဲ ပါတယ်....( မှန်ပါ့ ) လူမိုက်ထဲ ပါသွားတယ်တဲ့....၊ ဘာ့ကြောင့်တုံး ဆိုတော့ အရိယာမျက်လုံး မတပ်သေးဘဲနဲ့ အကန်းမျက်လုံးနဲ့ ပြောနေတာ....( မှန်ပါ့ ) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာမျက်လုံးနဲ့ ပြောနေတာလဲ....(အကန်းမျက်လုံးနဲ့ ပြောနေတာပါဘုရား)။

အကန်းမျက်လုံးနဲ့ ပြောနေတာ ဖြစ်ပြီးသကာလ နေတော့ ကိုတဲ့....တကာတကာမတို့ အခုတခါ အရိယာ မျက်လုံးကလေး

တော့ မရ-ရအောင်တော့ ကြိုးစားလိုက်၊ ဘာကြောင့်ဘုံး.... အကန်းကလေးမွေး့ အကန်းကလေး သေသွားဘယ်ဆိုတဲ့ မသာ ဟာ အတော် အရုပ်ဆိုးတယ်....(မှန်ပါ့)။

ဦးဘသန်း ဘယ့်နှယ်တုံး.... (အကန်းကလေးမွေး့ အကန်း ကလေး သေသွားတဲ့ မသာဟာ အတော် အရုပ်ဆိုးပါတယ် ဘုရား)။

သို့သော်....ဒီလိုလူကဘဲ များတယ်....(မှန်ပါ့)မများဘူးလား (များပါတယ်) ဒါဖြင့် နောက်ဘဝကျတော့လဲ တိရစ္ဆာန် ဖြစ် တော့ အထူးပြောစရာ လိုသေးသလား....( မလိုပါ )ငရဲကျပြန် တော့ အထူးပြောစရာလိုသေးသလား....(မလိုပါဘုရား)။

မလိုတော့ဘူး၊သွားချင်ရာသွား့ ရောက်ချင်ရာရောက်နေတာ ဘဲ....(မှန်ပါ့)ဘယ်ဘက်ကိုလဲ ကြည့်လိုက်....( မှန်ပါ့ )အကန်း ဘက် ရောက်ချင်တာရောက်နေတာဘဲဆိုတဲ့အဖြေမှတပါးအခြား ပေးစရာ လိုသေးသလား....(မလိုပါ) ပေါ်ကြပလား....(ပေါ် ပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ကိုယ့်ကိုယ်ကို အကန်းကလေး ဟုတ်တယ်-မဟုတ်တယ်ကို ခန္ဓာထဲမှာ ဝေဒနာကလေး ကြည့် လိုက်လဲ ဖေါက်ပြန်ပျက်စီးတာ မြင်မှ မကန်းတယ်....( မှန်ပါ့ ) စိတ်ကလေး ကြည့်ပြန်လဲ....(ဖေါက်ပြန်ပျက်စီးတာ မြင်မှ မကန်း ပါဘုရား) မကန်းတယ်။

နို့ မဟုတ်လို့ ရှိယင်ဖြင့် ဘာကြီးပြောလို့ ဘာကြီးဆိုဆို.... ဘယ်စာအုပ်ကြီးတွေ ကြည့်ကြည့်....ဘယ်ဆရာတော်ကိုဘဲ ဆည်း ကပ် ဆည်းကပ် မောင်သစ်ရေ ကန်းတာဘဲ.... (မှန်ပါ့)။

ကိုယ့်ခန္ဓာထဲမှာ ဖေါက်ပြန်ပျက်စီးနေတာ ဝေဒနာကလေး ဟာ ပေါ်လာလိုက်ပြီး မရှိတာ သိမှ စိတ်ကလေး ပေါ်လာ လိုက်, မရှိတာ သိမှ ဒါမှသာလျှင် မောင်ချစ်စိန်ရဲ့ .... မျက်စိ နှစ်ကွင်း အလင်းရတယ်ဆိုတဲ့ အဓိပ္ပါယ် ပေါ်လာတယ် .... (မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

မျက်စိနှစ်ကွင်း အလင်းရဆိုတဲ့ စကားဟာလဲ တကာတကာ မတို့ အင်မတန် အရေးကြီးတဲ့ စကားပါ၊ နာမ်မျက်လုံး မြင်မှ မျက်လုံးကိုး....(မှန်ပါ့)။

ဥပမာ .... ဒီ့ပြင်ဟာ မကြည့်ပါနဲ့တဲ့ .... မောင်သစ်တို့.... မောင်ချစ်စိန်တို့၊ အထည်ကို မပြီးခင်က သိထားတာနဲ့ ပြီးမှ သိတာက ပကတိမျက်လုံး....(မှန်ပါ့)။

မပြီးခင်က ဒီ အဆင်နဲ့ ဒီအသွေးနဲ့ ဒီလို ဆင်ပြီးသကာလ ဒီလို အရောင်ထွက်လိမ့်မယ်၊ ဒီလိုအကွက်ထွက်လာလိမ့်မယ်၊ ဒီလို အဆင်ကိုက်ပြီးသကာလဒီအဘိုးနဲ့ ဒီလို ရောင်းနိုင်တယ်ဆိုတာ ဉာဏ်မျက်လုံးက အကုန်မြင်သွားတာဘဲ....( မှန်ပါ့ )မကွာဘူး လား....(ကွာပါတယ်ဘုရား)။

ဉာဏ်မျက်လုံးနဲ့ ပကတိမျက်လုံးဟာ ပကတိ မျက်လုံးက ပြီးမှ သိတယ်....(မှန်ပါ့) ဉာဏ်မျက်လုံးက မလုပ်ခင်က အကုန် ပေါ်ထားတယ်....(မှန်ပါ့) အပြီးအစီး သိထားတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဉာဏ်မျက်လုံးနဲ့ ပကတိမျက်လုံးဟာ ကွာတယ် ဆိုတာကော မပေါ်လာဘူးလား .(ပေါ်လာပါတယ်ဘုရား)။

**အဲ**ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ခန္ဓာ ကြည့်လိုက်တဲ့ အခါ ဉာဏ်မျက်လုံး ဟုတ်တယ်....မဟုတ်တယ်,

ဖေါက်ပြန်ပျက်စီးနေတာ တွေ့မှ ဉာဏ်မျက်လုံး....( မှန်ပါ့ ) ဖေါက်ပြန်ပျက်စီးနေတာ မမြင်သ၍ ကာလပတ်လုံး ဒီဥစ္စာသည် ကားလို့ဆိုလို့ရှိယင် ထိုးထွင်းသိမျက်လုံး မဟုတ်သေးဘူးလို့.... မှတ်လိုက်စမ်းပါ....( မှန်ပါ့ဘုရား )ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ထိုးထွင်းသိ မျက်လုံးက ခန္ဓာပင်ကိုယ်ရှိကို သိမှကိုး (မှန်ပါ့) ဘယ်လိုပါလိမ့်....(ခန္ဓာကိုယ် ပင်ကိုယ်ရှိကို သိမှပါဘုရား)။

ခန္ဓာပင်ကိုယ်ရှိကို သိမှ ထိုးထွင်းသိ မျက်လုံးဆိုတာ မောင်ချစ်စိန် ပေါ်ပြီကွ....( မှန်ပါ့ ) နို့မဟုတ်လို့ရှိယင်ဖြင့် သူများ ပြောသံကြား မျက်လုံးနဲ့ သူများက အနိစ္စဆိုလို့ နိစ္စရတာပေါ့-- (မှန်ပါ့)သူများက အဝါဆိုလို့....(ဝါရပါတယ်)ပြောသံကြား နဲ့ ဝါရတယ်....(မှန်ပါ့)။

ရှေးလူကြီးတွေက ဒီဟာ အဝါဆိုထားတာနဲ့ ဒါကလေး မြင်ယို့ရှိယင် ဟော....ဟောဒါ အဝါတဲ့....ဆိုတော့ ကိုယ့် မျက်လုံးကို ဟုတ်သေးရဲ့လား....( မဟုတ်ပါ )မဟုတ်ဘူးတဲ့....၊ တဆင့်ကြားမျက်လုံး ဖြစ်နေတယ်....(မှန်ပါ့) ရှင်းမနေဘူးလား- (ရှင်းပါတယ်ဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် "ယောဟိ ဂဟပတိ" ဂဟပတိ=တကာကြီး နကုလပိတာ၊ ယော=အကြင်ပုဂ္ဂိုလ်သည်၊ ဣမံကာယံ=ဤခန္ဓာ ကိုယ်ကြီးကို၊ ပရိဟရန္တော=ဆောင်ထမ်းနေရတဲ့ ပုဂ္ဂိုလ်ဟာတဲ့-၊ ခန္ဓာကိုယ်ကြီး ထမ်းရွက်နေရတဲ့ ပုဂ္ဂိုလ်၊မုဟုတ္တမ္ပိ=ခဏကလေး၊ အာရောဂျံ = အနာကင်းသည် ဖြစ်ကြောင်းအံ့....တဲ့၊ ကိံအညတြ ဗာလျာ=လူမိုက်ကို ချန်လှပ်ပြီးသကာလ ကျန်တဲ့ ပုဂ္ဂိုလ်အား

ပြောကို မပြောဘူးတဲ့....( မှန်ပါ့ ) လူမိုက်သာ ပြောတာတဲ့.... (မှန်ပါ့)။

ကျန်းမာတယ်, ကျန်းမာတယ်ဆိုတာ လူမိုက်သာ ပြောတာတဲ့....၊ လူလိမ္မာက အရိယာမျက်လုံး တပ်ကြည့်လိုက်တဲ့အခါ ဘယ်အချိန်မှ မကျန်းမာပါဘူးဆိုတဲ့ဥစ္စာ တခါတည်း ပေါ်လာတယ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဘယ်အချိန်မှ မကျန်းမာဘူးဆိုတာ မြင်မှ အရိယာတပည့်တို့၏ မျက်လုံးနော်....(မှန်ပါ့)ဘယ်အချိန်မှ မကျန်းမာတာ မြင်မှ-(အရိယာတပည့်တို့၏ မျက်လုံးပါဘုရား)။

အေး....အရိယာတပည့်မျက်လုံး၊ ကိုယ်က အရိယာ မဖြစ်ခင် (မှန်ပါ့)ဖြစ်သွားတဲ့ အချိန်မှာ အရိယာတို့၏ မျက်လုံး၊ဒီအချိန်မှာ ဝိပဿနာလုပ်နေတုန်းတော့ အရိယာတို့၏ တပည့်မျက်လုံး--(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် မောင်ချစ်စိန် အမြင်မှားနဲ့ အမြင်မှန် တယ်ခြားနားတယ်....(မှန်ပါ့)ခြားနားသွားပြီတဲ့....။

ပြီးတော့မှ သူက တရားဟောပါခိုင်းလို့....တရားတိုတိုဟောပါဆိုလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အရိယာမျက်လုံးရှိတဲ့ ပုဂ္ဂိုလ်၏ မြင်ပုံကို ဟောပြတယ်....(မှန်ပါ့)။

ကိုင်း....ဘုရားတဲ့....၊ ဘယ်လို ရှုရမှာတုံးဆိုတော့ တကာကြီးတဲ့.... ဒီ ကိုယ်တကိုယ်လုံးမှာ သေသေချာချာ ကြည့်လိုက်တော့ ခန္ဓာကိုယ်တကိုယ်လုံးကတော့ အနာချည့် ဖြစ်နေတယ်....တဲ့-(မှန်ပါ့)အနာပေါက်ပြီး ပျောက်ပျက်သွားတယ် (မှန်ပါ့)အနာ

ပေါက်ပြီးပျက်စီးသွားတယ်....(မှန်ပါ့)အနာပေါက်ပြီး(ပျက်စီး သွားပါတယ်ဘုရား)။

ပျက်စီးသွားလိုက်တော့ကိုတဲ့ ခန္ဓာကိုယ် တကိုယ်လုံးဟာလဲ ခန္ဓာငါးပါးလုံးဟာ ပေါက်ပြီး ပျက်စီးတာချည့်ဘဲ.... (မှန်ပါ့ ဘုရား) အဲဒီတော့ ခန္ဓာကိုယ် တကိုယ်လုံးဟာတော့ဖြင့်....တဲ့ အနာပေါက်နေတာဘဲ၊ ပျက်စီးနေတာဘဲနော်....(မှန်ပါ့)။

အဲဒါတွေ ဉာဏ်နဲ့ကြည့်ပြီးသကာလတဲ့ ပင်ကိုယ်က အနာ ပေါက်ပြီးနေတော့ ကိုယ်နာနေတယ်.... ( မှန်ပါ့ ) ကိုယ်နာ ပေမဲ့ စိတ်ကတော့မနာစေနဲ့တဲ့....(မှန်ပါ့)။

ကိုယ်ကတော့ အနာပေါက်နေတယ်၊ ကိုယ်ခန္ဓာငါးပါးစလုံး ဟာ အနာပေါက်ပြီးသကာလ ပျက်စီးဆုံးရှုံးနေပြောသော်လဲ ရှုတဲ့စိတ်ကတော့ကိုတဲ့ ပင်ကိုယ်အတိုင်းထားပါတဲ့.... (မှန်ပါ့ ဘုရား) ကိုယ်နာပေမဲ့.... (စိတ်မနာစေနဲ့ပါဘုရား)။

တကာကြီး....တဲ့ လူမိုက်ဗာလ ခန္ဓာ ထမ်းဆောင်နေတဲ့ ပုဂ္ဂိုလ်မှာ ဘယ်တော့မှ မကျန်းမမာဘူးဆိုတာ တကာကြီးမှတ် ထားပါတဲ့....(မှန်ပါ့)။

လူမိုက်ကိုချန်လှပ်ပါ၊ ခန္ဓာကိုယ် ဉာဏ်မျက်လုံး တပ်ပြီး သကာလကြည့်တဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် ဘယ်အချိန်မှာ ကျန်း မာနေတယ်လို့ ဘယ်အချိန်မှ မရှိပါဘူးတဲ့....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဒါ့ကြောင့်တဲ့.... တကာကြီးသိစရာတခုကို နည်းပေးလိုက် မယ်တဲ့၊ ဝိပဿနာရှုတာ....(မှန်ပါ့)။

" အာတုရ ကာယဿ မေ သတော စိတ္တံ
အနာတုရံ ဘဝိဿတီတိ....ဧဝံ ဟိ တေ ဂဟပတိ
သိက္ခိတဗ္ဗံ...." တဲ့။

ကျင့်စဉ်ကလေးပါ ဘုရားကထည့်ပေးလိုက်တယ်.... (မှန်ပါ့ဘုရား) ဘဝပေါင်း ထောင့်ငါးရာ မအေမိဘ ကျေးဇူးဆပ်တဲ့တရား....(မှန်ပါ့) အာတုရကာယဿ မေသတော= ခန္ဓာကိုယ်ကတော့ ကျင်နာ ဖေါက်ပြန်ပျက်စီးနေပါတယ်တဲ့၊ မိမိကြည့်နေတဲ့ စိတ်ကတော့ ပင်ကိုယ် သဘောထားကလေးထားပါ.... (မှန်ပါ့)။

သူကတော့ ဖေါက်ပြန် ပျက်စီးနေတာဘဲ၊ ဝေဒနာကလဲ ဖေါက်ပြန်ပျက်စီးနေတာဘဲ၊ ရုပ်ကြည့်လိုက်ပြန်လဲ.... (ဖေါက်ပြန်ပျက်စီးနေတာပါဘဲ) သူကတော့ဖြင့် ခန္ဓာကိုယ်ကတော့ အမြဲတမ်း ဖေါက်ပြန်ပျက်စီးပြီးနေတာဘဲ.... (မှန်ပါ့) ရှုနေတဲ့ ယောဂီစိတ်ကတော့ ပင်ကိုယ်သဘောအတိုင်းထားပါ....(မှန်ပါ့ဘုရား) ရှုနေတဲ့ ယောဂီစိတ်က(ပင်ကိုယ်သဘောအတိုင်းထားပါဘုရား) ပင်ကိုယ်သဘောအတိုင်းထားပါတဲ့၊ မဖေါက်ပြန်နဲ့ (မှန်ပါ့) သူကဘော့ ဖေါက်ပြန်မှာဘဲ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ခန္ဓာကတော့ ဘယ်အချိန်ကြည့်ကြည့်.... (ဖေါက်ပြန်မှာပါဘဲဘုရား) အနာပေါက်ပြီး သူက ပျောက်ပျက် နေမှာဘဲ.... ( မှန်ပါ့ ) အနာ ပေါက်ပြီးသကာလ သေပွဲဝင်နေမှာဘဲ.... (မှန်ပါ့) အဲဒီ ရှုနေတဲ့ပုဂ္ဂိုလ်က ဉာဏ်နဲ့ကြည့်နေတဲ့ပုဂ္ဂိုလ်က ပြောဘ်.... ဒါသူ့သဘောဘဲ၊ ဒါ.... သူ့သဘောဘဲလို့ သိနေရ

မယ်....(မှန်ပါ့) သူ့အတွက် သောက ပရိဒေဝမလာစေနဲ့....(မှန်ပါ့)ဟုတ်လား....(မှန်ပါ့)။

သောက ပရိဒေဝဆိုတာ သောက=စိုးရိမ်ခြင်း၊ ပရိဒေဝ=ငိုကြွေးခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း၊ ဒေါမနဿ-က နှလုံးမသာယာခြင်း၊ ဉပါယာသ-က ပြင်းပြင်းထန်ထန် ပင်ပန်းခြင်း၊ ဒီငါးခုမလာစေနဲ့တဲ့....(မှန်ပါ့) ငင်ကိုယ် သဘောအတိုင်း ရှိပစေ....(မှန်ပါ့)။

ဒါ.... အလုပ်သင် နေတယ်လို့၊ ဘုရားကိုက ဘဝပေါင်းထောင့်ငါးရာ သူ့အမိအဘ တော်ခဲ့တဲ့ တကာကြီးကို အလုပ်သင်နေတာလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အလုပ်သင်တရားဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့) အလုပ်သင်တရားဆိုတာ ခန္ဓာကတော့ဖြင့် သူ့အမြဲတမ်း ကျင်နာပြီး ပျက်စီးနေမှာဘဲ.. (မှန်ပါ့) ရှုတဲ့ဉာဏ်က ဘာမှမလှုပ်နဲ့ဩဘ်... သူ့သဘောဘဲ၊ သူ့သဘောဘဲလို့သာသိပေး(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာ့သဘောဘဲ၊ တခုသော ဝေဒနာ ဖေါက်ပြန်ပျက်စီးနေပြန်ပြီ၊ ရှုတဲ့ဉာဏ်က ဘယ့်နှယ်ဆိုမယ်.... (ခန္ဓာ့သဘောပါဘုရား) ခန္ဓာ့သဘောဘဲ၊ ခန္ဓာ့သဘော၊ ခန္ဓာထဲမှာဘယ်အချိန်မဆို ပျက်စီးနေတာဘဲ....(မှန်ပါ့) ဖေါက်ပြန်ပျက်စီးနေတာဘဲ ခန္ဓာ့ သဘောဘဲ၊ ခန္ဓာ့သဘောဘဲလို့ ဒီလို သိနေရမယ်....(မှန်ပါ့)။

ဒီလိုမသိလို့ရှိယင် မဖြစ်ဘူးတဲ့၊ ဒီလိုမသိလို့ရှိယင် ဖြစ်ချင်ရာဖြစ်တယ်.... ( မှန်ပါ့ ) ဒါဖြင့် အခုယောဂီပုဂ္ဂိုလ်တွေ ခန္ဓာကြည့်တဲ့အခါမှာ ဉပေက္ခာသဘောနဲ့ကြည့်ပါလို့ ပြောလိုက်

တယ်…(မှန်ပါ) ဥပေက္ခာသဘောနဲ့…. (ကြည့်ပါ) ဝိပဿနု ပေက္ခာလို့ သာ မှတ်လိုက်…. (မှန်ပါ) ဝိပဿနာလဲ ဟုတ်တယ်၊ ဥပေက္ခာလဲဟုတ်တယ်…. (မှန်ပါ)။

ခန္ဓာကတော့ ဖေါက်ပြန်ပျက်စီးနေမှာဘဲ၊ ဝေဒနာကြည့်တော့ နာလိုက် ပျက်စီးလိုက်၊ ချမ်းသာလိုက် ပျက်စီးလိုက်၊ အလယ်အလတ်ဖြစ်လိုက် ပျက်စီးလိုက်၊ ဒီလိုဘဲ မနေဘူးလား (နေပါတယ်ဘုရား)။

နေတာ ကိုယ်က သွားပြန်ပြီ၊ ခက်ပါတယ်၊ မလာစေနဲ့…. (မှန်ပါ) ခက်ပါတယ် မလာစေနဲ့၊ ကိုယ့်ဟာကိုယ် တခါတည်း ဥပေက္ခာသဘောနဲ့ ခန္ဓာ့သဘောဟာ ဒီလိုကိုး… (မှန်ပါ ဘုရား) ခန္ဓာ့သဘောက ဒီလိုကိုး ဆိုတဲ့ဉာဏ် ဒါ.. ဝိပဿနာ ရှုနေတာလို့ မှတ်လိုက်စမ်းပါ….(မှန်ပါ)ရှင်းပလား….(ရှင်းပါ ပြီဘုရား)။

ခန္ဓာ့သဘော ဒီလိုကိုး၊ခန္ဓာ့သဘော ဒီလိုကိုးဆိုတာ ဘာတုံး (ဝိပဿနာရှုနေတာပါဘုရား)။

အဲဒီ့ ဝိပဿနာဉာဏ် ဝိပဿနုပေက္ခာဆိုတာလဲ ဟုတ်ပါတယ်၊ ဝိပဿနာလဲ ဟုတ်တယ်တဲ့….(မှန်ပါ) ဥပေက္ခာလဲ ဟုတ်ပါတယ်တဲ့… ။

သူ့သဘော သူ ဆောင်နေတာ ကျုပ်နဲ့ ဘာမှ မဆိုင်တဲ့ သဘောမျိုး ရှိနေတယ်….( မှန်ပါ ) ရှင်းပလား….(ရှင်းပါပြီ ဘုရား)။

သူ့သဘော သူဆောင်တာကို ကျုပ်နဲ့ ဘာမှ မဆိုင်တဲ့ သဘောမျိုး….(ရှိနေပါတယ်ဘုရား)။

ငါးဟာ ရေထဲမှာ ငုပ်လိုက်-ပေါ်လိုက် .... ငုပ်လိုက်-ပေါ် သွားတာ သိနေတော့ ခြောက်....ငါးဆိုတာ ငုပ်တတ်-ပေါ်တတ် တာကိုးလို့....(မှန်ပါ့) ဒါကို ကြည့်နေပေမဲ့ သူ့အတွက် ရေနစ် လိမ့်မယ်....(မှန်ပါ့)။

ရေပေါ်-ပေါ်လာလို့ သားကောင်တွေက သူ့ကို စားသွား လိမ့်မယ်လို့ ခင်ဗျားတို့က ဒါတွေ ရောထွေးမနေနဲ့၊ မဟုတ်ဘူး လား....(မှန်ပါ့)ဒါတွေ ရောထွေးမနေပါနဲ့၊ အင်း....သူ့သဘော က ဒီလို ငုပ်တတ်-ပေါ်တတ်လို့ ငုပ်တတ် - ပေါ်တတ်တဲ့ အလုပ်-လုပ်နေတာဘဲ....( မှန်ပါ့ ) ရှင်းပလား.... (ရှင်းပါပြီ ဘုရား)။

ဒီမှာလဲ ခန္ဓာတွေက ဖေါက်ပြန်ပျက်စီးတာကို ဖေါက်ပြန် ပျက်စီးတဲ့ အလုပ်-လုပ်နေတာဘဲလို့ ဉာဏ်နဲ့ ဒီအတိုင်းသာ ကြည့်နေပါ....(မှန်ပါ့)။

ခင်ဗျားတို့က ဒီအထဲ လောကွတ်လဲ မပိုပါနဲ့၊ ဟုတ်လား.... (မှန်ပါ့)ဒေါမနဿလဲ မဖြစ်ပါနဲ့....( မှန်ပါ့ ) သူ့သဘောဟာ ဒီလိုဘဲဆိုပြီး ဝိပဿနုပေက္ခာဉာဏ်နဲ့သာ အားလုံး ယောဂီ ပုဂ္ဂိုလ်တွေ ကြည့်နေပါ....(မှန်ပါ့)။

ကြည့်တတ်ပလား....(ကြည့်တတ်ပါပြီ) ဒါဘာဉာဏ်တုံးဆို တော့ ဝိပဿနုပေက္ခာဉာဏ်လို့ မှတ်လိုက်တာပေါ့....(မှန်လှပါ ဘုရား)။

ဘာဉာဏ်တဲ့....(ဝိပဿနုပေက္ခာဉာဏ်ပါဘုရား)။

ဝိပဿနုပေက္ခာဉာဏ်လို့ မှတ်လိုက်၊ ဝိပဿနာလဲ ဟုတ်တယ် တဲ့၊ တတန်းတည်းထားလို့ သူ့သဘောဟာ ဒီသို့ဘဲ ဆိုပြီး တုန်

လုပ် ချောက်ခြားခြင်း မရှိတဲ့ အတွက် ဒီဉာဏ်ကို ဥပေက္ခာလို့ လဲ ဆိုနိုင်တယ်....(မှန်ပါ့)။

ရှုခြင်းကြောင့် ဝိပဿနာ၊ တုန်လှုပ်ချောက်ခြားခြင်း မရှိသောကြောင့် ဥပေက္ခာ....(မှန်ပါ့)။

ရှုခြင်းကြောင့်....(ဝိပဿနာပါဘုရား) ဝိပဿနာ....(မှန်ပါ့) တုန်လှုပ်ချောက်ခြားခြင်း မရှိသောကြောင့်....( ဥပေက္ခာပါ ) ဥပေက္ခာဆိုတော့ ပေါင်းလိုက်တော့ ဝိပဿနုပေက္ခာ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီ ဝိပဿနုပေက္ခာဉာဏ်နဲ့ ဘုန်းကြီးတို့ တကာတကာမတွေက ကြည့်ပြီးသကာလ နေလို့ရှိယင်ဖြင့်တဲ့ ဖျတ်ဆို တနေ့က ဟောခဲ့တဲ့ သင်္ခါရုပေက္ခာဉာဏ် ထိုးတက်တာဘဲ....( မှန်ပါ့ ) သင်္ခါရုပေက္ခာဉာဏ် ထိုးတက်ပြီး နောက် မဂ်ဉာဏ်ပေါ်တယ်....(မှန်ပါ့)သစ္စာသိတဲ့ မဂ်ဉာဏ် ပေါ်တယ်....(မှန်ပါ့)။

အဲဒီတော့ ဦးဘသန်း ဒါ ကြာစရာ ရှိသေးရဲ့လား ...(မရှိပါဘုရား)အဲဒီတော့ကို မြန်မြန်လုပ်ပါ....( မှန်ပါ့ ) ခင်ဗျားတို့ အသေစောသွားလိမ့်မယ်၊ မြန်မြန်လုပ်ပါသာ တိုက်တွန်းရတယ်-(မှန်ပါ့)ဉာဏ်ကတော့ဖြင့် အဟုတ် လုပ်ယင် ခဏဘဲ....(မှန်ပါ့ ဘုရား)။

ဒါနဲ့ တကာသစ် သူ့ကို "ကိုယ်သာနာ၍၊ စိတ်မနာစေနဲ့" ဒါ ဟောလိုက်တယ်....(မှန်ပါ့)။

ကိုယ်သာနာ၍ စိတ်မနာစေနဲ့ ဆိုတာ ကိုယ်ကတော့ ခဏခဏ အနာပေါက်ပြီး ပျက်စီးနေမှာဘဲ....(မှန်ပါ့) နာမ်တည်းဟူသော ကိုယ်ကလဲ ပျက်စီးနေမှာဘဲ၊ရုပ်တည်းဟူသော ကိုယ်ကလဲ ပျက်စီးနေမှာဘဲ....(မှန်ပါ့) စိတ်က မနာစေနဲ့ဆိုတာ ဉာဏ်က

တခါတည်း ဥပေက္ခာထားလိုက်စမ်းပါ....(မှန်ပါ) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဉာဏ်က ဥပေက္ခာ ထားလိုက်စမ်းပါ၊ဩော်—သူ့သဘောက ဒီလိုကိုး၊ သူ့သဘောက ဒီလိုကိုးဆိုပြီး ကိုယ်က ဒီအတိုင်းသာ ရှုနေစမ်းပါတဲ့၊ ဒီအတိုင်း ရှုနေလို့ရှိယင်ဖြင့် ဝိပဿနုပေက္ခာ ဉာဏ် ရင့်မယ်....(မှန်ပါ) ဝိပဿနုပေက္ခာဉာဏ် ရင့်မယ်၊ သင်္ခါရုပေက္ခာဉာဏ် တက်သွားမယ်၊သင်္ခါရုပေက္ခာဉာဏ်သဲ ရင့်လာပါရော မဂ်ဉာဏ် ပေါ်လာတာဘဲ....(မှန်ပါ)မဂ်ဉာဏ် ပေါ်လာယင် နိဗ္ဗာန်မြင်တော့မယ်....( မှန်ပါ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ တကာကြီးတွေ ဘ ဝ ပေါင်း ထောင့် ငါး ရာနဲ့ချီကိုက်ပြီး ပြုစုခဲ့တဲ့ အမေမိဘတွေ တရားဟောဟာ ဒါပါဘဲ....(မှန်ပါ)။

ခန္ဓာကိုယ်က ဖေါက်ပြန်ပျက်စီးခြင်းသော်လဲ စိတ်ကတော့ ဖေါက်ပြန်ပျက်စီးတဲ့နောက် မလိုက်ဘဲနဲ့ လျစ်လျူရှုတဲ့ ဉာဏ်နဲ့ ကြည့်လိုက်စမ်းပါတဲ့... (မှန်ပါ)ဒါ ပြောတာဘဲ... (မှန်ပါ)ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါနဲ့ သူလဲ ဘုရားတလဲ ဒါဘဲဟောသွားတယ်၊ ကြွသွားတယ်၊ ကြွသွားတော့ တကာကြီး အင်မတန် ဝမ်းသာတယ်... (မှန်ပါ) သူ့တရား နာရတာ "ကိုယ်သာနာ၍ စိတ်မနာစေနဲ့"တဲ့....။

ကိုယ်တွေကတော့ နာမကာယ ရူပကာယတွေကတော့ ကိုယ်တွေဘဲ၊ အဲဒါတွေကတော့ ဖေါက်ပြန်ပျက်စီးနေမှာဘဲ၊ စိတ်က

တသမတ်တည်း ထားတဲ့၊ ဪ...သူ့ သဘော သူဆောင်တာ ဒီလိုကိုး....ဒီလိုကိုး....၊ဒီလို ရှုရမတဲ့... ဆိုတာ သူက ဒါလောက်ဘဲ မှတ်တတ်တယ်....(မှန်ပါ့)။

အသက်အရွယ်ကလဲ ကြီးတော့ ခုနစ်ဆယ်ကျော်တွေ ဖြစ်နေတော့ တရားကလဲ နှစ်လုံးတည်း ဟောတယ်၊ ကိုယ်သာနာ၍ စိတ်မနာစေနဲ့ တကာကြီး၊ ဒါလောက်ဘဲ ဟောထားတယ်....(မှန်ပါ့)။

ဒါနဲ့ ဘုရားလဲ ကြွသွားရော ရှင်သာရိပုတ္တရာကလဲ အဲဒီမှာ မနီး-မဝေးမှာ ရောက်နေတယ်....(မှန်ပါ့)။

ဒါနဲ့ နကုလပိတာ တကာကြီးက အင်း....ရှင်သာရိပုတ္တရာ ရောက်နေယင်ဖြင့် သွားဦးမှဘဲ ကိုယ်လဲ ဒီနေ့ အင်မတန် ဆုကြီး လာဘ်ကြီး ရတဲ့ နေ့ဘဲ။ သွားဦးမှဘဲဆိုပြီးသကာလ သွားတယ်။

သွားတော့ ရှင်သာရိပုတ္တရာက ဆီးပြီး နှုတ်ဆက်တယ်....။ တကာကြီး....မျက်နှာတွေ-ဘာတွေ တယ်ကြည်လင် ရွှင်လန်းလာပါလား၊ ဒီနေ့ သားတော်ကြီးက တရားထူး - တရားမြတ်တွေ.... အမေ-အဖေများ ချီးမြှင့်လိုက်တယ် ထင်တယ်၊ ကျုပ်တို့လဲ မနာရဘူးလားဗျာ....ဒီတရားတွေကို....။

ဟာ .. အရှင်ဘုရား ဒီနေ့ အင်မတန် ထူးတဲ့ နေ့ဘဲ၊ တပည့်တော် သားကြီးက တရားဟောတဲ့နေ့၊ တရားထူး - တရားမြတ်ပေးတဲ့ နေ့၊ တပည့်တော် သိပ် ဝမ်းမြောက်ပြီး နေတယ်။

ဒါဖြင့်ဗျာ....ကျုပ် ဟောစမ်းပါတဲ့....၊ ရှင်သာရိပုတ္တရာက အနားက-နေပြီး သူ ပြောပြန်တာပေါ့လေ...(မှန်ပါ့)။

အရှင်ဘုရားတဲ့....၊ ခန္ဓာကိုယ်ဆောင်နေတဲ့ ပုဂ္ဂိုလ်ဟူသ၍မှာ ဘယ်အခါကာလမှ ရောဂါမကင်းဘူးတဲ့ဘုရာ့....၊ လူမိုက်သာ ရောဂါကင်းတယ်လို့ ပြောနေတာဘဲ။ ဒါပဌမဟောတယ်.... (မှန်ပါ့)။

ကိုယ်သာနာ၍ စိတ်မနာစေနဲ့လို့ ဟောတယ်။

ဟာ.... တယ်ကောင်းတဲ့တရားဘဲ ခင်ဗျားဟာ၊ တရားထူး တရားမြတ်တွေ ခင်ဗျားရလာတာ၊ ကျုပ်ရှင်းပြောစမ်းပါဦးဗျ ကိုယ်သာနာ၍ စိတ်မနာစေနဲ့ဆိုတဲ့ အမိပ္ပါယ်ကလေးဖြင့်....။

အို....တပည့်တော်က သူ့တရားတိုတိုနာခဲ့ရတယ်၊ တိုတိုဘဲ ဒါဘဲ ပြောတတ်တယ်၊ အရှင်ဘုရား အားကိုးပြီး သကာလ အကျယ်ချဲ့ပြီး ဟောဘို့ တပည့်တော် အရှင်ဘုရားဆီ လာခဲ့ တာပါ... ။

ကဲဗျာ.... ဒါဖြင့် ကျုပ်က အကျယ်ချဲ့ပါ့မယ်၊ ကဲ....တကာ ကြီး နားထောင်ဗျ၊ ကျုပ် အကျယ်ချဲ့မယ်၊ အရိယာ မျက်လုံး မရှိတဲ့ပုဂ္ဂိုလ်က ခန္ဓာကိုယ်ကို ရူပက္ခန္ဓာကိုလဲ ငါ....ငါ့ဥစ္စာ ထင်မှာဘဲ....(မှန်ပါ့) ဝေဒနာက္ခန္ဓာကိုလဲ ငါ....ငါ့ဥစ္စာထင်နေ တာဘဲတဲ့ အရိယာမျက်လုံးမရှိတဲ့ ပုဂ္ဂိုလ်က.... (မှန်ပါ့) ခန္ဓာ ငါးပါးစလုံး ငါ-ငါ့ဥစ္စာထင်နေတယ်တဲ့၊အဲဒီတော့ ငါ-ငါ့ဥစ္စာ ထင်တော့၊ ခန္ဓာငါးပါး တပါးပါးက ပျက်သွားတဲ့အခါကျ တော့ ဟာ....ငါ့ကိုယ်ကျိုးနည်းပြီဆိုတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿက လိုက်လာတယ်....(မှန်ပါ့) ငါ့ဥစ္စာ ထင် နေတဲ့အတွက်... (မှန်ပါ့)။

ခန္ဓာငါးပါးကို ငါ-ငါ့ဥစ္စာထင်နေတဲ့အတွက် တကာတကာ မတွေ့ ခန္ဓာငါးပါးက ဖေါက်ပြန်ပျက်စီးတော့ ဘာဖြစ်သွား သတုံး.... (သောက ပရိဒေဝ ဒုက္ခ ဒေါမနဿဖြစ်ပါတယ် ဘုရား) နောက်ကလိုက်ဘယ်....(မှန်ပါ့)။

အဲဒါ ကိုယ်နာပြီး စိတ်နာတယ်....(မှန်ပါ့)ကိုယ်ကတော့လဲ နာလို့ ပျက်စီးတာဘဲမဟုတ်လား....(မှန်ပါ့)စိတ်ကလဲနောက်က လိုက်မနာဘူးလား....(နာပါတယ်ဘုရား)။

အဲဒါ တကာကြီး မှတ်ထားတဲ့ ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်နေတဲ့ အရိယာတို့၏ မျက်လုံးမရတဲ့ပုဂ္ဂိုလ် များတော့ ခန္ဓာငါးပါးကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်နေ တော့ တကာကြီး ခန္ဓာငါးပါးက ဖေါက်ပြန် ပျက်စီးသွား တဲ့အခါကျတော့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတွေက အဲဒါ ကိုယ်နာ စိတ်နာကြီးရတယ်(မှန်ပါ့)အရှင်သာရိပုတ္တရာက ခွဲပြောတယ်.... (မှန်ပါ့) ကိုယ်သာနာ၍ စိတ်မနာစေနဲ့လို့ ခင်ဗျား သားတော်ကြီးက ပြောတာကတော့ ကိုယ်ကတော့ ဖြင့် ခန္ဓာငါးပါးကတော့ဖြင့်တဲ့ ပင်ကိုယ် ဖေါက်ပြန်ပျက်စီး တတ်တဲ့သဘောမို့ ဖေါက်ပြန် ပျက်စီးနေမှာဘဲ.... (မှန်ပါ့) ဩော်....သူ့သဘောဘဲ၊ သူ့သဘောဘဲလို့ ကြည့်နေတဲ့ပုဂ္ဂိုလ် ကတော့ မနာဘူးဗျတဲ့ စိတ်က....(မှန်ပါ့)ရိပ်မိပလား.... (ရိပ်မိ ပါပြီဘုရား)။

သူ့သဘောဘဲ သူ့သဘောဘဲ၊ ဒါ... ခန္ဓာ၏သဘော၊ခန္ဓာ၏ ဖြစ်စဉ်၊ ခန္ဓာ၏ထုံးတမ်း၊ ခန္ဓာ၏ ဓမ္မတာ ဆိုပြီးသကာလ ထိုင် ကြည့်နေတဲ့ပုဂ္ဂိုလ်က ရေစီးနေတာ ထိုင်ကြည့်နေတော့ ရေဆို

တာ မြစ်ညာက စီးနေတာဘဲ၊ ရေတွေ ကုန်ပါပေါ့လား....လို့ ပြောဘို့မလိုဘူး၊ အောက်မှာ ရေတွေဟာ စီးကုန်ပါပေါ့လား လို့ ပြောဘို့မလိုဘူး၊ တခါတည်း သူ့သဘောဟာ အထက်က ရေဟာ အောက်စီးမြဲစီးနေတာဘဲ....ဆိုသလို ဒီခန္ဓာကိုယ်ကြီး ဟာလဲ ဖေါက်ပြန်ပျက်စီးပြီးသကာလ နေတဲ့ဥစ္စာ ပင်ကိုယ် သဘောဘဲ၊ သူ့ပင်ကိုယ်သဘောဘဲ၊ ဖေါက်ပြန်ပျက်စီးတိုင်း သာ ကြည့်နေပါ... (မှန်ပါ့)။

အဲဒီတော့ ကြည့်နေတဲ့အခါကျတော့ ခုနင်က သင်္ခါရ တရားကို ဥပေက္ခာရှုနေတော့ ဝိပဿနာရှုနေတော့ ဝိပဿနု ပေက္ခာဘဲလာဖြစ်တယ်တဲ့၊ ဥပေက္ခာဉာဏ်နဲ့ ကြည့်နေတာ.... (မှန်ပါ့)။

အဲဒီတော့ ဥပေက္ခာဉာဏ်နဲ့ကြည့်နေမှန်းသိတော့ နောက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လိုက်သေးရဲ့လား-(မလိုက် ပါဘုရား)။

မလိုက်တော့ ကိုယ်သာနာ၍.... (စိတ်မနာပါဘုရား) အဲ.... အရိယာမျက်လုံးမရှိတဲ့ ပုဂ္ဂိုလ်ကတော့ ကိုယ်နာ စိတ်နာတဲ့.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

အရိယာမျက်လုံး အရိယာတို့၏ တပည့်သားဖြစ်တဲ့ မျက်လုံး တပ်ကြည့်တဲ့ ပုဂ္ဂိုလ်များကတော့ ကိုယ်ကတော့ဖြင့် ထုံးစံအ တိုင်း လူတိုင်းနာသလို နာတာဘဲနော်.... (မှန်ပါ့) စိတ်ကတော့ နာသေးသလား.... (မနာပါဘုရား)။

အဲဒါကြောင့် စိတ်ကတော့မနာဘူးတဲ့၊ ကိုယ်ကတော့ဖြင့် ဘုရားခန္ဓာကိုယ်ကစပြီး အနာတွေနဲ့ ဖေါက်ပြန်ပျက်စီးနေတာ ဘဲ....(မှန်ပါ့) သဘောကျပလား.... ( ကျပါပြီ ) ကိုယ်ခန္ဓာက မဖေါက်ပြန် မပျက်စီးဘူးလို့ ရှိသေးသလား.... (မရှိပါဘုရား) သဘောပါကြပလား....(ပါပါပြီ)။

သို့သော် နောက်ကနေပြီး တကာတကာမတွေ့က အင်း.... ကိုယ်ကျိုးနည်းပြီ၊ ဒါကလေး ပျောက်သွားတာ ခက်ပြီဆိုတော့ တကယ့်ကိုနာဒးဝေးပါတယ်ဆိုလို့ရှိယင်ဒီဝေဒနာ ဒီတောင်ကမှ တက်ပါ့မလားဆိုတာက သောက ပရိဒေဝလာပြီ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒါ ဖေါက်ပြန်ပျက်စီးမှုမြင်လို့လား.... မမြင်လို့လား.... (မမြင်လို့ပါဘုရား) မမြင်ဘူး၊ သို့သော် ချမ်းသာတယ်ဆိုယင် မိုးထိအောင် မော်ချင် မိုက်ချင်တဲ့စိတ်တွေက.... (မှန်ပါ့) သုခ ဝေဒနာကြောင့် မာန်မာနတွေ မလာဘူးလား.... (လာပါတယ် ဘုရား)။

အဲဒါမျိုးတွေလဲ ဖေါက်ပြန် ပျက်စီးတာ သူသိသေးရဲ့လား (မသိပါဘုရား) အဲ....မသိတဲ့ အခါကျတော့ အဲဒီ့ သုခ ကလေးက ပျောက်သွားတဲ့အခါကျတော့ မဲ့တေသွားတဲ့အခါ ကျတော့ ကိုယ်ကျိုးနည်းပြီတဲ့....(မှန်ပါ့) ဒုက္ခ ဒေါမနဿတွေ နောက်က မလိုက်ဘူးလား.... (လိုက်ပါတယ်ဘုရား)။

အဲဒါတွေကတော့ ကိုယ်နာ စိတ်နာတယ်....(မှန်ပါ့) ကိုယ် ဆိုတာ ဒီကိုယ်ကြီးကိုဆိုတာမဟုတ်ဘူး ...(မှန်ပါ့) ခန္ဓာ၅ပါးပါး စလုံးကိုဆိုတာ.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ခန္ဓာက အပေါင်းအစုကြီးကို ဆိုပါတယ် ... (မှန်ပါ့ဘုရား) အပေါင်း အစုကြီးကို တခု တခုစီကိုလဲ ကိုယ်ဆိုနိုင်ပါတယ်၊ ဒါ့ကြောင့် နာမကာယ ရူပကာယလို့ ဘုရားကဟောလိုက်တယ် ( မှန်ပါ့ ) နာမကာယ- နာမ်အပေါင်းအစုကိုဆိုပါတယ်.... (မှန်ပါ့) ရူပကာယ-ရုပ်အပေါင်းအစုကိုဆိုပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ကိုယ်နာ၍ စိတ်မနာစေနဲ့လို့ ဟောလိုက်တော့ တကာတကာမတွေ့ အရိယာမျက်လုံးရှိမှ ကိုယ်သာနာ၍စိတ်မနာ မှာ....(မှန်ပါ့)အရိယာ မျက်လုံးမရှိတဲ့ပုဂ္ဂိုလ်ကတော့ ကိုယ်နာ ယင်.... (စိတ်နာပါတယ်ဘုရား)။

စိတ်နာလို့ရှိယင်ဖြင့်....တဲ့ ခန္ဓာငါးပါးတခုခုထဲက နာတယ်၊ ပျက်စီးတယ်၊ ဖေါက်ပြန်တယ်၊ အနိစ္စသဘော ပြောနေတယ်၊ ဒုက္ခဒေါမနဿလာပြီ... (မှန်ပါ့) ကိုယ်က အနိစ္စဖြစ်ယင် သူက မျက်ရည်ကျပြီ....(မှန်ပါ့)။

ကိုယ်က အနိစ္စပြောယင် သူက ဥပေက္ခာထားနိုင်မှ တရား မှန်ကိုး (မှန်ပါ့) အနိစ္စလို့မြင်တော့ ကိုယ်က ဥပေက္ခာသဘောနဲ့ မောင်ချစ်စိန်ထားပါမှ တရားမှန်ကိုး....(မှန်ပါ့ဘုရား)နို့မဟုတ် မှန်နိုင်ပါ့မလား.... (မမှန်နိုင်ပါဘုရား) သဘောပါကြလား.... (ပါပါပြီ)။

ဒါဖြင့် ဒီလိုဆိုတော့ ဒုက္ခဒေါမနဿ မချုပ်ဘူးလား--(ချုပ် ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် ၂-နံပါတ်အကွက်ထဲမှာ ရှိတာတွေဟာ သူက နာမည့် တရားချည့်ဘဲ၊ ဖေါက်ပြန်ပျက်စီးမည့် တရားချည့်ဘဲ.... (မှန်ပါ့ ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ၂-နံပါတ်ထဲမှာ ရှိတဲ့ ခန္ဓာငါးပါးဟာ ဘာတဲ့ တုံး....(ဖေါက်ပြန်ပျက်စီးမည့် တရားချည့်ပါဘုရား) ဖေါက်ပြန် ပျက်စီးမည့် တရားချည့် မှတ်လိုက်စမ်းပါ... (မှန်ပါ့)။

အဲဒါကို ကြားက-နေပြီး မဂ်ဉာဏ်ကလေးသွင်းပြီးသကာလ ကြည့်စမ်းပါ....(မှန်ပါ့)ကြည့်တဲ့အခါကျတော့ နောက်က ဒုက္ခ ဒေါမနဿ လိုက်သေးရဲ့လား....(မလိုက်ပါ) သောက ပရိဒေဝ ကော....(မလိုက်ပါ) တဏှာ ဥပါဒါန် ကံကော....(မလိုက်ပါ) မလိုက်ပါဘူးတဲ့.. (မှန်ပါ့)။

အဲဒီတော့ ၂-အကွက်က ဘယ်လိုပင် ဖေါက်ပြန်ပျက်စီးနေ ငြားသော်လဲ ၃-နံပါတ်ဆိုတဲ့ သောက ပရိဒေဝ ဒုက္ခဒေါမနဿ တဏှာ ဥပါဒါန် ကမ္မဘဝ, အဝိဇ္ဇာ သင်္ခါရဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး ၃-နံပါတ်မှာ လာသေးရဲ့လား....(မလာပါဘုရား)။

ဘာ့ကြောင့်တုံး ကိုသာနာ၍.... ( စိတ်မနာလို့ပါဘုရား ) စိတ်မနာဘူးဆိုတာကလဲ မဂ်စိတ်က နာတဲ့စိတ် မဟုတ်ဘူး .... (မှန်ပါ့)ဖြစ်ပျက်ရှုတဲ့ စိတ်ကိုးဗျ... (မှန်ပါ့)။

ဖြစ်ပျက်ရှုတဲ့ စိတ်ဆိုတာ နာစိတ်လား .... အမှန်သိတဲ့ စိတ် လား....(အမှန်သိတဲ့ စိတ်ပါ) အဲဒါ အရိယာတို့၏ တပည့်သား မျက်လုံးနဲ့ ကြည့်တဲ့ ပုဂ္ဂိုလ်မှ အမှန်သိတဲ့ မျက်လုံးက ပေါ်တာ (မှန်ပါ့)။

နို့မဟုတ် ဘာမှ မသိတဲ့ ပုဂ္ဂိုလ်ကတော့ ပျက်စီးယင် ၃-နံပါတ်က ငိုပွဲဆင်တာဘဲ....(မှန်ပါ့)၂-နံပါတ်က ပျက်စီးယင် (၃-နံပါတ်က ငိုပွဲဆင်ပါတယ်ဘုရား)။

အင်း .... ၂-နံပါတ်က တခါ သုခကလေး ပေါ်လာယင် ၃-နံပါတ်က ပြုံးတဲ့ တဏှာ ဥပါဒါန် လာတာဘဲ... ( လာပါတယ်ဘုရား )။

တခါတလေမျိုး အလုပ်ကိစ္စတွေက များတော့ ၂-နံပါတ်က ဘာဖြစ်နေနေ သူက မသိချင်ယောင် နေတော့ အဝိဇ္ဇာ သင်္ခါရ လာပြန်တာဘဲ... (မှန်ပါ)မလာဘူးလား....(လာပါတယ်ဘုရား)။

ဒါဖြင့် ၃-နံပါတ်မှာ မောင်ချစ်စိန် ပဋိစ္စသမုပ္ပါဒ်၏ တဏှာ ဥပါဒါန် ကတ္တင် လာတာမဟုတ်ဘူး၊ သောက ပရိဒေဝလဲ လာတာဘဲ....(မှန်ပါ)အဝိဇ္ဇာ သင်္ခါရကော...(လာပါတယ်) လာတော့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးလာတယ်... (မှန်ပါ)။

အစကလာတဲ့ ပဋိစ္စသမုပ္ပါဒ်လဲ လာတယ်....၊ အလယ်က ပေါက်တဲ့ ပဋိစ္စသမုပ္ပါဒ်ကော....( လာပါတယ် )အဆုံးကနေ ပြန်ပတ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကော... (လာပါတယ်ဘုရား)။

လာတော့ မောင်သစ်ရေ ဒါဟာ ကိုယ်နာလို့ စိတ်နာတာဟာ ဒီ ပဋိစ္စသမုပ္ပါဒ်တွေဘဲ....(မှန်ပါ)။

ဒီ သုံးခုစလုံး လွတ်သွားယင် ကိုယ်သာနာ၍ စိတ်မနာဘူး-- (မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

သုံးခုစလုံး လွတ်သွားယင်....(ကိုယ်သာနာ၍ စိတ်မနာပါ) အဲဒီကျတော့ ကိုယ်သာနာ၍ စိတ်မနာလို့မှတ်....(မှန်ပါ)သုံးခုထဲက တခုခုလာယင် (ကိုယ်နာပြီး စိတ်နာပါတယ်ဘုရား)။

သုံးခုစလုံး မလာဘူးဆိုယင်....(ကိုယ်သာနာ၍ စိတ်မနာပါဘုရား) ကိုယ်နာပြီးသကာလ စိတ်က မနာသောကြောင့် သူက

ခတော့ဖြင့်တဲ့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ချုပ်သောကြောင့် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ချုပ်တယ် ဆိုယင် ဒါနိဗ္ဗာန်ဘဲ (မှန်ပါ့)ဒုက္ခက္ခန္ဓသာ နိရောဓောဘဲ....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် အစသုံးမျိုး ချုပ်ကတည်းကိုက ဟိုဘက်မှာ ဘာလာစရာ ရှိသေးသလဲ...(မရှိပါ)ဇာတိ ဇရာ မရဏတွေ လာဦးမှာလား....(မလာပါဘုရား)။

အစတွေ အဝိဇ္ဇာက စ,ချုပ်လဲ မောင်ချစ်စိန် အချုပ်ဘဲ .... ( မှန်ပါ့ဘုရား )တဏှာက စ,ချုပ်သဲ...(အချုပ်ပါဘဲ ဘုရား) အချုပ်ဘဲ ။

ဒေါ်သက စ,ချုပ်ပြန်တော့အဝိဇ္ဇာသင်္ခါရဆိုတဲ့ပဋိစ္စသမုပ္ပါဒ် ပြန်ပတ်သေးရဲ့လား....(မပတ်ပါဘုရား)။

အဲဒါ သုံးမျိုးစလုံးချုပ်တာသည် ကိုယ်သာနာ၍ စိတ်မနာဘူး... (မှန်ပါ့)။

သုံးမျိုး တခုခုပေါ်လာယင်....(ကိုယ်နာ, စိတ်နာပါဘုရား) ကိုယ်နာ, စိတ်နာဆိုတဲ့ သဘောဟာ ဒါ ဟောနေတာ....(မှန်လှပါဘုရား)။

ဒီဥစ္စာ အရင်တုန်းက ဟောပါတယ်၊ ဒါလောက် စိပ်စိပ် မပြောဘူးဘူး ...(မှန်ပါ့) အခုတော့ သေချာကြပလား....(သေချာပါပြီဘုရား)။

ကိုယ်နာ,စိတ်နာဆိုယင် ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး လာသတုံး....(သုံးမျိုးလာပါတယ်ဘုရား)။

အဲကိုယ်နာ့စိတ်မနာဆိုယင် ပဋိစ္စသမုပ္ပါဒ်သုံးမျိုးစလုံး ပြတ်တယ်။မပြတ်ဘူးလား(ပြတ်ပါတယ်)ဖြစ်ပျက်-မဂ် ဖြစ်ပျက်-မဂ် ဘဲရှိတော့တယ်(မှန်ပါ့)သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ လာ သေးရဲ့လား....(မလာပါဘုရား) တဏှာ ဥပါဒါန် ကံ....(မလာ ပါဘုရား)အဝိဇ္ဇာ သင်္ခါရ....(မလာပါဘုရား)။

မလာတော့ ကိုယ်သာနာ၍....(စိတ်မနာပါ) စိတ်မနာဘူး ဆိုတဲ့ဥစ္စာ ဝိပဿနာဉာဏ်နဲ့ရှုမှ ကိုယ်သာနာ၍စိတ်မနာတာ .... (မှန်ပါ့) ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ်မှာ ဒီသုံးမျိုး တခုခုလာမယ်.... (မှန်ပါ့)။

တနည်းအားဖြင့်တော့ သုံးမျိုးစလုံးသော်ရင်း လာမယ်.... (မှန်ပါ့)လာလို့ရှိယင်ဖြင့် ဒါ အပါယ်သွားဘို့ချည့်ဘဲ မှတ်ပါ- (မှန်ပါ့)ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( ဝေဒနာနုပဿနာရှုနည်း )

# နေ့အလုပ်ပေး-တရားတော်

( ၂၄-၉-၆၂ )

ဝေဒနာကမ္မဋ္ဌာန်းသဘောက စ, ဟောမယ်၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သတ္တဝါတွေဟာတဲ့ ခန္ဓာရယ်လို့.... ဖြစ်လို့ရှိယင်ဖြင့် သေမည့်ဘက် ကူးကူးပြီး လာတာဘဲ။

ခန္ဓာရယ်လို့ ဖြစ်လာလို့ရှိယင်ဖြင့် သစ်ပင်များသည် အရှေ့ဘက် ကိုင်းပေါက်က အရှေ့ဘက် လဲမှာဘဲ။

ထို့အတူဘဲတဲ့....၊ တကာတကာမတို့၏ ခန္ဓာကိုယ်ဟာ မွေးကတည်းက သေမည့်ဘက် ကိုင်းတော့ မသေပါနဲ့ ဆိုလို့ ခန္ဓာရတဲ့ ပုဂ္ဂိုလ်မှာ တားလို့, ဆီးလို့ မရဘူးလို့ မှတ်ထားပါ.... (မှန်ပါ)။

အဲဒီတော့ ဒီ သေတဲ့ ဥစ္စာတော့ သေမှာဘဲ၊ သေတဲ့အခါကျလို့ရှိယင်ဖြင့်တဲ့ အန္တရာယ်ကင်း သေတဲ့ ပုဂ္ဂိုလ်ရယ်လို့မရှိဘူး- (မရှိပါဘုရား)။

ဝေဒနာရောက်ပြီး သေတဲ့ ပုဂ္ဂိုလ်ရယ်လို့ဘဲ ခေါ်ရမှာဘဲ-(မှန်ပါ့)။

အဲဒီတော့ ဝေဒနာရောက်ပြီး သေမည့် ပုဂ္ဂိုလ်တွေမို့ သေကာနီးမှာ ဝေဒနာကျော်သွားပြီးသကာလ သေနိုင်ကြလို့ရှိယင် ကာမရာဂ ါနုသယ....ဆိုတဲ့ လောဘ၊ ပဋိဃာနုသယဆိုတဲ့ဒေါသ၊ အဝိဇ္ဇာနုသယ... ဆိုတဲ့မောဟ၊ အဲဒီ့ အနုသယသုံးပါးချုပ်ပါတယ်....(မှန်ပါ့)။

ဒါကြောင့် ဒီတကာတကာမတွေဟာ သေမည့်ဘက် ကိုင်းပြီးလာတာ ကိုယ့်ဟာကိုယ်သိကြပြီ၊ သိကြတော့ကို ဩော်.... သေတဲ့အခါ ငါဝေဒနာတော့ရောက်မှာဘဲ၊ ဒီဝေဒနာကိုကျော်လွှားနိုင်ဘို့အရေးဟာ ယခုက ကျော်လွှားထားလို့ရှိယင် ကိစ္စမရှိဘူး၊ သေခါနီးကျမှ ကဗျာကရာ ကျော်လွှားဘို့ဆိုတဲ့အရေးဟာတော့ မလွယ်လှဘူး... (မှန်ပါ့)။

ဒါ့ကြောင့် ဝေဒနာနုပဿနာလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် အရေးတကြီးဟောသည်လို့ မောင်ချစ်စိန် မှတ်ကြပါ....(မှန်ပါ့)။

အားလုံး တကာတကာမတွေ ဝေဒနာ အရေးကြီးဟယ်ဆိုတာ မနေ့ကစပြောပြီနော်.... (မှန်ပါ့) ဘုရားက 'သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော ကာလံ အာဂမေယျ" ဒါ....သိပ်မှာတာဘဲ၊ သတိရှိကြပါစေကွာ၊ ပညာရှိကြပါစေကွာ၊ ကာလကိုတဲ့ မင်းတို့သည်ကား....လို့ဆိုယင် မလွန်အောင်နေနိုင်ကြပါစေ....တဲ့။

ရှုတဲ့ကာလကို တခါတည်း ကြိုးကြိုးစားစားနဲ့ မြင်အောင် အကြောင်းအကျိုးတွေကို အကြောင်းချုပ်လို့ အကျိုးချုပ်တာ

တွေ့ သိရအောင် မင်းတို့ စောခစောစီးစီး ခန္ဓာပေါ် ဉာဏ်ရောက်ထားပါတဲ့။

အဲဒီတော့ ခန္ဓာပေါ် ဉာဏ်ရောက်ထားတော့ ဘာဖြစ်မတုံးဆိုလို့ရှိယင် မသေကဲ့အခါ ဝေဒနာချုပ်သွားတယ် ဆိုလို့ရှိယင်ဖြင့်ဟဲ့ ဝေဒနာချုပ်ဘာဟာလဲ တခြားကို မှတ်မနေနဲ့ ခန္ဓာချုပ်တာဘဲ... (မှန်ပါ့)။

ဝေဒနာချုပ်တာသည် ဘာချုပ်တာလဲ.... ( ခန္ဓာချုပ်တာပါဘုရား) ခန္ဓာချုပ်တာ။

ဒီခန္ဓာချုပ်လို့ရှိယင်လဲ ခန္ဓာငြိမ်း နိဗ္ဗာန်ဆိုတဲ့ဉစ္စာ သေခါနီးမှ ကြည့်လိုက်လို့ ဝေဒနာတွေ ချုပ်-ပျောက်သွားယင်လဲတဲ့ ခန္ဓာငြိမ်း နိဗ္ဗာန်ဆိုတဲ့ဉစ္စာ ရောက်နိုင်ပါတယ်လို့ ဒီသုတ်မှာ ဟောတယ်....(မှန်ပါ့)။

ဒါဖြင့်သတိထားရမှာကဝေဒနာသုံးပါးပေါ်တိုင်းပေါ်တိုင်း သုခချမ်းသာဘာ ပေါ်လဲ အားလုံးသတိထားပါ။ ဒုက္ခဆင်းရဲကဲ့ ဝေဒနာတွေပေါ်လဲ ဝေဒနာပေါ်တယ်လို့ဘဲ သတိထားပါ.... (မှန်ပါ့) ဥပေက္ခာဝေဒနာပေါ်လာလို့ ရှိယင်လဲ ဝေဒနာပေါ်လာတယ်လို့ဘဲတဲ့ သတိထားကြပါ။ အဲဒါဟာ သတိထားတာ (မှန်ပါ့)။

သမ္ပဇာနော = သတိထားပြီး ပညာနဲ့ လိုက်ရဦးမယ်ဆိုတာကတော့ ပေါ်တာတွင် သိမနေနဲ့။ ဩော်... ပေါ်ပြီးသကာလ ပျက်တာဘက်ကျအောင် သိလို့ရှိယင် သမ္ပဇာန ပညာပါတယ်လို့ ဆိုပါတယ်....(မှန်ပါ့)။

ပေါ်တာကို သတိထားတာက သတိ....(မှန်ပါ့) အပျက်ပါ ဉာဏ်က လိုက်နိုင်လို့ရှိယင် ပညာလို့ မှတ်ကြစမ်းပါ.... (မှန်လှ ပါဘုရား)။

ဝေဒနာပေါ်တိုင်း-ပေါ်တိုင်း သတိထားတာက သတိပဋ္ဌာန် နော်... (မှန်ပါ့) ဝေဒနာတို့၏ ပေါ်ပြီး-ပျက်သွားတာကိုပါ မြင် အောင်ကြည့်နိုင်လို့ရှိယင် သမ္ပဇာန....(မှန်ပါ့) သမ္ပဇာနဆိုတာ ပညာ....(မှန်ပါ့)။

ကောင်းပြီတဲ့....ပေါ်တိုင်းသိယင် သတိ။အပေါ်ရော၊ အပျက် ရော သိယင် ပညာ....(မှန်ပါ့)။

ပေါ်တိုင်းသိယင်....( သတိပါဘုရား ) သတိလို့ မှတ်လိုက် စမ်းပါ။ အပေါ်ရော-အပျက်ရော သိနေကြမယ်....( ပညာပါ ) ပညာလို့ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့)။

ကောင်းပြီတဲ့....ဒါဖြင့် ....“ သတော ဘိက္ခဝေ ဘိက္ခု ဝိဟ ရေယျ ” ဘိက္ခဝေ=ရဟန်းတို့။ သတော = သတိရှိသည်ဖြစ်၍။ ဝိဟရေယျ=နေပါဆိုတော့ ဩော်....ဝေဒနာသုံးပါး ပေါ်တိုင်း ပေါ်တိုင်းသတိကလေးနဲ့ နေတာသည်သတိဘဲ....(မှန်ပါ့)ဖြစ်မှုနဲ့ ပျက်မှုကို နှစ်ခုစလုံး တွဲပြီးသကာလ ဉာဏ်ကလိုက်နိုင်လို့ ရှိယင် သမ္ပဇာနော = ပညာပါလာပြီကွ....တဲ့ ....(မှန်ပါ့)။

သတိတင် မဟုတ်ဘူး။ အဲဒီကျတော့ ပညာ ပါလာပြီတဲ့.... ( မှန်ပါ့ ) အဲဒါကြောင့် သတိသမ္ပဇဉ်နှစ်မျိုး ဟောတယ်.... (မှန်ပါ့ဘုရား)။

ပေါ်တိုင်း-ပေါ်တိုင်းသိယင် သတိ။ ပေါ်တာရော-ပျက်တာ ရော သိယင် သမ္ပဇဉ်....(မှန်ပါ့) ရှင်းကြပြီ.... (ရှင်းပါပြီ)။

ပေါ်တိုင်း-ပေါ်တိုင်းသိယင်.... ( သတိပါဘုရား ) သတိ။ **အပေါ်ရော-အပျက်ရော သိယင်ဖြင့်.... ( သမ္မာဉာဏ်ပါဘုရား ) သမ္မာဉာဏ်လို့ ဆိုရမယ်....တဲ့....(မှန်ပါ့ဘုရား)။**

ကာလ မလွန်စေနဲ့၊ ကာလမလွန်စေနဲ့ကွဆိုတဲ့ဥစ္စာကတော့ အကြောင်းအကျိုးနဲ့တကွ သိမ်းဆည်းပြီးသကာလ ရုပ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောလိမ့်မယ်....(မှန်ပါ့)။

ဒါဖြင့် သတိနဲ့ သမ္မာဉာဏ်ပြီးတော့ ကာလမလွန်စေနဲ့-ဆိုတဲ့ စကားကလေးတလုံးဟာ အခု-နောက်ထပ် ထည့်လိုက်ပါတယ်.... (မှန်ပါ့ဘုရား)။

" ကာလံ အာဂမေယျ " ဆိုတဲ့ ပါဠိတော် ကာလံ=ကာလကို ( ဝါ ) အကြောင်းဖြစ်တဲ့ကာလ၊ အကျိုးဖြစ်တဲ့ကာလကို။ အာဂမေယျ=မင်းတို့ဉာဏ်နဲ့ သိကြစမ်းပါ၊ ရှင်းရှင်း-လင်းလင်း၊ ပြတ်ပြတ်-သားသား သိကြစမ်းပါဆိုတာ သေသေ ချာချာ ဟောပြန်တော့တကာတကာမတို့ ဒီ တတိယအချက်ကလေးဟာက မကြားဘူးတဲ့ အချက်ကလေးဖြစ်နေတော့ အရေးတကြီးဘဲ မှတ်ရဦးမယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့)။

ဥပမာတဲ့....ကိုယ်ပေါ်မှာ သုခဝေဒနာပေါ်တယ်၊ ကိုယ်ပေါ်မှာ ဟိုနေရာကလေးမှာ ချမ်းသာတယ်။ ဒီနေရာကလေးမှာ ချမ်းသာတယ်ဆိုတဲ့ သုခဝေဒနာပေါ်တယ်။ သုခဝေဒနာဟာ သူက မှီတတ်တဲ့တရားဖြစ်နေတော့ မှီရာမရှိဘဲနဲ့ မပေါ်နိုင်ဘူး-(မှန်ပါ့ဘုရား)။

မှီတတ်တဲ့ တရားဖြစ်နေတော့ မှီရာမရှိဘဲနဲ့ မပေါ်နိုင်ဘူး။ သစ်ပင်သည် မြေကြီးကို မှီနေရတယ်။ မြေကြီးမရှိယင် သစ်ပင်

မရှိဘူး။ ထို့အတူဘဲတဲ့၊ ဒီသုခဝေဒနာကလေးဟာလဲ ကိုယ်ပေါ်မှာ မှီနေရတယ်၊ သဘောကျကြပလား.... (ကျပါပြီ)။

သုခဝေဒနာကလေးဟာ ဘယ်မှာမှီနေရသလဲ.... (ကိုယ်ပေါ်မှာ မှီနေရပါတယ်ဘုရား ) ကိုယ်ပေါ်မှာ မှီနေရတယ်လို့ အောက်မေ့ပါ....(မှန်ပါ့)။

အဲဒီတော့ ' ကာယပသာဒ ' ဆိုတဲ့ ကိုယ်ပေါ်မှာ မှီပြီး သကာလနေတယ်။ ကိုယ်ကိုလဲ မှီရတယ်၊ တခါအာရုံနဲ့ တွေ့ထိတဲ့ ' ဖဿ ' ကိုလဲ မှီရပြန်တော့ ကိုယ်နဲ့ ဖဿ-နှစ်ခု မှီပြီး သုခဝေဒနာပေါ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

သုခဝေဒနာကလေးဟာ ကိုယ်လဲမှီပေါ်တယ်၊ ဖဿကိုလဲ မှီပြီးသကာလ ပေါ်ပါတယ်....(မှန်ပါ့)။

သုခဝေဒနာကလေးဟာ ဘာကို မှီပါလိမ့်....(ကိုယ်နဲ့ ဖဿကို မှီပါတယ်ဘုရား)။

**အဲ**....ကိုယ်,ဆိုတဲ့ ကိုယ်ရုပ်ကိုလဲမှီတယ်၊ ဖဿ,ဆိုတဲ့ နာမ်ဓမ္မကလေးလဲ မှီတယ်။ အဲဒီတော့ ကာယနဲ့ ဖဿ နှစ်ခု မှီပြီးတော့ ဒီတရားကလေး၊ သုခဝေဒနာကလေး ပေါ်လာတယ်ဆိုတော့ စဉ်းစားကြည့်ပါတဲ့၊ တရားနာတဲ့ ပုဂ္ဂိုလ်များက ကိုယ်ကလဲ အနိစ္စခန္ဓာကိုယ်၊ ဖဿကလဲ အနိစ္စခန္ဓာကိုယ်၊ အနိစ္စနှစ်ခုကြောင့် ပေါ်လာတဲ့ သုခဝေဒနာ၊ ရှင်းကြပလား... (ရှင်းပါပြီ)။

ဘယ်သူ့ကြောင့် ပေါ်လာသတုံး... (အနိစ္စနှစ်ခုကြောင့်ပေါ်လာပါတယ်ဘုရား)။

အနိစ္စနှစ်ခုကြောင့် ပေါ်လာတဲ့ သုခဝေဒနာ။ ဩော် .... ဒါဖြင့် အနိစ္စနှစ်ခုကို စွဲဖြစ်တဲ့ သုခဝေဒနာဖြစ်နေသောကြောင့်

အကြောင်းအနိစ္စဖြစ်လေသောကြောင့် အကျိုးအနိစ္စကိုလဲ မင်းတို့ ဒီကာလကိုလဲ သိပါဦး.....တဲ့.... (မှန်ပါ့ဘုရား)။

ဒါကြောင့် အကြောင်းအနိစ္စကို သိတဲ့အတွက် အကျိုးလဲ အနိစ္စဘဲ ဖြစ်မှာဘဲဆိုတာ ဉာဏ်က ဒီကာလကိုလဲ မင်းတို့ သိထားကြပါလို့ ဟောပါတယ်....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာ တကာမတွေက သုခဝေဒနာကလေး.... ပျောက်သွားတဲ့အခါ ဩော် .... ပျောက်ချင်လို့ ပျောက်တာလားလို့ ဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါ ဖျတ်ကနဲ သုခဝေဒနာ ပေါ်လိုက်-ပျောက်သွားလိုက်။ သုခဝေဒနာ ပေါ်လိုက်-ပျောက်သွားလိုက်။ ဩော်....ပျောက်ချင်လို့ ပျောက်တာ မဟုတ်ဘူး။ သူ့ကို ဖြစ်စေတဲ့ အကြောင်းနှစ်ခု ကာယပသာဒဆိုတဲ့ ကိုယ်ကလဲ အနိစ္စ၊ သူ့ကို ဆက်သွယ်ပေးတဲ့ ဖဿကလဲ အနိစ္စ၊ ကိုယ်နဲ့ ဖဿက အကြောင်းကိုက အနိစ္စဖြစ်လို့ သူ့အမှီပြုပြီးပေါ်ရတဲ့ သုခဝေဒနာကလေးဟာလဲ အနိစ္စလို့ ဒီကာလကိုလဲ သိပေးပါဦး .. တဲ့....(မှန်ပါ့)။

ဒါ....သေသေချာချာမှတ်ကြပါ၊ ကြားကြရဲ့လား၊ အားလုံးကြားရရဲ့လား....(ကြားပါတယ်ဘုရား) မီးကြောင့် မီးကြောင့် မေးရတယ်....(မှန်ပါ့ဘုရား)။

ကောင်းပြီ . ဒါဖြင့် သုခဝေဒနာကလေးဟာ အကြောင်းဘယ်နှစ်ခုကြောင့် ဖြစ်ပါလိမ့်....( အကြောင်းနှစ်ခုကြောင့်ပါ ) ကိုယ်ဆိုတာ တကြောင်း....(မှန်ပါ့) ဖဿဆိုတာ....(တကြောင်းပါဘုရား) ဤနှစ်ကြောင်းကြောင့် သုခဝေဒနာကလေး တကာ

တကာမတွေ ကိုယ်ပေါ်မှာ ချမ်းသာလုံးကလေး ပေါ်တယ်၊ ဝမ်းသာလုံးကလေးပေါ်တယ်....(မှန်ပါ့)။

အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်နေသောကြောင့် အကျိုး သုခဝေဒနာကလေးဟာလဲ....တဲ့၊ ဘယ်မှာသာလျှင် ခိုင်မြဲနိုင်ပါ့ မတုံး....(မှန်ပါ့)။

အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်နေတော့ အကျိုး သုခဝေဒနာကလေးဟာလဲ အနိစ္စဘဲလို့ ဒီကာလကိုလဲ သိထားပါတဲ့.... (မှန်ပါ့) ရှင်းကြပြီ....(ရှင်းပါပြီ)။

အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်နေတော့ကို သူ့ အမှီ ပြုပြီး ပေါ်ရတဲ့ သူ့ကို စွဲပြီးပေါ်ရတဲ့ သုခဝေဒနာကလေးလဲ ဘယ့် နှယ်ဆိုကြမယ်....(အနိစ္စပါဘုရား)။

အနိစ္စဘဲလို့ တကာတကာမတွေက ရှုတဲ့အခါမှာ ဩော်.... ဘယ့်နှယ်ကြောင့် ပျောက်သွားပါလိမ့်မတုံးလို့ သံသယ ဝိစိ ကိစ္ဆာလာခဲ့သော် အ ကြောင်း နှစ် ခု ကို က သူ့ ဖြစ်စေတဲ့ အကြောင်းနှစ်ခုကိုက အနိစ္စမို့ အကျိုးဖြစ်တဲ့ ဝေဒနာကလေး ဟာလဲ အနိစ္စဘဲလို့ ဒီလိုရှုစေလိုပါကယ်....(မှန်ပါ့)။

ဒါဖြင့် သုခဝေဒနာကလေးဟာ ဉာဏ်နဲ့ ရှုလိုက်တဲ့ အခါ ဖြစ်ပြီး ပျက်သွားတယ်။ ဩော်.... ပျက်မှာဘဲ၊ သူ့ဖြစ်စေတဲ့ အကြောင်း ကိုယ်ကလဲ အနိစ္စ၊ ဖဿကလဲ .... (အနိစ္စပါဘုရား) ကိုယ်ကလဲ အနိစ္စ၊ ဖဿကလဲ အနိစ္စ။ အနိစ္စနှစ်ခုက မွေးထုတ်တဲ့ သုခဝေဒနာဟာ ဘယ်မှာသာလျှင် နိစ္စဖြစ်နိုင်ပါ့မတုံး။ ပျက်ရ မှာဘဲ... (မှန်ပါ့) ဒီလိုဉာဏ်ကို သိမ်းဆည်းရှုတာသည် ကာလနဲ့ တကွ သိတယ်....(မှန်ပါ့ဘုရား)။

ဒါကြောင့်....“ သတော ဘိက္ခဝေ ဘိက္ခု ဝိဟရေယျ သမ္ပဇာနော ကာလံ အာဂမေယျ ” လို့ ဘုရားက ဟောပြန်တယ်....တဲ့....(မှန်ပါ့ဘုရား)။

ကာလနဲ့ လဲမင်းတို့သည် ဒီအတိုင်းသိပြီးသကာလအကြောင်းနှစ်ခုက ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်စေသောကြောင့် အကျိုးသုခဝေဒနာဖြစ်ရတယ်....(မှန်ပါ့ဘုရား)။

အဲဒါအကြောင်းကိုက အနိစ္စဖြစ်လို့ အကျိုးဟာလဲ အနိစ္စဘဲလို့ ဉာဏ်ထဲမှာ ရဲရဲတင်းတင်းရှုစမ်းပါ။ ရဲရဲတင်းတင်းရှုလို့ရှိယင်ဖြင့်....တဲ့ သုခဝေဒနာနောက်ကလာတဲ့ ‘ ကာမရာဂါနုသယ ’သုခဝေဒနာသည် သြော်....ဒီတရားကလေးဟာအကြောင်းနှစ်ခုက အနိစ္စမို့ အခုပေါ်လာတဲ့ တရားလဲ အနိစ္စဘဲလို့ ဉာဏ်ကလေးနဲ့ သိလိုက်တဲ့အခါကျတော့ ဉာဏ်ကလေးဟာ ဝေဒနာနောက်က လိုက်နေသောကြောင့် ‘ ကာမရာဂါနုသယ ’ ဆိုတဲ့လောဘဟာတဲ့ မလိုက်တော့ပါဘူး။ လိုက်ကြသေးရဲ့လား....(မလိုက်ပါဘုရား)။

‘ ကာမရာဂါနုသယ ’ ဆိုတာ လိုချင်တာ ဆိုတော့ ပဋိစ္စသမုပ္ပါဒ်နဲ့ကြည့်လိုက်တော့မှ သြော် .... အကြောင်း အနိစ္စမို့ အကျိုးသုခဝေဒနာအနိစ္စကလေးဖြစ်နေတော့ ဒါကလေးဉာဏ်နဲ့ကြည့်လိုက်တော့ ဟုတ်သားဘဲ၊ သူ့အကြောင်းကိုက အနိစ္စမို့ပေါ်လာတဲ့ ဝေဒနာကလေးဟာလဲ အနိစ္စဘဲရယ်လို့ ဤကဲ့သို့တကာတကာမတွေ့က ရှုလိုက်ပြီဆိုမှဖြင့် အင်း....အနိစ္စက အနိစ္စ။ ရှုတာက မဂ္ဂဖြစ်ပြီးသကာလ နောက်က တဏှာဆိုတဲ့ ကာမရာဂါနုသယ အနုသယလိုသုံးတော့ ကာမရာဂါနုသယလို့ ခေါ်ရ

တယ်....(မှန်ပါ့ဘုရား)အဲဒီတော့ တဏှာ ဥပါဒါန် ပဋိစ္စသမုပ္ပါဒ်နဲ့ ကြည့်လိုက်တော့ တဏှာ ဥပါဒါန် ကံ ဟာ လိုက်သေးရဲ့လား....(မလိုက်ပါဘုရား)။

ဩော်....ဒါ ဘယ့်နှယ်ကြောင့် မလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ အကြောင်းရော အကျိုးရော သိမ်းဆည်းကြည့်လိုက်တာနဲ့ သိမ်းဆည်းပြီးသကာလ ဉာဏ်နဲ့ ကြည့်လိုက်တော့ အကြောင်းအနိစ္စမို့ ကာယနဲ့ ဖဿ, အနိစ္စဖြစ်နေသောကြောင့် သုခဝေဒနာလဲ အနိစ္စလို့ ဒီကာလကို ပစ္စုပ္ပန်ကာလကို တကာတကာမတွေ့ သိလိုက်တဲ့အတွက်တဲ့ နောက်က ကာမရာဂါနုသယဆိုတဲ့ တရားဟာ မလိုက်တော့ပါဘူး....(မှန်ပါ့)။

ဒါဖြင့် အားလုံး တကာတကာမတွေ့ ရှေ့မှာ ခင်းထားတဲ့ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ ကာမရာဂါနုသယဆိုတာ စာလိုသုံးတော့ အနုသယသဘောနဲ့ သုံးတာပါ။ စင်စစ်တော့ **တဏှာ** ပါဘဲ....(မှန်ပါ့) တဏှာမလာလို့ရှိယင် ဥပါဒါန် မလာဘူး၊ ဥပါဒါန်မလာလို့ရှိယင် ကံ, မလာတော့ အင်း.... သုခဝေဒနာရှုလိုက်တဲ့အတွက် ဒို့မှာ တဏှာ ဥပါဒါန် ကံ,ချုပ် ဇာတိ ဇရာမရဏ ချုပ်ဆိုတော့ ၃-နံပါတ်ကော ချုပ်၊ ၄-နံပါတ်ကော....(ချုပ်ပါတယ်ဘုရား)။

**အဲ**....အကြောင်းနှစ်ခုအနိစ္စမို့ အကျိုးသုခဝေဒနာအနိစ္စလို့ရှုလိုက်ပြန်တော့ ဒီမှာ တကာတကာမတွေ့ ကာမရာဂါနုသယချုပ်တယ်ဆိုတာကို သေသေချာချာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြည့်လိုက်လို့ရှိယင် အဟုတ်ကိုချုပ်ပါတယ်....(မှန်ပါ့)။

ဒါဖြင့် ကာမရာဂါနုသယချုပ်တော့ ကာမဘုံမှာ နေစရာ အခွင့်အရေးရှိသေးရဲ့လား....(မရှိပါဘုရား)။

ကာမရာဂါနုသယ ဆိုတော့ ကာမဘုံကို ပြန်လှည့်တတ်တဲ့ တရားကို ကာမဘုံကို အကျိုးပေးတတ်တဲ့ တရားကို ကာမရာဂါ နုသယလို့ ခေါ်ပါတယ်....( မှန်ပါ့ ) ပဋိစ္စသမုပ္ပါဒ်အလိုတော့ ဖြင့် တဏှာပါဘဲ....( မှန်ပါ့ ) ရှင်းကြပြီနော်.... ( ရှင်းပါပြီ ဘုရား )။

ကောင်းပြီ ဒါဖြင့် အကြောင်းနှစ်ခုက ကာယနဲ့ ဖဿက အနိစ္စမို့ ပေါ်လာတဲ့ သုခဝေဒနာကလေးကလဲ အနိစ္စဘဲလို့ တကာတကာမတွေက အလုပ်လုပ်တဲ့အခါ ရှုကြစမ်းပါ။ ထိုကဲ့သို့ ရှုခဲ့သည် ရှိသော် ကြားထဲ၌ ရှုတတ်တဲ့ ဝိပဿနာမဂ်လာလို့ ရှိယင် ကာမရာဂါနုသယဆိုတဲ့ တဏှာ ဥပါဒါန် ကံ, တွေ သည် မချုပ်ပါနဲ့ဆိုလို့မရ။ ချုပ်သွားသည်လို့ သြော် .... ဒီ အကျိုး ဒို့ခံစားရပါကလားလို့ သေသေ ချာချာမှတ်ပါ.... (မှန်ပါ့)။

အဲဒါ ကာလ၌ ရှုတာ....(မှန်ပါ့) ဖြစ်စေတဲ့ ကာလ၊ ချုပ် စေတဲ့ကာလ၊ ကာလနှစ်ခုကြည့်ပြီး ရှုတာ... (မှန်ပါ့)။

ကိုင်း....တကာတကာမတွေသန္တာန်၌ အခုလိုအကြောင်း မညီ ညွတ်တဲ့အခါ ပူတယ်, အိုက်တယ်, ညောင်းတယ်, ခဲတယ်, ကိုက် တယ်, လေနာတယ်, ရင်နာတယ်, ကြောအောင့်တယ်- ဆိုတဲ့ ဒုက္ခ ဝေဒနာတွေ ပေါ်ပါလိမ့်မယ်....(မှန်ပါ့)။

ပေါ်တော့လဲ ခုနင်ကလိုဘဲ ကိုယ်ရှုလို့ ကိုယ်ပေါ်မှာ ပေါ် တော့ ကိုယ်က ကျေးဇူးပြုတယ်....(မှန်ပါ့) တခုခုသော လေက

လဲ ထိုးလိုက်ပြန်တော့ ထိုးတဲ့ ဖဿကလဲ ဝေဒနာကို မဖြစ်စေဘူးလား....(ဖြစ်စေပါတယ်ဘုရား)။

ဝေဒနာဖြစ်စေတော့ ဩော်....ကိုယ်က ကာယနဲ့ ဖဿ နှစ်ခုအကြောင်းရင်းခံပြီးသကာလ ဒုက္ခဝေဒနာပေါ်တာဘဲလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

အဲဒီတော့ ဒီဒုက္ခ ဝေဒနာကလေးဟာ တကာတကာမတို့ အကြောင်းကင်းပေါ်သလား၊ အကြောင်းနှစ်ခုကြောင့် ပေါ်သလား-ဆိုတာ နည်းနည်းစဉ်းစားပါ.... (အကြောင်းနှစ်ခုကြောင့် ပေါ်ပါတယ်ဘုရား)။

အကြောင်းနှစ်ခုကြောင့် ပေါ်တယ်ဆိုတော့ ဒီအကြောင်းနှစ်ခုကလဲ ကာယကလဲ ကာယပသာဒရုပ် ဖြစ်နေသောကြောင့် ရုပ်ကလဲ အနိစ္စဘဲ....(မှန်ပါ့)။

ဖဿကလဲ နာမ်မမြဲဖြစ်နေသောကြောင့် ဝေဒနာကိုဘဲ ဖြစ်အောင် ကျေးဇူးပြုရပါတယ် သူကလဲ့ အနိစ္စဘဲ....(မှန်ပါ့)။

ဒါဖြင့် ကာယ ဖဿက အနိစ္စဖြစ်နေတော့ ခုနင်က ညောင်းတယ်, ညာတယ်, ကိုက်တယ်, ခဲတယ်, ကြောအောင့်တယ်, ရင်အောင့်တယ်-ဆိုတဲ့ ဒုက္ခဝေဒနာတွေ ဘယ့်နှယ် ဆိုကြမလဲ့....(အနိစ္စပါဘုရား) အနိစ္စဘဲ။

သူ့ကာလ တပိုင်နက် ကြည့်ရတယ်၊ အကြောင်း ကာလက ကာယနဲ့ ဖဿ....( မှန်ပါ့ ) အကျိုးကာလက ဒုက္ခဝေဒနာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီ ဝေဒနာပေါ်တာ ဉာဏ်နဲ့ သေသေချာချာ ကြည့်လိုက်တော့မှ ဩော်.... အကြောင်းနှစ်ခုကိုက ဖြစ်စေခြင်း ကြောင့် ဒုက္ခဝေဒနာပေါ်ရတယ်၊ အကြောင်းနှစ်ခုကိုက အနိစ္စ တရား၊ သင်္ခတတရား၊ ပဋိစ္စသမုပ္ပန္နတရား ဖြစ်နေသောကြောင့် အကျိုးတရားက နိစ္စဖြစ်ချင်လို့ ဘယ်နည်းနှင့်မှ မရပါဘူး.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

အကြောင်းနှစ်ခုကိုက ဘာဖြစ်နေသတုံး.... (အနိစ္စဖြစ်နေပါ တယ်ဘုရား) အနိစ္စဖြစ်ပြီးသကာလနေတော့ သူ့ကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာကကော....( အနိစ္စပါဘုရား ) အနိစ္စဘဲ....(မှန်ပါ့ ဘုရား)။

အဲဒီကဲ့သို့သိပြီးသကာလထားခြင်းကြောင့် ဒုက္ခဝေဒနာပေါ် တိုင်း-ပေါ်တိုင်းလဲ တကာတကာမတွေက ဩော်....အကြောင်း အနိစ္စမို့ ဒုက္ခဝေဒနာကလေးလဲ အနိစ္စ ရောက်ရှာတာကိုးလို့ ဉာဏ်ကလေးနဲ့ သိသိပေးစမ်းပါ....( မှန်ပါ့ ) မောင်ချစ်စိန် သဘောကျပလား....(ကျပါပြီဘုရား)။

အကြောင်းက ဒုက္ခဝေဒနာကို ဖြစ်စေတဲ့ အကြောင်းက ဘယ်နှစ်ကြောင်းပါလိမ့်....(နှစ်ကြောင်းပါဘုရား)။

ကိုယ်တကြောင်း၊ ဖဿတကြောင်း.... ( မှန်ပါ့ ) ကိုယ် ကြောင့်လဲ ပေါ်သည်၊ ဖဿကြောင့်လဲ ပေါ်သည် မှတ်လိုက် စမ်းပါ....(မှန်ပါ့)။

" ကာယဉ္စ ပဋိစ္စ ဖဿဥ္စ ပဋိစ္စ ဒုက္ခဝေဒနာ " တဲ့ ကိုယ်နဲ့ ဖဿနှစ်ခုကြောင့် ပေါ်တဲ့ ဒုက္ခဝေဒနာ။ အဲဒီတော့ အကြောင်းနှစ်ခုကိုက အနိစ္စဖြစ်ပြီးသကာလ နေသောကြောင့်

လဲ အကျိုးဖြစ်တဲ့ ဒုက္ခဝေဒနာဟာလဲ အနိစ္စဘဲ ဖြစ်ရမယ်.... (မှန်ပါ့)။

အဲဒီတော့ ဒီမှာ အကြောင်းကာလနဲ့ အကျိုးကာလသိရမှာ ပေါ့လေ....(မှန်ပါ့) အကြောင်းကာလကလဲ ဒီ အချိန်ဘဲ၊အကျိုး ကာလကလဲ ဒီ အချိန်ဘဲဆိုတာ ပေါ်နေတယ်.... (မှန်ပါ့)။

အဲဒီကာလကိုလဲ မင်းတို့သိပြီးရှုစမ်းပါတဲ့.... (မှန်ပါ့)။

ဒါဖြင့် ဒီလိုရှုလိုက်တာ အကြောင်းနှစ်ခုက အနိစ္စမို့ အကျိုး ဒုက္ခဝေဒနာအနိစ္စဘဲလို့ ဉာဏ်ထဲမှာ ရှင်းနေအောင် ရှုလိုက်တဲ့ အခါ သံသယရှိလို့ရှိယင်လဲ ဒုက္ခဝေဒနာကလေး ဘယ့်နှယ် ကြောင့် အနိစ္စရောက်ပါလိမ့်မလဲလို့ သံသယမရှိနဲ့။ သူမှီနေတဲ့ ကိုယ်ကလဲ အနိစ္စ။ သူ့ ဖြစ်စေတဲ့ ဖဿကလဲ....(အနိစ္စပါဘုရား) အနိစ္စက ဖြစ်စေတဲ့ ဒုက္ခဝေဒနာ ဖြစ်လေသောကြောင့် သူဟာ အနိစ္စဘဲလို့ ဉာဏ်ထဲမှာ သိပါ... ( မှန်ပါ့ ) ရှုတတ်ပလား.... (ရှုတတ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ရှေ့က ဒုက္ခ ဝေဒနာက အနိစ္စ။ ရှုတဲ့သဘောကလေးက ဝိပဿနာ မဂ္ဂသွား ဖြစ်တော့ နောက်က ဒုက္ခကြောင့် ဒေါမနဿ လိုက်နိုင် သေးရဲ့ လား....( မလိုက်နိုင်ပါဘုရား ) မဂ်ဘဲလိုက်တယ်.... ( မှန်ပါ့ ဘုရား )။

ဒါ့ကြောင့် အဲဒီကဲ့သို့ ဒုက္ခဝေဒနာကို တကာ တကာမတွေ့က ရှုလိုက်တယ်ဆိုယင် ပဋိဃာနုသယဆိုတဲ့ ဒေါသဟာ မောင်ချစ် စိန် မလာတော့ဘူး .. (မှန်ပါ့)။

ပဋိဃာနုသယဆိုတဲ့....(ဒေါသမလာတော့ပါဘုရား)။

အေး....ခုနင်က ကာမရာဂါနုသယ ချုပ်လိုက်ပြီ၊ အခု ပဋိဃာနုသယချုပ်ပြန်ပြီ၊ ပဋိဃာနုသယဆိုတာ တကာတကာမတွေ့ မှတ်လိုက်စမ်းပါ။ ဒေါသကို ဆိုပါတယ်....(မှန်ပါ့)။

ဒါဖြင့်ဒုက္ခဝေဒနာကိုဖြစ်-ပျက်ရှုလိုက်တဲ့အခါကျတော့ကိုယ့် ပဋိဃာနုသယဆိုတဲ့ ဒေါသသေတော့ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ တကာတကာမဖြစ်နေပြန်တော့ ဩော် .... ဒေါသသေယင် သောက ပရိဒေဝ ဥပါယာသကျအောင် အကုန်သေမှာဘဲဆိုတာ မှတ်လိုက်တာပေါ့....(မှန်ပါ့) ရှင်းကြပြီ .. (ရှင်းပါပြီ)။

ဒါဖြင့် ဩော် .. ဒုက္ခဝေဒနာပေါ်တိုင်း-ပေါ်တိုင်း ဖြစ်ပျက် ရှုလို့ရှိယင်လဲ ပဋိဃာနုသယဆိုတဲ့ ဒေါသ သေသောကြောင့် ကိုယ့် ပဋိစ္စသမုပ္ပါဒ် ပြတ်တာဘဲ။ နောက်ခန္ဓာအဆက်ပြတ်တာ ဘဲလို့သေသေချာချာမှတ်ပါ....(မှန်ပါ့)။

နောက်ခန္ဓာအဆက်ပြတ်တယ်နော်....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ် ပြတ်ပြတ်ဆိုတာက ပဋိစ္စသမုပ္ပါဒ် ဆိုတာ စာလိုသုံးတာပါ။ စင်စစ်တော့ ကိုယ့်ခန္ဓာ နောက်အဆက်မလာတာကို ဆိုပါတယ်-(မှန်ပါ့) ပေါ်ကြပလား... ( ပေါ်ပါပြီ ) ကိုယ့်ခန္ဓာ နောက် အဆက်မလာတာကို ဆိုတယ်လို့ သေသေ ချာချာ မှတ်ပါ.... (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တခါသွားပါဦး....တဲ့၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာက သုံးပါးရှိနေတော့ ဥပေက္ခာ ဝေဒနာလဲ သူ ပေါ်ချင်တဲ့ အခါ ပေါ်ဦးမှာဘဲ....(မှန်ပါ့) မပေါ်ပေဘူးလား....(ပေါ်ပါ တယ်ဘုရား)။

အဲ....ဥပေက္ခာဝေဒနာလဲ ကိုယ်မရှိဘဲနဲ့ သူမပေါ်နိုင်ဘူး။ ကိုယ်ပေါ်မှာ ပေါ်ရမယ်.... ( မှန်ပါ့ ) မျက်စိတည်းဟူသော ကိုယ်ပေါ်မှာ ပေါ်ရမယ်။ နားတည်းဟူသော ကိုယ်ပေါ်မှာ.... (ပေါ်ရပါမယ်ဘုရား) အဲဒီကဲ့သို့ ကိုယ်ပေါ်မှာ ပေါ်ရမှာဘဲ.... (မှန်ပါ့ဘုရား)။

သို့သော် သူဟာ ကိုယ်ပေါ်မှာ အလကားနေရင်း လာပေါ်သလား၊ ကိုယ်ပေါ်မှာ အလကားနေရင်း ဖျတ်ကနဲ လာပေါ်သလား-ဆိုတော့ တခုခုနဲ့ ထိခိုက်ပြန်လို့လဲ ပေါ်တာဘဲ.... (မှန်ပါ့ဘုရား)။

ဒါဖြင့် ကိုယ်နဲ့ ဖဿစွဲ၍ ဥပေက္ခာ ဝေဒနာ ပေါ်တယ်.... (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်....(ကိုယ်နဲ့ ဖဿစွဲ၍ ဥပေက္ခာဝေဒနာပေါ်ပါတယ်ဘုရား)။

အဲ....ကိုယ်နဲ့ ဖဿစွဲပြီးသကာလ ဥပေက္ခာ ဝေဒနာပေါ်တယ်ဆိုတော့ ဥပေက္ခာ ဝေဒနာပေါ်တာလဲ နှစ်ကြောင်းရှိတာဘဲ....(မှန်ပါ့ဘုရား) ဒီကာလကိုလဲ မှတ်ထားလိုက်ပါ.... (မှန်လှပါဘုရား)။

ဩော်....ထိုသို့ ပစ္စုပ္ပန်ကာလက သူတို့ပေါ်နေလို့ ဥပေက္ခာဝေဒနာသဲ ပစ္စုပ္ပန်ကာလမှာ ပေါ်တာကိုး....( မှန်ပါ့ဘုရား ) ကိုယ်နဲ့ ဖဿကလဲ ပစ္စုပ္ပန်ကာလမှာ ကျေးဇူးပြုလို့ ဥပေက္ခာဝေဒနာကလဲ ပစ္စုပ္ပန်ကာလမှာ ပေါ်ရရှာတယ် .... ( မှန်လှပါဘုရား )။

ဒါဖြင့် အကြောင်းနှစ်ခုက ဖြစ်စေလို့ အကျိုးတခုကဖြစ်သည် ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အကြောင်းနှစ်ခုက.... ( ဖြစ်စေလို့ အကျိုးတခုဖြစ်ပါတယ်ဘုရား ) ဒီ ဉပေက္ခာဝေဒနာဖြစ်တယ်....(မှန်ပါဘုရား)။

ဒါဖြင့် တကာတကာမတွေက ဖျတ်ဆို .... ဉပေက္ခာဝေဒနာကလေးက မျက်လုံးထဲပေါ်လိုက်-ပျက်လိုက်၊ နားထဲ ပေါ်လိုက်-ပျက်လိုက်၊ နှာခေါင်းထဲ ပေါ်လိုက်-ပျက်လိုက် လျှာထဲ ပေါ်လိုက်-ပျက်လိုက်၊ဝမ်းထဲမှာ ပေါ်လိုက်-ပျက်လိုက် ထိုကဲ့သို့ပေါ်-ပျက်၊ ပေါ်-ပျက်ဖြစ်ပြီး သကာလနေတဲ့ အချိန်မှာ အိုမြန်လိုက်တာ-မြန်လိုက်တာ။ ပေါ်လိုက်-ပျောက်လိုက်၊ပေါ်လိုက်-ပျောက်လိုက်။ အို့ပေါ်-ပျောက်ဖြစ်ရမှာဘဲ၊ သူ့ကိုဖြစ်စေတဲ့အကြောင်းကိုက ပေါ်-ပျောက်ကိုး....( မှန်လှပါ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဖြစ်စေတဲ့အကြောင်းကိုက....(ပေါ်-ပျောက်ပါဘုရား)။

**အဲ**....ဖြစ်စေတဲ့အကြောင်းကိုက ပေါ်ပြီး-ပျောက်တော့ကိုတဲ့ သူက ဖြစ်စေတဲ့အကျိုးတရားဟာလဲ ပေါ်ပြီး-ပျောက်ရမယ်....(မှန်လှပါ) မပျောက်ပါနဲ့ဆိုလို့....(မရပါဘုရား)။

မရဘူး-ဆိုတာ တကာတကာမတွေက ဒီလို ရှင်းပြီးသကာလထားတော့ အကြောင်း အနိစ္စမို့ အကျိုးအနိစ္စ။ အကြောင်းဒုက္ခမို့ အကျိုးဒုက္ခ။ အကြောင်း အနတ္တမို့ အကျိုးအနတ္တဆိုတဲ့ဥစ္စာမထင်ရှားသေးဘူးလား....(ထင်ရှားပါတယ်ဘုရား)။

ဒါကြောင့် အနိစ္စရှုလဲ နိဗ္ဗာန်ရောက်တာဘဲ၊ ဒုက္ခရှုလဲ နိဗ္ဗာန် ရောက်တာဘဲ၊ အနတ္တရှုလဲ နိဗ္ဗာန်ရောက်တာဘဲ - ဆိုတာ မောင် သစ်တို့ သေသေချာချာမှတ်....(မှန်ပါ)။

ဘာ့ကြောင့်တုံးဆိုတော့ ဖြစ်ပြီး-ပျက်တာသည် အနိစ္စလဲ ဒုက္ခ သစ္စာဘဲ။ ဖြစ်ပြီး-ပျက်တဲ့ ဒုက္ခဟာလဲ ဒုက္ခသစ္စာဘဲ။ ဖြစ်ပြီး- ပျက်တဲ့ အနတ္တဟာလဲ....(ဒုက္ခသစ္စာပါဘဲဘုရား)။

အဲ....ဒုက္ခသစ္စာဘဲဆိုတော့ သစ္စာကို သစ္စာနုလောမိကဉာဏ်က ရပြီးသားဖြစ်နေပါတယ်....( မှန်ပါ ) ရှင်းကြပြီ.... (ရှင်းပါပြီ ဘုရား)။

ဘယ့်ဉာဏ်ရသတုံး .... ( သစ္စာနုလောမိကဉာဏ်ရပါတယ် ဘုရား )။

ငင်း့သစ္စာနုလောမိကဉာဏ်ရပါတယ်ဆိုတော့ ဒါ ဒုက္ခသစ္စာ ချည့်ဘဲဆိုတဲ့ ဉာဏ်က ရပြီးသကာလနေတော့ ဝိပဿနာ သစ္စာ ထိုက်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါဘုရား)။

ဝိပဿနာသည်....( သစ္စာထိုက်ပါတယ်ဘုရား ) သစ္စာထိုက် တယ်လို့ သေသေချာချာမှတ်ပါ... (မှန်ပါဘုရား)။

" တေသံ သစ္စာနံ အနုလောမတော သစ္စာနုလောမိကာ ဉာဏန္တိ ဝုစ္စတိ "

သစ္စာလေးပါးထဲ အတွင်းဝင်သောကြောင့် ဖြစ် - ပျက်ဟာ သစ္စာလေးပါးထဲ အတွင်းဝင်သောကြောင့် ရှုတဲ့ဉာဏ်ဟာ သစ္စာ နုလောမိကဉာဏ် ဖြစ်ပါတယ်.... (မှန်ပါ) သဘောကျပလား.... (ကျပါပြီဘုရား)။

ကောင်းပြီ.... ဤကဲ့သို့ တကာ တကာ မတွေ မှာ ဩော်... အကြောင်းနှစ်ခုက အနိစ္စမို့ အကျိုး ဥပေက္ခာဝေဒနာလဲ အနိစ္စ ရောက်ရတော့မယ်လို့ တကာတကာမတွေက ဉာဏ်နဲ့ရှုလိုက်တော့ ဒီ ဉာဏ်သည် ဝိပဿနာဉာဏ်က ဖုံးတယ်။ ဒါကြောင့် "သစ္စာနု လောမိက ဉာဏန္တိ ဝိပဿနာ ဉာဏံ" ဩော်....သစ္စာနုလော မိကဉာဏ်ဆိုတာ တခြားလားမှတ်နေတယ်၊ ဝိပဿနာရှုတဲ့ဉာဏ် ဘဲ....( မှန်ပါ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာပါလိမ့်.... ( ဝိပဿနာ ဉာဏ်ပါဘုရား ) ဝိပဿနာဉာဏ်....(မှန်ပါ)။

ဝိပဿနာရှုနေတာ မောင်သစ်တို့ ရှုနေတဲ့ဉာဏ်၊ မောင်ချစ် စိန်တို့ ရှုနေတဲ့ ဖြစ်-ပျက်မြင်တဲ့ ဉာဏ်ကို ဆိုပါတယ်....(မှန်လှ ပါဘုရား)။

ဖြစ်ပျက်က ဒုက္ခသစ္စာကိုး....( မှန်ပါ ) ဒုက္ခသစ္စာ ဆိုတော့ သစ္စာကို သိနေတဲ့အမိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ် ဘုရား)။

အဲ....သစ္စာကိုသိနေတဲ့အဓိပ္ပါယ်ရောက်ပြီးသကာလ နေသော ကြောင့် ဩော်.... ဒို့ သစ္စာနုလောမိကဉာဏ် လုပ်နေတာပါက လားလို့ မှတ်လိုက်စမ်းပါ... (မှန်ပါဘုရား)။

သစ္စာက သစ္စာ၊ အနုလောမိက, က လျော်တာ၊ သစ္စာနဲ့ လျော်တဲ့ဉာဏ်၊သစ္စာသိတဲ့ဉာဏ်ရနေတယ်လို့ နောက်က တကာ တကာမတွေ မှတ်ပါနော်....(မှန်ပါဘုရား)။

ဖြစ်မှု ပျက်မှုမမြင်ဘဲနဲ့ သစ္စာသိတာရှိသေးတယ်လို့ အောက်

မေ့မနေနဲ့တော့ (မှန်ပါ) ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲ၊ အင်း.... ဖြစ်ပျက်ဟာ ဒုက္ခသစ္စာဘဲ ဆိုကတည်းက သစ္စာကို သိပြီးသား ဖြစ်နေပြီလို့သာ ဆုံးဖြတ်ချက်ချပါတော့.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါကလေးတွေကလဲ သေသေချာချာအရေးကြီးပြီးသကာလ နေတော့ တကာတကာမတို့ သစ္စာနုလောမိကဉာဏ်၊ မင်းတို့ဟာ သစ္စာမရောက်သေးပါဘူးလို့ သူများက ပြောလို့ ရှိယင် ဖြစ်ပျက်ဟာ သစ္စာနဲ့ လျော်တဲ့ဉာဏ်ဘဲ။ သစ္စာနုလောမိက ဉာဏ်လို့ သေသေချာချာမှတ်ကြ....(မှန်ပါ)။

ဖြစ်ပျက်ဟာ ဘာ့သစ္စာတုံး....( ဒုက္ခသစ္စာပါဘုရား ) ဒုက္ခသစ္စာ။ သိတဲ့ ဉာဏ်က နို့-ဒုက္ခသစ္စာသိတဲ့ဉာဏ်ဘဲ သွားဖြစ်တော့ သစ္စာနဲ့ လျော်တဲ့ ဉာဏ်ဘဲ သွားဖြစ်တယ်...( မှန်ပါ ) မရှင်းကြသေးဘူးလား....(ရှင်းပါပြီဘုရား)။

အဲဒါကြောင့် သစ္စာနဲ့ လျော်တဲ့ဉာဏ်ရနေတော့ သစ္စဉာဏ်ရနေတဲ့ တကာတကာမတွေက အင်း....သစ္စာသိစရာ ကျန်သေးတယ်လို့ ဒီလိုအာသီသ မထားနဲ့....(မှန်ပါ) ဒို့ သိနေပြီလို့သာလျှင် ဆုံးဖြတ်ချက်ချ....(မှန်ပါဘုရား)။

ဒီလိုသိပြီးလို့ ရှိယင်သစ္စာပိုင်ပိုင်-နိုင်နိုင်သိယင် ဒါနိဗ္ဗာန်ပေါ်လာမှာဘဲ....(မှန်ပါ) ဒုက္ခသစ္စာပိုင်ပိုင်-နိုင်နိုင် သိပြီးလို့ ရှိယင် ဆုံးသွားတာဘဲ၊ ဆုံးသွားယင် နိရောဓသစ္စာ ဒီနေရာ အစားထိုးပြီး ပေါ်လာတာဘဲဆိုတာ သေသေချာချာမှတ်ပါ....(မှန်လှပါဘုရား)။

ဒီနေ့ ပြောနေတာက စာကိုက သဘောပါလို့ သဘောတွေပါ ထည့်ပြောနေရတယ်လို့ မှတ်ပါ....(မှန်ပါ့)။

ကဲ....ဒါဖြင့် တကာတကာမတွေသန္တာန် ဥပေက္ခာဝေဒနာ ပေါ်လာပြန်တော့လဲ ဒီနှစ်ကြောင်းကြောင့် ပေါ်လာတယ်.... (မှန်ပါ့) ကိုယ်နဲ့ ဖဿ....( မှန်ပါ့ ) ကိုယ်ရှိလို့သာ ကိုယ်ပေါ်မှာ သူ ပေါ်ရတာကိုး....(မှန်ပါ့)။

အင်း... ဖဿနဲ့ တွေ့ထိမပေးလို့ရှိယင် ဝေဒနာ ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါဘုရား)။

အဲဒါကြောင့် ကိုယ်နဲ့ ဖဿ နှစ်ခုကြောင့် တကာတကာမတွေ ဥပေက္ခာဝေဒနာပေါ်ပါတယ်.... ( မှန်ပါ့ ) ရှင်းပြီ.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် အကြောင်းနှစ်ခုကိုက အနိစ္စ ဖြစ်လေသောကြောင့် အကျိုးဥပေက္ခာဝေဒနာတွေဟာလဲ ဘာ့ဆိုကြမလဲ....(အနိစ္စပါဘုရား)။

ဩော်....အနိစ္စက မွေးလို့ပေါ်ရတဲ့ ဝေဒနာဟာ အနိစ္စမှတပါး၊ သူ့ကို ဘာမှ နာမည်ပေးစရာ မလိုတော့ဘူး....(မှန်ပါ့) ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

အနိစ္စနှစ်ခုက မွေးလိုက်လို့ ပေါ်လာတဲ့ဥပေက္ခာဝေဒနာကို နိစ္စများ ဖြစ်လေရော့လားလို့ တကာတကာမတွေ ဒီ ဒိဋ္ဌိဝင်စရာ မလိုပါဘူး (မလိုပါဘုရား)။

အနိစ္စက မွေးလို့ သူ့ကို ဘယ့်နှယ်ဆိုကြမယ်.... (အနိစ္စပါဘုရား) အနိစ္စဘဲလို့ဆိုတဲ့ဥစ္စာ မောင်ချစ်စိန် ရှင်းသွားပြီ.... (ရှင်းပါပြီဘုရား)။

ကာယကလဲ ဘာတုံး အနိစ္စ။ ဖဿကကော.... ( အနိစ္စပါဘုရား ) သူတို့နှစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝေဒနာကော.... (အနိစ္စပါဘုရား)။

အနိစ္စဘဲလို့ဆိုတော့ ဩော်....ဒီလိုကာလနဲ့လဲ မင်းတို့သိလို့ရှိယင် မဂ်ဖိုလ်ရပါတယ်ကွာလို့ ဝေဒနာသံယုတ်မှာ ဆက်ဟောပြန်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါက သံသယပါ သိမ်းပြီးကြည့်တဲ့ သံသယတွေပါ သတ်ပြီး သကာလ ရှင်းရှင်းကြည့်နိုင်တဲ့ ဉာဏ်ပေးတဲ့နေ့ဆိုလို့ ရှိယင်လဲ မောင်ချစ်စိန် မလွဲဘူး .... ( မလွဲပါဘုရား ) မလွဲတော့ဘူးတဲ့....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ ဥပေက္ခာ ဝေဒနာလဲ.... အကြောင်းနှစ်ခုကြောင့်ပေါ်သောကြောင့် ပေါ်လာတဲ့ ဥပေက္ခာ ဝေဒနာကလေးဟာလဲတဲ့ အနိစ္စဘဲလို့ သိပါဆိုတော့ ဥပေက္ခာ ဝေဒနာက ဖြစ်ပျက်အနိစ္စ၊ ရှုတာက မဂ္ဂဆိုသဖြင့်တဲ့ ဥပေက္ခာ ဝေဒနာ ပေါ်တိုင်း ပျက်တိုင်းမသိလို့ရှိယင် မသိတဲ့ အဝိဇ္ဇာက လာမှာဖြစ်နေတော့ ယခုတော့ သူ့အကြောင်းက အနိစ္စမို့ ဥပေက္ခာဝေဒနာ အနိစ္စလို့ တကာတကာမတွေက ရှုလိုက်တော့ သိနေတော့ အဝိဇ္ဇာလဲ ချုပ်သွားတယ်.. ( မှန်ပါ့ )။

ဒါဖြင့် အဝိဇ္ဇာချုပ်တော့ သင်္ခါရက မချုပ်ဘူးလား.... (ချုပ်ပါတယ်ဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ဥပေက္ခာရှုပြန်လဲ အစကပြတ်တယ်....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ဘယ်က ပြတ်သလဲ .... ( အစကပြတ်ပါတယ် ) အစကပြတ်တယ်....(မှန်ပါ့)။

ဘယ်ဝေဒနာရှုလိုက်တာတုံး....(ဥပေက္ခာဝေဒနာ ရှုလိုက်တာ ပါ ဘုရား)။

ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှုလိုက်တာ အကြောင်းအကျိုး နဲ့တကွ သိမ်းဆည်းပြီးသကာလ ရှုလိုက်တာ တကာတကာမတွေ အဝိဇ္ဇာနုသယချုပ်ပါတယ်....( မှန်ပါ့ ) သဘောပါပလား.... (ပါ-ပါပြီ) မချုပ်ပါနဲ့ဆိုလို့....(မရပါဘုရား)။

မရဘူး၊ အဝိဇ္ဇာချုပ်တော့ သူမှမရှိလို့ရှိယင်ဖြင့် သင်္ခါရက ငါချည့် ခန္ဓာဖြစ်အောင် လုပ်ဦးမယ်ဆိုလို့ ရပါ့ဂလား.... (မရ ပါဘုရား)။

မရဘူးတဲ့၊ 'အဝိဇ္ဇာနိရောဓာ သင်္ခါရ နိရောဓော'သာ ဖြစ်ရ တယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

အဝိဇ္ဇာ နိရောဓာ .... ( သင်္ခါရနိရောဓောပါဘုရား ) အဲ.... သင်္ခါရ နိရောဓော ဆိုကတည်းက ဘဝဖြစ်တဲ့ ဝိညာဏ်တွေ လာ သေးရဲ့လား....(မလာပါဘုရား)။

အဲ.... " သင်္ခါရ နိရောဓာ ဝိညာဏ နိရောဓော " ဆိုတော့ ဝိညာဏ်မချုပ်ဘူးလား .. (ချုပ်ပါတယ်ဘုရား)။

အဲဒီမှာ ထင်ရှားရှိတော့ တကာ တကာမတို့ ဒီကာလနဲ့လဲ ကြည့်တဲ့ အဓိပ္ပါယ်၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဝေဒနာ သံယုတ်မှာ ဟောပြန်တော့ အကြောင်းနှစ်ခု ပေါင်းပြီး ဖြစ်တဲ့ အကျိုးတခုသည်ကားလို့ဆိုယင် တကာလထဲ ချုပ် တာ ဘဲ.... (မှန်ပါ့) တကာလထဲနော် ..၊ ပစ္စုပ္ပန်တကာလထဲမှာ ဖြစ်သည်။ တကာလထဲမှာဘဲ ချုပ်သည်....၊ ပေါ်ကြပလား.... ( ပေါ်ပါပြီ ဘုရား )။

အကြောင်းနှစ်ခုကလဲ ပစ္စုပ္ပန်ကာလဘဲ.... ( မှန်ပါ ) ပေါ်လာတဲ့ အကျိုးကလေးကကော.... (ပစ္စုပ္ပန်ကာလပါဘဲ)။

အကြောင်းချုပ်သွားတာလဲ ပစ္စုပ္ပန်ကာလဘဲ၊ အကျိုးချုပ်တာကော....(ပစ္စုပ္ပန်ကာလပါဘဲဘုရား)။

အဲဒီကာလကို ဒီလိုကာလကလေးနဲ့လဲ မင်းတို့ ကွာ....တဲ့....၊ အာဂမေယျ=ဆိုင်းငံ့ပြီးသကာလ ရှုလိုက်လို့ရှိယင်ဖြင့် ဥပေက္ခာ ရှုလိုက်တော့ အဝိဇ္ဇာနုသယ သေသကွ.. တဲ့....( မှန်ပါဘုရား ) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ဥပေက္ခာရှုလိုက်တော့....(အဝိဇ္ဇာနုသယသေပါတယ်ဘုရား)။

အဝိဇ္ဇာနုသယသေတယ်ဆိုကတည်းက တကာတကာမတွေက မှတ်လိုက်တာပေါ့- " အဝိဇ္ဇာနိရောဓာ သင်္ခါရ နိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ နိရောဓော " ဆိုတော့ ဩော်. ပဋိစ္စ သမုပ္ပါဒ်ကြီးဟာ အဝိဇ္ဇာက စ,တာ၊ အစကပြတ်တယ်....(မှန်လှပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ခုနင်ကတုန်းက အစ,က ပြန်ကြဦးစို့၊ သုခဝေဒနာရှုတုန်းက ပဋိစ္စသမုပ္ပါဒ်အလယ်က ပြတ်တယ်.... ( မှန်ပါ ) ဒုက္ခဝေဒနာရှုတုန်းက ပဋိစ္စသမုပ္ပါဒ်အဆုံးနားက ပြန်မပတ်နိုင်အောင်ဘဲ ပြတ်ထွက်သွားတယ်ဆိုတာ သဘောပါပလား.... (ပါ-ပါပြီ)။

ပြန်ပြောကြစမ်း....တဲ့၊ သုခဝေဒနာ ရှုလိုက်တဲ့အခါ ပဋိစ္စ သမုပ္ပါဒ် ဘယ်ကပြတ်သတုံး.... (အလယ်က ပြတ်ပါတယ်ဘုရား) တဏှာ ဥပါဒါန်ဆိုတော့ ကာမရာဂါနုသယက စ,ပြတ်တယ်.... (မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တခါ ဒုက္ခဝေဒနာကို ရှုလိုက်ပြန်တော့ကော ဘယ်ကနေ စ, ပြတ်သတုံး ( အဆုံးကနေပြတ်ပါတယ် ) ပေါ်ကြပြီနော်.... (ပေါ်ပါပြီဘုရား)။

တခါသွားပါဦး....တဲ့၊ ဥပေက္ခာဝေဒနာကို တကာတကာမ တွေက အကြောင်းချုပ်လို့ အကျိုးချုပ်တယ်လို့ သိ,သိ-သိ,သိ ပြီး နေလို့ ဥပေက္ခာဝေဒနာပေါ်-ပျောက်သည်ကို တကာ တကာ မတွေက ရှုလိုက်ပြန်လို့ ရှိယင်လဲ .... တဲ့၊ အဝိဇ္ဇာနုသယက နောက်ကဖြတ်ပစ်လိုက်ပြန်တော့ အဝိဇ္ဇာချုပ်တော့ ပဋိစ္စသမုပ္ပါဒ် အစကနေ ချုပ်ပြန်တယ်ဆိုတဲ့ဥစ္စာ အထင်အရှား ဖြစ်နေတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် မှတ်လိုက်ကြစမ်းပါ၊ ဝေဒနာနုပဿနာကို ဘုရား ဟောတော်မူခြင်းသည် လောဘ, ဒေါသ, မောဟ သေဘို့.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ့်နှယ်ကြောင့်တုံး.... ( လောဘ ဒေါသ မောဟ သေဘို့ ပါဘုရား )။

ဒါက ဝေဒနာသုံးပါးသာ လှည့်ရှုနေ....(မှန်ပါ့) လောဘ, ဒေါသ, မောဟ မသေပါနဲ့ဆိုလို့ ရသေးရဲ့လား.... ( မရပါ ဘုရား )။

အဲဒါကြောင့် လောဘဟာ တကာတကာမတွေ၏ သံသရာ ရေသောက်မြစ်....(မှန်ပါ့) ဒေါသဟာလဲ ဒီအတိုင်းဘဲ၊ မောဟ ဟာလဲ ရေသောက်မြစ်ဆိုတော့ မောင်ချစ်စိန် ရေသောက်မြစ် သုံးခုပြတ်သွားပြီ....(မှန်ပါ့)ခန္ဓာပင်ပေါက်စရာ ရှိသေးရဲ့လား.... (မရှိပါဘုရား)။

ခန္ဓာပင်မှ မပေါက်ဘဲနဲ့ ခန္ဓာအို၊ ခန္ဓာနာ၊ ခန္ဓာသေဆိုတာ တွေကော....(မလာပါဘုရား) မလာနိုင်တော့ဘူးဆိုတဲ့အဓိပ္ပါယ် ရှင်းသွားပါတယ်....(မှန်ပါ)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် " ကာလံ အာဂမေယျ " ဆိုတဲ့ အတိုင်းတဲ့ ကာလနဲ့ ရှုလိုက်ပြန်လို့ ရှိယင် လဲ အကြောင်းနဲ့ အကျိုးဆက်ဆက်ပြီး သကာလ အကြောင်း ချုပ်လို့ အကျိုးချုပ်တာဘဲ၊ အလကား ချုပ်တာ မဟုတ်ဘူး။ ဖြစ်စေတဲ့ အကြောင်းကိုက အနိစ္စမို့ ဖြစ်စေတဲ့ အကျိုးအနိစ္စလို့ နေ့တိုင်း မင်းတို့ ဝေဒနာသုံးပါးလှည့်ရှုစမ်းပါတဲ့....( မှန်ပါ ) ဒီလိုဆိုယင်လဲ လောဘ ဒေါသ မောဟ သေပါတယ်၊ အနုသယ သုံးပါးသေပါတယ်....တဲ့....(မှန်ပါ) ပေါ်ကြပလား.... ( ပေါ် ပါပြီဘုရား )။

အနုသယ ဘယ်နှစ်ပါးသေသလဲ .... ( သုံးပါးသေပါတယ် ဘုရား ) သုံးပါးလဲ ဘယ်သူ -ဘယ်သူတုံး ဆိုတော့ လောဘ၊ ဒေါသ၊ မောဟပါဘဲ....( မှန်ပါ ) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သတ္တဝါတို့၏ ရေသောက်မြစ်ကလဲ ဘယ်သူတုံး.... (လောဘ ဒေါသ မောဟပါဘုရား)။

လောဘ ဒေါသ မောဟ သေပါတယ်ဆိုကတည်းက ဒီတ ရားဟာ စိတ်ကိုပါ ရှုနိုင်ပါတယ်လို့သာ ဆုံးဖြတ်ချက်ချပါ.... (မှန်ပါဘုရား)။

အကုန်ပါတာဘဲ၊ ဝေဒနာရှုလဲ စိတ်ပါတာဘဲနော်....(မှန်လှ ပါဘုရား) ကြိုက်ရာကိုသာ ရှု....(မှန်ပါ) ပေါ်လို့ ကိုယ့်ဉာဏ်

ထဲ ထင်မြင်တာကို ရှုပေးပါ....(မှန်ပါ့) သဘောပါကြလား.... (ပါ-ပါပြီဘုရား)။

ကောင်းပြီ .. ဒါဖြင့် ကွာ... တဲ့၊ ငါ မင်းတို့ကို ဥပမာကလေး နဲ့ ပြပါဦးမယ်၊ ဒီဝေဒနာကို ရှုနည်းကိုဆိုတော့ ရှေးကတော့ အခုလို ဓါတ်မီးတွေက မရှိတော့ ဆီခွက်ထဲ ဆီမီးခွက်ထဲ တကာ တကာမတွေ ဆီကလေးထည့်တယ်၊ မီးစာကလေးထည့်တယ်၊ပြီး တော့ မီးထွန်းတယ်-နော်....(မှန်ပါ့)။

အဲဒီတော့ ဆီမီးခွက်ထဲ ဆီထည့်၊ မီးစာထည့် မီးညှိတယ်.... မောင်သစ်....(မှန်ပါ့)။

အဲဒီမှာ ဆီကလဲ နဂိုရ်က ပျောက်ပျက်တတ်တဲ့ ခန်းတတ်တဲ့ တရား....(မှန်ပါ့) မီးစာကလဲ မီးလောင်လို့ရှိယင် ပျောက်တတ် ပျက်တတ်တဲ့တရား....(မှန်ပါ့)။

အဲဒီတော့ ဆီနဲ့ မီးစာတွေဟာ အနိစ္စ ပျောက်ပျက်တတ်တဲ့ တရားက ဖြစ်စေတဲ့ မီးကျမှ ခိုင်ချင်-မြဲချင်လို့တော့မရဘူး ကွ-**တဲ့**-(မှန်ပါ့)။

ဘုရားက ဥပမာပေးလိုက်တယ်....( မှန်ပါ့ ) ဒီ-သုတ်မှာဘဲ ပေးလိုက်တာဘဲ... (မှန်ပါ့ဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဆီကလဲ အနိစ္စ၊ မီးစာ ကလဲ့ အနိစ္စဆိုတော့ မီးကျမှ နိစ္စဆိုချင်လို့ ဘယ့်နှယ်ဆိုကြမလဲ (မရပါဘုရား)။

နိစ္စ-ဆိုတဲ့ ခိုင်မှု-မြဲမှု ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးကွတဲ့... ။

ဘာ့ကြောင့်တုံးဆိုတော့ ဆီကလဲအနိစ္စ၊ မီးစာကလဲအနိစ္စဖြစ်နေတော့ မီးကျမှ ခိုင်ချင်တယ်၊ မြဲချင်တယ်၊ တည်တန့်ချင်တယ်ဆိုလို့ ရှိယင်ဖြင့်တဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူး-ဟေ့....တဲ့....( မှန်လှပါဘုရား ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒီမှာလဲ ဝေဒနာက္ခန္ဓာကြီးဟာ ဆီနဲ့တူတဲ့ ကိုယ်ကလဲ အနိစ္စဟုတ်လား....(မှန်ပါ့) မီးစာနဲ့တူတဲ့ ဖဿကကော.... (အနိစ္စပါဘုရား)။

အနိစ္စဖြစ်နေတော့ မီးနဲ့တူတဲ့ ဝေဒနာက္ခန္ဓာသဘောကြီးတွေက မောင်သစ်တို့ ခိုင်ချင်၊ မြဲချင်၊ တည်တန့်ချင်လို့ ရကြပါ့မလား....(မရပါဘုရား)။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက တယ်လဲ ဥပမာအပေးကောင်းပါကလား....(မှန်ပါ့)။

ဥပမာပေး အင်မတန်ကောင်းတော့ ဟုတ်လဲ ဟုတ်ပြီးသကာလ နေတယ်၊ အကြောင်းကလဲ မှန်နေတယ်ဆိုတော့ တကာတကာမတို့ ခန္ဓာကိုယ်ထဲမှာ ကိုယ်တည်းဟူသော ဆီ၊ မီးစာတည်းဟူသော ဖဿ၊ သူတို့နှစ်ခုက ဖြစ်စေတဲ့ မီးနဲ့တူတဲ့ ဝေဒနာဟာ မောင်ချစ်စိန် ဘယ်နည်းနဲ့ ခိုင်မလဲ....(မခိုင်ပါဘုရား)။

ဘယ့်နှယ်ကြောင့်လဲ ဆီက အနိစ္စ၊ မီးစာကလဲ.. (အနိစ္စပါဘုရား) မီးဟာလဲ ဘယ့်နှယ်တုံး... (အနိစ္စပါဘုရား)။

**အဲ**....ထို့အတူဘဲ ကိုယ်ကလဲ အနိစ္စ၊ ဖဿကလဲ အနိစ္စဆိုတော့ ဖဿကြောင့် ဖြစ်တဲ့ ဝေဒနာသုံးမျိုးစလုံး ဘယ့်နှယ်ဆိုကြမသဲ-(အနိစ္စပါဘုရား)။

အနိစ္စချည့်ဘဲလို့ တကာတကာမတွေက ရှုကြမယ်၊ မှတ်ကြမယ်ဆိုလို့ ရှိယင်ဖြင့် ကွာ .... **တဲ့**၊ ဒါ နိဗ္ဗာန်ပေါက်ပါတယ်-တဲ့....(မှန်ပါ့)။

နိဗ္ဗာန်ပေါက်တယ် - မပေါက်ဘူးဆိုတာ ကတော့ အားလုံး တကာတကာမတွေ ဉာဏ်နဲ့ စဉ်းစားကြည့်တော့ ကိုယ့် ပဋိစ္စသမုပ္ပါဒ် ကိုယ်ရှင်းကြည့်လိုက်တဲ့ အခါကျတော့မှ ဩော်....သုခဝေဒနာရှိတော့ လောဘရှုပ်တယ်၊ ဒုက္ခဝေဒနာရှိတော့ ဒေါသရှုပ်တယ်၊ ဥပေက္ခာဝေဒနာရှိတော့ မောဟရှုပ်တယ် ဆိုတော့ လောဘ, ဒေါသ, မောဟကြောင့် ခက်နေတာကိုး....( မှန်လှပါဘုရား )။

လောဘ, ဒေါသ, မောဟကြောင့်သာ သံသရာခရီးသည်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ မျောလိုက်၊ ပြောလိုက် မျက်ရည်ကြီးငယ်ကျလိုက်၊ အရိုးတောင်နှယ် ပုံလိုက်၊ ဒီလို ဖြစ်နေတာ.... (မှန်ပါ့) ဒီလောဘ, ဒေါသ, မောဟတွေကနော်....( မှန်လှပါဘုရား )။

အခုတော့ ဒါတွေက ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဟာ....ဝေဒနာဖြစ်ပျက်၊ သုခဖြစ်ပျက် ရှုလိုက်တော့ ကာမရာဂါနုသယဆိုတဲ့ လောဘ....(မှန်ပါ့) ဒုက္ခဝေဒနာရှုလိုက်တော့ ပဋိဃာနုသယဆိုတဲ့ ဒေါသ မသေဘူးလား ... ( သေပါတယ် ) ဥပေက္ခာရှုလိုက်တော့ အဝိဇ္ဇာနုသယဆိုတဲ့ မောဟ .... (မှန်ပါ့) မသေဘူးလား .. (သေပါတယ်ဘုရား)။

သောတော့ တကာတကာမတွေ လောဘ ဒေါသ မောဟ, ဟာ ကျုပ်တို့၏ ရန်သူအကြီးဆုံး ဆိုတော့ ဒီဝေဒနာ သုံးခုကို

ပေါ်ရာ လိုက်ရှုနေလိုက်လို့ရှိယင် ရန်သူအကြီးဆုံး သုံးယောက်ကို မဂ်က သတ်ပေးတယ်....(မှန်ပါ့)။

ဘယ်သူက သတ်ပါလိမ့်....(မဂ်က သတ်ပါတယ်ဘုရား)။

မဂ်က သတ်ပစ်လိုက်တော့ကိုတဲ့ မဂ်သည် ကိလေသာ သတ်တယ်ဆိုတဲ့ ဟာ ဒီမှာ ပေါ်လာတယ်- .... ( ပေါ်ပါတယ်ဘုရား )။

မဂ်ဟာ-တကာတကာမတို့ ဘာတဲ့... ( ကိလေသာ သတ်ပါတယ်ဘုရား )။

ကိလေသာ သတ်တယ်လို့ဆိုတဲ့ အတိုင်းလည်း ကိလေသာ သုံးမျိုးကုန်သွားတယ်....(ကုန်ပါတယ်ဘုရား)။

ကိလေသာ သုံးမျိုး....( ကုန်သွားပါတယ်ဘုရား ) ကုန်သွားတော့ နာမည်ပြောင်းထားတာပါနော်....(မှန်ပါ့)။

“ ကာလံ အာဂမေတ္ဗာ ဥပ္ပဇ္ဇတိတိ အတ္တော ” .... ဆိုတဲ့ အတိုင်း ခန္ဓာကိုယ်လှည့်လည်သုံးနေမယ် ဆိုတော့ အခုတော့ ကိုယ်ပါ အနိစ္စ၊ ဖဿပါအနိစ္စဆိုတော့ ဘယ်ဟာ ကျုပ်တို့ဟာ ခင်တာပါသေးသတုံး....(မပါ-ပါဘုရား)။

အဲဒီတော့ အနုသယ ဘယ်သွားကိန်းမလဲ .... ( မကိန်းပါဘုရား ) ကိန်းစရာရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ကိုတဲ့ ငါပေးတဲ့ ဥပမာအတိုင်းသာ မင်းတို့ မှတ်ကြပေတော့တဲ့၊ ကိုယ့်ဝမ်းထဲတည်တဲ့ ဆီကလဲ အနိစ္စ၊ မီးစာကလဲ အနိစ္စ၊ အလင်းနဲ့တူတဲ့ ဝေဒနာသည် ဘယ်မှာသာလျှင် နိစ္စဖြစ်နိုင်ပါ့မလဲ အနိစ္စသာကနေ်ဘဲလို့ မင်းတို့သိလိုက်လို့ရှိယင် တခါ

တည်းကွာတဲ့ လောဘ ဒေါသ မောဟဆိုတဲ့ သံသရာ ရေသောက်မြစ်ကြီး သုံးခုဟာ သံသရာဒုက္ခ ပေးလေသမျှ ရေသောက်မြစ်သုံးခုကဆိုတဲ့အတိုင်း ရေသောက်မြစ် သုံးခုဟာ ပြတ်တောက်ပြီး ထွက်သွားတယ်ဆိုတာ တကာတကာမတွေ့ ရှင်းသွားပြီ.... (ရှင်းပါပြီဘုရား) မရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

အေး....ရှင်းသွားတော့ကိုတဲ့ ငါ နိဗ္ဗာန်ရောက်ပုံကလေးကိုပါ ပြောပါမယ်ကွာ....တဲ့ .... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီ)။

နိဗ္ဗာန်ရောက်ပုံကလေးကို မင်းတို့ကို ငါရှင်းပြဦးမယ်ဟေ့.... တဲ့....။ ဒီဝေဒနာ ဒီဘက်က သေတော့ ကူညီနိုင်သေးရဲ့လား (မကူညီနိုင်ပါဘုရား) အနုသယသုံးပါးသေကြသကွ....တဲ့။ အနုသယသုံးပါးသေတော့ကို အနုသယသုံးပါးက နောက်က သေတာ၊ ဝေဒနာက ရှေ့က သေတာ....(မှန်ပါ့) မဟုတ်ဘူးလား- (ဟုတ်ပါတယ်ဘုရား)။

အနုသယသုံးပါးက နောက်က သေတာ မဟုတ်ဘူးလား.... (မှန်ပါ့) ဝေဒနာက....(ရှေ့က သေတာပါဘုရား)။

အဲ....ဝေဒနာက ရှေ့ကသေတော့ ဝေဒနာက ဖြစ်ပျက်၊ ရှုတာကမဂ်၊ သေတာက အနုသယပေါ့.... ( မှန်ပါ့ ) ဒီအတိုင်း မနေဘူးလား .. (မှန်ပါ့)။

ဝေဒနာက ဖြစ်ပျက်၊ ရှုတာက....( မဂ်ပါဘုရား ) သေတာက....(အနုသယပါဘုရား)။

သေတာက အနုသယတွေဖြစ်ပြီးသကာလ နေပါတယ်.... ကွာ- တဲ့....(မှန်ပါ့)။

အဲဒီတော့ မင်းတို့ စဉ်းစားကြည့်ပါတဲ့....၊ ဒီအနုသယတွေက ပေါ်ပြီးတော့၊ သေတဲ့သဘောမဟုတ်ပါဘူးတဲ့၊ မလာဘဲနဲ့ သေတဲ့ သဘောပါတဲ့....(မှန်ပါ)။

ဘယ့်နှယ်တုံး....၊ ပေါ်ရသေးရဲ့လား၊ သူတို့က.... (မပေါ်ရပါဘုရား)။

ကြည့်ပါလားကွ၊ မင်လာတယ်ဆိုကတည်းက တဏှာလာသေးရဲ့လား....(မလာပါဘုရား) အဝိဇ္ဇာကော....( မလာပါ ) လောဘကော....(မလာပါဘုရား) သူတို့က မလာဘဲနဲ့ သေတာကွ-တဲ့ . (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ပေါ်ခွင့် မရဘဲနဲ့ ဘာတုံး....(သေပါတယ်ဘုရား)။

ဒါမှတ်ထားလိုက်စမ်းပါတဲ့၊ ပဋိစ္စသမုပ္ပါဒ်ကြည့်ပါ၊ ခင်ဗျားတို့ ၂-နဲ့ ၃-မကူးရအောင် ကြိုးကလေးဖြတ်လိုက်တဲ့ မင်ကလေးဝင်လာတော့ ကာမရာဂါနုသယသဲ မလာ၊ ပဋိဃာနုသယလဲ.... (မလာပါဘုရား) အဝိဇ္ဇာနုသယကော....(မလာပါဘုရား)။

မလာဘူးတဲ့၊ အဲဒီတော့ကိုတဲ့ ရှုတဲ့ယောဂီပုဂ္ဂိုလ်က ကဲ-ကွာ ဝေဒနာတွေကဖြင့် အကြောင်းအနိစ္စမို့ အကျိုးအနိစ္စလို့မြင်ပြီး အကြောင်းဒုက္ခမို့ အကျိုးဒုက္ခလို့မြင်ပြီး အကြောင်း အနတ္တမို့ အကျိုးအနတ္တလို့မြင်ပါပြီ....တဲ့၊ ဒီဝေဒနာတွေကို.... ( မှန်ပါဘုရား )။

မြင်တဲ့အခါကျတော့ ဒီဝေဒနာတွေမြင်လို့ ယထာဘူတဉာဏ်ရပါတယ်၊ ဒီဝေဒနာတွေပင်လျှင် သတ္တဝါတွေ သေသမျှ သူတို့သုံးဦး နှိပ်စက်တာဘဲ....(မှန်ပါ)။

သတ္တဝါသေလေသမျှ .... (ဒီ သုံးဦးနှိပ်စက်တာပါဘဲဘုရား) သုံးဦးနှိပ်စက်တာဘဲ၊ ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဝေဒနာနဲ့သေကြတာယ်မဟုတ်လား....(မှန်ပါ့)လူတယောက် သေတယ်ဆို ဘာဝေဒနာ တုံးလို့ ဝေဒနာဘဲ မေး တာ ဘဲ.... (မှန်ပါ့)လူမေးရသလား၊ ဝေဒနာမေးရသလား....(ဝေဒနာမေး ရပါတယ်ဘုရား)။

ဟာ....ဒါဖြင့် လောကကြီးထဲမှာ သုံးဆယ့်တဘုံမှာ အသက် အရှယ်တွေကြီးတဲ့ ပုဂ္ဂိုလ်ဟူသ၍မှာဖြင့် မောင်သစ် ဝေဒနာဟာ သေမင်းဘဲ....(မှန်ပါ့) သတ်တဲ့သေမင်းဘဲ....(မှန်ပါ့) သဘော ပါကြပလား....(ပါ-ပါပြီ)။

ဝေဒနာဟာ ဘာခေါ်ကြမယ်....(သတ်တဲ့သေမင်းပါဘုရား) သတ်တဲ့သေမင်းဘဲဆိုတာ အတော်ရှင်းသွားပါတယ်....(မှန်လှပါ ဘုရား)။

အဲဒီတော့ ဒီဝေဒနာကို ကျုပ်တို့ကဖြစ်ပျက် မြင်လိုက်တယ်၊ ဒီဝေဒနာဘဲ ဖြစ်ပျက်မှန်းလိုက်တယ်၊ ကျုပ်တို့က ဒီဝေဒနာ တွေကိုဖြင့် မင်းဟာ ဒုက္ခသစ္စာတွေဘဲ၊ မင်းကိုတော့ နည်းနည်းမှ ဒို့ မလိုချင်-မရချင်ပါဘူး၊ သူသတ်ယောက်ျားမှန်းသိပါတယ် ဆို တော့ ဝေဒနာက အယင်ချုပ်တယ်....(မှန်ပါ့) မချုပ်ဘူးလား- (ချုပ်ပါတယ်ဘုရား)။

ဝေဒနာချုပ်သွားတော့ကိုတဲ့ ခန္ဓာကိုယ်ထဲမှာ ငြိမ်းအေး သွားတယ်....(မှန်ပါ့)။

ဝေဒနာချုပ်သွားတော့.... (ငြိမ်းအေးသွားပါတယ်ဘုရား)။

ငြိမ်းအေးသွားတယ်တဲ့၊ အဲဒီတော့ .... အဲဒီ ငြိမ်းအေးသွား

တော့ ဘယ့်နှယ်ကြောင့် ငြိမ်းအေးသွားပါလိမ့်မတုံး ဆိုတော့ သူသတ်ယောကျ်ားတွေ မရှိတော့ ငြိမ်းအေးပြီးသကာလ သွားတော့ လောကီ....ဥပမာ ငါပြလိုက်ပါဦးမယ်- ကွာ ... တဲ့၊ အိုးသည် အိုးတွေဖုတ်တဲ့အခါကျတော့ အိုးဖိုထဲကနေပြီး ညှပ်ကြီးနဲ့ ပြင်ဘက်ထုတ်တဲ့အခါကျတော့ အိုးတွေဟာ အိုးတော့ ရှိတော့ရှိတာဘဲတဲ့ အပူဓာတ်တွေ ငြိမ်းသွားတယ်....(မှန်ပါ့)။

အပူဓာတ်တွေ ဘယ့်နှယ်တုံး.... (ငြိမ်းသွားပါတယ်ဘုရား)။

ထို့အတူဘဲတဲ့ ဝေဒနာမရှိတော့ ဝမ်းထဲက အပူဓာတ်တွေဟာ ငြိမ်းသွားခြင်းကြောင့် ဝေဒနာချုပ်အောင် ရှုနိုင်ယင် ဝမ်းထဲ အေးသွားတာဘဲ .... ( မှန်ပါ့ ) သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဝေဒနာချုပ်အောင် ရှုနိုင်ယင်.... (အပူဓာတ်တွေ အေးသွားပါတယ်ဘုရား)။

ဝမ်းထဲအေးသွားတယ်၊ နဂိုရ်က အိုးဖိုထဲတုန်း ကတော့ ပူနေမှာပေါ့....( မှန်ပါ့ ) နောက်ပြင်ဘက်ကျတော့ ဒါကလေးတွေ ထုတ်လိုက်တဲ့အခါကျတော့ ဘယ်သူက အေးအောင် လုပ်ရသေးတုန်းဆိုတော့ တကာတကာမတွေ သိတဲ့အတိုင်းတဲ့ ပြင်ဘက်ရောက်ပြန်တော့လဲ အေးသွားတာဘဲ....(မှန်ပါ့)။

ထို့အတူဘဲတဲ့ ဝေဒနာချုပ်အောင် ရှုနိုင်လို့ရှိယင် ဝမ်းထဲမှာ အေးရမယ်....(မှန်ပါ့)။

ဝမ်းထဲမှာ အေးသွားတော့ ဘုရားက ဟောထားတယ်၊အေးငြိမ်းတာ မုချဖြစ်စေနိုင်တယ်-ကွ....တဲ့....(မှန်ပါ့)။

အဲဒီ အေးငြိမ်းတာသည်ပင်လျှင် မင်းတို့သည်ကားလို့ဆိုယင် ဝေဒနာချုပ်သွားတာကနိဗ္ဗာန်၊အေးငြိမ်းတာက ကိလေသာသိမ်း

တာဘဲတဲ့ .... (မှန်ပါ့)ရှင်းပလား .... ( ရှင်းပါပြီဘုရား )။ ဝေဒနာချုပ်တာက.... ( နိဗ္ဗာန်ပါ ) အေးငြိမ်းသွားတာက .... (ကိလေသာသိမ်းတာပါ) ကိလေသာ သိမ်းတော့ ဒါ မဂ်ဉာဏ် ပေါ်တယ် .. (မှန်ပါ့ဘုရား)။

ကိလေသာသိမ်းတော့ မဂ်ဉာဏ်ဘဲ၊ အေးငြိမ်းတာဘဲဆိုတာ မပေါ်လာသေးဘူးလား... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းတို့ ဒီဝေဒနာ ရှုလို့ရှိယင်ဖြင့် ဒီလိုဘဲ အေးငြိမ်းနိုင်ပါတယ်၊ အေးငြိမ်းသည် တိုင်အောင် မင်းတို့ ယထာဘူတဉာဏ်နဲ့ကြည့်၍ နိဗ္ဗိန္ဒာဉာဏ်နဲ့ လိုက်၊ မဂ်ဉာဏ်နဲ့ မလိုချင်တဲ့သဘောနဲ့သာ မင်းတို့ရှုလို့ရှိယင် ဝေဒနာအကုန်သိမ်းသွားမယ်၊ အေးသွားတာဘဲတဲ့ ....(မှန်ပါ့) သဘောပါကြပလား ...(ပါ-ပါပြီဘုရား)။

ဝေဒနာ အကုန်သိမ်းယင်....(အေးသွားပါတယ်ဘုရား)အေး သွားတယ်ဆိုတဲ့ သဘောသည် တကာတကာမတွေ ဘာဖြစ်လို့ အေးရသတုံးဆိုတော့ နှိပ်စက်တတ်တဲ့ သေမင်းပျောက်သွားလို့ အေးတာတမျိုး... (မှန်ပါ့ဘုရား)။

သေမင်း၏ အဖော်တွေဖြစ်တဲ့ သေမင်းအားကိုးဖြစ်တဲ့ ကာမ ရာဂါနုသယ, ပဋိဃာနုသယ, အဝိဇ္ဇာနုသယဆိုတဲ့ အနုသယ သုံးပါးကော နောက်က သေဦးမယ်....( မှန်ပါ့ ) မသေပေဘူး လား....(သေပါတယ်ဘုရား)။

အဲဒီတော့ ဝေဒနာတည်းဟူသော သေမင်းသည် သေလို့လဲ အေးချမ်းသွားတယ်....(မှန်ပါ့) နောက်က သေမင်း၏ အဖော် တွေ မလာလို့လဲ မောင်ချစ်စိန် အေးချမ်းသွားတယ်-(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ဝေဒနာတည်းဟူသော သေမင်းတွေ မရှိသောကြောင့်လဲ.... (အေးပါတယ်ဘုရား) အေးငြိမ်းသွားတယ်။

သေမင်း၏ အဖေါ်တွေ အကူအညီမရသောကြောင့်လဲ .... (အေးငြိမ်းသွားပါတယ်ဘုရား)။

အေးငြိမ်းသွားတယ် ဆိုတော့ တကာတကာမတို့ မဂ်ဉာဏ်ဟာ အေးငြိမ်းခြင်း လက္ခဏာရှိတယ်ဆိုတဲ့ အဓိပ္ပါယ်တွေဟာ ပေါ်နေတယ်....(မှန်ပါ့) မပေါ်လာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ကဲ ...ဒါဖြင့် တကာတကာမတို့ မဂ်ဉာဏ် ပေါ်လာတော့ အေးတယ်ဆိုတာ မဂ်ဉာဏ်က အေးတာမဟုတ်၊ နိဗ္ဗာန်က အေးတာလို့ မှတ်လိုက်....(မှန်ပါ့)သဘောပါကြပလား.... (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဘယ်လိုရှုရမှာတုံး မေးစရာမလိုဘူး၊ သူခလာလဲ ဖြစ်ပျက်ရှုရုံဘဲ....(မှန်ပါ့ဘုရား)။

အဲဒီ ဖြစ်ပျက်ကဘာတုံး၊ သူ့အကြောင်းက ဖြစ်ပျက်မို့ သူလဲ ဖြစ်ပျက်.... (မှန်ပါ့) သဘောကျပလား .... ( ကျပါပြီ ) ဒုက္ခလာလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အင်း.... ဘယ့်နှယ်ကြောင့် ဖြစ်ပျက် သွားပါလိမ့် .... (သူ့အကြောင်းက ဖြစ်ပျက်မို့ သူလဲဖြစ်ပျက်ပါ) သူ့အကြောင်းနှစ်ခုကိုက ဖြစ်ပျက်မို့ သူ့အကျိုးတရားဟာ .... (ဖြစ်ပျက်ပါဘုရား)။

အဲ... ဥပေက္ခာ ဝေဒနာလာလဲ ဘယ်လိုလုပ်ကြမယ်... (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်ဘဲ ရှုရမယ်တဲ့....(မှန်ပါ့ဘုရား)။

အင်း .... သံသယရှိလာယင် ဘယ်လိုဉာဏ်နဲ့ သိမ်းရမယ်.... (သူ့အကြောင်း ဖြစ်ပျက်မို့ သူလဲဖြစ်ပျက်ပါဘုရား)။

သူ့အကြောင်းနှစ်ခုကိုက ဖြစ်ပျက်မို့ သူကလဲ ဖြစ်ပျက်ရတာဘဲ(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဤကဲ့သို့ ရှုရှု- ရှုရှုပြီးသကာလ နေလိုက်လို့ရှိယင်ဖြင့် အနုသယသုံးပါးဟာ နောက်က အကုန်သေပါတယ် .... ( မှန်ပါ့ ) မသေဘူးလား....(သေပါတယ်)အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်ဘူးလား ..(ပြတ်ပါတယ်ဘုရား)။

ဒါ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးပြတ်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟာ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့အချိန်မှာ ဘုရားဖြစ်တယ်.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘုရားဘယ်အချိန် ဖြစ်ပါလိမ့်....(ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့အချိန်မှာ ဖြစ်ပါတယ်ဘုရား)။

တဏှာပြတ်တဲ့အချိန်, ဒေါသပြတ်တဲ့အချိန်, မောဟပြတ်တဲ့အချိန်မှာ သူသည် ဘာဖြစ်ရသတုံး .... (ဘုရားဖြစ်ရပါတယ်ဘုရား)။

ဩြော် ...သူ့မှာ မဂ်ဉာဏ်ဘာ ဒါတွေဖြတ်လိုက်တဲ့ အခါကျမှ သဗ္ဗညုတဉာဏ်ကပေါ်လာတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ယနေ့ တရားနာရမှုသည် ထူးထူးခြားခြား နိဗ္ဗာန်လဲပေါ်လာတယ်၊ အနုသယသိမ်းပုံလဲ ပြတယ်၊ အကြောင်းအနိစ္စမို့ အကျိုးအနိစ္စလို့ ဘုရားကဟောတော့ ကာလတပိုင်းနက် ရှုမှုကိုလဲ သိစေလိုလို့ဟောတယ် .... (မှန်ပါ့)ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ကာလတပြိုင်နက်ကြည့်ပါ၊ အကြောင်းကာလနဲ့ အကျိုးကာလတို့ တပြိုင်နက်ဘဲမဟုတ်လား....(တပြိုင်နက်ပါဘုရား)။

အကြောင်းကာလလဲ ပစ္စုပ္ပန်၊ အကျိုးချုပ်တဲ့ကာလကကော (ပစ္စုပ္ပန်ပါ) အကြောင်းချုပ်တဲ့ ကာလကကော....(ပစ္စုပ္ပန်ပါ) အကျိုးချုပ်တဲ့ ကာလကကော....(ပစ္စုပ္ပန်ပါဘုရား)။

အဲဒီတော့ ဒီကာလကို မင်းတို့ မလွန်အောင် ကြည့်ပေးစမ်းပါ....(မှန်ပါ)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကာလမလွန်အောင် ကြည့်နည်းကတော့ဖြင့် ခုနင်ကအတိုင်း ပေါ်လာရှု-ပေါ်လာရှု- ပေါ်လာရှုယင် ကာလလွန်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ကာလလွန်စရာမရှိလို့ ဖြစ်ယင်ဖြင့် ဝေဒနာဆုံး နိဗ္ဗာန်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ - ဟောကြားတော်မူသော

( ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်နည်း )

# နေ့အလုပ်ပေး-တရားတော်

( ၂၇ - ၉ - ၆၂ )

ဘုရားသခင်ကိုယ်တော်မြတ်ကြီး အလုပ်စဉ်ပြတယ်၊ အလုပ်စဉ်ပြတယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ ခန္ဓာကိုယ်ပေါ်မှာ ဉာဏ်နဲ့ အလုပ်-လုပ်ဘို့ကို ပြမည့်တရားလို့ မှတ်ထားရမယ်။

ခန္ဓာကိုယ်ပေါ်၌ ဉာဏ်နဲ့ အလုပ်–လုပ်ရမည့်တရား၊ ကိုယ့်ခန္ဓာဒုက္ခသစ္စာရှိလျက်နဲ့ကိုယ့်ခန္ဓာမမြင်တဲ့သူကို ကန်းတဲ့ပုဂ္ဂိုလ်လို့ဆိုသည်၊ အန္ဓပုထုဇဉ်လို့ဆိုသည်... (မှန်ပါ့ဘုရား)။

ကိုယ့်ခန္ဓာမှာ ဖြစ်ပျက်နေတဲ့ ဓမ္မတွေ အမှန်ရှိပါလျက်သားနဲ့ ဒီအမှန်ကို မမြင်သေးလို့ရှိယင်ဖြင့် မေးတုန်းကလဲ အကန်းကလေး မေးလာတယ်လို့ မှတ်ရမယ်နော် .... (မှန်ပါ့ဘုရား)။

မမြင်ဘဲနဲ့ သေသွားလို့ ရှိယင်လဲထို့ အတူဘဲ အကန်းကလေး သေသွားတယ်လို့ မှတ်ရမယ်....(မှန်ပါ)။

ဒါ့ကြောင့် တကာ တကာမတွေ အန္ဓပုထုဇဉ် အဖြစ်နဲ့ မသေကြဘဲနဲ့ သေက္ခဖြစ်စေ....အသေက္ခဖြစ်စေ၊ သေက္ခဆိုတာ သောတာပန် သကဒါဂါမ် အနာဂါမ်ကိုဆိုသည်။ အသေက္ခဆို တာ ရဟန္တာကိုဆိုသည်။အဲ . သေက္ခ....အသေက္ခအဖြစ်နဲ့သေကြ ပါ ဆိုမှသာလျှင် ဉာဏ်အမြင်က အလင်းရောက် ကိုယ့်ဒုက္ခကိုယ် သိပြီး နောက်ဒုက္ခမဆက်တဲ့ပုဂ္ဂိုလ် အဖြစ်သို့ ရောက်သွားတော့ မှ ဩော် နောက်ဒုက္ခမရှိတာ နိဗ္ဗာန်ကိုးဆိုတဲ့ဉစ္စာမှတ်ထားရမယ် (မှန်ပါ)။

အဲဒီတော့ ဒီတကာတကာမတွေက ဒီ့ပြင် နေရာကျတော့ သားကလေးတွေ သမီးကလေးတွေကျတော့ အမျိုးမျိုးစစ်ဆေး သုံးသပ်ကြတယ်၊ သတို့သားသတို့သမီးတို့၏ကိစ္စဖြစ်နေတယ်၊မိတ် ဆွေသင်္ဂဟတို့၏ကိစ္စဖြစ်နေတယ်။အရောင်းအဝယ်နဲ့ပတ်သက်ပြီး လဲအလွန်စစ်ဆေးကြတယ်၊သူ့အတွက်ကရ-မရ။ ဒီအတိုင်းရှိမရှိ၊ ကိုယ့်နေ့ခင်ရေးဖြစ်-မဖြစ်။ ကိုယ့်စီးပွားရေး ကိုယ်ရွက်ဆောင် မဆောင်။ ဒီပုဂ္ဂိုလ် အတော်ရွေးကြတယ် ...(မှန်ပါ)။

သူများအတွက်တွေတော့ အင်မတန် ရွေးကြပြီးသကာလ ကိုယ့်အတွက်ကိုတော့ သူများအတွက်ကိုတောင် အမျိုးမျိုးစစ် ဆေးပြီး ကိုယ့်အတွက် မစစ်ဆေးတဲ့ပုဂ္ဂိုလ်ဟာလဲ လိုရင်းဟာ တယ်လို့ မှတ်ရမယ်... (မှန်ပါဘုရား)။

ကိုယ့်အတွက် မစစ်ဆေးတဲ့ပုဂ္ဂိုလ် ဘာဆိုကြမယ်....(လိုရင်း ဟာပါတယ်ဘုရား)။

အဲဒီတော့ ကိုယ့်အတွက် မစစ်ဆေးတဲ့ပုဂ္ဂိုလ်ဟာလဲ လိုရင်းဟာတယ်လို့ မှတ်ထားတော့ ကိုယ့်အတွက်ကို ကိုယ်စစ်ဆေးယူမှသာလျှင် ဒို့ရထားခဲ့တဲ့ ခန္ဓာကြီးဟာ အကောင်းလား... အဆိုးလား .. ( မှန်ပါ ) အဆိုးဖြစ်ခဲ့လို့ ရှိယင် ရှောင်ပေး။ အကောင်းဖြစ်ခဲ့လို့ ရှိယင်ဆောင်ပေး....ဆိုတဲ့ ဥစ္စာလဲ ရှိနေတော့ ကိုယ့်အတွက် ကိုယ်စစ်ဆေးပါဆိုတာ မောင်ချစ်စိန် ဟောလိုက်တယ်နော်... (မှန်ပါဘုရား)။

တကာတကာမတွေ ကိုယ့်အတွက် စစ်ဆေးဖို့ကို ဘုရားက အရေးကြီးတယ်။ သူများအတွက်ကို စစ်ဆေးဖို့ကို ဒါလောက် အရေးမကြီးဘူးတဲ့၊ သူများအတွက် မစစ်ဆေးတော့ မသိရုံဘဲရှိတယ်၊ ကိုယ့်အတွက် မစစ်ဆေးလို့ ရှိယင်ဖြင့် သစ္စာတွေပျောက်ပြီးသကာလ သစ္စာမသိတဲ့အတွက် သံသရာထဲ အိုဘေး နာဘေး သေဘေးတွေနဲ့ အဖေါ်လုပ်နေရုံဘဲရှိတယ်ဆိုတာ မှတ်ထားကြပါ....(မှန်ပါဘုရား)။

ဒါဖြင့် ဘာစစ်ဆေးရမယ်.... (ကိုယ့်ကိုယ်ကို စစ်ဆေးရပါမယ်ဘုရား)ကိုယ့်အတွက်ကို စစ်ဆေးဖို့သိပ်အရေးကြီးပါတယ်ဆိုတာ မှတ်ပါနော် (မှန်ပါဘုရား) ဒါ့ကြောင့် သားသမီးပစ္စည်းအရေးတွေ စစ်ဆေးမှုကို ဘေးချိတ်ထားပြီးတော့ ကိုယ့်အတွက် စစ်ဆေးမှုကို ကိုယ်အဓိကထားကြစမ်းပါဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ကုရုတိုင်းမှာ ဟောသည်.... (မှန်ပါဘုရား) ကုရုတိုင်းမှာ ဟောတယ်နော် ... ( မှန်ပါဘုရား )။

ကိုင်း... ဒါဖြင့် ပြောကြပါစို့.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကုရုတိုင်းရောက်သွားတဲ့ အခါကျတော့ သံဃာ

တွေနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကြည်ညိုပြီးသကာလ သံဃာတွေကလဲ ဘုရားသခင်ကိုယ်တော်မြတ်ကြီးနား ဝိုင်းပြီးနေကြတယ်။

ထိုကဲ့သို့ နေကြတဲ့အချိန်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ ကိုယ့်အတွက်ကိုများကွာ.... ကိုယ့်အတွင်းသားများ စစ်ဆေးကြရဲ့လား....တဲ့။

ကိုယ့်အတွင်းသားများ စစ်ဆေးကြရဲ့လားလို့ မေးလိုက်တယ်နော်....(မှန်ပါဘုရား) ကိုယ့်အတွင်းသားများကို ကိုယ်စစ်ဆေးသုံးသပ်ကြပါရဲ့လားလို့ မေးလိုက်တယ်... (မှန်ပါ)။

အဲဒီလို မေးလိုက်တဲ့အခါကျတော့ ရဟန်းတပါးက ထတဲ့ပြီးသကာလ တပည့်တော်များ ကိုယ့်အတွင်းသား ကိုယ့်ခန္ဓာအတွင်းသား စစ်ဆေးပါတယ်ဘုရားဆိုပြီးတော့ ထလျှောက်တယ်....(မှန်ပါဘုရား)။

ကိုင်း....ဒါဖြင့် မင်းကတော့ စစ်ဆေးတဲ့ပုဂ္ဂိုလ်ဆိုပြီး ငါ့ထလျှောက်လို့ ခန္ဓာကိုယ်ထဲမှာ မင်းစစ်ဆေးပုံကို ပြောစမ်းပါ။စစ်ဆေးပုံကို ပြောစမ်းပါဆိုတော့ သူက ကေသာ၊လောမာနခါ၊ဒန္တာ၊တစော... ဆိုတဲ့သုံးဆယ့်နှစ်ကောဋ္ဌာသတွေလျှောက်ပြီး စစ်ဆေးနေတယ်။ ခန္ဓာထဲ ဒါတဲ့ရှိတယ်လို့.... (မှန်ပါ)။

ဒီလိုဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သူစစ်ဆေးပုံကို သူလျှောက်တဲ့အခါ ဘုရားက အလိုတော် မကျဘူးတဲ့။ တရားအောက်ကျတယ်။ စစ်ဆေးချင်တာက သစ္စာ....(မှန်ပါ) သူက အသုဘ စစ်ဆေးနေတယ်....(မှန်ပါ) စစ်ဆေးချင်တာက ဘာတုံး.... (သစ္စာပါဘုရား) သစ္စာကို စစ်ဆေးစေချင်တယ်။

သူစစ်ဆေးနေတာက အသုဘ ခန္ဓာကိုယ်ကြီး စစ်ဆေးနေတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သဘောမကျဘဲ ဖြစ်ပြီးသကာလနေတယ်....(မှန်ပါ)။

ထိုကဲ့သို့ ဖြစ်ပြီးသကာလနေတော့ ဘုရား အလိုတော်မကျမှုန်း ညီတော် အာနန္ဒာက အနားမှာရှိတယ်။ရှိတော့ အလိုမကျမှုန်းသူသိတယ်။ အရှင်ဘုရား....တဲ့။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားပြောမှ သိရမည့်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ကောင်းသောစကားကို ဆိုတော်မူတတ်တဲ့ မြတ်စွာဘုရား .. အရှင်ဘုရားပြောဆို မှ သာ လျှင် အား လုံး သော ပုဂ္ဂိုလ် တို့ သိရမှာ ဖြစ်ပါတယ်ဘုရား။ ဒါ့ကြောင့် စစ်ဆေးနည်း ခန္ဓာကိုယ်အတွင်းသား သုံးသပ်နည်းကို တပည့်တော်များ သနားသောအားဖြင့် ဟောကြားတော်မူပါလို့ ရှင်အာနန္ဒာက ထိုးလျှောက်လိုက်တယ်....(မှန်ပါ)။

လျှောက်လိုက်တဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဘောင်းပန်မည့် ပုဂ္ဂိုလ် ရှိတာနဲ့ ဟောရမည့် အကြောင်း ပေါ်ပေါက်လာတော့ ကိုင်း-မင်းတို့ကောင်းကောင်းသာ နာကြကွာ။ ငါ... သစ္စာစစ်ဆေးနည်းကို သေသေချာချာရှင်းပြမယ်ဆိုပြီးတော့ နိဒါနဝဂ္ဂ သံယုတ်ပါဠိတော်မှာ ဟောပါတယ်လို့ တကာ တကာမတွေ မှတ်ထားကြပါ.... (မှန်ပါဘုရား)။

မင်းတို့ကွာ... တဲ့ လူတိုင်းမှာရှိတယ်၊ ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့တရား၊ သေတတ်တဲ့တရားခန္ဓာကိုယ်ထဲမှာ ရှိတယ်....(မှန်ပါ

ဒီ တကာ တကာမတွေ၏ ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့ ဇရာဒုက္ခ, အိုတတ်တဲ့ ဇရာပိဒုက္ခသစ္စာ၊ သေတတ်တဲ့ မရဏမှုဒုက္ခသစ္စာ ဆိုတဲ့တရားတွေဟာ အများကြီး ရှိပြီးသကာလနေတော့ အများကြီးရှိတယ်ဆိုတော့ အိုတတ်တဲ့တရား အများကြီးရှိတယ်၊ သေတတ်တဲ့တရား အများကြီးရှိတယ်၊ ခန္ဓာကိုယ်ထဲမှာ မှတ်ထားလိုက်စမ်းပါ....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ထဲမှာ အိုတတ်တဲ့ တရားပေါင်း ဘယ်လောက်ရှိသတုံး....(အများကြီးပါ) အများကြီးရှိတယ်၊ သေတတ်တဲ့တရား ဘယ်လောက်ရှိသတုံး မေးယင်ကော.... (အများကြီးရှိပါတယ်) အများကြီးရှိတယ်လို့ မှတ်ပါ၊ ဘာ့ကြောင့်တုံးဆိုတော့ ရုပ်တွေ နှစ်ဆဲ့ရှစ်ခုဟာလဲ အိုတတ် သေတတ်တဲ့တရား၊ နာမ်ငါးဆဲ့သုံးကလဲ အိုတတ် သေတတ်တဲ့တရား၊ အဲဒီတော့ အများကြီးရှိတယ်ဆိုတာ အင်မတန် သေချာနေပြီဆိုတာ မှတ်မိကြပြီ.... (မှန်ပါ့) ဒီရုပ်နာမ်ဘဲရှိတာကိုး။

အိုတတ်တဲ့တရား, သေတတ်တဲ့တရားတွေ အများကြီးရှိတယ်၊ အဲဒီ အိုတတ်တဲ့တရား, သေတတ်တဲ့တရား အများကြီးရှိတာကို မင်းတို့ ခန္ဓာကိုယ်ထဲကွာ- အိုတတ်တာတွေ, သေတတ်တာတွေ, အိုတတ် သေတတ်တဲ့တရားတွေ၊ အိုတတ်တဲ့ တရားတွေဟာ ခန္ဓာကိုယ်ထဲ အများကြီးပါလား....။

ဒါမှ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ဘာသစ္စာမှမရှိဘူး၊ ဒုက္ခသစ္စာတွေ ရှိနေတာပါကလား- ဆိုတာ ပေါ်လာတယ် .... (မှန်ပါ့ဘုရား)။

ဘယ် လိုပေါ် လာသတုံး .... (ဒုက္ခသစ္စာတွေသာ ရှိနေပါ ကလားဆိုတာ ပေါ်လာပါတယ်ဘုရား)။

ဒုက္ခသစ္စာသာ စုနေတယ်လို့-ပေါ်လာတယ်လို့ မှတ်လိုက် ကြစမ်းပါနော်....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာတွေ စုနေတယ် ပေါ်လာတာကို ကြော်....ဒုက္ခ သစ္စာဘဲ ခန္ဓာကိုယ်ထဲမှာ ရုပ်တွေ,နာမ်တွေ အလုံးစုံအကုန်တွေ ဟာ ဒုက္ခသစ္စာတွေဘဲ၊ ဇရာပိ ဒုက္ခသစ္စံ၊ သေတတ်တဲ့မရဏမ္ပိ ဒုက္ခသစ္စံဆိုတာလဲ သေဘို့ဘဲဆိုတဲ့ဥစ္စာ မောင်ချစ်စိန် မှတ် ထားရမယ် .. (မှန်ပါ့ဘုရား)။

အခြားတရားတွေလား ဒါရုပ်နာမ်ဘဲမဟုတ်လား ... (ရုပ် နာမ်ပါ) အိုတတ်တဲ့တရားလဲ ရုပ်နာမ်၊ သေတတ်တဲ့ တရားလဲ ရုပ်နာမ်၊ အခုတရားနာနေတဲ့ ရုပ်နာမ်တွေ မှတ်လိုက်ကြစမ်းပါ- (မှန်ပါ့ဘုရား)။

ဒါတွေဟာ ဘာဖြစ်တဲ့ တရားတွေတုံး.... (အိုတတ်,သေတတ် တဲ့ တရားတွေပါဘုရား)။

အိုတတ်တဲ့တရား- သေတတ်တဲ့တရား၊ ဒါတွေစုနေတယ်လို့ သေသေချာချာမှတ်ပါနော်....(မှန်ပါ့ဘုရား)။

အဲဒါ သုံးသပ်လိုက်တော့ ကြော်....ခန္ဓာကိုယ်ထဲမှာ ဘာ သစ္စာမှမရှိဘူး၊ အိုဘတ်,နာတတ်တဲ့ 'ဇရာပိ ဒုက္ခသစ္စံ မရဏမ္ပိ ဒုက္ခသစ္စံ''ဆိုတဲ့ ဒီသစ္စာတွေသာ ရှိနေပါကလား ဆိုတော့ သူ့ သစ္စာသိလာတယ်....(မှန်ပါ့)မသိဘူးလား· (သိပါတယ်ဘုရား)။

သစ္စာသိလာတယ် ဆိုကတည်းက ဇရာ,မရဏဟာဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာကလေး လောကီမဂ္ဂသစ္စာကလေးတွေးလိုက်တဲ့အခါ လောကီမဂ္ဂသစ္စာကလေး ပေါ်မလာဘူးလား .... (ပေါ်လာပါတယ်ဘုရား)။

ဇရာ,မရဏက ခန္ဓာကိုယ်ထဲမှာ အပြည့်အနှက် ရှိနေတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒုက္ခသစ္စာလို့ ရှုနေလို့သိတာကလေးကဘာတုံး ... ( မဂ္ဂသစ္စာပါဘုရား ) လောကီမဂ္ဂသစ္စာကလေး .. တဲ့။

အဲဒီလို အတွင်းသုံးသပ်လိုက်တဲ့ အခါကျတော့ ကိုယ့်သန္တာန်မှာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်တရားကောင်းကလေး ပေါ်လာတယ်၊ တွေးလိုက်တာနဲ့ ပေါ်လာတယ်.... ( မှန်ပါ့ ) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဒုက္ခသစ္စာကို ဆက်ပေးဦးကွ .... တဲ့၊ အတွင်း ဆင်ခြင်ကြပါဆိုတဲ့ အတိုင်း ဒီ အိုဘတ် နာတတ်တဲ့ တရားနှစ်ခုဟာ( ဝါ )ဇရာပိဒုက္ခသစ္စံ,မရဏမ္ပိဒုက္ခသစ္စံဆိုတဲ့ တရားနှစ်ခုဟာ ဘယ်ကမျှား လာပါလိမ့်မတုံးလို့ မင်းတို့ ဆက်ပြီးတော့ သုံးသပ်ဆင်ခြင်ကြစမ်းပါဘဲဆိုတော့မှ ဩော်.... အိုတတ်သေတတ်တဲ့ တရားနှစ်ခုဟာ ခန္ဓာက လာတာကိုး.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အိုတတ် သေတတ်တဲ့ တရားနှစ်ခုဟာ.... (ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာကလာတယ်။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကလာတယ်လို့ ဘုရားကတွေးလိုက်တဲ့။ ခန္ဓာထဲမှာမှ အို… ဆိုတဲ့ တေဇော၊ သေ… ဆိုတဲ့ တေဇော ဓာတ်တွေက ခန္ဓာက ဖြစ်လာတာ…. (မှန်ပါ့)မဟုတ်ဘူးလား၊ ခန္ဓာကပါလာတာ။

ဒါကြောင့် အို-သေ ဘယ်ကလာသတုံးမေးယင် ဘယ့်နှယ် ပြောကြမယ်…. (ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာကလာတယ် ဆိုတာ သေသေချာချာ မှတ်တော့မှ အို့သေက ဒုက္ခသစ္စာ။ ခန္ဓာက သမုဒယဖြစ်ကြောင်းပေါ့လေ…. (မှန်ပါ့) ရှင်းပလား…. (ရှင်းပါပြီ) သိတာကလေးက မဂ္ဂသစ္စာ။

ဒီသိတဲ့ ပုဂ္ဂိုလ်က သမုဒယသစ္စာ ဃိနေ- သေနေတာဘဲ…. (မှန်ပါ့) နောက်ထပ် ဒီခန္ဓာကြီးရချင် ယူချင်တဲ့သဘောတွေ လာသေးရဲ့လား…. (မလာပါဘုရား)။

အေး… ဒါကြောင့် လေးချက် လေးချက် ပြီးသွားတယ် ကွာတဲ့။ ဒီလိုသုံးသပ်လိုက်လို့ရှိယင် လေးချက်လေးချက်ပြီးသွား တယ်….(မှန်ပါ့)။

ကိုင်း… ဒါဖြင့် တကာတကာမတို့ ခန္ဓာထဲမှာ အိုတတ်တဲ့ တရား သေတတ်တဲ့တရားကတော့ဖြင့် အခု ကိုယ်တိုင်အိုနေ တာမြင်သဖြင့်လဲ သိပါပြီ… (မှန်ပါ့) ကိုယ်တိုင် သေရတော့ မယ်ဆိုတာလဲ ဘယ်သူမှ မြေကြီးလက်ခတ် မလွဲဘူး…. (မှန်ပါ့ ဘုရား) သေကြလိမ့်မယ်ဆိုတာလဲ သေတတ်တဲ့တရား ပါနေလို့ သေလိမ့်မယ်ဆိုတာလဲ သိပြီးသားဖြစ်နေတော့ ဒီ… အို သေဘယ် ကလာသတုံး…. ( ခန္ဓာက လာပါတယ်ဘုရား ) ရှင်းကြပြီ…. (ရှင်းပါပြီဘုရား)။

အိုသေဘယ်ကလာ ...(ခန္ဓာက လာပါတယ်ဘုရား) ဒါဖြင့် ဒီ... တကာ တကာမတွေ ခန္ဓာကလာတယ်ဆိုတာ ယခုခန္ဓာငါး ပါးက လာတယ်.... (မှန်ပါ) ရှင်းကြပလား.... ( ရှင်းပါပြီ ဘုရား )။

ခန္ဓာငါးပါးကလာတော့ မောင်ချစ်စိန်.... ဒီခန္ဓာကိုများ တကာတကာမတွေက နတ်ခန္ဓာကောင်းတယ်၊ ဗြဟ္မာခန္ဓာ ကောင်းတယ်၊ လူခန္ဓာကောင်းတယ်၊ စကြဝတေး မန္ဓာတ်ခန္ဓာ ကောင်းတယ်လို့များ နည်းနည်းကလေး ကိုယ့်စိတ်ထဲမှာ ထင်လိုက်လို့ရှိယင်ဘဲ အိုချင်သေးလို့ သေချင်သေးလို့ မိုက် စိတ်ပေါ်တာဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ)။

ဘယ်လိုဆိုကြမယ်....(အိုချင်သေးလို့ သေချင်သေးလို့မိုက် စိတ်ပေါ်တာပါဘုရား)။

မိုက်စိတ်လာတယ်။ ခန္ဓာကလာတယ်လို့ ဘုရားက ဟော ထားတာကိုး... (မှန်ပါ)။

အို · သေ ဘယ်ကလာသတုံး.... ( ခန္ဓာကလာပါဘယ် ဘုရား )။

ဒါဖြင့် လူခန္ဓာဆုတောင်းတဲ့ပုဂ္ဂိုလ်၊နတ်ခန္ဓာ ဆုတောင်းတဲ့ ပုဂ္ဂိုလ်၊ ဗြဟ္မာခန္ဓာကို ဆုတောင်းတဲ့ဥစ္စာ ဒုက္ခသစ္စာ ရ-ရပါ လို၏။ ဒီအဓိပ္ပါယ် မရောက်ဘူးလား.... ( ရောက်ပါတယ် ဘုရား )။

ဘယ်လိုရောက်ပါလိမ့်.... (ဒုက္ခသစ္စာ ရ-ရပါလို၏) ဒုက္ခ သစ္စာ ရ-ရပါလို၏။ ဆုတောင်းလိုက်တာနဲ့အတူတူဘဲ....(မှန်ပါ ဘုရား) ဒီကနေ စစ်ဆေးလိုက်တော့မှ မောင်ချစ်စိန် ပေါ်လာ တယ်....(မှန်ပါ)။

ဒီကနေ စစ်ဆေးလိုက်တော့မှ ဪ... ခန္ဓာများဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ ဤဆွမ်း, ဤကွမ်းကြောင့် ဤကျောင်း ဤကန်ကြောင့် ဤရေတွင်း ဤရေကန်ကြောင့်နောက်ဘဝ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဆိုတာများ မှားပြီးတောင်းမိကြတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာ အရယူတာဘဲ... (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမယ်.... (ဒုက္ခသစ္စာ အရယူတာပါဘုရား) ဒီ့ထက်မိုက်တာများရှိသေးရဲ့လား.... (မရှိပါဘုရား)ဒုက္ခသစ္စာဆိုတာ အားလုံး တကာတကာမတွေ့ မှတ်ထားလိုက်စမ်းပါ။ ရှောင်ကွင်းရမည့်အလုပ် ... (မှန်ပါ) ပိုင်ပိုင် နိုင်နိုင်သိသဖြင့် မင်းနေရစ်တော့မင်းနဲ့အတူမနေတော့ဘူးကွ ဒီလိုတော်လှန်ရမည့် တရားကြီးကို အရ ယူချင်တဲ့သဘော ပေါ်လာလို့ရှိယင်ဖြင့် ဒုက္ခ မကြိုက်ကောင်းတာကြီး ကြိုက်နေတဲ့ အဓိပ္ပါယ်ဘဲဆိုတဲ့ဟာ ရှင်းနေတယ်.... ( မှန်ပါ ) မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

အဲဒါကြောင့် ပြန်မေးပါတယ်။ နောက်က တကာတကာ မတွေ့။ ခန္ဓာထဲမှာ အိုတတ် သေတတ်တဲ့ တရားတွေရှိတယ်.... (ရှိပါတယ်ဘုရား) ဘယ်ကလာတာတုံး မေးလို့ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(ခန္ဓာက လာပါတယ်ဘုရား)။

ဪ.... ခန္ဓာရှိလို့ သူ လာကိန်းနေတာ.... ( မှန်ပါဘုရား )။

အိုတတ် သေတတ်တဲ့တရားနှစ်ခုဟာလူတိုင်းမှာကိန်းမှာဘဲတဲ့ ခန္ဓာရှိလို့ရှိယင်ဖြင့်.... (မှန်ပါ) ရှင်းကြပလား.... ( ရှင်းပါပြီဘုရား )။

ခန္ဓာရှိယင် လူတိုင်းမှာ.... (ကိန်းမှာပါ ဘုရား) ကိန်းမှာ အောင်းမှာဘဲဆိုတာ ပြောဘို့ လိုသေးသလား.... ( မလိုပါ ဘုရား )။

အေး.... ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ "ယထာဘူတံ ဉာဏာယ သတ္တာ ပရိယေသိတဗ္ဗာ" ဟုတ်တိုင်း မှန်စွာ ဟောတတ်ပြောတတ်တဲ့ဆရာ ငါမရှိသည့်နောက် ရှာ ဖြစ်အောင် ရှာကြပါကွ။ နို့မဟုတ်ယင် အို့သေဆုတောင်း ယူတတ်တဲ့ လမ်းညွှန်မှားတွေနဲ့ တွေ့လိုက်လို့ရှိယင်ခင်းတို့ ဒုက္ခ ရောက်ပါလိမ့်မယ် ... ဆိုတဲ့ဥစ္စာ မပေါ်လာသေးဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ကိုင်း....တကာတကာမတို့ အိုသေ ဘယ်ကလာ .... (ခန္ဓာက လာပါတယ်ဘုရား)။

ဒါဖြင့် ဘယ်ခန္ဓာများ ခင်ဗျားတို့ နောက်ထပ် ရယင် ကောင်းလိမ့်မယ် ထင်ကြသတုံး .... (ဘယ်ခန္ဓာမှ မကောင်းပါ ဘုရား) ဘယ်ခန္ဓာရလို့မှ မကောင်းဘူးဆိုတာ သဘောပါ ပလား... (ပါ-ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် မကောင်းပါလိမ့်မတုံးလို့ အမေးစီစစ် ထုတ်တဲ့အခါကျတော့မှ တကာတကာမတို့ အို့သေဟာ ခန္ဓာက ယူဆောင်လာတာ....(မှန်ပါ့ဘုရား)။

အို့သေဟာ.... (သူယူဆောင်လာတာပါ) ခန္ဓာကယူဆောင် လာတာဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တပည့် သားမြေးတွေ ဉပမာပြုထားတာရှိတယ်- (မှန်ပါ့ဘုရား) အို့သေ ဘယ်ကလာ .... ( ခန္ဓာကလာပါတယ်ဘုရား )။

ဩော်....ဒါဖြင့် ခန္ဓာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အို့သေကို လက်ခံတဲ့တရားဘဲ....(မှန်ပါ့) မဆိုနိုင်ဘူးလား.... ( ဆိုနိုင်ပါတယ်ဘုရား )။

ခန္ဓာသည် ဘာ လက်ခံပါလိမ့်.... (အို့သေကို လက်ခံပါတယ်ဘုရား)။

အို့သေ လက်ခံတတ်တဲ့တရား ဆိုတော့ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာကို တကာတကာမတို့ ဘယ်အခါကာလမှ မတောင်းကြပါနဲ့၊ ခန္ဓာချုပ်ငြိမ်း ရုပ်သိမ်းရာ ကိုသာ အလိုရှိကြပါ၊ ဆုတောင်းကြပါ၊ ရောက်အောင် အားထုတ်ကြပါဆိုတာ ဆရာဘုန်းကြီးက တိုက်တွန်းတယ်၊ ခန္ဓာရှိယင် အိုသေလာမှာကြောင့် (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားက အို့သေ ဘယ်ကလာသတဲ့တုံး....(ခန္ဓာက လာပါတယ်ဘုရား) ဒီလိုနောက်ပြန် သုံးသပ်ပါကွ.... တဲ့.... (မှန်ပါ့)။

နောက်ပြန်သုံးသပ်စမ်းပါတဲ့၊ အို့သေဟာ ခန္ဓာကလာတယ်၊ ရှင်းပြီနော်....(ရှင်းပါပြီ)။

ကောင်းပြီ....တဲ့၊ ဒီခန္ဓာကိုလဲ တခါမင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဆက်ပြီးသကာလ မောင်ချစ်စိန် အကြောင်း ရှာပါတဲ့....နော်....(မှန်ပါ့)။

ဒီ ခန္ဓာကလဲ မိုးပေါ်ကျမဟုတ်ဘူးတဲ့၊ သူ ဘယ်ကလာသတုံး ဆိုတဲ့ လက်သည်အကြောင်းရင်းကိုလဲ တကာတကာမတွေ တွေ့ဖြစ်အောင် တွေးပါ.... ( မှန်ပါ့ ) ဒါမှ ကျင့်စရာ လမ်းကွက်ပေါ်လာမယ်.... ( မှန်ပါ့ ) နို့ မဟုတ်ယင် ကျင့်စရာ လမ်းကွက်မပေါ်ပါဘူး-တဲ့....(မှန်ပါ့)။

ဒါကြောင့် ဒီရှေ့ပိုင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပဋိလောမ နောက်ဆုတ်မေးနေတယ်ဆိုတာ မောင်သစ်မှတ်ပါ.... (မှန်ပါ့)။

အိုသေဟာ အဆုံးဘဲ မဟုတ်လား၊ ပဋိစ္စသမုပ္ပါဒ်မှာ .... (မှန်ပါ့)။

အဲဒီ့ အိုသေ ဘယ်က လာသတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတို့ ခန္ဓာက လာတယ်၊ ရှင်းပလား.... ( ရှင်းပါပြီ ဘုရား)။

တခါ ဒီခန္ဓာကို လက်သည်ရှာပြီး အကြောင်းရင်း ရှာပြီး တွေးလိုက်စမ်းပါဦးတဲ့ ဒီခန္ဓာက မိုးပေါ်ကျလား၊ သူ့ကိုဖြစ်စေတဲ့ အကြောင်းများရှိသေးသလား-ဆိုတာ တွေးလိုက်တော့ကို တကာတကာမတွေ ဆုတောင်း တဏှာကလာတယ်.... (မှန်လှပါ ဘုရား)။

ခန္ဓာ ဘယ်ကလာ .... ( ဆုတောင်းတဏှာက လာပါတယ် ဘုရား )။

ဩြော် ခင်ဗျားတို့ ဆုတောင်းတဏှာက ခန္ဓာ လုပ်လိုက်တယ်၊ ခန္ဓာလုပ်လိုက်လို့ အိုသေနဲ့ ဇာတ်သိမ်းကြရတယ်.... (မှန်ပါ့) ရှင်းကြပလား .. (ရှင်းပါပြီ)။

ပြန်မေးတယ်၊ အိုသေ ဘယ်က လာသတုံး.... (ခန္ဓာက လာပါတယ်ဘုရား) ခန္ဓာဘယ်က လာသတုံး .. (ဆုတောင်းတဏှာက လာပါတယ်ဘုရား) အဲ.... ဘုံဘဝဆုတောင်းတဲ့ တဏှာက လာတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဘယ်က လာသဘုံး....(ဘုံဘဝဆုတောင်းတဲ့တဏှာကလာပါ တယ်ဘုရား)။

ဘုံဘဝဆုတောင်းတဲ့ တဏှာက လာတယ်ဆိုတဲ့ဥစ္စာ မေ ချစ်စိန် ပေါ်ရော့ပေါ့....(ပေါ်ပါပြီ)။

ဩော် .. ဒါဖြင့် တဏှာဟာ တော်တော် အရင်းကျတဲ့တရား ဘဲ၊ ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ ဖြစ် သွားပြန်တာပါဘဲ ...(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီလို မင်းတို့ ပြောင်းပြန်-ပြန်ပြီး သုံးသပ်စမ်းပါ ကွာ-တဲ့ နောက်အရင်းကျကျ ကျင့်စရာ တရား ပေါ်ပါလိမ့်မယ် တဲ့.... (မှန်ပါ့)။

ပြောင်းပြန်-ပြန်ပြီး သုံးသပ်တော့မှ ကျင့်စရာ တရားပေါ် လာတယ်....နော်....(မှန်ပါ့)။

ဒါဖြင့် ဒီနေ့တရားကို ပြောင်းပြန်-ပြန်ပြီး သုံးသပ်ခိုင်းတာ ဘုရားသည် ဘယ်အကျိုးငှာတုံးဆိုတော့ ကျင့်စရာ - ကျင့်နည်း ပေါ်အောင်လို့ ခိုင်းတာ....(မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါ ပြီဘုရား)။

ဘယ်အကျိုးငှာ ဟောပါလိမ့်....(ကျင့်နည်းပေါ်အောင်လို့ ဟောပါတယ်ဘုရား)။

ကျင့်နည်းပေါ်အောင်လို့ ဟောမယ်ဆိုတော့ တကာတကာ မတွေ့ ကျင့်စဉ်ဟောလိမ့်မယ်လို့သာ သေသေချာချာမှတ်ပါ.... (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဒီ တဏှာသည်ကားလို့ ဆိုလို့ရှိယင် တကာ တကာမတို့ ခန္ဓာဖြစ်ကြောင်းဘဲဆိုတာ ကင်းရှင်း သွားပြီနော်-

(မှန်ပါ့) ခန္ဓာဖြစ်ကြောင်းဘဲဆိုတာ မသေချာသေးဘူးလား.... (သေချာပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ အားလုံးကိုဘဲ သတိပေးလိုက်ပါတယ်၊ ဘာကလေးလှူလှူ၊ ဘာကလေးတန်းတန်း၊ ဘယ်ဘဝ လိုချင်တဲ့ တဏှာနဲ့တော့ သွားပြီးသကာလ ဘာဖြစ်ရပါလို၏၊ ညာဖြစ်ရပါလို၏-မတောင်းလိုက်ပါနဲ့၊ တောင်းလိုက်လို့ရှိယင် ခန္ဓာရပါလိမ့်မယ်၊ ခန္ဓာရယင် အိုသေလိုက်လာပါလိမ့်မယ် .. (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာရယင်....(အိုသေလိုက်လာမှာပါဘုရား)။

ဒါကြောင့် ဘုရားက အိုသေဘယ်ကလာ၊ ခန္ဓာကလာ၊ ခန္ဓာဘယ်ကလာ၊ ဆုတောင်းတဏှာကလာ....(မှန်ပါ့) ရှင်းကြပလား- (ရှင်းပါပြီ)။

ခန္ဓာဘယ်ကတဲ့တုံး.... ( ဆုတောင်းတဏှာက လာပါတယ် ဘုရား )။

အဲဒါကြောင့် ဩော်....ကျုပ်တို့ ပဋိစ္စသမုပ္ပါဒ် ကြည့်စမ်းပါ (မှန်ပါ့) ကြည့်စမ်းပါ-နော်....။

ကြည့်လိုက်တော့ကို စတုတ္ထအကွက်မှာ ကြည့်စမ်း၊ မောင် ချစ်စိန်တို့ ဇရာ မရဏလို့ မပါဘူးလား (ပါ-ပါတယ်ဘုရား) ဇရာ မရဏကို ကြည့်လိုက်စမ်းပါ၊ ဒါအို သေဘဲ မဟုတ်လား.... (မှန်ပါ့)။

အဲဒီ အိုသေကြည့်လိုက်တော့ ဘယ်ကလာသတုံး မေးတော့ မှ ဇာတိခန္ဓာက လာတယ် .. ( မှန်ပါ့ ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီ)။

တကာ တကာမတွေ ပဋ္ဌိစ္စသမုပ္ပါဒ် ကြည့်စမ်း၊ တွေ့ကြရဲ့လား....(တွေ့ပါတယ်ဘုရား)စတုတ္ထကွက်မှာ ဇရာမရဏမပါဘူးလား.... (ပါပါတယ်ဘုရား)။

အဲဒါ စတုတ္ထအကွက်မှာကြည့်။၄-နံပါတ်ကွက်မှာကြည့်ပါ ဇရာမရဏပါပါတယ်။ ဇရာမရဏ ဘယ်ကလာသတုံး....ဆိုတော့ တကာတကာမတွေ သိတဲ့အတိုင်း အို့သေဘဲ မြန်မာလိုပြန်လိုက်တော့ .. (မှန်ပါ့) အဲဒါ ဇာတိကလာတယ်မဆိုချင်တော့ ခန္ဓာကလာတယ်ဆိုတာ။ ဇာတိဆိုတာ ခန္ဓာငါးပါး ရှိတာကိုး.... (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ဇရာမရဏ ဘယ်ကလာသတုံး.... ( ခန္ဓာက လာပါတယ်ဘုရား)ခန္ဓာဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းထဲမှာတော့ဘယ်သူ့ကို ဆိုပါလိမ့် (ဇာတိကို ဆိုပါတယ်ဘုရား) ဇာတိဟာ ခန္ဓာငါးပါး .. (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

ဇာတိဟာ ခန္ဓာငါးပါးဘဲဆိုတာ ပဋ္ဌိစ္စသမုပ္ပါဒ် ကြည့်တဲ့ ပုဂ္ဂိုလ်များမှာ ရှင်းလို့လင်းလို့ဘဲ နေကြပါလိမ့်မယ်နော်.... (မှန်ပါ့)။

အဲဒီ ဇာတိဆိုတဲ့ခန္ဓာ ဘယ်ကလာသတုံးလို့ မေးတဲ့အခါကျတော့ ဟိုက်တွေဘာတွေ ရှုပ်မနေနဲ့ပေါ့။ ဟိုတဏှာကလာတာသာ နောက်ဆုတ်တွေးလိုက်တော့ တတိယအကွက်လာတွေ့တယ်.... (မှန်ပါ့) မတွေ့ဘူးလား.... (တွေ့ပါတယ်ဘုရား)။

ကံရယ်, ဥပါဒါန်ရယ်, တဏှာရယ်,မတွေ့ဘူးလား ... (တွေ့ပါတယ်ဘုရား) အဲဒီ တဏှာကလာတာ....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား) ပဋ္ဌိစ္စသမုပ္ပါဒ် ရေးထားတဲ့ထဲက ထွက်သေး

ရဲ့လား....(မထွက်ပါဘုရား) မထွက်ဘူးနော်....(မှန်ပါ့)ဉာဏ်နဲ့ မြင်ကြရဲ့လား....(မြင်ပါတယ်ဘုရား)။

အဲဒီတော့ အဲဒီ့စာထဲမှာမြင်သလို ခန္ဓာမှာလဲ တွေးလိုက် ယင် ဒီအတိုင်းဘဲဆိုတဲ့အတွေးကော ရှင်းသွားပလား... (မှန်ပါ့ ဘုရား) မရှင်းဘူးလား... (ရှင်းပါတယ်ဘုရား)။

အေး... ဒါဟာ သမ္မာသနသုတ်တဲ့။ ခန္ဓာကိုယ် သုံးသတ်တဲ့ သုတ်နော်... (မှန်ပါ့) ဒီလိုသုံးသပ်မှ ကျင့်ချင်တဲ့စိတ် ပေါ်မယ် ကွတဲ့....(မှန်ပါ့) ကျင့်ချင်တဲ့စိတ်ပေါ်မှ ကျင့်နည်း ရှာမယ်။ ကျင့်နည်းရှာမှ လမ်းဆုံးမယ်တဲ့.... ( မှန်ပါ့ ) ဟုတ်ပလား.... (ဟုတ်ပါပြီဘုရား)။

ကျင့်နည်းရှာမှ ...(လမ်းဆုံးပါမယ်) လမ်းဆုံးမှာဖြစ်နေတော့ မောင်ချစ်စိန် ကျင့်နည်းကို ဟောချင်လို့ ပဋိလောမပြောင်း ပြန် ပြန်ပြီးတော့ သုံးသပ်ခိုင်းတာ... (မှန်ပါ့) ရှင်းကြပလား (ရှင်းပါပြီ)။

အေး....ဒါကြောင့် ကြိုးစားပြီးမှတ်ကြ၊ တခေါက်ပြန်ပြော ပါမယ်။

ဇရာမရဏ ဘယ်ကလာသတုံး....(ခန္ဓာကလာပါတယ်ဘုရား) ခန္ဓာဆိုတာ ပဋိစ္စသမုပ္ပါဒ်အကွက်မှာ ဘာပါလိမ့်... (ဇာတိပါ ဘုရား)။

အဲဒီတော့ ဇာတိကလဲ ခန္ဓာငါးပါးပါဘဲ.... (မှန်ပါ့ဘုရား) အဲဒီဇာတိ ဘယ်ကလာသတုံး....လို့ ရှုပ်နေမှာစိုးတော့ အရင်း ကျကျ တွေးလိုက်တဲ့အခါကျတော့ တဏှာကလာတယ်....(မှန်ပါ့ ဘုရား) တဏှာ ဥပါဒါန် ကံကိုး... (မှန်ပါ့)တတိယအကွက်မှာ မပါဘူးလား... (ပါပါတယ်ဘုရား)။

အေး.... တတိယအကွက်မှာပါဘော့ ဪ....ဒါ...တဏှာ ကလာတာဘဲ။ ဥပါဒါန် ကံတွေဆိုတာ တဏှာရှိလို့ ဖြစ်တာ ကိုး...(မှန်ပါ့) တဏှာမရှိယင်....(မဖြစ်ပါဘုရာ ။

မဖြစ်နိုင်တော့ ဘုရားကသဲ အတိုနည်းနဲ့ နောက်က တကာ တကာမတွေ သုံးသပ်ခိုင်းတာ .. (မှန်ပါ့) ပေါ်ကြပလား ... (ပေါ်ပါပြီ) အတိုနည်းနဲ့ သုံးသပ်ခိုင်းတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် တကာတကာမတွေမှာယခုသိသွားပြီတဲ့ သုံးချက်ရှိသွားပြီ။ အို့သေဟာ ဇာတိခန္ဓာကလာတယ်။ ဇာတိ ခန္ဓာ ဘယ်ကလာသတုံး၊ ဘဝတဏှာက လာတယ်။ ဆုတောင်း တဏှာကလာတယ်။ သဘောကျပလား....(ကျပါပြီ) ဘဝတဏှာ ဆိုတာ ဘုံဘဝတောင့်တတဲ့ ဘဝတဏှာ ခေါ်ပါတယ်နော်.... (မှန်ပါ့)။

တခါ ပြန်ပြီးတော့ မင်းတို့သုံးသပ်ပါဦးကွာ....တဲ့ ဒီတဏှာ လဲ မိုးပေါ်ကျမဟုတ်ပါဘူးတဲ့။

တကာတကာမတို့ တဏှာလဲ မိုးပေါ်ကျ မဟုတ်ပါဘူးတဲ့ (မှန်ပါ့)။

တဏှာ ဘယ်ကလာသတုံးဆိုတော့အို....မင်းတို့ကြည့်ပါလား ကွတဲ့ ၂-နံပါတ်အကွက်မှာသူရတဲ့ခန္ဓာကြီး အင်မတန်သာယာမှု ပေါ်လာတယ်တဲ့....(မှန်ပါ့)။

၂-နံပါတ် ရထားတာက ဝိညာဏ်, နာမ်ရုပ်, သဠာယတန ဖဿ,ဝေဒနာမဟုတ်ဘူးလား.... တကာတကာမတို့....(မှန်ပါ့)။

အဲဒီ ရထားတဲ့ဥစ္စာကြီးကို သူကနှစ်သက်နေလို့ တဏှာပေါ်တာတဲ့....(မှန်ပါ့)။

ရထားတဲ့ ခန္ဓာငါးပါးကို ဘာတုံး.... (နှစ်သက်လို့ပါ) နှစ်သက်နေတော့ တဏှာလာတယ်။ တဏှာလာလို့ ဇာတိခန္ဓာပြန်ရတယ်.... (မှန်ပါ့) ဇာတိခန္ဓာပြန်ရလို့ အို့သေနဲ့တွေ့ရကြုံရဆိုတော့ ဆက်မိမသွားသေးဘူးလား.... (ဆက်မိပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ပြန်မေးတယ်။ အို့သေ ဘယ်ကလာသတုံး....(ဇာတိခန္ဓာက လာပါတယ်ဘုရား)ဇာတိ ခန္ဓာ ဘယ်က လာသတုံး... (ဆုတောင်းတဏှာက လာပါတယ်ဘုရား) ဆုတောင်းတဏှာက လာတယ်ဆိုတော့ မသေချာသေးဘူးလား.... (သေချာပါတယ်ဘုရား)။

ဆုတောင်းတဏှာ ဘယ်က လာသတုံး....ဆိုတော့ တကာတကာမတို့ ၂-နံပါတ်အကွက်ကို နှစ်သက်ခြင်းကြောင့် နှစ်သက်ခင်တွယ်စရာကလာတာ.... (မှန်ပါ့) ၂-နံပါတ် တရားတွေကို သူက နှစ်သက်ခင်တွယ်တာကိုး.. (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ)။

၂-နံပါတ်အကွက်မှာပါတဲ့ ခန္ဓာငါးပါးကို.... (နှစ်သက်ပါတယ်ဘုရား) အေး....ပိယသာတကလာတာ။သူ့ကို နှစ်သက်လို့ တဏှာပေါ်လာတာ....(မှန်ပါ့) ရှင်းပလား .. (ရှင်းပါပြီ)။

သူ့နှစ်သက်လို့ သူ့ကို“ပိယသာတ”ဆိုတဲ့ ပိယဆိုတာချစ်ခင်တယ်။ သာတ ဆိုတာ သာယာတယ်.... (မှန်ပါ့) အဲဒါ ၂-နံပါတ်ကွက်မှာရှိတဲ့ ခန္ဓာငါးပါး ဝိညာဏ်,နာမ်ရုပ်,သဠာယတန,

ဖဿ၊ ဝေဒနာဆိုတဲ့ဥစ္စာ ပေါင်းလိုက်တော့ ခန္ဓာငါးပါး။ အဲဒီ ခန္ဓာငါးပါးကို သာယာတယ်၊ နှစ်သက်တယ်၊ ခင်ပြီးလာတဲ့ တဏှာ....(မှန်ပါ့)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့ မောင်သစ်တို့နော်.... (မှန်ပါ့) **သာ**ယာစရာ နှစ်သက်စရာကလာတဲ့ တဏှာ....(မှန်ပါ့)ရှင်းကြပ **လား**.... (ရှင်းပါပြီဘုရား)။

ဒီတဏှာ ဘယ်ကလာသတုံး... (သာယာစရာနှစ်သက်စရာက လာပါတယ်ဘုရား)။

သာယာစရာ နှစ်သက်စရာ ဘယ်အကွက်ပါလိမ့် ပဋိစ္စ **သ**မုပ္ပါဒ်မှာ....(၂ နံပါတ်ပါဘုရား) အဲ.... ၂ နံပါတ်တခုလုံး **ဟာ** မင်းတို့ခန္ဓာငါးပါးဘဲ၊ အခုရထားတဲ့ ခန္ဓာငါးပါးဘဲ.... (မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီ)။

၂-နံပါတ် တခုလုံးဟာ....(အခုရထားတဲ့ ခန္ဓာငါးပါဘုရား) **အခု**ရထားတဲ့ခန္ဓာငါးပါးဆိုတာ မှတ်မိပလား .... (မှတ်မိပါပြီ ဘုရား)။

**အဲ**ဒီ ခန္ဓာငါးပါး။ ခန္ဓာရယ်လို့ မဆိုတော့ဘူး။ သူ့ကို နှစ်သက်သာယာခြင်းကြောင့် တဏှာလာသည်....(မှန်ပါ့) ရှင်းပ **လား**....(ရှင်းပါပြီဘုရား)။

ပိယ သာတကြောင့် ခင်စရာ နှစ်သက်စရာကြောင့် တဏှာ.... (မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ခင်စရာ နှစ်သက်စရာကြောင့် .. (တဏှာလာပါတယ်ဘုရား) **အဲ**... ခင်စရာ နှစ်သက်စရာက ဘယ်အကွက်ပါလိမ့်....(နံပါတ် ၂

ပါဘုရား) နံပါတ် ၂-အကွက်.... (မှန်ပါ့) တဏှာလာတော့ ဘယ်အကွက်ရောက်သလဲ.... (၃-အကွက်ပါဘုရား) ၃ အကွက် ရောက်လာပြီ။

၃- အကွက်ကြောင့် တဏှာရှိလို့ ဘဲတဲ့ နောက်ခန္ဓာမပေါ် ဘူးလား.. (ပေါ်ပါတယ်ဘုရား)ပေါ်တော့ ၄- အကွက်ရောက် မလာဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒီ ၄- အကွက်ထဲမှာဘဲ အိုပွဲ့သေပွဲ မဆင်းရဘူးလား.... (ဆင်းရပါတယ်ဘုရား) အဲဒီထဲ မရဏပေါ်လာတယ်... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အင်မတန် အဘိုးတန်သွားပြီ တကာတကာမတို့ ကိုယ့်ခန္ဓာ ပြန်သုံးသပ်နည်းတဲ့နော် .... (မှန်ပါ့) သုံးသပ်တတ်ကြပလား.... (သုံးသပ်တတ်ကြပါပြီဘုရား)။

ပြန်သုံးသပ်ပါဦး။ အို့သေ ဘယ်ကလာသတုံး.... (ဇာတိ ခန္ဓာက လာပါတယ်ဘုရား) ဇာတိခန္ဓာ ဘယ်က လာသတုံး.... (ဆုတောင်းတဏှာက လာပါတယ်ဘုရား)။

အေး....ဒါဖြင့် ဆုတောင်းတဏှာဟာဘယ်အကွက်မှာပါလိမ့် ( ၃-မှာပါဘုရား ) နံပါတ် ၃-။

သေချာရဲ့လား ဆုတောင်းတဏှာဟာ နံပါတ် ၃....(သေ ချာပါတယ်)အေး....ဒါ သေသေချာချာကြည့်ပါ။

ဒီဆုတောင်းတဏှာကလဲ ဘယ်ကလာပါလိမ့်မတုံး ဆိုတော့ ခင်စရာ, မင်စရာကသာတယ်....(မှန်ပါ့)ပေါ်ပလား.... (ပေါ်ပါ ပြီဘုရား)။

ပိယတဲ့=ချစ်စရာ၊ သာတတဲ့=သာယာစရာ၊ချစ်စရာ,သာယာစရာဆိုတဲ့ ခန္ဓာကလာတယ်....(မှန်ပါ့) ဒီအကွက်က ဘယ်မှာပါလိမ့်....(နံပါတ် ၂-ပါဘုရား)။

နံပါတ် ၂၊ ဟိုနံပါတ် ၁-ကိုမထည့်တော့ဘူး .... ( မှန်ပါ့ ) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

အေး .. ဒါကြောင့် ဩော်.... ဒါဖြင့် တကာတကာမတွေမှာ နှစ်သက်စရာ ပိယသာတဆိုတာ၊ ပိယက=နှစ်သက်တာ၊သာတက သာယာတာ .. (မှန်ပါ့)နှစ်သက်စရာ,သာယာစရာဆိုတဲ့ သာယာစရာမဟုတ်တာကို နှစ်သက်သာယာနေသောကြောင့် တဏှာလာတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီမှာ ပိယသာတဖြစ်တဲ့ တဏှာကြောင့်ဆိုတော့ ဘုရားကကွာ .... တဲ့၊ "စက္ခုလောကေ ပိယရူပံ သာတရူပံ၊ ဧတ္ထေသာ တဏှာ"ပေါ့ကွာ .. တဲ့၊ မျက်လုံးသာယာတယ်၊ ၂-နံပါတ်အကွက်ထဲမှာ မျက်လုံးကလေးပါသကိုးဗျ . ( ပါ-ပါတယ် ) မျက်လုံးသာယာတဲ့တဏှာလာတယ် .... ( မှန်ပါ့ ) သဘောကျပလား.... (ကျပါပြီ) နားသာယာလို့ရှိယင်....(တဏှာလာပါတယ်ဘုရား) နှာခေါင်းသာယာလို့ရှိယင် .... (တဏှာလာပါတယ်) လျှာသာယာယင် ...( တဏှာလာပါတယ် ) ကိုယ်သာယာယင်ကော.... ( တဏှာလာပါတယ် ) စိတ်ကလေးတွေ သာယာယင်ကော... (တဏှာလာပါတယ်ဘုရား)။

အဲ....တဏှာလာတော့ ဩော်... သာယာစရာ, ခင်မင်စရာကလာတဲ့ တဏှာပါကလား.... (မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ၂-ကြောင့် ၃-ဖြစ်၊ ၃-ကြောင့် ၄-ဖြစ်၊ ၄-ဖြစ်တော့ ၄-ထဲမှာဘဲ အိုပွဲ့သေပွဲ့ဝင်လိုက်....( မှန်ပါ့ )ရှင်းပလား....(ရှင်းပါပြီဘုရား)။

၂-ကြောင့် ဘာဖြစ်သတုံး... (၃-ဖြစ်ပါတယ်) ၃- တဏှာဖြစ်တယ်၊ ၃-တဏှာကြောင့် ၄-ဇာတိခန္ဓာငါးပါး မလာဘူးလား.... (လာပါတယ်ဘုရား) ။

အဲဒီ့ ခန္ဓာငါးပါးဟာ ၄-ကထွက်နိုင်သေးရဲ့လား၊ ၄-ထဲမှေးပြီး၊ ၄-ထဲဘဲ အိုသေနဲ့ဇာတ်သိမ်းရမှာဘဲ....(မှန်ပါ့) မသိမ်းရဘူးလား .. (သိမ်းရပါတယ်ဘုရား)။

အဲဒါကြောင့် အခုဟာ အစဉ်အတိုင်းပြောတာ၊ ပြောင်းပြန် လှည့်လိုက်တော့ အိုသေဘယ်ကလာသတုံး(ခန္ဓာငါးပါးက လာပါတယ်) ဇာတိခန္ဓာငါးပါးက....(မှန်ပါ့ဘုရား)။

ဇာတိခန္ဓာငါးပါးက မိုးပေါ်ကျလား-အကြောင်းရှိသလား ဘယ်ကလာသတုံး....(ဆုတောင်းတဏှာက လာပါတယ်ဘုရား)။

ဆုတောင်းတဏှာကလဲ အလိုလိုပေါ်တဲ့ မိုးပေါ်ကျလား ဆိုတော့ ခင်စရာ့မင်စရာဆိုတဲ့ ခန္ဓာငါးပါးက ပြန်လာတယ်-(မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဘယ်ကလာသတုံး....(ခင်စရာ့မင်စရာဖြစ်တဲ့ ခန္ဓာငါးပါးက လာပါတယ်ဘုရား)။

ခန္ဓာငါးပါးဆိုတာ ဘယ်အကွက်ပါလိမ့် ...(နံပါတ် ၂-ပါ) နံပါတ် ၂-အကွက်ကလာတာ၊ ဒါဖြင့် နံပါတ် ၂- အကွက်ကို မသိလို့ ခင်တာဖြစ်တော့ သူ့ကိုသိအောင် လုပ်ရလိမ့်မယ်.... (မှန်ပါ့)မောင်ချစ်စိန် မသိလို့ခင်တာ... (မှန်ပါ့ဘုရား)။

ခင်စရာ, မင်စရာ ဖြစ်နေတော့ မသိလို့ ခင်နေတာ၊ သူ့ကို ဘုန်းကြီးတို့က ဒုက္ခသစ္စာဖြစ်အောင် လုပ်ဘို့ဘဲ လိုတော့တယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ၂-အကွက်ဟာ စာထဲကြည့်စမ်း-ဘာသစ္စာ တုံး .. (ဒုက္ခသစ္စာပါဘုရား)။

အဲဒီ့ ဒုက္ခသစ္စာသာဖြစ်အောင်ပြောဘို့၊ ခင်ဗျားတို့ကတော့ အရမ်းခင်နေတာဘဲ .... ( မှန်ပါ့ ) ကိုယ့်ခန္ဓာကို-ကိုယ်ခင်.... (မှန်ပါ့ဘုရား)။

ခလုတ်မထိ ဆူးမငြိပါစေနဲ့၊ အသက်တရာကျော် ရှည်ပါ ရစေ- အစရှိသည်နဲ့ ခင်ဗျားတို့ကတော့ ကိုယ့်ခန္ဓာ ခင်နေတဲ့ တတိယကွက်ဘက် ကူးနေတယ်၊ မကူးဘူးလား.... (ကူးပါတယ် ဘုရား)။

ကူးနေတော့ကို စတုတ္ထအကွက်ကို မောင်ချစ်စိန် သေသည်၏ အခြားမဲ့၌ ရပ်စဲလို့ရသေးရဲ့လား....(မရပါ) သွားရတော့မယ် ဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

အေး....ဒါကြောင့် တကာတကာမတွေ ဘယ်အမှားပြင်ရ မှာတုံးဆိုတော့ တကာတကာမတွေမှာ ခင်စရာ, နှစ်သက်စရာက ဒုတိယကွက်မှာ၊ မဟုတ်ဘူးလား....(မှန်ပါ့ဘုရား)။

ခင်စရာ, နှစ်သက်စရာက....(ဒုတိယကွက်မှာပါ )ဒုတိယကွက် ဆိုတာ ဘာ-ဘာရှိသတုံး .. (ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာပါ) အဲဒီ့ခန္ဓာငါးပါးရှိတဲ့ အကွက် မဆိုနိုင်ဘူး လား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲ....ခန္ဓာငါးပါးရှိတဲ့အတွက် အဲဒီ့ခန္ဓာငါးပါးကိုဘုန်းကြီး တို့က ဘာသစ္စာလို့ ရေးထားသတုံး....(ဒုက္ခသစ္စာလို့ရေးထား ပါတယ်ဘုရား)။

ဒုက္ခသစ္စာမသိသ၍ မောင်သစ် ဒီအတိုင်း သွားနေမှာဘဲ .... (မှန်ပါ့ဘုရား)။

မောင်ချစ်စိန် ဘယ့်နှယ်တုံး.... ( ဒီအတိုင်းသွားနေမှာပါ ) ဒီ-ဒုတိယအကွက် ဒုက္ခသစ္စာမဟုတ်တော့ဘူး၊ ခင်ရာ့ မင်ရာသာ ဖြစ်နေမယ်ဆိုယင်ဖြင့် မောင်သစ် မျောပြီ....(မျောပါပြီဘုရား)။

ဒါဖြင့် သတ္တဝါတွေ ဒီနေရာကနေ ဖြေရှင်းမှုကိုက်တော့ မယ်... (မှန်ပါ့)၂-နံပါတ်က ဖြေရှင်းမှုသာလျှင် မောင်ချစ်စိန် ကိုက်မယ်.... (မှန်ပါ့)၂-နံပါတ် ပြင်ပေးမည့်လူ မရှိယင် သွားပေ ရော့... အို့ဒသနဲ့ချည့်ဘဲ ဇာတ်သိမ်းမယ်....( မှန်ပါ့ )ပေါ်ကြ ပလား....(ပေါ်ပါပြီဘုရား)။

ဘာပြင်ပေးရမလဲ....(၂-နံပါတ် ပြင်ပေးရပါမယ်) ၂-နံပါတ် ပြင်ပေးရမယ် တဲ့။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရှင်အာနန္ဒာ ကို ဟောဘယ်၊ အာနန္ဒာ....တဲ့၊ မင်းဆွေမျိုး၊ မင်းတကာတကာမ တွေ၊မင်းချစ်ကျွမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေ မင်းသနားလို့ရှိယင် အဲဒီ့ ခန္ဓာကြီး သစ္စာဖြစ်အောင် ပြောပေးစမ်းပါ၊ ဒုက္ခသစ္စာဖြစ် အောင် ပြောပေးလိုက်ပါကွာတဲ့.... ( မှန်ပါ့ )ဒါမှ မင်းခင်ရာ့ မင်ရာလဲ ရောက်ပါတယ်တဲ့... ( မှန်ပါ့ ) ကြင်နာသနားရာလဲ ရောက်ပါတယ်တဲ့.... ( မှန်ပါ့ )ဒါ ဒုက္ခသစ္စာမှ ပြောမပေးလို့ ရှိယင်ဖြင့် ခင်ရာ့မင်ရာ မင်းကျေးဇူးပြုရာတော့ မရောက်ပါဘူး တဲ့....(မှန်ပါ့ဘုရား)။

**ဒါ**ဖြင့် ၂-နံပါတ်ကို ဘာဖြစ်အောင်လုပ်ရမလဲ.... (ဒုက္ခသစ္စာ ဖြစ်အောင်လုပ်ရပါမယ်) ပင်ကိုယ်ကကော ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား)။

ပင်ကိုယ်ကလဲ ဒုက္ခသစ္စာဘဲဆိုတာ တကာတကာမကြီးတွေ အကုန်မှတ်လိုက်စမ်းပါ.... (မှန်ပါ) ၂-နံပါတ်မှာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာဆိုတာသည် **ဘာသ**စ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့အကွက်မှာ ခင်စရာ,မင်စရာဖြစ်နေတာ၊ **ခင်ဗျား**တို့မှာ ဒီဥစ္စာ သုခသစ္စာလုပ်နေတာ....( မှန်ပါဘုရား )။

တကာတကာမတွေတော့ ဘာဖြစ်နေသတုံး .... (သုခသစ္စာ ဖြစ်နေပါတယ်ဘုရား)။

သုခသစ္စာဖြစ်နေတော့ ဩော်... စင်စစ်သဘောက ဒုက္ခသစ္စာ၊ **ကိုယ်က** ခင်စရာ,မင်စရာ ဖြစ်တော့ဘာတဲ့.... ( သုခသစ္စာပါ ) **အဲဒီ**နေရာမှာ ပြင်ရမှာ .... ( မှန်ပါ ) မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ဩော်....တရားဟောစရာအကွက်၊ ဆရာသမားကူစရာအကွက် **ဘုရား**ပွင့်စရာ အကွက်ဟာ ဘယ်အကွက်ပါလိမ့်မတုံး ဆိုတာ မင်းတို့ပေါ်ပြီကွ(ပေါ်ပါပြီ)ဘယ်အကွက်ပါလိမ့်(၂-ပါဘုရား) ၂-နံပါတ်အကွက်ဘဲ....။

၂- နံပါတ်မှာ အကူအညီကင်းလို့ ဖြောင့်ပေးမည့်သူ မရှိ **တော့**ပါဘူးဆိုယင် မောင်သစ်သွားပြီ.... (မှန်ပါ) မသွားသေး ဘူးလား....(သွားပါပြီ)။

ဒီနေ့ တရားမှာ မောင်ချစ်စိန် သိပ်ပြီး အဘိုးတန်တယ်.... (အဘိုးတန်ပါတယ်ဘုရား) လက်သည် တွေ့ပြီကွ.... (တွေ့ပါပြီ ဘုရား)။

မင်းတို့က ဒုတိယအကွက်ကို ဘာသစ္စာလို့ မင်းတို့စိတ်ထဲမှာ မှတ်နေသတုံး....(သုခ သစ္စာလို့ မှတ်နေပါတယ်ဘုရား)။

သေသေချာချာဘဲ၊ ရထားတဲ့ ခန္ဓာကြီးကို သိပ်နှစ်သက်တာ... (မှန်ပါ့) သားမယားခန္ဓာကော... (နှစ်သက်ပါတယ်ဘုရား) သားသမီးခန္ဓာကော (နှစ်သက်ပါတယ်ဘုရား) ပစ္စည်းခန္ဓာတွေကော (နှစ်သက်ပါတယ်ဘုရား) အဲဒါ ၂ နံပါတ်ချည်းဘဲ....(မှန်ပါ့)။

ဘုရားကလဲ အဲဒီ သားသမီးနဲ့ ပစ္စည်း မိမိခန္ဓာကို ဘာသစ္စာ ဟောသလဲ....(ဒုက္ခသစ္စာ ဟောပါတယ်ဘုရား)။

ကဲ....ဘုရားက ဒုက္ခသစ္စာဟောတယ်၊ မင်းတို့က သုခသစ္စာ ထင်တယ်။ ဒီနေရာ လမ်းလွဲနေပါကလားဆိုတာတို့အကွက်ပေါ် လာတယ်.... ( မှန်ပါ့ဘုရား ) ရှင်းပလား.... ( ရှင်းပါပြီ ဘုရား )။

ကိုယ့်အတွက် လမ်းလွဲတဲ့နေရာ ငါဘယ်နေရာက စ မှားခဲ့တယ်ဆိုတာ ယနေ့ လက်ထောက်ပြလို့ ပေါ်တယ်.... (မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

၂-နံပါတ်ကို မသိမှုကြောင့် တသံသရာလုံး လည်ရတယ်.... (မှန်ပါ့ဘုရား)။

၂- နံပါတ်ကို ဒုက္ခသစ္စာဟုတ်ပါလျက်သားနဲ့ ဒုက္ခသစ္စာ ဉာဏ်ထဲမဖြစ်ဘဲနဲ့ သုခသစ္စာလို့ ခင်နေတဲ့အတွက် တသံသရာလုံး

ငိုပွဲတွေ၊ အိုပွဲတွေ၊ သေပွဲတွေချည့် ဆင်တာဘဲ.... (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အားလုံးတကာတကာမတွေ ဘယ်အကွက် ပြင်ရမှာတုံး....(၂-နံပါတ်အကွက်ပါဘုရား)။

၂-နံပါတ်အကွက် ဘာသစ္စာ...(ဒုက္ခသစ္စာပါ)ခင်ဗျားတို့က ဘာသစ္စာလုပ်ထားသလဲ...(သုခသစ္စာလုပ်ထားပါတယ်ဘုရား)။

ပေါ်ပြီကွ မောင်ချစ်စိန်ရ .... ( မှန်ပါ ) ပေါ်ပြီ-ပေါ်ပြီ သေချာပြီ... (မှန်ပါ) သေချာပြီ။

အဲဒီတော့ကို ဒီအထဲမှာ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ရှိပါတယ်တဲ့၊ ခန္ဓာငါးပါးထဲမှာ၊ မနဆိုတဲ့စိတ်ကို ရှုလိုက်လို့ ရှိယင်လဲ သူဒုက္ခသစ္စာဖြစ်လို့ ရှိယင် ကျန်တာတွေ အပေါင်းအပေါ်တွေပါ ဒုက္ခသစ္စာဖြစ်တာဘဲ....(မှန်ပါဘုရား)။

စိတ်ဒုက္ခသစ္စာဖြစ်ယင် သူနဲ့ယှဉ်ဖေါ် ယှဉ်ဘက်တွေကော.... (ဒုက္ခသစ္စာပါ)သူက ဖြစ်စေတဲ့ ရုပ်တွေကော....(ဒုက္ခသစ္စာပါ) သူတလုံးပိုင်လို့ ရှိယင် အကုန်ဒုက္ခသစ္စာဖြစ်မှာဘဲ .... (မှန်ပါဘုရား)။

ဒါဖြင့် သူ့ရှုဘို့ဘဲ၊ မောင်သစ် ပေါ်ပလား .... (ပေါ်ပါပြီဘုရား)။

စိတ်ရှုယင် စိတ်ကခေါင်းဆောင်တော့ သူနဲ့ ယှဉ်ဖေါ် ယှဉ်ဘက်ဝေဒနာ၊ သညာ၊ ဖဿတို့ကလဲ စိတ်နဲ့တွဲမနေကြဘူးလား.... (နေပါတယ်) တွဲနေတော့ စိတ်က ဒုက္ခသစ္စာဖြစ်အောင် ဆရာဘုန်းကြီးက ဟောလိုက်လို့ ရှိယင် ခင်ဗျားတို့ ဒါတွေဒုက္ခသစ္စာ

ဖြစ်ဘို့ရာလဲ အဆင်သင့်ပါသွားပြီ ... (မှန်ပါ) သူက ဖြစ်စေတဲ့ ရုပ်တရားတွေကော.... (ဒုက္ခပါဘဲ) ဒုက္ခသစ္စာဘက်ကို မလှည့်ဝံ့သေးဘူးလား....(လှည့်ဝံ့ပါတယ်ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်တလုံးကို ကြည့်ပြီးတော့ အဲဒီအကွက်မှာဘဲ သဠာယတနထဲက မနာယတနရှုလိုက်....(မှန်ပါ) သေချာပလား .. (သေချာပါပြီ) မနာယတနဆိုတာ စိတ်နော်....(မှန်ပါ) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

အဲဒါကို ခင်ဗျားတို့က သူက ဒုက္ခသစ္စာ ဖြစ်ပါလျက်နဲ့ ကိုယ့်စိတ်ကူးကလေးနဲ့ ကိုယ်ကျေနပ်နေတဲ့ အခါများပါသေးတယ်... (မှန်ပါဘုရား)။

ကိုယ့်စိတ်ကူးကလေး- ကိုယ်စိတ်ကူးတဲ့အတိုင်း ဘာကလေးလုပ်လိုက်၊ အရောင်းအဝယ်ကလေး ကူးလိုက်တဲ့အတိုင်း အမြတ်အစွန်းကလေးက ထွက်လာ၊ကိုယ့်စိတ်ကူးကလေးနဲ့ကိုယ် သာယာနေတဲ့ အခိုပွါယ်မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါ စိတ်ပေါ်ကော ပိယသာတမရှိဘူးလား....(ရှိပါတယ်ဘုရား) ပိယက=ချစ်ခင်တာ၊ သာတက= သာယာတာနော် .... (မှန်ပါဘုရား)။

ကဲ....ဒါဖြင့် ဒုတိယအကွက် သာယာတော့ တတိယအကွက် သာယာမှုတဏှာ မလာသေးဘူးလား.. ( လာပါတယ် ) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဩော် .... ဒါဖြင့် တကာတကာမတို့ ဒါကြောင့် ဆရာဘုန်းကြီးက စိတ္တာနုပဿနာ စာရွက်ကလေးတွေ ဝေထားတယ်၊

ခင်ဗျားတို့ ရကြတယ်မဟုတ်လား....(ရပါတယ်) ရကြတယ်နော် (မှန်ပါ့ဘုရား)။

စိတ္တာနုပဿနာ စာရွက်ကလေးတွေဟာ စိတ် ဆဲ့နှစ်မျိုး ဘုန်းကြီးရေးထားပါတယ်....(မှန်ပါ့ဘုရား)။

အဲဒါ ခင်စရာ့မင်စရာတွေ ခင်ဗျားတို့က ထင်တယ်၊ ကိုယ့် မျက်စိထဲ ကြည်လာလို့ရှိယင်လဲ မောင်သစ်တို့က ကြည့်လို့ ကောင်းလိုက်တာ၊ မျက်လုံးပေါ်မှာ သာယာမှု....( မှန်ပါ့ )ဒါ မြင်စိတ် သာယာတာပေါ့ကွာ....(မှန်ပါ့ဘုရား)။

နားကလေးက ကြည်လာပြန်လဲ.... (သာယာပါတယ်) ဒါ ကြားစိတ်ကလေးကို....(သာယာတာပါဘုရား)။

နှာခေါင်းကလေးက ရှူလို့ရှိုက်လို့ နှာ စေး တာ ပါ၊ ပျောက်သွားလို့ရှိယင်ကော (သာယာပါတယ်) လျှာကလေးက အရသာထက်ထက်ကလေး စားရ့သောက်ရယင်.... (သာယာပါ တယ်ဘုရား)။

ကိုယ်ကလေးကလဲ တခါ ပေါ့ပေါ့ပါးပါးနဲ့ သွားရ- လာရ လို့ရှိယင်... ( သာယာပါတယ် ) ကိုယ်ကိုသာယာပြန်တာဘဲ ... (မှန်ပါ့ဘုရား)။

နေလို့ ထိုင်လို့ မသွက်ဘူး၊ ကိုယ်ကြီး ခက်တယ်ဆိုပြီး ကိုယ်ကြီး ရန်ဖြစ်နေတာဘဲ....(မှန်ပါ့ဘုရား)။

ပေါ့ပေါ့ ပါးပါးနဲ့ သွားရ့ လာရလို့ရှိယင် ကိုယ်ပေါ့ သာယာတယ်....(မှန်ပါ့) စိတ်ကလေးကလဲ ဖြူဖြူစင်စင်နဲ့ အကြံ အစည်ကလေး ကောင်းကောင်း ကလေးနဲ့ဖြင့် ကိုယ့်စိတ် ကိုယ် သာယာနေတယ်....(မှန်ပါ့ဘုရား)။

မင်းတို့ လူတယောက်ချီးမွမ်းယင် ဒီလူဟာ.... သိပ်စိတ်ကူး ကောင်းတာဘဲ....(မှန်ပါ့) မပြောကြဘူးလား.... (ပြောပါတယ် ဘုရား)။

ကျုပ်တို့က ဒီလိုစိတ်ကူးမကောင်းဘူး၊ ကျုပ်တို့စိတ်များက ခက်လိုက်တာ၊ သူတို့ စိတ် ကူး ကောင်း တော့ မမြင်ဘူးလား စီးပွားရေးဆိုတာ ဖြောင့်နေတာဘဲ.... (မှန်ပါ့)ကိုယ့်စိတ် ကိုယ် သာယာနေကြတယ်....(မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကူးကလေးနဲ့ ကိုယ်တည့်သွားတဲ့ အခါကျတော့ မောင်သစ် ဘယ့်နှယ်နေသတုံး....(သာယာပါတယ်ဘုရား)။

အင်မတန် သဘောကျတယ်....(မှန်ပါ့) ပြောလို့ကောဆုံး ရဲ့လား....(မဆုံးပါ) မဆုံးတော့ ဒါ ဘယ်သူ့သာယာတာတုံး (ကိုယ့်စိတ် ကိုယ်သာယာတာပါဘုရား)။

ကိုယ့်စိတ်ကိုယ် သာယာတော့ ကိုယ့်စိတ်က ဒုတိယ အကွက်မှာ .... ( မှန်ပါ့ ) သာယာတာက တတိယအကွက်မှာ တကျကိုးကွ....(မှန်ပါ့ဘုရား)။

သာယာတာက ဘယ်အကွက်မှာတုံး....(တတိယကွက်မှာပါ) တတိယကွက်မှာ ရှိတယ်ဆိုတာ မှတ်ထားစမ်းပါ။

ဩော်.... ဒါဖြင့် တကာတကာမတွေမှာ အခုဝေထားတဲ့ စိတ်ဆဲ နှစ်ချက်ကို မြင်စိတ်ကလေးကို သာယာလို့ ရှိယင်လဲ မြင်စိတ်က ဒုတိယအကွက်မှာ၊ သာယာတာက တတိယအကွက် မှာ၊အဲဒီလို သာယာလို့ ရှိယင် ခန္ဓာရဦးမှာဘဲ....( မှန်ပါ့ )ခန္ဓာ ရယင် အို့သေက....(လာဦးမှာပါ)အိုသေကလာဦးမှာဘဲဆိုတာ သဘောကျပလား....(ကြပါပြီဘုရား)။

ကြားစိတ်ကလေးက တကာတကာမတို့ ဒုယတိအကွက်မှာ၊ သာယာတာက....(တတိယအကွက်ပါဘုရား)။

တတိယအကွက်မှာ သာယာတယ်၊ သာယာတယ်ဆိုလို့ရှိ ယင်လဲ နောက်ဇာတိက .... (လာဦးမှာပါ) ခန္ဓာလာဦးမှာဘဲ.... (မှန်ပါ့ဘုရား)။

ခန္ဓာရယင် အို့သေကကော....( လာမှာပါ ) လာမှာဘဲဆို တော့ ဩော်....ဒီအကွက်မှာ မှားနေတာကိုးဆိုတဲ့ဉစ္စာ ပေါ်လာ တယ်....(ပေါ်လာပါတယ်)ရှင်းကြပလား.... (ရှင်းပါပြီ) ဘယ် အကွက်မှာမှားသတုံး .... (နံပါတ် ၂- အကွက်မှာ မှားပါတယ် ဘုရား)။

နံပါတ်၂-အကွက် သွားကြည့်တော့ ဘုရားက ဘာသစ္စာလို့ ဟောထားသတုံး....(ဒုက္ခသစ္စာလို့ ဟောပါတယ်ဘုရား)နံပါတ် ၂- ဟာနော်....(မှန်ပါ့)။

ဒုက္ခသစ္စာလို့ ဟောထားပါလျက် ခင်ဗျားတို့က သာယာ နေတော့ သုခသစ္စာဖြစ်နေတယ်....(မှန်ပါ့) ရှင်းပလား....(ရှင်း ပါပြီဘုရား)။

ခင်ဗျားတို့က သာယာနေတော့ သုခသစ္စာ ဖြစ်ပါတယ်....၊ ဒါဖြင့် အဲဒါ သံသရာရှည်ဘာဘဲ(မှန်ပါ့) ဒီလို သာယာနေလို့ မောင်ချစ်စိန် ဘာဖြစ်သတုံး... (သံသရာရှည်ပါတယ်ဘုရား)။

သံသရာရှည်ဘာတော့ ၂-က နေပြီး ၃-ရောက်ဟုတ်လား.... (မှန်ပါ့)၃-ကနေပြီး ၄-ရောက်၊ ၄-ကနေပြီး ၁ ပြန်ထွက်လာတယ် (မှန်ပါ့) မထွက်ပေဘူးလား....(ထွက်ပါတယ်ဘုရား) ထွက်တော့ အဝိုင်းပြေးမသွားဘူးလား ... (သွားပါတယ်ဘုရား)။

အဲဒါကြောင့် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးဟာ လည်ရပါပြီ၊ ဘယ်အကွက် အမှားမပြင်နိုင်လို့ လည်ရတာလဲ....(နံပါတ်၂ အကွက် အမှားကို မပြင်နိုင်လို့ပါဘုရား)။

တကာသိုက် သိပ်အဘိုးတန်တယ်....(မှန်ပါ့) သိပ်အဘိုးတန်တယ်တဲ့...၊ ဒါ ပြင်နိုင်မှ....(မှန်ပါ့)။

ဘုရားဟာ ဒါ ပြင်နိုင်တာနဲ့ ဘုရားဖြစ်တာ....( မှန်ပါ့ ) သောတာပန်တည်တာကော....(ဒါပြင်နိုင်လို့ပါဘုရား)သကဒါဂါမ်,အနာဂါမ် ဖြစ်ကြတာတွေ....(နံပါတ် ၂-အကွက် ပြင်နိုင်လို့ပါဘုရား)။

နံပါတ် ၂-အကွက်ကို ပြင်နိုင်ကြလို့....၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာဖြစ်အောင် လုပ်နိုင်ကြလို့....(မှန်ပါ့)။

ပြင်တယ်ဆိုတာကတော့ ကိုယ့်စိတ်ကို ကိုယ့်အသိကို ကိုယ်ပြင်ရတာပါဘဲ၊ ဟို... ပင်ကိုယ်က တရားက ပြင်စရာ မလိုဘူး....(မလိုပါဘုရား) ကိုယ့်အသိကို ပြင်ပေးရမယ်....(မှန်ပါ့)။

ကိုယ်မှားနေတဲ့ အမှားကို....(ပြင်ပေးရပါမယ်)အဲဒီ ပြင်ပေးလိုက်တဲ့ အခါကျတော့ဖြင့်တဲ့ ဒုက္ခသစ္စာကွက် ဖြစ်သွားယင် မှန်ပြီ....(မှန်ပါ့)မဟုတ်ဘူးလား....(မှန်ပါ့)။

သူက ဒုက္ခသစ္စာကွက် ဖြစ်လို့ရှိယင်ဖြင့် နောက်က သမုဒယသစ္စာကွက် မလာတော့ဘူး....( မလာတော့ပါဘုရား )လာပါ့မလား....(မလာပါဘုရား)။

အဲ .... ဒုတိယအကွက်က ဒုက္ခသစ္စာဖြစ်လို့ရှိယင် တကာတကာမတွေ တတိယအကွက် သမုဒယသစ္စာ ဘယ့်နှယ်တုံး....(မလာပါဘုရား)။

စတုတ္ထအကွက် ဒုက္ခသစ္စာ....(မလာတော့ပါဘုရား)မလာတော့ဘူးဆိုတော့ မောင်ချစ်စိန် သူဘဲ....(မှန်ပါ့) လက်သည်ပေါ်ပြီမဟုတ်လား....(ပေါ်ပါပြီဘုရား)။

သူဘဲဆိုတဲ့ အခိပ္ပါယ် ရှင်းသွားပြီ၊ဒုတိယအကွက်မှာ မှောက်မှားနေတယ်....(မှန်ပါ့)။

တကာတကာမတွေ ဘယ်အကွက်မှာ မှောက်မှားနေသလဲ....(ဒုတိယအကွက်မှာ မှောက်မှားနေပါတယ်ဘုရား)ဒုတိယအကွက်မှာ မှောက်မှားနေတယ်ဆိုတာ ပေါ်ကြပလား....( ပေါ်ပါပြီဘုရား )။

အဲဒါကြောင့် ဒီ အမှောက်မှားကြီးကို ပြင်ပြီးတော့မှ ကျုပ်တို့ သေရလို့ရှိယင် အရိယာသေဘဲ....(မှန်ပါ့)အမှောက်မှားကြီးမပြင်ဘဲနဲ့ သေလို့ရှိယင် အရှုံးအကန်းသေဘဲ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒုတိယကွက် ဘာသစ္စာဖြစ်ရမှာတုံး.... ( ဒုက္ခသစ္စာ ဖြစ်ရပါမယ်ဘုရား)အဲဒါ မဖြစ်ဘဲနဲ့ သေသွားယင် မောင်ချစ်စိန်....မင်းဘဲ စဉ်းစားကြည့်ပါ....(အရှုံးအကန်းသေပါဘုရား)ကိလေသာ ရှုံး....ဟင်....(မှန်ပါ့)။

ဒုက္ခသစ္စာကို သုခသစ္စာလုပ် ရှုံးတာက တမျိုး၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ မမြင်လို့ ကန်းတာက တမျိုး.... (မှန်ပါ့) အရှုံးအကန်း သေပြီးသကာလသေခြင်းဆိုး, နေခြင်းဆိုးနဲ့ သွားတော့တာဘဲ....(မှန်ပါ့)ဇရာ မရဏာဘဲ လမ်းဆုံးတာဘဲ....(မှန်ပါ့)မဆုံးရပေဘူးလား....(ဆုံးရပါတယ်ဘုရား)။

တယ်လဲ ကြောက်စရာကောင်းပါကလား....၊ တကာသိုက်.... ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်အကွက်ဟာအရေးကြီးသတုံးကွ....(နံပါတ် ၂-အကွက်ပါဘုရား)နံပါတ် ၂-ဒုတိယ အကွက်ဟာ သိပ်အရေးကြီးတယ်....(မှန်ပါ့)။

တရားက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)အဲ....ကျုပ်တို့က ဒုက္ခသစ္စာကိုက် ဖြစ်ဘို့ အရေးကြီးတယ်....(မှန်ပါ့)။

မောင်ချစ်စိန် တရားက... (ဒုက္ခသစ္စာပါဘုရား) မင်းတို့က ဘာဖြစ်အောင် လုပ်ရမလဲ....(ဒုက္ခသစ္စာဖြစ်အောင် လုပ်ရပါမယ်ဘုရား) ဒုက္ခသစ္စာဘဲဖြစ်အောင်လုပ်ရမယ်... (မှန်ပါ့)။

အဲဒီတော့ကို ခင်ဗျားတို့အလိုတော့ မဖြစ်တော့ဘူး၊ ဆရာဘုန်းကြီးကူမှ ရတော့မှာဘဲ....(မှန်ပါ့)။

ခင်ဗျားတို့ အလိုတော့ ဘယ်နည်းနဲ့မှ မဖြစ်ဘူး .. (မှန်ပါ့) ဘာမှ့မှ မပါလာဘဲကိုး.... (မှန်ပါ့)။

ထမင်းစားတတ်တာရယ်... ရေသောက်တတ်တာရယ်၊ ဒါဘဲပါလာတော့ ဒီဥစ္စာကို ပြင်ပေးမည့် ဆရာသမားကောင်းဆိုတာကို ရှာပါဆိုတဲ့ဥစ္စာ မောင်သစ် မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ပေါ်ပြီကွ....(မှန်ပါ့)ဒါကြောင့် အကြိမ်ပေါင်း( ၁၇၉၂ ) ကြိမ်တိုင်တိုင် ရှာစမ်းပါကွဆိုတဲ့ဥစ္စာ မမှာသင့်ဘူးလား....(မှာသင့်ပါတယ်ဘုရား)။

သူနဲ့ မတွေ့ယင် သွားပြီ....( မှန်ပါ့ )ဘယ်လောက်တာရှည်သတုံး....(ရှည်ပါတယ်ဘုရား)။

ကိုင်း...တကာတကာမတို့ ရိုက်သံ့ နှက်သံကလေးကြားကြား သံရိုက်သံကလေး ကြားကြား၊ လက်သမားတွေက ထုသံကြား ကြား၊ ကြားစိတ်ကလေး နားထဲ ပေါ်လိမ့်မယ်... (မှန်ပါ့)။

မောင်သစ် ဘာလုပ်မလဲ....( ဖြစ်ပျက် ရှုရပါမယ်ဘုရား ) ဖြစ်ပျက်က ဘာသစ္စာ....(ဒုက္ခသစ္စာပါ) ဟော....ဒုတိယကွက်ထဲ မပါဘူးလား... (ပါပါတယ်ဘုရား)။

အဲဒီတော့ မနာယတနကိုး၊ မနာယတနဆိုတာ စိတ် (မှန်ပါ့) အဲ....သူက ဒုက္ခသစ္စာ၊ ရှုတာကလေးက....(မဂ္ဂသစ္စာပါ ဘုရား) ကဲ....တတိယအကွက် လာသေးလား ...(မလာပါဘုရား) စတုတ္ထ အကွက်ကော....(မလာပါဘုရား)။

မလာလို့ရှိယင် သံသရာစခန်းသတ်ပေါ့၊ ဒုက္ခသစ္စာသိသွား လို့ သတ်တာဘဲ... (မှန်ပါ့)။

ဘယ်နှယ်ကြောင့်ပါလိမ့်....(ဒုက္ခသစ္စာသိသွားလို့ပါဘုရား) ဒုက္ခသစ္စာသိသွားလို့ သံသရာ ရှေ့ဆက်သေးရဲ့လား....(မဆက် ပါဘုရား)မဆက်တော့ ဒါ အဘိုးတန်တယ်....(မှန်ပါ့)။

ဒါဖြင့် နှာခေါင်းက မွှေးစိတ်နံစိတ်ကလေးလာလဲ ဘာလုပ် ရမလဲ....(ဖြစ်ပျက်ရှုရမှာပါဘုရား)ကဲ....ဖြစ်ပျက်က ဘယ်အကွက် ထဲမတုံး....(နံပါတ်၂-အကွက်ထဲမှာပါ ဘုရား) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် ဟုတ်ပြီ....ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ၊ကိုက်ပြီ ( မှန်ပါ့ )ဖြစ်ပြီး ပျက်ကတည်းက ဖြစ်ဒုက္ခ, ပျက်ဒုက္ခကိုး.... (မှန်ပါ့)။

ဖြစ်တာလဲ ဒုက္ခ၊ ပျက်တာကော ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ .... နောက်ကနေ ဖြစ်ပျက်လို့ သိလိုက်တာကလေးကကော (မဂ္ဂသစ္စာပါဘုရား)ဩော်....သူ ဒုက္ခသစ္စာသိတာဘဲ....၊ မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အေး .... ဒီလို သိသွားတော့မှ ဒီ တကာ တကာမတွေမှာ ဩော်....အရင်တုန်းက သုခသစ္စာ ပိယ,သာတဖြစ်နေတဲ့အကွက်ကို အခုတော့ဖြင့် ပိယ,သာတဖြစ်သေးရဲ့လား...( မဖြစ်တော့ပါဘုရား)ပိယက- ခင်တယ်၊သာတ က သာယာတယ်ဆိုတာ မဖြစ်ဘူး။ ဒုက္ခသစ္စာလို့သာ သိတော့တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒုက္ခသစ္စာလို့သာ သိတဲ့အတွက်တဲ့ ဒုက္ခသစ္စာကွက်၌ ဒုက္ခသစ္စာဘဲဖြစ်တယ်....(မှန်ပါ့) အယင်တုန်းက ဒီနေရာ မှောက်မှားတဲ့အကွက်ကိုးနော်....(မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)အခု မှောက်မှားသေးရဲ့လား....(မမှောက်မှားပါဘုရား)။

ဒါဖြင့် ယထာဘူတဉာဏ်ရပြီ ... (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။

ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ် မရကြသေးဘူးလား....( ရပါပြီဘုရား) ပေါ်ပြီနော်....(ပေါ်ပါပြီဘုရား)။

ကဲ... ဒါဖြင့် လျှာပေါ်မှာ စားစိတ်ကလေး ပေါ်တိုင်း ပေါ်တိုင်း ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက်က ဘာသစ္စာ.... ( ဒုက္ခသစ္စာပါဘုရား ) အဲ....ဒုတိယကွက် ဒုက္ခသစ္စာဖြစ်ပြီ....ဟုတ်လား....(မှန်ပါ့) ရှုတာကလေးက (မဂ္ဂသစ္စာပါဘုရား)။

အဲဒီတော့မဂ္ဂသစ္စာကလေးကတသံသရာလုံးမှာသမုဒယသစ္စာဘက်သာကူးတာ၊အကူးခံသေးရဲ့လား(မခံပါဘုရား)မကူးတော့ပါဘူးတဲ့။ သူ... ကြားဝင် ဖြတ်လိုက်တာကိုး....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

အဲ....ကြားဝင်ဖြတ်လိုက်တယ် ဆိုကတည်းက ဟိုမြွားကလေးဟာ ဒီဘက်ကူးသေးရဲ့လား....(မကူးပါဘုရား)။

ကဲယနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု.... သာဓု....သာဓု....။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( ဝေဒနာနုပဿနာရှုနည်း )

# နေ့အလုပ်ပေး-တရားတော်

( ၂၆ - ၉ - ၆၂ )

ဒီကနေ့ပြီးသကာလ အပါယ်လေးဘုံကို တည်ဆောက်တယ်လို့ မှတ်ထားရမယ်... (မှန်ပါ)။

ဒီကနေ့ပြီးသကာလ အပါယ်လေးဘုံကို သိမ်းနိုင်တယ်ဆိုတဲ့ ဥစ္စာ မှတ်ထားရမယ်....(မှန်ပါ)။

အပါယ်လေးဘုံကို ဒီကနေ့ပြီး တည်ဆောက်တယ်၊အပါယ်လေးဘုံကို ဒီကနေ့ပြီးသကာလ သိမ်းနိုင်တယ်ဆိုတော့ ဒီနေရာဟာ ဗဟို ဌာနဘဲလို့ မှတ်ထားကြပါနော်.... ( မှန်လှပါဘုရား )။

ဗဟိုဌာနလို့ သေသေချာချာ မှတ်ထားကြပါ။ အပါယ်သွားတယ်ဆိုတာလဲ ဒီကနေ့ပြီးသကာလ ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်အတိုင်းပေါ်လို့ အပါယ် ရောက်စေတတ်တဲ့ ကံမြောက်လို့

အပါယ်မှာသွားပြီး ငရဲမီး ၊ ငရဲမီးလျှံ ၊ ငရဲအိုးတွေ ပေါ်ရတယ် ဒီကဖြစ်စဉ်က လုပ်တာဘဲလို့ မှတ်ပါ...(မှန်ပါ့ဘုရား)။

တခါက ဒီကဖြစ်စဉ်ကို အပါယ်ရောက်စေတတ်တဲ့ဖြစ်စဉ်ကို ဒီကနေပြီးသကာလ သိမ်းလိုက်ပြန်လို့ ရှိယင်လဲ အပါယ်မှာရှိတဲ့ ကိုယ့်အကွက်ဟာတွေ အကုန် ပျောက်ယ်၊ အပါယ်မှာရှိတဲ့ ငရဲမီးလျှံတွေ ငရဲအိုးတွေ အကုန် ပျောက်ပြန်တယ်ဆိုတော့ ဒီတကာတကာမတွေ မှတ်ထားဘို့ရာက ဪ....အပါယ်လေးဘုံ ဆိုတာ နဂိုရ်က ရှိနှင့်တာလား၊ ကိုယ် တည်ဆောက်တာလား၊ အပါယ်လေးဘုံဆိုတာကရှိနေပြန်လို့ ရှိယင်လဲကိုယ်တည်ဆောက် တာ၊ သိမ်းချင်ပြန်လို့ ရှိယင်လဲ ကိုယ်သိမ်းယင် ရတာဘဲဆိုတဲ့ အဓိပ္ပါယ်ကို လူ့ပြည်ကဗဟိုဌာနလုပ်ပြီး အပါယ်တည်ဆောက် ချင်လဲ လူ့ပြည်က စိတ္တုပ္ပါဒ်ဘဲ၊ အပါယ်သိမ်းချင်ပြန်လို့ ရှိယင် လဲ လူ့ပြည်က စိတ္တုပ္ပါဒ်အပေါင်းနဲ့ သိမ်းလိုက်ပြန်လို့ ရှိယင် လဲ အပါယ်သိမ်းပြန်တာဘဲ....(မှန်ပါ့)။

နတ်ပြည်ရောက်ကြောင်း ကံတွေကို လူ့ပြည်က လုပ်လိုက် ပြန်လို့ နတ်ပြည်မှာ ဘုံပေါက်လို့ နတ်သမီးနတ်သား ဖြစ်တဲ့ အချိန်ရောက်တော့ ဖြစ်သွားတာဘဲ.... (မှန်ပါ့)။

ဟာ ဒါတွေဟာ ဒုက္ခသစ္စာတွေကောလို့ လူ့ပြည်ကနေ သိမ်းလိုက်ပြန်လို့ ရှိယင်လဲ ဒါတွေ အဟောသိကံဖြစ်ပြီးသကာလ အကုန် ပျောက်သွားပြန်တာဘဲဆိုတော့ လူ့ပြည်ဟာ အဆိုးရ၊ အကောင်းရဘဲ....( မှန်ပါ့ဘုရား )ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

လူ့ပြည်သည်ကားလို့ ဆိုယင်ဖြင့် အဆိုးရ အကောင်းရဘဲ အပါယ်တည်ဆောက်ချင်လဲ လူ့ပြည်က တည်ဆောက်ကြပါ

(မှန်ပါ့) အဲဒီ ဆောက်ပြီးသားနေရာ ရောက်တာပါဘဲ။ နတ်ရွာသုဂတိ တည်ဆောက်ချင်တယ်၊ လူ့ပြည်က တည်ဆောက်ပါ....ရပါတယ်။ သေတော့ နတ်ရွာသုဂတိ ဘုံနန်းဗိမာန်နဲ့ နေရုံဘဲ....(မှန်ပါ့)။

ဟာ....နိဗ္ဗာန်ကို ရောက်ချင်ပါတယ်ဆိုလဲ လူ့ပြည်ကနေပြီးသကာလ နိဗ္ဗာန်ရောက်ကြောင်းတရားတွေကို လုပ်လိုက်ပြန်လို့ရှိယင်လဲ စုတေမနေ သေလွန်သည်၏အခြားမဲ့၌ နိဗ္ဗာန်ရောက်နိုင်ပြန်တာဘဲ... (မှန်ပါ့)။

ဒါကြောင့် လူ့ပြည်သည် ရန်ကုန်ဘူတာကြီး မန္တလေးဘူတာကြီးလိုဘဲ သူကချည့်ခွဲထွက်တာဘဲ၊ မေမြို့သွားသွား၊ ဘယ်ဌာနသွားသွား၊ ရှင်းကြပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် လူ့ပြည်ဟာ အသုံးချတတ်ယင် အဘိုးတန်တဲ့ပြည်လို့ ဆိုရပြန်တယ်။ အသုံးမချတတ်ပြန်လို့ရှိယင်လဲ သြော်....လူ့ပြည်လာပြီး ရိက္ခာလာစုပြန်တာဘဲဆိုလို့ရှိယင်လဲ မလွဲဘူး (မလွဲပါဘုရား)။

ဒါကြောင့် ဒီတကာတကာမတွေ့၌ အပါယ်သွားတယ်ဆိုကတည်းက အပါယ်သွားတဲ့စိတ်ကြောင့် အပါယ်ရောက်ရတယ်။ နတ်ရွာသုဂတိသွားတယ်ဆိုလဲ နတ်ရွာသုဂတိစိတ်ကပို့လိုက်လို့ ရောက်ကြောင်းအလုပ်တွေ ရောက်ကြောင်းစိတ်တွေ ပေါ်လို့ ရောက်ကြရတယ်။ နိဗ္ဗာန် ရောက်ချင်ပါတယ်လို့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန် ရောက်ချင်ပြန်တယ်ဆိုတော့နိဗ္ဗာန်ရောက်ကြောင်းဒီကနေ ဝိပဿနာအလုပ်တွေ လုပ်မယ်ဆိုလို့ရှိယင်လဲ စုတေမနေ သေလွန်သည်၏ အခြားမဲ့၌ နိဗ္ဗာန်နန်းကို စံမြန်းရတာဘဲဆိုတာ မှတ်ထားရမယ်....(မှန်ပါ့)။

ဒါဖြင့် လူ့ပြည်သည် အားလုံးတကာတကာမတွေ ရောက်ချင်ရာဌာန၏ ဗဟိုဌာနကြီးဘဲ....(မှန်ပါ့)။

ရောက်ချင်တဲ့ဆီ လမ်းခွဲလုပ်ပြီးသကာလ တင်ပို့နိုင်တဲ့နေရာဌာနတခုဘဲလို့ ဆိုလို့ရှိယင် မလွဲပါဘူး.... (မလွဲပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် လူ့ပြည်က အမျိုးမျိုး ဆရာကောင်း သမားကောင်းနဲ့တွေ့လို့ ကလျာဏမိတ်ကောင်းနဲ့ တွေ့ပြန်လဲ နိဗ္ဗာန်ရောက်ပြန်တာဘဲ၊ သာမည ဆရာနဲ့ တွေ့ပြန်တော့လဲ သုဂတိ ရောက်တာဘဲ... (မှန်ပါ့)။

လုံးလုံး မကောင်းသော ပုဂ္ဂိုလ်နဲ့ ပေါင်းသင်း ဆက်ဆံ မကောင်းသော အမေမိဘနဲ့ ပေါင်းသင်း ဆက်ဆံရပြန်တော့လဲ အပါယ်လေးပါး ရောက်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် လူ့ပြည်သည် အားလုံးတကာတကာမတို့ အပေါင်းအသင်းပေါ် မှီနေတယ်... (မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား) အပေါင်းအသင်းပေါ် မှီနေတယ်လို့ မှတ်ကြစမ်းပါ....(မှန်ပါ့)။

နိဗ္ဗာန်လမ်းပြတတ်တဲ့ ဆရာသမားကောင်း၊ မိတ်ကောင်းနဲ့ တွေ့ပြန်တော့လဲ လူ့ပြည်ကနေပြီး နိဗ္ဗာန် သွားပြန်တာဘဲ.... (မှန်ပါ့) အလာတ်စား ဆရာနဲ့ တွေ့ပြန်တော့လဲ ကလျာဏမိတ္တနဲ့တွေ့ပြန်တော့လဲ သုဂတိလောက် သူက နားလည်ထားတော့ နတ်ရွာသုဂတိလောက်ဘဲ သူနဲ့ပေါင်းပြီးသကာလရောက်သွားတာဘဲ... (မှန်ပါ့)။

တခါ ဘာမှနားမလည်တဲ့ ပါပ မိတ္တနဲ့ ပါပ-က ဆိုးဝါးတာ၊ မိတ္တ-က အဆွေခင်ပွန်း၊ယုတ်မာဆိုးဝါးတဲ့အဆွေခင်ပွန်းနဲ့ ပေါင်းမိပြန်လို့ရှိယင်လဲတဲ့၊ဒီလူဟာ အပါယ်လေးပါးသို့သူ့မှာ

မိတ်ကောင်း ဆွေကောင်းမဟုတ်တဲ့ ပုဂ္ဂိုလ်နဲ့ ပေါင်းမိလို့ အပါယ်လေးပါး ရောက်သွားတာဘဲ....(မှန်ပါ့)။

ဒါဖြင့် လူ့ပြည်ကနေပြီးသုံးဌာနသွားမယ်ဆိုတာလဲမှန်တယ် (မှန်ပါ့)။

သုံးဌာနသွားနိုင်တာ ကိုယ့်သဘောနဲ့ကိုယ်သွားသလားလို့ တခါဆင့် မေးပြန်တော့ ကလျာဏမိတ္တ- အထက်တန်းဖြစ်တဲ့ ကလျာဏမိတ္တတမျိုး၊ အလတ်စားဖြစ်တဲ့ ကလျာဏမိတ္တတမျိုး၊ ပါပ မိတ္တဖြစ်တဲ့ ပုဂ္ဂိုလ်ကတမျိုး၊ ဒီသုံးမျိုး၏ တောင်ရွှေးဆွဲရာ ကို ပုထုဇန်ပုဂ္ဂိုလ်က လိုက်သွားတယ်....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ပုထုဇန်ပုဂ္ဂိုလ်၏ ဖြစ်ရာ ကိုယ့်သဘော မပါပါ လားလို့ ဆိုလို့ရှိယင်ဖြင့် မလွဲဘူး...လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့) ကိုယ့်သဘောမရှိဘူး....(မရှိပါဘုရား)။

ဒါဖြင့် ဒီနေ့မြော်တဲ့တရားမှာ လူ့ဘုံသည် ငရဲသို့လဲ သွား နိုင်တယ်၊ သုဂတိသို့လဲသွားနိုင်တယ်၊ နိဗ္ဗာန်ကိုလဲသွားနိုင်တယ် ဘုံအားကဖြင့်နော်....(မှန်ပါ့)။

သွားနိုင်တယ်ဆိုငြားသော်လဲ ဘုံပေါ်မှာ သူ့အလိုလိုသွား သည်မဟုတ်။ ဘုံပေါ်မှာ နေရင်း အလိုလို သွားသည်မဟုတ်။ သူ့တောင်ဝှေးဆွဲဆိုတဲ့ ပုဂ္ဂိုလ် အမှီပြုပြီးသွားတာ.... (မှန်ပါ့) မဟုတ်ဘူးလား....(မှန်ပါ့)။

မောင်ချစ်စိန် .... တောင်ဝှေးဆွဲကို အမှီပြုပြီး သကာလ သွားကြတာဘဲ၊ ခလေး ငယ်ငယ်ကလေးဟာ ဘာမှမတတ်လို့ ရှိယင် ဆဲတဲ့ ခလေးနဲ့ တွေ့ယင် ဆဲတာဘဲ၊ ဘုရားရှိခိုးတဲ့ ခလေးနဲ့တွေ့ယင် ဘုရားရှိုးတာဘဲ....(မှန်ပါ့)အနိစ္စ ဒုက္ခ အနတ္တ

မြည်တတ်တဲ့ ခလေးနဲ့တွေ့ယင် အနိစ္စ ဒုက္ခ အနတ္တ မြည်နေတာဘဲ-(မှန်ပါ့)။

သူ့သဘောရှိသေးရဲ့လား။ နီးစပ်ရာပါသွားတယ် ဆိုကြမလား....(နီးစပ်ရာပါပါတယ်ဘုရား)နီးစပ်ရာပါသွားတယ်....လို့ သဘောကျစမ်းပါ... (မှန်ပါ့)။

ဒါဖြင့် သူကလဲ သုံးဌာန သွားနိုင်တယ်၊ ကလျာဏမိတ္တ၊ အလတ်စားမိတ္တ၊ ပါပမိတ္တ ဒီ အဆွေခင်ပွန်း သုံးယောက်ကလဲ ခေါင်းဆောင်လုပ်ပြီးသကာလ ဆွဲပါတယ်ဆိုလို့ရှိယင်လဲ အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့) မချနိုင်ဘူးလား.... (ချနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီကလျာဏ မိတ္တတွေက ဆွဲနိုင်တယ် ဆိုငြားသော်လဲ တခါတဆင့်တက်ပါဦး၊ ကိုယ့်စိတ္တုပ္ပါဒ်ကမကောင်းတဲ့စိတ် မလာလို့ရှိယင်လဲ အပါယ်လေးပါးမသွားဘူး။ အလတ်စားကောင်းတဲ့စိတ် လာပြန်လို့ရှိယင်လဲ သုဂတိ သွားမယ်။ အလွန့်အလွန်ကောင်းတဲ့စိတ် လာပြန်လို့ရှိယင်လဲ နိဗ္ဗာန်သွားမယ်ဆိုတော့ ဩော်....ကိုယ့်စိတ်ကလဲ သုံးမျိုးရှိတယ်ကိုး....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

ကိုယ့်စိတ်ကလဲ သုံးမျိုးရှိတယ်လို့ မှတ်ထားလိုက်တာပေါ့၊ ကောင်းပြီ၊ ကိုယ့်စိတ်သုံးမျိုး။ ဒါဖြင့် ဒီအထဲမှာအချုပ်အချာရှာလိုက်တော့ ဘယ်သူများ လိုရင်း အချက်တုံး။ ကလျာဏမိတ္တကတော့ ဒုတိယလိုရင်း၊ ကိုယ့်စိတ်ကို ကိုယ်ပိုင်မှုဟာ ပဌမဆုံး လိုရင်းအချက်နော်....(မှန်ပါ့)။

ကိုယ့်စိတ်ကို ကိုယ်ဆုံးမတဲ့ အမှုဟာ မောင်သစ်-ဘာတုံး ... (လိုရင်းအချက်ပါဘုရား) ပဌမဆုံး လိုရင်းအချက်လို့ တကာ တကာမတွေက မှတ်စမ်းပါနော်....(မှန်ပါ့)။

ကောင်းပြီ ဒါဖြင့် အသက်ကြီးတယ်၊ ငယ်တယ်က လိုရင်း မဟုတ်ဘူး။ ကိုယ့်ကိုယ်ဆုံးမသွန်သင်တဲ့ သဘောက လိုရင်း လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဥပမာမယ်.... အဆင်းတခု မြင်လိုက်တယ်၊ အဆင်းတခုမြင် လိုက်တော့ လှတယ်၊ ပတယ်ဆိုတဲ့ အဆင်းတခုမြင်လိုက်တယ်။ လိုချင်ပြန်တယ်ဆိုတဲ့စိတ် လာလို့ရှိယင်ဖြင့်တဲ့ လောဘဇော လာတယ်....(မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

လောဘဇော လာပြန်တော့လဲ လောဘ တဏှာကြောင့် ပဋိစ္စသမုပ္ပါဒ်လာတဲ့အတိုင်း တဏှာ ဥပါဒါန်ကံ ဘက် ဆွဲမသွား ဘူးလား... (ဆွဲသွားပါတယ်ဘုရား) ဒါ ...ပုဂ္ဂိုလ်ကဆွဲတာလား၊ စိတ်ကဆွဲဆောင်တာလား.... (စိတ်ကဆွဲဆောင်တာပါ) ဒီကျ တော့ စိတ်က လိုရင်းဖြစ်နေတယ်....(မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

အဆင်းကလေး မြင်တယ်၊ ' တကာတကာမတွေက မြင်လို့ လိုချင်တယ်။ မြင်တာကတော့ ရှေ့ပိုင်းကပေါ့နော်... (မှန်ပါ့) မြင်ပြီးသကာလ နောက် စိတ္တုပ္ပါဒ်က လိုချင်တယ်၊စွဲလမ်းတယ် ဆိုတော့ ဥပါဒါန်မလာဘူးလား ... (လာပါတယ်ဘုရား) အား ထုတ်မှုယ်ဆိုတော့ ကံ၊ စေတနာ ကံ က အားထုတ်တာကိုး.... (မှန်ပါ့)။

ဒါဖြင့် လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ်ဆိုလို့ရှိ ယင်ဖြင့် ကံ မြောက်သွားပြီ.... (မှန်ပါ့) မမြောက်သေးဘူး လား....(မြောက်ပါပြီဘုရား) ပဋိစ္စသမုပ္ပါဒ် ကြည့်စမ်း တကာ တကာမတို့ တတိယအကွက်မှာ တဏှာ ဥပါဒါန် ကံ မလာဘူး လား.... (လာပါတယ်ဘုရား) တဏှာ ဥပါဒါန် ကံ လာမယ် နော်....

အဲဒီကျတော့ ကံမြောက်သွားပြီလို့ ဆိုလို့ရှိယင်ဖြင့် အမှန် ဘဲလို့ ဆုံးဖြတ်ချက်ချရမှာဘဲ.... (မှန်ပါ့) မချနိုင်ဘူးလား.... (ချနိုင်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ဒီကံသည် တဏှာ ဥပါဒါန် အုပ်ချုပ်တဲ့ ကံ ဖြစ်နေသောကြောင့် ဒီကံသည် အပါယ်လေးပါး သွားပေ တော့မှာဘဲ....(မှန်ပါ့)မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) ကောင်းပြီ။ ဒီဟာကလေးမြင်ပြီးသကာလ အဆင်းကလေးတခု မြင်လိုက်တယ်၊ ပန်းကလေးတခု မြင်လိုက်တယ်၊ မြင်တယ်ဆိုတာ မျက်လုံးကတော့ မြင်ရုံဘဲ၊ သဘောကျပသား.... (မှန်လှပါ ဘုရား)။

မြင်လို့ ဒီပန်းကလေး မြင်ပြီးသကာလ လှူချင်တယ်၊ ဟုတ် လား။ မြင်ပြီးသကာလ ဒီဥစ္စာကို ဘုရားလှူချင်တယ်၊ လှူချင်တဲ့ စိတ်ကလေး ပေါ်မလာဘူးလား.... (ပေါ်လာပါတယ်ဘုရား)။

ဒီလို ပေါ်လာ ပြန်တော့လဲ မြင်လို့.... လှူချင်တဲ့ စိတ် ကလေးပေါ်လာတော့ လှူချင်တဲ့ စေတနာ ကံ ကလေးက မြင်ပြီးလိုချင်တယ်၊ ရအောင်ယူပြီးသကာလ ဘုရားလှူတယ်၊ ဒီလိုဆိုတော့လဲ အလတ်စားစိတ် ပေါ်လာသောကြောင့်ဒီစိတ်

ကြောင့်ဘဲ သုဂတိရောက်တယ်.... (မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီပန်းကလေးတခုကို မြင်လိုက်တယ်၊မြင်တဲ့အခါ ကျလို့ ရှိယင်ဖြင့် မြင်တဲ့စိတ် နောက်ကနေပြီးသကာလ အင်း.... ဒီပန်းကလေးဟာလဲ ဖြစ်ပျက်ဘဲ၊ မြင်တဲ့စိတ်ကလေးကလဲ ဖြစ်ပျက်ဘဲ၊ ဒီလိုနှလုံးသွင်းလိုက်ပြန်တော့လဲ မဂ် ဝင်လာတယ်.... ဖြစ်ပျက်ရှုတဲ့မဂ်က လာလိမ့်မယ်....(မှန်ပါ့)ဒီကျတော့လဲ နိဗ္ဗာန် ရောက်တယ်.... (မှန်ပါ့ဘုရား)။

ဒါဖြင့် အခု စိတ်ဘယ်နှစ်မျိုးပြလိုက်သတုံး .... (သုံးမျိုးပါ) သုံးမျိုးပြတယ်....(မှန်ပါ့ဘုရား)။

ဒါ အလုပ်တရားဆိုတာ သေသေချာချာ မှတ်ပါ .... (မှန်ပါ့) အလုပ်ပေးနေတယ်ဆိုတာ သေသေချာချာ မှတ်ပါ၊ အလုပ်ပါသွားပြီ....(မှန်ပါ့ဘုရား)။

၁-နံပါတ် ပြန်ပြောပါဦးမယ်၊ ပန်းနဲ့ပဓာနထားလိုက်၊ ပန်း တခုမြင်တယ်၊ မျက်လုံးကတော့ မြင်ရုံဘဲ... (မှန်ပါ့ဘုရား)။

လောဘက လိုချင်တယ်၊ မရ, မနေနိုင်ဘူး စွဲလမ်းတယ်၊ ဟုတ်လား၊ ပြီးတော့ ကိုယ်ပန်မယ်၊ ကိုယ်အသုံးချမယ် ဆိုလို့ ရှိယင်ဖြင့် ကံလဲ မြောက်မသွားဘူးလား .... (မြောက်ပါတယ် ဘုရား)။

ဒီကျတော့ တဏှာ, ဥပါဒါန်, ကံ, မြောက်တယ် ဆိုတော့ ဒီပန်းတည်းဟူသော အာရုံနဲ့ပတ်သက်ပြီးသကာလ ဒီဘက်က ဆွဲဆောင်သွားလိုက်တာ စိတ်တန်းကြီး ဆွဲဆောင်သွားလိုက်တာ သေသည်၏အခြားမဲ့၌ အပါယ်ခန္ဓာ ဖြစ်တယ် .... ( မှန်ပါ့ ) ဒီစိတ်ဘဲဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါ လူ့ပြည်မှာပေါ်တဲ့စိတ်....(မှန်ပါ့)ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

ကောင်းပြီ တခါ ဒုတိယစိတ် တကာတကာမတွေ့ဖြစ်ရပုံ-ပန်းကလေးတခုကိုမြင်တယ်၊ ဟာဝယ်ချင်တယ် ဝယ်လိုက်တာပေါ့၊ ဝယ်ပြီးသကာလ ဘုရားတင်ချင်တယ်- လှူချင်တယ်၊မောင်ချစ်စိန် ဒီလိုလဲလာသေးတယ် .. (မှန်ပါ့ဘုရား)။

ဝယ်ချင်တော့လဲ ကံတော့ကံဘဲတဲ့၊ တဏှာ, ဥပါဒါန်, ကံ-ကံတော့ကံဘဲ၊ ကံက ကုသိုလ်ကံသွားဖြစ်နေတယ် .... (မှန်ပါ့ဘုရား)။

ကုသိုလ်ကံသွားဖြစ်တော့ သေသည်၏ အခြားမဲ့၌ ဒီကံကနေပြီးသကာလ နတ်ရွာသုဂတိပို့တယ်....(မှန်ပါ့) ဒါလဲစိတ်ကပို့တာဘဲဆိုယင် လွဲပါ့မလား ...(မလွဲပါဘုရား)။

ဒါက နှစ်မျိုးရှိသွားပြီ၊ သုံးမျိုးရှိအောင် ပြောပါဦးမယ် တကာတကာမတို့ နားထောင်ပါ။

ပန်းကလေးတခု မြင်ပြန်တယ် ဟုတ်လား၊ ဝယ်ချင်ပြန်တယ် မရ,မကဘဲဝယ်ချင်တယ်၊ တဏှာ,ဥပါဒါန်နဲ့ဘဲ ဝယ်ချင်တယ် ထားပါတော့။

ဒီလိုမထားတော့ဘူးတဲ့၊ အယင်ဟာတွေနဲ့ တူနေမှာစိုးလို့၊ ပန်းကလေးမြင်တယ်၊ မြင်တဲ့ပန်းကိုဘဲ ဗဟိဒ္ဓပန်းပေမဲ့ ဩော်.... သူလဲ ရုပ်ဓမ္မကလေး၊ ဖြစ်ပျက်ဘဲ၊ သို့မဟုတ်လဲ မြင်တဲ့စိတ်ကလေး ဖြစ်ပျက်ဘဲ၊ အခုပေါ်ပြီး အခုပျက်တာဘဲလို့ ရှုလိုက်ပြန်တော့လဲ ခုနင်က သုဂတိကံလဲ မလာဘူး၊ ဒုဂ္ဂတိကံလဲ မလာဘူး၊လာသေးလား .... ( မလာပါ ) ကံဖြတ်ပစ်လိုက်တယ် .... (မှန်ပါ့) သုဂတိကံ လာသေးလား....(မလာပါဘုရား)။

မြင်တဲ့ အဆင့်ကိုဘဲ ဖြစ်ပျက်ရှုချင်ရှုနေပါ....(မှန်ပါ့) မရှုချင်လို့ရှိယင်လဲ မြင်တဲ့စိတ်ကလေးကို ဖြစ်ပျက်ဆိုတဲ့ဥစ္စာ ရှုလိုက်တဲ့အခါကျတော့ မဂ်ဝင်သွားတဲ့အတွက်တဲ့၊ ဒီမဂ်ကတော့ကို နိဗ္ဗာန်ရှာသွားတယ်၊ နိဗ္ဗာန်အရောက် ပို့လိုက်တယ်'.... (မှန်ပါ့)ရှင်းကြပလား .. (ရှင်းပါပြီဘုရား)။

ဒါဖြင့် ပန်းတပွင့်တည်းမှာ တကာတကာမတို့စိတ်စဉ်အတိုင်း အပါယ်သွားတာလဲရှိတယ်... ( မှန်ပါ့ ) မရှိဘူးလား .... (ရှိပါတယ်)စိတ်စဉ်အတိုင်း သုဂတိသွားတာကော .... ( ရှိပါတယ် ) စိတ်စဉ်ကို ဖြတ်ပစ်လိုက်တာနဲ့လဲ တကာတကာမတို့ စိတ်စဉ်ကို တခါမြင်စိတ်ကို ဖြစ်ပျက်ရှုလိုက်တယ်၊ ခင်မင်စိတ်ကို ဖြစ်ပျက်ရှုလိုက်တယ်၊ပန်းကို ဖြစ်ပျက်ရှုလိုက်တယ်၊ အနိစ္စရှုလိုက်တယ်၊ ရှုလိုက်တော့လဲ မဂ်ကဝင်လာတဲ့အတွက် ဒီမဂ်က နိဗ္ဗာန်ပို့ပြန်တယ်ဆိုတာလဲ အထင်အရှားပါ·(မှန်ပါ့ဘုရား)။

ဘယ်နှစ်မျိုးရှိသတုံး... (သုံးမျိုးရှိပါပြီ)ဒါဖြင့် ဒါကလျာဏမိတ္တက ပြောဲ ... ဒီလိုသုံးမျိုးရှိတယ်လို့ လမ်းပြထားတော့- ဟော- နှစ်မျိုးကိုရှောင်သည်။ တတိယအမျိုးကိုဆောင်သည်.... (မှန်ပါ့ဘုရား)။

နှစ်မျိုးကို....(ရှောင်ရပါမယ်)ရှောင်ရမယ်၊ တတိယအမျိုးကို (ဆောင်ရပါမယ်ဘုရား)။

အဲဒီကဲ့သို့ ဆောင်လို့ ကလျာဏမိတ္တက ဆွဲသွားပြန်တော့ ကိုယ်ကဆောင်တဲ့အလုပ်ချည့်လုပ်သွားပြန်တော့လဲမောင်သစ်ရေ မဂ်က ၃ နံပါတ်ကိုဆောင်ဆိုတော့ ၃-နံပါတ်ကိုအလုပ်-လုပ်နေတော့ နိဗ္ဗာန်ဆောင်သွားတယ်....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေမှာ ကလျာဏမိတ္တနဲ့ပေါင်းလို့ ရှိယင်ဖြင့် ဘုရားက ထက်ဝက်မကဘူး အကုန်ဟာ သူပြတာနဲ့ သူညွှန်တာနဲ့၊ သူလမ်းပြတာနဲ့ မောင်ချစ်စိန် နိဗ္ဗာန်ရောက်သွားတယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ သိပြီးထားတော့မှ ဩော် .... စိတ်ပြင်လိုက်လဲ ဆရာသမားနည်းပေးတဲ့အတိုင်း စိတ်ပြင်လိုက်လဲ နိဗ္ဗာန်ရောက်တာဘဲ....(မှန်ပါ့) အလတ်စားပြင်လိုက်ယင် သုဂတိရောက်တာဘဲ....(မှန်ပါ့) စိတ်မပြင်ဘဲနဲ့ စိတ်အလိုက်အတိုင်းထားမယ်ဆိုလဲ အပါယ်လေးပါး ရောက်သွားတာဘဲ....( မှန်ပါ့ )မဆိုနိုင်ကြဘူးလား....(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ ထောက်ကြည့်တော့မှ ဩော် .... စိတ်ကပို့တာတော့ ဟုတ်ပါရဲ့၊ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်း လမ်းပြကောင်းတွေနဲ့ မတွေ့ပြန်လို့ရှိယင်လဲ ဘယ်စိတ်ပေါ်ရမယ်ဆိုတာ မသိဘူး၊ ထုံးစံပေါ်တာဘဲ ပေါ်ကြပေစေ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ထုံးစံပေါ်လို့ရှိယင် အပါယ်လေးပါးဘဲ.... ( မှန်ပါ့ )ဘာ့ကြောင့်တုံးဆိုတော့ ဘုရားက "ပါပသ္မိံ ရမတိ မနော"တဲ့၊ မနော=သတ္တဝါတို့၏စိတ်သည်၊ ပါပသ္မိံ=မကောင်းမှု၌၊ရမတိ= မွေ့လျော်၏တဲ့....(မှန်ပါ့ဘုရား)။

ဒါ ဒီထုံးစံအတိုင်းကတော့ မကောင်းမှုဘဲ... ( မှန်ပါ့ ) မြင်တယ်,လိုချင်တယ်,စွဲလမ်းတယ်, အားထုတ်မယ်၊ ဒါဘဲရှိတာဘဲနော်....(မှန်ပါ့ဘုရား)။

ကလျာဏမိတ္တ—အသင့်အတင့် ကလျာဏမိတ္တနဲ့ ပေါင်းလိုက် ပြန်တော့ မြင်တယ်,လိုချင်တယ်,စွဲလမ်းတယ်၊လူမယ်....(မှန်ပါ့) ဒီဘက်ပြောင်းသွားတယ်....(မှန်ပါ့ဘုရား)။

မြင်တယ်,လိုချင်တယ်, စွဲလမ်းတယ်ဆော့ လာသေးတာဘဲ.... (မှန်ပါ့)သို့သော် ကံကျတော့ လူချင်တဲ့ကံ ပေါ်လာတယ် .... (မှန်ပါ့ဘုရား)။

ဟာ....ဒီ့ထက်ကောင်းတဲ့ ကလျာဏမိတ္တ သူတော်ကောင်းနဲ့ လမ်းပြကောင်းနဲ့ တွေ့ပြန်တော့လဲ မြင်တယ်ဆိုလို့ ရှိယင်ဖြင့်တဲ့ မြင်တဲ့ အာရုံဆိုတဲ့ ပန်းကိုဘဲဖြစ်ပျက်ရှုလိုက်....(မှန်ပါ့) မြင်တဲ့ စိတ်ကလေးကိုလဲ....(ဖြစ်ပျက်ရှုလိုက်)။

အဲ....ဖြစ်ပျက်ရှုလိုက်ပြန်တော့ ဖြစ်ပျက်နောက်က မဂ်လိုက် မလာဘူးလား....( လာပါတယ် ) မဂ်လိုက်လာတော့ ခုနင်က အပါယ်သွားမည့် အကုသိုလ်ကံတွေ ဖြတ်တယ်....(မှန်ပါ့)သုဂတိ သွားမည့် ကုသိုလ်ကံကော-(ဖြတ်ပါတယ်ဘုရား)။

အဲ... ဒီကဲ့သို့ ဖြတ်တာ ဘယ်သူ့ကြောင့်တုံးလို့ မောင်ချစ် စိန်တို့က မေးယင် ကိုယ့်ဟာ ကိုယ်တော့ မဖြတ်တတ်ပါဘူး.... (မှန်ပါ့)ကလျာဏမိတ္တနော်....( မှန်ပါ့ )ကလျာဏက -ကောင်း တာ၊ မိတ္တက-အဆွေခင်ပွန်း ဆရာသမား၊ သူတို့နဲ့ ပေါင်းမှဘဲ ဖြစ်ပေါ်လာတယ်ဆိုတာလဲ အထင်အရှား ဖြစ်သောကြောင့်.... ကလျာဏမိတ္တသည် အလုံးစုံကို ခင်ဗျားတို့ နိဗ္ဗာန်ရောက်ခြင်းမှာ အကူအညီပေးတယ်ဆိုတာ မှတ်ရမယ် * (မှန်ပါ့) သဘောပါ ကြပလား....(ပါပါပြီ ဘုရား)။

---

* မဟာဝဂ္ဂသံယုတ်အာစ ဥပဍ္ဎသုတ်ကြည့်ပါ။

ကောင်းပြီတဲ့....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော့.... မာလုကျပြဟ္မဏီဆိုတဲ့ မာလုကျဆိုတဲ့ ပုဏ္ဏေးမက မွေးတဲ့သား၊ မာလုကျ၏ သားပေါ့လေ....(မှန်ပါ့)။

မာလုကျပုဏ္ဏေးမက မွေးတဲ့ သူ့သားကို မာလုကျပုတ္တလို့ ခေါ်လိုက်တယ်....(မှန်ပါ့)။

သူက အသက်အရွယ်ကလဲ ခုနစ်ဆယ်, ရှစ်ဆယ် ရှိနေပြန်တော့ အခုမှဘဲ သူကလဲ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကလေးကို လုပ်ချင်တော့တယ်။

"သာဓု မေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု" တဲ့....။

အရှင်ဘုရား....တပည့်တော် အသက်အရွယ်ကြီးပြီ....၊ တပည့်တော် တောင်းပန်ပါရစေ....၊ အကျဉ်းအားဖြင့် တပည့်တော်ကို တရားကလေးကျင့်ဘို့, ကြံဘို့ နည်းပေးပါဆိုတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟာ.... မင်းက အသက်ကလဲ ကြီးပြီ....။ တရားကလဲ တိုတိုလိုချင်သေးတယ်ဆိုတော့ မင်းဟာ မခက်ဘူးလား၊ ဘုရားက ဒီလို ပြောလိုက်တယ်....(မှန်ပါ့)။

အသက်ကလဲ ကြီးပါပြီ၊တရားလဲ တိုတိုကလေး ရချင်တယ်။ ဟာ...တပည့်တော် အသက်ကြီးမှန်းလဲ သိတော့ သိတယ်တဲ့....၊ တရားတိုတိုကျင့်ပြီးသကာလ ကျင့်နိုင်တဲ့ စွမ်းရည်သတ္တိတော့.... တပည့်တော် အသက်ကြီးငြားသော်လဲ တရားတိုတိုဆိုယင် ကျင့်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိပါသေးတယ်....(မှန်ပါ့)။

ဒါ့ကြောင့် အရှင်ဘုရားသည် အကျဉ်းအားဖြင့် တပည့်တော် အသက်အရွယ်ကြီးလို့ တရားကို ဟောပြီး နိဗ္ဗာန်ရောက်ကြောင်း ကျင့်နည်း ပေးပါတဲ့...(မှန်ပါ့)။

ဒီတွင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက မင်းက အသက်ကြီးမှလဲ တရားလိုချင်သေးတယ်၊ပြီးတော့လဲတိုတိုကလေးပေးပါဆိုတော့ကွာ....တဲ့ လူငယ်တွေများ ငဲ့ပါဦးတဲ့ ...(မှန်ပါ့)။

လူငယ်တွေများ ငဲ့ပါဦး၊ လူငယ်တွေကျတော့ အသက်ကလဲငယ်၊ တရားတိုတိုပေးပါဆိုတဲ့ အသွားလဲ မသုံးပေဘူး၊ မင်းဥစ္စာသိပ်ခက်တာဘဲ။

ဟာ....တပည့်တော်က တပည့်တော်စွမ်းရည်အတိုင်း တပည့်တော် အသက်ပင် ကြီးငြားသော်လဲ ဒီအလုပ်တော့ လုပ်နိုင်သေးတယ် ဆိုပြီးသကာလ နိဗ္ဗာန်သွားကြောင်းအလုပ်ကို လုပ်နိုင်သေးတယ်ဆိုတဲ့ အကြောင်းကို တပည့်တော်ခန္ဓာကိုယ် တပည့်တော် မေးကြည့် သိပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် တပည့်တော် အရှင်ဘုရားဆီကို တရားကို တိုတိုနဲ့ နိဗ္ဗာန်သွားတဲ့ အလုပ် လုပ်မယ်လို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ....လျှောက်ခြင်း ဖြစ်ပါတယ် ဆိုပြီးသကာလ ပြောတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ပြောလိုက်တယ်ကွာ... တဲ့ မင်း....အဆင်းတခု ရှိတယ်... တဲ့။

မောင်သစ်....အဆင်းတခု ရှိတယ်တဲ့....(မှန်ပါ့) အဆင်းတခုရှိတော့ကို ဒီ အဆင်းကို မင်း ရှေးကလဲ မမြင်ဘူးဘူး၊ အခုလဲမြင်ဆဲမဟုတ်ပါဘူးနော်....(မှန်ပါ့)။

အဲဒီ ဓမ္မတခုကိုတဲ့.... သူ့ မြင်ချင်တယ်ဆိုတဲ့ တောင့်တတဲ့ စိတ် လာပါ့မလား....တဲ့....(မှန်ပါ့)လာကြပါ့မလား....( မလာ ပါဘုရား)။

အဆင်းတခုရှိတယ်၊ ရှေးကလဲ မမြင်ဘူးဘူး၊ အခုလဲ မြင်ဆဲ မဟုတ်ဘူး၊ ဘယ်တော့မှ မသုံးဆောင်ဘူးဘူး ဆိုကြပါစို့ .... (မှန်ပါ့)။

အဲဒီလို မမြင်ဘူး, မသုံးဆောင်ဘူးတော့ကို ယူချင်လှချီရဲ့ ဆိုတဲ့စိတ် လာပါ့မလား....(မလာပါဘုရား)မလာဘူး။

ထို့အတူဘဲတဲ့.... ရှေးကလဲ မကြားဘူးတဲ့ အသံ၊ အခုလဲ ကြားဆဲသဲ မဟုတ်၊ အဲဒီဟာမျိုး ကြားချင်လှချီရဲ့ ဆိုတာမျိုး ဟာ လာနိုင်ပါ့မလား... (မလာနိုင်ပါဘုရား)။

ဘာဖြစ်လို့တုံး ဘယ်တော့မှ မတွေ့ဘူးလို့....(မှန်ပါ့) တွေ့ ဆဲလဲ မဟုတ်ဘူး၊ တွေ့ဘူးပြီလဲ မဟုတ်ဘူး....( မှန်ပါ့ ) ရှင်းကြ ပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့်တဲ့... အဲဒီအတိုင်းကွာတဲ့....မင်းသည်ကားလို့ ဆို လို့ရှိယင်ဖြင့် အဆင်းတခုကို မြင်တယ်၊မြင်တယ် သိတယ်တွင်.... (မှန်ပါ့) ။

အဆင်းဘဲ မြင်တယ်ဆိုပြီးတော့ မျက်လုံးက မြင်လိုက်တယ်- (မှန်ပါ့)မျက်လုံးက လိုချင်တာ, ရချင်တာ ပါရဲ့လား....(မပါ ပါဘုရား)မြင်ဆဲဘဲ ရှိသေးတယ်....(မှန်ပါ့)။

အဆင်းတခု အခုတွေ့တယ်ဆိုယင် မြင်ဆဲဘဲ ရှိပါသေးတယ် (မှန်ပါ့) လိုချင်-ရချင် လာသေးရဲ့လား....(မလာပါဘုရား) ။

အဲ....မြင်ဆဲဘဲ ရှိမယ်၊ မြင်ပြီးသကာလ သြော်....ဒါ အဆင်း လို့ဘဲ သိတယ်၊ သိပြီးသကာလ မင့်စိတ်ထဲမှာ ဒီနေရာတွင် ရပ်

လိုက်စမ်း၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်မယ် ဆိုတာ မလာစေနဲ့... (မှန်ပါ့)။

ဒါ မင့်ကိုပေးတဲ့ တရားတဲ့....၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ ခုနင်က ဥပမာနဲ့ ပြန်ဟပ်ကြည့်လိုက်တာပေါ့၊ ခုနင်က ဥပမာနဲ့ ပြန်ဟပ်ကြည့်လိုက်တော့ ရှေးကလဲ မမြင်ဘူး ဘူး၊ အခုလဲ မြင်ဆဲမဟုတ်တဲ့ ပုဂ္ဂိုလ် လိုချင်တာ ရချင်တာ လာ သေးရဲ့လား....(မလာပါဘုရား)။

ဒီမှာလဲ ထိုနည်းအတူဘဲတဲ့....၊မြင်တဲ့ ဓမ္မကလေးကို မြင်တယ် သိတယ်လောက်တွင် ရပ်ပြီးသကာလ လိုချင်တယ်၊စွဲလမ်းတယ်၊ မရ ရအောင် အားထုတ်မယ်ဆိုတာ မလာလို့ရှိယင် နိဗ္ဗာန် ရောက်တယ်တဲ့....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

မြင်တာသည်စားလို့ ဆိုယင် မြင်တယ်၊ သိတယ်တွင် ရပ် လိုက်၊ ဟုတ်လား....(မှန်ပါ့)လိုချင်တယ် ဟုတ်လား....၊ ဩော်.... ဒီဥစ္စာ မြင်ရတော့ လောဘဖြစ်သည်၊ ဒီလို မလာစေနဲ့တဲ့.... (မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် မြင်တယ်-သိတယ်တွင် ရပ်လိုက်စမ်းပါတဲ့....နော်.... (မှန်ပါ့) ဒီလို ဆိုလို့ရှိယင် တဏှာ ဥပါဒါန် ကံ လာသေးရဲ့ လား....(မလာပါဘုရား) ဒေါသ သောကကော....(မလာပါ ဘုရား)။

အဲ... အဝိဇ္ဇာ သင်္ခါရကော....(မလာပါဘုရား) မလာဘူး....၊ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးစလုံး ပြတ်ပြီ....(ပြတ်ပါပြီဘုရား)။

အဲဒီကဲ့သို့ သုံးမျိုးစလုံး ပြတ်သောကြောင့်လဲ မင်းက အရေးကြီးတာက မြင်ယင် သိတယ်၊ ငါ ရပ်မယ်ဆိုတဲ့ သတိဟာ သေသေချာချာထားရတယ်(မှန်ပါ့)။

မြင်တယ်၊ သိတယ်၊ မြင်တယ်၊ သိတယ် တော်ပြီ....၊ ဒီကနေ ရပ်နေ၊ ဟိုမှာ လိုချင်တယ်၊ စိတ်ဆိုးတယ်၊ ဒါ မလာတော့ဘူး၊ တွေ့ဝေတယ်....ဒါ မလာဘဲနဲ့ မင်း ရပ်နိုင်လို့ ရှိယင်တော့ကွာတဲ့-နေရာကျပြီတဲ့... ဆိုတော့ မြင်တယ်၊ သိတယ်တွင် ရပ်ပေါ့ဗျာ.... (မှန်ပါ့) ဒါ ဝိပဿနာတမျိုးဘဲ....(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား)။

မောင်သစ် ဘယ်တွင် ရပ်ရမလဲ....( မြင်တယ်၊ သိတယ်တွင် ရပ်ရပါမယ်ဘုရား)။

ကြားတယ်၊ သိတယ်၊ ဒီတွင် ရပ်ပါနော်....(မှန်ပါ့) နံတယ်၊ သိတယ်၊ ဒီတွင် ရပ်ပါ၊ စားတယ်၊ သိတယ်....(ဒီတွင် ရပ်ရပါမယ်ဘုရား)ကြုံတယ် သိတယ်....(ဒီတွင် ရပ်ရပါမယ်ဘုရား)။

ဒီတွင် ရပ်လို့ ရှိယင် ဟိုဘက်မှာ လိုချင်မှု၊ ပြစ်မှားမှု၊ တွေဝေမှု မလာလို့ ရှိယင်လဲ ဒါ နိဗ္ဗာန်ရောက်နိုင်တယ်....(မှန်ပါ့) ရှင်း ပလား....(ရှင်းပါပြီဘုရား)။

နိဗ္ဗာန်ရောက်နိုင်တဲ့ဟာ မာလုကျပုတ္တကို ဘုရားက တိုတို ဟောနေတာ....(မှန်ပါ့)တိုတိုဟောပြီးသကာလ နေတာ ဆိုတာ ကော သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မာလုကျပုတ္တက တပည့်တော် ရိပ်မိပါပြီဘုရားတဲ့ (မှန်ပါ့)သူက လျှောက်တယ်၊ ဒီ အသက်အရွယ်ကြီးတဲ့ မာလု ကျပုတ္တဆိုတဲ့ ပုဏ္ဏေးမကြီး သားက....(မှန်ပါ့)။

"ရူပံ ဒိဿာ သတိမုဋ္ဌာ" သတိလွတ်မှသာလျှင် ဩော်....လို ချင်တယ်,ရချင်တယ်ဆိုတာ လာတာကိုးတဲ့....( မှန်ပါ့ ) သတိ မလွတ်တဲ့ ပုဂ္ဂိုလ်ကျတော့ လိုချင်, ရချင် လာသေးရဲ့လား .... (မလာပါဘုရား)။

ဩော်....ဒါဖြင့် အဆင်းဘဲ၊ အဆင်းရယ်လို့သိ ပြီးတာဘဲ-- (မှန်ပါ့)အင်း....သိတဲ့ စိတ်ကလေး ပေါ်လာတယ်လို့ နောက်က သိယင် ပြီးတာဘဲ....(မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

အဲဒီတော့ကိုတဲ့ တပည့်တော် ရိပ်မိပြီတဲ့.... သတိမလွတ်စေနဲ့ ဆိုတာဘဲ....(မှန်ပါ့) သတိလွတ်လို့ရှိယင်ဖြင့် တဏှာ ဥပါဒါန် ကံတွေကြောင့် တပည့်တော် ခန္ဓာသစ် ရမယ်....(မှန်ပါ့)မရပေ ဘူးလား....(ရပါတယ်ဘုရား)။

နောက်တခါ သတိလွတ်ပြန်လို့ရှိယင်လဲ မောင်ချစ်စိန်.... တဏှာ ဥပါဒါန် ကံ မလာပေဘူးလား....(လာပါတယ်) လာ ယင် တဘဝ မရပေဘူးလား... (ရပါတယ်ဘုရား)။

နောက်တခါ သတိလွတ်သွားပြန်တော့ ဒေါသ သောက လာပြန်လဲ တဘဝ မရပေဘူးလား....(ရပါတယ်ဘုရား)။

နောက်တခါ သတိလွတ်ပြန်တော့လဲ အဝိဇ္ဇာ သင်္ခါရ လာ ပြန်တော့ကော....(တဘဝ ရပါတယ်ဘုရား)။

အဲဒီတော့ ဘဝတွေ ဆင့်ဆင့်မသွားပေဘူးလား... (ဆင့်ဆင့် သွားပါတယ်)သဘောပါကြပလား(ပါပါပြီဘုရား)။

ဘဝတွေ ဆင့်ဆင့်သွားတယ်တဲ့....၊ သတိမလွတ်တော့ပါဘူး တဲ့၊ မြင်တယ်,သိတယ်၊ လိုချင်မှုမလာဘူး....(မှန်ပါ့) လိုချင်တဲ့ စိတ်မလာဘူး၊ ပြစ်မှားတဲ့စိတ် မလာဘူး၊တွေဝေတဲ့စိတ်မလာဘူး .... (မှန်ပါ့ဘုရား)။

ဒီလို မလွတ်ဘဲ နေလိုက်ပြန်လို့ ရှိယင်တော့ ဘဝတွေဟာ ဆက်သေးရဲ့လား၊ ဆင့်သေးရဲ့လား....( မဆင့်ပါ ) ပြတ်ပြတ် ထွက်သွားတယ်....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီလို ဟောလိုက်တော့ကို သူဟာ တခါတည်း အမှန်သိ၊ ရှင်းမသွားတော့ဘူးလား....(မှန်ပါဘုရား)။

ကြားတယ်,သိတယ်,ကြံတယ်,သိတယ် မောင်ချစ်စိန် ဒီတွင် ရပ်နိုင်အောင် သူရပ်တယ်...(မှန်ပါဘုရား)။

ဒီ တွင် ရပ် နိုင် အောင် ရပ်ပြီး သကာလ သူလုပ်တော့ကို တိုတိုပြောကြပါစို့ဆိုတော့ တဏှာ, ဥပါဒါန်, ကံ၊ ဇာတိ, သောက,ပရိဒေဝ, အဝိဇ္ဇာသင်္ခါရ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး လာသေးရဲ့လား....(မလာပါဘုရား)။

ကိုင်း....ဒါနဲ့ ဒီလိုဟောတာနဲ့ သူ့မှာတော့မြင်တယ်,သိတယ် ဆိုယင် ရပ်နိုင်အောင်ရပ်တာဘဲ မောင်သစ်ရ... (မှန်ပါ) ကြား တယ်, သိတယ်ဆိုယင်ကော .... ( ရပ်နိုင်အောင်ရပ်ပါတယ် ) တဏှာ,ဥပါဒါန် လာသေးရဲ့လား... (မလာပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မပြတ်သေးဘူးလား.... (ပြတ် ပါတယ်) ပြတ်သောကြောင့် သူ့မှာ နောက်ဆုံးပိတ် ရဟန္တာ ဖြစ်တယ်၊ သောတာပန်, သကဒါဂါမ်, အနာဂါမ် တည်ပြီး ရဟန္တာဖြစ်တယ်....(မှန်ပါဘုရား)။

ဒီတကာတကာမတွေ အတွက်ကတော့ ဒီလိုဟောလို့မရဘူး (မှန်ပါ) သူကတော့ မြင်တယ်, သိတယ်ဆိုယင် လိုချင်မှုတွေ မဖြစ်ဘဲနဲ့ ရပ်လို့ရတယ်....(မှန်ပါဘုရား)။

မြင်တယ်၊ သိတယ်ဆိုယင် ပြစ်မှားမှုဒေါသကကော လာသေး လား....(မလာပါ) မလာဘူး၊ သူက ရပ်လို့ရတယ် .... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကတော့ ရပ်လို့မရဘူး.... ( မရပါ ) မရတော့ ခင်ဗျားတို့ကတော့ သူ့မှာတော့ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်လဲဖြစ်တယ်၊ တခါ ခင်ဗျားတို့မှတ်စရာက ပိဋကတ်သုံးပုံ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ၄၅-ဝါ ဟောသွားတဲ့အထဲမှာ ဒီမာလုကျ ပုတ္တရယ်၊ ဒါရုစိရိယရယ် ဒီနှစ်ယောက်ဘဲ ဒီတရားတွေကိုဟော တယ်....(မှန်ပါ့) ကျန်တဲ့ပုဂ္ဂိုလ်တွေ လက္ခဏာရေးသုံးပါး တင်ရ မယ်လို့ဟောတယ်....(မှန်ပါ့) ဒါတော့ လက္ခဏာရေးသုံးပါး မပါဘူး၊ ရပ်လိုက်တာဘဲ....(မှန်ပါ့ဘုရား)။

ရပ်ရုံနဲ့ ပြီးသွားတယ်ဆိုတော့ ဩော်....ဟိုဟာတွေက သူတို့ အလိုက် သူတို့အလိုက်ဟောတဲ့ တရားတွေ....(မှန်ပါ့ဘုရား)။

ဒို့အများနဲ့ ဆက်ဆံတဲ့ တရားဟောရမှာက ဒီလိုမဟုတ်ပါ လားဆိုပြီး တကာတကာမတွေက အများနဲ့ ဆက်ဆံတဲ့ တရား ခင်ဗျားတို့ကလိုက်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အများနဲ့ ဆက်ဆံတဲ့တရားမှ ကိုယ်မှာ ကိုယ်က အများ ထဲက ဖြစ်နေတော့ သူတို့မှာတော့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန်တွေ၊ သူတို့နဲ့ တော်တဲ့တရား ဘုရားဟောထားတာ....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ကတော့ ဒီလိုမလုပ်နဲ့၊ မြင်တယ်ဆိုယင် မြင်စိတ်ဖြစ်ပျက်ရှု၊ နောက်ကချက်ခြင်းလိုက်....(မှန်ပါ့) ခင်ဗျား

တို့ စိတ္တာနုပဿနာနော်.... သဘောကျပလား....( ကျပါပြီ )။ သူဟာ စိတ္တာနုပဿနာ ရှုလိုက်ပါတဲ့။ မြင်တယ် ဆိုယင် မြင်တဲ့စိတ်ကလေးကမြင်တာဘဲ၊ဒီမြင်စိတ်ကလေးကိုဘဲနောက်က နေပြီး တကာတကာမတွေ့က မြင်ပြီး ပျက်သွားတာဘဲ....လို့ နောက်ကဉာဏ်နဲ့ လိုက်လိုက်ပါ....(မှန်ပါ့) ပြီးတော့ ရပ်မရပ် တော့ မဂ်နဲ့ပြန်ပြီး ဖြတ်ပစ်ရတယ်၊မဂ်ဝင်အောင် လုပ်ပစ်ရတယ် ရှင်းပလား... (ရှင်းပါပြီဘုရား)။

မောင်ချစ်စိန် မဂ်ဝင်ဖြတ်ရမယ်....(မှန်ပါ့)မြင်တယ်ဆိုတော့ မြင်စိတ်ကလေးမပေါ်ဘူးလား တကာတကာမတို့.... (ပေါ်ပါ တယ်ဘုရား) ပေါ်လာတာ ဘာလုပ်မယ်....(ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဩော်....ပေါ်ယင် ပေါ်ပြီးခြင်း တခါတည်း နောက်က နေပြီး ကိုယ်ကသတိထားပြီးသကာလ·ဩော်... မြင်စိတ်ကလေး ကလဲ မြင်ပြီးပျက်တာဘဲလို့ မြန်မြန်ရှု...(မှန်ပါ့) မြန်မြန်ရှုလိုက် တော့ ဖြစ်ပျက်မဂ် ကိုက်သွားတာဘဲ.... (မှန်ပါ့) မကိုက်ဘူး လား....(ကိုက်ပါတယ်ဘုရား)။

အဲဒါက အမျှားနဲ့ဆက်ဆံတဲ့တရား....(မှန်ပါ့)ဟို....ရပ်ဆိုတဲ့ တရားမျိုးက "ဒိဋ္ဌေ ဒိဋ္ဌ မတ္တံ သုတေ သုတမတ္တံ"ဆိုတဲ့ တရား မျိုးကရပ်ဘို့ရာ အတော်ခဲယဉ်းတယ်၊ မခဲယဉ်းဘူးလား....(ခဲယဉ်း ပါတယ်ဘုရား)။

ခဲယဉ်းတယ်တဲ့။ အဲဒီတော့ ပိဋကတ်သုံးပုံ ဘုရား ၄၅-ဝါ ကာလပတ်လုံး ဟောသွားတဲ့အထဲမှာ သူတို့နှစ်ယောက်ထည်းပါ တယ်(မှန်ပါ့) ကျန်တာတွေက ခုနင်က ဖြစ်ပျက်နဲ့ဝင်တာချည့် ဘဲ....(မှန်ပါ့)။

ဖြစ်ပျက်နဲ့ ဝင်တာချည့်ဘဲဆိုတာ မှတ်လိုက်တော့ ဒီတကာ တကာမတွေကတော့ ဖြစ်ပျက်နဲ့ဘဲ သွားကြပါဆိုတာ ဘုန်းကြီးများက အမျှားနဲ့ ဆက်သွယ်တဲ့တရားဆိုတော့ အမျှားပေးတာ....(မှန်ပါ့)။

ဟို....တဦးတလေငဲ့ ဟောထားတဲ့တရား၊သူ....ပုဂ္ဂိုလ်ငဲ့ ဟောထားတဲ့တရား ဒို့ကသွားအားထုတ်လို့ မောင်သစ် မရနိုင်ဘူး.... (မှန်ပါ့)။

မရနိုင်ဘူး။ သူ့ပါရမီနဲ့သူနဲ့ သူ့ကျင့်သားနဲ့ လာတာ.... (မှန်ပါ့) အမျှားနဲ့ဆက်ဆံတဲ့တရားဟာ အကောင်းဆုံး (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာ တကာမတို့ မြင်တယ်ဆိုယင် မြင်တဲ့ စိတ်ကလေးကို ဥာဏ်လှည့်ပြီးတော့ တခုသောအာရုံ မြင်တယ်၊ မြင်တဲ့စိတ်ကလေးဟာ မြင်ပြီးပျက်တာဘဲလို့သာရှုလိုက်၊ ဟုတ်လား....(မှန်ပါ့)။

ရှုလိုက်တဲ့အခါကျတော့ မြင်ပြီးပျက်တာဘဲလို့ ရှုလိုက်တဲ့ အခါကျလို့ရှိယင်ဖြင့်လိုချင်မှုကော လာသေးသလား....(မလာပါဘုရား) ပြစ်မှားမှု ဒေါသကော....(မလာပါဘုရား) တွေဝေမှု မောဟ... (မလာပါဘုရား) ပဋိစ္စသမုပ္ပါဒ် သုံးချက်ပြတ်တယ် နော်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ် သုံးချက်ပြတ်တယ်ဆိုတာကော သဘောပါကြလား....(ပါပါပြီဘုရား) မြင်စိတ်ကလေး ဖြစ်ပျက်ရှုလိုက်လို့ရှိယင် လိုချင်မှုနောက်က လာသေးသလား.... (မလာပါဘုရား) ပြစ်မှားမှုဆိုတဲ့ ဒေါသကော....(မလာပါဘုရား) တွေဝေမှုဆိုတဲ့ မောဟကော....(မလာပါဘုရား)။

အဲဒါကြောင့် တကာတကာမတို့ တခြားကို ကမ္မဋ္ဌာန်းရှာမနေနဲ့။ ကိုယ်မြင်လာယင် မြင်စိတ်ကို မျက်လုံးဖွင့်လိုက်လို့ မြင်တယ်ဆို သြော်....မြင်တဲ့စိတ်ကလေးဟာလဲ ဖြစ်ပြီးပျက်တာဘဲဆိုပြီး မြန်မြန်နောက်ကမဂ်လိုက်....(မှန်ပါ့) ရှုတဲ့မဂ် လိုက်လိုက်ရုံဘဲနော်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ကြားတယ် ဆိုလို့ရှိယင် နားထဲကြားတဲ့ စိတ်ကလေးကို သြော်.... ကြားတဲ့ စိတ်ကလေးဟာ ကြားပြီး ပျက်တာဘဲ (မှန်ပါ့) မြန်မြန်ရှုရမယ်....(မှန်ပါ့) ဒီကမဂ်က မရှုနိုင်ဘူးလား (ရှုနိုင်ပါတယ်ဘုရား)။

ရှုနိုင်တော့ ကြားပြီးပျက်တာဘဲလို့ သိလိုက်ခြင်းကြောင့် ကြားတဲ့အသံကလေး အကောင်းရွေးသေးသလား....(မရွေးပါဘုရား) မရွေးယင် တဏှာသေတယ်....(မှန်ပါ့) အဆိုးမရွေးယင်လဲ ဒေါသသေတယ်....(မှန်ပါ့) ကြားတာကိုကြားစိတ်ကလေးပျက်တာ မသိလိုက်ပြန်လို့ရှိယင်လဲ အဝိဇ္ဇာလာတယ်-(မှန်ပါ့) တွေဝေတဲ့မောဟ မလာသေးဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါတွေ လာမှာစိုးတဲ့အတွက် ဒီတကာ တကာမတွေကတော့ကြားစိတ်ကလေးလာယင် ကြားစိတ်ကလေး ဖြစ်ပျက်ရှု၊ ကိုယ်ကရပ်လို့ရတဲ့ အမျိုးထဲကမဟုတ်ဘူး....(မှန်ပါ့) ရှုမှဘဲပြတ်တယ်၊ သဘောပါပလား....(ပါပါပြီဘုရား)။

ကောင်းပြီ၊ တခါ နှာခေါင်းထဲ ' ဘာနံ့ဖြစ်ဖြစ် အသုပ်နံ့ဖြစ်ဖြစ် အနံ့ကလေးလာလဲ ဘာလုပ်ကြမလဲ.... (ဖြစ်ပျက်ရှုရပါမယ်) ဘယ်သူ့ရှုမယ်....(နံ့စိတ်ကို ရှုရပါမယ်) နံ့စိတ်ကလေးကိုရှု....(မှန်ပါ့) နံ့တတ်တဲ့ နှာခေါင်းထဲကို ဉာဏ်လှည့်ပေး။

အဲဒီ နံစိတ်ကလေးကို ဖြစ်ပြီးပျက်တယ်လို့ရှု.... (မှန်ပါ့) ရှုလိုက်တဲ့အခါကျတော့ သာယာမှု ...(မလာပါဘုရား)သာယာမှုဆိုတာ လောဘ (မှန်ပါ့) ပြစ်မှားမှုဆိုတဲ့ ဒါသကော.... (မလာပါဘုရား) တွေဝေမှုဆိုတဲ့မောဟကော(မလာပါဘုရား) အဲဒါမှတ်ထား။ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ကဲ....တခါ လျှာပေါ်မှာ ထမင်းဟင်း တင်လိုက်၊စားစိတ်ကလေးပေါ်တယ်... (မှန်ပါ့) အင်း ...စားတာသိတဲ့စိတ်ကလေးပေါ်တယ်၊ ပေါ်ချင်ပေါ်၊ကိစ္စမရှိဘူး။ စားတဲ့စိတ်ရှုရှု၊သိတဲ့စိတ်ရှုရှု၊ ဖြစ်ပျက်သာရှု၊.... (မှန်ပါ့)။

သူတို့လဲ စားပြီးပျက်တာဘဲဆိုတဲ့ ဉာဏ်ကလေးနဲ့ သာတက်ပေး၊ တက်ပေးလိုက်တဲ့အခါကျတော့ စားတဲ့စိတ်ရှုလဲရတာဘဲ၊ သိတဲ့စိတ်ရှုလဲ.... (ရပါတယ်) ရတာဘဲ၊ ဖြစ်ပျက်သာရှုပေး.... (မှန်ပါ့)။

အဲဒီကဲသို့ ရှုလိုက်တဲ့အခါကျတော့ သာယာမှု လာသေးသလား....(မလာပါဘုရား) ပြစ်မှားမှုကော.... (မလာပါဘုရား) တွေဝေမှုကော....(မလာပါဘုရား)။

မလာလို့ရှိယင် ဘာ....ဘာပြတ်သတုံး၊ လောဘ ဒေါသမောဟ အကုန်လုံးပြတ်တယ်....(မှန်ပါ့)ပြတ်တော့လောဘချုပ်နိဗ္ဗာန်၊ ဒေါသချုပ်နိဗ္ဗာန်၊ မောဟချုပ် နိဗ္ဗာန်ဆိုတာနဲ့သွားကိုက်တယ်....(မှန်ပါ့) မကိုက်ဘူးလား....(ကိုက်ပါတယ်ဘုရား)။

အေး....ဒါကြောင့် အားလုံး ဒီဟာ ကြားပြီးတဲ့ တကာတကာမကြီးတွေ အားလုံးဘဲ ကြားစိတ်ကလေး ပေါ်လဲကြည့်ပေးပါ။ ဒါကြောင့် ကိုယ်ပေါ်မှာ ယားစိတ်ကလေးတွေပေါ်လဲ ရှုပေး... (မှန်ပါ့) ဖြစ်ပျက်ဘဲရှု... (မှန်ပါ့) ဒါ ဒုက္ခသဟ

ဂုတ်ကာယဝိညာဏ်စိတ် ပေါ်တာဘဲ....(မှန်ပါ့) ကောင်းတဲ့စိတ် ပေါ်လာလို့ရှိယင်လဲ သုခသဟဂုတ်ကာယဝိညာဏ်စိတ် ပေါ် တာဘဲ၊ ကောင်းစိတ်ကလေး ပေါ်တဲ့နေရာမှာ ဖြစ်ပြီးပျက်တာ ဘဲ၊ ရှုသာပေး၊ သဘောကျပြလား....(ကျပါပြီ)။

ရှုလိုက်တဲ့အခါကျလို့ရှိယင် သာယာမှု ဘယ့်နှယ်ဆိုကြမလဲ (မလာပါဘုရား) ပြစ်မှားမှု.... (မလာပါဘုရား) တွေဝေမှု.... (မလာပါဘုရား)။

ဘယ်မှာ တွေဝေမှုဆိုတာက လာယင် ပေါ်တာ မသိမှ တွေ ဝေတာ၊ ဟုတ်ပလား....(မှန်ပါ့)အခုတော့ တွေဝေမှုကော လာ သေးသလား....(မလာပါဘုရား)။

အဲ...မလာတဲ့ အတွက်တဲ့ ဘုန်းကြီးတို့ တကာတကာမတွေ မှာ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြတ်သတုံး....(သုံးမျိုး ပြတ်ပါ တယ်ဘုရား)သုံးမျိုး အစကပြတ်, အလယ်ကပြတ်,အဆုံးကပြတ် (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဤကဲ့သို့ ပြတ်သောကြောင့်တဲ့... ခင်ဗျားတို့ လောဘသိမ်း နိဗ္ဗာန်၊ဒေါသသိမ်း နိဗ္ဗာန်၊ မောဟငြိမ်း နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဆု တောင်းနေရတာ မဟုတ်ဘူးတဲ့။ သူတို့ မလာယင် နိဗ္ဗာန်ရောက် တာဘဲ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဆုတောင်းနေရတာလား... သူတို့ သိမ်းမှုကို လုပ်ရတာလား-- (သူတို့သိမ်းမှုကို လုပ်ရတာပါဘုရား)။

သူတို့သိမ်းမှု လုပ်ရတာဆိုတဲ့ဥစ္စာ တကာတကာမတွေ သေ သေချာချာ မှတ်ပါနော်....(မှန်ပါ့)။

ကဲ....ဒါက အပြင်ဩ္ဒသည်ငါးယောက် ပြီးသွားရော....(မှန်လှပါဘုရား)။

အတွင်းဩ္ဒသည်ငါးယောက်က ဝမ်းထဲမှာ လောဘ ပေါ်လာတယ်။မရပ်နိုင်ဘူးဆိုလိုက်ပါတော့....(မှန်ပါ့) မရပ်နိုင်တော့ လောဘကော မပေါ်ပေဘူးလား....(ပေါ်ပါတယ်ဘုရား)။

အဲဒါ သရာဂစိတ် ပေါ်လာတယ်။ဒါကလေး ပေါ်လာယင်တော့ တကာတကာမတွေက ဘယ့်နှယ်လုပ်မလဲ....(ဖြစ်ပျက် ရှုရပါမယ်)နာနာရှုပေးပါ။

ရှုလိုက်တဲ့အခါကျတော့ သူ့နောက်က စွဲလမ်းမှုတွေ လာသေးသလား... (မလာပါဘုရား)ပြစ်မှားမှုကော....( မလာပါ ) တွေဝေမှုကော .. (မလာပါဘုရား)။

မလာလို့ရှိယင်ဖြင့် အင်း--သူတော့ လောဘ,ဒေါသ,မောဟ သိမ်းတာဘဲ....(မှန်ပါ့)မသိမ်းဘူးလား... (သိမ်းပါတယ်ဘုရား)။

အဲ... သိမ်းလို့ရှိယင်ဖြင့် အတွင်းဩ္ဒသည် ရှုလိုက်ပြန်လို့ ရှိယင်လဲ တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပြတ်သောကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒီ သုံးမျိုးပြတ်လို့ — ဘုရားဖြစ်တာဘဲ....(မှန်ပါ့)ရှင်းပလား—(ရှင်းပါပြီဘုရား)။

ဘုရားဘာဖြစ်လို့ ဖြစ်သတုံး... (ပဋိစ္စသမုပ္ပါဒ်သုံးမျိုး ပြတ်လို့ပါ)ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပြတ်လို့ ဘုရားဖြစ်တယ်လို့ သေသေချာချာမှတ်ပါ... (မှန်ပါ့)။

ကိုင်း....တခါ ဒေါသစိတ်ကလေး ပေါ်လာတယ် မရနိုင်ဘူး၊ ဘာလုပ်ကြမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ဒေါသနောက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရတွေ လာသေးရဲ့လား.... (မလာပါဘုရား)။

အဲ....ဒေါသလာလဲ ဖြစ်ပျက်ရှုလိုက်တော့ ဒေါသက အနိစ္စ၊ ရှုတာကမဂ်ဖြစ်သွားပြီးတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုးပြတ်သတုံး....(သုံးမျိုးပါဘုရား)။

သုံးမျိုးစလုံး ပြတ်တာဘဲဆိုတဲ့ဥစ္စာ ရှင်းသွားတော့ အင်း.... တခါ မောဟဆိုတဲ့ ဥဒ္ဒိစ္စကလေး ဟိုပျံ့လွင့်၊ ဒီပျံ့လွင့်....။ ဝိစိကိစ္ဆာကလေးက ဟုတ်မှ ဟုတ်ကဲ့သား... မဟုတ်ဘူးလား .... အစရှိသည်နဲ့ လာလို့ရှိယင်လဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

အဲ....ပျံ့လွင့်တဲ့စိတ်လာလဲ ဖြစ်ပျက်ရှု၊ သဘောကျပလား- (ကျပါပြီ)သံသယရှိတဲ့ စိတ်ကလေး လာယင်ကော....(ဖြစ်ပျက် ရှုရမှာပါဘဲဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ မောဟက အနိစ္စ။ ဟုတ်လား(မှန်ပါ့) ရှုတာက မဂ္ဂဖြစ်သွားတော့ သူတို့က မောဟအဖြစ်နဲ့ အမှုထမ်းသလား....အနိစ္စအဖြစ်နဲ့ အမှုထမ်းသလား....(အနိစ္စအဖြစ်နဲ့ အမှုထမ်းပါတယ်ဘုရား)။

အနိစ္စအဖြစ်နဲ့ အမှုထမ်းတဲ့အတွက်တဲ့ အနိစ္စ၊ မဂ္ဂ သွားဖြစ်တယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ်မှာ တတိယအကွက်ကို ကူးသေးသလား....(မကူးပါဘုရား)။

မကူးပါဘူးတဲ့။ ဒါ တကိုယ်မကူးလို့ရှိယင် တကာ တကာမတွေ သမုဒယသစ္စာချုပ်ပြီ....(ချုပ်ပါပြီ)စတုတ္ထပေါ်နိုင်သေးရဲ့လား....( မပေါ်နိုင်ပါ ) မပေါ်နိုင်လို့ရှိယင် ဒါသေချာတဲ့အလုပ်ဘဲ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ကဲ....လောဘ, ဒေါသ, မောဟပြီးတော့ အပြင်ဩွ့သည် သုံးယောက်, အတွင်းဩွ့သည် ငါးယောက် ဟောတားတော့ တကာ တကာမတွေ ကုသိုလ်ပြုချင်တဲ့ စိတ်ကလေး၊ ကျောင်းဆောက်ချင်တဲ့ ဘုရားတည်ချင်တဲ့ စိတ်ကလေး တရားအားထုတ်ရင်း ပေါ်လာတယ်....(မှန်ပါ့)ဘာလုပ်ကြမလဲ....(ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

သူ့ကို ဖြစ်ပျက် ရှုပစ်ပါတဲ့....။ ဒါ ကုသိုလ်စိတ်ကလေးကိုလဲ မေ့မထားလိုက်ပါနဲ့.... ( မှန်ပါ့ ) ဘာဖြစ်လို့တုံး ....လို့ မေးတဲ့အခါကျတော့ ကုသိုလ်စိတ်ကလေးပေမဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝီတရာဂစိတ်ကိုလဲ ရာဂကင်းတဲ့စိတ်ကိုလဲ"ဝီတရာဂံဝါစိတ္တံ ဝီတရာဂံစိတ္တန္တိပဇာနာတိ"ဘုရားကဟောထားတော့ ရာဂကင်းတဲ့စိတ်ပါဘဲ၊ လောဘမပါပါဘူးတဲ့၊ မပါပေမဲ့ ရှုသာရှုပါ....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင် သူကနေပြီး ဘာဝယ်ဦးမှ ဘာချမ်းဦးမှဆိုတဲ့ ဝိတက်တွေအကုန်လာမယ်.... (မှန်ပါ့)မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲ....လာလို့ရှိယင်လဲ ဒီဥစ္စာမဂ်၏ အန္တရာယ်မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်သွားသောကြောင့် ကုသိုလ်စိတ်ကလေး ပေါ်လာလဲ ဘာလုပ်ရမလဲ....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ ခုနင်က ကာမဝိတက်တွေ, ဗျာပါဒ ဝိတက်တွေ လာသေးရဲ့လား....(မလာပါဘုရား)။

မလာတော့ဘူးတဲ့၊ ဒါဖြင့် သူလဲ လောဘ, ဒေါသ, မောဟ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မချုပ်ဘူးလား....(ချုပ်ပါတယ်ဘုရား)။

အဲ....သုံးမျိုးချုပ်သောကြောင့် ကုသိုလ်စိတ်ကိုလဲ ဘုရားက ဒီအတိုင်းမထားနဲ့ ရှုပေးကွတဲ့....(မှန်ပါ့) ဟုတ်လား.... (မှန်ပါ့ ဘုရား)။

အဒေါသစိတ်တဲ့ မေတ္တာပို့ချင်တဲ့ စိတ်ကလေး သူတပါး သနားတဲ့စိတ်ကလေး မေတ္တာရှိတဲ့စိတ်ကလေး ပေါ်လာမယ်၊ ဘာလုပ်ကြရမယ်....(ဖြစ်ပျက်ရှုရပါမယ်)ဖြစ်ပျက်ရှုရမယ်ဆိုတာ သဘောကျပလား....(ကျပါပြီဘုရား)။

အဲ....ရှုလိုက်တဲ့အခါကျတော့ မေတ္တာလိုလိုနဲ့ တော်တော် ကြာကျတော့ ရာဂ- ခင်တဲ့စိတ်ကလေးလဲ ဝင်လာတယ် .... (မှန်ပါ့)ကရုဏာလိုလိုနဲ့ စိုးရိမ်တဲ့စိတ်ကလေးကကော .... (ဝင် လာပါတယ်) ဝင်လာလို့ရှိယင် ဖေါက်ပြန်ကုန်ပြီ .... (မှန်ပါ့ ဘုရား)။

အဲဒီတော့ မေတ္တာလာလာ- ကရုဏာလာလာ ဘုန်းကြီးတို့ တကာတကာမတွေက ဘာလုပ်ရမလဲ .... (ဖြစ်ပျက်ရှုရပါမယ် ဘုရား) ။

မေတ္တာစိတ်လဲ ဖြစ်ပျက်ရှု၊ ကရုဏာစိတ်လဲ .... (ဖြစ်ပျက်ရှုရ ပါမယ်ဘုရား)။

ဖြစ်ပျက် ရှုလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် မေတ္တာကြောင့်လဲ ရာဂ မလာပါဘူး၊ဖြစ်ပျက်ရှုတဲ့မဂ်က ဖြတ်ပစ်တာဘဲ ဟုတ်လား

(မှန်ပါ့)ကရုဏာကြောင့်လဲ ဒေါသလာသေးရဲ့လား.... (မလာပါဘုရား)။

အဲ .... မုဒိတာဆိုတဲ့ ဝမ်းမြောက်တဲ့ စိတ်ကလေးလာနေလဲ ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ.... ဖြစ်ပျက်ရှု၊ နို့မဟုတ်လို့ရှိယင် ဝမ်းသာတာနဲ့ဘဲ ဟိုက တဏှာဖြစ်သွားမှာ စိုးရသေးတယ်၊ ရှင်းပလား .... (ရှင်းပါပြီဘုရား)။

ဒါဖြင့် မေတ္တာလာသဲ ဖြစ်ပျက်ရှု၊ ကရုဏာလာလဲ....(ဖြစ်ပျက်ရှုရပါမယ်) မုဒိတာလာလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

မုဒိတာဆိုတဲ့ ဝမ်းမြောက်တဲ့ စိတ်လာယင်လဲ ဖြစ်ပျက်ဘဲရှု-(မှန်ပါ့) နို့မဟုတ်လို့ရှိယင် သူတို့က လိမ်ကောက်ပြီးသကာလ မောင်ချစ်စိန် ရာဂဘက်လှည့်သွား၊ သောကဘက် လှည့်သွားနော်....(မှန်ပါ့)ပဟာသဆိုတဲ့ ရွှင်မြူးတဲ့လောဘဘက်ကော— (လှည့်ပါတယ်ဘုရား)။

လှည့်သွားလို့ရှိယင် မေတ္တာ, ကရုဏာ, မုဒိတာဘက် လှည့်သွားပြန်လို့ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်ကြီး မဆက်ပေဘူးလား .... (ဆက်ပါတယ်ဘုရား)။

ထိုကဲ့သို့ ဆက်ခဲ့သော်.... တကာတကာမတွေ့ အကျိုးယုတ်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင်သောကြောင့် ဟုတ်လားကွာ....တဲ့၊ အဒေါသဆိုတဲ့ မေတ္တာလာလဲ ဖြစ်ပျက်သာ ရှုပစ်ပါတဲ့....(မှန်ပါ့)ရှင်းပလား .... (ရှင်းပါပြီ)ဒေါသကင်းတဲ့ စိတ်ကိုး....( မှန်ပါ့ )သဘောကျပလား .... (ကျပါပြီဘုရား)။

ဝိတာမောဟ....တဲ့၊ မောဟကင်းတဲ့ စိတ်လာလဲ ယုတ်စွအဆုံး လောကီဉာဏ်ကလေးတွေ ထွက်လာတယ်ဆိုယင်တောင် ဘာလုပ် ရမတုံး....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ....ဖြစ်ပျက်ရှုပစ်လိုက်တဲ့.... လောကီ အကြံအစည်ဉာဏ် ကလေးတွေထွက်လာလဲ ဖြစ်ပျက်ရှုပစ်လိုက်လို့ ရှိယင်ဖြင့် ဒီအကြံ တွေကြောင့် တော်တော်ကြာ လောဘထားလဲ စိတ်ကူးမတည့်တဲ့ ဒေါသတွေ လာချင်လာ၊ လာနိုင်သေးရဲ့လား ... (မလာနိုင်ပါ ဘုရား)။

မလာနိုင်အောင် တခါတည်းရှုပါ .... (မှန်ပါ့) ဘာမှရှုစရာ မရှိဘူးလို့ တကာတကာမတွေက စိတ်ထဲမှာမထားရအောင်လို့ ဘုန်းကြီးက လေကိုထုတ်တဲ့ စိတ်ကလေးလာလဲ ရှုပေးပါ.... (မှန်ပါ့)နို့မို့ ရှူလို့ကောင်းတယ်- ထုတ်လို့ ကောင်းတယ်က လာဦးမှာ... (မှန်ပါ့)မလာပေဘူးလား.... (လာပါတယ်ဘုရား)။

လေရှိုက်တဲ့ စိတ်ကလေး အို....ရှူလို့, ရှိုက်လို့, ကောင်း လို့ ကျုပ် ကျန်းမာလာပြီဆိုတဲ့ တဏှာကကော မလိုက်ပေဘူး လား....(လိုက်ပါတယ်)ဒါဖြင့် ဘာလုပ်ကြမလဲ... (ဖြစ်ပျက် ရှုရ ပါမယ်ဘုရား)။

ရှူတဲ့ စိတ်ကိုလဲ....(ဖြစ်ပျက်ရှုရပါမယ်)ရှိုက်တဲ့ စိတ်ကိုလဲ-- (ဖြစ်ပျက်ရှုရပါမယ်) ဖြစ်ပျက် ရှုလိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ဒါက အမြဲတမ်း ရှု.. (မှန်ပါ့)။

အပြင်ဒြေ့သည်ငါးယောက်က သူတို့လာယင် ဒီ အမြဲတမ်း ရှုတာ ဖြုတ်ပြီး အပြင်ဒြေ့သည် ငါးယောက်ထဲက တယောက် ယောက် ရှု၊ အတွင်းဒြေ့သည် ငါးယောက်ထဲက တယောက် ယောက် ဝင်လာယင်....(တယောက်ယောက် ရှုရပါမယ်ဘုရား)

တယောက်ယောက် ရှုတဲ့....၊ပြီးယင် ဘယ်သွားပြီး ထိုင်ကြမတုံး-ရှုစိတ်, ရှိုက်စိတ်ဆိုတဲ့ အိမ်သည်စိတ်ကို ရှု....(မှန်ပါ့)။

ရှုစိတ်, ရှိုက်စိတ်ဆိုတဲ့ အိမ်သည်စိတ်ကို လှည့်ရှုပါ....(မှန်လှပါ)ပေါ်ကြပလား....(ပေါ်ပါပြီ)အားသေးရဲ့လား....(မအားပါဘုရား)။

အဲဒီတော့မအားသာမအားတာတဲ့ ခုနင်ကပြောသလိုအပါယ်သွားကြောင်း ပဋိစ္စသမုပ္ပါဒ်ကတော့ ပြတ်နေတယ်.... (မှန်ပါ့) ရှင်းပလား....( ရှင်းပါပြီ ) သုဂတိသွားကြောင်း ပဋိစ္စသမုပ္ပါဒ်ကော....( ပြတ်ပါတယ် )နိဗ္ဗာန်သွားတဲ့ မဂ်ကတော့ ပေါ်နေတယ်....(မှန်ပါ့-ပေါ်နေပါတယ်ဘုရား)။

ဒါ သေသေချာချာ မှတ်ပါ တကာတကာမတို့ ဒီစကားဟာ သိပ်အရေးကြီးပါတယ်....(မှန်ပါ့)။

အခုပြောတဲ့ ဆယ့်နှစ်ချက်ကို ကြည့်နေတဲ့ ပုဂ္ဂိုလ်များမှာ အပါယ်သွားကြောင်း ပဋိစ္စသမုပ္ပါဒ် ဘာဖြစ်သလဲ....( ပြတ်ပါတယ် )သုဂတိသွားကြောင်း ပဋိစ္စသမုပ္ပါဒ်....( ပြတ်ပါတယ် ) နိဗ္ဗာန်ရောက်စေတတ်တဲ့ မဂ်ကတော့....(ပေါ်ပါတယ်) ပေါ်နေတယ်။

သူကတော့ ဖြတ်ပါတယ်၊ဖြတ်လိုက်တော့ မဂ်ကတော့ ဖြတ်လိုက်တယ်ဆိုကတည်းက မဂ်မို့ ဖြတ်တာ၊ အဲဒါကြောင့် သူပေါ်လာတာ....(မှန်ပါ့)။

ဒါကြောင့် ပြန်ပြောကြစမ်းပါ၊အခုပြောတဲ့ ဆယ့်နှစ်ချက်ကို တကာတကာမတွေ သိနေကြမယ်ဆိုယင် အပါယ်သွားကြောင်း ပဋိစ္စသမုပ္ပါဒ်လဲ....( ပြတ်ပါတယ် ) သုဂတိသွားကြောင်း ပဋိစ္စသမုပ္ပါဒ်လဲ....(ပြတ်ပါတယ်ဘုရား)။

ဖြတ်တယ်တဲ့၊အပါယ်လဲ ဒုက္ခသစ္စာ၊သုဂတိလဲဒုက္ခသစ္စာဘဲကိုး (မှန်ပါ့)ရှင်းကြပလား... (ရှင်းပါပြီဘုရား)။

ကဲ... တဲ့ နိဗ္ဗာန်သွားကြောင်း မဂ်ကတော့ ဘယ့်နှယ် နေသတုံး....(ပေါ်နေပါတယ်) နိဗ္ဗာန်သွားကြောင်း မဂ်ကတော့.... ပေါ်နေသောကြောင့် "ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ"။

ဘိက္ခဝေ=ရဟန်းတို့၊ အယံမဂ္ဂေါ=ဤမင်းတို့သန္တာန် ပေါ် နေတဲ့ မဂ်ကလေးသည်၊ ကောယနော = တခုတည်းနဲ့ နိဗ္ဗာန် ရောက်၏....(မှန်ပါ့)တကြောင်းတည်းနဲ့ နိဗ္ဗာန်ရောက်၏ ဆိုသော ကြောင့် တကာတကာမတို့ ဒါက ကိုယ့်ဉာဏ်ကနေ ကိုယ့်နိဗ္ဗာန် ပို့တာ....(မှန်ပါ့)။

ခုနင်တုန်းကတော့ ကိုယ့်သန္တာန်ပေါ်တဲ့ တဏှာ ဥပါဒါန် ကံတို့က ကိုယ့်ကို အပါယ်လေးပါး ပို့လိုက်တယ်....( မှန်ပါ့ ) ကိုယ့်သန္တာန်ပေါ်တဲ့ တဏှာ ဥပါဒါန် ကံတို့က သုဂတိပို့လိုက် တယ်... (မှန်ပါ့)။

အဲဒီတော့ အခုတော့ ကိုယ့်သန္တာန်ပေါ်တဲ့ တဏှာ ဥပါဒါန်ချုပ်အောင် လုပ်တတ်တဲ့ မဂ်က နိဗ္ဗာန်ပို့လိုက်တာဆိုတော့ မောင်သစ် ပိုမရှင်းဘူးလား....(ရှင်းပါတယ်ဘုရား)။

အဲဒါကြောင့် မြင်ရုံတွင် ရပ်, ကြားရုံတွင် ရပ်ဆိုတဲ့ ဥစ္စာ.... အင်မတန် ခဲယဉ်းတဲ့ အတွက် စိတ္တာနုပဿနာထဲ သွင်းလိုက်....၊ ခုနင်က ပြောခဲ့တဲ့ အတွင်းဧည့်သည်... အပြင်ဧည့်သည်တို့ကိုသာ ဖြစ်ပျက်ရှုပါ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ စဉ်းစားကြည့်ပါလား တကာတကာမတွေ၊ ဖြစ်ပျက်ဆိုတာက မောင်သစ် ပဋိစ္စသမုပ္ပါဒ် ကြည့်လိုက်တော့

ဘယ်အကွက်မှာတုံး.... ( ဒုတိယအကွက်မှာပါ ) ဒုတိယကွက်.... (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဟာ ဒါဖြင့် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အဲဒါကြောင့် တကာတကာမတွေ ပြောရတယ်၊ ခင်ဗျားတို့ ဒုက္ခသစ္စာ မြင်နေတာ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ ဖြစ်ပျက်ရှုနေတာ ဖြစ်ပျက်ဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါ) ဘယ်အကွက်ထဲမှာတုံး.... (ဒုတိယကွက်ထဲမှာပါဘုရား)။

ဒုတိယ အကွက်ထဲမှာ ပါနေတယ်ဆိုကတည်းက ဒုတိယ အကွက်က ဒုက္ခသစ္စာလို့ ဘုရားက ဟောထားတော့ သြော်.... ဒို့ရှုနေတာ၊ ဒီအကွက်ရှုရတာကိုး၊ ဒီအကွက်ကသဲ ဒီအကွက်က ပေါ်လေသ၍ ပေါ်လေသမျှ ဒုက္ခသစ္စာဘဲ.... (မှန်ပါ့) မဆိုနိုင်ဘူးလား ...(ဆိုနိုင်ပါတယ်ဘုရား)။

ဆိုနိုင်တော့ကို ဒါ မောင်သစ်.... သစ္စာနုလောမိကဉာဏ် ရတာဘဲ....(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါပြီဘုရား)။

ဘာဉာဏ်ရသတုံး.... ( သစ္စာနုလောမိကဉာဏ် ရပါတယ် ) သစ္စာနုလောမိကဉာဏ် ရပြီဆိုတာ ကောင်းကောင်းပေါ်သွားပြီ... (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ကမ္မဿကတဉာဏ်နဲ့ သစ္စာနုလောမိကဉာဏ်ဟာ ဒီနေရာထူးခြားသွားတယ်....(မှန်ပါ့ဘုရား)။

ကမ္မဿကတဉာဏ်က ကောင်းတာလုပ် ကောင်းကျိုးပေး၊ သုဂတိရောက်တာဘဲ၊ နိဗ္ဗာန်မရောက်ဘူးနော်... (မှန်ပါ့) ရောက်ပါ့မလား... (မရောက်ပါဘုရား)။

သစ္စာနုလောမိကဉာဏ်ကတော့ တခါတည်းတဲ့ အနိစ္စ ဖြစ်ပျက်ကိုမြင် ဟုတ်လား....(မှန်ပါ့)ဒုက္ခဖြစ်ပျက်ကိုမြင်၊အနတ္တ ဖြစ်ပျက်ကို မြင်သောကြောင့် သူ ဒုက္ခသစ္စာ မြင်တာဘဲလို့ ဘုရားက ဟောလိုက်တယ်....(မှန်ပါ့) ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သူကတော့ဖြင့် မဂ်စိတ်ဝင်ပြီ....(မှန်ပါ့)ဖြစ်ပျက်-မဂ် သဘောကျပလား....(ကျပါပြီဘုရား)။

ဖြစ်ပျက်ပြီးတော့ ဘာလာသတုံး.... (မဂ်လာပါတယ်) မဂ် လာတယ်ဆိုတာ သဘောပါကြပသား .. (ပါ-ပါပြီဘုရား)။

အေး .... ဒါကြောင့် ဒီမဂ်ကတော့ဖြင့် တဏှာတဏှာမတို့ သုဂတိသွားစေတတ်တဲ့ တဏှာ,ဥပါဒါန်,ကံလဲ ဖြတ်လိုက်တယ်- (မှန်ပါ့) ဒုဂ္ဂတိသွားစေတတ်တဲ့ တဏှာ,ဥပါဒါန်, ကံ ကော.... (ဖြတ်ပါတယ်ဘုရား)။

အဲဒီတော့ တဏှာ, ဥပါဒါန်, ကံဟာ သုဂတိသွားတာလဲ ရှိ တယ်....(မှန်ပါ့) ဒုဂ္ဂတိသွားတာကော....(ရှိပါတယ်)အဲဒီ နှစ်ကို စလုံး ဘာဖြစ်သလဲ....(ပြတ်ပါတယ် ဘုရား)။

ကဲ .. ဒါဖြင့် အမဲကံလဲ ဖြတ်ပစ်လိုက်တယ်....(မှန်ပါ့) အဖြူ ကံကော... (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ဖြတ်တဲ့ကံက အမဲ-အဖြူမရောတဲ့ ကံဆိုတာ ပေါ် သွားပြီ....(ပေါ်ပါပြီ)မပေါ်လာသေးဘူးလား.... (ပေါ်လာပါ ပြီဘုရား)ဖြတ်တဲ့ ကံက....(အမဲ- အမြူမရောတဲ့ ကံပါဘုရား)။

အဲဒါကြောင့် မဂ်ကံဟာ ယခုအခါမှာ ဒီဥစ္စာ အမဲ- အဖြူ မရောတဲ့ကံကို တဏှာတဏှာမတွေက အောင်မြင်အောင် လုပ်

လိုက်လို့ရှိယင်ဖြင့် သုဂတိ ဒုက္ခသစ္စာလဲ တကာတကာမတွေ့ မရထိုက်ဘူး....(မှန်ပါ့)ဒုဂ္ဂတိဒုက္ခသစ္စာကော.... (မရပါဘုရား)။

မရတော့ ဩော်.... ဒါဖြင့် သုဂတိ-ဒုဂ္ဂတိဆိုတဲ့ ကုသိုလ်ကံ-အကုသိုလ်ကံတွေကို မဂ်က ဖြတ်လိုက်တယ်...(မှန်ပါ့ဘုရား)။

မဂ်က ဖြတ်လိုက်တဲ့အကွက် ငါတို့သည်ကားလို့ ဆိုလို့ရှိယင် ဖြင့် ဘယ်နည်းနှင့်မှ သံသရာခရီးသည် မဟုတ်ဘူး၊ သံသရာ့ ပြင်ဘက်ရောက်ပြီ....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဘယ်ရောက်သွားသလဲ.... (သံသရာ့ပြင်ဘက် ရောက်ပါပြီ) သံသရာ့ပြင်ဘက် ရောက်သွားမှ နိဗ္ဗာန်ရှိတယ်.... ( မှန်ပါ့ ) သံသရာတွင်းမှာ ဒုက္ခသာရှိတယ်....(မှန်ပါ့)။

သံသရာတွင်းမှာ...(ဒုက္ခသာရှိပါကြောင်းဘုရား) သံသရာ့ပြင် ဘက်မှာ....(နိဗ္ဗာန်ရှိပါတယ်ဘုရား) အဲ... သံသရာ့ ပြင်ဘက်မှာ တော့ သုခ နိဗ္ဗာန်ရှိတယ်ဆိုတာ တကာတကာမတွေ့ အားလုံး သဘောကျဘို့ ကောင်းပါတယ်....(မှန်ပါ့)။

ဒီ... ပဋိစ္စသမုပ္ပါဒ်ထဲ ရှောက်ပြီး အငိုင်းထဲမှာကြည့်လိုက်ယင် ဒါ သံသရာရေးထားတဲ့အကွက် ဒုက္ခသမုဒယသာ တွေ့တယ်.... (မှန်ပါ့) နိရောခနဲ့ မဂ္ဂဟာ အခု ပေါ်ပြောလို့သာ ပေါ်လာ တာ....(မှန်ပါ့)။

ကောင်းတယ် ပြောလိုက်တော့ ကြားမှာမဂ်ဝင်ပြီးဖြတ်လိုက် တော့ ဒီဘက်က ၃-နံပါတ်အကွက်တွေလဲ ပျောက်, ၄-နံပါတ် အကွက်တွေကော.... (ပျောက်ပါတယ်ဘုရား)။

ပျောက်တော့မှ သမုဒယချုပ်၊ နိရောဓပေါ်ဆိုတဲ့ နှစ်ခုသော မဂ္ဂသစ္စာနဲ့ ဟုတ်လား....(မှန်ပါ့)။

နိဗ္ဗာန်ရောက်ချင်လို့ အားထုတ်ပေမယ့် မရောက်သေးဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲ... အားထုတ်မှ မဂ္ဂသစ္စာပေါ်တယ်။ အဟုတ်အားထုတ်လို့ နောက် ဓမ္မတွေမလာမှ နိရောဓသစ္စာ ပေါ်တာကိုး.... (မှန်ပါ့)။

ဒါဖြင့် တကာတကာမတွေဝေထားတဲ့ ပဋိစ္စသမုပ္ပါဒ်ထဲမှာ သစ္စာဘယ်နှစ်ပါးသာ လှည့်နေသတုံး.... (နှစ်ပါးသာ လှည့်နေပါတယ်ဘုရား) ဘာနဲ့ဘာတုံး .. (သမုဒယနဲ့ ဒုက္ခပါဘုရား)။

အဲ....ခင်ဗျားတို့ အလုပ်လုပ်လိုက်တဲ့အခါကျတော့ နောက်သမုဒယနဲ့ နောက်ဒုက္ခ နှစ်ခု လာသေးရဲ့လား ... ( မလာပါဘုရား)။

အဲဒါကြောင့် မဂ်လုပ်ကဲ့အတွက် သမုဒယဆိုတဲ့ တတိယအကွက်၊ ဒုက္ခဆိုတဲ့ စတုတ္ထအကွက် မချုပ်ဘူးလား ... (ချုပ်သလား....(ချုပ်ပါတယ်ဘုရား) မဂ် အလုပ် လုပ်လိုက်ယင်လေ.... (မှန်ပါ့)။

အဲဒါကြောင့် တကာတကာမတို့ ဒီ အလုပ်ဟာ သာသနာတွင်းအလုပ်....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီ)ဒါန သီလတွေက.. (သာသနာပလဲ လုပ်နိုင်ပါတယ်)။

အေး....ဒါန သီလတွေက သာသနာပမှာလဲ လုပ်နိုင်တယ် ... (မှန်ပါ့) သာသနာတွင်းအတွက်ကတော့ ဒီ.... ဝိပဿနာဘဲ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ငါတို့သည် သာသနာတွင်းသားပီပီ သာသနာတွင်း အလုပ်ကို အဟုတ်ကြိုးစားမယ်ဆိုပြီး ဘုန်းကြီးတို့ ကမ္မဿကတာ ဉာဏ်အလုပ် ဒါန သီလတွေလုပ်တာပေါ့တဲ့။ သို့သော်....ဒီဟာ ကို ရှုလုပ်ပါ....(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီဟာကို အရေးတကြီး ထားပြီး၊ မလုပ်ရဘူးလား.... ( လုပ် ရပါတယ်ဘုရား)။

သူကသာသနာတွင်းကိုး၊ ဟိုက သာသနာပမှာလဲ ကိုယ်နေခဲ့ တဲ့ ဘဝတွေက များလှပြီဖြစ်နေသောကြောင့် ဒီတကာတကာမ တွေမှာတဲ့ များသာများခဲ့တယ်၊ နိဗ္ဗာန်မရခဲ့ဘူး....(မှန်ပါ့) ရခဲ့ သလား... (မရခဲ့ပါဘုရား)။

ဘာ့ကြောင့်တုံး.... သာသနာပ အလုပ်တွေသာ လုပ်ခဲ့လို့.... (မှန်ပါ့)။

အခုတော့ သာသနာတွင်းအလုပ်ဖြစ်တဲ့ ဝိပဿနာမဂ်ကစပြီး လောကုတ္တရာမဂ်ကို ဖြေးဖြေးခြင်း တခါတည်း ဒီဘဝကနေ တက်သွားလို့ရှိယင်ဖြင့် ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် ဆိုလို့ရှိယင် ဖြင့် တနေ့ကဟောတဲ့ တရားအတိုင်း မောင်သစ်တို့က မှတ်လိုက် တာပေါ့၊ ဖြစ်ပျက်သည် ဒုက္ခသစ္စာ.... (မှန်ပါ့) မဂ်သည်- မဂ္ဂ သစ္စာ.... (မှန်ပါ့ မဂ္ဂသစ္စာပါဘုရား)။

နောက်တခါ လာတော့ ဖြစ်ပျက်သည်....(ဒုက္ခသစ္စာ) ရှုပြန် တဲ့ မဂ်သည်....(မဂ္ဂသစ္စာပါဘုရား)။

ဒါကြောင့် ရှေ့မှာ ဒုက္ခသစ္စာ တတန်းတည်း ရှိနိုင်သော ကြောင့် ဝိပဿနာမဂ်သည်ပင်လျှင် သခ်ါရုပေက္ခာဉာဏ် ဖြစ် ကယ်လို့ တနေ့က ဟောပြီးပြီ....(မှန်ပါ့)မဟောသေးဘူးလား – (ဟောပြီးပါပြီဘုရား)။

အဲ....ရှေ့က ဒုက္ခသစ္စာ တတန်းတည်း ဖြစ်သောကြောင့်.... ဒီ မဂ်ဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်လို့ ဆိုလို့ရှိယင် လွဲပါ့ မလား....(မလွဲပါဘုရား)။

အဲ....သခ်ါရုပေက္ခာဉာဏ် ရတယ်ဆိုလို့ရှိယင်ဖြင့် ရှေ့မဂ် ဉာဏ်ဟာ ဝေးသေးသလား.... ကပ်နေသလား....(ကပ်နေပါတယ် ဘုရား)။

အေး....ကပ်နေလို့ရှိယင် ဒီဥစ္စာ ဖြစ်ပျက်တလုံးကို တကာ တကာမတွေ့က ဖြစ်ပြီး ပျက်တယ်၊ ဖြစ်ပြီး ပျက်တယ်၊ဒါမမြင် ဘူး၊ အပျက်ချည့် မြင်လို့ရှိယင်လဲ ပျက်တယ်-ပျက်တယ်လို့သာ သိပေး၊ အဲဒီကဲ့သို့ သိလို့ရှိယင်ဖြင့် အပျက်နဲ့ မဂ်နဲ့ ကိုက်လဲ ကိုလေသာ ကြားမခြားလို့ရှိယင် ခုနစ်ရက်နဲ့ဘဲ သောတာပန် တည်နိုင်တယ်....(မှန်ပါ့)သဘောကျပလား ...(ကျပါပြီ)။

ဖျင်းယင် ခုနစ်ရက်-ဆယ့်လေးရက်တော့ သူ သွားတယ်.... (မှန်ပါ့) ဒီ့ထက် ဖျင်းလို့ရှိယင်သဲ ခုနစ်သုံးလီ နှစ်ဆယ့်တစ် ပေါ့လေ ...(မှန်ပါ့)ဒီလိုနဲ့ သွားရမှာဘဲတဲ့ ...၊ မရတော့ မရှိဘူး- (မှန်ပါ့)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီ တကာတကာမတွေ့ ဘာနဲ့ဘာ ကိုက်ဘို့ အရေး ကြီးသလဲဆိုတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ အရေးကြီးတယ်- (မှန်ပါ့)။

တကာတကာမတွေ့ ဘာတဲ့....(ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ အရေးကြီးပါတယ်)ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်ဘို့ အရေးကြီးတယ် ဆိုတာ သချာပလား....(သေချာပါပြီဘုရား)။

တနည်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်တဲ့ အချိန်မှာ ပဌမပိုင်းမှာ ကိုက်တယ်၊နောက်ကျတော့လဲ ကိလေသာက ကြားထိုးနေတယ်၊ နောက်တပတ် ကိုက်ပြန်တယ်ဆိုယင်လဲ ကြာသွားပြန်တယ် .... (မှန်ပါ)။

ကိလေသာ ကြားထိုးတယ်ဆိုတာ လောဘ, ဒေါသ,မောဟ လာတာကို ဆိုပါတယ်... (မှန်ပါ)။

အဲဒီတော့ တကာတကာမတွေက ဖြစ်ပျက်နဲ့ မဂ်နဲ့သာ ကိုက်အောင်လုပ်၊ ကိလေသာ ကြားထိုး မခံဘဲနဲ့ လုပ်ကြမယ် ဆိုလို့ရှိယင် ခင်ဗျားတို့ လိုရာခရီး အပြီးတိုင် ရောက်ပါတယ်- (မှန်ပါ)ရှင်းပလား... (ရှင်းပါပြီဘုရား)။

အဲဒီတော့ မာလုကျပုတ္တဟောတဲ့ တရားက ရပ်ရမည့်တရား၊ ဘုန်းကြီးတို့က မရပ်နဲ့တော့၊ တကာတကာမတွေ လှည့်ကြည့် သောကြောင့် ရပ်မနေနဲ့၊ ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုတာ မှန်တယ် (မှန်ပါ)ဟိုက ပုဂ္ဂိုလ်ထူး-ပုဂ္ဂိုလ်မြတ်မို့ ရလွယ်တာကိုး....(မှန်လှ ပါ)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကဲ....ရှင်းလို့ရှိယင် ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု... သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြားဆုံးမတော် မူသော

( နိဗ္ဗာန်ကို ခန္ဓာဖုံးပုံ )

# နေ့အလုပ်ပေး-တရားတော်

( ၂၀ - ၉ - ၆၂ )

တရားနာလာကြတဲ့ တကာတကာမတွေ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတဲ့ တရားကို ဆရာဘုန်းကြီးက ဟော လိမ့်မယ်။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်သိ ဟောတဲ့ တရားကို ဆရာဘုန်းကြီးက ဟောမှာဖြစ်နေတော့ သြော်....ဒီဥစ္စာ တခြားလား အောက်မေ့တယ်၊ ဘုရားကိုယ်တိုင် ဟောနေပါ လားဆိုတာ တကာကြွယ်တို့၊ မောင်ဘသော်တို့ ဆုံးဖြတ်ချက်ချ ပါ....(မှန်ပါ့)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတာကို တလုံးမှ မလွဲရ အောင် ဆရာဘုန်းကြီးက ဟောနေတော့ တကာတကာမတွေက

ဩော်....ဒီဥစ္စာသည် ဘုရားဟောလဲ ဒီအတိုင်းဘဲ၊ ဆရာဘုန်းကြီးဟောတာလဲ ဒီအတိုင်းဘဲဆိုပြီးသကာလ ဘုရားဆီမှာဉာဏ်ရောက်ပြီးသကာလ ဘုရားမမှီလိုက်လို့ဆိုတဲ့ ဝမ်းနည်းလုံးတွေထုတ်ပြီးသကာလ ဒါဘုရားဟောဘဲလို့ စိတ်ထဲမှာ ထားကြပါ-(မှန်ပါ့)။

အဲဒီကဲ့သို့ စိတ်ထဲမှာ ထားပြီးသည်နောက်တခါ ဘုရားကိုလဲ တကာတကာမတွေက ဩော်.... ဒီကိုယ်တော်ကြီး ဟောတာသည်ကားလို့ဆိုယင် တွေးလုံး ဆ,လုံးတွေနဲ့ ဟောနေတာ ထင်ပါရဲ့လို့ မယူဘဲနဲ့ ဘုရားအပေါ်၌ တွေးလုံး ဆ,လုံးနဲ့ ဟောတယ်လို့ မယူဘဲနဲ့ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်သိပြီးသကာလ ကိုယ်တိုင်မြင်၊ ကိုယ်တိုင်တွေ့၊ ကိုယ်တိုင်ရပြီး ဟောတဲ့တရားလို့လဲ ယုံကြည်လုံးသန်လိုက်ပါဦး.... (မှန်ပါ့)။

ကိုယ်တိုင်သိ၊ ကိုယ်တိုင်ဟော၊ ကိုယ်တိုင်ကျင့်၊ ကိုယ်တိုင်မြင်ကိုယ်တိုင်ရောက်ပြီး ဟောတဲ့ တရား ဖြစ်လေသောကြောင့်လဲ ဘုန်းကြီးတို့ တကာတကာမတွေက ဟုတ်မှဟုတ်ပါ့မလား ဆိုတဲ့ သံသယဝိစိကိစ္ဆာဖျောက်ပြီးသကာလ ကေန်တကယ် ယုံကြည်ပြီးသကာလ ဒီအလုပ်-လုပ်လို့ ကိုယ်တော်မြတ်ကြီး ပြောတဲ့အတိုင်းလုပ်ကြလို့ရှိယင်ဖြင့် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဆိုတဲ့ ဝဋ်ဆိုးကြီးသုံးခုဟာ တကာတကာမတို့ တကယ်ပြတ်လိမ့်မယ်ဆိုတာ တကယ်ယုံကြည်ပြီးသကာလ တကယ်ပြတ်တဲ့ ကိုယ်တော်ကြီးက ဟောနေတာလို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ကိုယ်တော်မြတ်ကြီးက ဘယ်လို မဟာဝါပါဠိတော်မှာ စ-လိုက်သလဲလို့ မေးတော့

ငါ သစ္စာလေးပါး မသိခဲ့တာနဲ့ ကွာတဲ့ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ချည့် အဖော်လုပ်နေရတယ်....(မှန်ပါ့)။

ကိုယ်တော်မြတ်ကြီး သစ္စာလေးပါးမသိတာနဲ့ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ချည့်ဘဲ တသံသရာလုံး အဖော် လုပ်ရတယ်.... (မှန်ပါ့) မနစ်နာဘူးလား.... (နစ်နာပါတယ်ဘုရား)။

ကိုယ်တော်မြတ်ကြီးကိုယ်တိုင်က ပြောနေတယ်-နော်....(မှန်လှပါဘုရား) ငါသည်တဲ့ သစ္စာအကြောင်း ကောင်းကောင်း မသိခင်တုန်းက အိုဘေး နာဘေး သေဘေး မျောဘေး ကွဲဘေး စိုးရိမ်ပူဆွေးဘေးတွေနဲ့ အဖော်လုပ်ပြီးသကာလနေခဲ့ရပါတယ်... ကွာ....တဲ့။

အဲဒီတော့ မင်းတို့ကို ငါအခု ကိုယ်တိုင်သိတဲ့သစ္စာကို ကိုယ်တိုင်ပြလို့ မင်းတို့ကိုယ်တိုင် နားလည်လို့ရှိယင်ဖြင့် အိုဘေး နာဘေး သေဘေးနဲ့ အဖော်ကင်းပြီးသကာလ မအိုရာ မနာရာ မသေရာဖြစ်တဲ့ နိဗ္ဗာန်ဟာ မင်းတို့၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်တော့မယ်ဆိုတာ ရည်မှန်းချက် ထားပြီး ကိုယ်တိုင် သိလို့ ကိုယ်တိုင်ဟောပြီးသကာလ မင်းတို့ သေသေချာချာ ကျင့်နေလို့ရှိယင်ဖြင့် မင်းတို့ လွတ်ရေး-ကျွတ်ရေးဟာ ဧကန် ငါသည်ကားလို့ ဆိုယင် ရလိမ့်မယ်လို့ ယုံကြည်ပြီး ဟောပါတယ်လို့ သေသေ ချာချာ ဘုရားက ပြောပါတယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေက ပြောသံကြားနဲ့ ဘုန်းကြီးက စာအုပ်ကြည့်ဟောနေတယ်လို့ ဒီလို မယူဘဲနဲ့ ဘုန်းကြီးလုပ်တဲ့ အတိုင်းဘဲ အလုပ်-လုပ်၊ တကာ တကာမတွေ ကိုယ်တိုင်လဲ အလုပ်-လုပ်၊ ဘုရားကိုယ်တိုင်လဲ အလုပ်-လုပ်ပြီးသ

ကာလ ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်မြင်ပြီးသကာလ ကိုယ်တော်မြတ်ကြီး တပည့်သားဖြစ်တဲ့ တကာတကာမတွေရော ဘုန်းကြီးများရော ကိုယ်တိုင်မြင်ဖြစ်အောင် လုပ်ကြလို့ ရှိယင်ဖြင့် နိဗ္ဗာန်နှစ်မျိုးမရှိဘူး၊ ကိုယ်တော်မြတ်ကြီးရောက်တဲ့ နိဗ္ဗာန်ဟာ ကျုပ်တို့ နိဗ္ဗာန်ဘဲ(မှန်ပါ့) နိဗ္ဗာန်နှစ်မျိုးမရှိပါဘူးဆိုတာ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် ငါ သစ္စာလေးပါး မသိခင်တုန်းက အိုဘေး နာဘေး သေဘေးနဲ့အဖော်လုပ်ခဲ့ရတယ်.... ( မှန်ပါ့ ) မင်းတို့ မသိသေးသ၍ကာလပတ်လုံးလဲ ဘာလူလို့ ဘာတန်းတန်း အိုဘေး နာဘေး သေဘေးနဲ့ဘဲ အဖော်လုပ်ရမှာဘဲ....(မှန်ပါ့)။

ကြည့်စမ်း....တကာတကာမတွေ၊ သစ္စာမသိတဲ့ ဒဏ်ချက်ဟာ အလွန်ပြင်းထန်တယ်ဆိုတာ ပေါ်လာတယ်.... ( ပေါ်လာပါတယ်ဘုရား)။

သစ္စာမသိတဲ့ ဒဏ်ချက်ဟာ အလွန်ပြင်းထန်တယ် ဆိုတာ တကာကြွယ်-ပေါ်လာပြီ.... (ပေါ်လာပါပြီဘုရား)။

ဒါ့ကြောင့် အားလုံးတကာတကာမတွေ ယနေ့ သစ္စာ သိပြီးသကာလ ဒုက္ခသစ္စာကို တကယ်သိလို့ ရှိယင်ဖြင့် နိရောဓသစ္စာ တကယ်သိတယ်....(မှန်ပါ့)။

ဒုက္ခသစ္စာ တကယ်သိယင် နိရောဓသစ္စာ တကယ်သိမှာ ဖြစ်နေသောကြောင့် တကာတကာမတို့ ဒီအသိပေါက်လို့ ရှိယင်ဖြင့် နိရောဓသစ္စာ တကယ်မျက်မှောက် ပြုခြင်းသို့ ရောက်ပါတယ်.... (မှန်ပါ့)။

ဒါ့ကြောင့် ဘာမှ မပူဘဲနဲ့ ဘာမှ နောက်ရေးတွေ မတွေးဘဲနဲ့ ဒီသစ္စာသိယင် စားရေး သောက်ရေး ဝတ်ရေး အပါယ်ဘေးနဲ့ တကွ ဒုက္ခသိမ်းတယ်ဆိုတာ သေသေ ချာချာမှတ်ပါ.... (မှန်ပါ့)။

ကိုင်း .... ဒါဖြင့် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကြီးကို ဘုရားအစမြင်လိုက်၊ အဆုံးမြင်လိုက်တော့မှ ဘုရားဖြစ်တယ်... (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်အစမြင်တာက သမုဒယသစ္စာမြင်တာ....(မှန်လှပါဘုရား) ပဋိစ္စသမုပ္ပါဒ်အဆုံးမြင်တာက နိရောဓသစ္စာမြင်တာ-(မှန်ပါ့) အဲဒီ အစ မြင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်ပါတယ်.... (မှန်ပါ့) အဲဒီ မြင်တဲ့ ဉာဏ်က သမုဒယသစ္စာသတ်သောကြောင့် လဲ နိရောဓသစ္စာကို အဆုံးမြင်ပါတယ်....(မှန်ပါ့)။

ဒါကြောင့် သစ္စာလေးချက် တပြိုင်နက် တပြိုင်နက် မြင်တဲ့ ပုဂ္ဂိုလ်ကြီးက ငါ ဒုက္ခလွတ်ပဟေ့-ဆိုပြီးသကာလ " ဝိမုပယံ တိဋ္ဌတိ မာရသေနံ သူရိယောဝ သြဘာသယ မန္တလိက္ခံ "- ဆိုတဲ့ ပါဠိတော်ကြီးနဲ့ ကိုယ့်ကိုယ်ကိုယ် ဝမ်းမြောက်ခြင်းကြောင့် ဥဒါန်းကျူးပါတယ်....(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ကိုယ်ကိုယ် ဝမ်းမြောက်နိုင်တယ်ဆိုယင် ငါ ကိစ္စပြီးပြီဟ လို့ လက်ခမောင်း ခတ်နိုင်တဲ့ အခြေအနေမရောက်သေးသ၍ ကာလပတ်လုံး ငရဲမီးလျှံတွေ ဝိုင်းနေသေးတယ်၊ အိုဘေး,နာဘေး,သေဘေးတွေဟာ ဝိုင်းနေသေးတယ်။ ၉၆-ပါး ရောဂါတွေ ဝိုင်းနေသေးတယ် ဆိုတာ တကာကြွယ်၊မောင်ဘသော် မှတ်ပါ.... ( မှန်ပါ့ ) ကိုယ့်

ကိုယ်ကိုယ်ဝမ်းမြောက်နိုင်တဲ့အခြေအနေရောက်မှ ကိစ္စပြီးတယ်လို့ မှတ်ကြပါ....(မှန်ပါ့) သူများပြောသံကြား ဆရာ-ဘုန်းကြီးက ဟ....မင်း ကိစ္စပြီးပြီဆိုတာ မယုံနဲ့....(မှန်ပါ့)။

မယုံနဲ့...၊ မင်း ဘယ်မဂ်ရပြီ- မယုံပါနဲ့ဦး....(မှန်ပါ့) ကိုယ့်ကိုယ်ကို ကိုယ့်ကိုယ်တိုင် နိဗ္ဗာန်မြင်ပြီးသကာလ ကိုယ့်ကိုယ်တိုင် ဩော်.. ဟုတ်သွားဘဲ အပါယ်လေးပါး တံခါးပိတ်တယ်ဆိုတဲ့ ဥစ္စာ ကိုယ့်သန္တာန် ဒိဋ္ဌိဝိစိကိစ္ဆာ နှလုံးသွင်းလို့မှ မရတော့ဘဲ၊ ချုပ်သွားပေါ့လို့ ကိုယ့်ဟာကိုယ် သိပြီးသကာလနေမှ ကိုယ့်ဟာကိုယ် ဝမ်းမြောက်မှသာလျှင် ကိစ္စပြီးမြောက်ကြောင်း ကိုယ်ကိုယ်တိုင် သိပါလေ....(မှန်ပါ့)။

ဒါ့ကြောင့် ဆရာလမ်းမဆုံးပါနဲ့ ကိုယ့်ဉာဏ် ကိုယ်လမ်းဆုံးပါ....(မှန်ပါ့)။

တကာကြွယ် ဘယ်မှာ လမ်းဆုံးရမယ်.... (ကိုယ့်ဉာဏ် ကိုယ်လမ်းဆုံးရပါမယ်ဘုရား)။

ဆရာကတော့ တွေးပြောတာ....(မှန်ပါ့) ကိုယ့်ဉာဏ်နဲ့ကိုယ်သိထားတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် ဒိဋ္ဌဓမ္မောလို့ ဘုရားကဟောသောကြောင့် ကိုယ်တိုင် ဒိဋ္ဌမြင်ဘို့ရာ အရေးကြီးပါတယ်....(မှန်လှပါဘုရား)။

ပစ္စတ္တံဓမ္မောလို့ ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာမှာ ဟောသောကြောင့် ကိုယ်တိုင် နိဗ္ဗာန်ရောက်ဘို့ ရောက်နေတဲ့ အမြင်ကို ကိုယ်ကိုယ်တိုင်ရောက်ပဟာလို့ ဆုံးဖြတ်ချက်ချနိုင်မှ အမှန်ရောက်ပါတယ်.. (မှန်ပါ့)။

ဝိဒိတာဓမ္မော....တဲ့ သူများဆုံးဖြတ်ချက်ချတာ မယူနဲ့ ကွ-တဲ့၊ ကိုယ်-ကိုယ်တိုင် ဝိဒိတဆိုတာ ဆုံးဖြတ်ချက်ချပါ။ ဟာ.... အပါယ် လေးပါးတံခါးပိတ်ပြီလို့ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချနိုင်တဲ့ ဉာဏ်ရအောင် လုပ်ပါ....(မှန်ပါ့) ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

'ပရိယောဂါဠ္ဓမ္မော' တဲ့....နော်....(မှန်ပါ့) 'တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော' ဆိုတဲ့အတိုင်း သံသယဝိစိကိစ္ဆာတွေ အကုန်ကင်းပြီ၊ ဟောဒါ နိဗ္ဗာန် အစစ်ဘဲဆိုပြီး သကာလ တကာတကာမတွေ ကိုယ်တိုင်ဉာဏ်နဲ့ လက်ညှိုးညွှန်ပြီး သူများ ပြောသံကြား မဟုတ်တော့ဘူး။ သံသယရှင်းရှင်းနဲ့ မြင်တဲ့ အမြင် မှန်ရမှသာလျှင် တကာကြွယ်ရေ အေးအေးနေတော့ဆိုတဲ့စကား ဟာ အမှန်ရောက်ပါတယ်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ သူများ ပြောသံကြားနဲ့ မဂ်ရ-ဖိုလ်ရ ယုံကြမလား။ ကိုယ်-ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်မှ ယုံကြမှာလား.... ( ကိုယ်-ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်မှ ယုံကြ မှာပါဘုရား)။

အေး.... ဒါလုပ်ကြ.... ဒါလုပ်ကြ.... တဲ့၊ ပါဠိတော် အကိုး အကားတရားကို 'ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ပရိယောဂါဠ္ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတကထံကထော ဝေသာရဇ္ဇပတ္တော အပရပစ္စယော' ဆိုတဲ့ ဓမ္မစကြာ ပါဠိတော်ကြီးတွေဟာ ကိုယ် ကိုယ်တိုင်ချည့် ဆုံးဖြတ်ချက်ချတယ်။ သူများ ပြောသံကြားကို မပါဘူး။ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါကြောင့် ဒီနေ့တရားမှာ ကိုယ်-ကိုယ်တိုင် ဆုံးဖြတ်ချက် ချနိုင်တဲ့ ကျင့်နည်းကို ကိုယ်-ကိုယ်တိုင် အကျင့်ဆုံးလို့ ကိုယ်-

ကိုယ်တိုင် ဟာ....ဟုတ်ပြီ....ဆိုတဲ့ ဆုံးဖြတ်ချက် ကိုယ်-ကိုယ်တိုင် ကျအောင်လဲ ဆရာ-ဘုန်းကြီးက တကာကြွယ်၊ မောင်ဘသော် နည်းပေးလိမ့်မယ်....နော်....(မှန်ပါ)။

ကိုင်း....ဒါဖြင့် တကာတကာမတွေ နိဗ္ဗာန် ဘယ်မှာရှိသတုံး လို့ မေးလို့ရှိယင်ဖြင့် ခန္ဓာဆုံးတဲ့ ဆီမှာရှိတယ်....(မှန်ပါ)။

နိဗ္ဗာန်ဘယ်မှာ ရှိပါလိမ့်....( ခန္ဓာဆုံးတဲ့ ဆီမှာရှိပါတယ် ) ခန္ဓာဆုံးတဲ့ ဆီမှာရှိပါတယ်....(မှန်ပါ)။

အဲ....ဒါကြောင့် ခန္ဓာဆုံး-နိဗ္ဗာန်ဆိုတာ မှတ်ထားလိုက်စမ်း ပါ....(မှန်ပါ)။

ဒါဖြင့် တကာတကာမတို့ ဒီတလုံးဟာ အင်မတန်အရေးကြီး ပါတယ်....(မှန်ပါ)။

နိဗ္ဗာန်ဘယ်မှာရှိပါလိမ့် .... ( ခန္ဓာဆုံးတဲ့ဆီမှာ ရှိပါတယ် ဘုရား )။

အဲ....' ဒုက္ခဿ အန္တံ ကရိဿတိ '....တဲ့။ အရုဏဝတီသုတ် ပါဠိတော်မှာ* ဒုက္ခဿ=ဒုက္ခ၏။အန္တံ=အဆုံးကို။ ကရိဿတိ= သစ္ဆိကရိဿတိ=မျက်မှောက်ပြုနိုင်လိမ့် လတ္တံ့ = လို့ ဆိုသဖြင့် သူ့အထဲမှာ အဓိပ္ပါယ်ပါပြီးသား....(မှန်ပါ)။

နိဗ္ဗာန်ဘယ်မှာရှိပါလိမ့်မလဲလို့ မေးလို့ရှိယင် ခန္ဓာအဆုံး မှာ ရှိတယ်....(မှန်ပါ)။

ဩော်....ဒါဖြင့် တကာတကာမတွေ နိဗ္ဗာန် ဘယ်မှာရှိတယ်

---

* သဂါထာဝဂ္ဂသံယုတ်ပါဠိတော်။ အရုဏဝတီသုတ်။

ဆိုတာ တကာတကာမတွေက နိဗ္ဗာန်ဆိုတာ အဝေးကြီးလို့ထင် ပြီးသကာလ နေကြတယ်....(မှန်ပါ့)။

နိဗ္ဗာန်သည်ကားလို့ဆိုလို့ရှိယင် ဒီအနားမှာဘဲ ရှိတယ်.... (မှန်ပါ့) ဘယ်သူ ကွယ်နေသတုံး မေးတော့မှ ကိုယ် ရ,ထားတဲ့ ခန္ဓာကွယ်နေတယ်....(မှန်ပါ့) ရှင်းကြပြီ....(ရှင်းပါပြီ)။

နိဗ္ဗာန် ဘယ်နားမှာ ရှိပါလိမ့်.... (ခန္ဓာအဆုံးမှာ ရှိပါတယ် ဘုရား)။

ဘယ့်နှယ်ကြောင့် မမြင်ပါလိမ့်မလဲလို့မေးတော့ ဘယ့်နှယ် ဖြေကြမလဲ.... ( ခန္ဓာကွယ်နေလို့ပါ ) ခန္ဓာကွယ်နေတယ်.... (မှန်ပါ့)။

ဒါဖြင့် ခန္ဓာဖေါက်ထွင်းနိုင်တဲ့ ဉာဏ်ပေးလို့ရှိယင်ဖြင့် နိဗ္ဗာန် မြင်ရမှာဘဲ....(မြင်ရမှာပါဘုရား)။

ခန္ဓာဖေါက်ထွင်းနိုင်တဲ့ ဉာဏ်ပေးလို့ရှိယင်ဖြင့် ခန္ဓာအကွယ် ကြီးကို ဖေါက်ထွင်းပြီးသကာလ နိဗ္ဗာန်ကို တကာကြွယ်၊ မောင် ဘသော် တွေ့မယ်....(မှန်ပါ့)။

သေသေချာချာမှတ်ပါ၊ ဒီစကားတွေဟာ မလွယ်ပါဘူး.... (မှန်ပါ့)။

တကာကြွယ် လွယ်ပါ့မလား.... (မလွယ်ပါဘုရား)။

ရှေးက ကြားဘူးထားတာက နိဗ္ဗာန်ဆိုတာ အဝေးကြီးကွ- (မှန်ပါ့) အခုတော့ ဒီလိုမယူပါနဲ့ တကာတကာမတို့ နိဗ္ဗာန် သည် ဘယ်နားမှာရှိသတုံး....(ခန္ဓာအဆုံးမှာ ရှိပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာ အဆုံးမှာ ရှိယင် မိမိ ခန္ဓာကလေးလောက်ဘဲ ကြည့်....(မှန်ပါ့) ကိုယ့်အတောင်နဲ့ကိုယ်တောင်ကြည့်ယင် လေး

တောင်ဘဲရှိတယ်။ အဲဒီလေးတောင်အဆုံးမှာရှိတယ်....(မှန်လှပါဘုရား)။ *

အဆုံးမှာ ရှိပါလျက်သားနဲ့ တကာတကာမတို့ ဘယ့်နှယ့်ကြောင့် မမြင်ပါလိမ့်မလဲလို့ တကာကြွယ်၊ မောင်ဘသော်တို့ မေးယင် ဘယ့်နှယ်ဖြေကြမလဲ ... ( ခန္ဓာကွယ်နေလို့ပါဘုရား ) ဩော်....ခန္ဓာကွယ်နေတယ်....(မှန်ပါ့)။

ခန္ဓာကွယ်လို့ နိဗ္ဗာန်အဆုံးကို မမြင်ရဘူး....( မှန်ပါ့ ) ခန္ဓာကွယ်နေတဲ့အတွက် ခန္ဓာ့အဆုံးကို မမြင်ရဘူး။ ခန္ဓာတွေက စက်ရဟတ်လို လည်ပြီးသကာလနေတာနဲ့ သူကလည်ပြီး ဖုံးနေတာနဲ့ တကာတကာမတွေ ခန္ဓာက တခုသော ခန္ဓာဖြစ်ပြီး ခန္ဓာတွေသည်ကားလို့ဆိုယင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာနဲ့ လှည့်ပတ်ပြီးသကာလ ဖဿဝေဒနာ သညာ တဏှာ ဥပါဒါန် ကံနဲ့ လှည့်လိုက်။ ဒီလိုချည့် ခန္ဓာကြီးက လှည့်ပတ်ပြီး ပေါ်နေတာနဲ့ မဆုံးဘူး....(မှန်ပါ့) မဆုံးတော့ နိဗ္ဗာန်မတွေ့တာ.... (မှန်ပါ့)။

ဩော်....ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်မတွေ့ရတာ ခန္ဓာစက်ရဟတ်ကြီးက လည်ပြီး ဖုံးနေလို့ မတွေ့တာကိုး....(မှန်လှပါဘုရား)။

ခန္ဓာစက်ရဟတ်ကြီးက.... ( လည်ပြီးဖုံးနေလို့ မတွေ့တာပါဘုရား )။

လည်ပြီးဖုံးနေတယ်-(မှန်ပါ့)လည်လည်းလည်ချေသေးတယ်၊

---

* ရောဟိတဿသုတ်ကြည့်။ သဂါထာဝဂ္ဂ သံယုတ်နဲ့ အင်္ဂုတ္တိုရ်ပါဠိတော်။

ကျုပ်တို့ ဉာဏ်မထိုးထွင်းနိုင်အောင် သူကသဲ နိဗ္ဗာန်ကို ကွယ်ထားတယ်။ ဖုံးထားသေးတယ်....(မှန်ပါ့)။

ဒါ့ကြောင့် တကာကြွယ်တို့၊ မောင်ဘသော်တို့၊ တကာသစ်တို့ မမြင်ရတာ ခန္ဓာစက်ရဟတ်ကြီးဟာ လည်ပြီးဖုံးနေတာနဲ့ နိဗ္ဗာန်မမြင်ရတာ....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာစက်ရဟတ်ကြီးကို ဘုန်းကြီးတို့က တကာတကာမတို့ ဒီလိုရပ်အောင် လုပ်ကြပေတော့ဆိုတဲ့ နည်းပေးကောင်းနဲ့ တကာတကာမတွေက ရပ်သွားမယ်ဆိုလို့ ရှိယင်ဖြင့် ခန္ဓာကြီးဟာ တကာတကာမတို့ ရပ်သွားတယ်ဆိုကတည်းက ပြတ်ထွက်သွားတယ်....(မှန်ပါ့)။

ပြတ်ထွက်သွားယင် ခန္ဓာကွယ်နေတဲ့ နိဗ္ဗာန်ဟာ ဒီနေရာတွင် ပေါ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

လောကီ ဉပမာနဲ့ နည်းနည်းကလေး ရှင်းကြပါစို့ဆိုတော့ တကာတကာမတွေ ခေတ်ရှင် ဘိုင်စကုတ်ကြည့်တဲ့အခါကျတော့ အရုပ်တွေ ဖုံးနေတော့ ပိတ်ဖြူနောက်က မပေါ်ဘူး....(မပေါ်ပါဘုရား)။

အရုပ်တွေ ဖုံးနေတဲ့အတွက် ... ( ပိတ်ဖြူမပေါ်ပါဘုရား ) ပိတ်ဖြူကားကြီးနောက်က မပေါ်လာဘူး....(မှန်ပါ့)။

ဖျပ်,ဆို အရုပ်တွေ စက်ရဟတ်တွေ ရပ်ပစ်လိုက်စမ်းပါတဲ့ မှန်ဘီလူးနဲ့ လည်နေတာ ရပ်ပစ်လိုက်တော့ ဘာပေါ်လာသတုံး-(ပိတ်ဖြူကားကြီး ပေါ်လာပါတယ်ဘုရား)။

**အဲ**... ဒီ အတိုင်းဘဲ ခန္ဓာတွေဟာ ဖြစ်လိုက်-ပျက်လိုက်၊ ဖြစ်-ပျက်လိုက်တွေနဲ့ လှည့်ပတ်ပြီးသကာလ စက်ရဟတ်ကြီးလို လည်နေတယ်....(မှန်ပါ့)။

ဒါကြောင့် ....

" ခန္ဓာနဥ္စ ပဋိပါဋိ၊
ဓာတု အာယတနာနစ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊
သံသာရောတိ ပဝုစ္စတိ "။

မပြတ်လည်နေတယ်က္ဂ .... တဲ့....(မှန်ပါ့)။

အဲဒီ ခန္ဓာသံသရာကြီး ဖုံးနေလို့နိဗ္ဗာန်မမြင်တာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

နိဗ္ဗာန် ဘယ်သူကွယ်နေပါလိမ့်....( ခန္ဓာကွယ်နေပါတယ် ) အဲ....ခန္ဓာသံသရာကွယ်နေတယ်လို့ ဖြည့်လိုက်စမ်းပါ....( မှန်ပါ့ ဘုရား )။

နိဗ္ဗာန် ဘယ်သူကွယ်နေပါလိမ့်....( ခန္ဓာသံသရာကွယ်နေပါ တယ်ဘုရား ) ခန္ဓာသံသရာကွယ်နေတယ်ဆိုတာ သေသေချာချာ မှတ်စမ်းပါ... (မှန်ပါ့)။

တကာကြွယ်.... ဒါ စာသွားကြည့်ယင် မတွေ့ဘူး....(မှန်ပါ့) မတွေ့ပါဘူး....တဲ့....၊ ခန္ဓာသံသရာကွယ်နေတယ်ဆိုတော့ အလုပ် သမားတွေကျတော့ ဖျပ်ခနဲ့ ခန္ဓာလဲ ချုပ်သွားရော နိဗ္ဗာန် ချက်ခြင်းပေါ်တယ်....(မှန်ပါ့)။

တကာကြွယ် မထင်ရှားလား....( ထင်ရှားပါတယ် ) ဘာမှ အလုပ်-မလုပ်တဲ့ ပုဂ္ဂိုလ်ကျတော့ ခန္ဓာက အမြဲတမ်း စက်ရဟတ် ကြီးနှယ် လည်ကွယ်နေတော့ ခန္ဓာမြင်သေးရဲ့လား.... (မမြင်ပါ ဘုရား) နိဗ္ဗာန်မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲ....တကာတကာမတို့ ဒီနေ့တော့ဖြင့် ရှင်းရှင်းဘဲ၊ ကျေးဇူးများအောင်ဆိုပြီးသကာလ မိဘရိုးရာ တရားတွေကို အသာက လေးချိတ်ထားပြီးသကာလ နိဗ္ဗာန်ဘယ်မှာရှိပါလိမ့်-(ခန္ဓာအဆုံးမှာ ရှိပါတယ်ဘုရား)။

အဲဒါက " ဒုက္ခသ အန္တံကရိဿတိ " ဆိုတဲ့ အရဏဝတီ သုတ်ပါဠိတော်ကလာတာ၊ ပါဠိရှိပြီးသား-နော်....( မှန်ပါ ) ဘုရားဟောပါဠိရှိပြီးသား....။

အဲဒီ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတာကို ဘယ့်နှယ်ကြောင့် မတွေ့ ပါလိမ့်မတုံးလို့ ဆိုတော့ခန္ဓာသံသရာစက်ရဟတ်ကြီးက ဖုံးနေလို့ (မှန်ပါ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ခန္ဓာသံသရာစက်ရဟတ်ကြီးက....(ဖုံးနေလို့ ပါဘုရား)ဖုံးနေ တဲ့အတွက်တဲ့ ဘုန်းကြီးတို့ တကာတကာမတွေမှာ နိဗ္ဗာန် မမြင် ရဘဲ ဖြစ်နေပါတယ်....(မှန်ပါ)။

ဝေးလို့လား၊ နီးလို့လား....( နီးပါတယ် ) နီးပင်နီးငြား သော်လဲ အကွယ်ကြီး ထပ်ပြီးသကာလ အကွယ်ကြီးက ကြီးကျယ် နေတော့လဲ မမြင်နိုင်ပါဘူး.... (မမြင်နိုင်ပါဘုရား)။

ကိုင်း....ဒါဖြင့် တရားနှလုံးသွင်းကြ၊ တရားနှလုံးသွင်းကြ။ နိဗ္ဗာန်သည် ခန္ဓာအဆုံးမှာရှိတယ်။ ဘယ့်နှယ်ကြောင့် မမြင်ပါ လိမ့်မတုံးမေးတဲ့အခါကျတော့ ခန္ဓာကွယ်နေတယ်.... ( မှန်လှပါ ဘုရား )။

တခါ ဒီခန္ဓာကြီးမမြင်အောင် ကျုပ်တို့သည်ကားလို့ဆိုယင် နိဗ္ဗာန်ကို ခန္ဓာကွယ်တယ်။ ခန္ဓာမမြင်အောင် တခါ ဘယ်သူ ဖုံး နေပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတို့ အဝိဇ္ဇာက ခန္ဓာကို ဖုံးပြန်တယ်....(မှန်ပါ)။

ခန္ဓာကို ဘယ်သူဖုံးပြန်ပါလိမ့် .... ( အဝိဇ္ဇာက ဖုံးပါတယ်ဘုရား )။

ဒါအဘိုးတန်တဲ့စကားတွေ တကာကြွယ်....( မှန်ပါ ) အင်မတန် အဘိုးတန်တဲ့ စကားတွေဆိုတာ တကာတကာမတွေ တကယ်တွေးလုံးနဲ့ တကယ်သိတဲ့အခါကျတော့မှ ဩော် .... ခန္ဓာအဆုံးနိဗ္ဗာန်ရှိပါလား....၊ ခန္ဓာက ကွယ်နေတယ်။ ဒီခန္ဓာကြီးရှိလျက်နဲ့ ယောကျ်ားတွေ၊ မိန်းမတွေဖြစ်ပြီးသကာလ ယောကျ်ား-မိန်းမ တကယ်ထင်အောင် လုပ်ထားတဲ့ ဥစ္စာကလဲ ခန္ဓာကို အဝိဇ္ဇာက ဖုံးနေပြန်တယ်....(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီ)။

ကိုင်း....တကာတကာမတို့ နိဗ္ဗာန်ဘယ်သူဖုံးပါလိမ့်....( ခန္ဓာဖုံးပါတယ်ဘုရား ) ခန္ဓာမမြင်အောင် တခါ ဘယ်သူက ဖုံးပါလိမ့်....(အဝိဇ္ဇာက ဖုံးပါတယ်)။

အဝိဇ္ဇာက ဖုံးနေပြန်တယ်ဆိုတော့ ဩော်....ဖွင့်ရမည့်အချက်အလက်တွေလဲ မနည်းလှပါကလား ဆိုတဲ့ အဓိပ္ပါယ်ဟာ ပေါ်လာတယ်....(ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ခန္ဓာ အဝိဇ္ဇာ ဖုံးတော့ကို ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးက လည်နေတာ မမြင်ရပြန်ဘူး....(မှန်ပါ)။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီးက နဂိုရ်က လည်နေတာကြီးကို အဝိဇ္ဇာက ဖုံးလိုက်ပြန်တော့လဲ နက်ဖြန်လဲနာ၊ အခုလဲနာ-ဆိုတဲ့ အတိုင်းတဲ့ မနေ့ကလဲ နာ၊ အခုသဲ နာဘဲဆိုတော့ တကာတကာမတွေအဝိဇ္ဇာက ဖုံးထားပြန်တော့လဲ ခန္ဓာစက်ရဟတ်ကြီး တခုပြီးတခုချုပ်နေတာ မမြင်ပြန်ဘူး....( မှန်ပါ ) မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒီကဲ့သို့ မမြင်ဘဲဖြစ်နေပြန်တော့လဲ တကာတကာမတို့ ခန္ဓာ အဝိဇ္ဇာဖုံးနေတယ်ဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ခန္ဓာဘယ်သူ ဖုံးပါလိမ့်....( အဝိဇ္ဇာ ဖုံးပါတယ် ) အဝိဇ္ဇာဖုံး နေတယ်ဆိုတာ မသေချာဘူးလား....( သေချာပါတယ်ဘုရား )။

ကိုင်း....ဒါဖြင့် ဒီအဝိဇ္ဇာကို ဘုန်းကြီးက ဝိဇ္ဇာဆိုတာနဲ့ ဖွင့် ပေးရလို့ ရှိယင် ခန္ဓာတွေ့တော့မယ် .. (မှန်ပါ)။

အဲဒီခန္ဓာတွေ့ပြီဆိုမှဖြင့် ဝိပဿနာဉာဏ်နဲ့ ခန္ဓာကို တွေ့ပြီဆို တော့ အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ ဖွင့်ပေးလိုက်တဲ့ အခါကျတော့ ခန္ဓာ စက်ရဟတ်ကြီးတွေ့ပါလိမ့်မယ်....(မှန်ပါ)။

အဲဒီခန္ဓာစက်ရဟတ်ကြီးကို တခါဒီထက်-ထက်တဲ့ ဝိဇ္ဇာဉာဏ် နဲ့ ထိုးဖေါက်လိုက်တဲ့ အခါကျတော့ တကာတကာမတွေ ခန္ဓာ စက်ရဟတ်ကြီး ဖြစ်ပျက်-ဖြစ်ပျက်,ဆိုတာ တခုဖြစ်၍ တခုပျက် တယ်။ တခုဖြစ်၍ တခုပျက်တယ်ဆိုတာကြီးဟာ ပေါ်လာလိမ့် မယ် ...(မှန်ပါ)။

ပေါ်လာတဲ့အခါကျတော့ ဒါတွေ ဒီထက်-ထက်တဲ့ ဝိဇ္ဇာ သစ္စဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာတွေဘဲလို့ ဆို တဲ့ အခါကျတော့ ခန္ဓာစက်ရဟတ်ကြီး ပြတ်ထွက် သွားပါလိမ့် မယ် .. (မှန်ပါ)။

ပြတ်ထွက်သွားသည်နဲ့ တပြိုင်နက် ခန္ဓာအဆုံး နိဗ္ဗာန်ကြီးဟာ ဘွားကနဲ ပေါ်လာလိမ့်မယ်....(မှန်ပါ)။

အဲဒါကြောင့် ယနေ့ ဒီတရားဟောလိမ့်မယ် ဆိုတဲ့ ဥစ္စာ တကာကြွယ် သေသေချာချာမှတ်ပါ....(မှန်ပါ)။

ဒါ မာတိကာစဉ်ဘဲ ရှိပါသေးတယ်။ ကျန်ပါသေးတယ်-တကာတကာမတို့....၊ နိဗ္ဗာန်ဘယ်သူကွယ်ပါလိမ့်.... ( ခန္ဓာကွယ်ပါတယ်ဘုရား ) ခန္ဓာကို ဘယ်သူ ကွယ်နေပါလိမ့်.... ( အဝိဇ္ဇာကွယ်ပါတယ်ဘုရား )။

ဒါဖြင့် အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ တွန်းလှန်ရလို့ ရှိယင်ဖြင့် ခန္ဓာပေါ်လာလိမ့်မယ်... (မှန်ပါ့)။

အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ တွန်းလှန်ရယင်.... ( ခန္ဓာပေါ်လာမှာပါဘုရား )။

အဲဒါကြောင့် တကာတကာမတို့ ဝိဇ္ဇာနဲ့ တွန်းလှန်ကြပါစို့ ဆိုတဲ့ အဓိပ္ပါယ်ဖြင့် ရှင်းသွားပါပြီ....(ရှင်းပါပြီ)။

ကိုင်း... ဒါဖြင့်တကာတကာမတို့ အခုတကာသစ်တို့ လှူဒါန်းပေးကမ်းထားတဲ့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကြီးကို အဝိဇ္ဇာဖုံးနေတော့ ဝိဇ္ဇာနဲ့ ဖွင့်ပြမယ်ဆိုတဲ့ အဓိပ္ပါယ်ကို တကာ တကာမတွေ ရှင်းကြတော့မယ်ဆိုတာ သေသေချာချာမှတ်ပါ....(မှန်လှပါဘုရား)။

အားလုံး-တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ် ဒီဟာကြီးကို ကြည့်၊ ကိုယ့် လှူဒါန်းပေးကမ်းထားတဲ့ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် အငယ်ကိုလဲ ကြည့်ပါ-နော်....(မှန်ပါ့)။

တကာတကာမတို့ အတိတ်ဘဝ က ဆိုတာ ဒီအတိတ် အကြောင်းတွေ မှတ်လိုက်ပါ....(မှန်ပါ့) အင်း....အတိတ်ဘဝက ငါတို့သည်ကားလို့ ဆိုယင်ဖြင့် ယောကျ်ားဖြစ်ခဲ့လေသလား....။ မိန်းမဖြစ်ခဲ့လေသလား-ဆိုတာ မတွေးဘဲနဲ့ ယောကျ်ား-မိန်းမတို့ သန္တာန်မှာ ဖြစ်တဲ့တရားကိုသာတွေးပါနော်....(မှန်ပါ့)။

ကိုင်း....ဒါဖြင့် အတိတ်ဘဝက တကာတကာမတို့ သစ္စာလေးပါးမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်.... ( မှန်ပါ့ ) အတိတ်ဘဝဆိုတာ လွန်ခဲ့တဲ့ဘဝပေါ့ဗျာ....(မှန်ပါ့)။

အဲဒီမှာ သစ္စာလေးပါး မသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ကြတယ်ဆိုတာတော့ ဒီ တကာတကာမတွေဘဲ .. (မှန်ပါ့)။

နောက်ဘဝက ဘာနဲ့ နေခဲ့ကြသလဲ....(အဝိဇ္ဇာနဲ့ နေခဲ့ကြပါတယ်ဘုရား) အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိတာ.... (မှန်ပါ့) အဲဒီမသိတဲ့တရားနဲ့ နေခဲ့ကြတယ် ... (မှန်ပါ့)။

တကာတကာမတို့ ဘာနဲ့ နေခဲ့ကြသလဲ....(အဝိဇ္ဇာနဲ့ နေခဲ့ကြပါတယ်ဘုရား)။

မသိတဲ့တရားနဲ့ နေခဲ့ကြတော့ ကဲ .... ဒါဖြင့် မသိပေမဲ့လဲ မသိရိုးရိုးက ဒီ တကာတကာမတွေက မဟုတ်ဘူး....(မှန်ပါ့)။

မသိရိုးရိုးတကာတကာမတွေ မဟုတ်ပါဘူး....(မှန်ပါ့) မသိပေမဲ့လဲ ဆတ်ဆော့တဲ့ တကာတကာမတွေ (မှန်ပါ့)။

မသိပေမဲ့ ဘယ်လိုပါလိမ့်.... (ဆတ်ဆော့တဲ့ တကာတကာမတွေပါဘုရား)။

ဆတ်ဆော့တဲ့ တကာတကာမတွေဆိုတော့ ဖြုန်းကနဲဆိုတော့ တကာတကာမတွေက ဒို့ ဆရာ-ဘုန်းကြီးက ဒို့ ဆိုရက်လိုက်တာ ဆိုတာ နောက်ကျတော့ ပေါ်လာလိမ့်မယ်။ ဆတ်ဆော့မှု အပြစ်သင့်တာ....(မှန်ပါ့) ပေါ်ပါလိမ့်မယ်....။

ဒါဖြင့် နောက်ဘဝက တကာတကာမတွေမှာ သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့တယ်....(မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ မသိတဲ့အဖြစ်နဲ့ နေခဲ့တယ် ဆိုတာ သေချာပါပြီ....(သေချာပါပြီဘုရား)။

မသိတော့ ကုသိုလ်ကိုလဲပြုတယ်....(မှန်ပါ့) ဘယ်လိုကုသိုလ်ပြုသတုံးဆိုတော့ လူဖြစ်ချင်တဲ့ ကုသိုလ်ပြုကြတယ်....(မှန်ပါ့)။

လူဖြစ်ချင်တဲ့ ကုသိုလ်ပြုတော့ ကုသိုလ်စေတနာက သင်္ခါရ၊ မသိလို့ ကုသိုလ်လုပ်သည်။ လူ့ပြည် ရောက်ချင်တဲ့ ကုသိုလ်....(မှန်ပါ့) နိဗ္ဗာန်ရောက်ချင်တဲ့ ကုသိုလ်လုပ်တာ မဟုတ်ပါဘူး....(မှန်ပါ့)။

မသိတာက အဝိဇ္ဇာ.... ( မှန်ပါ့ ) လူ့ပြည် ရောက်ချင်တဲ့ ကုသိုလ်လုပ်တာက သင်္ခါရ....(မှန်ပါ့)။

မသိတာက....( အဝိဇ္ဇာပါဘုရား ) လူ့ပြည် ရောက်ချင်လို့ လုပ်တဲ့ ကုသိုလ်စေတနာက....(သင်္ခါရပါဘုရား) ဒါမရောက်မှာ စိုးရိမ်လို့ ဆုတောင်းစေတနာကလဲ သင်္ခါရ....(မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ပြုတဲ့ကုသိုလ်ကလဲ....( သင်္ခါရပါ ) မရောက်မှာစိုးလို့ ဆုတောင်းတဲ့ သဘောကလဲ....(သင်္ခါရပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) ဩော်....နောက်က တကာတကာမတွေ ဘာနဲ့ များ နေခဲ့-ထိုင်ခဲ့ကြပါလိမ့်မတုံးလို့ မေးတော့မှ တကာကြွယ် အတိတ်ဘဝက ပေါ်ပြီ - (ပေါ်ပါပြီဘုရား)။

တကာကြွယ်ကြီး ဘာနဲ့ နေခဲ့ပါလိမ့်ဗျာ....(အဝိဇ္ဇာ၊သင်္ခါရနဲ့ နေခဲ့ပါတယ်ဘုရား)အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ နေခဲ့တယ်....(မှန်ပါ့)။

နောက်က တကာ တကာမတွေ ဘာနဲ့ နေခဲ့ကြသလဲ.... (အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ နေခဲ့ကြပါတယ်ဘုရား)။

အဝိဇ္ဇာပစ္စယာ သင်္ခါရာနဲ့ နေခဲ့ကြတော့ တကာတကာမတွေ နောက်ဘဝက စုံလုံးကန်း လမ်းသွားတာဘဲ.... (မှန်လှပါဘုရား)။

စုံလုံးကန်းဆိုတာက အဝိဇ္ဇာ....( မှန်ပါ့ )လမ်းသွားတာက ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်နဲ့ အကုသိုလ် (မှန်ပါ့) နှစ်ခုပေါ့ဗျာ....(မှန်ပါ့)ဒါဖြင့် စုံလုံးကန်း လမ်းသွားတယ်....(မှန်ပါ့)ရိပ်မိကြပလား....( ရိပ်မိပါပြီဘုရား )။

ဘာတဲ့တုံး .. (စုံလုံးကန်း လမ်းသွားပါတယ်ဘုရား)ဩော်.... နောက်ဘဝက တကာတကာမတွေယောကျ်ားဖြစ်ခဲ့သလား, မိန်းမဖြစ်ခဲ့သလား....ဆိုတာတော့ ဇာတိဿရဉာဏ် ရမှ သိကြမှာဘဲ- (မှန်ပါ့)သို့သော်လဲ စုံလုံးကန်း လမ်းသွားတာကတော့ သေချာတယ်....(သေချာပါတယ်ဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာတဲ့တုံး....(စုံလုံးကန်း လမ်းသွားတာကတော့ သေချာပါတယ်ဘုရား)။

တကာကြွယ်.... နာသလားဗျ .. ( မနာပါဘုရား ) မနာနဲ့ မောင်ဘသော်ရေ....လာပုံက ဒီအတိုင်းဘဲ....(မှန်ပါ့)။

နောက်ဘဝက သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ နေခဲ့ခြင်းကြောင့် ဟုတ်လား....(မှန်ပါ့) ပြုချင်သလို ပြုတဲ့ သင်္ခါရနှစ်ခု မလုပ်ပေဘူးလား....(လုပ်ပါတယ်ဘုရား) ပုညာဘိသင်္ခါရဆိုတဲ့ ကုသိုလ်စေတနာ ...(မှန်ပါ့)အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်စေတနာ ....(မှန်ပါ့)။

ဒါဖြင့် စုံလုံးကန်း လမ်းသွားနေတယ်....( မှန်ပါ့ ) နောက်ဘဝက ဘာဖြစ်ခဲ့ကြသလဲ.... (စုံလုံးကန်း လမ်းသွားနေပါတယ်ဘုရား)စုံလုံးကန်း လမ်းသွားနေခဲ့ကြတယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နောက်ဘဝက ဘယ်လိုများ နေခဲ့ထိုင်ခဲ့ကြပါလိမ့်....(စုံလုံးကန်း လမ်းသွား နေခဲ့ကြပါတယ်ဘုရား)။

မောင်ဘသော်တို့ ပေါ်ပြီကွ--(ပေါ်ပါပြီဘုရား)စုံလုံးကန်း လမ်းသွားနေခဲ့ကြတယ်ဆိုတဲ့ စကားဟာဖြင့် ကိုယ့်ဟာ ကိုယ် အထင်မကြီးကြနဲ့နော်....(မှန်ပါ့)။

သို့သော်....စုံလုံးကန်း လမ်းသွားတာသည်ကားလို့ဆိုယင်.... ဘယ်သစ္စာတုံးလို့ မသိမှာ စိုးတဲ့အတွက် တကာတကာမတို့ သူ့ အကွက် အောက်နားမှာကြည့်၊ ဒီအကွက်ထဲဘဲ အောက်ဆုံးနား က သမုဒယသစ္စာလုပ်တယ်....(မှန်ပါ့)။

ဘာသစ္စာလုပ်ပါလိမ့်....(သမုဒယသစ္စာ လုပ်ပါတယ်ဘုရား )

ဩော်....စုံလုံးကန်း လမ်းသွားတယ်ဆိုတာ သမုဒယသစ္စာ လုပ်တာ ဆိုတာပါကလား....(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် စုံလုံးကန်း လမ်းသွားတယ်ဆိုတာ ဘာပါလိမ့် .... (သမုဒယသစ္စာလုပ်တာပါဘုရား)။

ကဲ ခင်ဗျားတို့က ကုသိုလ်ပြုသတဲ့....၊ ဒီမှာ ဖြစ်တော့ သမုဒယသစ္စာ ဖြစ်နေတယ်... (မှန်ပါ့)သဘောပါပလား....(ပါပါပြီ ဘုရား)။

ဖြစ်မှာဘဲတဲ့ တကာတကာမတို့ သမုဒယသစ္စာဘဲ ဖြစ်ရမှာဘဲ ဒီ့ပြင်သစ္စာ မဖြစ်နိုင်ဘူး....(မှန်ပါ့)။

လူ့ပြည်ရောက်ချင်လို့ ကုသိုလ်လုပ်တော့ ကုသိုလ်က .... အကြောင်းတရား .. (မှန်ပါ့)။

အကြောင်းသမုဒယဆိုတော့ တကာကြွယ် မကိုက်ဘူးလား- (ကိုက်ပါတယ်ဘုရား)တကယ်တမ်းခင်လို့ တကယ်ဆုတောင်းတဲ့ စေတနာကော မပါဘူးလား .. (ပါပါတယ်ဘုရား)။

ပါတယ် တကာတကာမတို့ သိတဲ့အတိုင်းဘဲတဲ့....၊ ဘုံဘဝ လိုချင်တဲ့ တဏှာနဲ့ တောင်းတဲ့အတွက်ဟာ သူက အကုသိုလ် အပုညာဘိသင်္ခါရ သွားဖြစ်တယ်....(မှန်ပါ့)မဖြစ်သေးဘူးလား- (ဖြစ်ပါတယ်ဘုရား)။

အဲဒါကြောင့် သစ္စာမသိလို့ စုံလုံးကန်း သွားချင်သလိုသွား လို့ စုံလုံးကန်း လမ်းသွား....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နောက်ဘဝ ဒို့ ဘယ်လိုနေခဲ့ ထိုင်ခဲ့ကြပါလိမ့်-မတိုး မေးတော့ စုံလုံးကန်း လမ်းသွားနဲ့ အချိန်ကုန်ခဲ့တယ်....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

နောက်ဘဝ ဘယ်လိုနေခဲ့- ထိုင်ခဲ့ကြသလဲ .... (စုံလုံးကန်း လမ်းသွားနဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

အံမာလေး- တကာကြွယ် .... ကြောက်စရာကြီး ပါလား ခင်ဗျားတို့ နေခဲ့-ထိုင်ခဲ့တာ....(မှန်ပါ့ဘုရား)။

နောက်က တကာတကာမတွေ ကိုယ်နေခဲ့ ထိုင်ခဲ့တာကလေး များ ရိပ်မိပလား....(ရိပ်မိပါပြီ) အင်း.... ဘယ်လိုရိပ်မိပါလိမ့်.... (စုံလုံးကန်း လမ်းသွားနဲ့ အချိန်ကုန်ခဲ့ပါတယ်ဘုရား)။

ဪ....လဲမှ- လဲပါ့မလား....(လဲပါတယ်) တကာကြွယ်.... လဲမှ-လဲပါ့မလား....(လဲပါတယ်ဘုရား)။

လဲ့မှာမှ တကာတကာမတို့ သေခြင်းဆိုးလဲမှာ .... (မှန်ပါ့) သေလောက်အောင်လဲတဲ့ အခြေအနေ ရောက်လိမ့်မယ် ဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ စုံလုံးကန်း လမ်းသွားတာ သည်တဲ့ လွန်လေပြီးသော အတိတ်ကာလကပါ....(မှန်ပါ့)ပေါ ပလား....(ပေါပါတယ်ဘုရား)။

လွန်လေပြီးသော အတိတ်ကာလကတဲ့ ဒါ့ကြောင့် အတိတ် အကြောင်းတွေ လုပ်ခဲ့ပါတယ်တဲ့၊ သူသည်ကားတဲ့ သစ္စာမသိတဲ့ အတွက် သမုဒယသစ္စာလုပ်ခဲ့တယ်....(မှန်ပါ့ဘုရား)။

သစ္စာလဲမသိခဲ့ဘူး....(မှန်ပါ့) ဘာသစ္စာလုပ်မိခဲ့သလဲ....(သမု ဒယသစ္စာ လုပ်မိခဲ့ပါတယ်ဘုရား)။

ဟာ .... သမုဒယသစ္စာဆိုတာ ပယ်ရမှာကို သွားပြီးလုပ်မိ လျက် ကြုံနေတယ်....(မှန်ပါ့) တကာတကာမတို့ သမုဒယသစ္စာ ဆိုတာ ဘာတုံး....(ပယ်ရမှာပါဘုရား)။

ပယ်ရမှာ သူဘယ့်နှယ်လုပ်ပါလိမ့် .... ( သစ္စာမသိလို့ပါ ) ပယ်ရမည့် အလုပ်ကို သူကိုယ်တိုင်လုပ်တဲ့ အလုပ်ဖြစ်တယ် .... (မှန်ပါ့ဘုရား)။

တကာကြွယ်ကြီးတို့ ချော်လာလိုက်တဲ့ဖြစ်ခြင်း.... (မှန်ပါ့) မောင်ဘသော် မင်းတို့ ချော်လာတာသိပလား(သိပါပြီဘုရား)။

ဟာ.... စုံလုံးကန်း လမ်းသွားတာဘဲကွ ချော်ရောပေါ့ .... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ) ဘာသစ္စာလုပ်ခဲ့သတုံး (သမုဒယသစ္စာလုပ်ခဲ့ပါတယ်ဘုရား)။

ဟာ....ဘယ်ဘဝက လုပ်ခဲ့ပါလိမ့်.... ( အတိတ်ဘဝကပါ ) လွန်လေခဲ့တဲ့ ဘဝတွေကပေါ့နော်....(မှန်ပါ့ဘုရား)။

ဘာသစ္စာတွေ ကြိုးစားခဲ့သလဲ....(သမုဒယသစ္စာတွေကြိုးစားခဲ့ပါတယ်)ကြည့်စမ်း နံပါတ် ၁-သမုဒယသစ္စာ ကြိုးစားတယ်....(မှန်ပါ့)ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာကြွယ် ဒီကုသိုလ်သည် လူ့ပြည်ရချင်လို့ လုပ်တဲ့ကုသိုလ်....(မှန်ပါ့)လူ့ပြည်ကို မရမှာစိုးလို့ဆုတောင်းတဲ့ တဏှာ....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ.... ( သင်္ခါရာပါ ) အဲဒီဘဝမှာဖြင့် တကာတကာမတို့ စုံလုံးကန်း လမ်းသွားနဲ့ချည့်ဘဲ တသက်လုံး အချိန်ကုန်ခဲ့တယ်....(မှန်ပါ့) သဘောပါပလား .... (ပါ-ပါပြီ ဘုရား)။

ဒါကြောင့် စုတေမနေ သေလွန်တဲ့အခါကျတော့ကိုတဲ့ ဟောဒီ ၂-နံပါတ်အကွက်နဲ့ သွားဆက်တယ်....(မှန်ပါ့)ဒီနေရာ သေခဲ့တယ်၊ သေတော့ ဒီဘဝမယ် ဒီသင်္ခါရနဲ့ ဒီဝိညာဏ်နဲ့ သွားမစပ်ဘူးလား....(စပ်ပါတယ်ဘုရား)။

**အဲ**- ဒီနေရာသေပြီးတော့ စပ်လိုက်တဲ့ အခါကျတော့ ဒီဘဝကျတော့ ဝိညာဏ်ဆိုတဲ့ စိတ်ပေါ်လာတယ်....(မှန်ပါ့) နာမ်ရုပ်ဆိုတဲ့ နာမ်နဲ့ရုပ်ပေါ်လာတယ် .... (မှန်ပါ့) သဠာယတနဆိုတဲ့ မျက်စိ့နား့နှာခေါင်း့ လျှာကော....(ပေါ်ပါတယ်ဘုရား)။ ဖဿဆိုတဲ့ တွေ့ထိတတ်တဲ့သဘော....( ပေါ်ပါတယ် )ဝေဒနာဆိုတဲ့ အကောင်းအဆိုး ခွဲစေးတတ်တဲ့သဘောတွေ .... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဆိုတော့ တကာတကာမတို့ ယခုပစ္စုပ္ပန်ဘဝမှာ ခန္ဓာရပြီ .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အခု ခန္ဓာငါးပါးဆိုကြစို့(မှန်ပါ့) ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ပေါင်းလိုက်ယင် ဘာပါလိမ့်....(ခန္ဓာငါးပါးပါ) ခန္ဓာငါးပါးရတယ်....(မှန်ပါ့)ရှင်းကြပလား .... (ရှင်းပါပြီဘုရား)။

ဩော်....ဒီခန္ဓာငါးပါးကဖြင့် တကာတကာမတို့ ကံကောင်းလို့ ခင်ဗျားတို့က ရတယ်လို့ထင်ကြလိမ့်မယ် တကာ့ကြွယ်တို့က (မှန်ပါ့) ဟာ.... စုံလုံးကန်း လမ်းသွားလို့ လဲတာ ဒီဒုက္ခတွေ .... (မှန်ပါ့)ဒါကြောင့် သူ့ကိုဘာသစ္စာတဲ့တုံး .... (ဒုက္ခသစ္စာပါ) ဒါဖြင့် လဲလို့ ဒုက္ခရောက်တာ၊ ဒုက္ခငါးချက်....(မှန်ပါ့) သဘောပါကြပလား... (ပါ-ပါပြီဘုရား)။

ဒီဒုက္ခတွေသည်ကားလို့ဆိုလို့ရှိယင်ဖြင့် တကာတကာမတွေ လဲလို့ စုံလုံးကန်း လမ်းသွားလို့ လဲတာ....(မှန်ပါ့ဘုရား)။

ဒုက္ခရောက်ပြီ၊ မရောက်သေးဘူးလား.... (ရောက်ပါပြီ) ဘာသစ္စာတဲ့တုံး.... (ဒုက္ခသစ္စာပါဘုရား)။

ဟာ....ဘယ်အခါ လဲပါလိမ့်မတုံး မေးတော့ ပစ္စုပ္ပန်ကာလမှာ....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

ဘယ်အခါလဲပါလိမ့်....(ပစ္စုပ္ပန်ဘဝမှာပါ) အတိတ်ဘဝက စုံလုံးကန်း လမ်းသွားလိုက်တာ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခရောက်တယ် (မှန်ပါ့) မရောက်သေးဘူးလား.... (ရောက်ပါတယ်) ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ဒုက္ခသစ္စာရတော့ တကာကြွယ်ရေ-ယခုရထားတဲ့ ခန္ဓာကြီးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) သေမှ-မသေသေး ဘဲကိုးဗျ၊ ပစ္စုပ္ပန်ဘဝဘဲ ရှိသေးတယ်....(မှန်ပါ့)ဝိညာဏ်ရှိတယ်၊ နာမ်ရုပ်တွေမရှိဘူးလား....(ရှိပါတယ်)သဠာယတနဆိုတဲ့ မျက်စိ နား၊နှာခေါင်း၊လျှာ၊စိတ်....(ရှိပါတယ်)ဖဿ... ( ရှိပါတယ် ) ဝေဒနာ....(ရှိပါတယ်) ပေါင်းကြတော့ ဒါ-ခန္ဓာငါးပါး .... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အခုတရားနာနေတဲ့ ခန္ဓာငါးပါး ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဩော်....ကံကောင်းလို့ ဒုက္ခရောက်ကြတာလား- ကံဆိုးလို့ ဒုက္ခရောက်တာလား.... ( ကံဆိုးလို့ဒုက္ခရောက်တာပါ )မပေါ် သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ကံဆိုးလို့ဒုက္ခရောက်တာ .... ( မှန်ပါ့ )အဲဒီတော့ မသိတဲ့ တကာတကာမတွေကတော့ဖြင့် ဩော်.... တော်-တော်သေးရဲ့၊ လူ့ဘဝရလာသေးတယ်၊ တိရစ္ဆာန်နဲ့ စာယင် တော်သေးရဲ့ ဆိုပြီး နိုင်းစာကတည်းက ချိုပေါက်တဲ့ ပုဂ္ဂိုလ်နဲ့သွားစာတယ်-(မှန်ပါ့)ရိပ်မိပလား... (ရိပ်မိပါပြီဘုရား)။

စာကတည်းက အထက်တန်းနဲ့ စာတာမဟုတ်ဘူး၊ နိဗ္ဗာန် ရသွားတဲ့ပုဂ္ဂိုလ်နဲ့ ဒုက္ခသိမ်းတဲ့ပုဂ္ဂိုလ်နဲ့ စာတာမဟုတ်ဘူး.... (မဟုတ်ပါ)ချိုပေါက်ပြီးသားဟာတွေနဲ့ စာလိုက်တော့ တကာ တကာမတွေက စာစရာ ရှားရှားပါးပါး...(မှန်ပါ့ဘုရား)။

မောင်ဘသော် မင်း စာမိသေးရဲ့လား၊ စာမိသေးတယ်ကွ၊ ဒီ့ထက်အောက် လျှိုပြီးရှာဦးမယ်....။

အဲဒီတော့တကာတကာမတို့ စုံလုံးကန်းလမ်းသွားလို့ ရောဂါတွေဆိုတဲ့ ခန္ဓာငါးပါးကြီးရတယ်.... (မှန်ပါ့) ရောဂါအပြည့်အစုံနဲ့ ခန္ဓာငါးပါးကြီး မရဘူးလား....(ရပါတယ်ဘုရား) ဘယ်ကာလရသလဲ....(ယခု ပစ္စုပ္ပန်ကာလ ရပါတယ်)အဲ....ယခုရထားတယ်လို့မှတ်ပါ။ တရားနာရင်း ရထားတယ်လို့မှတ်ပါ-(မှန်ပါ့) ဘာသစ္စာတုံး... (ဒုက္ခသစ္စာပါဘုရား)။

ဩော်....ကိုယ်ကျိုးနည်းပြီ....(မှန်ပါ့) တကာ တကာမတို့....ကိုယ်ကျိုးနည်းတာ သိကြရဲ့လား.... (သိပါတယ်ဘုရား)။

ဒီထဲကနေပြီးသကာလ ဘုန်းကြီးတို့ တကာ တကာမတွေက ဒုက္ခသစ္စာထဲရောက်နေတဲ့ပုဂ္ဂိုလ်ထဲကတကာကြွယ်တို့လူစု မောင်ဘသော်တို့လူစုက တော်....တော်သေးရဲ့ဘုရား။ ဟ....ဘာတော်တာတုံး.... မသေသေးလို့လား.... ဒါဘဲမေးစရာရှိတော့တယ်....(မှန်ပါ့)။

ဒီ့ပြင်ဖြင့် ဒုက္ခရောက်နေတာ တကာ တကာမတို့ ထိုင်လို့ကော တာရှည်ထိုင်လို့ရရဲ့လား....(မရပါဘုရား)အိပ်လို့ကော-(မရပါဘုရား) စားလို့ကော....များများ စားလို့.... (မရပါဘုရား) နည်းနည်းစားလို့ကော... (မရပါဘုရား)။

နည်းနည်းစား ဆာတယ်၊ များများစားယင် ဝနာပေါက်တယ်....(မှန်ပါ့) တာရှည်ထိုင်ယင် ညောင်းတယ်.... (မှန်လှပါ) အိပ်ပါများလို့ရှိယင်ဖြင့်တက်တယ်,ညောင်းတယ်၊မလာဘူးလား (လာပါတယ်ဘုရား) ဘယ်အချိန် ရောဂါကင်းသတုံး....(မကင်းပါဘုရား) ဒါဖြင့် ဒီ... ခန္ဓာငါးပါးကြီးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒီထဲက တော်-တော်သေးရဲ့ဆိုတော့ ခက်သေးတယ်ခင်ဗျား တို့....(မှန်ပါ့ဘုရား) တော်စရာ တစက်မှ မပါတဲ့အထဲက တော် နေတော့ တကာကြွယ် ကိုယ်လိုစုံလုံးကန်းချင်း လက်တို့ပြုံးရုံဘဲ ရှိမယ် .. (မှန်ပါ့) ဒီ့ပြင် ဘာရှိသတုံး.... (ဘာမှမရှိပါဘုရား) မောင်ဘသော်.... ပေါ်ပလားကွ....(ပေါ်ပါပြီဘုရား)။

စုံလုံးကန်းချင်းတော့ဖြင့် ခင်ဗျားဖြင့် အင်း.... တော်သေး တယ်။ သားနဲ့သမီးနဲ့၊ ကျုပ်တို့လဲ အရောင်း အဝယ်ကလေး အကြောင်းညီညွတ်လို့ တော်သေးတယ် ဆိုပြီးသကာလ စုံလုံး ကန်းချင်းများ လက်တို့ပြုံးယင်ဖြင့် တကာကြွယ်.... သစ္စာမသိ လို့ပြုံးတာ....(မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီ) သစ္စာသိ ယင်ဖြင့်(မပြုံးပါဘုရား) ကြည့်....ယခုရထားတဲ့ ခန္ဓာငါးပါး ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ကဲ....ဒုက္ခက- ဆင်းရဲတာ၊သစ္စာက-မှန်တာ....(မှန်ပါ့ဘုရား) ဘယ်အချိန်ချမ်းသာကြသတုံး .... (ဘယ်အချိန်မှ မချမ်းသာပါ ဘုရား) တကာကြွယ် ချမ်းသာတဲ့ အချိန်ကလေး ပြစမ်းပါ.... (မပါပါဘုရား) အေး....ခန္ဓာငါးပါးဘဲ ရှိတယ်မဟုတ်လား.... (မှန်ပါ့) ရူပက္ခန္ဓာကလဲ ဖြစ်ပြီးပျက်တာဘဲ.... (မှန်ပါ့) ဒါဖြင့် ဖြစ်ဒုက္ခ ပျက်ဒုက္ခပေါ့....(မှန်ပါ့)။

ဝေဒနာက္ခန္ဓာကကော-(ဖြစ်ပြီးပျက်တာပါဘဲဘုရား) သူလဲ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဖြစ်ဒုက္ခပျက်ဒုက္ခဘဲမဟုတ် လား....(မှန်ပါ့) ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)သညာ ကလေးက မှတ်လုံးကလေးကလဲ ခန္ဓာကိုယ်ထဲမှာ ပေါ်တယ်၊ ဒါကလေးကလဲ ဖြစ်ဒုက္ခ ပျက်ဒုက္ခဆိုတော့ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

စိတ်ကလေးကလဲ တကာတကာမတို့ သခါရတွေ ဘာတွေ သိပြီးသွားဘဲ။ ပေါ်လာတဲ့ စိတ်ကလေးကလဲ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်တာလဲ သေမလို့ဖြစ်တာ၊ ပျက်တာလဲ သေပွဲဝင်တာ....(မှန်ပါ့)ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)ဒါ့ကြောင့် ဒီထဲမှာ ဒုက္ခရောက်နေတဲ့ လူချင်း တော်သေးရဲ့လို့ သွားမလုပ်နဲ့....(မှန်ပါ့)။

ထောင်ထဲကလူချင်း ကွာ... မင်းကလဲ ဘယ်အရပ်က ထောင်ကျသလဲ ငါဘယ်အရပ်ကဟေ့။ မင်းကလဲ ဘယ်အရပ်ကလဲ-ငါကတော့ ဘယ်အရပ်ကဘဲ၊ ဒို့ထောင်ကျတာ တော်သေးရဲ့ ကွာတော့ လုပ်မနေနဲ့... (မှန်ပါ့ဘုရား) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား) အင်မတန် ဆိုးဝါးတဲ့နေရာ ရောက်နေတာ တကာကြွယ် တော်သေးရဲ့ ဆိုလို့ရှိယင် သစ္စာမသိဘဲ ဖြစ်သွားလိမ့်မယ်... (မှန်ပါ့ဘုရား) မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား) ပေါ်ကြပလား... (ပေါ်ပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီအကွက်တကွက်လုံးဟာ ဘာသစ္စာတွေတုံး.... (ဒုက္ခသစ္စာတွေပါဘုရား) ကောင်းပြီ၊ ဒါဖြင့်.... ဒီ... ဒုက္ခအဆုံးမှာ နိဗ္ဗာန်ရှိမယ်.... (မှန်ပါ့ဘုရား)။

ခုနင်က စာနဲ့ ဟပ်ကြပါစို့။ ဒီဘက်ကအဆုံးမှာ....(နိဗ္ဗာန်ရှိပါတယ်ဘုရား) ဩြော်... ဒါဖြင့် နိဗ္ဗာန် ဒုတိယအကွက်မှာရှိမယ်....(မှန်ပါ့)။

နိဗ္ဗာန်သည် ဒုတိယအကွက်မှာ ရှိမယ်.... (မှန်ပါ့) တကာတကာမတို့ နိဗ္ဗာန်ဟာ.... (ဒုတိယအကွက်မှာ ရှိပါမယ်ဘုရား)

၂-နံပါတ်အကွက်မှာ ဆုံးအောင်လိုက်ယင် တွေ့မယ်.... (မှန်ပါ့ဘုရား)။

ပေါ်ပလား မောင်ဘသော် ... (ပေါ်ပါပြီဘုရား) ဒါဖြင့် မူလ ပြောလာတဲ့ စကားနဲ့ ဘုန်းကြီးတို့ တကာတကာမတွေ အခု ဆရာဘုန်းကြီးက ပဋိစ္စသမုပ္ပါဒ် လက်ယောက်ပြတာနဲ့ ဖြင့် ဩော်....ဒုက္ခအဆုံးမှာ ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်ဆိုတော့ ဒါ.. ခန္ဓာငါးပါး ဖြစ်သွားပြီ-(မှန်ပါ့)ဒါကို ဆုံးအောင်ရှုနိုင်လို့ ရှိယင် ဒီနေရာ နိဗ္ဗာန်ပေါ်လာတယ် .... (ပေါ်ပါတယ်ဘုရား) မပေါ်ပါနဲ့ ဆိုလို့ ... (မရပါဘုရား)။

ဒါဖြင့် နိဗ္ဗာန် ခန္ဓာကွယ်နေတယ်....(မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

နိဗ္ဗာန် ဘယ်သူကွယ်နေသတုံး....( ခန္ဓာကွယ်နေပါတယ် ) ခန္ဓာဘယ်သူကွယ်နေသတုံး....(အဝိဇ္ဇာကွယ်နေပါတယ် ဘုရား)။

အဝိဇ္ဇာကွယ်နေတယ်ဆိုတော့ အခု- ဘုန်းကြီးက တကာတကာမတွေ မကွယ်အောင်လို့ စိတ်ကလေးပေါ်လာယင် ဘာလုပ်ကြမယ်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ....ဒါဖြင့် နေရာကျပြီ၊ မကွယ်တော့ဘူး.... ( မှန်ပါ့ ) မကွယ်တော့ဘူး၊ ဒီခန္ဓာဟာ ဒုက္ခသစ္စာဘဲ....(မှန်ပါ့)။

ခန္ဓာပေါ်ယင် ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါ ဘုရား)။

ယခု ရ,ထားတဲ့ ခန္ဓာကြီးထဲမှာ ဘာပေါ်ပေါ် ဒီ့ပြင်ဘာသစ္စာမှ မပေါ်သေးဘူး၊ ဒုက္ခသစ္စာဘဲ....(မှန်ပါ့) ရုပ်နာမ်တွေ ပေါ်သ၍ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီတော့ .... တကာ တကာမတို့ နိဗ္ဗာန် ခန္ဓာဖုံးတယ်၊ ခန္ဓာအဝိဇ္ဇာဖုံးတယ်ဆိုတာ အခု-အဝိဇ္ဇာဖွင့်လိုက်တော့ကို ခန္ဓာ ဒုက္ခသစ္စာလာတွေ့တယ်.... (တွေ့ပါတယ်ဘုရား) မတွေ့သေးဘူး လား... (တွေ့ပါတယ်ဘုရား)။

ခန္ဓာ ဘာသစ္စာလာတွေ့သလဲ.... (ဒုက္ခသစ္စာလာတွေ့ပါတယ် ဘုရား) ဒုက္ခသစ္စာလာတွေ့တယ်လို့ တကာသစ် သေသေချာ ချာမှတ်ပါ....(မှန်ပါ့)။

ဒါဖြင့် အခုတရားနာနေကြတာသည် ၁-အကွက်ထဲမှာလား၊ ၂-အကွက်ထဲမှာလား.... (၂-အကွက်ထဲမှာပါဘုရား)။

ဩော်....ဟုတ်ပြီ....ဟုတ်ပြီ၊ တကာတကာမတို့ ၂-အကွက်ထဲ မှာ တရားနာနေကြတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ဖဿ ဝေဒနာတွေနဲ့ တရားနာနေတယ်ဆိုတော့ ပညတ်တွေလဲ စင် သွားပြီ....( စင်ပါပြီဘုရား ) ဟုတ်လား၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါးတွေ သိသဖြင့်လဲ ပုဂ္ဂိုလ်-သတ္တဝါဆိုတဲ့ သဘောတွေလဲ ပါသေးရဲ့လား.... (မပါ-ပါဘုရား) မပါတော့ပါဘူးဆိုတာ သေချာသွားပြီ.... (သေချာ ပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးက ဒီနေရာမှာ သစ္စာပေါ်အောင် ရှု နည်းကို ပြောရုံဘဲရှိတယ်....( မှန်ပါ့ ) သဘောပါကြပလား ... (ပါ-ပါပြီ)။

ဒါဖြင့် တကာတကာမတို့ မူလတရားကလေး ပြန်ပြီးမေ့မှာ စိုးလို့ တကာကြွယ်တို့၊ မောင်ဘသော်တို့ မေးပါရစေဦး-နော်-(မှန်ပါ့ဘုရား)။

နိဗ္ဗာန် ဘယ်မှာရှိပါသတုံး.... ( ခန္ဓာအဆုံးမှာ ရှိပါတယ် ) ဟာ....ဒါဖြင့် ဒါ ခန္ဓာအကွက်ကြီးဘဲ....(မှန်ပါ့) ဒီ ခန္ဓာမရှိလို့ ရှိယင် ဆုံးသွားလိမ့်မယ်....(မှန်ပါ့) ဒီ ခန္ဓာအဆုံးမှာ နိဗ္ဗာန်တွေ့ မယ်....(မှန်ပါ့) မတွေ့ပေဘူးလား.... (တွေ့ပါတယ်ဘုရား)။

ဒီ ခန္ဓာအဆုံးမှာ နိဗ္ဗာန်တွေ့ပြီဆိုတာ တကာတကာမတွေ့ သေချာပြီ ...(သေချာပါပြီဘုရား)။

သို့လော်လဲ....တဲ့၊ ခန္ဓာဘယ်သူကွယ်နေသတုံးလို့ မေးလို့ရှိ ယင်....(အဝိဇ္ဇာကွယ်နေပါတယ်) အဲ.... အဝိဇ္ဇာကွယ်နေတယ်ဆို တော့ ဒီ ခန္ဓာဘာသစ္စာကုံး....(ဒုက္ခသစ္စာပါဘုရား)။

ဟာ....ဒါဖြင့် သူ့မကွယ်နိုင်တော့ဘူး၊ ကျုပ်တို့က ဒုက္ခသစ္စာ လို့ သိပြီ....( မှန်ပါ့ ) ကွယ်နိုင်သေးရဲ့လား.... (မကွယ်နိုင်ပါ ဘုရား)။

မကွယ်နိုင်တော့ဖြင့် ယောကျ်ားတွေ-မိန်းမတွေ ဖုံးလေသမျှ တော့ သူကွယ်ပြီ....(မှန်ပါ့) အခုတော့ဖြင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တနည်း ခန္ဓာငါးပါးလို့ သိလိုက် သဖြင့်....တဲ့၊ အဝိဇ္ဇာက ကွယ်နိုင်သေးရဲ့လား....(မကွယ်နိုင်ပါ) ဟ....ဘာသစ္စာတုံးမေးတော့....(ဒုက္ခသစ္စာပါဘုရား)။

ဒီ အကွက်ထဲက ဘာဖြစ်ဖြစ် ဒုက္ခသစ္စာမြင်ယင် အဝိဇ္ဇာက လွင့်သွားလိမ့်မယ်....( မှန်ပါ့ ) မလွင့်သေးဘူးလား....(လွင့်ပါ တယ်ဘုရား)။

အဝိဇ္ဇာလွင့်ကတည်းကိုက တကာ တကာမတို့ အဝိဇ္ဇာကို ဘယ်သူက လွင့်ထုတ်ပါလိမ့် မတုံး မေးတော့မှ ဝိဇ္ဇာဉာဏ်က ထုတ်လိုက်တယ်....(မှန်ပါ့)။

အဝိဇ္ဇာ ဘယ်သူက လွှင့်ထုတ်လိုက်ပါလိမ့် (ဝိဇ္ဇာဉာဏ်က လွှင့်ထုတ်လိုက်ပါတယ်ဘုရား)။

ကောင်းပြီ သူ့တာဝန်ကို ဝိဇ္ဇာက ပေါ်သကိုး၊ ဝိဇ္ဇာလွှင့် ပေါ့လို့ သေသေချာချာမှတ်ပါ....(မှန်ပါ့)။

တကာကြွယ် နေရာကျပလား.... (နေရာကျပါပြီ)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒါ့ကြောင့် ဘုန်းကြီး တို့ တကာတကာမတွေမှာ စိတ္တာနုပဿနာ စာရွက်ကလေးတွေ ပေးထားတယ်-နော်....(မှန်ပါ့)။

ပေးထားတော့ တကာတကာမတို့ စိတ္တာနုပဿနာ ရှုရလိမ့် မယ်....(မှန်ပါ့) ဒီအကွက်ထဲက မနာယတနဆိုတာ မနက=စိတ် အာယတနက=သံသရာချဲ့တတ်တယ်....(မှန်ပါ့) စိတ်သည် သံသ ရာချဲ့တတ်တယ်....(မှန်ပါ့)။

စိတ်ကယ်လို့ မသိယင် သံသရာချဲ့တယ်.... (မှန်ပါ့) ချဲ့တယ် မချဲ့တယ် တကာကြွယ် စဉ်းစားကြည့်၊မြင်တယ်ဆိုတာလဲစိတ်ဘဲ- (မှန်ပါ့) ဒီစိတ်ကို ဖြစ်ပျက်လို့ မသိတော့ လိုချင်တယ် ဆိုတဲ့ ပပဉ္စ စ,လိမ့်မယ်....(မှန်ပါ့) စွဲလမ်းတယ်ဆိုတဲ့ ဉပါဒါန်ကော- (လာပါတယ်ဘုရား) အားထုတ်မယ်ဆိုတဲ့ ကံ,ကော.... (လာပါ တယ်ဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ စိတ်ကို ဖြစ်ပျက် မသိလိုက် တာ သံသရာကျယ်သွားပြီ....(ကျယ်ပါတယ်) တဏှာ ဉပါဒါန် ကံ မလာသေးဘူးလား....(လာပါတယ်ဘုရား)။

အဲ .... တဏှာ ဉပါဒါန် ကံ လာတယ် ဆိုကတည်းကိုက မာန မာနုပါဒါန် ကံ ဆိုတာလဲ လာရမှာဘဲ.... (လာရမှာပါ)

ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတာတွေလဲ ဒီဘက် ၃-နံပါတ် မလာပေဘူးလား...(လာပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီလိုလုပ်ကြစို့။ မနာယတန၊ မနက=စိတ်။ အာယတနက=ခွဲတယ်....(မှန်ပါ့)။

မနာယတနဆိုတာ ဘာပါလိမ့်....( စိတ်ပါ ) ခွဲတတ်တဲ့စိတ်♦ (မှန်ပါ့)။

အဲဒီ ခွဲတတ်တဲ့စိတ်ကို ဘုန်းကြီးတို့က တကာ တကာမတွေ စာရွက်ကလေးတွေ ဝေထားတယ်။ ဒီ စိတ်ဟာ မြင်စိတ်လဲ ဖြစ်နိုင်တယ်။ ကြားစိတ်ကော....(ဖြစ်နိုင်ပါတယ်ဘုရား)။

ဖြစ်နိုင်တဲ့အခါကျလို့ရှိယင်ဖြင့် တကာတကာမတို့ မြင်စိတ်ပေါ်လာတယ်။ အဆင်းကလေးမြင်တယ်။ ပြူတင်းပေါက်မြင်တယ်။ အလင်းမြင်တယ် ဆိုလို့ရှိယင်ဖြင့် ဒီထဲ မြင်စိတ်ပေါ်လိုက်တယ်....(မှန်ပါ့)။

မြင်စိတ်ကလေးပေါ်လာတဲ့ အခါကျလို့ရှိယင် မြင်စိတ်ကို တကာတကာမတွေက ဒီနားကနေပြီးသကာလ ....' သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ' ဆိုတဲ့ မဂ္ဂင်ငါးပါးနဲ့ ဒီအနီကလေးဖြတ်ရမယ်.... (မှန်ပါ့)။

ဒီ အနီကလေး ဘာလုပ်ရမလဲ....(ဖြတ်ရပါမယ်ဘုရား)ဒါဖြင့် ဒီနေရာမဂ်ပေါ်တယ်....(မှန်ပါ့)။

စိတ်က ဖြစ်ပျက်၊ ရှုတာက.... (မဂ်ပါဘုရား) မဂ်-ဆိုတော့ မဂ်ကလေးက ဒီအဆက်ကိုဖြတ်တယ်....(မှန်ပါ့)။

မဂ်သည် ဝေဒနာနဲ့ တဏှာဆက်တာကို.... ( ဖြတ်ပါတယ် ) စိတ်နဲ့ တဏှာဆက်တာကို.... ( ဖြတ်ပါတယ် ) ဖဿနဲ့တဏှာ ဆက်တာကို....(ဖြတ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် မဂ်ဟာ ကိလေသာဖြတ်တယ်ဆို ဒီဘက်က တဏှာ ဥပါဒါန်လာသေးရဲ့လား....(မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ မဂ်သည် အဆက်ကို ဖြတ်တယ်-(မှန်ပါ)။

မဂ်သည်... (အဆက်ကို ဖြတ်ပါတယ်) အဆက်ကို ဖြတ်သည် ဆိုတာ သဘောပါကြပလား....(ပါ-ပါပြီ)။

ကောင်းပြီ....ဒါဖြင့် ရှင်းကြပါစို့....တဲ့၊ တကာတကာမတွေ ခင်ဗျားတို့ မြင်စိတ်ကလေးကို ဘယ်လိုလုပ်ကြမယ်....( ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဩော်... ဖြစ်ပြီး-ပျက်တဲ့တရားလို့ ဒီနားက မဂ်ကလေးနဲ့ ရှု-(မှန်ပါ) ဖြစ်ပျက်-မဂ်။ ဒီဘက်က တဏှာ လာသေးရဲ့လား.... (မလာပါဘုရား) ဥပါဒါန်ကော....( မလာပါ ) ကံ-ကော.... (မလာပါဘုရား)။

မလာတော့ဘူးဆိုတော့ တကာတကာမတို့ ကံ, မှ မလာတဲ့ ပဋိသန္ဓေဟာ ဇာတိ ဇရာမရဏ.... ( မလာပါ ) မလာဘူးဆိုတာ သေချာတယ်....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာ ဖြစ်ပျက် တကာတကာမတွေ မဂ်ဝင်လိုက် တဲ့အတွက် ၃-နံပါတ် တဏှာ ဥပါဒါန် ကံလဲ ချုပ်တယ် (ချုပ် ပါတယ်ဘုရား) ၄-နံပါတ် ဇာတိ ဇရာမရဏကော.... ( ချုပ်ပါ တယ်ဘုရား)။

ချုပ်တယ်ဆိုသဖြင့် .. တဲ့ သမုဒယချုပ်တယ်၊ ဒုက္ခသိမ်းတယ် (မှန်ပါ့) ဒါက ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကိုပြဘာ.... (မှန်ပါ့)။

ဒါဖြင့် ခန္ဓာမရှိမှ ရမည့် နိဗ္ဗာန်....(မှန်ပါ့)။

ဒီနေရာမှာ ရှုလို့ ဒီနေရာမှာ နိဗ္ဗာန် ပေါ်လိမ့်ဦးမယ်.... တချက်က....(မှန်ပါ့) ဒီနေရာနိဗ္ဗာန်ပေါ်ယင် ခန္ဓာရှိတုန်း မြင်ရတဲ့ နိဗ္ဗာန် .. (မှန်ပါ့) ဒီဘက်က ခန္ဓာချုပ်တဲ့ နိဗ္ဗာန်....(မှန်လှပါဘုရား) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဆိုတာလဲ တကာကြွယ်....ပေါ်လာပလား....(ပေါ်ပါပြီ)။

သို့သော် တကာတကာမတွေ့ အကြွေးနိဗ္ဗာန်ကို မယူပါနဲ့.... (မှန်ပါ့) လက်ငင်းနိဗ္ဗာန်ရမှ အကြွေးနိဗ္ဗာန် သေချာပါတယ်.... (မှန်ပါ့) လက်ငင်း နိဗ္ဗာန်ဘဲ သေသေချာချာ ဟောပါ့မယ်.... နော်....(မှန်ပါ့)။

ကိုင်း....ဂရုစိုက်ပြီး နားထောင်ပါဆိုတော့ တကာ တကာမတွေ့ ဒီအကွက်ထဲ ပေါ်သ၍၊ ပျက်သ၍ ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါဘုရား ) ဒုက္ခသစ္စာဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ဒီကနေ့ ဒါလဲ တကာတကာမတွေ့ ဝမ်းထဲမှာရှိတဲ့ စာရွက်ကလေးထဲပါတဲ့ မဂ္ဂင်ငါးပါး....( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် မြင်စိတ်ကလေးပေါ်လဲ ဘာလုပ်ရမလဲ.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်.... ( မဂ်ပါ ) သေတာက သမုဒယ.... (မှန်ပါ့) နောင်မလာတာက ဒုက္ခ.... ( မှန်ပါ့ ) ရှင်းပြီနော်.... ( ရှင်းပါပြီ )။

ဒီလိုချည့်ဘဲ ကြွားစိတ်ကလေးပေါ်လဲ ဖြစ်ပျက်ရှု....(မှန်ပါ့) နံ့စိတ်ကလေးပေါ်လဲ....(ဖြစ်ပျက်ရှုရပါမယ်) စားစိတ်ကလေး လျှာမှာပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) ကိုယ်ပေါ်မှာ ယားတဲ့ စိတ်ကလေးပေါ်ယင်.... (ဖြစ်ပျက်ရှုရပါမယ်) နာတဲ့စိတ်ကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) ကောင်းတဲ့စိတ်ကလေး ပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ.... စာရွက်ကလေးထဲမှာ ပါ-ပါတယ်၊ အပြင်ညှော်သည် ငါးပါးလာလဲ ရှုပါ.. ( မှန်ပါ့ ) မပါဘူးလား....(ပါ-ပါတယ် ဘုရား)။

တကာတကာမတွေ့ အတွင်းညှော်သည် ငါးပါးလဲ ရှုရလိမ့်မယ်....(မှန်ပါ)။

ဒီဘက်မှာ မနာယတနဆိုတဲ့ စိတ်က လောဘ စိတ်ကလေး ပေါ်လာယင် တကာကြွယ်တို့၊ မောင်ဘသော်တို့ ဘာလုပ်မယ်- (ဖြစ်ပျက်ရှုရမှာပါ) ဖြစ်ပျက်မဂ်ဘဲ လာတာဘဲ.... ( မှန်လှပါ ဘုရား )။

ဒေါသစိတ်ကလေး ပေါ်ယင်ကော....(ဖြစ်ပျက် ရှုရပါမယ်) မောဟစိတ်ကလေးပေါ်ယင်....(ဖြစ်ပျက်ရှုရပါမယ်) အလောဘ ဆိုတဲ့ လှူချင်၊ တန်းချင်၊ ပေးချင်၊ ကမ်းချင်တဲ့ စိတ်ကလေး လာယင်ကော....(ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ရှုသာရှု ခင်ဗျားတို့က ဒီကုသိုလ်စိတ်ကလေးဟာ မွေးမထား ပါနဲ့....(မှန်ပါ့) မွေးထားလို့ရှိယင် ကုသိုလ်စိတ်ကလေး သိချင် လိုက်တာဆိုယင်ဖြင့် ဘယ်သူ့ငွေးမှာဘဲ၊ ဘယ်သူ့ ခေါ်ဦးမှာဘဲ ဆိုတဲ့ ဝိတက်တွေ လာလိမ့်ဦးမယ်....(မှန်ပါ့)။

ဘယ်သူနဲ့ပေါင်းပြီး တိုင်ပင်မှာဘဲဆိုတဲ့ အလကား စိတ်တွေက ကုသိုလ်ကနည်းနည်း အလကား စိတ်တွေကများများ လာလိမ့် မယ်....(မှန်ပါ့) မလာပေဘူးလား.... (လာမှာပါဘုရား)။

အဲဒါ ကုသိုလ်ထဲ ရောထည့်ပေးလို့ မဖြစ်သေးဘူး....(မှန်လှ ပါဘုရား) ဖြစ်ပါ့မလား....(မဖြစ်ပါဘုရား)။

အေး....ဒါကြောင့် ကုသိုလ်စိတ်ကလေးလာလဲ ဘာလုပ်မလဲ (ဖြစ်ပျက်ရှုရပါမယ်) မေတ္တာစိတ်ကလေး လာယင်....(ဖြစ်ပျက် ရှုရပါမယ်) ဖြစ်ပျက်ရှုပါ....(မှန်ပါ့) ရှင်းပြီနော်....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် အတွင်းညှော်သည် ငါးပါးလာလဲ ဘာလုပ်ရမလဲ.... ( ဖြစ်ပျက်ရှုရပါမယ် ) ဒါဖြင့် ဖြစ်ပျက်မဂ်ဆိုတာ ကိုက်ပြီ.... (ကိုက်ပါပြီဘုရား)။

အိမ်သည်နှစ်ခုလို့ ရေးထားတယ်....(မှန်ပါ့) လေကို ထုတ် သောစိတ်၊ လေကို သွင်းသောစိတ်....(မှန်ပါ့) မရှိကြဘူးလား- (ရှိပါတယ်ဘုရား)။

အဲ....သွင်းတဲ့ စိတ်ကလေးလာလဲ ဘာလုပ်မလဲ....(ဖြစ်ပျက်ရှု ရပါမယ်) ထုတ်တဲ့ စိတ်ကလေးလာလဲ....( ဖြစ်ပျက်ရှုရပါမယ် ) အဲ....သူလဲ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်သွားတာဘဲ.... (မှန်ပါ့)။

အဲဒီတော့ အတွင်းညွှတ်သည်-အပြင်ညွှတ်သည် မရှိယင် အိမ်သည်ချည့် ဆက်ရှု....(မှန်ပါ့) အတွင်းညွှတ်သည်လာယင် အတွင်းညွှတ်သည်လိုက်ရှု။ ပြီးမှ အိမ်သည်ပြန်ရှု....(မှန်ပါ့)။

အပြင်ညွှတ်သည်လာယင်.... ( အပြင်ညွှတ်သည်ရှုရပါမယ် ) ပြီးတော့ ဘယ်ပြန်မလဲ....(အိမ်သည်ပြန်ရပါမယ် ဘုရား)။

အိမ်သည်ကို အမြဲထားတဲ့....။ ညွှတ်သည်လာလဲ ညွှတ်သည်ရှု၊ ညွှတ်သည်မရှိ အိမ်သည်ရှုဆိုတော့ သူ့အထဲမှာ အနားရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲ....အနားမရှိတိုင်း သမုဒယသစ္စာချုပ်၍ ဒုက္ခသစ္စာပြတ်တယ်....(မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီ)။

ဒါဖြင့် ဒါတွေ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ တကာတကာမတို့ ယထာဘူတဉာဏ်ရပြီ....(မှန်ပါ့)။

ယထာဘူတဉာဏ်....(ရပါပြီ) ဖြစ်ပျက်ဟာ ဘာသစ္စာတုံး-(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလို့ သိကတည်းက " ယထာသဘာဝဇာနဉာဏ် " ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ရကတည်းက အဝိဇ္ဇာလွင့်သွားပြီ....(မှန်ပါ့)။

ခန္ဓာအဝိဇ္ဇာဖုံးသေးရဲ့လား....( မဖုံးပါ ) မဖုံးတော့ဘူးဆိုတာ သေချာပလား....(သေချာပါပြီ)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်တွေ အဆုံးကလှည့်ရှုရာကနေပြီးသကာလ ဖြစ်ပျက်တွေဟာ ဘယ်သူ သေတာတုံး-မေးတော့ စိတ်တခုနဲ့ အသက်ရှင်တာကိုး(မှန်ပါ့) မြင်နေတဲ့

အခါ မြင်စိတ်နဲ့ အသက်ရှင်.... ( မှန်ပါ့ ) ကြားတဲ့အခါ.... ( ကြားစိတ်နဲ့ အသက်ရှင်ပါတယ် )ရှူနေတဲ့အခါ....(ရှူစိတ်နဲ့ အသက်ရှင်ပါတယ်) ရှိုက်နေတဲ့အခါ.... ( ရှိုက်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား)။

အဲဒီ အခုပြောတဲ့ စိတ်တွေ ပေါ်တိုင်း-ပေါ်တိုင်း ရှုတော့ ကိုယ့်အသေကို ကိုယ်မြင်တယ်....(မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ .... ( ကိုယ့်အသေ ကိုယ်မြင်ပါတယ် ဘုရား )။

ကိုယ့်အသေက ဘာသစ္စာတုံး....( ဒုက္ခသစ္စာပါ ) ကိုယ်မြင်တာက....(မဂ္ဂသစ္စာပါ) အဲဒီမှာ ဒိဋ္ဌိမွေ့လာပြီ.... ( မှန်လှပါ ဘုရား )။

ကိုယ့်အသေကို ကိုယ်မြင်ယင် ဒိဋ္ဌိမွေ့ လာပြီ....(မှန်ပါ့)။

ကိုယ့်အသေကိုယ်မြင်ယင်....(ဒိဋ္ဌိမွေ့လာပါပြီ) ဒိဋ္ဌိမွေ့လာပြီဆိုတာ ပေါ်ပလား....(ပေါ်ပါပြီ)။

တကာတကာမတွေ ဒါက ဒုက္ခသစ္စာကို ကိုယ်တိုင် မြင်တာ-(မှန်ပါ့)။

ကဲ....ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တော့ တကာတကာမတွေ ရှုဖန်များလာတော့ ဒီမဂ်ကလေးက ကိုယ့်အသေ ကိုယ်မြင်တဲ့ မဂ်ချည်းဖြစ်နေတော့ ယထာဘူတဉာဏ်ရပါပြီ .... ( ရပါပြီ ဘုရား )။

ကဲ....ဒီလိုနဲ့ဘဲ ဆက်ရှုတော့ မောင်သစ်ရေ .... မုန်းလာပြီ.... (မှန်ပါ့) ကိုယ့်အသေ၊ ကိုယ့်မသာတွေချည့် ကိုယ်မြင်နေရယင် မမုန်းပေဘူးလား....(မုန်းပါတယ်ဘုရား)။

စိတ်ကလေး သေတိုင်း-သေတိုင်း သူများ သေတာလား၊ ကိုယ့်မသာတွေလား....( ကိုယ့်မသာတွေပါ ) ရှင်းကြပလား.... ( ရှင်းပါပြီ )။

ဘယ်သူ့မသာ၊ ဘယ်သူမြင်တာပါလိမ့်....(ကိုယ့်မသာ ကိုယ်မြင်တာပါဘုရား)။

အဲ .... စိတ်ကလေးတခုနဲ့ အသက်ရှင်တာ၊ ဒီစိတ်ကလေး ပျောက်သွားတယ်ဆိုတာ ကိုယ်သေတာဘဲ....(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးက အသေကို အရှင်နဲ့ ကြည့်ဟေ့.... ဝိပဿနာဆိုတာ ဒါဘဲ....(မှန်ပါ့)။

အသေကို....( အရှင်နဲ့ ကြည့်ရမှာပါ ) အဲဒါ ဘာခေါ်ကြမယ်....(ဝိပဿနာပါဘုရား)။

အဲ ဝိပဿနာဆိုတော့ တကာတကာမတွေက မသိဘဲနေမှာ စိုးလို့ ကိုယ့်အသေကို ကိုယ့်အရှင်နဲ့ ကြည့်ပါ .... ( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကိုယ့်အသေကို....(ကိုယ့်အရှင်နဲ့ကြည့်ပါ) အဲဒါ ဘာခေါ်ကြသလဲ....(ဝိပဿနာပါ) ဝိပဿနာလို့ဆိုတာ သေချာပလား- ( သေချာပါပြီ )။

ရှင်းလောက်ပါပြီ....တဲ့။ အဲဒီတော့ ကိုယ့်အသေ ကိုယ်မြင်တော့ ကိုယ့်အိမ်ရှေ့ မသာတွေချည့် ချသွားတော့ ဒီအိမ်နေချင်သေးရဲ့လား....(မနေချင်ပါ) လူအဖြစ်ကော....(မလိုချင်ပါဘုရား)။

အဲဒီတော့ မုန်းလာတယ်....(မှန်ပါ့) မုန်းပေမဲ့လဲ ရှုမြဲတိုင်းရှုပါ....(မှန်ပါ့) မုန်းပေမဲ့ မလိုချင်တဲ့ စိတ်က မလာသေးဘူး.... (မှန်ပါ့) မြင်လို့ရှိယင် မုန်းပါတယ်....(မှန်ပါ့) မုန်းတာ ဆက်ရှု

ပါ။ ကိုယ့်ခန္ဓာကြီး ပေါ်တိုင်း-ပေါ်တိုင်း ဆက်ရှုပါနော်....( မှန်ပါ့ )။

အဲဒါ မှန်းတာ ဆက်ရှုတိုင်း-ရှုတိုင်း မှန်းနေပြီဆို မှန်းပါမက မှန်းတော့ ဒီခန္ဓာကြီးဖြင့် မလိုချင်ပါဘူးဆိုတဲ့ ရှုတဲ့ဉာဏ် မပြောင်းပေဘူးလား....၊ ပြောင်းမလား.... ( ပြောင်းပါတယ် ဘုရား)။

ပြောင်းလို့ရှိယင် အကုန် ခန္ဓာငါးပါး ပျောက်ပါတယ်။ ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတွေ အကုန် ပျောက်မယ်....(မှန်ပါ့) မပျောက်ပေဘူးလား .... ( ပျောက်ပါ တယ်ဘုရား )။

ဘာဖြစ်လို့တုံး.... သူက မလိုချင်တဲ့ ဉာဏ်လာကတည်းက ဒီခန္ဓာတွေ ဘာဖြစ်နေသတုံး....(ပျောက်ပါတယ်) ဒါဖြင့် ဘာ သစ္စာတွေ ပျောက်မတုံး.... ( ဒုက္ခသစ္စာတွေ ပျောက်ပါတယ် ဘုရား )။

ဟ....ဒုက္ခသစ္စာပျောက်ယင် ဒုက္ခငြိမ်းတဲ့ သစ္စာရောက်မယ်....(မှန်ပါ့)။

ဒုက္ခပျောက်ယင်....(ဒုက္ခငြိမ်းတဲ့ သစ္စာရောက်ပါမယ်)။

ဒုက္ခငြိမ်းတဲ့ သစ္စာရောက်တော့ ဒါနိရောဓသစ္စာ။ ဒါ .... နိရောဓသစ္စာ သွားဖြစ်တယ်....(မှန်ပါ့)။

ဒါဆိုးမှ နိဗ္ဗာန်ရောက်မယ်ဆိုတဲ့ ဒီခန္ဓာကွယ်နေတယ်ဆိုတာ မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဒါဖြင့် ခန္ဓာဆုံးယင်.... ( နိဗ္ဗာန်ပါ ) သဘောပါပလား....(ပါ-ပါပြီ)။

ခန္ဓာဆုံးယင်....(နိဗ္ဗာန်ပါ) အဲဒါကြောင့် နိဗ္ဗာန်ကို တကာ တကာမတွေ့ ခန္ဓာက ကွယ်နေတယ်....( ကွယ်နေပါတယ် )။

ဒီ ခန္ဓာဆုံးအောင်ရှုနိုင်လို့ရှိယင် နိဗ္ဗာန်သည် ဒုတိယအကွက်မှာ သဉပါဒိသေသ နိဗ္ဗာန်ရှိတယ်....(မှန်ပါ့) စတုတ္ထအကွက်မှာ အနုပါဒိသေသ နိဗ္ဗာန်ရှိတယ်....(မှန်ပါ့)။

ဒါက အကြွေး-နိဗ္ဗာန်။ ဒါက လက်ငင်းနိဗ္ဗာန်....( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီ) ရှင်းပြီနော်....( ရှင်းပါပြီ )။

ဒါဖြင့် စိတ်ဆယ့်နှစ်ချက်ကို ဆက်ရှုလို့ရှိယင်ဖြင့် ဖြစ်-ပျက် မြင်ယင် ယထာဘူတဉာဏ်....(မှန်ပါ့)။

ဖြစ်-ပျက် ဒုက္ခသစ္စာတွေ မုန်းလာလို့ရှိယင်.... ( နိဗ္ဗိန္ဒာဉာဏ် ပါဘုရား )။

ဖြစ်-ပျက် ဒုက္ခသစ္စာတွေ ရှုရင်းမတ္တာနဲ့ မလိုချင်တဲ့ ဉာဏ်ဆိုယင် ဘာ ဉာဏ်ခေါ်ကြမလဲ....(ဝိရာဂဉာဏ်ပါဘုရား)။

ဒါဖြင့် မဂ်ဉာဏ်ရတော့ ဒီ ခန္ဓာတွေ ရှိသေးရဲ့လား.... (မရှိပါဘုရား) ဒီ ခန္ဓာ ဘာ သစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒီနေရာမှာ ဒုက္ခသစ္စာတွေ ရှိသေးရဲ့လား....( မရှိပါ ) ဒါဖြင့် ဒုက္ခနိရောဓ သစ္စာ....(မှန်ပါ့) မပေါ်သေးဘူးလား... (ပေါ်ပါပြီ)။

အရင်တုန်းကတော့ ဒုက္ခသစ္စာ.... ( မှန်ပါ့ ) ယခုဆုံးသွားတော့ ဘယ့်နှယ်တုံး....(ဒုက္ခနိရောဓသစ္စာပါ)ပေါ်ပြီ.... ( ပေါ်ပါပြီဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဒုက္ခနိရောဓသစ္စာဆိုတာ ဒုက္ခချုပ်တဲ့ သစ္စာ .... ( မှန်ပါ့ ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဒုက္ခချုပ်တဲ့ သစ္စာကို နိဗ္ဗာန်လို့ အတိုကောက် ခေါ်တော့ ဒါခေါ်တာ....(မှန်ပါ့) အရှည်ခေါ်တော့ ဒုက္ခနိရောဓသစ္စာ.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒါတွေချုပ်သွားတော့ ဒီနေရာ ဘာသစ္စာ ပေါ်မတုံး....( ဒုက္ခနိရောဓသစ္စာပေါ်ပါမယ် ) အခုရှိနေတာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)။

ဒီငါးပါးထဲက စိတ်ချုပ်တော့ အကုန် ချုပ်ကြမယ် ဆိုယင်တော့ ဒီ နေရာ ဘာခေါ်ကြမလဲ....(နိရောဓပါ) ဒုက္ခထည့်ပါဦး ...(ဒုက္ခနိရောဓသစ္စာပါဘုရား)။

ဒုက္ခနိရောဓသစ္စာ.... ( မှန်ပါ့ ) နဂိုရ်က ဒုက္ခရှိတာကိုး.... (မှန်ပါ့) အဲဒီတော့ အခုမလိုချင်တော့ ဒီဥစ္စာတွေက အကုန် ပျောက်မသွားပေဘူးလား....( ပျောက်ပါတယ် ) ပျောက်သွားတော့ သူ့ကို နာမည်ပေးပါ....(ဒုက္ခနိရောဓသစ္စာပါ)။

နဂိုရ်က ဒုက္ခသစ္စာ....(မှန်ပါ့) ယခုမလိုချင်တဲ့အခါကျတော့ ဒါတွေက အကုန်ချုပ်သွားတယ်....( ချုပ်သွားပါတယ် ) ချုပ်သွားတော့ ဒီ နေရာ ဘာ သစ္စာဖြစ်သတုံး.... (ဒုက္ခနိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခနိရောဓသစ္စာအတိုခေါ်တော့ နိဗ္ဗာန်.... (မှန်ပါ့) စာလိုခေါ်တော့....(ဒုက္ခနိရောဓသစ္စာပါ) ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ခေါ်လိုက်တော့ ဒုက္ခနိရောဓသစ္စာ....(မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတို့၊ ဒုက္ခနိရောဓသစ္စာကို မြင်တာက ဘာသစ္စာတုံး....(မဂ္ဂသစ္စာပါ) ရှင်းပလား.... ( ရှင်းပါပြီဘုရား )။

နိဗ္ဗာန် ဘယ်နားမှာ ရှိသတုံး ....( ခန္ဓာအဆုံးမှာရှိပါတယ် ) ဟောဒီ ခန္ဓာငါးပါးအဆုံးမှာရှိတယ်....( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

ဒါဖြင့် နိဗ္ဗာန် ဘယ်သူဖုံးနေသတုံး....( ခန္ဓာဖုံးနေပါတယ် ) ခန္ဓာဘယ်သူဖုံးပါလိမ့်....(အဝိဇ္ဇာဖုံးပါတယ်ဘုရား)။

ဩော်....အဝိဇ္ဇာကို ဘုန်းကြီးက ဒုက္ခသစ္စာသိအောင် ပြောလိုက်တော့ ဝိဇ္ဇာမဖြစ်သေးဘူးလား.... (ဖြစ်ပါတယ်)။

ဝိဇ္ဇာဖြစ်တဲ့ အခါကျတော့ ဒီအကွက်ပေါ်လေသည်၊ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) ဒီအကွက် ပျောက်သွားယင် ဘာသစ္စာတုံး.... ( ဒုက္ခနိရောဓသစ္စာပါ ) ဒုက္ခနိရောဓသစ္စာပေါ်လာတယ်....(မှန်ပါ့)။

ဒါဖြင့် သစ္စာမြင်သောကြောင့် သံသရာ ရှည်စရာရှိသေးရဲ့လား... (မရှိပါဘုရား)။

ဒါကြောင့်ဘုရားဖြစ်တာ ဒီတကာတကာမတွေလဲ ဒီအတိုင်းလုပ်ယင် သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်လိမ့်မယ်....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဒါဖြင့် ဒုက္ခသစ္စာကို ဒုက္ခနိရောဓ သစ္စာ ဖြစ်အောင်ရှု.... (မှန်ပါ့) သဘောပါကြပလား....(ပါ-ပါပြီ)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့မှာရှိ - ဟောကြားတော်မူသော

( ရွှေ့သွားခေါင်းဆောင်စိတ် )

# နေ့အလုပ်ပေး-တရားတော်

( ၃၀ - ၉ - ၆၂ )

တရားအားထုတ်ကြတယ်ဆိုတဲ့ဥစ္စာ ကိုယ့်စိတ်ကို ကိုယ်နိုင်ပြီး သကာလ ဒီစိတ်ကို ငြိမ်အောင် ထိန်းတဲ့အလုပ်ဘဲ.... (မှန်ပါ့)။

ကိုယ့်စိတ်ကလေးသာ ကိုယ်နိုင်အောင် လုပ်။ လုပ်လို့ ဒီစိတ်ကို နိုင်လို့ ငြိမ်ပလားဆိုလို့ရှိယင် ကိုယ်ခိုင်းချင်တဲ့ဆီကို ခိုင်းတဲ့ အလုပ်ဟာတဲ့ ဒါ တရားအားတုတ်တဲ့ အလုပ်ဘဲ.... (မှန်ပါ့)။

ဘယ့်နှယ်ကြောင့်တုံးဆိုတော့.... " စိတ္တေန နီယျတေ လောကော " တဲ့ လောကော=လောကကြီးကို။ စိတ္တေန=စိတ်သည်။ နီယျတေ=ဆောင်အပ်၏....တဲ့။ စိတ္တေနပရိကဿတိ=စိတ်ကဘဲ ပြုပြင်တယ်တဲ့။ စိတ္တဿဧကဓမ္မဿ = စိတ်ဆိုသော တခုသော တရား၏။ ဝသံ=အလိုနိုင်ငံသို့။ သဗ္ဗေဝ ဝသမန္ဒဂူ=အလုံးစုံသော သတ္တဝါတို့ဟာ စိတ်အလို လိုက်ကြရတယ်။ စိတ်ဆောင်တဲ့ဆီ ရောက်သွားကြရတယ်....(မှန်ပါ့)။

စဉ်းစားကြည့်ပါတဲ့။ စိတ်ဆိုတာသည်ကားလို့ ဆိုလို့ရှိယင် သူဆောင်တဲ့ဆီကို ကျန်တဲ့ ရုပ်နာမ်က လိုက်ရတယ်....(မှန်ပါ့) စိတ်က ခေါင်းဆောင် ကျန်တဲ့ ရုပ်နာမ်က နောက်လိုက်လို့ မှတ်ထားခမ်းပါနော်....(မှန်ပါ့)။

စိတ်က ဘာတုံး (ခေါင်းဆောင်ပါ) ကျန်တဲ့ ရုပ်နာမ်က-(နောက်လိုက်ပါဘုရား)။

နောက်လိုက်ဖြစ်တော့ကို ဒီစိတ်ကို မနိုင်တော့ဘူးဆိုတော့ကို ခက်တယ်.... တဲ့။ ဒီစိတ်ကို မနိုင်တော့ဘူးဆိုတော့ကို ဘာဖြစ်သွားမလဲလို့ မေးတဲ့အခါကျတော့....“ ပါပသ္မိံ ရမတိ မနော” တဲ့....ဘုရားက။ ပါပသ္မိံ=မကောင်းမှု၌။ မနော = စိတ်သည်။ ရမတိ=မွေ့လျော်၏။ စိတ်ကလဲ မကောင်းမှုမှာဘဲ မွေ့လျော်တယ်ဆိုတော့ သူကလဲ ခေါင်းဆောင်နေသေးတယ်။ ခေါင်းဆောင်တဲ့ တရားကလဲ မကောင်းမှု၌ မွေ့လျော်တယ် ဆိုတော့ သူ့ နောက်လိုက်ရတဲ့ ပုဂ္ဂိုလ်တွေက ဂျမ်းထိုး မှောက်ခုံချည့် ဖြစ်နေတယ်....(မှန်ပါ့)။

ဒါကြောင့် သတိထားပါဆိုတာကို သတိ ပေးနေတယ်....( မှန်ပါ့ ) ခုနင်က ပါဠိကို သံယုတ် ပါဠိတော်လို့ မှတ်ပါ....(မှန်ပါ့)။

စိတ္တေန နီယျတေ လောကော၊
စိတ္တေန ပရိကဿတိ။
စိတ္တဿ ဧကဓမ္မဿ၊
သဗ္ဗေဝ ဝသမန္ဝဂူ။

စိတ်နောက် အကုန်လိုက်ကြရတယ်တဲ့။ သမ္ပယုတ္တခမ္မတွေကော၊ ရုပ်တွေကော....(မှန်ပါ့)။

ဒီ စိတ်ကသဲ တခါ မျှားသောအားဖြင့်....“ ပါပသ္မိံ ရမတိ မနော ”တဲ့။ မနော=စိတ်သည်။ ပါပသ္မိံ=မကောင်းတဲ့အာရုံ၌။ ရမတိ=မွေ့လျော်၏ ဆိုထားပြန်တော့ သူဆွဲဆောင်ရာသဲ လိုက်ရသေးတယ်။ သူကလဲ မကောင်းဆိုဘဲ မွေ့လျော်သေးတယ် ဆိုတော့ မောင်သစ်တို့ ဘယ်မှာ သတ္တဝါကောင်းစားတယ်ရှိနိုင်စရာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

ဒါ နှစ်ခုစပ်ဟောတယ်လို့ မှတ်ပါ။ ဓမ္မပဒပါဠိတော်နဲ့ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် နှစ်ခုစပ်ပြီး ကြည့်လိုက်တော့ကို နှစ်ခုစပ်ပြီး ကြည့်လိုက်တဲ့အခါကျတော့ ခေါင်းဆောင်တာက မောင်သစ် ဘယ်သူပါလိမ့်....(စိတ်ပါဘုရား)။

သူက ဘယ်နေရာ မွေ့လျော်တတ်သတုံးမေးပြန်တော့ ဘယ့်နှယ်ဖြေမတုံး.... (မကောင်းမှု၌ မွေ့လျော်တတ်ပါတယ်ဘုရား)။

ဒါ သွားရော .... မောင်သစ်။ ခေါင်းကလဲ ဆောင်ပြန်။ မကောင်းမှု၌လည်း မွေ့လျော်တတ်တဲ့ သဘောရှိပြန်တော့ကို-တဲ့ ဒါဟာ တကာ တကာမတွေမှာ ဒီ စိတ်တလုံးမနိုင်လို့ရှိယင် .... ဦးတင်- ဒုက္ခရောက်တော့မယ် ဆိုတာ သေချာပြီးသားမှတ်.... (မှန်ပါ့) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

စိတ်တလုံးမနိုင်ယင် သေချာပြီးသား မှတ်ရမယ်ဆိုတဲ့ ဥစ္စာ အဓိပ္ပါယ်ရှင်းကြပါ....နော်....(မှန်ပါ့)။

လောကကြီး ဘယ်သူက ဆောင်နေသတုံး...(စိတ်က ဆောင်နေပါတယ်ဘုရား) စိတ်ကသဲ ဘယ်လှည့်သွားသလဲ....(မကောင်းမှုဘက် လှည့်သွားပါတယ်ဘုရား)။

အဲ...သူကလဲ ခေါင်းဆောင်ပြီး သကာလ သတ္တဝါတွေ ဆွဲခေါ်နေသေးတယ်။ သူကသဲ မကောင်းမှု၌ မွေ့လျော်တတ်တဲ့

ဝါသနာ အထုံ ကလေးကလဲ ကြီးပြန်တယ်ဆိုတော့ကို ဘယ်မှ သတ္တဝါတွေ ထွက်ရပ်လမ်းဖြစ်တဲ့ အေးချမ်းတဲ့ နိဗ္ဗာန်ကြီးကို ရောက်နိုင်ဘို့ မြင်ကို မမြင်ဘူး....( မမြင်ပါ ) မြင်ကြရဲ့လား.... (မမြင်ပါဘုရား)။

အဲဒါကြောင့်.... " စိတ္တံ ဒန္တံ သုခါဝဟံ " စိတ္တံ=စိတ်ကို။ ဒန္တံ=ကိုယ်က ယဉ်ကျေးအောင် ဆုံးမလို့ ကိုယ်ခိုင်းတဲ့ ဆီကို လိုက်သည်ရှိသော်။သုခါဝဟံ=နိဗ္ဗာန်ကိုဆောင်သည်။ ဟောတိ= ဖြစ်၏....(မှန်ပါ)။

စိတ်ကို ယဉ်ကျေးအောင် ကိုယ်က မွေးပြီးသကာလထားလို့ သူ့ကိုကိုယ်ခိုင်းတဲ့ဆီကို စိတ်ကလိုက်ပြီဆိုလို့ရှိယင် နိဗ္ဗာန်ရောက် ပြန်တာဘဲ... (မှန်ပါ)။

ဒီတော့....ဒီနေ့ စိတ်တလုံးကို သုံးမျိုးသော အဓိပ္ပါယ်နဲ့ ပြောလိုက်ခြင်းသည် အလွန်မှတ်စရာကောင်း။ အလွန်အရေးကြီး တဲ့ အချက်တွေ ပါလာပြီဆိုတာ မှတ်ရမယ်.... ( မှန်ပါ ) ရှင်းပ လား....(ရှင်းပါပြီ)။

လောကကြီး ဘယ်သူဆောင်နေသတုံး.... (စိတ်ဆောင်နေပါ တယ်ဘုရား)။

အဲ... စိတ်က ဆောင်တယ်။ ဟို ဘုံရောက်သွားလဲ စိတ်နဲ့ ရောက်ရတာဘဲ။ ဒီ ဘုံရောက်သွားတာကော .... ( စိတ်နဲ့ပါ ) မြို့ထဲ-ရွာထဲ ဟိုသွား-ဒီသွား ဖြစ်တာကော.. (စိတ်နဲ့ပါဘုရား) စိတ်လှည့်ရာကို ကျန်တဲ့ ရုပ်နာမ်က မလိုက်ရဘူးလား....(လိုက်ရ ပါတယ်ဘုရား)။

ကျန်တဲ့ ရုပ်နာမ်က လိုက်ရတယ်လို့ မှတ်ထားလိုက်တော့မှ ဩော်... ကဲ....လိုက်တာ လိုက်ရပါစေတော့ ကောင်းတဲ့ဆီ ဆွဲ

ဆောင်သလား။ ဆိုးဝါးတဲ့ဆီ ဆွဲဆောင် သလား ဆိုတာ.... " ပါပသ္မိံ ရမတိ မနော "....(မှန်ပါ)။ ပါပသ္မိံ=မကောင်းမှု၌။ မနော=စိတ်က။ ရမတိ=မွေ့လျော်၏-လို့ ဆိုပြန်တော့လဲ သွားပြန်ပြီ....(မှန်ပါ) မသွားသေးဘူးလား .... ( သွားပါပြီဘုရား )။

သူကလဲ ခေါ်ဆောင်သေးတယ်။ မကောင်းတဲ့ အလုပ်တွေလဲ ပျော်မွေ့တတ်တဲ့သဘော သူ့ ပင်ကိုယ်က ရှိပြန်တယ်။ အဲဒီတော့ သူ့ကို မနိုင်လို့ရှိယင်ဖြင့် ဘယ်မှာသာလျှင် တကာတကာမတွေ ချမ်းသာခြင်း၊ အေးချမ်းခြင်းဆိုတာ မြင်သေးရဲ့လား....(မမြင်ပါဘုရား)။

အဲဒါကြောင့် ဒီစိတ်တလုံးကိုဖြင့် တကာတကာမတို့ ဝိပဿနာ မရှုတတ်၊ တည်တန့်အောင် မလုပ်တတ်သ၍ ကာလပတ်လုံးငါဖြင့် မျောသမား-မြုပ်သမားဘဲဆိုတဲ့ ဥစ္စာ သေသေချာချာမှတ်။ ဘာမှ သံသယ မရှိနဲ့....(မှန်ပါ)။

ပျော်ပျော်နေသေခဲဆိုတဲ့ လူကတော့ဖြင့် သေလဲ မပြန်လာဘူးသာ မှတ်ပေတော့....( မှန်ပါ ) ပျော်ပျော်နေ သေခဲဆိုတဲ့ အသွားတွေဟာ မြုပ်မှုတွေဘဲ....(မှန်ပါ)။

အဲဒီတော့ တကာတကာမတွေမှာ အခုစိတ်လိုက် မာန်ပါကျုပ်က လုပ်ရမှ ကျေနပ်တယ်။ ဒီလိုဆိုလေ့ရှိတယ်.... (မှန်လှပါဘုရား )။

စိတ်လိုက်မာန်ပါ လုပ်ရမှ ကျုပ်ကကျေနပ်တယ်ဆိုပြီး လူကြီးတွေ ဩဇာရှိတွေက ဒီလိုသုံးလေ့-နှုိင်းလေ့ရှိကြတာ ဒီသဘောတွေ နားမလည်လို့....(မှန်ပါ)။

အဲဒါ လောကကြီး ပြုပြင်တာလဲ လောကကြီးထဲမှာ မထွက်နိုင်အောင် လုပ်ထားတာလဲ သူဘဲဆိုတာ မသိဘူးလား....(သိပ်တယ်ဘုရား) သူဟာ မကောင်းမှု၌ မွေ့လျော်တတ်တဲ့ သဘောဆိုတာလဲ မသိတော့ ဒါပြောမိပြောရာ-ဆိုမိဆိုရာ၊ နှုတ်တက်ရာကို အသုံးချနေတယ်လို့ ဆိုလို့ရှိယင် လွဲပါ့မလား.... ( မလွဲပါဘုရား )။

ကြပ်ကြပ် စဉ်းစားပါ။ ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက....'' စိတ္တံ ဒန္တံ သုခါဝဟံ '' စိတ္တံ = စိတ်ကို။ ဒန္တံ = ယဉ်ကျေးအောင် ပြုလုပ်ခဲ့သည် ရှိသော်။ သုခါဝဟံ = နိဗ္ဗာန်သို့ ဆောင်နိုင်သည်။ ဟောတိ=ဖြစ်၏....(မှန်ပါ့)။

သူ့ ယဉ်ကျေးအောင် လုပ်ပြီး ကိုယ်က ခိုင်းတဲ့ဆီကို ဒီ စိတ်ကို ရလို့ရှိယင် တကာတကာမတို့ အိုဘေး နာဘေး သေဘေးကင်းတဲ့ နိဗ္ဗာန်ကိုရောက်မယ်....( မှန်ပါ့ ) သဘောကျပလား....( ကျပါပြီ )။

ဒါဖြင့် ဒါမနေ့က တရားကိုဘဲ ရှေ့ပိုင်းကနေပြီး အမျိုးမျိုးခွဲပြလိုက်တာ.... ( မှန်ပါ့ ) ရှေ့ပိုင်းကနေပြီး အမျိုးမျိုးခွဲပြီး သကာလ မနေ့ကလဲ စိတ်ခြောက်မျိုးကို....(မှန်ပါ့ ။

အဲဒီ စိတ်ခြောက်မျိုးကို ကောင်းတယ်-မကောင်းတယ်ယနေ့ ဝေဘန်နိုင်အောင် ပင်ကိုယ်သဘောတွေကို ထုတ်ဖေါ် ပြောနေတယ်ဆိုတာ မှတ်ရမယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

ကဲ....ဒါဖြင့် '' စိတ္တံ ဒန္တံ သုခါဝဟံ ''စိတ္တံ=စိတ်ကို။ ဒန္တံ=ယဉ်ကျေးအောင် ပြုလုပ်နိုင်သော ပုဂ္ဂိုလ်သည်။ သုခါဝဟံ=ချမ်းသာကို ရွက်ဆောင်နိုင်သည်။ ဟောတိ = ဖြစ်၏။ ( ဝါ ) နိဗ္ဗာန်ကိုဆောင်သည်။ ဟောတိ=ဖြစ်၏-လို့ ဘုရားက

ဓမ္မပဒမှာ သေသေချာချာ ဟောတဲ့အတွက် ကြောင့် .... ဒီစိတ် မနိုင်လို့ရှိယင်ဖြင့် ဒို့မျောသမား-မြုပ်သမားအဖြစ်မှ ဘယ်နည်းနဲ့မှ လွတ်တော့မှာ မဟုတ်ဘူးဆိုတာ တကာတကာမတွေ သေသေချာချာမှတ်ရမယ်....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကြည့်စမ်း တကာတကာမတွေ သားက ရမက်ဆွဲလိုက်-သားဆီပြေးလိုက်။ သမီးက ရမက်ဆွဲလိုက်-သမီးဆီပြေးလိုက်၊ ဟင်.... (မှန်ပါ့) ဥယျာဉ် ပန်းမာလ်တွေက ဆွဲလိုက်ယင် ဥယျာဉ် ပန်းမာလ်တွေဆီပြေးလိုက်။ ဟုတ်လား....( မှန်ပါ့ ) အထူးအဆန်း ကြည့်စရာ-ရှုစရာရှိတဲ့ နေရာကနေ ဆွဲလိုက်လို့ရှိယင် အထူးအဆန်းရှိတဲ့ နေရာကို စိတ်ဆွဲရာကို....(မှန်ပါ့) ကျုပ်က ဒီသွားမယ်ဆိုယင် မရဘူး။ ကြံတာတွေက တားလို့ကို မရဘူး။ တော်တော့် ကိစ္စ ချိတ်ထားပစ်ခဲ့ဆိုပြီး သကာလ စိတ်ဆောင်ရာကို လိုက်နေကြရတယ်....( မှန်ပါ့ ) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဘယ်ကို လိုက်နေကြရသလဲ....( စိတ်ဆောင်ရာ လိုက်နေကြရပါတယ်ဘုရား )။

ဒါဖြင့် စိတ်ကို မနိုင်သ၍ ကာလပတ်လုံး ခင်ဗျားတို့ နိဗ္ဗာန်မရဘူးဆိုတဲ့တရားဟာ ယနေ့ဟောတာဘဲ....(မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် စိတ်ကို နိုင်အောင် ဘာလုပ်ရမတုံးလို့ မေးလို့ရှိယင် စိတ္တာနုပဿနာ စိတ်ကိုအဖန်ဖန်ရှုဟော့....တဲ့.... (မှန်လှပါဘုရား)။

ကဲ... မင်းက လုပ်ချင်တာ လုပ်ပေမဲ့လဲ မင်းလုပ်ချင်တာ မလုပ်ရအောင် မင်းက အဖေါ်သဟဲ့ရှတွေနဲ့ လုပ်ချင်တာ လုပ်နေတဲ့

ဥစ္စာ မင့်အဖော်သဟဲတွေကို ဒို့ခွဲပစ်လိုက်မယ်။ မင့်လဲ ပယ်ဖျောက်ပစ်လိုက်မယ်-ဆိုတော့ မင့်ကို အနိစ္စ ရှုပစ်လိုက်တဲ့အခါ ပယ်ဖျောက်ပစ်လိုက်တယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

အနိစ္စ ရှုလိုက်တော့ ဘာဖြစ်သတုံး....(ပယ်ဖျောက်ပါတယ် ဘုရား)။

ပယ်ဖျောက်ပစ်လိုက်တဲ့ အခါကျတော့ ဦးတင် သူ့နောက် လိုက်တွေကော လာသေးရဲ့လား....(မလာပါဘုရား)။

စိတ်နောက်ကနေပြီး စိတ်ကြောင့်ဖြစ်တဲ့ တဏှာ ဥပါဒါန် ကံ။ စိတ်ကြောင့် ဖြစ်တဲ့ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ။ သူ့အကြောင်း ကောင်းကောင်းမသိတဲ့ အဝိဇ္ဇာသင်္ခါရ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး မနေ့က ပြောခဲ့တာတွေဟာတဲ့ စိတ် ပင် ကိုယ်သဘောကို မင်းသဘော ငါသိပြီ၊ မင်းဟာ ဒုက္ခသစ္စာဘဲ။ မင်းဟာအနိစ္စဘဲလို့ သူ့သဘောကိုသာ ရှုနေလို့ရှိယင်ဖြင့် ဒီ စိတ်သည် ပြေးချင်တဲ့ဆီပြေးငြားသော်လဲ....တဲ့၊ အနိစ္စဉာဏ်နဲ့ အုပ်လိုက်တဲ့အခါကျတော့ အဖော်သဟဲတွေဟာ နောက်လိုက် မရှိတော့ သူအားရှိသလောက် လုပ်နိုင်သေးရဲ့လား....( မလုပ် နိုင်ပါဘုရား )။

မလုပ်နိုင်ဘူးတဲ့။ တဏှာ ဥပါဒါန် အဖော်မရတော့ဘူး.... (မှန်ပါ့) ဒေါသ သောက အဖော်ရသေးရဲ့လား....( မရပါ ) အဝိဇ္ဇာသင်္ခါရတည်းဟူသော အဖော်တွေကော .... ( မရပါ ဘုရား )

မရတော့ဘူး။ မရတဲ့အခါကျတော့မှ သူ့အလိုလဲ တခါ ဝိပဿနာဉာဏ်နဲ့ ချေမှုန်းပစ်လိုက်တော့ မင်းဟာ ဖြစ်ပြီး-ပျက် တဲ့ အနိစ္စဘဲဆိုပြီး ဒီကနေပြီးသကာလ သူ့ ဖြစ်ပျက်ကို မြင်ပြီး

ဒီကနေရှုလိုက်တဲ့အခါကျတော့ စိတ်ဟာ စိတ်မဟုတ်တော့ဘူး။ အနိစ္စဖြစ်သွားတယ် (မှန်ပါ)။

ဒါကြောင့် စိတ္တာနုပဿနာလို့ ဆိုငြားသော်လဲ စိတ်ကို ရှုလို့ဆိုငြားသော်လဲ သမုဒယဓမ္မာနုပဿီဝါ အဖြစ်လဲရှုပါ.... (မှန်ပါ) ဝယဓမ္မာနုပဿီဝါ ပျက်မှုလဲရှုပါဆိုတော့ စိတ်ကို ရှုတာမဟုတ်တော့ဘူး....(မှန်ပါ) သဘောကျပလား....(ကျပါပြီ) ဖြစ်ပျက်ကို ရှုရာရောက်သွားတယ်လို့ မှတ်ကြစမ်းပါ....( မှန်လှပါဘုရား )။

အဲဒီဖြစ်ပျက်ရှုရာ ရောက်သွားတဲ့ ပုဂ္ဂိုလ် ဖြစ်ပျက်ကို ရှုတဲ့အခါကျတော့မှ စိတ်၏ ပင်ကိုယ်သဘောကို သိလို့ ယထာဘူတဉာဏ်ဆိုတာ ရောက်လာတယ် ....( မှန်ပါ ) စိတ်၏ ပင်ကိုယ်သဘောက ဖြစ်ပျက်ကိုး....(မှန်ပါ)။

အဲဒါသိလိုက်တော့မှ ဘာ့ဉာဏ်ရသလဲ.... ( ယထာဘူတဉာဏ်ရပါတယ်ဘုရား )။

ယထာဘူတဉာဏ်ရတယ်။ အဲဒီတော့ ယထာဘူတဉာဏ်၊ ယထာဘူတဉာဏ်ဆိုတာက "ယထာသဘာဝဇာနဉာဏံ" သူ့သဘောကို ယထာသဘာဝ ဟုတ်တိုင်း မှန်တဲ့သဘောကို ရှုတဲ့ဉာဏ်ဟာ ယထာဘူတဉာဏ်....(မှန်ပါ)။

စိတ်ပင်ကိုယ်သဘောက ဖြစ်တတ်ပျက်တတ်တဲ့သဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ အနိစ္စသဘော။

အဲ....သူ့သဘောတွေ သိတဲ့ဉာဏ်နဲ့ ကျုပ်တို့က နေကြလို့ရှိယင်ဖြင့်....တဲ့ သူဟာ ပြေးနိုင်၊ လွှားနိုင်၊ ဆွဲနိုင်၊ဆောင်နိုင်သေးသလား။ သူ့ကို ပင်ကိုယ် သဘောသိတဲ့ အတွက်တဲ့ မဂ်ဉာဏ်

အဖေါ်သဟဲတွေ ဖက်သတ်ပစ်လိုက်တယ်။ ရှင်းပလား....( ရှင်းပါပြီဘုရား )။

မဂ်ဉာဏ်နဲ့ အဖေါ်သဟဲတွေ ဖက်သတ်ပစ်လိုက်တဲ့အခါကျတော့ကိုတဲ့ အဖေါ်သဟဲ အသင်းအပင်းမရှိတဲ့ လူဟာ တကိုယ်ရေတကာယ တကောင်ကြွက်ဆိုလို့ ရှိယင် ဘာမှ အလုပ်-လုပ်လို့ အာထမမြောက်သလို စိတ်မှာလဲ အဖေါ်သဟဲ နောက်လိုက်တွေ ပဋိစ္စသမုပ္ပါဒ်နောက်လိုက်တွေ မောင်သစ် ဖျက်ပစ်လိုက်တယ်....(မှန်ပါ့)။

အဲဒါကြောင့် စိတ်တလုံးနိုင်လို့ ရှိယင် နိဗ္ဗာန်ရောက်နိုင်တယ် ဆိုတဲ့ဥစ္စာလဲ ပေါ်ကြပလား....( ပေါ်ပါပြီ ) စိတ်တလုံးနိုင်မှ နိဗ္ဗာန်ရောက်မယ်ဆိုတာ ရှင်းပလား....(ရှင်းပါပြီ)။

အေး....ဒါ့ကြောင့် တကာတကာမတွေ အခု ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတာက ' မင်းတို့က သီလ ဆိုတာ စိတ်ကို အကြမ်းထိန်းတာ....(မှန်ပါ့) ဝိပဿနာဆိုတာက စိတ်ကို အကြမ်းမဟုတ်တော့ဘူးတဲ့ စိတ်ကို ဖျက်ချလိုက်တယ်။ စိတ်သဘောကို ဖျက်ချလိုက်တယ်....(မှန်ပါ့)။

သီလဆိုတာကတော့ စိတ်ကို မင်းပြေးချင်တဲ့ဆီ မပြေးရအောင် ကာယကံ၊ဝစီကံနဲ့ ထိန်းထားတာ.. (မှန်ပါ့)သူက စိတ်ကို မဖြတ်နိုင်ဘူး။ မပြေးအောင်၊ မလွှားအောင်ဘဲ သူချုပ်နိုင်တယ်....(မှန်ပါ့) ဒါကို သီလခေါ်တယ်။ စောင့်ရှောက်တာဘဲ-(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)။

ဝိပဿနာကတော့ဖြင့် စိတ်သဘောကို ဖျက်ချ လိုက်တယ်....(မှန်ပါ့) မင်း....စိတ်သဘောကို မနေနဲ့တော့။ မင်း.... အနိစ္စဘဲ

ဆိုပြီးသကာလ အနိစ္စဉာဏ်နဲ့ သူ့ကို ခြေမှုန်းပစ်လိုက်တဲ့အခါ ကျတော့ စိတ်ဟာ စိတ်အလုပ်ကို လုပ်နိုင်သေးရဲ့လား....(မလုပ်နိုင်ပါဘုရား)။

အဲဒီတော့ သီလက စိတ်ကို တားဆီးတယ်။ မင်း မထွက်ပါနဲ့-ကွာ ဆိုပြီး ပြင်ဘက်က နေပြီး ကာကွယ်တဲ့ သဘောကလေး လောက်ရတယ်။ ဒါ့ကြောင့် သီလချည့်သက်သက် နိဗ္ဗာန်မရနိုင် (မှန်ပါ့) စိတ်ကို ခြေမှုန်းမပစ်နိုင်ဘူး....(မှန်ပါ့)။

ခြေမှုန်းပစ်နိုင်မှ " ပါပသ္မိံ ရမတိ မနော" ဆိုတဲ့ ဥစ္စာက မကောင်းမှု၌ မွေ့လျော်တဲ့ စိတ်ကို ကျုပ်တို့က ခြေမှုန်းလို့နိုင်မှ သာလျှင် တခါတည်း ကျုပ်တို့ လိုရာကို ရောက်နိုင်တယ် ဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားပါပြီ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှာလဲ စိတ်လိုက်မာန်ပါ အလုပ်တွေဟူသ၍ ဟာဖြင့် အလွဲချည့်ဘဲလို့ ဆုံးဖြတ်ချက်ချပါ (မှန်ပါ့)။

စိတ်လိုက်မာန်ပါ အလုပ်ဟူသ၍ ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (အလွဲချည့်ပါဘုရား)။

အလွဲချည့်ဘဲဆိုတော့ အဲဒီတော့ကို စိတ်ကို ခင်ဗျားတို့သည် ကားလို့ ဆိုလို့ရှိယင် ဝိပဿနာဉာဏ်နဲ့ - အုပ်မှ၊ မအုပ်လို့ရှိယင်ဖြင့် စိတ်ဟာ အာယတနလို့ ခေါ်တယ်။ မနာယတနလို့ ခေါ်တယ်-နော်....(မှန်ပါ့)။

မျက်လုံးပေါက်က စိတ်ကလဲ သူက ရူပါရုံရှိရာသာ ပြေးချင်တယ်....(မှန်ပါ့)။

မျက်လုံးစိတ်က ဘယ်ပြေးချင်သတုံး... (ရူပါရုံရှိရာသာ ပြေးချင်ပါတယ်ဘုရား) အဆင်းရှိရာ ပြေးချင်တယ်....(မှန်ပါ)။

အဆင်းဘဲ ရှင်းတဲ့ဆီ ပြေးချင်သလား... ရှုပ်ရှုပ်ရှက်ရှက် ရှိတဲ့ဆီမှ ပြေးချင်သလားလို့ မေးလို့ရှိယင် လူများများ ရှိယင် သွားကြည့်ဦးမှဘဲ....(မှန်ပါ)ပေါ်ပလား (ပေါ်ပါပြီ)ဘာတုံး အရှုပ်ကြိုက်တယ်... (မှန်ပါ- အရှုပ်ကြိုက်ပါတယ်ဘုရား)။

လူများများရှိလို့ရှိယင် ဘယ့်နှယ်တဲ့....( သွားကြည့်ဦးမှဘဲဘုရား)။

ဘာဖြစ်တာတုံးဆိုတာ သွားကြည့်ဦးမှဘဲဆိုတော့ ရှင်းရှင်းလင်းလင်းကြီး ဆိုလို့ရှိယင် ကြောက်သလိုလို လန့်သလိုလိုနဲ့ ....( မှန်ပါ )မသွားဖြစ်ဘူးဆိုတဲ့ အဓိပ္ပါယ်ကော ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဩော်....ရှုပ်ရှုပ်ကြီး ဆိုလို့ရှိယင် ဥပမာ....အန္တရာယ်ဖြစ်နေတဲ့ နေရာကျတော့ မီးလောင်လို့သော်၎င်း .... လူချင်း ရိုက်လို့သော်၎င်း.... ပုလိပ်က ဖမ်းထားလို့ စစ်ဆေးနေတဲ့ နေရာသော်၎င်း....ဒီလိုနေရာကျတော့ ဘာဖြစ်ပါလိမ့်မတုံး သွားစုံစမ်းလိုက်ဦးမှဘဲ၊ မျက်စိက အရှုပ်ကြိုက်တယ်....(မှန်ပါ)။

ဒါကြောင့် မျက်စိစိတ်ဟာ မြွေနဲ့ တူတယ်....(မှန်ပါ) မြွေများသည် မြေပေါ် လွတ်ထားလို့ရှိယင် အရှုပ်ရှာတာဘဲ၊ အဲဒီဘက် ခေါင်းလှည့်ပြီး ပြေးတာဘဲ....(မှန်ပါ)။

"ပါပသ္မိံ ရမတိ မနော...."ဆိုတာ မကိုက်သေးဘူးလား....(ကိုက်ပါတယ်ဘုရား )မကောင်းမှုရှိရာ၌ မွေ့လျော်တယ်၊ အရှုပ်ရှိတဲ့ နေရာမှ ဘာဖြစ်သတုံး....(မွေ့လျော်ပါတယ် ဘုရား)။

မွေ့လျော်တယ်ဆိုတော့ ဘယ်မှာ လူစည်တယ်ဆိုမှ.... ဘယ်ဘုရားပွဲက ခြောက်တောက်ကြီး ဆိုလို့ ရှိယင် ဘယ်သူမှ မသွားချင်ဘူး၊ သွားသေးရဲ့လား.... (မသွားပါဘုရား)။

ဘယ်ဘုရားပွဲကဖြင့် စည်လိုက်တာတဲ့....၊ ဘယ်ဘုရားပွဲထက် နှစ်ဆ သုံးဆသာသတဲ့ ဆိုလို့ရှိယင် သွားဘူးတယ်ရှိအောင် သွားဦးမှဘဲ....(မှန်ပါ့)ဘုရားပွဲသာပြောတာ၊ အပြီးသတ်တော့ အရှုပ်ဆီ သွားတာ....(မှန်ပါ့)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်သွားတာတုံး....(အရှုပ်ဆီ သွားတာပါ)အရှုပ်ဆီ သွားတာဆိုတဲ့ဥစ္စာ မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲ....ဒါကြောင့် ပါပသ္မိံ ရမတိမနော၊ မနော = စိတ်သည်၊ ပါပသ္မိံ =မကောင်းမှု၌၊(ဝါ)ရှုပ်ရှက်ခတ်တဲ့ နေရာ၌၊ ရမတိ= ပျော်ပိုက်၏၊ (ဝါ)မွေ့လျော်၏ဆိုတဲ့ဥစ္စာ သဘောကျပလား-(ကျပါပြီဘုရား)။

အေး....ဒါကြောင့် ဒီစိတ် မနိုင်သ၍ ကာလပတ်လုံး ငါဖြင့် အရှုပ်ထဲက ထွက်နိုင်ဘို့အရေး မမြင်သေးဘူးဆိုတဲ့ဥစ္စာ မှတ်ရမယ်....(မှန်ပါ့)။

အိမ်မှာ ခလေးတွေ များများရှိနေတဲ့အခါ အမေမိဘတွေက ပူတယ်သာ ပြောတာ၊ ပျော်နေတာဘဲ....(မှန်ပါ့) ခလေးတွေက ကျောင်းအသီးအသီးသွားလို့ အိမ်မှာကျိုးနွံဖုတ်ဖုတ် ဖြစ်နေလို့ရှိယင် ဒို့အိမ် ဇရပ်ကြီးဘဲ နေရတာ ကြက်သရေမရှိဘူး ပြောချင် ပြောနေတာ....(မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘာတုံး ဒါဟာ....( အရှုပ်ကြိုက်တာပါ ) အရှုပ်ကြိုက်တာ ပေါ်ကြပလား....( ပေါ်ပါပြီဘုရား ) အေး....-ဒါကြောင့်

အခုလို ယောဂီ ကျောင်းတိုက်တွေ လာနေတဲ့ .... အခါ ကျတော့ ရှင်းလို့ လင်းလို့နေတဲ့ အခါကျလို့ရှိယင်ဖြင့် ရက်က စေ့ခဲလိုက်တာလို့များ ညည်းချင် ညည်းသေးတယ်၊ ဘာဖြစ် လို့တုံး....မရှုပ်လို့....(မှန်ပါ့)။

မျက်စိက ရှင်းတဲ့နေရာကျလို့ရှိယင် မြွေလိုကိုးကွ....(မှန်ပါ့) မြွေက ရှင်းတဲ့ နေရာ လွတ်လို့ရှိယင် တခါတည်း ခြုံရှိရာ တွင်း ရှိရာ မောင်ချစ်စိန် မပြေးဘူးလား.... (ပြေးပါတယ် ဘုရား)။

အဲဒါကြောင့် မင်တို့ စိတ်သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဘယ်နေရာမှာ မွေ့လျော်လေ့ရှိတယ်ဆိုတဲ့ ဥစ္စာ ဘာမှဘုရားက အထူးပြောစရာ မလိုဘူး၊ ကိုယ့်စိတ်နဲ့ ကိုယ့်အလိုက် ကြည့်လိုက် ယင် ပေါ်လာတာဘဲ....(မှန်ပါ့) မပေါ်သေးဘူးလား....(ပေါ် ပါပြီ)ပေါ်နိုင်သည်တဲ့....၊ သေသေချာချာ မှတ်ကြပါ။

ဒါကြောင့် ခင်ဗျားတို့သည် စိတ်က မြွေနဲ့ တူပါတယ်၊ အရှုပ်ကြိုက်ပါတယ်၊ နွားက မိကျောင်းနဲ့ တူပါတယ်၊ ခပ်အေး အေး ကြိုက်တယ်နော်....(မှန်ပါ့)နွားခေါင်းက ငှက်နဲ့ တူတယ်၊ မော့ပြီး ရှူချင်၊ရှိုက်ချင်တဲ့ သဘောသတ္တိရှိပါတယ်လို့ မနေ့က ပြောခဲ့တယ်၊ လျှာကအိမ်ခွေးနဲ့ တူတယ်၊ မီးဖိုချောင်ထဲမှာ ပျော်လေ့ ရှိတယ်၊ ပြာယက်ပြီး သူ အိပ်နေရမှ၊ ထ-စားလိုက် ပြာယက်ပြီး ခွေအိပ်လိုက်၊ ဒီလိုမှ ပျော်တာကိုးနော် .... လျှာ ကလေး....(မှန်ပါ့)။

ကိုယ်ပေါက်ကတော့ တောခွေးနဲ့ တူတယ်တဲ့၊ နေစမ်းပါ ဦး....ကျောကလေး ခင်းပါရစေဦး....၊ တနေ့လုံးဟာ ကောင်း ကောင်းနေရတယ်လို့ မရှိဘူးဆိုပြီးသကာလ ကုလားထိုင်ပေါ်

တင်ပြီး အမျိုးမျိုးအဖုံဖုံ ဒီလို နေရတဲ့ အခါကျတော့ ကိုယ်ပေါက်ကလဲ ဖေါင်ဗွာရုံမှာ မွေ့လျော်တယ်နော်....(မှန်ပါ့)။

မနေ့ပေါက်ကတော့ ကြံစည်နေရမှ၊ အကြံအစည် မရှိယင် သူလဲ စိတ်ထဲ ပျင်းချောက်တယ်....(မှန်ပါ့)ဟိုဟာကလေး ကြံရ, ဒီဟာကလေး ကြံရ၊ တခါတည်း ကြံစည်နေရလို့ရှိယင် စိတ်ဟာ ပျော်နေတာဘဲ....(မှန်ပါ့)။

ဒါကြောင့် မနေ့ပေါက်ကတော့ဖြင့် မျောက်နဲ့ တူတယ်၊ အမြင့်တက်ပြီး ဟိုမျှော်....ဒီမျှော်....မျှော်နေရမှ၊ မျောက်ဟာ အောက်ချထားလို့ မရဘူး၊ အမြင့်တက်ပြီးသကာလ ဂွကြားက နေ ဟိုဘက်ကူးလိုက်....ဒီဘက်ရွေ့လိုက်၊ ဒီလို မျှော်နေရမှ ကျေနပ်တဲ့ သဘော ရှိတော့ သွားကောင် ခြောက်ကောင် ကျောင်းနေရတဲ့ သီလမရှိတဲ့ ပုထုဇန်ရှိလို့မှတ်လိုက်စမ်းပါ....( မှန်ပါ့ ) သဘောပါပလား....(ပါပါပြီဘုရား)။

သွားကောင်ခြောက်ကောင် ကျောင်းနေရတဲ့ သီလမရှိတဲ့.... ပုထုဇန်တဲ့....(မှန်ပါ့)။

အဲဒီတော့ ဘုရားက ရှေးဦးစွာ ဘာဟောလိုက်သတုံး မေးတော့မှ မင်းတို့မှာကွာ....တဲ့....အနာတွေက အပြည့်ရှိပြီးသကာလ နေတဲ့ အထဲမှာ ဆူးထဲချည်း တိုးလို့ရှိယင်ဖြင့် ကိုယ်ကျိုးနည်းတဲ့ ဥစ္စာတွေလဲ ဖြစ်ရတော့မှာ ငါမြင်တယ်ဆိုတဲ့အကြောင်း ဟောတာဘဲ....(မှန်ပါ့)။

ခန္ဓာကိုယ်ထဲမှာ အနာခြောက်မျိုး ရှိတယ်....(မှန်ပါ့) ရူပါရုံဆူးက စူးလိုက်လို့ရှိယင် မျက်လုံး တခါတည်း တဏှာ ဥပါဒါန် ကံတွေက လာတာဘဲ....(မှန်ပါ့)သဒ္ဒါရုံဆူးက စူးလိုက်လို့ ရှိယင်လဲ နားပေါက်က ကြားတဲ့ စိတ်က-နေပြီးသကာလ လိုချင်

တယ်, ပြစ်မှားတယ်, တွေ့ဝေတယ်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မလာဘူးလား....(လာပါတယ်ဘုရား)လာတာဘဲ။

နှာခေါင်းပေါက်ကလဲ အပုပ်နံ့ နံ့ယင် ဒေါမနဿဖြစ်တာဘဲ၊ ဒါ ဝိညာဏ်မပေါ်ဘဲနဲ့ မောင်သစ် ဖြစ်ပါ့မလား .... (မဖြစ်ပါဘုရား)။

ဝိညာဏ် ပေါ်ပြီး သည့် နောက် မှာ နံ တယ် ဆို ယင် .... နံတဲ့ဝိညာဏ်ကလေး ပေါ်ပြီးသည့်နောက်မှ တကာတကာမတွေ့ ပြစ်မှားတယ်၊ ဘယ်အိမ်က ဘယ်သူကြော်ပါလိမ့်မတုံး အစရှိ သည်နဲ့ ပြစ်မှားတဲ့ ဒေါသ, သောကတွေ မလာဘူးလား .... (လာပါတယ်ဘုရား)။

ကောင်းပြီ လျှာပေါက်ကလဲ ထို့အတူဘဲ၊ အချိုစားချင်လို့ အချိုကြိုက်တဲ့လူက အချိုစားမိပြန်လို့ တဏှာ, ဥပါဒါန်, ကံ လာတယ်နော်....(မှန်ပါ့) အချိုမကြိုက်တဲ့ ပုဂ္ဂိုလ်က အချိုစား မိတဲ့အခါဆိုတော့ ဒေါသ-သောက လာပြန်တယ်၊ အချိုရလို့ ရှိယင် အချိုရသရုပ်ကို ဖြစ်ပျက်မရှုမိတဲ့ပုဂ္ဂိုလ် တနည်းအားဖြင့် အချိုကိုသိတဲ့စိတ်ကို ဖြစ်ပျက် မရှုမိတဲ့ ပုဂ္ဂိုလ်ကျလို့ရှိယင် အဝိဇ္ဇာသင်္ခါရ လာတယ်။

အဲဒါကြောင့် သူကလဲ အိမ်စောင့်ခွေးနဲ့ တူတယ်ဆိုတဲ့ အဓိပ္ပါယ်ကို ပြရပြန်တယ်ဆိုတော့ ကဲ .... ဒီဥစ္စာ မနေ့ကလဲ ဟောပြီးသားဖြစ်လေသောကြောင့် ဒီနေ့ ငုတ်စိုက်ရမည့်အခြေ အနေ အလုပ်စခန်းသွင်းရမည့် အခြေအနေ ရောက်နေတော့ သားကောင် ခြောက်ကောင်ကို လည်ပင်းကြိုးတတ်ပြီး သကာလ ပုထုဇန်တယောက်တည်း တဏှာတည်းဟူသော ကြိုးနဲ့ချည်ပြီး

သကာလ အဝိဇ္ဇာတည်းဟူသော ခရီးကို ကိုင်လိုက်နေတာ ...,(မှန်ပါ့)ရှင်းပလား…(ရှင်းပါပြီဘုရား)။

သားကောင် ခြောက်ကောင်ကို တဏှာတည်းဟူသောကြိုးနဲ့ ချည်ပြီး အဝိဇ္ဇာခရီး ကိုင်လိုက်နေတော့ နေခြင်းဆိုးနဲ့ သေခြင်းဆိုးဖြစ်ပါလိမ့်မယ်....(မှန်ပါ့)မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

မျက်လုံးနောက် လိုက်သွားပြန်လို့ရှိယင် အရှုပ်ထဲ သေပွဲနဲ့ ဟင်....(မှန်ပါ) နားပေါက် လိုက်သွားပြန်လို့ရှိယင်လဲ ထို့အတူဘဲ ရေထဲသေပွဲဆင်းရဦးမယ်၊ မိကျောင်းကြိုက်တဲ့နေရာကိုး (မှန်ပါ့ဘုရား)။

နှာခေါင်းပေါက် လိုက်သွားပြန်လို့ရှိယင် ကောင်းကင်ငှက် ကြိုက်တဲ့နေရာ ဖြစ်နေတော့ ကောင်းကင်မှာဘဲ အိုပွဲ သေပွဲတွေ ဖြစ်ရတဲ့ အခြေအနေ ရောက်ပါလိမ့်မယ်။

လျှာပေါက် လိုက်သွားပြန်တော့ မီးဖိုချောင်ထဲမှာဘဲ စားရင်း- သောက်ရင်းနဲ့ သေကြတဲ့လူလဲရှိတယ်၊ မရှိဘူးလား ....(ရှိပါတယ်ဘုရား)။

ကိုယ်ပေါက်လိုက်သွားတော့ အိပ်ရာ အိပ်ခန်းမှာ အိပ်ပြီး မနက်မထနိုင်ဘဲ သေပွဲဝင်တာတွေကော(ရှိပါတယ်)ရှိတာဘဲတဲ့။

မနောပေါက်ကလဲ့ ကြံရင်းစည်ရင်းနဲ့နှလုံးနာဖြစ်ပြီးသကာလ ဟုတ်လား၊ နှလုံးထိခိုက်ပြီး သကာလ သေပွဲဝင်သွားတာတွေကော....(ရှိပါတယ်) နန်းရင်းဝန်ကြီးတွေ ဘာကြီးတွေ သမတကြီးတွေ သေကြတာတွေလေ .... (မှန်ပါ့) နှလုံးထိ သွားတယ်၊ ကြံရင်းစည်ရင်း သေသွားတယ်(မှန်ပါ့)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ပုထုဇန်တယောက်တည်းက အကြိုက်မတူတဲ့ သားကောင် ခြောက်ကောင်ကို ကျောင်းနေရတယ် .... (မှန်ပါ ဘုရား)။

ပုထုဇန် တယောက်သည် အကြိုက်မညီတဲ့ သားကောင် ခြောက်ကောင်ကို တဏှာကြိုးနဲ့ သူတို့ကိုလဲ ခင်နေတော့ အဝိဇ္ဇာနဲ့မသိသလို ကျောင်းနေပြန်တော့ ကျောင်းတဲ့ပုဂ္ဂိုလ်ဟာ ဖြင့် အနေဆိုး အသေဆိုးဘဲ၊ ပေါ်ကြပလား .... (ပေါ်ပါပြီ ဘုရား)။

ကျောင်းတဲ့ပုဂ္ဂိုလ်ဟာ .... (အနေဆိုး- အသေဆိုးပါဘုရား) အနေဆိုး-အသေဆိုးဘဲ။

အနေဆိုး ဆိုတာ ဒီသားကောင် ခြောက်ကောင်သန်ရာကို လိုက်နေရတာ၊ အဲဒီတော့ ဘယ့်နှယ်ဆိုကြမလဲ .... (အနေဆိုး ပါဘုရား)။

ဒီခြောက်ကောင် သန်ရာလိုက်ရင်းမတ္တနဲ့ ဒီတကာတကာမ တွေ သေပွဲဝင်ရတဲ့ အခါကျတော့ ဘယ့်နှယ်ဆိုကြမယ် .... (အသေဆိုးပါဘုရား)။

ဒါဖြင့် ဒီသားကောင် ခြောက်ကောင်ကို ခင်ဗျားတို့ကိုယ်က မနိုင်လို့ သူကနိုင်သွားယင် တော့ဖြင့် မောင်သစ် အနေဆိုး အသေဆိုးဘဲ....(မှန်ပါ) ကိုယ်ကနိုင်သွားလို့ရှိယင်ဖြင့် တကာ တကာမတွေ အနေကောင်း အသေကောင်းဘဲ.... (မှန်ပါ)ရှင်းပ လား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒါလောက်နက်တဲ့ တရားကို ဘုရားသခင်ကိုယ်တော် မြတ်ကြီး သဗ္ဗညုတဉာဏ်ရမှ ဟောနိုင်တယ်-(မှန်ပါ)သဗ္ဗညုတ ဉာဏ်မရယင်....(မဟောနိုင်ပါဘုရား)။

မဟောနိုင်ဘူးတဲ့၊ ဒီဥပမာထုတ်ပြီး သကာလ ဟောဘို့ရာ တဦးတယောက်လောက် ပေါ်လာဘို့ရာ အတော်ခဲယဉ်းတယ်.... (ခဲယဉ်းပါတယ်ဘုရား) အဘော်ခဲယဉ်းတယ်**တဲ့**။

နို့ သေသေချာချာ စဉ်းစားပြီး ကြည့်လိုက်တဲ့ အခါကျ တော့လဲ ဒီအတိုင်းဖြစ်နေကြတယ် .... (မှန်ပါ့) သူဘို့ဆွဲရာလိုက် နေကြတာဘဲ၊ ကိုယ့်သဘောကို ပါသေးရဲ့လား .... (မပါ-ပါ ဘုရား)။

အမောဆိုက်**လဲ** လိုက်နေတာဘဲ .... ( မှန်ပါ့ )ရောဂါကြီးနဲ့ ကော....(လိုက်နေပါတယ်ဘုရား)။

လိုက်နေတာဘဲ၊ မကင်းတရားဘုရာ့၊ မကောင်းတရားဘုရာ့နဲ့ ဟာ....ရှုပ်နေတာဘဲ.... (မှန်ပါ့) မကင်းတရားတွေ မကောင်း တရားတွေနဲ့ လိုက်လိုက်**တဲ့**ဖြစ်ခြင်းဟာ တခါတည်း ရထားနဲ့ လိုက်ရတယ် လေယာဉ်ပျံနဲ့ လိုက်ရတယ်၊အောက်ခြေလျှင် လိုက် ရတယ်ဆိုတဲ့ ကိစ္စတွေဟာ မောင်ချစ်စိန် ဘာသင်သတုံး၊ သား ကောင် ခြောက်ကောင် သန်ရာဆွဲသွားတာ မနိုင်လို့ လိုက်ရတာ (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် မနေ့ကပြောခဲ့တဲ့ နိစ္စသဘော-ဓုဝသဘောနဲ့ တယ် ဝေးပါလား....( ဝေးပါတယ် ) ခိုင်မြဲတဲ့သဘော ဟုဘ်သား- တည်တံ့တဲ့သဘော ကျုပ်တို့မှာမရှိဘူး.... (မှန်ပါ့)ဒါ စိတ်မနိုင် လို့....(မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

စိတ်မနိုင်တဲ့အတွက် ခိုင်မြဲတဲ့သဘော တည်တံ့တဲ့သဘော ဘယ့်နှယ်ဘုံး....( မရှိပါ ) မရှိဘူးဆိုတာ တကာဘကာခတွေ သေချာကြပလား .. (သေချာပါပြီဘုရား)။

အေး....ဒါကြောင့်"စိတ္တံ ဒန္တံ သုခါဝဟံ" ဆိုတဲ့ဥစ္စာ ဒီနေ့ စိတ္တံ=စိတ်ကို၊ ဒန္တံ=ယဉ်ကျေးအောင် ဆုံးမပြီးသည်ရှိသော်၊ သုခါဝဟံ=နိဗ္ဗာန်ကိုရွက်ဆောင်သည်၊ဟောတိ=ဖြစ်၏၊ဆိုတော့ ဦးတင် ဟောသင့်-မဟောသင့်.... (ဟောသင့်ပါတယ်) မဟော သင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

ဒါဟာ အသုံးမချတတ်လို့ အသုံးချတတ်လို့ရှိယင် ဒီစိတ် ကို ယဉ်ရကျေးအောင်လုပ်ပြီး သူ့ခိုင်းလို့ရှိယင်လဲ နိဗ္ဗာန်ရောက် သွားမှာဘဲ....(မှန်ပါ့) မရောက်ဘူးလား.... ( ရောက်ပါတယ် ) သူကအာရုံပြုရတာကိုး၊ နိဗ္ဗာန်အာရုံပြုတာလဲ....(မှန်ပါ့) ရှင်းပ လား....(ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် မောင်ချစ်စိန် သားကောင် ခြောက်ကောင်ဘဲ ကျောင်းနေမလားတဲ့၊ ကိုယ်ခိုင်းတဲ့ဆီကို သူတို့ရအောင်လုပ် မလားလို့ မေးဘို့အချိန် ရောက်လာပါပြီ....(မှန်ပါ့ဘုရား)။

မေးဘို့ အချိန်ရောက်လာပြီ တကာတကာမတို့။သားကောင် ခြောက်ကောင်ကို သူဆွဲရာ လိုက်မလား.... ကိုယ်နေစေချင်တဲ့ နေရာကို သူ့ကို နေစေဘို့ရာကို ထားဘို့ အချိန်ရောက်ပလား ဆိုတာကို မေးဘို့သင့်ပြီ....(မှန်ပါ့) မသင့်သေးဘူးလား....(သင့် ပါပြီဘုရား)။

အဲဒီတော့ သူတို့နောက် လိုက်နေမယ်ဆိုယင် တသံသရာလုံး လိုက်ခဲ့လို့ သေခြင်းဆိုး နေခြင်းဆိုး ဖြစ်ခဲ့ပေါ့.... (မှန်ပါ့)ဒါ ရိပ်မိလောက်ပါပြီ....(မှန်ပါ့) သူတို့နောက် လိုက်ခဲ့လို့ မောင် သစ်.... (သေခြင်းဆိုး နေခြင်းဆိုးနေခဲ့ရပါတယ်ဘုရား)။

ရေထဲ မသေဘူးလားမေးတော့....(သေခဲ့ပါတယ်)ကုန်းပေါ်

ကော....(သေခဲ့ပါတယ်ဘုရား) ကောင်းကင်မှာကော.... (သေခဲ့ပါတယ်ဘုရား)။

အဲဒါတွေက သူ့နောက်လိုက်လို့ အနေဆိုးအသေဆိုးဖြစ်ရတဲ့ အဖြစ်တွေ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် သူ့ကို နိုင်အောင် ကျုပ်တို့က ငုတ်ရိုက်ပြီးသကာလ သားကောင် ခြောက်ကောင်ကို ကွင်းကြိုးလုပ်ပြီးသကာလ ငုတ်စိုက်ပြီး ချည်ရလို့ရှိယင် မောတော့ တိုင်ခြေလာပြီး ဝပ်ကြမယ် (မှန်ပါ့) မဝပ်ပေဘူးလား....(ဝပ်ပါတယ်ဘုရား)။

တိုင်ခြေ လာဝပ်တဲ့အခါကျတော့ ကိုယ်က နိုင်တယ်လို့မဆိုနိုင်ဘူးလား....(ဆိုနိုင်ပါတယ်ဘုရား) အဲဒီတော့ ကိုယ့်စိတ်ကိုယ်နိုင်မှသာလျှင် ရမယ်ဆိုတာ မောင်သစ် သေသေချာချာမှတ်ပါ (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးတရားတော်နဲ့ လူတွေ ရောင်းဝယ်, ဖေါက်ကား, စားသောက်ပြီးသကာလ ကြံကြ စည်ကြ၊ ကိုယ့်အလုပ်တွေနဲ့ ကိုယ် ကြံကြ စည်ကြတာနဲ့ဆိုတော့ အို....တကယ့် မိုးနဲ့မြေကြီးဟာ နီးသေးတယ်။ ဟင်....(မှန်ပါ့)မိုးနဲ့မြေကြီးဟာ နီးသေးဘယ်လို့ မောင်ချစ်စိန်မှတ်ရမယ်.... ( မှန်ပါ့ ) သူတော်ကောင်းတရားနဲ့ သူယုတ်မာတရား ဒီ့ထက်ဝေးဘယ်....(မှန်ပါ့) မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

မိုးနဲ့မြေကြီးဟာ....(နီးသေးတယ်) သူတော်ကောင်းတရားနဲ့ သူယုတ်မာတရားက....(ဝေးပါတယ်ဘုရား) အဲဒါ အင်္ဂုတ္တိုရ်ပါဠိတော်မှာ အဲဒီအတိုင်းလာပြီးသကာလနေတော့ သြော်....ဒီတရားတွေ ဒီလိုသိရတော့မှ ဟုတ်သကိုးကွ။ ဒို့မှာ ဘယ်အပေါက်မှလဲ

မနိုင်ဘူး၊ သန်ရာဆွဲပြီး ဆွဲရာလိုက်နေတာဘဲ....(မှန်ပါ့) မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား) သန်ရာဆွဲနေတာဘဲ၊မျက်လုံးပေါက်က သန်ရာဆွဲလို့ရှိယင် ဘိုင်စကုတ် ခတ်ရှင်ရောက်၊ နားပေါက်က ဆွဲလို့ရှိယင် ရေဒီယိုထဲ ရောက်ချင် ရောက်သွားတာဘဲ။ နှာခေါင်းပေါက်က ဆွဲလိုက်တယ် ဆိုလို့ရှိယင် အမွှေးအကြိုင်ရှိတဲ့ဆီ ဥယျာဉ်ပန်းခြံထဲ ရောက်ချင်ရောက်သွားတာဘဲ၊ လေကောင်းလေသန့် ရှိတဲ့ဆီကော.... (ရောက်ပါတယ်ဘုရား) ပင်လယ်လေညှင်းခံ ထွက်တယ်ဆိုတာ ဒါတွေပေါ့ဗျာ....(မှန်ပါ့ဘုရား)။

လျှာပေါက်က ဆွဲလိုက်တယ်ဆို၊ ဟော်တယ် အမျိုးမျိုးတွေ အကောင်းချည့် ရှောက်ရှာကြတယ်....(မှန်ပါ့) မရှာကြဘူးလား (ရှာပါတယ်ဘုရား)။

အင်း.... ကိုယ်ပေါက်ကလဲ ဘယ်နေရာက အိပ်ရာနေခင်းကောင်းတယ်ဆိုတဲ့ နေရာမျိုးကို ဒါက ကိုယ်ပေါက်အတွက် တိုက်ကြီးတာကြီးတွေ တည်လိုက်ရတာ ဟင်....(မှန်ပါ့)သူတည်နေတာနဲ့ဘဲ ဒီမှာ သူတော်ကောင်းအလုပ် လုပ်ချိန်တောင်မရှိဘူး၊ ကိုယ်ပေါက် အလိုလိုက်နေရတာနဲ့....(မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

မနောပေါက်က လူဆိုတာ အကြံရှိမှ တော်တယ်ဆိုပြီး တသက်လုံးကြံတယ်၊ ကြံရင်းမှာ သေသွားတာဘဲ ပြီးတယ်လို့လဲ မရှိဘူး။ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီ အလိုလိုက်ပြီးနေတဲ့ သဘောတွေဟာက သားကောင်ခြောက်ကောင် မနိုင်တဲ့ သဘောတွေ တိုင်ခြေဝပ်အောင် မလုပ်

နိုင်လို့....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီ) ဘာဖြစ်လို့ တုံး....(တိုင်ခြေဝပ်အောင် မလုပ်နိုင်လို့ပါဘုရား) တိုင်ခြေဝပ် အောင် မလုပ်နိုင်လို့ဆိုတော့ ဒါဖြင့် မင်းတို့ ကဲ....ယနေ့ဖြင့် မောင်သစ်တို့ ဦးတင်တို့ တိုင်တခုတော့ ပေးထားမှာဘဲ၊ သူတို့ ကို ကိုယ်ကနိုင်အောင် ဒီတိုင်ခြေ လာဝပ်ကြပေါ့။ ဒါ....လုပ်မှ တော်တာ....(မှန်ပါ့) ဆိုတော့ စိတ္တာနုပဿနာကို တခါတည်း မင်းတို့ နောက်စိတ်လဲ မလာဘူး။ နောက် ပဋိစ္စသမုပ္ပါဒ်တွေ မလာနိုင်ဘဲနဲ့ ကိုယ့်ပေါ်တဲ့ စိတ်ကလေးကိုဘဲ ဒီစိတ်ကို တိုင်ခြေ လုပ်တယ်။စာကတော့ ကာယာနုပဿနာလို့ဆိုတယ်....(မှန်ပါ့) ဆိုပေမဲ့လဲ စိတ်လဲ စိတ္တာနုပဿနာနဲ့ရှုလဲ ရတာဘဲ။ သတိပဋ္ဌာန် လေးပါး တပါးပါးဟာ အမှန်ချည့်ဘဲ ..(မှန်ပါ့)။

အဲဒီ့စိတ် ပေါ်တိုင်း ပေါ်တိုင်း တကာ တကာမတွေက ဖြစ်ပျက် ရှုရမယ် .. (မှန်ပါ့)။

ဘာလုပ်ကြရမယ်.... (ဖြစ်ပျက်ရှုရပါမယ်ဘုရား) စိတ်ပေါ် တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုရမယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းရဲ့လား (ရှင်းပါတယ်ဘုရား) ဟ....ဘယ်စိတ်တုံးလို့ မေးမနေနဲ့။ ဘယ် စိတ်တုံး မေးလို့ရှိယင် ခင်ဗျားတို့ ကိုယ့်ဟာကိုယ် ပေါ်တာ မသိလို့ဖြစ်ပါလိမ့်မယ်....(မှန်ပါ့) ခင်ဗျားတို့ သန္တာန်၌ အရိ ယာစိတ် မပေါ်ပါဘူး.... (မှန်ပါ့) ပုထုဇန်မို့ ဘာစိတ်ပေါ် မယ်....(ပုထုဇန်စိတ်ဘဲ ပေါ်ပါမယ်ဘုရား)။

ပုထုဇန်မို့ ပုထုဇန်စိတ်ပေါ်တော့ ပုထုဇန်စိတ်ဟူသရွှေဟာလဲ မရှုကောင်းတဲ့စိတ် ရှိရဲ့လား....(မရှိပါဘုရား) မရှိဘူးတဲ့။ဘဝင် စိတ်ချန်လှပ်။ ကျန်တာတွေ အကုန်ရှု။ သဘောကျပလား.... (ကျပါပြီ)။

ဘဝင်စိတ်ချန်လှပ်ဆိုတာကတော့ ဘဝင်စိတ်က အိပ်စိတ်ကိုး၊ ကိုယ်အိပ်တာမှ ကိုယ်မသိတော့ သူ့ရှုဘို့ မလိုပါဘူး....(မှန်ပါ့) ပေါ်လာတဲ့စိတ်တွေဟူသရျှကိုဖြင့် မြင်စိတ်လာ မြင်စိတ်ရှု၊ကြား စိတ်လာ....(ကြားစိတ် ရှုရပါမယ်ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ဒီစိတ်တွေက သူလိုရာ ပြီးနိုင်သေးရဲ့လား....(မပြီးနိုင်ပါဘုရား)။

မပြီးနိုင်တဲ့အခါကျလို့ရှိယင်ဖြင့် သူ့ နောက်လိုက်တွေလဲ ဒီနေရာ တဏှာလဲ ဒီနေရာ ဝပ်ပေးရမှာဘဲ၊ ဒေါသကော.... (ဒီနေရာ ဝပ်ပေးရပါမယ်ဘုရား) ဒီနေရာတွင် မလာဘဲနဲ့သေရမယ်....(မှန်ပါ့) မောဟကော... (ဒီနေရာ ဝပ်သေရမှာပါဘဲဘုရား)။

အဲ....နို့ ဒီနေရာဝပ်သေဆိုတော့ သူလဲ မလာဘဲနဲ့ သေရမယ် ( မှန်ပါ့ )။

အဲဒီတော့ကို တကာ တကာမတို့.... ဝိပဿနာဉာဏ်သည် ခင်ဗျားတို့ စိတ်တွေကို အခြံအရံနှင့်တကွ သတ်နိုင်တယ် နိုင်အောင်လုပ်နိုင်တယ်ဆိုတာ သူအရေးကြီးတယ်.... ( မှန်ပါ့ ) သဘောပါပလား....(ပါပါပြီဘုရား)။

သူအရေးကြီးတယ်။ စိတ်ကိုနိုင်တဲ့ ဝိပဿနာဉာဏ်ဘဲ ကျုပ်တို့မှာ ခိုကိုးရာ အားထားရာရှိတယ်ကိုး....(မှန်ပါ့)။

ဒီ့ပြင်ဟာတွေတော့ဖြင့် ဒါနကလေး လုပ်လိုက်ပြန်လို့ရှိယင်လဲ တဏှာက မင်းပူတဲ့ ဒါနကြောင့် နတ်ပြည်ဆုတောင်းပါလားကွဆိုပြီး သူဆွဲရာပါသွားလို့ ဟိုနတ်ပြည်မှာ ဒုက္ခလှလှကြီး ရောက်နေတယ်....(မှန်ပါ့) မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ရောက်သွားတာဘဲတဲ့။ သမထကလေးလုပ်မည့်ကြံ မင်းပြုတဲ့ သမထကြောင့် သေသည်၏ အခြားမဲ့၌ သမထဆောင်ရာ ဗြဟ္မာ ပြည် ရောက်ပြီး သက်ဆိုးရှည်ကြီး ဖြစ်နေတယ်....(မှန်ပါ့) မရှိ ဘူးလား....(ရှိပါတယ်ဘုရား)။

အဲဒါကြောင့် ဒါ စိတ်မနိုင်တဲ့ ပုဂ္ဂိုလ်တွေသည် စိတ်ကို ခိုင်း တော့ ခိုင်းတာဘဲ၊ခိုင်းပင် ခိုင်းငြားသော်လဲ လမ်းဆုံးမခိုင်းတတ် တဲ့အတွက် လိုရာခရီး အကောင်းဆုံးကို မရောက်ဘူး.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အကောင်းဆုံးရောက်အောင် ကျုပ်တို့ ဘယ့်နှယ် လုပ်မကိုးဆိုတော့ စိတ္တာနုပဿနာ အားကိုးရမယ်.... (မှန်လှပါ ဘုရား)။

မောင်ချစ်စိန် ဒါဖြင့် စိတ္တာနုပဿနာဟာ သားကောင် ခြောက်ကောင်တို့၏ ချည်တိုင်ဘဲ....(မှန်ပါ့)။

စိတ်တလုံးကို ရှုနေလို့ရှိယင်ဖြင့် ဒီစိတ်တွေဟာ ပြေးနိုင် သေးရဲ့လား....(မပြေးနိုင်ပါဘုရား)။

အေး....မြွေနဲ့ တူတဲ့စိတ် ဟုတ်လား .. (မှန်ပါ့)မိကျောင်းနဲ့ တူတဲ့ စိတ်၊ နားစိတ်ပေါ့လေ....(မှန်ပါ့)ငှက်နဲ့ တူတဲ့ နှာခေါင်း စိတ်၊ အိမ်ခွေးနဲ့ တူတဲ့ လျှာစိတ်၊ တောခွေးနဲ့ တူတဲ့ ကိုယ်စိတ်၊ မျောက်နဲ့တူတဲ့ ကြံစိတ် စည်စိတ်၊ဒါကို တခါတည်း ကျုပ်တို့က လာသ၍ ဖြစ်ပျက်ရှုနေ....(မှန်ပါ့)။

လာသ၍ ဖြစ်ပျက်ရှုပြီးသကာလနေတော့ အင်း-သတိထားပြီး သတိတည်းဟူသော ချည်တိုင်မှာ သတိတည်းဟူသော တရားနဲ့ ချည်ထားလိုက်တဲ့ အခါကျတော့ ခုနင်က တဏှာကြိုးတွေဟာ တန်းလန်းကြီး ပြေးသေးရဲ့လား....( မပြေးပါဘုရား ) တဏှာ

ဥပါဒါန် ကံကြိုးတွေကော လိုက်သေးရဲ့လား....( မလိုက်ပါ ) သောက ပရိဒေဝ ဒေါမနဿ ကြိုးတွေကော....( မလိုက်ပါ ) အဝိဇ္ဇာ သင်္ခါရကြိုးတွေကော... (မလိုက်ပါဘုရား)။

မလိုက်တော့ကို တခါတည်း တကာတကာမတို့ စိတ္တာနုပဿနာ ချည်တိုင်မှာ မဂ္ဂင်ခြေရင်းမှာ ခေါင်းစင်းပြီး သေကြတာဘဲ (မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

မဂ္ဂင်တည်းဟူသော ကျားအောက်မှာ ဝိညာဏ် ပျောက်ကြတယ်ဆိုယင်ကော မှန်တာဘဲ....(မှန်ပါ့)။

မဂ္ဂင်တည်းဟူသော ကျားအောက်မှာ ဝိညာဏ်ပျောက်တယ်ဆိုတာလဲ မှန်တာဘဲ....(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတို့ မဂ္ဂင်နဲ့ စိတ်လာတိုင်း ဖြစ်ပျက်ရှုပါ....(မှန်ပါ့)။

စိတ်တည်းဟူသော ချည်တိုင်အောက်မှာဘဲ ခုနင်က တဏှာတည်းဟူသော ကြိုးတွေဟာလဲ ဒီနေရာမှာဘဲ ပုံပြီးသကာလ ဆွေးကြ, မြုပ်ကြမှာဘဲ၊ အဝိဇ္ဇာတည်းဟူသော အထုံးကြီးဟာလဲ ဒီနေရာမှာဘဲ ပြေရမှာဘဲ ဆိုတာ မဂ်က ဝိဇ္ဇာဖြစ်တယ်....(မှန်လှပါ)တဏှာကြိုးကတော့ မဂ်ဉာဏ်က ဖြတ်ပစ်လိုက်တယ်နော် ... (မှန်ပါ့)။

ဒါဖြင့် မဂ်ဝိဇ္ဇာလမ်းနဲ့ တဏှာကြိုးကို ဖြတ်တဲ့ အလုပ်....၊ သဘောကျပလား....(ကျပါပြီဘုရား)။

အဲဒီတော့ မဂ်တည်းဟူသော **တ**ရားသာလျှင် ကျုပ်တို့သည် ကားလို့ ဆိုလို့ရှိယင်ဖြင့် အစဉ်တစိုက် ရှုပြီးနေကြမယ်ဆိုလို့ရှိယင်ဖြင့် စိတ်ဆွဲဆောင်တိုင်း ရောက်သေးရဲ့လား....(မရောက်ပါဘုရား)။

မရောက်တော့ကို ခင်ဗျားတို့ မြင်စိတ်လာလဲ မြင်စိတ် ဖြစ်-ပျက် ရှုပါ၊ ကြားစိတ်လာလဲ ကြားစိတ် ဖြစ်-ပျက် ရှုပါဆိုပြီး .... ဆယ့်နှစ်ချက် ပေးထားတဲ့ အနက်က အမြဲ ရှုရမှာလဲ ပါပါတယ်၊ ပေါ်မှ ရှုရမှာလဲ ပါပါတယ်ဆိုတာက စိတ္တာနုပဿနာ အဖြစ်-(မှန်ပါ့)ပေါ်ကြပလား... (ပေါ်ပါပြီ)။

ဒါဖြင့် စိတ္တာနုပဿနာတည်းဟူသော ချည်ခုံ၌ ဝပ်နေပါစေ....(မှန်ပါ့)။

တဏှာ ဥပါဒါန် ကံတွေကော သေသွားပြီ၊ဒေါသ သောက တွေကော....(သေသွားပါပြီ) အဝိဇ္ဇာ သင်္ခါရတွေကော....(သေသွားပါပြီဘုရား)။

ဒီမှာဘဲ သေပါစေဆိုတော့ကို **အဲဒီ့** ကြိုးတွေ သမုဒယသစ္စာတွေ အကုန်ချုပ်ပါတယ်ဆိုတာ သဘောပါပလား.... (ပါပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဩြော်.... ဒို့အလုပ်သည်ကားလို့ ဆိုယင် စိတ္တာနုပဿနာ ချည်တိုင်ထဲမှာ ပဋိစ္စသမုပ္ပါဒ်သုံးမျိုး သေလို့ရှိယင်ဖြင့် တကာ တကာမတွေ ဖြစ်ကြောင်းတွေ သေသွားပြီ .. (မှန်ပါ့)။

ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာတွေ တတိယအကွက်မှာ ကြည့်....(မှန်ပါ့)ပဋိစ္စသမုပ္ပါဒ် တတိယအကွက်မှာနော်....(မှန်လှပါဘုရား)။

တဏှာ ဥပါဒါန် ကံ ဒေါသ သောက အဝိဇ္ဇာ သင်္ခါရဆိုတဲ့ သမုဒယသစ္စာသည် နှစ်ကွက်စလုံး သေတယ်လို့ မှတ်လိုက်တာပေါ့ .. (မှန်ပါ့) အတိတ်ကဟာလဲ့ ပစ္စုပ္ပန်ထဲ ဝင်သေတာဘဲ....(မှန်ပါ့)။

အတိတ်ကဟာလဲ....(ပစ္စုပ္ပန်ထဲ ဝင်သေပါတယ်ဘုရား) အဲ-- အတိတ်ကဟာတော့ လိုက်တော့ မသတ်နိုင်ဘူး....၊ပစ္စုပ္ပန် ပေါ် မည့် တရားထဲမှာ ရောသေသွားတယ်....၊ ၃-နံပါတ် ရောသေ သွားတယ်....(မှန်ပါ့) သဘောကျပလား....(မှန်ပါ့)။

တဏှာ ဥပါဒါန် ကံဆိုတဲ့ ၃-နံပါတ်ထဲမှာ အတိတ် အဝိဇ္ဇာ သင်္ခါရ သေတာဘဲ၊ ဒေါသ သောက ပရိဒေဝတွေကော .... (သေပါတယ်ဘုရား)။

သေတော့ကို သမုဒယ ဟူသရှ်မှာ....စိတ္တာနုပဿနာ တည်း ဟူသော ဓမ္မကို ရှုလိုက်တဲ့ အတွက်မဂ်ဝိဇ္ဇာက အဆုံးကိုလဲဖြတ် ကြိုးကိုလဲဖြတ်ပြီး သွားတဲ့အတွက် ဒီကြိုးကို ဖြတ်တဲ့ အတွက်-တဲ့၊ တကာ တကာမတို့ ခင်ဗျားတို့ လိုချင်တဲ့ဆီ ရောက်ပါတယ်၊ အဝိဇ္ဇာ့တဏှာချုပ်ပါတယ်.... ( မှန်ပါ့ )ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ဒါအဝိဇ္ဇာ တဏှာချုပ်တော့မှ အဲဒီ့အဝိုင်းကြီးရှိတဲ့ အလယ် မှာ အဝိဇ္ဇာ တဏှာဝင်ရိုးလို့ မပါဘူးလား .... (ပါ-ပါတယ် ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးဟာ အဝိဇ္ဇာတဏှာ ဘာတဲ့တုံး.... (ဝင်ရိုးပါ)အဲဒီဝင်ရိုးကို ကျိုးသွားတယ်....(မှန်ပါ့ဘုရား)။

သံသရာလှည့်တဲ့ ဝင်ရိုးကြီး ဘာဖြစ်သွားသတုံး....(ကျိုးသွား ပါတယ်)သံသရာလှည့်တဲ့ ဝင်ရိုးကြီးကျိုးသွားတယ်၊ ဝင်ရိုးကျိုး တော့ ခုနင်က ပုညာဘိသင်္ခါရဆိုတဲ့ အကန့်တွေ အပုညာဘိ သင်္ခါရ- အာနေဉ္စာဘိသင်္ခါရဆိုတဲ့ အကန့်တွေဟာ သူ့ဟာသူ ပုံကျတယ်၊ ဝင်ရိုးကျိုးပကော....(မှန်ပါ့ဘုရား)။

ဝင်ရိုးကျိုးတော့ လှည့်နိုင်သေးရဲ့လား.... ( မလှည့်နိုင်ပါ ) မလှည့်နိုင်တော့ပုံကျတယ်၊ ဇရာ့မရဏတည်းဟူသော အကွပ်တွေ လည်နိုင်သေးရဲ့လား....(မလည်နိုင်ပါဘုရား)။

မလည်နိုင်တော့ ဖြေ၍....ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာကို စိတ္တာနုပဿနာရှုတဲ့အခါ ဉာဏ်က တဏှာကိုတော့ ဖြတ်တယ်၊ အဝိဇ္ဇာကိုတော့ ဝိဇ္ဇာဖြစ်စေတယ်....(မှန်ပါ့) ဒါကလေးနှစ်လုံး မှတ်ပါ....(မှန်ပါ့ဘုရား)။

ဒါကလေးနှစ်လုံး မှတ်ပါ၊ တဏှာကိုတော့....(ဖြတ်ပါတယ်) အဝိဇ္ဇာကိုတော့....(ဝိဇ္ဇာဖြစ်စေပါတယ်) ဝိဇ္ဇာဖြစ်စေတယ်ဆိုတဲ့ ဥစ္စာ တကာတကာမတွေ ရှင်းသွားပြီ....(ရှင်းသွားပါပြီဘုရား)။

တဏှာကိုတော့.... (ဖြတ်ပါတယ်) အဝိဇ္ဇာကိုတော့ .. (ဝိဇ္ဇာဖြစ်စေပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ၂- နံပါတ် အကွက်မှာရှိတဲ့ စိတ်ဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ....ဒုက္ခသစ္စာကို ၂- နံပါတ် အကွက်ကြားထဲက နေပြီး သကာလ ဆရာဘုန်းကြီးပြောထားတယ်၊ ရေးထားတယ်၊ မဂ်သွင်းလိုက်ပါ....(မှန်ပါ့)မပြောဘူးလား (ပြောပါတယ်ဘုရား)။

မဂ်သွင်းလိုက်တဲ့ အခါကျတော့ ဘာဖြစ်သွားသတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ မဂ်သွင်းလိုက်တော့ သာသနာတွင်းရောက်တယ်၊ မဂ်မသွင်းယင် သာသနာပ .... (မှန်ပါ့)မဂ်မသွင်းယင်....(သာသနာပပါဘုရား)။

မဂ်မသွင်းယင် သာသနာပ၊ မဂ်သွင်းလို့ရှိယင် သာသနာတွင်း....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် သာသနာပ- သာသနာတွင်းဆိုတာ တကာတကာမတွေက ငါးထောင်အမှတ်ထားပြီး နေလို့မဖြစ်ဘူး.... (မှန်ပါ့) ငါးထောင်အတွင်းမှာ မိစ္ဆာဒိဋ္ဌိတွေက ဘာမှမဆိုင်ဘူး....(မှန်ပါ့ဘုရား)။

ငါးထောင်အတွင်းမှာ ကျုပ်တို့ ဝေဒနာနဲ့ တဏှာကြားမှာ ပဋိစ္စသမုပ္ပါဒ်ကြည့်လိုက်တော့ မဂ်သွင်းနိုင်တဲ့ပုဂ္ဂိုလ် သာသနာတွင်း....(မှန်ပါ့ဘုရား)။

ဝိပဿနာမဂ်သွင်းနိုင်ယင်- (သာသနာတွင်းပါ)မသွင်းနိုင်တဲ့ပုဂ္ဂိုလ်....(သာသနာပပါ) သာသနာပဆိုတာ ပေါ်လာပလား- (ပေါ်လာပါပြီဘုရား)။

အဲ ဒါကြောင့် ဒီထဲမှာ အခုတရားနာနေကြတဲ့ဥစ္စာ တော်တော်များတယ်၊ ရှုနေယင် သာသနာတွင်း ရောက်နေတယ် .... (မှန်ပါ့)မရှုယင် သာသနာ့ပြင်ဘက်ရောက်နေတယ် .... (မှန်ပါ့ဘုရား)။

ရှုနေယင်....(သာသနာတွင်း ရောက်နေပါတယ်)မရှုလို့ရှိယင် (သာသနာပရောက်ပါတယ်ဘုရား)။

မရှုတော့ တပည့်တော်တို့ ဒါန, သီလတွေနဲ့ နေသွားဘဲဆိုတော့- အို....ဒါန, သီလက သာသနာပမှာလဲ ရှိသွားဘဲ သာသနာပဘဲ....(မှန်ပါ့)ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါန,သီလက(သာသနာပ,ပါ)သာသနာတွင်းတရား မဟုတ်ပါဘူး၊ သာသနာတွင်းတရားက ဝိပဿနာအစမှ၊ သာသနာတွင်းအစကိုး (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါန, သီလ ကလေးနဲ့ တကာတကာမတွေက

တင်းတိမ်ပြီးမနေဘဲနဲ့ သာသနာ့ဘောင်း အလုပ်တွေကိုလဲ လုပ်မှ သာလျှင် သာသနာ၏ အရောင်ကိုခို့ရမှာ....(မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့် သာသနာ၏ အရောင်ဖြစ်တဲ့ နိဗ္ဗာန် တည်းဟူသော အရောင်အောက် ရောက်နိုင်ပါ့မလား .... (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်တော့ဘူး၊ ဒါန၊ သီလသည် သာသနာပတရား၊ ဝေလာမပုဏ္ဏားတို့ သာသနာပလှူတာဘဲ(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

အင်း....ဒါန၊ သီလ၊ သမထတွေတောင်မှ ဒေဝီလဆရာကြီး တို့ဟာ ဘုရားမပွင့်ခင် သာသနာပမှာ ကောင်းကင်ပျံ မြေလျှိုးနေတာဘဲ.... (မှန်ပါ့) ပေါ်ပလား.... (ပေါ်ပါပြီ)။

ဒေဝီလတို့လေ.... အာဠာရ၊ ဥဒကတို့လေ....(မှန်ပါ့) ဘုရား မပွင့်ခင် သာသနာရှိသလား.... (မရှိပါဘုရား) မရှိပေမဲ့ ဒါန သီလ သမထတွေက ရှိနေတယ်....(မှန်ပါ့) မရှိဘူးလား....(ရှိပါ တယ်ဘုရား)။

အဲဒီတော့ ဒီကြားထဲမှာ မဂ်သွင်းပါဆိုတဲ့အသွား မပါဘူး (မှန်ပါ့) ၂-နဲ့ ၃-အကူးမှာ မဂ်ဝင်ပါဆိုတဲ့အသွားကို ဘယ်သူမှ မဟောနိုင်ဘူး....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီ)။

၂-နဲ့ ၃-အဘွင်းမှာ မဂ် ဝင်ပါဆိုတဲ့ဥစ္စာ ဘယ်သူတဦး တယောက်မှ မဟောနိုင်ဘူး.... (မှန်ပါ့) ဟောယင် သစ္စာတွေ သွားမယ်....(မှန်ပါ့)။

ဒီနေရာ မဂ်ဝင်လိုက်တော့ ၂-နံပါတ်ဟာ ဒုက္ခသစ္စာသွားဖြစ် ဘယ်....(မှန်ပါ့) မဖြစ်ဘူးလား .. (ဖြစ်ပါတယ်ဘုရား) ၂-နဲ့ ၃ ကြားထဲမှာ အဆက်ကလေး ပြထားပါတယ်၊ အဲဒီ့ဥစ္စာ မဂ်နဲ့

ဖြတ်လိုက်လို့ ရှိယင် မောင်သစ် သာသနာတွင်း သွားဖြစ်တယ်.... (မှန်ပါ့) မင်္ဂနဲ့ မဖြတ်လို့ ရှိယင် ဒီဘက်ပြန်လှည့်တယ်....(မှန်ပါ့) သာသနာပအတိုင်း- သာသနာပ ရိုးရာအတိုင်း ဖြစ်ပါတယ်.... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ သာသနာတွင်း သာသနာပဆိုတာလဲ ဘာပါလိမ့်မတုံးဆိုတာ ယနေ့ ပိုရှင်းသွားပြီ.... (ရှင်းပါပြီဘုရား) မရှင်းသေးဘူးလား (ရှင်းပါပြီဘုရား) ၂-နဲ့ ၃-ကြားမှာ ဝိပဿနာ မင်္ဂဝင်နိုင်ယင် သာသနာတွင်း.... (မှန်ပါ့) မဝင်ပါဘူးဆိုတဲ့ သူကတော့....(သာသနာပပါဘုရား) သာသနာပဘဲ ဆိုတဲ့အဓိပ္ပါယ်ဟာ ပေါ်သွားပြီ....(ပေါ်သွားပါပြီ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ မနှစ်ကလဲဟော တမြန်မနှစ်ကလဲ ဟောပါတယ်၊ မောင်သစ်တို့ ကြားပါလိမ့်မယ်။ အို.... ဘုရား ဘယ်နေရာဖြစ်သတုံးဆိုတော့ ဝေဒနာနဲ့ တဏှာကြားဖြစ်တယ်....(မှန်ပါ့)မပြောဘူးလား....(ပြောပါတယ်ဘုရား)။

ဘုရား ဘယ်နေရာဖြစ်သတုံး.... (ဝေဒနာနဲ့ တဏှာကြားဖြစ်ပါတယ်ဘုရား) ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားက ဒီဉာဏ် သောတာပတ္တိမင်္ဂ, သကဒါဂါမိမင်္ဂ, အနာဂါမိမင်္ဂ, အရဟတ္တမင်္ဂ, သဗ္ဗညုတဉာဏ်ကို ဒီကြားမှာ ရသွားတယ်.... (မှန်ပါ့) ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တာမဟုတ်ပါဘူး (မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်သလား.... ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်သလား.... (ဝေဒနာနဲ့ တဏှာကြား

မှာ ဘုရားဖြစ်ပါတယ်ဘုရား) ဟိုဘက်ကူးလိုက်ယင် ဘုရားဖြစ်ပါဦးမလား....(မဖြစ်ပါဘုရား)။

မဖြစ်တော့ဘူးတဲ့....( မှန်ပါ ) ဒါဖြင့် ဝေဒနာနဲ့ တဏှာကြားမှာ ဝိပဿနာမဂ်, လောကုတ္တရာမဂ် အပြည့်အစုံပေါ်လို့ သာလျှင် ဘုရားဖြစ်သွားတယ်ဆိုတဲ့ အဓိပ္ပါယ်ဟာ ဘာမှလင်းပါးဘွယ်မလိုဘူး.... (မလိုပါဘုရား) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ် ဆိုတာက ပညတ်သမားက ပြောတာ။ ပရမတ်သမားက ပြောတော့ ဝေဒနာနဲ့ တဏှာကြားမှာ ဘုရားဖြစ်တယ်လို့ ပြောရမယ်....(မှန်လှပါဘုရား)။

ပညတ်သမားကဖြင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ဘုရားဖြစ်တယ်လို့ ဆိုရမှာဘဲ.. နော်.... ( မှန်ပါ ) ပရမတ်သမားကတော့ ဗောဓိပင်နဲ့ ရွှေပလ္လင်တက်ပြီး ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ဝင်ပြီး ဝိပဿနာ ရှုလိုက်တော့မှ ဘာဖြစ်လာသတုံး....(ဘုရားဖြစ်ပါတယ်) ဘုရားဖြစ်လာတယ်ဆိုတာ ပေါ်ကြပလား .... (ပေါ်ပါပြီ)။

ဒါဖြင့် ဘုရားဖြစ်တဲ့နေရာဟာ ခင်ဗျားတို့ အိန္ဒြိယမှာဘဲ ဖြစ်သလား....တဲ့။ ဘုရားခန္ဓာထဲမှာဘဲ ဘုရားဖြစ်သလား....( ဘုရားခန္ဓာထဲမှာ ဘုရားဖြစ်ပါတယ် ) ဒါဖြင့် ဗောဓိပင်နဲ့ ရွှေပလ္လင်ကို မပါဘူး....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အဲဒီဥစ္စာ ဒီနေရာနဲ့ပြော ပညတ်ကို ပယ်ပြီး ပရမတ်စစ်စစ်နဲ့

ပြောတော့ ဝေဒနာနဲ့ တဏှာကြားမှာ အာသဝေါ ကုန်သွားတယ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါတယ်)။

ဝေဒနာနဲ့ တဏှာကြားမှာ.... (အာသဝေါကုန်သွားတယ်) ကုန်တာ-မကုန်တာ ဘုန်းကြီးရှင်းပြတော့မှ တကာတကာမတွေ ပိုမိုပြီးရှင်းလင်းပါလိမ့်မယ်ဆိုတော့ဖြစ်ပျက်ရှုနေတယ်ဆိုကတည်းက အဝိဇ္ဇာသဝကုန်သွားတယ်....(မှန်ပါ့) မကုန်သေးဘူးလား.... (ကုန်ပါတယ်)။

ဖြစ်ပျက်ရှုလိုက်တဲ့အခါကျတော့ ဟိုဘက်က တဏှာ ဥပါဒါန်တွေ လာသေးရဲ့လား....(မလာပါဘုရား)။

အဲဒီထဲမှာ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝက ဟိုဘက်က ကုန်သွားတယ်....(မှန်ပါ့)အာသဝေါလေးပါးကို ကုန်သွားတယ် (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဒါဖြင့် အာသဝေါကုန်လို့ ဘုရားဖြစ်တာ .... ( မှန်ပါ့ ) သဘောပါပလား....(ပါ-ပါပြီ)။

ဘယ့်နှယ်ကြောင့်တုံး....(အာသဝေါကုန်လို့ ဘုရားဖြစ်တာပါဘုရား)။

အာသဝေါကုန်လို့ ဘုရားဖြစ်တာဆိုတော့ ဩော် ဒီကြားကုန်တာကိုးဆိုတာ မပေါ်လာသေးဘူးလား....(ပေါ်ပါပြီ)။

ကဲ....ဒါဖြင့် ဒီ တကာတကာမတွေမှာလဲ သောတာပန် တည်ချင်လဲ ဒီကြားမဂ်သွင်းရမယ်....(မှန်ပါ့) သကဒါဂါမ်တည်ချင်လဲ....( ဒီကြားမဂ်သွင်းရပါမယ် ) အနာဂါမ်တည်ချင်လဲ.... (ဒီ ကြား မဂ်သွင်းရပါမယ်) ရဟန္တာဖြစ်ချင်ယင်.... ( ဒီကြား

မဂ်သွင်းရပါမယ် ) ဒီကြားဘဲ ဝေဒနာနဲ့ တဏှာကြားဘဲ မဂ်သွင်းရမယ်....(မှန်ပါ့)။

အဲဒီကြားကနေပြီး ၂-နံပါတ်ဖြစ်တဲ့ ဒုက္ခသစ္စာကိုဘဲ စိတ်ကြိုက်ယင် စိတ်ရှု။ ဝေဒနာကြိုက်ယင် ဝေဒနာ ရှု....(မှန်လှပါဘုရား)။

စိတ်ကြိုက်ယင်... (စိတ်ရှုပါ) သစ္စာကြိုက်ယင်....(သစ္စာရှု) အဲ....ဓမ္မာနုပဿနာဆိုယင် သစ္စာရှု၊ ပေါ်ပလား....( ပေါ်ပါပြီဘုရား )။

ဒီနေရာမှတပါး ရှုတဲ့နေရာ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်အပေါင်း အသာဝေါကုန်သွားတဲ့ ပုဂ္ဂိုလ်အပေါင်းဟာ ဒီ နေရာမှာ မူတည်ကြတာချည့်ဘဲ....(မှန်ပါ့) ပေါ်ပလား ဦးတင်....(မှန်ပါ့)။

ဘုရား ဘယ်နေရာဖြစ်တယ်ဆိုတာ ပေါ်ပြီ (ပေါ်ပါပြီ)။

ဝေဒနာနဲ့ တဏှာကြားမှာ ဗောဓိပင်နဲ့ ရွှေပလ္လင် မဟုတ်ပါဘူး....( မှန်ပါ့ ) ဗောဓိပင်နဲ့ ရွှေပလ္လင်ကို ကာမာသဝနဲ့ ဆုတောင်းယူလို့ ရတာ....(မှန်ပါ့) ဘုရားဖြစ်လို့ ရတာ မဟုတ်ဘူး၊ သဗ္ဗညုတဉာဏ်ကြောင့် ရတာ မဟုတ်ဘူး.... နော်.... (မှန်ပါ့)။

သူ့အမိဌာန်တော့ကြည့်ပါ။ ဗောဓိပင်နဲ့ ရွှေပလ္လင် မာရ်နတ်ကြီးက လာလုတဲ့အခါ ငါဝေဿန္တရာမင်း လက်ထက်က လှူထားလို့ ပေါ်လာတာကွ ပြောနေတာ....(မှန်ပါ့) သဗ္ဗညုတဉာဏ်ကြောင့် ရတာ မဟုတ်ဘူး၊ မဟုတ်ဘူးလား.... ( မှန်လှပါဘုရား )။

ဒီ့ ပြင်ဟာတွေများ အသာထားပါဦးကွ ဝေဿန္တရာမင်း

လက်ထက်က လှူထားတဲ့ ကုသိုလ်တွေကြောင့်ရတဲ့ ပလ္လင်ပါလို့ ဆိုတာ ဘုရားကိုယ်တိုင် မြေကြီးကို သစ္စာပြုလိုက်တော့ မြေကြီးက အိုးထိန်းစက်ကဲ့သို့ လှုပ်ပြီး မာရ်နတ်မင်း စစ်တပ်တွေ ပြေးရတာ ထောက်တော့ သစ္စာညာတဉာဏ်နဲ့ တခြားစီ.... ( မှန်ပါ ) ကာမာဝစရကုသိုလ်ကြောင့် ရတာ....(မှန်ပါ) ပေါ်ကြပလား- (ပေါ်ပါပြီ)။

ဒီတော့ .... ဗောဓိပင်နဲ့ ရွှေပလ္လင် အပေါ်မှာ .... ဘုရားဖြစ်တယ်လို့ မယူပါနဲ့....တဲ့။ ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကြားထဲမှာ ဘုရားဖြစ်တာ....(မှန်ပါ) ခန္ဓာ့ပဋိစ္စသမုပ္ပါဒ် နောက်မဆက်ဘူး....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီ)။

ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်နောက်က တဏှာ ဥပါဒါန် မဆက်ဘူး.... (မဆက်ပါ) ဒေါသ သောက မဆက်လို့ .... ( မှန်ပါ ) အဝိဇ္ဇာ သင်္ခါရ....( မဆက်လို့ပါ ) မဆက်လို့ ဘုရားဖြစ်သွားတာဆိုတော့ ဩော်....ဘုရားဖြစ်တဲ့ နေရာလဲသိပဟ....(မှန်ပါ) မပေါ်သေးဘူးလား....(ပေါ်ပါပြီ)။

ဘယ်နေရာပါလိမ့်.... (ဝေဒနာနဲ့တဏှာကြားမှာပါဘုရား) အဲ....ခင်ဗျားတို့ သောတာပန်တည်ချင်လဲ ဘယ်နေရာလုပ်ရမလဲ- (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)။

ဝေဒနာနဲ့ တဏှာကြား စိတ်ရှုတော့ စိတ်ပေါ်မှာ ဒိဋ္ဌိကို ဝေဒနာနဲ့ တဏှာကြားပေါ်မှာ ရှုတဲ့ မဂ်က သတ်ပစ်လိုက်တယ်....(မှန်ပါ)။

ငါစိတ် ဟုတ်လား....။ ငါမြင်တယ်၊ ငါကြားတယ် ဆိုတာ စိတ်ကို စွဲနေတာ။ စိတ်ကကြားတာကိုးဗျ....(မှန်ပါ)။

ငါမြင်တယ်၊ ငါကြားတယ်၊ ငါလှုတယ်၊ ငါစားတယ်၊ ငါ ယားတယ်၊ ငါနာတယ်၊ ငါသိတယ် လုပ်နေတယ်။ ဟုတ်လား.... ငါမေတ္တာပို့နေတယ်၊ အစရှိသည်ဟာ ဒါ စိတ်ပေါ်မှာ စွဲတဲ့ ဒိဋ္ဌိတွေကို မောင်သစ် စိတ်ပေါ်တိုင်း ဖြစ်ပျက် ရှုလိုက်တော့.... စိတ်ပေါ်မှာ ဒိဋ္ဌိနေနိုင်သေးရဲ့လား....(မနေနိုင်ပါဘုရား)။

မနေနိုင်တော့ ပဌမမဂ်သည် ဒိဋ္ဌိသတ်တာဘဲဆိုတာ မသေချာဘူးလား....(သေချာပါတယ်ဘုရား)။

ဒါဖြင့် ပဌမမဂ်က ဒိဋ္ဌိသတ်တဲ့အတွက် ဒီ တကာတကာမတွေမှာတဲ့....သောတာပန်တည်ချင်လဲ ဝေဒနာနဲ့ တဏှာကြားမှာ မဂ်ပေါ်အောင် လုပ်ပေတော့။ စိတ်ရှုပေးပါနော်....( မှန်ပါ့ ) ရှင်းကြရဲ့လား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ရေးပေးထားတဲ့ စာရွက်ကလေးဟာ.... သာမညအဘိုးတန်တယ်လို့ မယူလိုက်ပါနဲ့။ အပါယ်လေးပါး တံခါးပိတ်တဲ့နည်း....(မှန်ပါ့)။

ဘယ်လိုဆိုကြမယ်....(အပါယ်လေးပါး တံခါးပိတ်တဲ့ နည်းပါဘုရား)။

အပါယ်လေးပါး တံခါးပိတ်တဲ့ နည်းကို ပေးတဲ့အတွက် စိတ္တာနုပဿနာဟာ အင်မတန် အဘိုးတန်သွားတယ်....(မှန်ပါ့) စိတ္တာနုပဿနာ အောင်မြင်ပြီးတဲ့ တကာတကာမတွေကျတော့.... ဘုန်းကြီးတို့က တခါ ဝေဒနာနုပဿနာ ပေးဦးမယ်နော် (မှန်လှပါဘုရား)။

အဲဒီတော့ သူ့အကန့်နဲ့ သူ သွားမှသာလျှင်လဲ လမ်းစဉ်က

ဖြောင့်ပါတယ်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)သူ့ အကန့်နဲ့ သူ မသွားလို့ရှိယင် လမ်းစဉ် ဖြောင့်ပါ့မလား.... (မဖြောင့်ပါ ဘုရား)မဖြောင့်ဘူးတဲ့။

ကဲ....ဒါဖြင့် တကာတကာမတို့ စိတ္တာနုပဿနာ ချည်တိုင် အောက်မှာ မြေ့နဲ့ တူတဲ့ သတ္တဝါတွေက ဒီတိုင်ခြေ လာဝပ်ပါ စေ-(မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

ဒီတိုင်ခြေ လာဝပ်ကျလို့ရှိယင်ဖြင့် ကိုယ်က ချည်တိုင်နဲ့ .... ကဲ .... မင်းတို့ အကုန် ဒီတိုင်ခြေ ဝပ်ကြ, ဒီတိုင်ခြေ သေကြဆို တော့ ဒီစိတ်ကို ကိုယ်နိုင်ရာ မရောက်ဘူးလား....(ရောက်ပါတယ် ဘုရား)သူတို့ဆွဲရာ ကိုယ်ပါသေးရဲ့လား....(မပါပါဘုရား)။

"စိတ္တေန နီယျတေ လောကော"ဆိုတဲ့အတိုင်း သူဆောင်ရာ ကို ကျုပ်တို့ မပါတော့ဘူး....(မှန်ပါ့)။

'စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ'ဆိုတဲ့အတိုင်း အလုံး စုံသော သတ္တဝါတွေသည် စိတ်၏အလို....စိတ်နောက်ကို လိုက် ကြရတယ်ဆိုတဲ့ ဥစ္စာလဲ မလိုက်ဖြစ်တော့ဘူး.... (မှန်ပါ့)။

"ပါပသ္မိံ ရမတိ မနော"ဆိုတဲ့အတိုင်း စိတ်နောက်လိုက်လို့ ရှိယင် မကောင်းမှု၌ မွေ့လျော်ခြင်းကြောင့် ပဋိစ္စသမုပ္ပါဒ်သုံး မျိုး ထွက်မယ်ဆိုတာလဲ သေချာသွားတဲ့အတွက် ဒါကိုကော နိုင်သွားပြီလို့ မောင်သစ် ဆိုနိုင်သလား- (ဆိုနိုင်ပါတယ်ဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် လုပ်တတ်ကြပလား(လုပ်တတ်ပါပြီ)စိတ္တာနုပဿနာ ချည့် ဖြစ်ပျက်ရှု....(မှန်ပါ့)။

ဘယ်စိတ်လာလာ ဘာလုပ်ကြမယ်....(ဖြစ်ပျက် ရှုရပါမယ်) ဘာမှ ရှုစရာမရှိယင် ဘယ်စိတ်ရှုကြမယ်....(အိမ်သည်စိတ်ကို ရှုရပါမယ်ဘုရား)။

အိမ်သည်စိတ်နှစ်ခုဆိုတဲ့ လေကို ထုတ်တဲ့စိတ်, လေကို ပြန်သွင်းတဲ့ စိတ်၊ ဒီ နှစ်ခုကို အမြဲတမ်းရှု....(မှန်ပါ့)။

ဧည့်သည်-အပြင်ဧည့်သည်လာယင်....(အပြင်ဧည့်သည် ရှုရပါမယ်ဘုရား)အတွင်းဧည့်သည်လာယင်....(အတွင်းဧည့်သည်ရှုရပါမယ်ဘုရား) အတွင်းဧည့်သည် ရှုလိုက်တဲ့အခါကျတော့ ရှုတော့ စိတ်တွေ့သလား....တကာ တကာမတို့....ဖြစ်မှု, ပျက်မှု ဒုက္ခသစ္စာ တွေ့သလား....(ဖြစ်မှု,ပျက်မှု ဒုက္ခသစ္စာ တွေ့ပါတယ်ဘုရား)။

ဟာ....ဒုက္ခသစ္စာတွေ့လို့ရှိယင် သစ္စာနုလောမိကဉာဏ် ရပြီ-(မှန်ပါ့)သာသနာပ မဟုတ်တော့ဘူး....(မှန်ပါ့) ကမ္မဿကတဉာဏ်ရယင် သာသနာပ....(မှန်ပါ့)ရှင်းပလား....( ရှင်းပါပြီ ) သစ္စာနုလောမိကဉာဏ် ရယင်....(သာသနာတွင်းပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကျောင်းဆောက်, ဘုရားတည်, ဆွမ်းကွမ်းပို့၊ ကမ္မဿကတဉာဏ်လောက်ကတော့ သာသနာပ....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

စိတ်ပေါ်တိုင်းပေါ်တိုင်း.... ဒီ တကာတကာမတွေက ဖြစ်လိုက်,ပျက်လိုက်....ဖြစ်လိုက်,ပျက်လိုက်ကလေးတွေ သိနေတော့ ဖြစ်ပျက်က တကာတကာမတို့ ဒုက္ခသစ္စာ....(မှန်ပါ့)ရှင်းပလား-(ရှင်းပါပြီဘုရား)။

ဒုတိယကွက်မှာ ဒုက္ခသစ္စာဘဲ ရေးတယ်....(မှန်ပါ့)စိတ်ကလဲ

အဲဒီထဲမှာဘဲ ရှိတယ်....(မှန်ပါ့)မနာယတနဆိုတဲ့ စိတ်ကလဲ ဒုတိယက္ခဏ်မှာဘဲ ရှိတယ်....(မှန်ပါ့)။

အဲဒါသည် စိတ်အတွက်က ဒုက္ခသစ္စာ၊ဟောဒီ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ ကြည့်လိုက်တဲ့အခါကျတော့ ဖြစ်မှု,ပျက်မှုဘဲ မတွေ့ဘူးလား....(တွေ့ပါတယ်ဘုရား)။

အဲ....ဖြစ်မှု, ပျက်မှုဘဲ တွေ့လိုက်တဲ့အတွက် ဘုန်းကြီးတို့....တကာတကာမတွေ သစ္စာနုလောမိကဉာဏ်ကို ရပါတယ် ....(မှန်ပါ့)။

ဖြစ်ပျက်ကို မြင်တဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမယ်.... (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

သစ္စာနုလောမိကဉာဏ် မှတ်လိုက်စမ်းပါ၊ သစ္စာနုလောမိကဉာဏ် ရမှ သာသနာတွင်းရောက်လာတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

သစ္စာနုလောမိကဉာဏ်ရမှ....(သာသနာတွင်း ရောက်ပါတယ်ဘုရား)။

ဖြစ်ပျက်ကိုမှ မတွေ့ဘဲနဲ့ သေသွားလို့ရှိယင် သာသနာပမွေးလို့ သာသနာပ သေသွားတယ်....(မှန်ပါ့)။

ဖြစ်ပျက်မတွေ့တဲ့ ပုဂ္ဂိုလ် ဘယ့်နှယ်ဆိုကြမယ်....(သာသနာပမွေးလို့ သာသနာပ သေသွားပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ လိုသေးတယ်....(မှန်ပါ့)မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

လိုသေးတယ်လို့ ဆိုလိုက်တယ် ဘုရားက ဒါကြောင့် ....

ပဏ္ဍာသပါဠိတော်တွေကျတော့လဲ သာသနာတွင်း- သာသနာပ ဘာထူးသတုံးကွ....မေးတဲ့အခါကျတော့ သာသနာပမှာ ကမ္မဿကတဉာဏ်သာ ရှိတယ်....(မှန်ပါ့)။

သာသနာတွင်းကျတော့ ကမ္မဿကတဉာဏ်ရော, သစ္စာနုလောမိကဉာဏ်ရော ရှိတယ်၊ဒါထူးတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

သာသနာတွင်းနဲ့-သာသနာပ ဘာထူးသတုံး မေးယင် ဘယ့်နှယ်ဖြေကြမလဲ....(သစ္စာနုလောမိကဉာဏ် ရှိတာ-မရှိတာ ထူးပါပါတယ်ဘုရား)။

အဲ....သစ္စာနုလောမိကဉာဏ်နဲ့ ကမ္မဿကတဉာဏ် နှစ်ခုစလုံး ရယင် သာသနာတွင်း....(မှန်ပါ့)တခုတည်းနေယင်--(သာသနာပ ပါဘုရား)။

အေး....ကမ္မဿကတဉာဏ်လောက် လှူတာ, ပေးတာ, ကမ်းတာနဲ့ ငါလုပ်-ငါရဆိုတာကလေးနဲ့ နေလို့ရှိယင်ဖြင့်....တဲ့ .... သာသနာပဘဲ ရှိသေးတယ်....( မှန်ပါ့ ) သဘောပါပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာတုံးလို့ မေးလို့ရှိယင် ဖြစ်ပျက်မြင်တဲ့ ဉာဏ်....(မှန်ပါ့)သဘောပါကြပလား.... (ပါပါပြီဘုရား)။

သစ္စာနုလောမိကဉာဏ်ဆိုတာ.... (ဖြစ်ပျက်မြင်တဲ့ ဉာဏ်ပါဘုရား)ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ရှင်းပလား....(ရှင်းပါပြီ)။

ဖြစ်ပြီး ပျက်တာသည် ဘာသစ္စာတုံး.... ( ဒုက္ခသစ္စာပါ ) ဒါဖြင့် သစ္စာကို မြင်တာဘဲ။ ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့်ဒီတရားအားထုတ်လာကြတဲ့တကာတကာမတွေ ဖြစ်ပျက်မြင်ဘို့ရာ သိပ်အရေးကြီးပါတယ်....(မှန်ပါ့) နောက်မှ ဖြစ်ပျက်မုန်းရမှာ၊ မြင်ပြီးမှ မုန်းဆိုတာ လာနိုင်တယ် (မှန်ပါ့) မုန်းပြီးမှ ဆုံးဆိုတာ....(လာနိုင်ပါတယ်)နို့ မဟုတ်ယင် လာနိုင်ပါ့မလား....(မလာနိုင်ပါဘုရား)။

ကဲ....ဒီအတိုင်း ကြိုးစားရမယ်၊ မြင်ပြီးမှ မုန်း၊ မုန်းပြီးမှ .... (ဆုံးပါတယ်ဘုရား)။

အဲ....ဆုံးတော့မှတဲ့....၊ ဆုံးတော့ ဖြစ်ပျက်ဆုံးဆိုတာ ခန္ဓာ ကိုယ်တကိုယ်လုံးဟာ ဖြစ်ပျက်ချည့်ဘဲ၊ သူ ဆုံးသွားတယ်ဆိုယင် ဖြင့် နိဗ္ဗာန်ပေါ့....(မှန်ပါ့)။

ဒီ့ပြင် ဘာဆိုစရာ ရှိသေးသတုံး....( မရှိပါဘုရား )ကဲ.... ဒါဖြင့် ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ငုတ်ရိုက်တတ်ပလား....(ရိုက်တတ်ပါပြီ) စိတ်ကလေး မြင်စိတ်လာလဲ မြင်စိတ် ဖြစ်ပျက်ရှု....(မှန်ပါ့)။

ကြားစိတ်လာလဲ ကြားစိတ် ဖြစ်ပျက်ရှု.... ဆိုတော့ တဏှာ ဥပါဒါန်တွေက ဒီမှာ ဝပ်ဝပ်ပြီး သေသွားတယ်....( မှန်ပါ့ ) ဒေါသ သောကတွေကကော....(ဒီမှာ ဝပ်ဝပ်သေသွားပါတယ် ဘုရား)။

စိတ္တာနုပဿနာရှုတိုင်း ဝပ်တယ်....ဟုတ်လား.... ( မှန်ပါ့ ) သောက ပရိဒေဝတွေကကော.. (ဝပ်ပါတယ်)။

ဒီနေရာမှာရှိတဲ့ အဝိဇ္ဇာ သင်္ခါရကကော....( ဝပ်ပါတယ် ) အဲ....စိတ်နောက်က သူ လိုက်ရမှာကိုး....(မှန်ပါ့)စိတ်ကို အရင် ခေါင်းချိုးထားလိုက်၊ ခြေမှုန်းထားလိုက်တဲ့ အခါကျတော့ကို

မောင်သစ်ရေ.... စိတ္တာနုပဿနာ ချည်တိုင်က ပြေးနိုင်သေးရဲ့လား....(မပြေးနိုင်ပါဘုရား)။

အဲ....မပြေးနိုင်တဲ့အခါကျတော့ သားကောင်ခြောက်ကောင်ဆွဲရာကို ကျုပ်တို့ မလိုက်ရတဲ့အတွက် အနေဆိုး- အသေဆိုးဆိုတဲ့ ကိစ္စတွေ ဇာတ်သိမ်းတယ်....(မှန်ပါ)သဘောကျပလား....(ကျပါပြီဘုရား)။

အနေဆိုး ဇာတ်သိမ်းတယ်၊ အသေဆိုးကော.... (ဇာတ်သိမ်းပါတယ်ဘုရား)။

အဲ....ဇာတ်သိမ်းတဲ့ အလုပ်ဟူသရွှေဟာဖြင့် ဒါသည် အနေဆိုး ဇာတ်သိမ်းတယ်ဆိုတာလဲ ဒုက္ခသိမ်းတာဆိုတာ.... (မှန်ပါ) အသေဆိုး ဇာတ်သိမ်းတယ်ဆိုတာ မရဏ မရှိတော့ဘူး ပြောတာဘဲ အမတ ဖြစ်ပါတယ် (မှန်ပါ) မသေရာမှန် ပြည်နိဗ္ဗာန်ရောက်တယ်လို့ဆိုတဲ့ သဘောဟာ ကျေနပ်ပလား .... (ကျေနပ်ပါပြီဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မင်းတို့ကိုမှာလိုက်တာကို ပြန်လည်အကျဉ်းချုံးလိုက်၊ အနာရှိတဲ့ပုဂ္ဂိုလ်ဆူးတောမတိုးနဲ့....(မှန်ပါဘုရား)။

ဘာတဲ့တုံး.... (အနာရှိတဲ့ပုဂ္ဂိုလ် ဆူးတောမတိုးရပါ) အဲ....ဆူးတောတိုးယင် အနာထကြမယ်....(မှန်ပါ)သဘောကျပလား-(ကျပါပြီဘုရား)။

အဲဒီတော့ အနာရှိတဲ့ပုဂ္ဂိုလ် ဆူးတောမတိုးဘဲနဲ့ ဒီအနာတွေကို အနာပေါက်တိုင်း အနာရှိတယ်ရှိတယ်လို့သိပြီးသကာလ အနာကို မင်ဆေးပေါ်တိုင်း-ပေါ်တိုင်း ကုနေကြမယ်ဆိုလို့ရှိယင် တကာတကာမတွေ ဘယ်နည်းနဲ့မှ ကျုပ်တို့နိဗ္ဗာန်မရောက်

မရှိဘူး။ နိဗ္ဗာန်ဆိုတာ အနာပျောက်တာကို နိဗ္ဗာန်ခေါ်တယ်.... (မှန်ပါ့)ဝိရာဂေါ နိဗ္ဗာန်ကိုးဗျ-နော်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ရောဂတော-ဆိုတော့ အရောဂေါ နိဗ္ဗာန်(မှန်ပါ့) ရောဂါရှိတာ ရောဂါကခန္ဓာ၊ အရောဂ- ဆိုတာက နိဗ္ဗာန်၊ သဘောပါပလား....(ပါ-ပါပြီဘုရား)။

အဲဒါကြောင့် တကာတကာမတွေသည် စိတ္တာနုပဿနာ စိတ်ဆဲ့နှစ်ချက်ကို ရှုတတ်အောင် ကြည့်ပြီးသကာလ ဒါနဲ့သာ အချိန်ကုန်လို့ရှိယင်ဖြင့် ရှေးဦးစွာ ဖြစ်မှုပျက်မှု မြင်ပါလိမ့်မယ် နောက် ရင့်ကျက်လာယင် ဖြစ်မှု ပျက်မှု မုန်းပါလိမ့်မယ်။ နောက် ဖြစ်မှုပျက်မှုသည် ဒုက္ခသစ္စာအစစ်ဘဲလို့ ကိုယ့်ဉာဏ်နဲ့ ဆုံးဖြတ်ချက် ချနိုင်လို့ရှိယင် ဖြစ်မှုပျက်မှုတွေ ပျောက်ပြီး မဖြစ်မပျက်တဲ့ နိဗ္ဗာန်ပေါ်လိမ့်မယ်.... (မှန်ပါ့) သဘောပါပလား....။ (ပါ-ပါပြီဘုရား)။

ကဲ....ဒီနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

## ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မြောက်ရှိ - ဟောကြားတော်မူသော

( ပဋိစ္စသမုပ္ပါဒ်မှထွက်ရာလမ်း )

# နေ့အလုပ်ပေး-တရားတော်

( ၁ - ၁၀ - ၆၂ )

ဂေါတမမြတ်စွာဘုရား- ဘုရားအလောင်း ဖြစ်စဉ် အခါတုန်းက တွေးကြည့်တယ်....တဲ့။ သတ္တဝါတွေ ကြည့်လိုက်တယ်၊ အိုလိုက်,သေလိုက်။ သတ္တဝါတွေ လှမ်းပြီးကြည့်လိုက်၊ အိုလိုက်,သေလိုက်။ တယ်ပင်ပန်းပါလား။ ဖြစ်ရာဘဝ အိုလိုက်,သေလိုက်နဲ့ အင်မတန် ပင်ပန်းပါးလား- ဆိုပြီးသကာလ သူ့စိတ်ထဲမှာ "ကိစ္ဆံ ဝတအယံလောကော"ဆိုတဲ့အတိုင်းတယ်ပင်ပန်းပါလား၊

အိုလိုက်,သေလိုက်၊ အိုလိုက်,သေလိုက်။ တဘဝဖြစ်ပြန်လဲ ကံပစ်ချရာဘဲ ခန္ဓာက ရောက်တယ်၊ ခန္ဓာကရောက်ရာမှာလဲ ဘယ်လိုနေရတုံးဆိုတော့ အိုလိုက် သေလိုက်နဲ့ဘဲ အချိန်ကုန်ကြရတယ်။ တယ်ပင်ပန်းပါလား၊ အင်မတန်ပင်ပန်းတဲ့အဖြစ်ကြီးနဲ့ ကြုံနေပါလားလို့ သူ့စိတ်ထဲမှာ အင်မတန်မှ ကျဉ်းကြပ်ပြီး မကောင်းသော အမှုအရာတွေ ပေါ်လာတာ ဘယ့်နှယ်ကြောင့် ဒါလောက် ဖြစ်ရာဘဝမှာ အိုလိုက်,သေလိုက် ဖြစ်ရပါလိမ့်မလဲ

ဆိုတဲ့ဥစ္စာ ကိုယ်တော်မြတ်ကြီး ဘုရားအလောင်းဖြစ်စဉ်က တွေး တောတယ်။

ဒါနဲ့ အစ ရှာမှတော်မယ်လေ၊ သစ်ပင်တပင် တွေ့လို့ရှိယင် ဖြင့် သစ်ပင်အဖျားက ဖြတ်နေယင် အလကားဘဲ၊ အရင်းကျကျ ဖြတ်မှ သူ့မျိုးပြတ်တယ် ဆိုပြီးသကာလ အရင်းရှာမှတော်မယ် ဆိုတဲ့စိတ်ဟာ ပေါ်ပေါက်လာတယ်....(မှန်ပါ့ဘုရား)။

သတ္တဝါတွေကြည့်တော့ ပင်ပန်းလှန်းလို့ နော် .... (မှန်ပါ့) ဒီအတိုင်းသာ အဖျားဖြတ်နေမယ် ဆိုလို့ရှိယင်ဖြင့် နေရာမကျ ဘူး။အရင်းဖြတ်တဲ့အလုပ်ဟာဖြင့် အမြစ်ပြတ်တဲ့အလုပ်၊နောင်ကို အညွန့် အညှောက်မပေါက်တဲ့ အလုပ်။ ဒီအလုပ်မှ နေရာကျမယ် ဆိုပြီးသကာလ သစ်ပင်ကို- နွယ်ပင်ကို အဖျားကနေပြီး မြှောက် တယ်၊ အရင်းအရိုးရှာတဲ့နည်းကို ရှာလိုက်ပါတယ်....( မှန်ပါ့ )။

နွယ်ပင်တွေမှာ ခြုံထဲမှ အပြင်ဘက်ထွက်လာတဲ့အခါ အဖျား ဖြတ်ရုံဖြင့် တညွန့်က နှစ်ညွန့်တောင် ပွားလာသေးတယ်။ အဲဒီ တော့ ဒီဟာ အမြစ်ရှာမှဘဲဆိုပြီး ရှာရသလို၊ ဘုရားအလောင်း နဲ့စဉ်အခါတုန်းက ရှာတော်မူတဲ့အခါမှာ အဖျားကမြှောက်ပြီး သကာလ အရင်းအမြစ်ကို မောင်သစ် ရှာတယ်လို့ အောက်မေ့ ရမယ်(မှန်ပါ့) သတ္တဝါအစ ရှာတာပေါ့ဗျာ နော်....(မှန်ပါ့ ဘုရား)။

အဲဒီ သတ္တဝါအစ ရှာတော့ တကာတကာမတွေ ဒီနေ့တော့ သတ္တဝါအစတွေ တွေ့ပါလိမ့်မယ်၊ တွေ့ပြီးသကာလ အစကို ဉာဏ်နဲ့ ဖြတ်လိုက်လို့ ရှိယင်ဖြင့် တခါတည်း ရောက်ရာဘဝ အိုနာသေဆိုတဲ့ အမိုက်ပွါယ်တွေဟာ အလုံးစုံအကုန်ရှင်းလင်းပြီး သကာလ သွားပါလိမ့်မယ်လို့ ဆိုတာ တရားနာတဲ့ တကာ

တကာမတွေက ဩြော်.... ဒီလိုလုပ်ယင် ဒီလိုရှင်းသကိုး ဆိုတာကိုဘဲ မှတ်ထားရပါလိမ့်မယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ သူ့စိတ်ထဲ ဘုရားအလောင်းပင်ပန်းတာနဲ့ အို့သေ့ အို့သေကြည့်လိုက်၊ ဘယ်သူ့ကြည့်လိုက်ကြည့်လိုက်အိုသေပါလာတယ်၊ ဘယ်သူ့ကြည့်လိုက်လဲ အို့သေ ပါလာတယ်။အို ခန္ဓာဖြစ်ယင် အို့သေပါတာချည့်ဘဲ။ခန္ဓာဖြစ်ယင် အို့သေပါလာတာချည့်ဘဲဆိုတာ သူ့စိတ်ထဲမြင်တော့ အင်မတန် ပင်ပန်းတော်မူတယ်....(မှန်ပါ့ဘုရား)။

အစ ရှာမယ်ကွာဆိုပြီးတော့ အဖျားတော့ တွေ့ပြီဟေ့....အဖျားကတော့ တွေ့တာအမှန်ဘဲ။အရင်းမကောင်းလို့ အဖျားမကောင်းတာဘဲ....(မှန်ပါ့ဘုရား)။

အရင်းမကောင်းလို့ အဖျားမကောင်းတာဘဲဆိုပြီးသကာလအားလုံး တကာတကာမတွေ အရင်းရှာတယ်....(မှန်ပါ့ဘုရား)။

ဒီ တကာတကာမတွေလဲ အရင်းတော့ ရှာတော့ရှာကြတာဘဲ။ ဩြော်... ကံမကောင်းလို့ အသက်တိုတိုနဲ့ သေရတယ်။ ကံမကောင်းလို့ အသက်ကလေး တိုတိုနဲ့ အနာများရတယ်။ အရင်းတော့ ရှာတော့ရှာတာဘဲ၊ကံကိုရှာတွေ့နေတယ်....(မှန်ပါ့ဘုရား)။

လွဲပါတယ်တဲ့။ကံရှာတွေ့နေတာ လွဲပါတယ် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်စာရွက်ကိုကြည့်ပါလို့ သတိပေးလိုက်တယ်နော်-(မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီအထဲမှာ စတုတ္ထနံပါတ်ကို ကြည့်လိုက်၊ ၄-နံပါတ်ကြည့်လိုက်တော့ အို့သေမတွေ့ဘူးလား- ဇရာမရဏတဲ့....(တွေ့ပါတယ်ဘုရား)။

ကြည့်ကြပါ-ကြည့်ကြပါ ဇရာမရဏတွေ့ပြီ။ဇရာမရဏဆိုတာ ဩော် .... ဘုရားအလောင်း ဖြစ်စဉ်အခါက အို သေ ဆိုတာ ဒီအိုသေနဲ့ချည့်ဘဲ ဇာတ်သိမ်းကြရတာ ပင်ပန်းလိုက်တာ ဆိုပြီး သကာလ ဒီအိုသေဘယ်ကလာပါလိမ့်မတုံး ဆိုပြီး သုရှာတဲ့ အခါကျတော့ အိုသေဆိုတဲ့ ဇရာ မရဏဟာ တကာတကာမတို့ နောက်ပြန်ဆုတ်ကြည့်ပါ ဇာတ်ကလာပါတယ် .... ( မှန်ပါ့ ) မလာဘူးလား....(လာပါတယ်ဘုရား)။

ဩော်....ဒါဖြင့် အိုသေက တခြားက လာတာမဟုတ်ပါဘူး။ ဇရာမရဏဟာ တခြားကလာတာ မဟုတ်ပါဘူး။ ပဋိသန္ဓေနေမိ လို့ လာတာဘဲဆိုတဲ့ သူ နွယ်ကိုအဖျားက မြှောက်လိုက်တော့ တောင်တောင်ကလေးတော့ဖြင့် အရင်းနားနီးလာပြီဆိုတဲ့ အဓိပ္ပါယ် ကို ရောက်ပြီ....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ လိုက်ပြီးမြှောက်ပြန်တော့ နွယ်ကြီးမြှောက်မြှောက် သွားတော့ ဇာတိဘယ်ကလာပါလိမ့်မလဲ-လို့ ဆိုတော့ တကာ တကာမတွေ့ ပဋိစ္စသမုပ္ပါဒ်ကြည့်စမ်း ဘယ်ကလာသတုံး-ဟင်.... (ကမ္မဘဝကပါဘုရား)။

ကမ္မဘဝကလာတယ်။ တခုစီနောက်ဆုတ်ပါ... ( မှန်ပါ့ ) အေး....ကမ္မဘဝကလာတယ်။

ဩော်....ကမ္မဘဝဆိုတော့ ကံပစ်ချသလို ဇာတိဖြစ်ရပါလား ဒါကြောင့် အိုသေဆိုတဲ့ ဇရာမရဏတွေ လာတာပါလား....။ အစရှိသည်နဲ့ နွယ်ကြီး အဖျားက မြှောက်မြှောက်ပြီး ရှာလိုက်တဲ့ အခါကျတော့ အဲ....ကမ္မဘဝတော့ သိပြီကွာ။

ကဲ....ဒါဖြင့် အို့သေက ဘယ်ကလာသတုံးဆိုတော့ ဇာတိက လာတယ်။ဇာတိဘယ်ကလာသတုံးဆိုတော့ကမ္မဘဝကလာတယ်။ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဪ.... ဒီကမ္မဘဝဟာလဲ ဘယ်ကများလာလို့ ဒီကံတွေ ဖြစ်ပေါ်လာပါလိမ့်မတုံးလို့ မေးတော့ မောင်သစ် ဘာလာ တွေ့သတုံး....(ဥပါဒါန်ကလာပါတယ်) တွေ့ပလား (တွေ့ပါပြီ) ဘာတွေ့သတုံး....(ဥပါဒါန်တွေ့ပါတယ်ဘုရား)။

ဪ.... စွဲလမ်းမှု ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတု ပါဒါန်, အတ္တဝါ ဒုပါဒါန်-ဆိုတဲ့ ဥပါဒါန် လေးပါးကြောင့် ဖြစ်ရတာဘဲဆိုတာ ဘုရားလောင်း ဖြစ်စဉ်အခါတုန်းက နောက် ဆုတ် တွေးလိုက်တော့ ဒါလာတွေ့တယ်နော်....(မှန်ပါ့) ရှင်းကြ ပလား....(ရှင်းပါပြီ)။

အဲဒီတော့ ကံ နေရစ်ပြီ မောင်သစ်ရေ.... ( မှန်ပါ့ ) မင်းတို့ ထင်နေတဲ့ ကံနေရစ်ပြီ....(မှန်ပါ့)။

ဘယ့်နှယ်တုံး၊ ခင်ဗျားတို့က အို-ကံမကောင်းလို့၊ နာကံ မကောင်းလို့ဟေ့....(မှန်ပါ့)မဟုတ်ပါဘူးကွ၊ နှယ်အရင်းရှာတဲ့ ဥစ္စာ အရင်းမှ မဟုတ်ဘဲနဲ့ မင်းတို့ဟာ အဖျားကို အရင်းလုပ် ထားတဲ့ အမိပ္ပါယ်ကော မရောက်ဘူးလား.... ( ရောက်ပါတယ် ဘုရား)။

အဖျားကို အရင်းလုပ်ထားတဲ့ အဓိပ္ပါယ်ရောက်ပြီးသကာလ နေတဲ့အတွက်....တဲ့....၊ ဘုရားအလောင်း နှစဉ်အခါတုန်းက ရှာ လိုက်တဲ့အခါ ဥပါဒါန် ဘယ်ကလာပါလိမ့်မလဲ....လို့ ပြန်တွေး တော့ တကာတကာမတွေ့ ဘာတွေ့ကြသတုံး.... ( တဏှာတွေ့ပါ တယ်ဘုရား)။

တဏှာတွေ့တယ်၊ ဒီတဏှာကြောင့် နိဂုံးချုပ်လိုက် မောင်သစ်အို-သေလာတယ်၊ မဟုတ်ဘူးလား... (ဟုတ်ပါတယ်ဘုရား)။

ကံ ဟုတ်သေးရဲ့လား....(မဟုတ်ပါဘုရား) မဟုတ်ပါဘူးတဲ့၊ ကံ မဟုတ်ပါဘူး တကာတကာမတို့ သေသေချာချာမှတ်ပါ..၊ ကံမကောင်းလို့ အို-ကံမကောင်းလို့နာ၊ ကံမကောင်းလို့သေလို့ ခင်ဗျားတို့က စွဲချက်ကလွဲပြီးသကာလနေတော့ လုပ်တဲ့ လူလက်သည် မဟုတ်တဲ့နဲ့ ဟုတ်လား....မဟုတ်တဲ့ လူလက်သည် ဖမ်းနေလို့ရှိယင်.... ဘယ်နည်းနဲ့မှ ဒီအမှု အမှန်ရောက်နိုင်ပါ့မလား.... (မရောက်နိုင်ပါဘုရား) ဒီအမှု အမှန်မရောက်နိုင်ဘူးဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အေး.... ဒါကြောင့်.... ဘုရားအလောင်း နုစဉ်အခါတုန်းက အို့သေသည် အင်မတန် ပင်ပန်းတဲ့အလုပ်၊ ဒါ ဘယ်က လာပါလိမ့်မတုံးလို့ နောက်ဆုတ်, နောက်ဆုတ်နဲ့ နွယ်ကြီး အဖျားက မြောက်ရှာသလိုရှာလိုက်တော့ ဒီတဏှာကလဲ ဘယ်ကမျှား လာပါလိမ့်မလဲ... လို့ မေးတဲ့အခါကျတော့ အကြံအစည် ဖြစ်လိုက်တော့ တကာတကာမတွေ ဘာတွေ့သလဲ.... ( ဝေဒနာတွေ့ပါတယ်ဘုရား) ဝေဝေဒနာတွေ့ပါတယ်။

ဝေဒနာဆိုကတည်းက ခင်ဗျားတို့ တွေ့ပြီ....၊ ခန္ဓာ တွေ့ပြီ.... (မှန်ပါ့) ဒီကျမှ ခန္ဓာလာတွေ့တယ်.... (မှန်ပါ့) ခန္ဓာကပေါက်ဖွားတာ ရှင်းပလား....(ရှင်းပါပြီ)။

ဝေဒနာ မတွေ့ဘူးလား၊ ကဲ....(တွေ့ရပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ်ကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး နုစဉ်အခါတုန်းက တွေးလိုက်ခြင်းကြောင့် တွေးလုံးကို မှန်မှန်ဖြစ်အောင်လို့ မောင်ချစ်စိန်က တွေးတတ်

အောင်လို့ မင်းတို့အတွေးလွဲလို့ရှိယင် အဖမ်းလွဲ၊ အဖမ်းလွဲလို့ ရှိယင် အသတ်လွဲ၊ အသတ်လွဲလို့ရှိယင် အညွန့်ပေါက်မှာ.... (မှန်ပါ့) အသေဖြစ်ဘဲလား၊ အညွန့်ပေါက်သွားပလား-(အညွန့် ပေါက်သွားပါပြီဘုရား)။

အဲဒါကြောင့်.... ကမ္မဝါဒီ ဒိဋ္ဌိများဟာ သိပ်ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်လာကြပလား ... (ပေါ်ပါပြီဘုရား)။

မြန်မာတွေမှာ ကမ္မဝါဒီ ဒိဋ္ဌိများတယ်၊ ဘာဖြစ်ဖြစ် ကံချည့် ချလိုက်တာဘဲ၊ ဟင်....(မှန်ပါ့)။

ဘာလေးဖြစ်ဖြစ် ဘာစွဲချက်တင်လိုက်သတုံး.... ( ကံကိုသာ စွဲချက်တင်ပါတယ်ဘုရား)။

ရောင်းကောင်းလဲ ကံဘဲ၊ ရောင်းမကောင်းလဲ ကံဘဲ- (မှန်ပါ့) သစ်ပင်အညွန့်ပေါက်တာလဲ အင်း....ကံကောင်းတော့ မိုးသည်းရွာ တယ်၊ မိုးသည်းရွာတော့ အညွန့်ပေါက်တယ်။

နေ့စဉ် ကံဘဲ ထည့်နေတော့ အတော်ခဲယဉ်းတာ ပြုသမျှကိစ္စ ကလေးတွေကိုနော်....(မှန်ပါ့)။

အဲဒီတော့ကို ဒီဝေဒနာ ဘယ်က လာပါလိမ့်မလဲလို့ တခါ ဆက်တွေးပြန်တော့ ဖဿက လာတယ်....(မှန်ပါ့)ဖဿဆိုတော့လဲ ခန္ဓာဘဲ ပြန်တွေ့တယ်၊ သဟဇာတ ခန္ဓာလာတွေ့တယ်၊ သဟဇာ တ ဆိုတာ ဝေဒနာနဲ့ ဖဿ ဘယ်တော့မှ ခွဲတာမဟုတ်ဘဲကိုး.... ဝေဒနာတွေ့တာဘဲ၊ သို့သော်... ဖဿကို အမှမ်းတင်လိုက်ပါ... (မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အင်း.... ဝေဒနာသုံးပါးကြောင့် တဏှာ ဖြစ်တယ်....၊ ဖဿ ခြေ ာက်မျိုးကြောင့် ဝေဒနာခြောက်မျိုးဖြစ်တယ်၊ ဟုတ်တယ် ..

သူ့ကြောင့်ဘဲ အို့သေတွေ လာတာဘဲ၊ အို့သေဟာ သူကချည့် လာတာ....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ကဲ.... ဒါနဲ့ ဆက်ပြီး သကာလ တွေးပြန်တော့ ဒီဖဿကလဲ ဘယ်ကမျှားလာတုံး....မိုးပေါ်ကျဘဲလား၊ဘယ့်နှယ်ကြောင့်ပေါ် ပေါက်လာပါလိမ့်မတုံး၊ သူလဲ အို့သေ လက်သည်တယောက် အပါအဝင်ဘဲ...၊ အို့သေဖြစ်ကြောင်းဘဲဆိုပြီးသကာလ တွေး လိုက်တော့ သူလဲ မိုးပေါ်ကျမဟုတ်ဘူး၊ နေဉ်....(မှန်ပါ့ဘုရား) သဠာယတနကြောင့်....(မှန်ပါ) မတွေ့သေးဘူးလား....(တွေ့ပါ ပြီဘုရား)။

သဠာယတနကြောင့် ဖြစ်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် တကာ တကာမတွေ့ ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖဿ ဘယ်က လာသကုံး.... (သဠာယတနကပါ ဘုရား) ဩြဉ်.... သဠာယတန တည်းဟူသော အကြောင်း ကြောင့် ဖဿ ဖြစ်ရတယ်ဆိုတော့ စက္ခာယတန, သောတယတန, ဃာနာယတန, ဇိဝှာယတန, ကာယာယတန, မနာယတနဆိုတဲ့ အတိုင်း ဒီအာယတနတွေကြောင့် ဖဿ ဖြစ်ရတယ်၊ ဒီ သဠာ ယတနကလဲ မိုးပေါ်ကျဘဲလား.... သူဟာ အကြောင်းကြောင့် ပေါ်လာတာဘဲလားလို့ ဆက်ပြီးသကာလ တကာတကာမတွေ့ တွေးပါဦး... တဲ့ (နာမ်ရုပ်ကြောင့်ပါဘုရား)။

နာမ်ရုပ်ကလာတယ်၊ ပဋိလောမတွေးယင်.... (မှန်ပါ့ဘုရား) နာမ်ရုပ်ရှိလို့ပေါ့၊ အို့သေလာတာဘဲဟာ.... ( မှန်ပါ့ဘုရား )

ပေါ်ကြပလား....(ပေါ်ပါပြီ) နာမ်ရုပ်မရှိယင်.... (အို့သေ မလာပါဘုရား)။

နာမ်ရုပ်မရှိယင် အို့သေ မလာပါဘူး....တဲ့....၊ ဒီတကာ တကာမတွေက အို့သေလောက် ကြောက်တယ်၊ ကျုပ်တော့.... အိုရမှာ အကြောက်ဆုံးဘဲ- သေရမှာအကြောက်ဆုံးဘဲဆိုတော့ နာမ်ရုပ်မှ မကြောက်ဘဲ ... (မှန်ပါ) နာမ်ရုပ် ကြောက်လိုက်လို့ ရှိယင် အို့သေမလာဘူး....(မှန်ပါ)။

မဟုတ်ဘူးလား၊ နာမ်ရုပ် မလိုချင် မရချင်လို့ရှိယင် အို့သေ ဘယ့်နှယ်နေပါ့မလဲ....(မလာပါဘုရား)။

အို့သေ မလာဘူး....တဲ့၊ အခုတော့ နာမ်နဲ့ရုပ်တော့ ဆု တောင်းယူကြပြီး သကာလ အို့သေကျတော့ ကြောက်နေတော့ ဦးတင် မဖြစ်နိုင်ဘူး ...(မှန်ပါ့ဘုရား) ဖြစ်နိုင်ပါ့မလား.... (မဖြစ် နိုင်ပါဘုရား)။

အဲဒါကြောင့် ဒီနာမ်ရုပ်ကလဲ တခါ မိုးပေါ်ကျဘဲလား....၊ ဘယ်လိုသော အကြောင်းကြောင့် သူပေါ်ပေါက်လာပါလိမ့် မတုံးလို့ တွေးပြန်တော့လဲ ပစ္စုပ္ပန်ဘဝမှာ ဝိညာဏ်ကြောင့်.... (မှန်ပါ)။

ဒီကျတော့ လက်သည်မိပြီ.... (မှန်ပါ) ရှင်းတယ်မဟုတ်လား (ရှင်းပါတယ်ဘုရား)။

ကဲ .. ဒါဖြင့်နာမ်ရုပ်ဟာ ဝိညာဏ်ကြောင့် လာတယ်ဆိုလိုက် တော့ ဩော်....ဝိညာဏ်ရှိလို့ နာမ်ရုပ်ပေါ်တယ်၊ နာမ်ရုပ်ရှိလို့ အို့သေလာတယ်....(မှန်ပါ) ရှင်းကြပလား....(ရှင်းပါပြီ)။

ဝိညာဏ် ရှိလို့ နာမ်ရုပ် ပေါ်တယ်....၊ နာမ်ရုပ် ရှိလို့.... (အို့သေလာပါတယ်ဘုရား) အဲဒီတော့.... နာမ်ရုပ်နဲ့ ဝိညာဏ်နဲ့ ဟာလဲ အကြောင်း အကျိုးသာ ဆိုကြတာ သူတို့ ဝိညာဏ်က အကြောင်းစစ်စစ် နာမ်ရုပ်က အကျိုးစစ်စစ်လားလို့.... ဒီလိုလဲ

ဘုရားလောင်း ဖြစ်စဉ်အခါတုန်းက တွေးလိုက်ပြန်တော့လဲ.... မဟုတ်ဘူးဟေ့.... သူတို့က "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ ဝိညာဏံ"တွေ....(မှန်ပါ့)အညမညတွေဘဲ.... (မှန်ပါ့) သဘောကျကြပလား....(ကျပါပြီ) အညမညတွေချည်းဘဲ ပေါ် ပလား....(ပေါ်ပါပြီဘုရား)။

ဝိညာဏ ပစ္စယာ....(နာမရူပံပါ)နာမရူပပစ္စယာ- (ဝိညာဏံ ပါဘုရား) ဟာ....ဒါဖြင့် နာမ်ရုပ်နဲ့ ဝိညာဏ်နဲ့ ဆိုတဲ့ ဥစ္စာ တခါတည်း ဖြစ်ဖော်ဖြစ်ဘက် ဖြစ်တယ်.... (မှန်ပါ့) သဘော ကျပလား....(ကျပါပြီ)။

ဖြစ်ဖော်ဖြစ်ဘက် ဖြစ်ပြီးသကာလ နေတော့ ဝိညာဏ်ကို ဝိညာဏခေတ် ခြောက်ပါးကိုလဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုလိုက်လို့ ရှိယင် နာမ်ရုပ်ချုပ်ရတော့မယ်.... (မှန်ပါ့) နာမ်ရုပ်ချုပ်လို့ ရှိယင် နာမ်ရုပ်ကြောင့်ဖြစ်တဲ့ သဠာယတနဟာ နေရစ်ရမှာဘဲ၊ ပေါ်နိုင်ပါဦးမလား... (မပေါ်နိုင်ပါဘုရား)။

ဒါဖြင့် သြော်.... "ဝိညာဏပစ္စယာ နာမရူပံ"လို့ ဘုရားက ဟောထားသောကြောင့် "နာမရူပပစ္စယာ ဝိညာဏံ"လို့လဲ ဟောထားသောကြောင့် သူတို့ရှိလို့ရှိယင် အို့သေလာတယ်.... (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ)။

သူတို့ရှိလို့ရှိယင် (အို့သေလာပါတယ်) ဝိညာဏ် နာမ်ရုပ် ရှိယင်... အို့သေလာပါတယ်ဘုရား) အို့သေလာတာဘဲဆိုတော့ အိုသေ ဆိုတာ ဝိညာဏ် နာမ်ရုပ်ကြောင့်....(မှန်ပါ့) ပေါ်ကြ ပလား....(ပေါ်ပါပြီ)။

အို့သေဆိုတာ ဘယ်ကလာသတုံး.... (ဝိညာဏ် နာမ်ရုပ်က လာပါတယ်) ဝိညာဏ် နာမ်ရုပ်ကြောင့် ဝိညာဏ်နဲ့ နာမ်ရုပ်က တွဲလျက်....(မှန်ပါ့)။

ဝိညာဏပစ္စယာ.... (နာမရူပံပါဘုရား) နာမရူပ ပစ္စယာ.... (ဝိညာဏံပါဘုရား) အတူတူဘဲကွ....တဲ့၊ နဠကလာပီသုတ်မှာလဲ ဟောတယ်၊ ကျူစည်းတွေ နှစ်ခုထောင်ထား၊ ထိပ်တိုက်ထောင်ထား-၊ တစည်းဆွဲယင် တစည်းလဲတာဘဲကွ....တဲ့....၊ ဒီမှာလဲ ဝိညာဏ်ချုပ်လို့ရှိယင် နာမ်ရုပ်လဲတာဘဲဆိုတာ ပေါ်ပလား.... (ပေါ်ပါပြီ)။

အဲဒီတော့ဝိညာဏ်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ပဋိသန္ဓေဝိညာဏ်, ပဝတ္တိ ဝိညာဏ်လို့ နှစ်မျိုးခွဲလိုက်... (မှန်ပါ့)။

ပဋိသန္ဓေတုန်းက ပဋိသန္ဓေစိတ်ကို ပဋိသန္ဓေဝိညာဏ်လို့ ခေါ်တယ်....(မှန်ပါ့)ယခုအခါမှာ မြင်စိတ်,ကြားစိတ်,ဘုန်းကြီးရေးထားတဲ့ ဆယ့်နှစ်ခုကို ပဝတ္တိ ဝိညာဏ်....လို့ ခေါ်တယ်.... (မှန်ပါ့) ယခုအခါမှပေါ်တဲ့ ဝိညာဏ်ပဝတ္တိဝိညာဏ် စ,စခြင်းပေါ်တဲ့ ဝိညာဏ် ပဋိသန္ဓေဝိညာဏ်.... ( မှန်ပါ့ ) သဘောကျပလား....(ကျပါပြီ)။

စ,စခြင်းပေါ်တဲ့ ဝိညာဏ်.... (ပဋိသန္ဓေ ဝိညာဏ်ပါဘုရား) ယခုအခါမှာ စိတ်တွေ ဘာစိတ် ပေါ်ပေါ်....(ပဝတ္တိဝိညာဏ်ပါဘုရား) ပဝတ္တိဝိညာဏ်လို့ တကာတကာမတွေ မှတ်လိုက်တော့ ရှင်းသွားတာပေါ့.... (မှန်ပါ့) မရှင်းဘူးလား.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒီ-ဝိညာဏ်ကို ကျုပ်တို့က အင်း....သူ့ကြောင့် အို့သေ လာတာဘဲဆိုပြီး ဝိညာဏ်ကို ကျုပ်တို့က ကဲကွာ.... မင့်ကို

ဝိညာဏ်ဘဲ ငါ-ဝိပဿနာ ရှုပါတော့မယ်ဆိုယင် အို့သေ ဇာတ်သိမ်းပါတယ်....၊ ပေါ်ပြီ ဦးတင်ရဲ့....(မှန်ပါ့)။

ဝိညာဏ်ရှုလိုက်လို့ရှိယင်.... ( အို့သေ ဇာတ်သိမ်းပါတယ်ဘုရား)။

ဝိညာဏ်နောက်က မင်္ဂလိုက်လာလို့ရှိယင်တော့.... တကာတကာမတို့ တခါတည်း တဏှာ့ဥပါဒါန်တို့ လိုက်နိုင်သေးရဲ့လား....(မလိုက်နိုင်ပါဘုရား)။

စဉ်းစားကြည့်ပါ....တဲ့၊ ဝိညာဏ်နဲ့ နာမ်ရုပ်ဆိုတာ အကုန်ပါသွားပြီ၊ ပဝတ္တိဝိညာဏ်နဲ့ဆိုယင် ပဝတ္တိဝိညာဏ်က စိတ်ကုန်တယ်၊ ဟုတ်လား....(မှန်ပါ့) နာမ်ရုပ်က စေတသိတ်ကုန်။ ရုပ်ကုန်တယ်ဆိုတော့ ဘာကျန်သေးသတုံး.... ( မကျန်ပါဘုရား )။

မကျန်တော့ ဖဿဝေဒနာဆိုတာ အစွန်းထွက်တာရှိတယ်.... ဒီဟာ နာမ်ရုပ်ထဲ ပါသွားပြီနော်.... (မှန်ပါ့) မပါဘူးလား.... (ပါ-ပါတယ်ဘုရား)။

အဲဒီတော့ ဒီထဲက ဝိညာဏ်တခုကို ကျုပ်တို့ဝိပဿနာဉာဏ်နဲ့ ရှုလိုက်ရလို့ရှိယင်ဖြင့် ခုနင်က တဏှာ-ဥပါဒါန်-ကံတွေလဲမလာ-ဇာတိဇရာ မရဏတွေကော....(မလာပါဘုရား)။

ဩော်....ဒါဖြင့် ဝိညာဏ်ရှုလို့ရှိယင် ဘာအနုပဿနာ ဖြစ်ပါ့မလဲလို့ မေးတဲ့အခါကျတော့မှ စိတ္တာနုပဿနာ....၊ ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဝိညာဏ်ရှုယင် ဘာ အနုပဿနာပါလိမ့်.... (စိတ္တာနုပဿနာပါဘုရား)။

စိတ္တာနုပဿနာဆိုတော့ ခင်ဗျားတို့ စာရွက်ကလေးတွေပေးထားတဲ့ ဩော် ... ဝိညာဏ် ချုပ်ယင် နာမ်ရုပ် ချုပ်တာဘဲ....

(မှန်ပါ့)နာမ်ရုပ်ချုပ်ယင် ဟိုဘက် ၄-နံပါတ်မှာ ရှိတဲ့ ဇရာမရဏ ကော... (ချုပ်ပါတယ်ဘုရား)။

လက်သည်အမြစ် တွေ့ပေါ့ဗျ....(တွေ့ပါပြီ) ဒါဖြင့် အမြစ် ဖြတ်ကြစို့... (မှန်ပါ့)ဆိုနိုင်ကြပလား... (ဆိုနိုင်ပါတယ်ဘုရား)။

တကာတကာမတွေ ဘယ်လို မှတ်ကြမယ်.... (အမြစ်ဖြတ်ကြ ရပါမယ်ဘုရား)။

အမြစ် ဖြတ်ရမယ်၊အမြစ်ဖြတ်ရမယ်ဆိုတော့ တကာတကာမ တို့ စိတ္တာနုပဿနာ ရှုလို့ရှိယင် အမြစ်ပြတ်ပါပြီ .. (မှန်လှပါ ဘုရား)။

ဝိညာဏပစ္စယာ နာပရူပံ၊ နာမရူပပစ္စယာ....( ဝိညာဏံပါ ဘုရား )ကဲ....တခါ သွားလိုက်ဦး၊ ဝိညာဏနိရောဓာ.... (နာမ ရူပနိရောဓော) နာမရူပနိရောဓာ....(ဝိညာဏနိရောဓော)ဟော-- သူပြတ်ယင် အကုန်ပြတ်တယ်....(မှန်ပါ)။

ဒါဖြင့် သူတို့နှစ်ခုကို ဝိညာဏ်တခုကိုဘဲ ဖြစ်ပျက် ရှုလိုက် လို့ရှိယင်ဖြင့် ဖြစ်ပျက်-မဂ်ကော ရှုတဲ့ဉစ္စာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ် ပါလိမ့်မယ်....(မှန်ပါ့)မဖြစ်ပေဘူးလား....(ဖြစ်ပါတယ်ဘုရား)။

ဖြစ်တဲ့အခါကျတော့ ဝိညာဏ်ဘဲ ချုပ်ငြိမ်းသွားပေါ့ နာမ် ရုပ်က တန်းလန်းကျန်ဦးမှာလား....(မကျန်ပါဘုရား)။

သင္ခါယတနတွေကကော....(မကျန်ပါဘုရား)အို့သေတွေက ကော .. (မကျန်ပါဘုရား)။

ဟာ....ဒါဖြင့် ဆရာဘုန်းကြီး ပေးထားတဲ့ စိတ္တာနုပဿနာ ဆိုတာ ဝိညာဏာနုပဿနာဘဲ(မှန်ပါ့) ပေါ်ပလား... (ပေါ်ပါ ပြီဘုရား)။

ဆရာဘုန်းကြီး ပေးထားတဲ့ စိတ္တာနုပဿနာဆိုတာ ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ သိမ်းလိုက်တော့ ဝိညာဏာနုပဿနာ....(မှန်ပါ့) ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

**အဲ**.. တချို့နေရာ ဝိညာဏ်သုံးတယ်၊ တချို့နေရာ စိတ်သုံးတယ်၊ သဘောကျပလား....( ကျပါပြီ ) သတိပဋ္ဌာန်နေရာမှာ စိတ်သုံးတယ်....၊ပဋိစ္စသမုပ္ပါဒ်နေရာကျတော့ ဘုရားက ဝိညာဏ်သုံးတယ်....(မှန်ပါ့)မသုံးဘူးလား....(သုံးပါတယ်ဘုရား)။

အေး....သို့သော်လဲ အတူတူဘဲဆိုတဲ့ အဓိပ္ပါယ်ကော ရှင်းကြပလား....(ရှင်းပါပြီ)စိတ်ရှုလဲ ရတာဘဲ၊ ပေါ်ကြပလား ....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ အိုသေကိုဖြင့် တပည့်တော်တို့ ကြောက်ပါတယ်၊ ရွံပါတယ်၊ မုန်းပါတယ်၊ အိုသေ မရှိရာဘဲ ရောက်ချင်ပါတယ်၊ လွမ်းချင်ပါတယ်၊ သွားချင်ပါတယ် ဆိုယင်ဖြင့် ဝိညာဏ်ကို ဆုံးအောင်ရှု....(မှန်ပါ့)မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဝိညာဏ်ကို....(ဆုံးအောင် ရှုရမှာပါဘုရား)အဲ....ဝိညာဏ်ကို ဆုံးအောင် ရှုလိုက်တော့ ရုပ်နာမ်က တွဲလောင်းကျန်သေးလား-- (မကျန်ပါ)သင်္ခါယတနက....(မကျန်ပါ) အဲ....အမြစ် ဖြတ်ပစ်လိုက်ပြီ....(မှန်ပါ့)။

တကာတကာမတို့ ဘာဖြတ်ပစ်လိုက်သလဲ....(အမြစ် ဖြတ်ပစ်လိုက်ပါတယ်ဘုရား)။

အမြစ်ဖြတ်ပစ်လိုက်တယ်လို့ ဆိုတဲ့ ဥစ္စာ ဦးတင် ဒီနေ့တရားဟာ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်ဘဲ....(မှန်ပါ့)။

မောင်ချစ်စိန် အဘိုးတန်သွားပြီ(တန်သွားပါပြီဘုရား) အခု ပေးထားတဲ့ စိတ္တာနုပဿနာဟာ တော်တော်အရင်းကျတဲ့ဟာပါ လား၊ အိုသေဖြစ်တာပါလား....(မှန်ပါ့) ပေါ်ပလား....(ပေါ် ပါပြီဘုရား)။

ဘာဖြစ်တာတုံး... (အိုသေဖြစ်တာပါ) အဲ....အိုသေ ဖြစ် တာဘဲဆိုတော့ နို့....တဏှာလဲ မဖြစ်ပါလားဆိုတော့ ဟာ.... တဏှာက ဝိညာဏ် ဖြစ်ပျက် မြင်ကတည်းကိုက မဂ် ဝင်လာလို့ တဏှာက ပြတ်နေပြီ။ လာကို မလာဘဲနဲ့ ပြတ်နေပြီ....(မှန်ပါ့) မပြတ်ဘူးလား....(ပြတ်ပါတယ်ဘုရား)။

အဝိဇ္ဇာမပြတ်ပါလားဆိုလဲ....ဟာ ဘယ့်နှယ်အဝိဇ္ဇာ မပြတ်ရ မလဲ။ ဝိညာဏ် ဖြစ်ပျက်မြင်တဲ့ဉစ္စာဘဲ။ ဝိဇ္ဇာလာတော့ အဝိဇ္ဇာ ပြတ်တာပေါ့ဆိုတော့ အာသဝဝင်ရိုး မကျိုးသေးဘူးလား .... (ကျိုးပါပြီဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီ)။

သြော်သတ္တဝါဆိုတာမှာအာသဝဝင်ရိုးလှည့်ပြီးခန္ဓာအမျိုးမျိုး နဲ့ ပြောင်းပြီးသကာလ အိုသေထမ်းပြီး လည်နေရတဲ့ အဓိပ္ပါယ် နော်....(မှန်ပါ့)အခုတော့ ဝင်ရိုးကြီးနဲ့ လှည့်နိုင်သေးရဲ့လား.... (မလှည့်နိုင်ပါဘုရား)။

ဝင်ရိုးကြီးက မလှည့်နိုင်တော့ သတ္တဝါတွေဟာ ဟိုရောက်- ဒီရောက် ရောက်နိုင်သေးရဲ့လား....(မရောက်နိုင်ပါဘုရား)။

အဲ....ဝင်ရိုးချိုးပစ်လိုက်တဲ့ အတွက် သံသရာစက်ရဟတ် ရပ် သွားပြီ မှတ်လိုက်....(မှန်ပါ့)။

ဝင်ရိုးချိုးပစ်လိုက်တဲ့အတွက် ဘယ်လိုမှတ်ကြမယ်-(သံသရာ စက်ရဟတ် ရပ်သွားပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် ဒီလို လုပ်ကြပေတော့ ခုနင်က ပြောလိုက်တဲ့ .... နှစ်ချက်ကို မောင်သစ်တို့ ဦးတင်တို့ သေသေချာချာမှတ်ရမယ် (မှန်ပါ့)အာသဝေဝင်ရိုး ကျိုးပေါ့ဟာ အဝိဇ္ဇာနှင့် တဏှာ သတ်ပြီးသား မကျသေးဘူးလား....(ကျပါပြီဘုရား)။

အဲဒီတော့ကို ဥပမာ စိတ်ကလေးတခုကို မြင်စိတ်-ကြားစိတ်-နံစိတ်-စားစိတ်-ယားစိတ်- ယံစိတ်-ကောင်းစိတ်ကို ပေါ်ရာ ဖြစ်ပျက်ရှုလိုက်ပါတယ်ဆိုတော့ ရှုတဲ့မဂ်က ဝေဒနာနဲ့ တဏှာကြားမှာ ပေါ်တာကိုး။ ဒီ့ပြင်နေရာမှာ ပေါ်မှ မပေါ်ဘဲ-(မှန်ပါ့) ပေါ်သေးရဲ့လား....(မပေါ်ပါဘုရား)။

ဝေဒနာနဲ့ တဏှာကြားပေါ်တော့ မဂ်ပေါ်ယင် တဏှာက မလာဘဲနဲ့ ချုပ်တယ်... (မှန်ပါ့)။

မဂ်ပေါ်ယင် (တဏှာက မလာဘဲနဲ့ ချုပ်ပါတယ်) လာခွင့်မရဘဲနဲ့ ချုပ်တယ်....(မှန်ပါ့)အဲဒီတော့ တဏှာသတ်တယ်ဆိုတာ မှန်ပလား....(မှန်ပါ့)။

ဖြစ်ပျက်ဆိုတဲ့ ဥစ္စာသည် ဖြစ်ပြီးပျက်တဲ့ အနိစ္စကို (ဝါ)ဖြစ်ပျက်တဲ့ ဖြစ်ဒုက္ခ, ပျက်ဒုက္ခကို မမြင်-မြင်အောင် ဝိဉာဏ်ကို ရှုနေလို့ရှိယင်လဲ ဝိဇ္ဇာဘဲ ရှိတာဘဲ။ အဝိဇ္ဇာက မြင်ကိုမမြင်ဘူး (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီ)။

ဒါဖြင့် တဏှာကတော့ မလာဘဲနဲ့ ချုပ်တယ်။ အဝိဇ္ဇာကတော့ နှင်ထုတ်လို့ ချုပ်တယ်... (မှန်ပါ့) ဒါ သေသေချာချာ မှတ်ပါ....(မှန်ပါ့)။

အဝိဇ္ဇာကတော့ ဝိဇ္ဇာက နှင်ထုတ်လို့....( ချုပ်ပါတယ် ) တဏှာကတော့....(မလာဘဲနဲ့ ချုပ်ပါတယ်)မလာဘဲနဲ့ ချုပ်....။ သဘောကျပလား....(ကျပါပြီ)။

အဲဒီတော့ အဝိဇ္ဇာကတော့ ဝိဇ္ဇာက ပယ်သောအားဖြင့် ချုပ်....နော်.... (မှန်ပါ) တဏှာကတော့ဖြင့် အနုပ္ပါဒနိရောဓ မလာဘဲနဲ့ ချုပ်အောင် လုပ်လိုက်တယ်နော်....( မှန်ပါ ) လာခွင့်မရအောင် လုပ်လိုက်သည်ဆိုတာကော ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဪ....ဒါဖြင့် အဲဒီ ပဋိစ္စသမုပ္ပါဒ် ဖြစ်ရပ်မှာ အလယ်မှာ အဝိဇ္ဇာနဲ့ တဏှာဆိုတာကြီးမပါဘူးလား....(ပါ-ပါတယ်) အဲဒါ ဝင်ရိုးကြီးဘဲ....(မှန်ပါ)အဲဒီ ဝင်ရိုးကြီး ဘာဖြစ်သွားတယ်ဆိုတာ မပေါ်သေးဘူးလား(ပေါ်ပါပြီဘုရား)။

ကျိုးသွားပြီ....(ကျိုးပါပြီ)နှစ်ခုစလုံး အသုံးချလို့ ရသေးရဲ့လား....(မရပါ)မရတော့ဘူးဆိုတဲ့ဥစ္စာ ရှင်းသွားပြီ။

အေး....ဒါကြောင့် သီလရှင်တွေရော လူတကာတကာမတွေရော ဪ .... သံသရာမလည်ချင်ယင် ဝင်ရိုးကျိုးမှပါလား.... (မှန်ပါဘုရား)။

သံသရာမလည်ချင်ယင် .... (ဝင်ရိုးကျိုးမှပါ) ဝင်ရိုးကျိုးမှ ဆိုတော့- ဒို့သည် ဝင်ရိုးကျိုးတယ်ဆိုတော့ အကန့်တွေကော အသုံးချလို့ရသေးရဲ့လား .. (မရပါဘုရား)။

အကန့်တွေ ဒေါက်တွေလဲ အသုံးချလို့မရဘူး။ ပုံဒေါင်းလဲ လည်နိုင်သေးရဲ့လား .... ( မလည်နိုင်ပါ ) ဘေးကပတ်ထားတဲ့ သံပတ်ခွေကြီးနဲ့တူတာကော....(မလည်နိုင်ပါဘုရား)။

မလည်နိုင်ပါဘူး၊ ပုံကျသွားပြီ။သဘောကျပလား.... (ကျပါပြီဘုရား)။

အဲဒီတော့ ခန္ဓာကြီးဟာ ဒီဘက်ငါးပါး၊ ဟိုဘက်ငါးပါးနဲ့ ငါးပါးနှစ်ဆယ်ဟာကော လည်သေးရဲ့လား .... ( မလည်ပါ )

အဲ....ငါးပါးနှစ်ဆယ်ဟာလဲ မလည်တော့ကို ခြင်းရာနှစ်ဆယ်လဲ ပြုတ်ထွက်သွားတယ် .... (မှန်ပါ့) မပြုတ်ဘူးလား .... (ပြုတ်ပါတယ်ဘုရား)။

အဲဒီတော့ ဝင်ရိုးဟာ ပဓာနဖြစ်နေတော့ ဝိပဿနာအလုပ်ဟာ ဘာအလုပ်ပါလိမ့်မလဲ မေးတော့ သံသရာ့ဝင်ရိုး ချိုးတဲ့အလုပ်....(မှန်ပါ့)ပေါ်ကြပလား .. (ပေါ်ပါပြီဘုရား)။

ဝိပဿနာအလုပ်ဟာ ဘာအလုပ်ပါလိမ့် .... (သံသရာ့ဝင်ရိုးချိုးတဲ့အလုပ်ပါ)သံသရာလှည့်နေတဲ့ ဘီးကြီးတွေ့ဝင်ရိုးကြီးတွေကို ချိုးတဲ့အလုပ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

သြော်....ဒါဖြင့် ရှေးကတော့ ဝင်ရိုးကျိုးမှ အေးတယ်လို့ဆိုငြားသော်လဲ ဝင်ရိုးမချိုးတတ်ဘူး....( မှန်ပါ့ ) အခုတော့ "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ဝိညာဏံ" ဆိုတော့ ဝိညာဏ်တခုကို ကျုပ်တို့က ပေါ်တဲ့ဝိညာဏ်ကို ဝိပဿနာမဂ်နဲ့ရှု။ ရှုလိုက်တဲ့အခါကျတော့ ဝိညာဏ်ဆဲ့နှစ်ပါး ရေးထားတဲ့အနက်က ပေါ်ရာကိုလိုက်။ မပေါ်လို့ရှိယင်ဖြင့် ရှုစိတ်-ရှုက်စိတ်ကိုရှု။အိမ်သည်- ဧည့်သည်ခဲ့ပြီးသကာလ ရေးထားတော့ကိုမောင်သစ် ဝိညာဏ်ချည့် အရှုခိုင်းတာ .... (မှန်ပါ့) ဝိညာဏ်ရှုတော့ နာမ်ရုပ်ပါသွားတယ်....(ပါ-ပါတယ်) မပါသေးဘူးလား (ပါပါတယ်) သဠာယတနကော ပါသွားပြီ....(မှန်ပါ့) ပါသွားပြီ ...တဲ့။

ထိုသို့ပါသွားတဲ့အတွက် ပဋ္ဌမ ၂-နံပါတ် တခုလုံးဟာ တခုရှုလိုက်ယင် အကုန်ပါတယ်မှတ်....(မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ၂-နံပါတ်အကွက်ဟာလေ (မှန်ပါ့)ဝိညာဏ်တခုရှုလိုက်တာနဲ့.... ( အကုန်ပါသွားပါတယ် ) နာမ်ရုပ်ရော

သဋ္ဌာယတနရော့ ဖဿရော မပါသေးဘူးလား.... (ပါ-ပါတယ် ဘုရား)။

အဲဒီတော့ ဒီအလုပ်- လုပ်လိုက်လို့ရှိယင် ပဌမအကွက်မှာ ရှုစရာအကွက် ပဌမအကွက်နော်....(မှန်ပါ့)ရှုရမည့်အကွက်ကတဲ့ ဒုတိယနဲ့ တတိယကြားထဲမှာ ရှိပါတယ်။ တတိယရောက်သွားလို့ ရှိယင် မောင်သစ် လွန်သွားပြီ.... ( မှန်ပါ့လွန်သွားပါပြီ ) မလွန်သေးဘူးလား....(လွန်သွားပါပြီဘုရား)။

အဲဒီတော့ကို ဒုက္ခသစ္စာနောက်က မဂ္ဂသစ္စာအကွက်ကို ဘာပြုလို့ ထည့်မရေးသတုံးလို့ မေးတဲ့ အခါကျတော့ ဟိုက သံသရာရှည်ကြီး ခရီးစဉ်ပြရတဲ့အတွက် ထည့်မရေးတော့ဘူး .... (မှန်ပါ့)ဒါက ဘုရားပွင့်မှပေါ်တဲ့အကွက်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒီအကွက်က ... (ဘုရားပွင့်မှ ပေါ်တဲ့အကွက်ပါ) အဲဒီတော့ ဘုရားမပွင့်တာက များနေတော့ ဘုရားပွင့်တဲ့အကွက်ကို သံသရာ့လေးကွက်ထဲမှာ ထည့်လို့မရဘူး၊ ရေးလို့ရပါ့မလား....(မရပါဘုရား)။

ဘုရားက ခုနစ်ရက် ခုနစ်လီ မိုးအုံ့နေတဲ့အထဲ လျှပ်စစ်လက်သလောက်ကလေးသာ သူကပွင့်တာကိုး....(မှန်ပါ့ဘုရား)။

ခုနစ်ရက် ခုနစ်လီ မိုးတွေအုံ့နေတဲ့အထဲမှာ ဖျတ်ကနဲ လျှပ်စစ်လင်းသလောက် ဘုရားပွင့်ချိန်ကရတော့ အင်မတန် အချိန်ပိုင်းက တိုတောင်းနေတယ်။ အဲဒီတော့ သူ့ထည့်ရေးလို့ ဖြစ်ပါ့မလား ...(မဖြစ်ပါဘုရား)။

အဲဒါက ဘုရားပွင့်တဲ့အခါမှာ ဘုရားသူ့ပါးစပ်က ပြောတဲ့အကွက် (မှန်ပါ့) မောင်သစ် ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ဘုရားပွင့်တဲ့အခါမှာ .... (ဘုရားပါးစပ်က ပြောတဲ့အကွက်ပါ)သူ့ပါးစပ်က မပြောခဲ့တာတွေလဲ အရှိသားဘဲ။ ဒီအကွက်ပြောကိုမပြောဘူး....(မှန်ပါ)ပြောရဲ့လား- (မပြောပါဘုရား)။

မပြောတော့ ဒီအကွက်ဟာဖြင့် သာသနာတွင်း တောင်မှမြုပ်ချီပေါ်ချီဖြစ်နေတယ်....( မှန်ပါ ) သာသနာတွင်းတောင်မြုပ်ချီပေါ်ချီ၊ မဟုတ်ဘူးလား....(မှန်ပါဘုရား)။

အဲဒီလောက်ဖြစ်နေတော့ ဒီတကာတကာမတွေ အကြောင်းသင့်ပြီးသကာလ အခွင့်ကြုံတဲ့အခါမှာ သာသနာကွက်ကလေးဟာ ဒီကြားမှာဟေ့....(မှန်ပါ)ရှင်းပလား....(ရှင်းပါပြီ) ၂-နဲ့ ၃-ကြားထဲမှာ....(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဟာ ဘယ်သူတုံး....(၂-နဲ့ ၃-ကြားမှာပါဘုရား)။

၂-နဲ့ ၃-ကြားထဲ အကွက်ကလေးယူရမယ်....(မှန်ပါ) ဒါကသာသနာတွင်းကွက်လို့ မှတ်လိုက်နော်....(မှန်ပါဘုရား)။

မောင်သစ် ထည့်လိုက်။ဟိုဟာတွေ သာသနာပချည့်ပေါ့ကွ၊ ဒုက္ခ သမုဒယ၊ ဒုက္ခသမုဒယဆိုတဲ့ အကွက်လေးကွက်ဟာ ဘယ့်နှယ်တဲ့တုံး (သာသနာပပါ) ကဲ.... သာသနာတွင်းကိုပါသေးရဲ့လား(မပါ-ပါဘုရား)။

အေး....ဒါကြောင့် ဝိပဿနာဟာ သံယုတ်အဋ္ဌကထာ ဆရာတွေက သာသနာတွင်းမှာ ပေါ်တယ်ဆိုတဲ့ဥစ္စာ၊ ကဲ....သာသနာတွင်းတောင် မြုပ်ချီပေါ်ချီ....(မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ....(သာသနာတွင်းတောင် မြုပ်ချီ-ပေါ်ချီပါဘုရား)။

ကဲ....ဒါဖြင့် မင်းတို့ဟာ အခုဒီအကွက်ကလေးထဲမှာ ကိုယ်ရှုလိုက်သည်နဲ့တပြိုင်နက်တည်း ကိုယ့်ဟဒယဝတ္ထုပေါ်၌ ဒီမင်စိတ်ကလေး- မဂ္ဂင်ငါးပါးကလေး မပေါ်ဘူးလား .... (ပေါ်ပါတယ်ဘုရား)။

ဘယ်အကွက်တုံး မေးလို့ရှိယင် သူ့အတွက် အကွက်မရှိဘူးဘုရား- လုပ်တဲ့အချိန် ပေါ်လာတာဘဲ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

လုပ်တဲ့အချိန်....(ပေါ်လာပါတယ်)မလုပ်တဲ့အချိန်ဒီအကွက်ဟာ ဟိုဘက်ဆက်နေတယ်....(မှန်ပါ့) ဝေဒနာပစ္စယာတဏှာဟုတ်လား .... ( မှန်ပါ့ ဘုရား ) ဝေဒနာပစ္စယာ တဏှာနဲ့တကာတကာမတွေ့ ဆက်မနေဘူးလား.... (ဆက်နေပါတယ်ဘုရား) အဲဒီတော့ ခင်ဗျားတို့ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် သြော်....တနေ့ကို ၂-ကနေပြီး ၃-ကျအောင် ဘယ်ကိုဖေါက်ပြန်ကြသတုံးလို့ မေးလို့ရှိယင် ဘယ့်နှယ် ဖြေစရာ.. (မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူး။

ဒါဖြင့် ၂-ကနေပြီး ၂-ကဝိညာဏ်ကစပ်လိုက်တော့ ဝိညာဏ်မရှုမိလို့ ဟင်....(မှန်ပါ့) နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ ပွားလိုက်ပြန်ရော....(မှန်ပါ့) မျက်လုံးဖွင့်လိုက်ပြန်လဲ ကံရောက်သွားတယ်....(မှန်ပါ့)။

ကဲ.... နားက ထောင်လိုက်ပြန်တော့ နားဝိညာဏ်ပြီးတော့ တဏှာ ဥပါဒါန် ကံ မပွားဘူးလား ... (ပွားပါတယ်ဘုရား) နှာခေါင်းဝိညာဏ် ဖွင့်လိုက်ပြန်တော့ကောကွာ.... ( ကံရောက်သွားပါတယ်ဘုရား)။

မင်းတို့ ကံပွားတွေ ဆိုလို့ရှိယင် လဲ့ပါ့မလား— (မလဲ့ပါဘုရား) ဒါဖြင့် ဇာတိပွားမယ်၊ ဇရာမရဏကော.... ( ပွားပါမယ်ဘုရား)။

ပွားမှာဘဲဆိုတဲ့ အဓိပ္ပါယ်က အကြောင်းအကျိုး လုပ်ထားတာ အကြောင်းဖြတ်တရား မလာသေးသ၍ ကာလပတ်လုံး ဒီ.... အကြောင်းတွေဟာ အကျိုးပေးနေမယ်....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါကြောင့်မို့ အခု ဘာလုပ်နေတာတုံး....လို့ မေးတော့မှ တကာတကာမတွေ ခင်ဗျားတို့ သိရုံကလေးနဲ့မျှားတော့ ဘယ်နည်းနဲ့မှ ဒီအကြောင်းက ဒီနေရာမှာမပြတ်ဘူး....(မှန်ပါ့) ပွားမှပြတ်မယ်....(မှန်ပါ့ဘုရား)ပေါ်ကြပလား- (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်လဲ....(သိရုံနဲ့ မပြတ်ပါဘုရား.... ပွားမှပြတ်ပါမယ်ဘုရား) ပွားမှပြတ်မယ်ဆိုတာ တကာတကာမတွေရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ရိုးတီးယားတားလုပ်ပြီးသကာလဟာ... ငါတို့ လှူတန်းထားတာဘဲ၊ ပေးထားတာဘဲ၊ ကမ်းထားတာဘဲ၊ သီလကလေးမြဲတာဘဲ၊ ဆရာသမားဆီ နားထောင်လို့ အတော်အသိဉာဏ်ကလေးလဲ ပွားတာဘဲ ဒါလောက်နဲ့ မရဘူး ကိုယ်တိုင်ပွားမှ ကိုယ့်သန္တာန် မဂ်ရောက်လာမယ်.... (မှန်ပါ့) ကိုယ့်မဂ်ရောက်လာမှ ခုနင်ကကံ မမြောက်မယ်.... (မှန်ပါ့)။

မဂ်မရှိသ၍.... (ကံမြောက်နေပါမယ်ဘုရား) ကံမြောက်နေတော့ ဒီကံတွေကို ဘုန်းကြီး ခဏခဏပြောတယ်၊ တဏှာက စုဆောင်းထားတယ်....(မှန်ပါ့)။

တကာ့တကာ့မတွေ့ ဒီ....ကံတွေဘာတဲ့....(တဏှာကစုဆောင်းထားပါတယ်ဘုရား) တဏှာက စုဆောင်းထားဘယ်။ ကံတွေ့ကို (တဏှာက စုဆောင်းထားပါတယ်ဘုရား)။

တဏှာက စုဆောင်းထားတော့ တဏှာရှိတဲ့ပုဂ္ဂိုလ် ကံမကုန်ဘူး....(မှန်ပါ့)ဒီတကံပြီးယင် ဒီတကံကုန်သွားယင် နောက်တကံ တဏှာက လွှတ်ပေးတာဘဲ....(မှန်ပါ)။

ဥပမာမယ်.... အင်မတန်ကြီးလှစွာသော ချင်းကြီးတခုယက်ပြီးသကာလ ပိုးကောင်ကလေးတွေ အပြည့်ထည့်ထား၊ ဟုတ်လား.... တကောင်စီ လွှတ်နေမယ်ဆိုယင် ကုန်နိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား) တောင်ပို့ထဲက ပလူထွက်သလိုဘဲ၊ကုန်နိုင်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား) တိုးထွက်တောင် မကုန်ဘူး....(မှန်ပါ့)။

ဒီမှာလဲ ဒီမှာ ငရဲပြည်၊ဒီကနေဘာကံလောက် လွှတ်ပေးတယ် တဏှာချင်းကြီးထဲက ဟိုမှာရှိနေတာ ငရဲအထွက်ခိုင်းပြီးတော့ နောက်တကံ လွှတ်ပေးလိုက်တယ် ဒီမှာ ဆက်မိအောင်လို့.... (မှန်ပါ့) ဒီတော့ ထွက်ပေါက် ဘယ့်နှယ်နေကြသလဲ....(မရှိပါဘုရား) ငရဲကထွက်ပေါက်ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါကြောင့်ကမ္မသမင်္ဂီဆိုတာကံကိုထိမ်းသိမ်းတယ်လို့ဆိုတယ် ကမ္မသမင်္ဂီပုဂ္ဂိုလ် ကံကို ထိန်းသိမ်းထားတဲ့ပုဂ္ဂိုလ် ပုထုဇန်မှာ.... (မှန်ပါ့) ပုထုဇန်က ကံကိုထိန်းသိမ်းတယ်....(မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ပုထုဇန်သည် ဘာကိုထိန်းသိမ်းသသဲ....(ကံကို ထိန်းသိမ်းပါတယ်ဘုရား) ပုထုဇန်က ထိန်းသိမ်းတာလား.... ပုထုဇန်သန္တာန်ရှိတဲ့ တဏှာက ထိန်းသိမ်းတာလား....(တဏှာက ထိန်းသိမ်းပါ

တယ်ဘုရား) အဲ....တဏှာရှိတော့ ကံဟာ အဟောသိကံမဖြစ်ဘူး....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

တဏှာရှိတော့ကို.... (ကံ အဟောသိကံ မဖြစ်ပါဘုရား) ကံက အဟောသိကံ မဖြစ်နိုင်၊တဏှာပြုတ်တော့ ကံအဟောသိကံ ဖြစ်တယ်....(မှန်ပါ့) ဒါကြောင့် မဂ်က သမုဒယသစ္စာပယ်လိုက်လို့ ရှိယင် ကံပြုတ်တယ်.... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီဘုရား)။

မဂ်က ဘယ်ဟာ ပယ်သို့ရှိယင်လဲ.... ( သမုဒယသစ္စာပယ်လို့ရှိယင်) သမုဒယသစ္စာပယ်လိုက်တော့ ကံ ထိန်းသိမ်းတာပယ်လိုက်တဲ့အတွက် တဏှာဟာ ကျန်သေးရဲ့လား.... (မကျန်ပါဘုရား) အဲဒါကြောင့် တဏှာလဲ သမုဒယသစ္စာ၊ ဥပါဒါန်လဲ သမုဒယသစ္စာ ကံလဲ သမုဒယသစ္စာဘဲ.... ဆိုပြီးတော့ သူ့ကို သမုဒယသစ္စာအကွက်ထဲ ထည့်တယ်၊သို့သော် ခေါင်းဆောင်က တဏှာကွ.... (မှန်ပါ့) အဲဒီ့အကွက်ထဲ သုံးခုမပါဘူးလား.... (ပါပါတယ်ဘုရား)။

တတိယအကွက်မှာလေ....တဏှာ ဥပါဒါန် ကံထဲ ဘယ်သူခေါင်းဆောင်တုံး....(တဏှာပါဘုရား) တတိယအကွက်ထဲ ဘယ်သူခေါင်းဆောင်တုံးကြည့်စမ်း- (တဏှာခေါင်းဆောင်ပါဘုရား) တဏှာခေါင်းဆောင်၊သူက ဥပါဒါန်လဲ ထိန်းထားတာဘဲ၊ကံလဲ ထိန်းထားတာဘဲ၊ မဟုတ်ဘူးလား....(မှန်ပါ့)။

အဲဒီတော့ကို တကာတကာမတွေ့ကံမကုန်တာ ငရဲမှာအသက်ရှည်တာ ထွက်ပေါက်ထွက်ရပ်မပါတာ ဘာ့ကြောင့်တုံးဆိုယင် ဒီကံကမျှားနေတော့ တဏှာကနေပြီး စုဆောင်းထားတာ တခုချင်း လွှတ်ပေးနေလို့,လို့မှတ်.... (မှန်ပါ့) တပုဒ်မပြီး, တပုဒ်မ

တပ်ပြီး ချပြန်တာဘဲ.... (မှန်ပါ) နောက်တခါ တပုဒ်မတပ်ပြီး တော့...(ချပြန်တာဘဲ) နောက်တခါ တပုဒ်မတပ်ပြီးတော့.... (ချပြန်တာဘဲ)။

အဲဒီမှာ တရားသူကြီးများနဲ့တူပါတယ်တဲ့၊ ပုဒ်မတွေတပ်ပြီး ချလိုက်တော့ ဓါးအထဲမှာရှိတဲ့ အမှုကလဲ နည်းတာ မဟုတ်ဘူး.... (မနည်းပါဘုရား) အဲဒီတော့ ထွက်ပေါက်ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒါကြောင့် ငရဲမှာ သက်တမ်းမရှိဘူးဆိုတာ ပေါ်ပလား (ပေါ်ပါပြီ) ငရဲမှာ သက်တမ်းမရှိဘူး၊ နတ်ပြည်တို့ ကျတော့ စတုမဟာရာဇ်အနှစ်ငါးရာ၊ တာဝတိံသာမှာ တထောင် သူ့ဟာ သက်တမ်းတွေရှိတယ်၊ ဟိုမှာ အသက်တမ်းမရှိဘူး....(မှန်ပါ)။

ဘာဖြစ်လို့ သက်တမ်းမရှိသတုံး ဆိုလို့ရှိယင် ကံကုန်မှကုန် တယ်ဆိုတော့ ကံကလွှတ်ပေးနေတဲ့တရားကရှိတော့ ကုန်နိုင်စရာ ကောရှိသေးရဲ့လား.... (မရှိပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တချက်တိမ်းယင် ဆည်မရဘူး....(မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးက ပြောတယ်။ ကျောက်ခဲရေကျကွ။ ဒီဘဝကနေပြီးသကာလ မဂ်ဉာဏ်-ဖိုလ်ဉာဏ်မရဘဲနဲ့ သေကြမယ်ဆိုယင်ဖြင့် ကျောက်ခဲရေကျကွ - ဆိုတဲ့ဥစ္စာ ဘယ်တော့မှ မပေါ်ဘူးပြောတာ....(မှန်ပါ)။

ကျောက်ခဲရေကျ ဘာတဲ့တုံး... ( ဘယ်တော့မှ မပေါ်ပါ ဘုရား ) ရှင်းပလား....(ရှင်းပါပြီ)။

ဘာဖြစ်လို့တုံးဆိုတော့ ဒီဘဝပြုလုပ်တဲ့ ကုသိုလ်ကလေးက ခင်ဗျားတို့က မဂ်-မဆိုက်တဲ့ ကုသိုလ်ဆိုယင်တော့ ဘဝကုသိုလ်က တွန်းချလိုက်တယ်....( မှန်ပါ့ ) ပေါက်ထုတ်ပစ်လိုက်တယ်.... ဒီမြွားနဲ့ ဒီမြွားနဲ့ ထိုးချလိုက်တယ်....(မှန်ပါ့) မဂ်ကုသိုလ်ကျတော့ သူက ရပ်ရတယ်....(မှန်ပါ့)ရှင်းပလား(ရှင်းပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ကုသိုလ်တိုင်းကို အားကိုးရတယ်လို့ အောက်မေ့မနေနဲ့....(မှန်ပါ့) သူများ တိုက်ထုတ်လို့ အရှုံးပေးတဲ့ ကုသိုလ်ကျတော့ အလကား ကုသိုလ်....( မှန်ပါ့ )ရှင်းပလား....(ရှင်းပါပြီ)သူများ တိုက်ထုတ်လို့ မရတဲ့ ကုသိုလ်သည် သာလျှင် ကုသိုလ်, အဓိပတိကုသိုလ်ပေါ့ဗျာ... (မှန်ပါ့)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မင်းတို့ ဒီနေ့ တရားကို စ,လာခြင်း စိတ္တာနုပဿနာ လက်သည်ရှာတဲ့ တရား... (မှန်ပါ့)ဘယ်သူ ရှာတာတုံးဆိုတော့.... ဘုရားအလောင်း နုစဉ်က ရှာလာတာ....(မှန်ပါ့)ပေါ်ကြပလား (ပေါ်ပါပြီ)နောက်ဆုံးပိတ် ဝိညာဏ်လာတွေ့တယ်... ( မှန်ပါ့ ) ဒီဘဝ ဝိညာဏ်ယက် အထက်သွားစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒီဘဝမှာ ဝိညာဏ်အထက် သွားစရာ....( မရှိပါ )မရှိဘူး၊ အတိတ်ဘဝဆိုတော့ လှမ်းကူးလို့ ရတာမှ မဟုတ်ဘဲကိုး.... (မှန်လှပါ)ကဲ....နေရာကျကြပလား....(မှန်ပါ့)။

ဒါဖြင့် တကာ တကာမတွေ စာရွက်ကလေးထဲမှာ စိတ် ဝိညာဏ် ဘယ်နှစ်မျိုး ရေးထားသတုံး....(ဆယ့်နှစ်မျိုး ရေးထားပါတယ်ဘုရား)။

ဆယ့်နှစ်မျိုး ရေးထားတယ်၊ အဲဒါကို ခင်ဗျားတို့က စိတ်ဝိညာဏ်ဟာ ဘယ်အကွက်ထဲကတုံးလို့ ပဋိစ္စသမုပ္ပါဒ် ကြည့်လို့ ရှိယင်ဖြင့် ၂-နံပါတ်အကွက်ထဲက....( မှန်ပါ့ ) ပေါ်ပလား.... (ပေါ်ပါပြီဘုရား)။

ဘယ်အကွက်ထဲ ပါကြသလဲ....(၂-နံပါတ်အကွက်ထဲ ပါကြပါတယ်ဘုရား)။

အဲဒီ....ပဋိစ္စသမုပ္ပါဒ် သေသည်တိုင်အောင် မပျောက်မှ သူ့ဟာက ခြော်....၂-နံပါတ်အကွက်ဟာ သူများက ပြောကြတယ် ပစ္စုပ္ပန်တည့်မှ .... ပစ္စုပ္ပန်တည့်မှလို့ ဆိုတော့ ဟာ... ပစ္စုပ္ပန်ဘဝကြီး မတည့်စရာ မရှိပါဘူး၊ ပစ္စုပ္ပန်ဘဲ မဟုတ်ဘူးလား.... (မှန်လှပါ)ပစ္စုပ္ပန်အကျိုးထဲ နေတာကြီးဘဲ....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ပေါ်ဆဲကိုယ်က ဂရုစိုက်လိုက်ယင် ပစ္စုပ္ပန်ဖြစ်နေတာ၊ဘဝကလဲ ပစ္စုပ္ပန်၊ ပေါ်လာတာက အခုအကြောင်း တိုက်ဆိုင်မှ အခု ပေါ်လာတာကိုး....(မှန်ပါ့) ရှင်းကြပလား .. (ရှင်းပါပြီ)။

ကောင်းပြီ....ဒါဖြင့် ပစ္စုပ္ပန်-ပစ္စုပ္ပန်ချင်း ရှု....(မှန်ပါ့) အခု ပေါ်လာတဲ့ တရားကို အခုမင်္ဂနဲ့ ရှု ..(မှန်ပါ့)။

အခုပေါ်လာတဲ့ တရားကို...(အခုမင်္ဂနဲ့ ရှုရပါမယ်)အခု မင်္ဂနဲ့ ရှုလိုက်တော့ မောင်ချစ်စိန် သိမ်းပိုက်ထားတဲ့ တဏှာကော လာသေးသလား....(မလာပါ)သူ အားပေးလို့ ဖြစ်တဲ့ ဉပါဒါန် (မလာပါ) သင်္ခါရတွေ ကံကြောင့်....ကံကြောင့် .. သူ နှိပ်စက်နေတဲ့ကံကော....(မလာပါဘုရား)။

မလာတော့ဘူးဆိုတော့ ဒါကြောင့် ကံပြတ်ဆိုတာ ဒီ ကံကို တိုက်ရိုက်ဖြတ်တာ မဟုတ်တော့ဘူး မောင်သစ် တဏှာဖြတ်လိုက်

ယင် ကံပြတ်တယ်...(မှန်ပါ) ရှင်းပလား....( ရှင်းပါပြီဘုရား ) တဏှာဖြတ်လိုက်ယင်....(ကံပြတ်ပါတယ်ဘုရား)။

ကံပြတ်သွားတယ်ဆိုတော့ တကာတကာမတွေ ဘာမှလင်းပါးနေစရာမရှိတော့ဘူး....(မှန်ပါ) စစ်ဆေးစရာကော....(မရှိပါဘုရား)မရှိတော့ဘူးဆိုတာ မပေါ်သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

ကောင်းပြီဒါဖြင့် ဒီနောက်ဆုတ် နောက်ဆုတ် အို့သေဘယ်ကလာသတုံးလို့ တွေးလိုက်တော့ နောက်ဆုတ် နောက်ဆုတ်တွေးလိုက်တာ နောက်ဆုံးပိတ် ရေသောက်မြစ်သွားတွေ့တယ်၊မောင်သစ်၊ ဦးတင် ဘာလာတွေ့သလဲ....(ဝိညာဏ်တွေ့ပါတယ်ဘုရား)။

ဝိညာဏ်ကို ကျုပ်တို့က ယထာဘူတကျအောင် ကြည့်ဘို့အရေးကြီးတယ်...(မှန်ပါ) ဝိညာဏ်ကို မုန်းဘို့အရေးကြီးတယ် (မှန်ပါ) ဝိညာဏ်ဆိုတာ မပေါ်အောင်လုပ်ဘို့ .... (အရေးကြီးပါတယ်ဘုရား)။

အရေးကြီးတော့ သူဆုံးလို့ရှိယင် ပဋိစ္စသမုပ္ပါဒ် ဒီဘဝတွင်အဆုံးဖြစ်သွားတယ်...(မှန်ပါ) ဒီဘဝဆုံးလို့ရှိယင် သူဆုံးတာဟာ ဒုက္ခသစ္စာဆုံးသောကြောင့် တနေ့က ဥပုသ်နေ့က ဟောခဲ့သလို ဒုက္ခနိရောဓသစ္စာသွားဖြစ်တယ်....(မှန်ပါဘုရား)။

သူကဒုက္ခကိုး၊ ဒုက္ခသစ္စာဆုံးသွားတော့ ဘယ့်နှယ်ဆိုကြမလဲ-(ဒုက္ခနိရောဓသစ္စာသွားဖြစ်ပါတယ်ဘုရား)။

ဒုက္ခနိရောဓသစ္စာ မဖြစ်သေးဘူးလား....(ဖြစ်ပါတယ်) ဒုက္ခနိရောဓသစ္စာဆိုတာ နိဗ္ဗာန်ကိုဆိုပါတယ်....(မှန်ပါဘုရား)။

ဒါဖြင့် ဒုတိယအကွက်ဟာ ဒုက္ခသစ္စာလဲ ဖြစ်နိုင်တယ်.... (မှန်ပါ့) သာသနာတွင်း ပုဂ္ဂိုလ်များအတွက်မှာ ဒုက္ခနိရောဓသစ္စာလဲ ဖြစ်နိုင်တယ်....(မှန်ပါ့ဘုရား)။

ဒါကလေးဟာ မသေးဘူး၊ ဒါကလေးဟာ သေသေချာချာ မှတ်ပါ တကာတကာမတို့၊ သာသနာတွင်း ပုဂ္ဂိုလ်များမှာ ဒုတိယအကွက်ဟာ ဒုက္ခသစ္စာလို့ဘဲ သူသိတယ်၊ သိနိုင်တဲ့ သဘောသတ္တိရှိတယ်....(မှန်ပါ့) သူ့ကိုရှုရတော့ ဖြစ်ပျက်ကိုး.... (မှန်ပါ့) ဖြစ်ပျက်သိရတော့ ဘာသစ္စာသိသလဲ .... (ဒုက္ခသစ္စာ သိပါတယ်ဘုရား)။

အဲ....ဒုက္ခသစ္စာကွက်လဲ သူသိတယ်.... ( မှန်ပါ့ ) နောက် ဒီအကွက်ဘဲ၊ ဒီအကွက်ဆိုတော့ ဒီခန္ဓာကြီးဘဲ ကြည့်နေရင်း မတ္တနဲ့ဘဲ ဒုက္ခမုန်းလို့ ဒုက္ခဆုံးသွားတဲ့အခါကျတော့ ဒီအကွက် ဘာအကွက်ဖြစ်ကြမလဲ... (ဒုက္ခနိရောဓကွက်ပါ)ဒုက္ခနိရောဓကွက် သွားဖြစ်တယ်၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုရားဟောတော်မူတာနဲ့ မောင်သစ်တို့ ဦးတင်တို့ ကိုက်တယ်....(ကိုက်ပါတယ်ဘုရား)။

"လောကဿ အန္တံ"ဆိုတဲ့ဥစ္စာ လောကမဆုံးဘဲနဲ့လဲ နိဗ္ဗာန် မရောက်ဘူးဟုတ်လား....(မှန်ပါ့)ဘုရားကရောဟိတဿနတ်သား ဟောတဲ့နေရာ မလာဘူးလား....(လာပါတယ် ဘုရား)။

အရှင်ဘုရား၊ဘယ်လိုကြောင့်ဘာလဲလောကကြီးကိုတပည့်တော် သွားခဲ့ပါတယ်၊ ဘယ်တော့မှ မဆုံးဘူးဆိုတော့ အို... လောက အဆုံးကိုမသွားဘဲနဲ့ မရောက်ဘူး၊ မဆုံးဘဲနဲ့လဲ မရောက်ဘူး၊ "လောကန္တံ ဒုက္ခသစ္စံ"ကိုတခါလာစပ်တယ်....(မှန်ပါ့ဘုရား)။

လောကဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အဲ....ဒုတိယ ကွက်ဟာ ဘာသစ္စာကွက်တုံး .... (ဒုက္ခသစ္စာကွက်ပါ) အဲဒါ လောကကွက်ဘဲ...(မှန်ပါ) အဲဒီလောကကွက်ဆုံးအောင် ရှင်း ပလား....(ရှင်းပါပြီဘုရား)။

ဒီလောကကွက်ကို.... (ဆုံးအောင်) ဆုံးယင်"လောကနိရော ဓန္တံ နိရောဓသစ္စံ"....(မှန်ပါ)ပေါ်ပလား (ပေါ်ပါပြီဘုရား)။

လောကန္တံဒုက္ခသစ္စံ၊ လောကနိရောဓန္တံ နိရောဓသစ္စံ.... (မှန်ပါဘုရား)။

လောကန္တံ...(ဒုက္ခသစ္စံ)လောကနိရောဓန္တံ .... (နိရောဓ သစ္စံပါဘုရား)။

ကဲ....ဒါဖြင့် ဒီအကွက်ဟာ နှစ်မျိုးဖြစ်နိုင်တဲ့ အကွက်ဘဲ ဆိုတာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ်မှာ ဒါ အင်မတန်ရှင်းတဲ့ အလုပ်ဘဲ....(မှန်ပါ ဘုရား)။

အဲဒီတော့ ဒီအကွက်ဟာ လောကကွက်ဖြစ်တယ်၊ လောက နိရောဓကွက်လဲ မောင်ချစ်စိန် ဖြစ်ရမယ်-(ဖြစ်ရပါမယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ် ဖြစ်ရမှာတုံး၊ သာသနာတွင်းသားမှ ဖြစ်ရ မယ်... (မှန်ပါ)သာသနာပသားမှာ ဒီဥစ္စာ ဖြစ်နိုင်ပါရဲ့လား.... (မဖြစ်နိုင်ပါဘုရား) မဖြစ်နိုင်ဘူးဆိုတာ ပေါ်လာကြပလား.... (ပေါ်လာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်အကွက် ဝိပဿနာရှုရမှာတုံး မေးယင်... (နံပါတ် ၂-အကွက်ပါ)နံပါတ်-၂။

ဘယ်အကွက် ဆုံးအောင် ရှုရမှာတုံး မေးယင်ကော .... နံပါတ် ၂-အကွက်ပါဘဲဘုရား)။

ဦးတင် ဒါ အင်မတန် ကံကောင်းလို့ ကြားရတဲ့အလုပ်.... (မှန်ပါ့) ကံကောင်းလို့ ကြားရတဲ့ အလုပ်၊ နိဗ္ဗာန် အဝေးကြီး ပြောနေကြတယ်....(မှန်ပါ့)။

နိဗ္ဗာန်အဝေးကြီး ပြောနေတာ ဒီအကွက်ထဲက တရားတွေ အကုန်မရှိဘူးဆိုတော့ ခန္ဓာငါးပါး မရှိဘာဘဲ....(မှန်ပါ့) ခန္ဓာငါးပါးမရှိတာဘဲ....(မှန်ပါ့) ခန္ဓာငါးပါးမရှိတော့ ခန္ဓာသိမ်း နိဗ္ဗာန်ဘဲ၊ "ခန္ဓနိရောဓော နိဗ္ဗာနံ"ဘဲ၊ မဖြစ်သေးဘူးလား .... (ဖြစ်ပါတယ်ဘုရား)။

ခန္ဓနိရောဓော.... (နိဗ္ဗာနံပါဘုရား)ကဲ....ဒီအကွက် သိမ်းတာဘဲ မဟုတ်လား....(မှန်ပါ့)။

ဒီအကွက် သိမ်းသွားတယ် ဆိုကတည်းက ခန္ဓာကဒုက္ခသစ္စာ၊ နိရောဓောက- နိရောဓသစ္စာ၊ သဘောပါပါလား....(ပါပါပြီ)။

ဒါဖြင့် ဒီတကာတကာမတွေ့ဌ ဘုရားသခင်ကိုယ်တော်မြတ်ကြီးလဲ အိုသေ ဘယ်က လာသတုံးလို့ လက်သည် အရင်း စစ်ခိုင်းတော့ ဝိညာဏ် တွေ့တာဘဲ.... (မှန်ပါ့)။

နောက်တခါ "ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ ဝိညာဏံ"လို့ ဘုရားက....ဩော်....တခုချုပ် အကုန်ချုပ်တာဘဲ ဆိုတာလဲ ဟောတယ်....(မှန်ပါ့)။

ဝိညာဏနိရောဓာ....(နာမရူပနိရောဓော)နာမရူပနိရောဓာ.... (ဝိညာဏနိရောဓော) သူတို့နှစ်ခုဟာ အသွား-အပြန်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီကဲ့သို့ ချုပ်သွားတဲ့ အခါကျတော့ ဒီအကွက်ဟာ ချုပ်သွားတော့ ဒုက္ခနိရောဓကွက်....( မှန်ပါ့ ) မချုပ်ခင် ဒုက္ခသစ္စာကွက်....(မှန်ပါ့)။

ဒါဖြင့် ဒုက္ခသစ္စာကွက်ကို မြင်ပြီးမှ ဒုက္ခနိရောဓသစ္စာကွက်ကို မြင်မယ်....(မှန်ပါ့) ရှင်းပလား....(ရှင်းပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ဝေးသလား... နီးသလား....( နီးပါတယ် ) ဒီအကွက်ထဲ၊ ဒီအကွက် ဆုံးသွားတဲ့အခါကျတော့ နိဗ္ဗာန်တွေမှာဘဲ ခင်ဗျားတို့ ဘယ်မှ သွားစရာ မလိုတော့ဘူး....( မှန်ပါ့ ) သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီအကွက်ဟာ သာမည အရေးကြီးသလား- အလွန့်အလွန် အရေးကြီးသလားဆိုတာ ဦးတင် မပေါ်သေးဘူးလား-(ပေါ်ပါပြီ)ပေါ်ပြီ။

တတိယကွက်ဟာ ဘာမှ မလိုဘူး....(မှန်ပါ့) တတိယကွက်ဟာ သာသနာတွင်းသာ ဖြစ်ပါစေ မလာဘဲနဲ့ ချုပ်တဲ့အကွက်-( မှန်ပါ့ ) စတုတ္ထအကွက်ဟာ မလာဘဲနဲ့ ချုပ်တဲ့အကွက်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

တတိယကွက်က-(မလာဘဲနဲ့ ချုပ်ပါတယ်ဘုရား) သာသနာတွင်းသမားမှာ မလာဘဲနဲ့ ချုပ်တယ်၊ ဖြစ်ပျက်က မြင်လိုက်တော့ ဒီကြားထဲ မဂ်ကွက်က ဝင်လာတာကိုး....(မှန်ပါ့)မဝင်လာဘူးလား....(ဝင်လာပါတယ်ဘုရား)။

ဒီကြားထဲ မဂ်ကွက်ကလေး ဝင်လာတော့ တကာတကာမတို့ တတိယအကွက် လာသေးရဲ့လား....(မလာပါဘုရား)မဂ်ကတတိယလာဖြစ်နေတယ်...( မှန်ပါ့ ) မပေါ်သေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် မောင်သစ်တို့ ဦးတင်တို့.... အိုသေ ဘယ်က လာသတုံး....အရင်းကျကျသာ ရှာလိုက်တော့....(ဝိညာဏ်က လာပါတယ်ဘုရား)။

ဟာ....ဒါဖြင့် ဝိညာဏ် ကျုပ်တို့က မုန်းပြီ ဖြစ်ပျက်မြင်လို့ ဝိညာဏ်ကို ယထာဘူတညာဏ်နဲ့ ရလို့ ဝိညာဏ်ကို နိဗ္ဗိန္ဒညာဏ်နဲ့ မုန်းလို့ ဝိညာဏ်ကို မလိုချင်တဲ့ ဉာဏ်နဲ့ မဂ်ဉာဏ်သာ ပေါ်မယ်ဆိုလို့ရှိယင်ဖြင့် ဘယ်အိုသေ လာတော့မတုံး....(မှန်လှပါဘုရား)။

ဒါ ဘုရားသခင် နှစ်ဉ်အခါတုန်းက ပင်ပင်ပန်းပန်းနဲ့ တွေးလို့ လက်သည်ရှာတဲ့ နည်းဆိုတော့ ဩော်....ဒါ စိတ္တာနုပဿနာ ရှာတာကိုး....(မှန်ပါ)။

ဘာရှာကြတာတုံး....( စိတ္တာနုပဿနာ ရှာတာပါ ) စိတ္တာနုပဿနာရှာတော့ အခု ပဋိစ္စသမုပ္ပါဒ်နည်းနဲ့ ရှာလိုက်တော့မှ.... ပိုမိုပြီးသကာလ မောင်သစ် နီးစပ်တာ မတွေ့ရဘူးလား....(တွေ့ရပါတယ်ဘုရား)သဘောပါပလား....(ပါပါတယ်ဘုရား)။

အဲဒီတော့ကို အိုသေ၏ လက်သည်ဖြင့် ယခုနေ့ တွေ့ပေပြီလို့ အိုရမှာကြောက်တဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့သော်....နာရမှာ ကြောက်တဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့သော်....သေရမှာ ကြောက်တဲ့ ပုဂ္ဂိုလ်ပါ သူ့ကို မကြောက်နဲ့၊ ဝိညာဏ်ကို မသိမှာကြောက်၊ ဝိညာဏ်ကို မမုန်းမှာကြောက်၊ ဝိညာဏ်ကို မလိုချင်တဲ့ ဉာဏ် မလာမှာကြောက်၊ အိုသေ မကြောက်နဲ့....(မှန်ပါ) ဒီဉာဏ် မလာမှာ ကြောက်ရမယ်....(မှန်ပါ)။

ဒီဉာဏ်လာယင် အိုသေလာသေးရဲ့လား....(မလာပါ)ဒါဖြင့် တယ်လဲ အဘိုးတန်ပါလား....(တန်ပါတယ်) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း...ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ ရေးပေးထား တဲ့ဆယ့်နှစ်ချက်ဟာဝိညာဏ်ချည်းရေးပေးထားတယ်၊ဝိညာဏ်ဆို တာ စိတ်နော်....(မှန်ပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒီတော့ မနေ့ကလဲ ပြောခဲ့ပါတယ်၊ ဒီစိတ် မနိုင်လို့ရှိ ယင် "စိတ္တေန နီယျတေ လောကော"ဆိုတော့ သူက ဆောင် သွားလိုက်တာ ဇာတိ ဇရာ မရဏ ရောက်ပါရော....( မှန်လှပါ ဘုရား)။

စိတ်မနိုင်တဲ့အတွက် ဘယ်ဆောင်သွားသလဲ...(ဇာတိ ဇရာ မရဏ ဆောင်သွားပါတယ်ဘုရား)အိုသေချည့် ဆွဲယူသွားတာဘဲ နော်....(မှန်ပါ)။

စိတ်တွေဟာ စိတ်နောက်ကို သတ္တဝါတွေ အကုန်လိုက်ရလို့ ရှိယင် ခန္ဓာတွေဖြစ်ဖြစ်ပြီး လိုက်ရတယ်.... ( မှန်ပါ )မလိုက်ဘူး လား....(လိုက်ပါတယ်ဘုရား)။

စိတ်ကြောင့် ခန္ဓာဖြစ်၊ ခန္ဓာကဖြစ်လို့ တကာ တကာမတို့ အို့သေနဲ့ သွားတိုးတယ်.... (မှန်ပါ) မတိုးဘူးလား ... (တိုးပါ တယ်) အဲ ..."စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ"ဆိုတာလဲ မှန်သွားပြီ....(မှန်ပါဘုရား)။

ဒီစိတ်ကလဲ "ပါပသ္မိံ ရမတိ မနော"ဆိုတဲ့အတိုင်း သူကလဲ အိုဘက်,သေဘက်ချည့် ဆောင်တာဘဲ.... (မှန်ပါ) မဆောင်ဘူး လား....(ဆောင်ပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ စိတ်အလိုလိုက် စိတ်ကြိုက်တိုင်း နေကြလို့ ရှိယင်တော့ဖြင့် ကိုယ်ကျိုးနည်းသွားပြီ .... (မှန်ပါ ဘုရား)။

စိတ်အလိုလိုက် စိတ်ကြိုက်တိုင်းနေကြယင် ဘာဖြစ်မယ်ထင်ကြသလဲ.... (ကိုယ်ကျိုးနည်းသွားပါပြီ) ကိုယ်ကျိုးနည်းသွားပြီဆိုတဲ့ဥစ္စာ မခေါ်လာသေးဘူးလား.... (ခေါ်လာပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ စိတ်ကိုမနိုင်သေးသ၍ ကာလပတ်လုံး ခင်ဗျားတို့သည် စိတ်သွားရာကိုလိုက်ကြဘို့ဘဲရှိတယ်.. (မှန်ပါ) စိတ်ကလဲ မကောင်းမှုရှိရာမှာ သွားတယ်၊ ခေါ်ပလား....(ခေါ်ပါပြီဘုရား)။

အဲဒီတော့ကို စိတ်ဟာ မကောင်းမှုရှိရာမှာ သွားတယ်ဆိုလို့ရှိယင်ဖြင့်တဲ့၊ စိတ်ဟာ ပင်ကိုယ်က မည်းတဲ့စိတ်မ၍၊ ပင်ကိုယ်က အဖြူဘဲ၊ အဖြူပင်ဖြစ်ငြားသော်လဲ အပေါင်းအသင်းမည်းပြန်တော့ မည်းရတယ်။ *

စိတ်ဟာ ပင်ကိုယ်က အဖြူ.... (မှန်ပါ) အမည်းအကုသိုလ်စေတသိက်တွေနဲ့ ပေါင်းလိုက်ယင်....(မည်းသွားပါတယ်ဘုရား) အလတ်စားနဲ့ ပေါင်းယင် အလတ်စားမဲတယ်၊ အမည်းဆုံးနဲ့ပေါင်းယင်လဲ အမည်းကြီးဖြစ်၊ ဒီလိုမနေဘူးလား .... (နေပါတယ်ဘုရား)။

အဲဒါတွေထောက်ကြည့်တော့မှ ဩော်.... ဒါဖြင့် မည်းလဲဖြစ်ပျက်ရှုကွ၊ ဖြူလဲ.... (ဖြစ်ပျက်ရှုရမှာပါဘဲ) ဖြစ်ပျက်ရှုမကွ၊ ဘာဖြစ်ဖြစ် မင်းတို့ဒုက္ခသစ္စာချည့်ဘဲ၊ ဒို့သိအောင် လုပ်မယ်ဆိုလို့ရှိယင်ဖြင့် သူ့ကြောင့် မဂ္ဂသစ္စာပေါ်မှာဘဲ....(မှန်ပါ)။

---

* ပဘဿရမိဒံ ဘိက္ခဝေစိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ အင်္ဂုတ္တိုရ်ပါဠိတော်(၉)

သူ့ရှုလို့ရှိယင်....(မဂ္ဂသစ္စာပေါ်မှာပါ) မဂ္ဂသစ္စာပေါ်မှာ ဘဲဆိုတဲ့ဥစ္စာ သေချာကြပလား..(သေချာပါပြီဘုရား)။

အဲဒီမဂ္ဂသစ္စာပေါ်တော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဓမ္မဒီပါ ဘိက္ခဝေ ဝိဟရထ ဓမ္မသရဏာ" ဘိက္ခဝေ=ရဟန်းတို့၊ ဓမ္မဒီပါ = မိမိတို့အားထုတ်ထားတဲ့ မဂ်တရားသည် ပင်လျှင် ကျွန်းကြီးသဖွယ် တည်ရစ်ကြကုန်သည်၊ဟောထ=ဖြစ်ရစ်ကြကုန်၊ ဓမ္မကိုးကွယ်ရစ်ကြ၊ဓမ္မအားထားရစ်ကြ၊သေသေချာချာဒီဥစ္စာလဲ သံယုတ်ပါဠိတော်မှာ လာပြန်တာဘဲနော်....(မှန်ပါ့ဘုရား)။

အဲ .... ဖြစ်ပျက်ရှုလိုက်တော့ နာမ်ရုပ်လဲ သင်္ခါယတနလဲ ဖဿလဲ၊ အကုန်ပြုံလဲကုန်တာဘဲ... ( မှန်ပါ့ ) မလဲဘူးလား.... (လဲပါတယ်ဘုရား)။

အဲဒီသောက် စိတ်ကိုမှီပြီးသကာလနေတော့ တကာတကာမ တွေ ခင်ဗျားတို့ စိတ္တာနုပဿနာမလျှော့နဲ့နော် (မှန်ပါ့ဘုရား)။

တခါ သမ္မောအဋ္ဌကထာဆရာက ဆိုလိုက်တာက ဉာဏ် နည်းပါးတဲ့ ပုဂ္ဂိုလ်များမှာတဲ့ ကိလေသာကလဲများမယ်၊ ဉာဏ် ကလဲနည်းမယ် ဆိုလို့ရှိယင်ဖြင့် ကာယာနုပဿနာရှု။ ဉာဏ် ကလေးက အသင့်အတင့်နဲ့ ဒိဋ္ဌိများနေတယ်ဆို စိတ္တာနုပဿနာ ရှုတဲ့...(မှန်ပါ့)သူ့ဟာ ဝေဘန်ထားတာပါသေးတယ်နော် .... (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ့်စိတ်ကို ကိုယ်ဘာတုံး... (ဖြစ်ပျက်ရှုရပါ မယ်)ကိုယ့်စိတ်ကိုယ်ရှု....(မှန်ပါ့ဘုရား)။

နို့သူများစိတ် ဆိုတော့ မှားသည်ရှိ- မှန်သည်ရှိတယ် .... (မှန်ပါ့)ပြုံးသလိုလိုနဲ့ မဲ့တဲ့စိတ်တွေရှိသေးတယ်၊ သူများစိတ် ရှုရတာ... (မှန်ပါ့ဘုရား)။

ကိုယ့်စိတ်ကိုယ်ရှု ဆိုတော့ ၁-နံပါတ်ကို ၂- နံပါတ်စိတ်နဲ့ ရှုလိုက်တဲ့အခါကျတော့ မှားစရာ မှောက်စရာရှိသေးသလား..., (မရှိပါဘုရား) မရှိတော့ဘူး။

ကောင်းပြီ၊ ဝိပဿနာရှုတော့ကို ကိုယ့်စိတ်ကိုရှုတော့ ၁-ကို ၂-နဲ့ရှုလို့ ဆရာဘုန်းကြီးက ဆုံးမထားတယ်၊တနည်း အသေကို အရှင်နဲ့ရှုလို့လဲ ဆုံးမထားတယ်....(မှန်ပါ) မဆုံးမဘူးလား.... (ဆုံးမပါတယ်ဘုရား)။

အသေကို ... ( အရှင်နဲ့ ရှုရမှာပါ ) အရှင်နဲ့ရှုဆိုတာက နောက်စိတ်က အရှင်ကိုး မောင်ချစ်စိန်ရ.... ( မှန်ပါ ) အယင် စိတ်ကသေသွားပြီ...(သေသွားပါပြီဘုရား)။

အသေကို...(အရှင်နဲ့ ရှုရပါမယ်) ၁-ကို....(၂-နဲ့ရှုပါ) ၂-နဲ့ရှု။

အသေကို....(အရှင်နဲ့ရှုရပါမယ်) အရှင်နဲ့ရှုဆိုတဲ့ ဥစ္စာကို ဖြစ်ပျက်ကို မင်္ဂနဲ့ရှု၊ အတူတူဘဲ .... ( မှန်ပါ )ဒါ အတူတူဘဲ ဒီစကားတွေဟာ....(မှန်ပါဘုရား)။

စကားအမျိုးမျိုးသာ သုံးပြနေပါတယ်၊ စင်စစ်တော့ ၁-ကို ၂-နဲ့ရှုလဲမှန်တာပါဘဲ။ အသေကို အရှင်နဲ့ရှုလဲ မှန်တာဘဲ။ ဖြစ်ပျက်ကို မင်္ဂနဲ့ရှုကော....(မှန်တာပါဘဲ) မှန်တာချည့်ဘဲ။ဒါ သဘောမှာ တမျိုးတည်း၊ နားလည်မှုမှာ အမျိုးမျိုးရှိအောင် လို့သာ တန်ဆာဆင်ပြီး သကာလ ပြောနေတယ် ဆိုတာ မောင်သစ် ရိပ်မိရဲ့လား....(ရိပ်မိပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီလိုရှုလိုက်တဲ့အခါကျတော့ ဘယ်လို များ မြင်မှာတုံးဘုရား- ဆိုတော့ အို....“ဟုတ္ဝာ အဘာဝေင္ဝေန အနိစ္စံ”ကိုး... (မှန်ပါဘုရား)။

ဟုတွာ=ဖြစ်ပြီး၍၊ အဘာဝဝေ့နေ = မရှိခြင်းသည်ပင်လျှင်၊ အနိစ္စံ=အနိစ္စဘဲ....(မှန်ပါ့ဘုရား)။

ဒီနေရာမှာ ၁-နံပါတ်ကလေးဖြစ်ပြီး ၁-နံပါတ်ကလေး မရှိတာ ဘာခေါ်မလဲ....(အနိစ္စပါဘုရား)။

အဲဒီတော့ ၂-နံပါတ်ကနေ ကြည့်တော့ အို.... ၂-နံပါတ်ဟာ နောက်မှဖြစ်ရတာဘဲ၊ သူမရှိတာ သိတာဘဲ....(မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ....(၂-နံပါတ်နောက်မှ ဖြစ်ရတာပါ)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာမြင်ကြသတုံး မေးယင် .... (၁-နံပါတ်ကို ၂-နံပါတ်က မြင်ပါတယ်ဘုရား) မရှိတာ မြင်နိုင်သည်....(မှန်ပါ့ဘုရား)။

ဒီနေရာမှာ နဂိုရ်က ၁- နံပါတ်ကလေး ဖြစ်သွားတယ်၊ ၁-နံပါတ်ကလေး ချုပ်သွားတယ်(မှန်ပါ့) ၂-နဲ့ကြည့်ပါဆိုတော့ ၁- ပြီးမှ ၂-တွေ့ရတာဘဲဆိုတော့ ၁ပြီးမှ ၂- လာတဲ့ဉစ္စာဘဲ ၁-ကို တကယ်တွေ့မှာလား....ဟုတ်လား....(မှန်ပါ့) ၁-ချုပ်ပြီး ဒီနေ့ရာမှာမရှိတာကို သိမှာလား....(မရှိတာကို သိမှာပါဘုရား)။

ဩြော်....မရှိတာသိယင် အနိစ္စဘဲ.... (မှန်ပါ့) ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

အဲဒီတော့ "ဟုတွာ အဘာဝဝေ့နေ အနိစ္စံ" ဆိုတဲ့ အဋ္ဌကထာဆရာတွေဖွင့်တဲ့ အဓိပ္ပါယ်ဟာ မောင်သစ် သိပ်ရှင်းပါပြီ.... (မှန်ပါ့ဘုရား)။

ဟုတွာ=ဒီနေရာ၌ ၁-နံပါတ်ဖြစ်၍၊ အဘာဝဝေ့နေ=၁-နံပါတ်ဤနေရာ၌မရှိခြင်းသည်ပင်လျှင်၊ အနိစ္စံ = အနိစ္စဘဲ ဆိုတော့ သူက အနိစ္စ... (မှန်ပါ့) အနိစ္စပေါ်ပြီးမှ အနိစ္စဉာဏ်က နောက်မှ ပေါ်ရမှာ....(မှန်ပါ့)ရှင်းကြပြီနော်....(ရှင်းပါပြီဘုရား)။

အနိစ္စက ပေါ်ပြီးမှသာလျှင် ဘာပေါ်ရသတုံး .... (အနိစ္စ ဉာဏ် ပေါ်ရပါတယ်) အနိစ္စဉာဏ်က နောက်က လိုက်ရမှာ မဟုတ်လား....(မှန်ပါ့ဘုရား)။

ဒါဖြင့် အနိစ္စ အနိစ္စဉာဏ်ဆိုတဲ့ ဥစ္စာသည် အနိစ္စက-ရှေ့ ဉာဏ်ကနောက်....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အနိစ္စက....(ရှေ့မှာပါ)ဉာဏ်က .... (နောက်မှာပါ) အဲ.... ဒီလိုရှေ့နောက် ကြားထဲမှာ ကိလေသာမဝင်ယင် ဒီရှေ့နဲ့ နောက်နဲ့ကြားထဲမှာ ကိလေသာမဝင်ယင် ခုနစ်ရက်နဲ့ နိဗ္ဗာန် ရနိုင်တယ်၊ ခုနစ်ရက်နဲ့ သောတာပန်တည်နိုင်တယ် .... (မှန်ပါ့ ဘုရား)။

ရှေ့နဲ့- နောက်နဲ့ ကြားထဲမှာ ကိလေသာ မဝင်ခဲ့သော်၊ ကိလေသာကြားမထိုးခဲ့သော် ခုနစ်ရက်နဲ့ရမယ်၊ညနေအားထုတ် မနက်တောင် ရမယ်လို့ ဘုရားကလဲ ဟောသည် ....( မှန်ပါ့ ) မဟောဘူးလား....(ဟောပါတယ်ဘုရား)။

ဟောတော့ ခင်ဗျားတို့မရတာ ဘာကြောင့်တုံးလို့ မေး ဘို့ရာ အဖြေထွက်လာတယ်၊ မေးလဲ အဖြေထွက်၊ ဩော် .... ကိလေသာ ကြားခြားသွားလို့ မဟုတ်ဘူးလား .... (ဟုတ်ပါ တယ်ဘုရား)။

ဒါ့ကြောင့်မို့ နှောင့်နှေးနေတာဘဲ၊ ဒါ့ကြောင့် နှောင့်နှေး နေတာဘဲဆိုတဲ့ အဓိပ္ပါယ်ကတော့ဖြင့် ဘာမှ ငြင်းဆန်နေဘို့ မလိုတော့ပါဘူး....( မှန်ပါ့ ) လိုကြသေးရဲ့လား .... (မလိုပါ ဘုရား)။

အေး....ဒါကြောင့် ကျွတ်ခဲလိုက်တာ ဒုက္ခတွေက ရှုနေတာ ကြာလှပြီ။ ဟ-ဘာဆုံးမလဲ နင်တို့ ဟုတ်လား။ အနိစ္စနဲ့ အနိစ္စ

ဉာဏ်ကြားထဲမှာ ကိလေသာကလဲ တောထ, နေတယ်(မှန်ပါ့) ဘာမှမဝင်မှ ထူးတယ်....( မှန်ပါ့ )ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

အခုတော့ အနိစ္စနဲ့- အနိစ္စဉာဏ်ကြားထဲမှာ ပုရေ,ပစ္ဆာက အနိစ္စကပုရေမဟုတ်ဘူးလား။ဉာဏ်ကပစ္ဆာဆိုတော့ နောက်ကျတော့ ဟုတ်ပါရဲ့ အင်မတန်ကြီး နောက်ကျသွားတော့လဲ မတတ်နိုင်ဘူး....(မှန်ပါဘုရား)။

အခုတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ဟာ ဘယ်လိုကိုက်ရမှာတုံး ဆိုတော့ ဟိုတုန်းကပြောခဲ့တဲ့အတိုင်း ပေဟိပဿိကော နောက်က သန္ဒိဋ္ဌိကော ချက်ခြင်းလိုက်ရမယ်....(မှန်ပါ့ဘုရား)။

ကဲ....ဒီနေ့ ဒီတွင်တော်ကြဦးစို့....။

သာဓု....သာဓု...သာဓု

**ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ**

**အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ်ဆရာတော်ဘုရား**

**အမရပူရမြို့မမွာရုံ၌ - ဟောကြားတော်မူသော**

**( လောဘ, ဒေါသ, မောဟ ချုပ်ကြောင်း )**

# နေ့ အလုပ်ပေး-တရားတော်

**( ၂ - ၁၀ - ၆၂ )**

အားလုံး တကာတကာမတွေ တရားနှလုံးသွင်းကြဆိုတဲ့ ဥစ္စာ သတိပေးလိုက်ပါတယ်။

တရားနှလုံးသွင်းကြဆိုတဲ့ ဥစ္စာ တရားက ဘယ်မှာ ရှိလို့ လဲလို့ မေးလို့ ရှိယင်ဖြင့် ဘုန်းကြီးမဟောခင်က ရှိနေတယ်လို့ မှတ်ပါ (မှန်ပါ့ဘုရား)။

ဘုန်းကြီး မဟောခင်ကတည်းက တကာတကာမတွေမှာ တရားရှိနေတယ်။ ဘာပါလိမ့်မလဲလို့ မေးတဲ့ အခါကျတော့ တကာတကာမတွေ အခု တရားနာနေတာ ခန္ဓာငါးပါးနဲ့ နာနေတာ....(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးနဲ့ နာပြီးသကာလ နေတော့ ဒီခန္ဓာငါးပါး ကြည့်နေတာလို့ ဆိုတာ တရားနှလုံးသွင်းတာလို့ ပြောတာ.... (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး ကြည့်နေတာဆိုတာ ဘာပါလိမ့် .... (တရားနှလုံးသွင်းနေတာပါဘုရား)။

တရားနှလုံးသွင်းတာ ဆိုတဲ့ ဥစ္စာ တကာ တကာမတွေက တခြားတွေးပြီး ယောင်ယောင်ကဟာ လုပ်မှာဘဲဆိုယင် လွဲကုန်ပြီ.... ( မှန်ပါ့ )ယောင်ယောင်တုန်းက မှတ်ထားတာ လုပ်မှာဘဲဆိုယင် သေသေချာချာ လွဲတာပေါ့....(မှန်ပါ့)။

ဒါ သေသေချာချာမှတ်ပါ၊ တရား နှလုံးသွင်းကြဆိုယင် ...., ခန္ဓာကြည့်ကြ ပြောတာကိုးလို့ မှတ်....(မှန်ပါ့)။

တရားနှလုံးသွင်းကြဆိုတာ ဘာပါလိမ့် .... (ခန္ဓာကြည့်ကြ ပြောတာပါ)ခန္ဓာကြည့်ကြလို့ ပြောတာ။

တရားက ခန္ဓာထဲမှာ ရှိနေတော့ ခန္ဓာသည်ပင်လျှင် တရားဖြစ်နေတဲ့အတွက် တရားနှလုံးသွင်းကြဆိုလို့ရှိယင် ခန္ဓာကြည့်ပါလို့ ခိုင်းတာဘဲလို့တရားနာတဲ့ တကာတကာမတွေက မှတ်လိုက်ရုံဘဲ....(မှန်ပါ့)။

ခန္ဓာကြည့်ရမယ်နော်....(မှန်ပါ့)ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ တကာတကာမတွေ ခန္ဓာက သူ ပြောလာလိမ့်မယ် ....၊ ဘယ်လိုများပြောမလဲလို့ဆိုတဲ့အခါကျလို့ရှိယင် အိုက်တယ်လို့ ရှေးဦးစွာ သိ၊လူကလဲ များတော့ အိုက်တယ်ဆိုတဲ့ ဒေါသစိတ်ကလေး ပေါ်လာလိမ့်မယ်....(မှန်ပါ့)။

အဲဒီ ဒေါသစိတ်ကလေးဟာလဲ တကာတကာမတွေ သိတဲ့အတိုင်းတဲ့ ခန္ဓာကိုယ်နဲ့ ထိလို့ အိုက်တဲ့ စိတ်ကလေး - အိုက်တဲ့ ဒေါသစိတ်ကလေးဟာ ပေါ်လာတယ်၊ တနည်းအားဖြင့် ကိုယ်ပေါ်မှာ ပေါ်လို့ရှိယင် ဒုက္ခဝေဒနာကလေး ပေါ်လာတယ်-- (မှန်ပါ့)အဲဒါကလေး ရှေးဦးစွာ ကြည့်လိုက်၊ ဩော်....ဒီ အိုက်

တဲ့ ဒုက္ခဝေဒနာကလေးဟာ တကာတကာမတို့ ခန္ဓာထဲ ပေါ်လာတယ်....(မှန်ပါ့)။

တခြားက ပေါ်လာတာလား....ခန္ဓာက ပေါ်လာတာလား-(ခန္ဓာက ပေါ်လာတာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲက ပေါ်လာတော့ တကာတကာမတွေက မှတ်လိုက်တာပေါ့၊ဩော်....ဒီခန္ဓာထဲက ပေါ်လာလို့ရှိယင်ဖြင့် ခန္ဓာက ဒုက္ခသစ္စာလို့ ဆိုထားတော့ ခန္ဓာထဲက ထူးထူးခြားခြား ဝေဒနာပေါ်လာသောကြောင့် ဒုက္ခသစ္စာ ပေါ်လာတာဘဲလို့ ဆိုပြီး နှလုံးသွင်းလိုက်ပါ....(မှန်ပါ့)။

မောင်ဘသော်....ရိပ်မိပလား....(ရိပ်မိပါပြီ) တကာကြွယ်....ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဘယ်ဟာ နှလုံးသွင်းမတုံးဆိုတော့ ခန္ဓာကြည့်ရတယ်....(မှန်လှပါ)ခန္ဓာထဲရှေးဦးစွာ ထူးထူးခြားခြား ပေါ်လာတာကလေး ကြည့်လိုက်တော့ အိုက်တယ်ဆိုတဲ့ ဒုက္ခဝေဒနာကလေး ပေါ်လာတယ်....(မှန်ပါ့)။

အိုက်တယ်ဆိုတဲ့ ဝေဒနာကလေးကို ဘုန်းကြီးတို့ ....တကာတကာမတွေက ကြည့်လိုက်တဲ့အခါကျတော့ ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ) အခု သူ့ကြောင့်လာတဲ့ အိုက်တဲ့ အလုံးကလေးဟာ ဒုက္ခသစ္စာအပင်က သီးလာတော့ ဒုက္ခသီးကလေးဘဲ မှတ်ရမှာဘဲ....(မှန်ပါ့)။

ဒုက္ခပင်က ဒုက္ခသီးကလေးဘဲ သီးလာတယ်ဆိုတာ မှတ်လိုက်တော့ ဩော်....သူ ဘာပါလိမ့်မတုံးလို့ တွေးမနေနဲ့၊ ဒုက္ခသစ္စာကလေး ပေါ်လာတာဘဲလို့ တွေးလိုက်စမ်းပါ....(မှန်ပါ့)။

ဘာပေါ်လာတာတုံး....( ဒုက္ခသစ္စာကလေး ပေါ်လာပါတယ်) ဒုက္ခသစ္စာကလေး ပေါ်လာတာ တကာတကာမတို့.... (မှန်ပါ့)။

နောင်ခါ တရားနှလုံးသွင်းပါဆိုယင် ခန္ဓာကြည့်ပါ.... (မှန်လှပါ)ခန္ဓာထဲ ပေါ်လာတာလဲ ယခုအချိန် ဘာစိတ်ကလေး.... ဘာဝေဒနာကလေး ပေါ်တယ်လို့ ထင်ကြသလဲ ....(ဒုက္ခဝေဒနာကလေး ပေါ်ပါတယ်ဘုရား)ဒုက္ခဝေဒနာကလေးပေါ်တယ် (မှန်ပါ့)။

ဒုက္ခဝေဒနာကလေး ပေါ်လာတော့ ဩော် .... ဒီခန္ဓာကြီးဟာ ဘာသစ္စာတုံးလို့ မေးလိုက်ယင်....(ဒုက္ခသစ္စာပါ ဘုရား)။

"သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"လို့ ဓမ္မစကြာပါဠိတော် ပါပြီးသား ဖြစ်နေတော့ ခန္ဓာက အပင်ကြီး ဖြစ်နေပါတယ်....(မှန်ပါ့)သူက သီးပွင့်လာတဲ့ အိုက်လုံးကလေးဟာ ဒုက္ခသီးကလေး၊ ဒုက္ခပွင့်ကလေးသာ ဖြစ်နိုင်တယ်....(မှန်ပါ့)။

ခန္ဓာက ဒုက္ခပင်ကြီးကိုး တကာတကာမတို့ .... ( မှန်ပါ့ ) သူက သီးပွင့်လာတာ သူတို့က ပေါ်ပေါက်လာတာကို ဘာလို့ ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

ဒါကြောင့် ခန္ဓာနှလုံးသွင်းကြဆိုတော့ တရားနှလုံးသွင်းပါဆိုတော့ ခန္ဓာကြည့်....(မှန်ပါ့)ခန္ဓာကြည့်လိုက်တဲ့အခါကျတော့ အောင့်လုံးကလေး-မခံချင်လုံးကလေး အင်း....ကျောက အိုက်တယ်,ရင်က အိုက်တယ်, ခြေထောက်က ကျင်တယ်၊ အင်း....ဘာသစ္စာကလေးတွေ ထွက်လာပါလိမ့် .... (ဒုက္ခသစ္စာကလေးတွေ ထွက်လာပါတယ်ဘုရား)။

ဩော်... ဒါဖြင့် ဒ္ဒိခန္ဓာထဲမှာ နဂိုရ်ရှိလို့ နကိုင်းထွက်တာဘဲ ဆိုတဲ့အတိုင်း ဒုက္ခသစ္စာရှိလို့ ဒုက္ခသစ္စာ ထူးထူးခြားခြား ပြတာဘဲ....(မှန်ပါ)။

ဒုက္ခသစ္စာရှိလို့....(ဒုက္ခသစ္စာပြတာပါဘုရား)ဒုက္ခသစ္စာ ထူးထူးခြားခြား ပြတာဘဲဆိုသဖြင့် ဩော်....တရားနှလုံးသွင်းကြဆိုတာ ခန္ဓာကြည့်၊ ခန္ဓာကြည့်တော့ ခန္ဓာထဲက အထူးတလည်ပေါ်လာတာ ကြည့်လိုက်တော့ တကာကြွယ် ဘာသစ္စာ တွေ့ရသတုံး....(ဒုက္ခသစ္စာတွေ့ရပါတယ်) ဒုက္ခသစ္စာဘဲ တွေ့ရတယ် ....(မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာကို ဘုန်းကြီးတို့ တကာ တကာမတွေ့က တွေ့ရတဲ့အခါကျတော့ ခန္ဓာက ဒုက္ခသစ္စာ၊ တွေ့အောင်ရှာနိုင်တဲ့ ဉာဏ်ကလေးက မဂ္ဂသစ္စာ....(မှန်ပါ)။

ခန္ဓာက....(ဒုက္ခသစ္စာပါဘုရား) တွေ့အောင်ရှာနိုင်တဲ့ ဉာဏ်ကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဟာ....ဒါဖြင့် တကာတကာမတို့ ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ဘူး....(မှန်ပါ)။

ဘယ်လိုပါလိမ့် .. (ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ပါဘုရား)။

ဒုက္ခနောက်က ဒေါမနဿ မလိုက်တော့ဘူး ဆိုကတည်းကိုက ဒေါမနဿ မလိုက်လို့ရှိယင် တကာကြွယ်တို့မောင်လှဘော်တို့ တကာသစ်တို့ သောက ပရိဒေဝ ဥပါယာသဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် လာသေးရဲ့လား....(မလာပါဘုရား)။

အင်း....ဒါဖြင့် တရားနှလုံးသွင်းကြဆိုယင် ဘာကြည့်မယ်-(ခန္ဓာကြည့်ရပါမယ်ဘုရား)။

ခန္ဓာကြည့်တော့ ခန္ဓာထဲက ထူးထူးခြားခြား ဘာပေါ်လာသတုံး....(ဒုက္ခသစ္စာပေါ်လာပါတယ်ဘုရား)။

အဲ... ဒုက္ခသစ္စာကလေးက ခန္ဓာကိုယ်ထဲက ပေါ်လာတော့.... အိုက်လုံးကလေး မချမ်းသာလုံးကလေး ဒါကလေးက ဒုက္ခသစ္စာလို့ သိထားတော့ ဒုက္ခသစ္စာက ဒုက္ခသစ္စာ....၊ ပေါ်လာတာကလေးကို အထူးတလည် သိတာက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခနောက်က မဂ္ဂလိုက်နေတဲ့အတွက် ဒုက္ခပျောက်ချင်တဲ့ တဏှာကော လာသေးရဲ့လား.... (မလာပါဘုရား) ဒုက္ခကြောင့်ဖြစ်တဲ့ ဩြော်.... ဒီအတိုင်းဆိုယင် ခက်ရချီရဲ့ ဆိုတဲ့ သောကတွေကော လာသေးသလား....(မလာပါဘုရား)။

ဒုက္ခသစ္စာကို ဒုက္ခသစ္စာမို့လို့ ပေါ်လာတာဘဲလို့.... ဒုက္ခဝေဒနာ ဒုက္ခသစ္စာကလေးပေါ်၊ အခု ပျောက်တာဘဲလို့ သိလိုက်သဖြင့်လဲ မသိတဲ့ အဝိဇ္ဇာကလေးချုပ်တယ်.... ( မှန်ပါ့ ) ပေါ်ပလား....(ပေါ်ပါပြီ)။

ဒါဖြင့်.... လောဘချုပ်, ဒေါသချုပ်, တကာ တကာမတို့ အဝိဇ္ဇာချုပ်....(မှန်ပါ့) သေသေချာချာ နားထောင်ပါ၊ ဒါ-တရားသား ထွက်လာပြီ....(မှန်ပါ့)။

တကာတကာမတို့ သေသေချာချာ နားထောင်ပါ၊ ဒီတလုံးသည် သေပျော်ပြီ၊ ဒီတလုံးနာပြီးလို့ရှိယင် ဒီတလုံး နှလုံးသွင်းပြီးလို့ရှိယင်ဖြင့် လောဘ, ဒေါသ, မောဟ အကုန်ချုပ်တယ်.... (မှန်ပါ့ဘုရား)။

တကာတကာမတွေ သေသေချာချာ နားထောင်စမ်းပါ...၊ အင်မတန် ပင်ပန်းခံပြီး ပေါ်လွင်ထင်ရှားအောင် ပြောနေတဲ့ ဥစ္စာ တကာတကာမတွေက ပေါ့ပေါ့တန်တန်မျိုး မနာဘဲနဲ့

ဆရာဘုန်းကြီးက ဒါ-မေတ္တာရှေ့ထားတာဘဲ၊ အကြီးအကျယ်ကြီးဆိုတာ မှတ်လိုက်စမ်းပါ.... (မှန်ပါ့) တကာတကာမတွေကလဲ အလိုရှိတာ ဒို့လဲ အကြီးအကျယ်ကြီးမို့ လာတာဘဲဆိုတာကော....ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

အဲဒီလိုလဲ အကြီးအကျယ်- အကြီးအကျယ်ချင်း တွေ့ရလို့ ရှိယင်ဖြင့် အဓိပတိ ထိုက်သည် ဖြစ်လေသောကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရောက်နိုင်တယ်....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီး စေတနာကလဲ သေးသေးလား....၊ ကြီးကြီးလား.... (ကြီးကြီးပါဘုရား) တကာတကာမတွေကလဲ ဒီအထဲမှာ တိုးခွေ့ပြီးသကာလ အပင်ပန်းခံပြီး မြေပေါ်မှာတချို့၊ တမံတလင်းပေါ်မှာတချို့၊ ဓမ္မာရုံထဲမှာတချို့၊ ကျောင်းကြီးပေါ်မှာတချို့ ဖြစ်သလို ယူမဟေ့ဆိုပြီးသကာလ စေတနာတွေကလဲ သေးသေးလား....၊ ကြီးကြီးလား.... ( ကြီးကြီးပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဟောတဲ့ပုဂ္ဂိုလ်ကလဲ စေတနာကြီးကြီး၊ နာတဲ့ပုဂ္ဂိုလ်ကလဲ စေတနာကြီးကြီးဆိုတာသည် မူလစိတ်မှာ အကြီးအကဲပေါ်လာတဲ့စိတ်လား... (အကြီးအကဲ ပေါ်လာတဲ့ စိတ်ပါဘုရား)။

ဒါဖြင့် ဒီကလဲ အဓိပတိနဲ့တွဲနေတယ်၊ တကာတကာမတွေကလဲ အဓိပတိစိတ်ထားပြီး နာပါ.. (မှန်ပါ့)။

အဓိပတိနဲ့ တွဲနေတဲ့အတွက် အဓိပတိစိတ်ထားနဲ့ဘဲ နာကြပါဆိုတော့ ဒီတရားပွဲဟာ တကာကြွယ်တို့ မောင်ဘသော်တို့ သေးသေးသိမ်သိမ် မဟုတ်တော့ဘူး....(မှန်ပါ့ဘုရား) ဒီတလုံးနဲ့

ဘဲ တကာတကာမတွေ အရေးတကြီး မှတ်လိုက်စမ်းပါ-(မှန်ပါ့ဘုရား)။

ကိုင်း....ယခု ဒါတွေက ဘယ်လိုပင် လာပြီးသကာလ နေပြေးသော်လဲ ခန္ဓာကိုယ်ကြည့်လိုက်တဲ့အခါကျတော့ အိုက်တဲ့ ဒုက္ခဝေဒနာ မပေါ်ဘူးလား....(ပေါ်ပါတယ်ဘုရား)။

ဘယ်ပေါ်မှာ ပေါ်ပါလိမ့်မတုံး မေးတော့.... ( ခန္ဓာကိုယ်ပေါ်မှာ ပေါ်ပါတယ်ဘုရား)။

ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ခန္ဓာပင်ကြီးက အိုက်လုံးကလေးတခု သီးပွင့်လာပြန်ပြီ.... (မှန်ပါ့ဘုရား)။

အိုက်လုံးကလေးတခု....(သီးပွင့်လာပြန်ပါပြီဘုရား) သီးပွင့်လာတယ်လို့ ဆိုနေပြီ၊ အိုက်လုံးကလေးက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲ.... ခန္ဓာက ဒုက္ခသစ္စာဆိုတော့.... သူက ထွက်လာတာ သူ့သားတော့ မခက်ပါဘူး တကာကြွယ်ရ .. (မှန်ပါ့)ဘာသစ္စာကလေး သူထိုးပြလိုက်သတုံး.... ( ဒုက္ခသစ္စာကလေး ပြပါတယ်ဘုရား)။

ဒုက္ခသစ္စာကလေးတခု ပေါ်လာတာ သူထိုးပြလိုက်တော့.... မောင်ဘသော်-ရေ....ခန္ဓာက ဒုက္ခသစ္စာ၊ သူက သီးပွင့်တဲ့ခုနင်က အိုက်လုံးကလေးကလဲ သူက သီးပွင့်လာတဲ့ အသီးကလေးဖြစ်သောကြောင့် ဒုက္ခပင်က ဒုက္ခသီး တာလို့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့)။

သယ်လို မှတ်ကြမယ်.... ( ဒုက္ခပင်က ဒုက္ခသီး လာတာပါဘုရား)။

ဒုက္ခပင်က ဒုက္ခသီးလာတာကို ဉာဏ်ကလေးနဲ့ကြည့်လိုက်တဲ့ အခါကျတော့ ဩော်.... သီးလာတာကလေးက ခုမှ ပေါ်လာ တာကလေးက ဒုက္ခသစ္စာ.... (မှန်ပါ့) သီးမှန်းသိတာကလေးက (မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာကလေး ဖြစ်နေတော့ ဩော်.... ဒုက္ခသစ္စာကို မဂ္ဂ သစ္စာနဲ့ တကာတကာမတွေ့က သိနေအောင် ဆရာဘုန်းကြီးက ပြောထားတယ်....(မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ သိနေတော့တယ်ဆိုတာ မှားသေး သလား....(မမှားပါဘုရား)။

ကိုင်း....မောင်ဘသော်တို့ သစ္စာ အရှာခက်သလားလို့ဆိုလို့ ရှိယင် ဘယ့်နှယ်ဖြေကြမလဲ....(မခက်ပါဘုရား)။

ခန္ဓာက ဘာပေါ်လာလာ သစ္စာမှတပါး မပေါ်ပါဘူး.... (မှန်ပါ့ဘုရား)။

ခန္ဓာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) သူ့အထဲထဲ က ဘာပေါ်လာလာ ထူးထူးခြားခြားပေါ်လာ ဘာသစ္စာပေါ် မှာတုံး.... (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာ ပေါ်မှာဘဲဆိုတာ တကာတကာမတွေ့ သိထားပြီ....(မှန်ပါ့)။

တကယ်လို့ ပေါ်ပြီးသားကလေး ချုပ်သွား ပြန်တော့ အိုက်လုံးကလေး ပျောက်သွားပြန်တော့လဲ ဟ.... ဘာကလေး ချုပ်သွားတာတုံးလို့မေးယင် ဘယ့်နှယ်ဖြေကြမလဲ.... ( ဒုက္ခ ချုပ်သွားတာပါဘုရား)။

ဟာ....ဒါဖြင့် တကာကြွယ်-နေရာကျပြီ....(မှန်ပါ့)တကာသစ် နေရာကျပြီ၊ ဘယ့်နှယ်ကြောင့် နေရာကျပါလိမ့်မလဲလို့ဆိုတော့ ဩော်....ကိုယ့်ခန္ဓာထဲမှာ ခန္ဓာက ဒုက္ခပင်၊ သူ့ကြောင့် ပေါ်

လာတာကလေးက ပူတုန်းမှာ အိုက်လုံး ဒုက္ခဝေဒနာ ကလေး ပေါ်လာတယ်....(မှန်ပါ့) အဲဒီတော့ ခန္ဓာဒုက္ခပင်က သီးပွင့်လာတာက ဒုက္ခဝေဒနာကလေးဘဲ၊ ဒုက္ခစိတ်ကလေးဘဲ သီးပွင့်လာတော့ ဒုက္ခဖြစ်တာကိုး....(မှန်ပါ့)။

ဒီစိတ်ကလေး အခုမှ ပေါ်လာတဲ့ အိုက်လုံး ကလေးဟာ ဒုက္ခဖြစ်တာဘဲ....(မှန်ပါ့) ဒီအိုက်လုံးကလေး ပျောက်သွားတဲ့ အခါကျတော့ ဘယ်နှယ် ဆိုကြမလဲ.... ( ဒုက္ခပျောက်တာပါ ဘုရား) ဒုက္ခပျက်တာ....(မှန်ပါ့) ပေါ်လာတဲ့ အခါကျတော့ (ဒုက္ခဖြစ်တာပါဘုရား)။

ပျက်သွားတဲ့အခါကျတော့....(ဒုက္ခပျက်သွားတာပါဘုရား)။

ဒုက္ခပျက်တာဆိုတော့ ဩော်....ခန္ဓာကိုယ်ထဲမှာ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာရှိမှာဘဲ....(မှန်ပါ့ဘုရား)။

ဒုက္ခဖြစ်၍....(ဒုက္ခပျက်တာသာရှိပါတယ်)ဒုက္ခပျက်တာသာ ရှိတော့ ခန္ဓာထဲက အခုအိုက်လုံးပေါ်တယ်၊ တော်တော်ကြာ ချမ်းသာလုံးကလေး ပေါ်လာပြန်တော့ ခန္ဓာကပေါ်လာတာ ဖြစ်သောကြောင့် ချမ်းသာလို့သာ သုံးစွဲလိုက်ရတယ် ဒုက္ခ ပေါ်တာဘဲ....(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက ဒုက္ခလို့ ပြောရပါလိမ့် မတုံးလို့ မေးလုံးထုတ်တဲ့အခါကျတော့မှ ဩော် .... ခန္ဓာက ဒုက္ခသစ္စာ၊ သူကသီးသန့်ပေါ်လာတော့ သုခတော့ မသီးနိုင် တော့ဘူး....(မှန်ပါ့ဘုရား)။

ဒါဖြင့် ချမ်းသာလုံးကလေး ပေါ်လာလဲ ဒုက္ခပေါ်လာတာ (မှန်ပါ့)ပျက်စီးသွားပြန်တော့လဲ .... (ဒုက္ခပျက်တာပါဘုရား)။

ဒါဖြင့် ဒုက္ခပေါ်လို့ ဒုက္ခပျက်တာဘဲ.... (မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာဥာဏ်စိုက်လိုက်တဲ့အခါ ကျတော့ ဖြစ်လိုက်ပျက်လိုက်နဲ့ စိတ်ကလေးပေါ်လဲ ဒုက္ခ ဖြစ်၍ ဒုက္ခပျက်တာဘဲ....(မှန်ပါ့ဘုရား) ဝေဒနာကလေး ပေါ် ပြန်ကော....(ဒုက္ခဖြစ်၍ ဒုက္ခပျက်တာပါဘဲဘုရား)။

ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲဆိုတော့ ဘယ်နေရာ ဘာပေါ် ပေါ် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာပေါ်တော့ မောင်ဘသော်က မယုံမရှိပါနဲ့....(မှန်ပါ့) အားလုံး တကာတကာမတွေက မယုံ မရှိပါနဲ့။ ပင်ကိုယ်ခန္ဓာက ဘာသစ္စာဘုံး .... (ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ပေါ်လာတဲ့ အသီးအပွင့်ကလေးတွက ဘာသစ္စာ ဆိုကြမလဲ....(ဒုက္ခသစ္စာပါဘဲဘုရား)။

ဒီကပြောလိုက်တော့မှ ဩော် .... ဟုတ်သားဘဲ ဒို့ကမျက်စိ လည်နေတာ....(မှန်ပါ့)ခန္ဓာက ဒုက္ခသစ္စာ။သူ့အထဲကဘာပေါ် လာလာ ထူးထူးခြားခြား ပေါ်လာယင် ဒုက္ခသာပေါ်မှာဘဲ.... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အသုဘကောင်ကြီးလဲ ခန္ဓာကိုယ်ကြီးဟာ အသုဘကောင် မှန်းသိသွားတော့ တံတွေးထွေးလဲ အသုဘကလေး ထွက်လာ တယ်....(မှန်ပါ့) နှပ်ကလေး ညှစ်လိုက်ပြန်ကော .... (အသုဘ ကလေးထွက်လာပါတယ်)ကျင်ကြီးကလေး စွန့်လိုက်ပြန်ကော.... (အသုဘကလေးထွက်လာပါတယ်) ကျင်ငယ်ကလေး စွန့်လိုက် ပြန်ကော....( အသုဘကလေးထွက်လာပါတယ် ) ချွေးကလေး ထွက်လာပြန်လဲ....(အသုဘကလေးထွက်လာပါတယ်) ဟ....ဘာ

ဖြစ်လို့တုံးဒီဥစ္စာ။ အို....နဂိုရ်ကအသုဘာကောင်မို့ အသုဘာတွေ အပြင်ထွက်တာပေါ့-(မှန်ပါ့)။

ဒီမှာလဲ နဂိုရ်က ခန္ဓာကြီးက ဘာသစ္စာ....( ဒုက္ခသစ္စာပါ ) ဒါဖြင့် သူ့အထဲက ဒုက္ခကလေး ပေါ်လာလဲ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား)။

တကာကြွယ်....ချမ်းသာတယ်လို့ ထင်တဲ့ သုခကလေး ပေါ်လာလဲ....(ဒုက္ခသစ္စာပါ) အလတ်စား ဥပေက္ခာဆိုတာကလေး ပေါ်ယင်ကော....(ဒုက္ခသစ္စာပါဘုရား) ပျက်သွားပြန်ယင်တော့ကော....(ဒုက္ခပျက်တာပါဘုရား)ဒါဖြင့် ခုနင်က အသုဘာထဲက အသုဘာထွက်ပြတယ်....(မှန်ပါ့)။

ခန္ဓာက ဒုက္ခသစ္စာမို့ သူက ထူးထူးခြားခြား ပေါ်လာတာကို ဒုက္ခသစ္စာမှ တပါး ဘာမှ မရှုကြပါနဲ့.. (မှန်ပါ့) ဒါဘဲ ရှုပါဆိုတာဖြင့် လေးစားစွာနဲ့ဘဲ ခိုင်မြဲအောင် သတိပေးလိုက်ပါတယ်....(မှန်ပါ့) တကာကြွယ် ရှင်းပြီနော်....(ရှင်းပါပြီ)။

ဟိုတုန်းကတော့ ဒုက္ခသစ္စာဆိုတာ တကာတကာမတွေ့က တော်တော် ခဲခဲယဉ်းယဉ်း ရှာရလိမ့်မယ်လို့ အောက်မေ့နေတာ။ကိုယ့်ခန္ဓာ ဒုက္ခသစ္စာသိမှ ကိုယ့်ခန္ဓာက ထူးထူးခြားခြား ပေါ်လာတာလဲ တခြားတရား မဟုတ်ဘူး ဒုက္ခသစ္စာသာရှိတယ် ဆိုတာ ရှင်းသွားပြီ....(ရှင်းပါပြီ)မရှင်းသေးဘူးလား....(ရှင်းပါပြီဘုရား)။

ဟ....သရက်ပင်က သီးယင် ဘာအသီးသီးမတုံး....သရက်သီး သီးမှာပေါ့....(မှန်ပါ့)။

သရက်ပင်က ဘာအရွက် ထွက်မတုံးဆိုယင် .... (သရက်ရွက်

ထွက်မှာပါဘုရား)သူ့နာမည်နဲ့ အလိုက်ချည့်ထွက်တယ်....(မှန် လှပါဘုရား)။

ဒီမှာလဲ ဒုက္ခပင်က ပေါ်လာတော့ ဘာစိတ်ပေါ်ပေါ် ဘာရုပ်ပေါ်ပေါ် ဘာဆိုကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီသစ္စာ တလုံးကို ခန္ဓာထဲက ပေါ်တိုင်းပေါ်တိုင်း ဒုက္ခသစ္စာမှ တပါး ဘာမှ မပေါ်ဘူး....(မှန်ပါ)အဲဒီ့ ပေါ်လာတိုင်းပေါ်လာတိုင်း သိတာကလေးဟာ ဘာခေါ်ကြမယ်....(မဂ္ဂသစ္စာပါ ဘုရား)။

ဒါဖြင့် ဒုက္ခပင်-ဒုက္ခသီး-ဒုက္ခသစ္စာ....(မှန်ပါ) ပေါ်လာ တိုင်းပေါ်လာတိုင်း သိတာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဖြစ်နေတော့ တကာတကာမတို့ မဂ်ရကြပြီ။ပေါ် တိုင်းပေါ်တိုင်း သိလို့ရှိယင် မဂ်ကိုယ်တိုင် သိတယ် ....(မှန်ပါ ဘုရား) ပေါ်တိုင်းသိယင်.... (မဂ်ကိုယ်တိုင် သိပါတယ်ဘုရား) ပေါ်တိုင်း မသိယင် အဝိဇ္ဇာ ကိုယ်တိုင်သိတယ်....(မှန်ပါ)။

ပေါ်တိုင်း မသိယင်....(အဝိဇ္ဇာကိုယ်တိုင်သိပါတယ်) ပေါ် တိုင်း သိယင်... (မဂ်ကိုယ်တိုင်သိပါတယ်ဘုရား)။

အဲဒါ တကာတကာမတို့ မဂ်ဟာ ဆုတောင်းယူတာလား .... ဒုက္ခပေါ်တိုင်းသိရတာလား(ဒုက္ခပေါ်တိုင်းသိရတာပါဘုရား)။

အဲဒါကြောင့် ရှေးအသုံးအနှုန်းဖြစ်တဲ့ ဝဋ္ဋဘဝတိုတို့နဲ့ မဂ် ဖိုလ် ရ-ရပါလို၏လို့ သွားပြီး မတောင်းနဲ့....(မှန်ပါ)။

ရကို မရဘူး....(မှန်ပါ)ပေါ်တိုင်းသိမှ ရတာ....(မှန်ပါ)ရှင်း ကြပလား....(ရှင်းပါပြီဘုရား)။

ပေါ်တိုင်းသိမှ (ရပါတယ်ဘုရား) ပေါ်တာက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား) သိတာက(မဂ္ဂသစ္စာပါဘုရား)။

အဲ....ပေါ်တိုင်းသိမှ မဂ်ရတာ တကာတကာမတွေက ဆု တောင်းပြည့်ဘုရား သွားတောင်းလို့တောင်း ဟုတ်လား .... (မှန်ပါ)။

ကိုယ့်ဟာကိုယ် တိတ်တိတ်တောင်းလိုတောင်း....တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရ-ရပါလို၏ဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ ဒုက္ခ သိမှ ပေါ်တာ....( မှန်ပါ့ဘုရား ) ဒုက္ခမသိယင်... (မပေါ်ပါ ဘုရား)။

တကာကြွယ် ကောင်းကောင်းရှင်းပလား....(ရှင်းပါပြီ) ဆု တောင်း အလုပ်လားတဲ့....ပေါ်တိုင်း သိရမည့် အလုပ်လား .... (ပေါ်တိုင်းသိရမည့် အလုပ်ပါဘုရား)။

သေသေချာချာ မှတ်ပါ၊ ဒီနေ့ တရားဟာ တကာတကာမ တို့ ဩဝါ-ဒ္ဓိခန္ဓာကြီးဟာဒုက္ခသစ္စာသူ့ထဲကအိုက်တာပေါ်ပေါ်၊ ချမ်းသာတာလေး ပေါ်ပေါ်၊အလတ်စားပေါ်လာလာ၊အိပ်ချင် တာကလေးပေါ်လာလာ၊ဝမ်းမြောက်တာကလေးပေါ်လာလာ ပေါ်ချင်တာပေါ် ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) ဒုက္ခ သစ္စာဘဲဆိုတာ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဟ....ဒီ ဒုက္ခသစ္စာကလဲ တကာတကာမတို့ ပေါလှချည့်လား၊ တပည့်တော်ခန္ဓာကိုယ်ထဲက ပေါ်တိုင်း ထူးထူးခြားခြား ပေါ် တာ ဆရာဘုန်းကြီးက ဒုက္ခသစ္စာလို့ ဟောနေတယ်ဆိုပြီး ဘုန်းကြီးအပေါ် အပြစ်မတင်လိုက်ပါနဲ့၊ ပင်ကိုယ် မွေးထားတဲ့ ခန္ဓာကြီးက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် သူက သီးပွင့်ပြီး ယခု ဖြာထွက်လာတာတွေ ဘယ့် နှယ်ဆိုကြမလဲ....(ဒုက္ခသစ္စာတွေပါဘဲဘုရား)။

ဟာ....ဒါတွေဟာ အမိရင်းဘက် ပါပြီ ...(မှန်ပါ့) မောင်ဘ သော် အမိရင်း ဘယ့်နှယ်တုံး .... (အမိရင်းဘက် ပါပါတယ်) ငြင်းစရာ ရှိသေးသလား....(မရှိပါဘုရား)။

မေးကတည်းက ခန္ဓာကိုယ်ကြီးက ဇာတိပိ ဒုက္ခသစ္စံ ဆိုတော့ ဇာတိခန္ဓာကြီးက ဒုက္ခသစ္စာရလာတော့ သူက ပေါက်ပွါးလာ တာတွေ ဘာသစ္စာများ ပေါက်ပွါးလာမတုံး .... ( ဒုက္ခသစ္စာ ပေါက်ပွါးလာမှာပါဘုရား)။

ဒါဖြင့် ခန္ဓာထဲမှာ ဘယ်စိတ်ပေါ်ပေါ် ဒုက္ခသစ္စာရှု....(မှန် လှပါ) ပေါ်ချင်တာပေါ်....(ဒုက္ခသစ္စာပါဘုရား) ဘာရုပ်တွေ ပေါ်ပေါ် အေးတဲ့ ရုပ်တွေ ပေါ်တယ်၊ ပူတဲ့ ရုပ်တွေ ပေါ် တယ်၊ ပေါ်ချင်တာပေါ် ဘာရှုနေမလဲ....(ဒုက္ခသစ္စာ ရှုနေပါ မယ်ဘုရား)ဒုက္ခသစ္စာဘဲ ရှုလိုက်ပါဆိုတာကိုဖြင့် တကာတကာမ တွေ လွဲစရာကော ရှိသေးရဲ့လား....(မရှိပါဘုရား)။

မေးလာတုန်းက ဘာသစ္စာမေးသလဲ .... (ဒုက္ခသစ္စာမေးပါ တယ်ဘုရား)။

အို....သမုဒယအကျိုးရပြီ၊ ရ-ထားတဲ့ ပုဂ္ဂိုလ်များ နောက် ဘဝက အဝိဇ္ဇာ တဏှာကြောင့် ဒီဘဝ ခန္ဓာငါးပါး ဒုက္ခသစ္စာ တရားကြီး ရ-ထားတယ်ဆိုတာကလဲ ၂-နံပါတ်မှာ ဒုက္ခသစ္စာမှ တပါး ဘာများ ပါသေးသတုံး....(ဘာမှ မပါပါဘုရား)။

ဘာမှ မပါတော့ အခုမျက်လုံးမြင်တဲ့ စိတ်ကလေး ပေါ် လာတယ် ဘာသစ္စာတုံး....( ဒုက္ခသစ္စာပါ ) နားကြားတဲ့ စိတ် ကလေး ပေါ်လာတယ် (ဒုက္ခသစ္စာပါဘုရား) နှာခေါင်းက ရှူချင်, ရှိုက်ချင်တဲ့စိတ်ကလေး ပေါ်လာတယ်....(ဒုက္ခသစ္စာပါ ဘုရား) အို....ဒီခန္ဓာကြီးက နဂိုရ်က ဘာသစ္စာတုံး....(ဒုက္ခသစ္စာ

ပါဘုရား) သူ့ထဲက သီးသန့်ကလေးတွေ ပေါက်ပွါးလာတာ ကလေးတွေ ဘာခေါ်ကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

အေး....ဒါကြောင့် ပေါ်ရာကို ကြည့်ယင် သစ္စာဘဲ တွေ့မယ်၊ ဒါ ဓမ္မာနုပဿနာသတိပဋ္ဌာန်လို့ ဆိုပါတယ်....(မှန်ပါ ဘုရား)။

ဘာတဲ့....(ဓမ္မာနုပဿနာ သတိပဋ္ဌာန်ပါ)ဓမ္မတွေရှုလို့ ဓမ္မာနုပဿနာ သတိပဋ္ဌာန်....(မှန်ပါ) ရှင်းကြပလား.... (ရှင်းပါပြီ ဘုရား)။

အေး...ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ သစ္စာရှာ ခန္ဓာမှာတွေ့ပါတယ်....(မှန်ပါ)။

သစ္စာရှာယင်....(ခန္ဓာမှာ တွေ့ပါတယ်ဘုရား)တရားရှာယင် လဲ....(ခန္ဓာမှာ တွေ့ပါတယ်ဘုရား)။

အေး....တရားရှာ ခန္ဓာတွေ့ဆိုတဲ့ စကားက နည်းနည်းကလေး အောက်တန်းကျတယ်....( မှန်ပါ )သစ္စာရှာ ခန္ဓာမှာ တွေ့မှ အဘိုးတန်တယ်....(မှန်ပါ)။

သစ္စာရှာယင်....(ခန္ဓာတွေ့မှ အဘိုးတန်ပါတယ်)အဲဒီတော့မှ သစ္စာက ဒုက္ခသစ္စာ၊ တွေ့တာက....(မဂ္ဂသစ္စာပါဘုရား)။

ခန္ဓာထဲ ပေါ်လာတာက....(ဒုက္ခသစ္စာပါ) တွေ့တာဟူသရွေ့ က....(မဂ္ဂသစ္စာပါဘုရား)။

အဲ....ဒါကြောင့် တကာတကာမတို့ မဂ်ဟာ ဆုတောင်း အလုပ်လား....ဒုက္ခတွေ့အောင်ရှာတဲ့ အလုပ်လား....(ဒုက္ခ တွေ့ အောင်ရှာတဲ့ အလုပ်ပါဘုရား)။

ဒုက္ခကလဲ အထူးရှာရတာလား၊ သူပေါ်လာတာ ဖမ်းကြည့် ရုံဘဲလား....(သူပေါ်လာတာ ဖမ်းကြည့်ရုံပါဘုရား)။

အဲ....သူပေါ်လာတာ ဖမ်းကြည့်လိုက်လို့ရှိယင်ဖြင့် ပေါ် လာတာက ဒုက္ခသစ္စာ၊ ဖမ်းကြည့်တာက မဂ္ဂသစ္စာ....(မှန်ပါ့) ဆိုတော့ တကာတကာမတွေ ဒီနေရာကလေးမှာ တပည့်တော်တို့ ဘုရား.. ပေါ်လာတာ ဒုက္ခသစ္စာ၊ ပေါ်လို့ ပေါ်တိုင်း ပေါ် တိုင်း သိနေတာကလေးက မဂ္ဂသစ္စာဆိုတော့ တပည့်တော်တို့ မင်္ဂရတဲ့ ပုဂ္ဂိုလ်တွေဘဲလို့ ဆိုတာကို ကေန် မှတ်ထားလိုက်တာ ပေါ့....(မှန်ပါ့)။

ကေန် မှတ်ပြီးသည့်နောက် အကျိုးကလေး ဘုန်းကြီးက တကာတကာမတွေ ရှင်းပေးပါဦးမယ်....(မှန်ပါ့)။

အကျိုးတရားကလေး ဘယ်လိုအကျိုးထူးသလဲဟေ့ဆိုတော့ တကာတကာမတွေ ပေါ်လာတာက ဒုက္ခသစ္စာ၊ ပေါ်တိုင်း ကြည့်မိတာက....(မဂ္ဂသစ္စာပါဘုရား)။

မဂ္ဂသစ္စာဖြစ်သွားတော့ ဩော်.... တကာ တကာမတွေမှာ ရှေးအခါတုန်းကတော့ ဒုက္ခကလေး ပေါ်လာတယ်၊ယားတယ်၊ အိုက်တယ်ဆိုပြီး ပေါ်လာတယ်ဆိုပါတော့....(မှန်ပါ့) ဩော်.... ဖြစ်မှ ဖြစ်ရပလေဆိုပြီးသကာလ ဒေါမနဿတွေ နောက်ထပ် ဖြစ်တယ်....(မှန်ပါ့)။

အခုဖြင့် ပေါ်လာတာ ဒုက္ခသစ္စာလို့ သိနေတော့ ရှုတဲ့မင် သာ လိုက်တော့တယ်....တဲ့၊ တကာတကာမတို့ ဒေါမနဿလိုက် သေးရဲ့လား (မလိုက်တော့ပါဘုရား)။

ဒေါမနဿ မလိုက်တော့ ဩော်....ဒေါသသေစေတာလဲ မင် ဘဲ....(မှန်ပါ့)သဘောကျကြပလား....(ကျပါပြီ)။

ဒေါသသေစေတာ....(မဂ်ပါဘုရား) အင်း.... မရှုတဲ့ ပုဂ္ဂိုလ် သေပါ့မလား....(မသေပါဘုရား)ပေါ်တာ မသိတဲ့ ပုဂ္ဂိုလ်ဖြင့် (မသေပါဘုရား)။

မသေပါဘူးလို့ ဘုန်းကြီးတို့ တကာတကာမတွေမှာ ပေါ်တာ သိပြီးသကာလ နေတဲ့အတွက် ဒေါသနောက်က လိုက်သေး ရဲ့လား....(မလိုက်ပါ) ပေါ်တာက ဘာသစ္စာ....(ဒုက္ခသစ္စာပါ ဘုရား)။

သိတာက....(မဂ္ဂသစ္စာပါဘုရား) အဲ... သေတာက ဒေါသ.... (မှန်ပါ့ဘုရား)။

သေတာက.... (ဒေါသပါဘုရား) ဩော်....ဒါဖြင့် ဒေါသ ဖြင့် သေသွားပြီ....(မှန်ပါ့)ဒေါသသေတာ ရိပ်မိပလား....(ရိပ်မိ ပါပြီဘုရား)။

ခါတိုင်းတော့ဖြင့် ဒုက္ခဖြစ်တယ်ဆို နောက်က ဒေါသ လိုက် တယ်.... (မှန်ပါ့) အခုတော့ ဒုက္ခဖြစ်တယ်ဆိုယင် နောက်က မဂ်လိုက်တယ်....(မှန်ပါ့)။

ဒုက္ခဖြစ်တာ တကာကြွယ်....(မဂ်လိုက်ပါတယ်ဘုရား) ဒါက ခင်ဗျားတို့ အကုန် သာသနာတွင်းရောက်လို့ အကုန် အပါယ် တံခါးပိတ်ပါပြီ.... ( မှန်ပါ့ဘုရား ) သိပ် အဘိုးတန်သွားပြီ.... (တန်ပါပြီဘုရား)။

မောင်ဘသော် နာရီဝက်နီးပြီကွ၊ အတော် အဘိုးတန်ပြီ.... (တန်ပါပြီဘုရား) အင်မတန် အဘိုးတန်သွားပြီ....(မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အားလုံးဘဲ ခင်ဗျားတို့ ဆရာကောင်း, သမားကောင်းကလဲကြုံ၊ ခင်ဗျားတို့ ဆန္ဒကလဲ ပြင်းပြခြင်းကြောင့် ဩော်.... အပါယ်တံခါးပိတ်ဆို

တာ ဒေါသ မလာတာဆိုတာကိုး....(မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

အပါယ်တံခါးပိတ်ဆိုတာဘာပါလိမ့်.... (ဒေါသမလာတာ ဆိုတာပါဘုရား)။

ဒေါသမလာရုံမကသေးပါဘူးတကာကြွယ်....(မှန်ပါ့ဘုရား) ခန္ဓာကိုယ်ထဲမှာ အိုက်လုံးကလေးပေါ်လာတယ်....၊ အိုက်လုံး ကလေး ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) သိတာက.... (မဂ္ဂ သစ္စာပါဘုရား)။

ဒါဖြင့် မဂ်လိုက်လာတော့ကို တကာတကာမတွေ့က အင်း.... အိုက်လိုက်တာ ဘယ်တော့များအေးပါ့မတုံးဆိုတဲ့ တောင့်တတဲ့ တဏှာလာသေးသလား.... ( မလာပါဘုရား ) အင်း....မဂ်သာ လိုက်နေတယ်....(မှန်ပါ့)။

အိုက်တာကလေးက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာဆိုတော့ ခုနင်က အိုက်တာကလေး ဘယ်တော့မှ ပျောက်ပါ့မလဲဆိုတဲ့ တဏှာလာသေးရဲ့လား....(မလာပါဘုရား)။

ဪ.... ဒါဖြင့် တဏှာလဲ သေသွားပြီ.... (သေသွားပါပြီ ဘုရား)။

အိုက်လာတာ ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) သိတာက (မဂ္ဂသစ္စာပါဘုရား) သေတာက သမုဒယသစ္စာ.... (မှန်ပါ့) တဏှာသေသွားပြီ....(မှန်ပါ့) တဏှာသေသွားတော့ ဘာသစ္စာ တဲ့တုံး.... ( သမုဒယသစ္စာပါဘုရား ) သမုဒယသေသွားတာ.... (မှန်ပါ့)။

ခုနင်က ဒေါသသေသွားတယ်— ( မှန်ပါ့ ) အခုလောဘ သေပြန်ပြီ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီ)။

ဩော်....တကာတကာမတို့ မောဟသေပုံကလေး ရှင်းပေးပါ ဦးမယ်....(မှန်ပါ့)။

အိုက်လုံးကလေးဟာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား) အိုက်တာကလေးဟာ ဩော်....ဒုက္ခဘဲ၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာ ဘဲလို့ သိပေးတာကလေးက....(မဂ္ဂသစ္စာပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာကို မဂ္ဂသစ္စာဆိုတဲ့ဝိဇ္ဇာနဲ့ သိသောကြောင့် အဝိဇ္ဇာချုပ်ပြန်တယ်....(မှန်ပါ့) ဘာချုပ်သွားသလဲ....(အဝိဇ္ဇာ ချုပ်ပါတယ်ဘုရား) ဟာ.... ဒါ-အဝိဇ္ဇာဆိုတာ မောဟဘဲ.... (မှန်ပါ့)။

တကာတကာမတို့ မောဟ လာသေးရဲ့လား.... (မလာပါ ဘုရား)။

ဒါဖြင့် တလုံးတည်း သိလိုက်တာနဲ့ လောဘ, ဒေါသ, မောဟ သေတယ်....(မှန်ပါ့)။

အိုက်လုံးကလေး တလုံးကို ဒုက္ခသစ္စာလို့ သိလိုက်တာနဲ့ လောဘကော....(သေပါတယ်ဘုရား) ဒေါသကော.... (သေပါ တယ်ဘုရား ) တကာကြွယ်.... မောဟကော.... ( သေပါတယ် ဘုရား)။

ဒါဖြင့် လောဘ,ဒေါသ,မောဟတို့၏ ချုပ်ငြိမ်းရာ ဘာပါ လိမ့်မတုံး.... (ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာမဂ်ဆိုတာ သေသေချာချာ ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကြည့်စမ်း တကာ့တကာ့မတို့ အိုက်လုံးတလုံးကို ဒုက္ခသစ္စာလို့ သိလိုက်တဲ့အဖြစ်ဟာ ဘယ်နှစ်ခုသေသွားသတုံး.... (သုံးခုသေပါတယ်ဘုရား)ဘယ်သူတွေပါလိမ့်ဗျာ... (လောဘ, ဒေါသ, မောဟတွေပါဘုရား)။

လောဘ, ဒေါသ, မောဟဆိုတော့ ပဋိစ္စသမုပ္ပါဒ် ရ-ထားတဲ့ ပုဂ္ဂိုလ်များမှာ တတာတကာမတို့ ကပ်ပြား ရ-ထားတဲ့ ပုဂ္ဂိုလ်များမှာ အိမ်ကျတော့ ကြည့်ကြည့်....၊ အခုဘဲကြည့်ကြည့်၊ ၃-နံပါတ်ဆိုတဲ့ တတိယအကွက်ဟာ တဏှာ, ဥပါဒါန် ကံ- ဒေါသတို့- သောကတို့ လာတဲ့အကွက်၊ အဝိဇ္ဇာသင်္ခါရလာတဲ့ အကွက် လာနိုင်သေးရဲ့လား....(မလာနိုင်ပါဘုရား) မလာနိုင်တော့ဘူးဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် တကာ့တကာ့မတို့ အိုက်တာ ဒုက္ခသစ္စာ၊ သိတာစည် (မဂ္ဂသစ္စာပါဘုရား) သေတာက လောဘ, ဒေါသ, မောဟ.... (မှန်ပါဘုရား) ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

သေတာက ဘာတဲ့.... (လောဘ, ဒေါသ, မောဟပါဘုရား) လောဘ, ဒေါသ, မောဟ ဆိုတော့.... တကာ တကာမတွေမှာ-ဩော်.. လောဘကြောင့် ပြိတ္တာဘုံရောက်ရတယ်....၊ ဒေါသကြောင့် ငရဲရောက်ရတယ်၊ မောဟကြောင့်တဲ့ တိရစ္ဆာန်တွေဖြစ်ရတယ်၊ လောဘကြောင့်တဲ့ ဥစ္စာစောင့်တွေ ဘာတွေဖြစ်ကြရတယ်ဆိုတော့ ဒေါသကြောင့် ငရဲသွားတယ်၊ မောဟကြောင့် တိရစ္ဆာန်ဖြစ်တယ်၊ လောဘကြောင့် ပြိတ္တာဖြစ်တယ်ဆိုတော့ ဒါတွေမှ မလာတော့ အပါယ်တံခါးမှ ပိတ်ပါ့မလားလို့ သံသယရှိဘို့ လိုသေးသလား....(မလိုပါဘုရား)။

အပါယ်တံခါးအတူက ပိတ်သွားပြီ... (မှန်ပါ) မဂ်အတူက ပိတ်သွားတယ်....(မှန်ပါ)။

တကာတကာမတို့ အပါယ်တံခါး ကိုယ်ကသွားပြီး လက်ကလေးနဲ့တွန်းလို့ ပိတ်တာလား၊ မဂ်အတူက ပိတ်တာလား.... (မဂ်အတူက ပိတ်တာပါဘုရား)။

ဒါဖြင့်.... ဒီအတူဟာ တကာတကာမတို့ စက္ခုံဥဒပါဒိ.... (မှန်ပါဘုရား) စက္ခုံ=ပညာမျက်စိ မဂ်အတူသည်၊ ဥဒပါဒိ= ပေါ်လာ၏.... (မှန်ပါဘုရား) ရှင်းရဲ့လား.... (ရှင်းပါတယ် ဘုရား)။

စက္ခုံ ဘယ့်နှယ်ဆိုကြမယ်.... (ပညာမျက်စိ မဂ်အတူသည်) ဥဒပါဒိ=ပေါ်လာ၏....(မှန်ပါဘုရား) ရှင်းကြပြီ.... (ရှင်းပါပြီ ဘုရား)။

ဩော်.... ဒါဖြင့် တကာတကာမတို့ အခု တရားနာနေတာ နာရီဝက်သာသာကလေး ရှိသေးတယ်၊ ဒီအတိုင်းသာသိနေလို့ ရှိယင်ဖြင့် သေကာနီး သိလဲ ပိတ်တာဘဲ.... (မှန်ပါ) အခုသိလဲ အခုကနေပြီး သကာလ အပါယ်လေးပါး ငါသွားစရာမရှိဘူး ဆိုတာ ဆုံးဖြတ်ချက်ချ . (မှန်ပါ)။

ဒါ့ကြောင့် ဒီအသိကလေးတလုံးကိုဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ အကြီးဆုံးဘဲ နိဗ္ဗာန်မဂ်ဖိုလ်ဆုပေးတာဘဲ-(မှန်ပါ) ယူဖြစ်အောင်ယူကြ....(မှန်ပါ) လမ်းချမပစ်ခဲ့ပါနဲ့.... (မှန်ပါ ဘုရား)။

မေ့မပစ်ပါနဲ့ဆိုတာ လမ်းချမပစ်ပါနဲ့ဆိုတာ.... (မှန်ပါ) အရေးအကြီးဆုံး၊ ဘုရားပွင့်မှပေါ်တဲ့ သစ္စာကိုး.... (မှန်ပါ) ဘုရားပွင့်မှပေါ်တဲ့ အလုပ်ကိုး....(မှန်ပါ) ဆိုတော့ ဒါ....နည်း

နည်း နေ့သနေ့သလားလို့ မေးတဲ့အခါကျတော့ အလွန် ကြီးကျယ်တဲ့ အသိဉာဏ်ပါကလား၊ ဒီဉစ္စာ ဒီနေ့ပေးလိုက်တဲ့ဉစ္စာ တချက်ရှုလိုက်တာနဲ့ လောဘ၊ ဒေါသ၊ မောဟ အကုန်သေတယ် (မှန်ပါ့) မသေဘူးလား တကာကြွယ်.... (သေပါတယ်ဘုရား)။

သေတော့ လောဘ၊ ဒေါသ၊ မောဟ မရှိတဲ့ပုဂ္ဂိုလ် ဘယ်ကလာ အပါယ်သွားမှာတုံး....(မသွားပါဘုရား) ရှင်းကြပလား-(ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့- တကာတကာမတွေ ခဏခဏဘဲ ဆရာဘုန်းကြီးကလဲ ကရုဏာကြီးကြီးနဲ့ ဟောနေတော့ တကာတကာမတွေကလဲ ဇွဲကြီးကြီးနဲ့ နာနေတော့ သြော်.... ခန္ဓာက ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သူ့ထဲပေါ်လာတဲ့တရားတွေက ဘာသစ္စာပေါ်ရသလဲ.... ( ဒုက္ခသစ္စာ ပေါ်ရပါတယ်ဘုရား) တကယ်လို့ ပျောက်သွားယင်လဲ ဘာသစ္စာ ပျောက်သလဲ.... (ဒုက္ခသစ္စာပျောက်ပါတယ်ဘုရား) ပျောက်သွားပြန်လဲ ဒုက္ခသစ္စာပျောက်သွားတယ်....(မှန်ပါ့)။

ဒါဖြင့် ပေါ်လဲ ဒုက္ခသစ္စာ.... (မှန်ပါ့) ပျက်တာကော.... (ဒုက္ခသစ္စာပျက်တာပါဘုရား) ဟာ....တကာကြွယ် ရှင်းပြီ.... (မှန်ပါ့)။

ခန္ဓာထဲကပေါ်သရွှေဖြင့် တကာကြွယ်ရ ဘာဘဲ ပေါ်ပေါ် ဘယ်လိုဆုံးဖြတ်ချက်ချမလဲ ...(ဒုက္ခသစ္စာပါဘုရား)။

ဟာ....မင်းတို့ ဒီလိုဆုံးဖြတ်ချက်ချလိုက်တာ အတော်မိတာဘဲ (မှန်ပါ့) ဘာကြောင့်တုံး....ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာပင်ကြီးက ဒုက္ခသစ္စာဆိုယင် သူက သီးပွင့်လာမှ သုခဖြစ်ချင်လို့တော့ မဖြစ်နိုင်ဘူး....(မှန်ပါ့)ဖြစ်နိုင်ပါ့မလား....(မဖြစ်နိုင်ပါဘုရား)။

အေး....ဒါတွေကို ရေရေလည်လည် ပိုင်ပိုင်နိုင်နိုင်ကြီး သိရတော့မှ သြော်....သစ္စာဆိုတာ ခန္ဓာပါကလား....(မှန်ပါ့ဘုရား)။

ခန္ဓာထဲက ထူးထူးခြားခြား ပေါ်လာပြန်လို့ ရှိယင်လဲ သစ္စာထဲထည့်ရမယ်... (မှန်ပါ့) ဒုက္ခပင်က သီးလို့ရှိယင်ဖြင့် သုခသီး- သီးမလား၊ ဒုက္ခသီး- သီးမလား....( ဒုက္ခသီး- သီးမှာပါဘုရား ) ဒုက္ခသီး- သီးမယ်ဆိုတာ သေချာကြပလား .... (သေချာပါပြီဘုရား)။

ယားလဲ ဒုက္ခသစ္စာဖြစ်ပျက်၊ နာလဲ ဒုက္ခသစ္စာဖြစ်ပျက်ဟုတ်လား....(မှန်ပါ့) အင်း.... ကောင်းတဲ့စိတ်ကလေး ပေါ်လာလဲ.... (ဒုက္ခသစ္စာပါဘဲ) ဒုက္ခသစ္စာဘဲ....(မှန်ပါ့ဘုရား)။

ဒီအတိုင်းသာ ရှုပြီးသကာလ တကာတကာမတွေ ဘုရားရှိခိုးတဲ့စိတ်ကလေး ပေါ်လာပြန်လဲ၊ အင်း....ဒုက္ခရှိလို့ ဒုက္ခသစ္စာဘဲ- (မှန်ပါ့) ခန္ဓာထဲကပေါ်လာတာကိုး....(မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ပေးချင် ကမ်းချင်တဲ့စိတ်ကလေး ပေါ်လာပြန်တော့ကော....( ဒုက္ခသစ္စာဖြစ်တာဘဲဘုရား)။

ဒီစိတ်ကလေးလဲ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာဘဲ ရှုလိုက် .... (မှန်ပါ့ဘုရား)။

မေတ္တာထားတဲ့ စိတ်ကလေး ပေါ်လာယင်လဲ ဘယ့်နှယ်ဆိုမလဲ....(ဒုက္ခဖြစ်တာပါ) ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ၊ နဂိုရ်ကဒုက္ခပင်နော်....(မှန်ပါ့)သူက သီးပွင့်လာတာ ဘာသီးဘာပွင့်လို့ဆိုကြမလဲ....( ဒုက္ခသီး- ဒုက္ခပွင့်ပါ ) ဒုက္ခသီး- ဒုက္ခပွင့်မှတပါးတခြားပါသေးသလား....(မပါ-ပါဘုရား)။

သြော်.... ဒီလိုသိတော့မှ ငါတို့ကိုယ်နေ့ ဆရာဘုန်းကြီးကဟောလိုက်တာ အရင်းကိုင်ပြီးသကာလ ဒို့သံသယရှိတာတွေဖြင့်

ဒို့က ကုသိုလ်စိတ်ကလေး ပေါ်လာလဲ စိတ်ကောင်းကလေးလို့ အောက်မေ့နေတယ်၊ ကောင်းတော့ ကောင်းပါရဲ့၊ သို့သော်လဲ သစ္စာထဲဝင်တော့ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ.... (မှန်ပါဘုရား)။

မေတ္တာပို့တဲ့ စိတ်ကလေးပေါ်လာလဲ စိတ်တော့ကောင်းပါရဲ့၊ ကောင်းပေမဲ့ သူ့ပင်ကိုယ်သဘောက ဘာတုံး.... (ဒုက္ခဖြစ်တာပါ)ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ .. ( မှန်ပါ )ရှင်းပလား .... (ရှင်းပါပြီဘုရား)။

အဲဒါကြောင့် ဘုရားက သံခိတ္တေန- မင်းတို့တကိုယ်လုံး ငါးအကုန်ပြောရမှာဖြင့်။ ပဉ္စုပါဒါနက္ခန္ဓာ = ခန္ဓာငါးပါးလုံး၊ ဒုက္ခသစ္စံ-ဒုက္ခသစ္စာ....လို့ ဘုရားက ဒါလောက် ဖြေထားပါလျက်သားနဲ့ ခင်ဗျားတို့က စိတ်ကောင်းကလေး ပေါ်လို့ ကျုပ်တော်သေးတယ်....(မှန်ပါ) တကာကြွယ်က ကြွားလုံးများ ထုတ်ချင်သေးတယ်....(မှန်ပါဘုရား)။

အင်း... စိတ်ကောင်းပေါ်တာက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

ပြောတော့- အင်း .... ဒါက ကုသိုလ်စိတ်ကလေးဘဲလို့ ဆိုရတယ်....(မှန်ပါ) ဆိုပင် ဆိုရငြားသော်လဲ သစ္စာထဲသွင်းလိုက်တော့ ဘာသစ္စာပေါ်သတုံး....(ဒုက္ခသစ္စာပေါ်ပါတယ်ဘုရား)။

အဲ... ဒါဖြင့် ကုသိုလ်စိတ်လဲ ဖြစ်ပျက်ရှုပေးလိုက် "ဝီတရာဂံဝါ စိတ္တံ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ" ဟေ့ ..... ကုသိုလ်စိတ်လဲ ဖြစ်ပျက်ရှု။ ဘာပြုလို့တုံး- ဒုက္ခသစ္စာမို့... (မှန်ပါ)တကာကြွယ် မဆိုထိုက်ဘူးလား....(ဆိုထိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် တကာတကာမတွေ ဒုက္ခသစ္စာဘယ်မှာရှာကြမယ်....(ခန္ဓာမှာရှာရပါမယ်ဘုရား)။

ခန္ဓာထဲမှာ ပေါ်လာသည်ဟာလဲ ဘာသစ္စာတုံး .... (ဒုက္ခသစ္စာပါဘုရား)။

ရှုတော့ အရှုခံရတာက ဒုက္ခသစ္စာ၊ ရှုတဲ့ဉာဏ်က (မဂ္ဂသစ္စာပ ါ.ဘုရား)။

မဂ်ရတော့ စက္ခုံ ဥဒပါဒိ....(မှန်ပါ့)စက္ခုံ =မဂ်မျက်လုံးသည် ဥဒပါဒိ = တကာတကာမတို့ ခင်ဗျားတို့သန္တာန်၌ ယနေ့ပေါ်လာ၏... (မှန်ပါ့) မဂ်မျက်လုံးပေါ်တာ....(မှန်ပါ့ဘုရား)။

ဘာမျက်လုံးပေါ်တာတုံး....(မဂ်မျက်လုံး ပေါ်တာပါ)အမေပေးတဲ့မျက်လုံးလားလို့ ဆိုတော့ မဟုတ်ပါဘူးတဲ့။ ဆရာပေးတဲ့မျက်လုံးပေါ်တယ်....(မှန်ပါ့) သဘောကျပလား .... (ကျပါပြီဘုရား)။

အမေပေးတဲ့ မျက်လုံးက ဘာတွေပေးထားသတုံး ဆိုတော့ ဟောဒါ နှင့်နှမလို့မှတ်ထား၊ နှင့်အမေလို့မှတ်ထား၊ နှင့်အဖေလို့မှတ်ထား၊ နှင့်အဘိုးလို့ မှတ်ထား....(မှန်ပါ့)ဘာလဲဆိုတော့ ပညတ်သင်လိုက်တာ....(မှန်ပါ့) သစ္စာ ပရမတ်ကို မသင်နိုင်ဘူး-(မှန်ပါ့- မသင်နိုင်ပါ)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ကဲ....ဒါဖြင့် အမေပေးတဲ့ မျက်လုံးမဟုတ်ဘူး၊ ဆရာပေးတဲ့မျက်လုံး....(မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဆရာပေးတဲ့ မျက်လုံးဆို လောဘ, ဒေါသ, မောဟကင်းပြီ .. (မှန်ပါ့) အမေပေးတဲ့ မျက်လုံးကတော့ ဟာ.... ဒါ နှင့်အမျိုးဆို၊ ဟာ....ခင်တော့မှာဘဲ- အဘိုးလို့ အဖွားလို့ ခေါ်တော့မယ်။ အမေပေးတဲ့ မျက်လုံးက ခင်လုံး, မင်လုံး လာတယ် .... (မှန်ပါ့) ချောက်လုံး, လှန့်လုံးကော .... (လာပါတယ်ဘုရား)။

လာတယ်ဆိုတော့ တကာတကာမတို့ အမေပေးတဲ့မျက်လုံးက တဲ့၊ သီလမျက်လုံးလောက် ပေးနေတာ.... ( မှန်ပါ ) ဟောဒါ ရှိသေတော့ဆိုတာ သီလမျက်လုံး....(မှန်ပါ) ဟောဒီ အဘိုးတွေ အဖွားတွေက ခိုင်းယင် မင်းဝေယျာဝစ္စ လုပ်ပေးလိုက် ဆိုတော့ ဝေယျာဝစ္စသီလ မျက်လုံးတပ်ပေးလိုက်တယ်.... (မှန်ပါဘုရား)။

ဆရာကပေးတော့ ပညာမျက်လုံး .... (မှန်ပါ) အမေကပေး တာက သီလမျက်လုံးကို ပေးတယ်....(မှန်ပါ) မကွာဘူးလား.... (ကွာပါတယ်ဘုရား)။

အမေကပေးတာက.... (သီလမျက်လုံး ပေးပါတယ်) ဆရာက ပေးတာက....(ပညာမျက်လုံး ပေးပါတယ်) ပညာမှ နိဗ္ဗာန်သွား နိုင်မယ်ဆိုတာကကော သေချာပလား....(သေချာပါပြီဘုရား)။

အေး....ဒါ့ကြောင့် သီလလောက်နဲ့ မသွားနိုင်ဘူး၊ ပညာမှ သွားနိုင်သောကြောင့် ပညာမျက်လုံးကို အဆုံးထားပြီး အား ကိုးရလိမ့်မယ်....(မှန်ပါ)ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခန္ဓာကိုယ်ကြီးက ဘာသစ္စာ .... (ဒုက္ခသစ္စာပါ)ကိုယ်ပေါ်မှာဘာဘဲ ထူးထူးခြားခြားပေါ်နေနေ ဘာသီး- ဘာပွင့်လို့ ဆိုကြမလဲ.... (ဒုက္ခသီး-ဒုက္ခပွင့်ပါဘုရား)။

အဲ ... ဒုက္ခသီး-ဒုက္ခပွင့်- ပွင့်တိုင်းပွင့်တိုင်း မောင်ဘသော် ကြည့်ပေးပါ....(မှန်ပါ)ကြည့်ပေးလိုက်တော့ ဒုက္ခပွင့်-ဒုက္ခသီးက ဘာသစ္စာ .... (ဒုက္ခသစ္စာပါ) ကြည့်ပေးတာက .... (မဂ္ဂသစ္စာပါ ဘုရား)။

ဟာ....ဒါဖြင့် ဒါမဂ်မျက်လုံးပေါ့.... (မှန်ပါ) စက္ခုံ =ပညာ မျက်စိသည်၊ ဟုတ်လား....(မှန်ပါ)ဥဒပါဒိ=ပေါ်လာ၏ဆိုတော့ ဆရာပေးတဲ့မျက်လုံး....(မှန်ပါဘုရား)။

ဒီမျက်လုံးသည် တကာတကာမတို့ စဉ်းစား ကြည့်ပါတဲ့၊ ဒုက္ခသစ္စာကို ဒုက္ခသစ္စာလို့ သိသောကြောင့် ဒေါသကော လာသေးလား....(မလာပါ) ပျောက်ချင်တော့–ဒီအနာကလေး ပျောက်ချင်တဲ့အတွက် လောဘကော.... ( မလာပါ )ဒုက္ခသစ္စာ မသိတဲ့ အဝိဇ္ဇာ မောဟကော....(မလာပါဘုရား)။

ဒါဖြင့် ဒီသိလုံးသည် တကာတကာမတို့ ဒုက္ခဖြစ်၍ ဒုက္ခ ပျက်တာကိုသိတဲ့ သိလုံးကလေးသည် တကာတကာမတို့အား လောဘ, ဒေါသ, မောဟကို ကုန်စေသည်....(မှန်ပါ့ဘုရား)။

ဒါဖြင့် သံသရာ့ ရေသောက်မြစ်တွေကို သတ်နိုင်သည် ဆိုတာ ရှင်းသွားပြီ....(ရှင်းပါပြီ) မရှင်းသေးဘူးလား .... (ရှင်း ပါပြီဘုရား)။

အင်မတန် အဘိုးတန်တဲ့ စကား တကာကြွယ် သေပျော်ပြီ... (မှန်ပါ့ဘုရား) အားလုံး တကာတကာမတွေ သေပျော်ပြီဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ) ဘယ်နှစ်ခု သေသွားသလဲ.... (သုံးခု သေပါတယ်ဘုရား) ဘယ်သူတွေပါ့လိမ့်ဗျာ .. (လောဘ, ဒေါသ, မောဟပါဘုရား)။

ဩော်.... တကာတကာမတွေ ဒီထဲ ညည်းလုံးထုတ်နေကြ တယ်၊ ဒီလောဘနဲ့သာဆိုယင်ဖြင့် ကျုပ်တို့တတွေ ပြိတ္တာဘုံ တန်းနေပြီ....(မှန်ပါ့) ဒီဒေါသနဲ့သာဆိုယင်ဖြင့် နေ့စဉ် ဒေါသ ဖြစ်ယင် ငါတော့ဖြင့် ငရဲသွားရတော့မယ်ဟေ့၊ ကြောက်နေ ကြတယ်....(မှန်ပါ့)။

ငါ့မှာသူတော်ကောင်းအလုပ်-မလုပ်ရဘူး၊အလကားဟာတွေ နဲ့ အချိန်ကုန်နေတယ်ဆိုတော့မောဟကြောင့်အပါယ်သွားရမယ် သူပြောနေတာ....(မှန်ပါ့)။

အခုတော့ဖြင့် တကာတကာမတွေ ဘုန်းကြီးကဘဲ နည်းပေးပြီး သကာလ ပေးလိုက်ပါတယ်၊ ခန္ဓာထဲကပေါ်သ၍ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) သိတာကလေးက....(မဂ္ဂသစ္စာပါဘုရား) သေတာက.... (သမုဒယသစ္စာပါဘုရား) သေတာက လောဘ,ဒေါသ,မောဟ .. (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ) သမုဒယသစ္စာဆိုလဲ ဟုတ်ပါတယ်....(မှန်ပါ့)။

သို့သော် ဖော်လိုက်ပါတော့.... ( မှန်ပါ့ ) ဖော်လိုက်တော့ ဘာတွေပါလိမ့် .. (လောဘ,ဒေါသ,မောဟပါဘုရား)။

ဒါဖြင့် လောဘ,ဒေါသ,မောဟ သေကတည်းကိုက နောက်သံသရာအတွက် ခန္ဓာတွေ လာစရာ ရှိသေးရဲ့လား.... ( မရှိပါဘုရား)။

ဒါဖြင့် သမုဒယချုပ်၍ ဒုက္ခသိမ်းတယ်.... (မှန်ပါ့) မသိမ်းဘူးလား... (သိမ်းပါတယ်ဘုရား)သမုဒယချုပ်၍....(ဒုက္ခသိမ်းပါတယ်ဘုရား)။

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံယုတ်မှာ ဟောထားတယ်၊ ကွာ....တဲ့ မင်းတို့ ဘာတွေ အချိန်စီးနေသတုံး၊ ဝိတက် ကြံလုံး,ဖန်လုံးမသိတဲ့ ပုဂ္ဂိုလ်များမှာ နေ့တိုင်း- နေ့တိုင်း ဟာ ကြံလုံး-ဖန်လုံးကလေးဟာ လာတတ်ပါတယ်တဲ့ ... (မှန်ပါ့) မလာဘဲ မရှိပါဘူးကွာ....တဲ့၊ အကြံမရှိ ဥာဏ်မရှိဆိုတာ မင်းတို့ မဟုတ်ပါဘူးတဲ့၊ သို့သော်... မင်းတို့ကြံပုံက အင်း....သားကလေး ဘယ်လိုနေရပါ့မလဲ၊ သမီးကလေး ဘယ်လိုနေရာချထားရပါ့မလဲ အစရှိသည်နဲ့ မင်းတို့က ဘာမဟုတ်တာကြံနေတယ်တဲ့.... (မှန်ပါ့ဘုရား)။

နောက်တော့ အိပ်ရာပေါ်လဲ တကာကြွယ် ခေါင်းချလိုက် ပေါ့ဗျာ နဖူးပေါ် လက်တင်လိုက်၊ ဘာသစ္စာပါလိမ့်မတုံး ဆို တာအရင်တွေးပါ (မှန်ပါ့)တွေးလိုက်တော့ တကာတကာမတွေ ဘာသစ္စာပါလိမ့်မတုံးလို့ ခန္ဓာထဲ တွေးလိုက်တော့ ခန္ဓာထဲက တခုခုပေါ်လာလိမ့်မယ်၊ အိပ်ချင်တာကလေးယင်လဲ ပေါ်လာ လိမ့်မယ်...၊ စားချင်တာကလေးယင်လဲ ပေါ်လာလိမ့်မယ်...၊ ညောင်းတာကလေးယင်လဲ ပေါ်လာလိမ့်မယ်၊ ဆွေးတာကလေး ယင်လဲ ပေါ်လာလိမ့်မယ်၊ စိုးရိမ်တာကလေးယင်လဲ ပေါ်လာ လိမ့်မယ်...(မှန်ပါ့) ပေါ်လာတာ ဘာသစ္စာတုံး.... (ဒုက္ခသစ္စာ ပါဘုရား)။

အဲ.... ပေါ်လာတာ ဒုက္ခသစ္စာလို့တွေး၊ တွေးလုံးတွေလို့ မင်းတို့ဘာလာသတုံးဟေ့.... (မဂ္ဂသစ္စာပါဘုရား) ဘာ့ကြောင့် တုံးဆိုတော့.... ဒါ-အပါယ်လေးပါး တံခါးပိတ်တဲ့အတွေး.... (မှန်ပါ့)။

ဘာအတွေးဆိုကြမလဲ.... ( အပါယ်လေးပါး တံခါးပိတ်တဲ့ အတွေးပါဘုရား) အဲဒါကြောင့်....တဲ့၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကြံလုံးကြံ,တွေးလုံးတွေးကြယင် ... ဒုက္ခသစ္စာသာ တွေးနေ... (မှန်ပါ့)။

အဲဒါ ဘုန်းကြီးက ဟောတာမဟုတ်ဘူး တကာတကာတွေ— သစ္စသံယုတ်မှာ ဘုရားကဟောတာ—(မှန်ပါ့)။

ကဲ... ဒါဖြင့် ခန္ဓာကိုယ်ထဲ အိပ်ချင်တဲ့စိတ်ကလေး ပေါ်လာ ယင် ဘာသစ္စာပါလိမ့်....(ဒုက္ခသစ္စာပါဘုရား) အင်း....ကြောက် ရွံ့တဲ့စိတ်ကလေး ပေါ်လာယင်....(ဒုက္ခသစ္စာပါဘုရား) စိုးရိမ် တဲ့ စိတ်ကလေးပေါ်လာယင်....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ခင်ဗျားတို့က စိုးရိမ်တယ်ဆိုပြီး လူသာထ ပြေးတာ၊ ဒုက္ခသစ္စာပါလားလို့ တွေးမှ မတွေးဘဲ....(မှန်ပါ့) ခက်လိုက်တဲ့ ဖြစ်ခြင်း လူပြေးက မြန်နေတယ်၊ အတွေးက နောက်ကျနေတယ် (မှန်ပါ့ဘုရား)။

လူကသာ အရင်ပြေးနေတယ်....(မှန်ပါ့) ပေါ်လာဘဲ့ စိတ်ကလေး ဘာပါလိမ့်မတုံး တွေးရဲ့လား.... ( မတွေးပါဘုရား ) တွေးတော့ ဘယ့်နှယ်တွေးရမလဲ....(ဒုက္ခသစ္စာလို့ တွေးရပါမယ် ဘုရား) အဲ....ပေါ်လာတဲ့စိတ်က ဒုက္ခသစ္စာ၊ တွေးလုံးက....(မဂ္ဂသစ္စာပါဘုရား)။

အဲဒီကတည်းက ခုနင်က ပြေးချင် လွှားချင်တဲ့ စိတ်ကလေး ဟာ မပြေသေးဘူးလား.... (ပြေပါတယ်ဘုရား) အဲဒါ မင်္ဂကိလေသာသတ်ဘာ ... (မှန်ပါ့) တကာကြွယ် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။ ခင်ဗျားတို့က ၄-နာရီခွဲသို့မှ သားတွေ-သမီးတွေ အကုန်ကားတွေကမကြိုလာသေး လူလဲမလာသေး လို့ရှိယင်ဖြင့်....စိုးရိမ်လုံးဝင်လာပြီ၊ ဒီဟာအဖတ်တင်တာဘဲ.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဓမ္မသဘောပေါ်ရာစောင့်ကြည့်ပါ၊ဒီဥစ္စာ စားချင်တဲ့စိတ်ကလေး လာယင် အင်း....ဒုက္ခသစ္စာလာတာကိုးလို့ ဒီလိုသိ... (မှန်ပါ့) ကြောင့်ကျတဲ့ စိတ်ကလေး လာယင်ကော ... (ဒုက္ခသစ္စာလို့ သိရမယ်) အင်း ...နောက်တခါ ဖုတ်ပူမီးတိုက် ဖြစ်လာယင်ကော.... (ဒုက္ခသစ္စာပါဘုရား) အင်း.... ကြောက်လုံးလဲ ပေါ်လာယင်လဲ ဒုက္ခသစ္စာဘဲကြည့်....(မှန်ပါ့)။

အင်း....ရှေ့ ဒီသား-ဒီသမီးတွေ သူတို့ ဘယ်လိုများ သူတို့ အသက်မွေးကြမတုံးလို့ တွေးလုံးလာယင်ကော.... (ဒုက္ခသစ္စာဘဲ ကြည့်ရပါမယ်ဘုရား)။

အဲ....ဒုက္ခသစ္စာဆိုတော့ ကိုယ့်မှာ တွေးတိုင်း တွေးတိုင်း စိတ်ကလေးကပါလို့ တွေးတိုင်းတွေးတိုင်း မဂ္ဂသစ္စာကရနေတယ် (မှန်ပါ့) မဂ္ဂသစ္စာရောက်တော့ လောဘ ဒေါသ မောဟ မသေ ပါနဲ့ ဆိုလို့ရသေးရဲ့လား....(မရပါဘုရား)။

အဲဒါ လောဘ ဒေါသ မောဟ သေတော့ တကာတကာမ တို့ ပေါ်တာ တွေးတာကြောင့် အပါယ်ဘေး လွတ်တယ်.... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

အတွေးနောက်ကိုလေလိုက်လို့ရှိယင် အပါယ်တံခါးပွင့်တယ်- (မှန်ပါ့) အတွေးနောက် ပပဉ္စလိုက်သွားလို့ရှိယင်.... (အပါယ် တံခါးပွင့်ပါတယ်ဘုရား) အတွေးနောက်က မင်လိုက်လို့ရှိယင် (အပါယ်တံခါးပိတ်ပါတယ်ဘုရား)။

ပိတ်တဲ့ဉာဏ်နဲ့ လိုက်တဲ့ပပဉ္စ ဘယ်ဟာ အလုပ်များကြမလဲ.... (လိုက်တဲ့ပပဉ္စ အလုပ်များကြပါတယ်ဘုရား)

ပိတ်တဲ့နည်းနဲ့ အပါယ်သွားတဲ့နည်းနဲ့ ဘယ်ဟာကများနေ ကြသလဲ....(အပါယ်သွားတဲ့နည်းက များပါတယ်ဘုရား)။

အပါယ်သွားတဲ့နည်းကများပြီးသကာလ နေတော့ ယနေ့က စပြီးသကာလ ခင်ဗျားတို့ တွေးလုံး ပေါ်လာယင် ချက်ချင်း ဩော်... ဒါကလေးဟာ ဒုက္ခသစ္စာပါကလားဆိုတော့ ဒုက္ခသစ္စာ က ဖြစ်ပျက် ဟုတ်လား....(မှန်ပါ့) တွေးလုံးကလေးက မင် ဖြစ် သွားတယ်....(မှန်ပါ့)။

မဂ်ဖြစ်သွားတဲ့အခါကျတော့ ခုနင်က လောဘ, ဒေါသ, မောဟ လာသေးရဲ့လား.... (မလာပါဘုရား) အဲဒီတော့.... အတွေးကောင်းတော့လဲ မဂ်ဝင်ဘယ်နေဉ် ... (မှန်ပါ့) အတွေး မကောင်းတော့လဲ အပါယ်လေးပါးရောက်တယ်....(မှန်ပါ့)။

ဘယ်ဟာကြိုက်ကြသလဲ.... (မဂ်ရတာ ကြိုက်ပါတယ်ဘုရား) မဂ်ရတာ ကြိုက်တယ်ဆိုလို့ရှိယင် တကာတကာမတို့ ခင်ဗျားတို့ တသံသရာလုံးက မဂ်ရတာ မကြိုက်ခဲ့လို့ အပါယ်လေးပါး ကိုယ့်အိမ်ဖြစ်ခဲ့ရတယ် ...(မှန်ပါ့) မနာဘူးလား.... (နာပါတယ် ဘုရား)။

အပါယ်လေးပါး ကိုယ့်အိမ် ကိုယ့်ယာ ဖြစ်ခဲ့ရတယ်-(မှန်ပါ့) တကာတကာမတို့.... သိပ်နာတယ်နေဉ်.... (မှန်ပါ) ဒါ့ကြောင့် ခန္ဓာကိုယ်ထဲက ဘာဘဲပေါ်ပေါ် ပေါ်တာကို ဘာလုပ်ထားရ မလဲ....(ဒုက္ခသစ္စာလို့ ရှုရပါမယ်ဘုရား)။

ဟုတ်ပါတယ် မောင်ဘသော်ရ....(မှန်ပါ့) တကာ တကာမ တို့ ပင်ကိုယ်ခန္ဓာကြီးက ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား) သူ့ထဲက ထူးထူးခြားခြား ဘာပေါ်ပေါ် ဘယ့်နှယ်ဆိုမ-လဲ (ဒုက္ခသစ္စာပါဘဲဘုရား)။

ခုနင်က ပြောခဲ့တာကို တကာတကာမတို့ သရက်ပင်က လာ ယင် သရက်သီး သီးမှာပါဘဲ....(မှန်ပါ့) ဒုက္ခပင်က....(ဒုက္ခသီး သီးမှာပါဘုရား) သီးမှာဘဲ။

ဒါဖြင့် ဒုက္ခဘေး ဒုက္ခသင့်နေမှာပင်၊ ဒုက္ခဖြစ်တာကိုလဲ သိ၊ ဒုက္ခသီးဖြစ်တာကိုလဲသိ၊ ဒုက္ခသီး ပျက်တာကော....(သိပါတယ်) ရှင်းကြပလား ...(ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဖြစ်ပျက်က တကာတကာမတို့ ဒုက္ခသစ္စာ.... (မှန်ပါ့)သာဘောပါပလား.... (ပါပါပြီဘုရား)။

ဒုက္ခဖြစ်မှန်း သိတာက....( မဂ္ဂသစ္စာပါ )အင်း... လောဘ, ဒေါသ,မောဟ သေတာက သမုဒယချုပ်တာ.... (မှန်ပါ့)။

နောင် ခန္ဓာမလာတာက နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်၊ ဒုတိယ ကွက်ဟာ နိဗ္ဗာန်ရောက်မည့်အကွက်....( မှန်ပါ့ ) သဘောပါ ပလား....(ပါပါပြီဘုရား)။

တကာကြွယ်....ဒီနေ့တရား သိပ်အဘိုးတန်ပါပြီ.... (တန်ပါပြီ ဘုရား)အင်မတန် အဘိုးတန်ပါပြီ။

ကဲ....ဒီဥစ္စာ ဘုန်းကြီး တကာတကာမတို့ လုံလောက်သည် ထက် လုံလောက်အောင် ဝတ္ထုတိုကလေးတခု ထုတ်ပြမယ် .... (မှန်ပါ့)။

ဝတ္ထုတိုကလေးတခု ထုတ်ပြမယ်၊ဘုရားလက်ထက်က ဝဇီရာ ဘိက္ခုနီမဆိုတာ ရဟန္တာထေရီမ....( မှန်ပါ့ ) သူ့နာမည်က ဝဇီရာလို့ ခေါ်တယ်နော်... (မှန်ပါ့)။

ဝဇီရာဘိက္ခုနီမဆိုတာ ရှိတယ်၊ သူက သာဝတ္ထိပြည်မှာ ဆွမ်းခံပြီးသကာလ နေတယ်....( မှန်ပါ့ ) ဆွမ်းခံပြီးသကာလ အန္ဓဝန်တောဆိုတဲ့ဆီ သုသာန်သွားပြီး တရားအားထုတ်တယ် .... (မှန်ပါ့)ရဟန္တာဖြစ်ပြီးသားနော်....(မှန်ပါ့)။

တရားနှလုံးသွင်းချင်လို့၊ငါးပါးအာရုံ ကာမဂုဏ်တွေ အသံ မကြားချင်လို့ မောင်ဘသော်တို့ တကာကြွယ်တို့ သုသာန်တော ထဲ သွားတယ်... (မှန်ပါ့)။

အဲဒီမှာ မာရ်နတ်က ကောင်းကင်က ဝသဝတ္တိမာရ်နတ်ကြီး က တကာတကာမတို့ သူ့တော့ဖြင့် ကြက်သီးမွေးညှင်း ထ,

အောင် ချောက်ဦးမှာဲ၊ သမာဓိပျက်အောင်တော့ လုပ်ဦးမှာဲ၊ မာရ်နတ်ကိုး တကာတကာမတို့နှော်....(မှန်ပါ)။

ကြက်သီးမွေးညှင်း ထအောင် လုပ်ဦးမှာဲ၊ သူ ရထားတဲ့.... သမာဓိ ပညာပျက်အောင် လုပ်ဦးမယ်တဲ့....(မှန်ပါ)။

စိတ်ထားကောင်းရဲ့လား....(မကောင်းပါဘုရား) စိတ်ထား အင်မတန်ဆိုးတယ်။

ဝဲသဝတ္တိပြည်က ဆင်းပြီးသကာလ လာခဲ့ပါတယ်... (မှန်ပါ ဘုရား)လာခဲ့ပြီးသကာလ ဟိုက တရားနှလုံးသွင်းနေတယ်။

ဒုက္ခသစ္စာတွေကို မဂ္ဂသစ္စာနဲ့ အာရုံပြုပြီးသကာလ နေပြီး နောက် ဒုက္ခတွေ ချုပ်တဲ့ နိဗ္ဗာန်ကို နှလုံးသွင်းပြီးသကာလ နေ ပါတယ်....(မှန်ပါ)။

အဲဒီကဲ့သို့ နေပါတယ်၊ နေတဲ့အခါကျတော့ ဂါထာကလေး တခု ရွတ်လိုက်တယ် မာရ်နတ်က ဘိက္ခုနီမအနား သွားတဲ့ပြီး သကာလ....

ကေနာယံ ပကတော သတ္တော၊
ကုဝံ သတ္တဿ ကာရကော။
ကုဝံ သတ္တော သမုပ္ပန္နော၊
ကုဝံ သတ္တော နိရုဇ္ဈတိ။

ဒါကလေးရွတ်လိုက်တယ်၊ ဒါက ပါဠိ။ မြန်မာလို ပြန်လိုက် တော့ ရှင်းပါတယ်၊ သတ္တဝါကို ဘယ်သူ ပြုလုပ်သလဲ....တဲ့.... (မှန်ပါ)သဘောကော ကျရဲ့လား....(ကျပါတယ်ဘုရား)။

ဒီတကာတကာမတွေလဲ တချို့ သတ္တဝါတွေလို့ မဆိုကြဘူး လား .. (ဆိုပါတယ်)သတ္တဝါကို ဘယ်သူ ပြုလုပ်သလဲတဲ့....၊ ဒါ

မေးလိုက်တယ် မာရ်နတ်က--(မှန်ပါ့)ဝဇိရာဘိက္ခုနီမ ရဟန္တာမကို သူက မေးလိုက်တာ... (မှန်ပါ့)။

"ကုဝံ သတ္တဿ ကာရကော"တဲ့....၊ သတ္တဝါကို အဘယ်ပုဂ္ဂိုလ်က ပြုလုပ်ပါသလဲတဲ့....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

"ကုဝံ သတ္တော သမုပ္ပန္နော"တဲ့...၊ ကုဝံ ကေန=အဘယ့်ကြောင့်၊ သတ္တော=သတ္တဝါသည်၊ သမုပ္ပန္နော = ဖြစ်ပေါ်လာသနည်း၊ သတ္တဝါတွေ အဘယ့်ကြောင့် ဖြစ်ပေါ်လာသနည်းတဲ့၊ သူက သတ္တဝါနဲ့ချည်းဘဲ မေးတယ်....(မှန်ပါ့)။

တကာတကာမတို့ ရိပ်မိပလား....(ရိပ်မိပါပြီ)ကုဝံ ကေန=အဘယ်အကြောင်းကြောင့်။ သတ္တော=သတ္တဝါသည်၊နိရုဇ္ဈတိ=ချုပ်ပျောက်၍ သွားရသလဲတဲ့... (မှန်ပါ့)။

သတ္တဝါကို ဘယ်သူ ပြုလုပ်သလဲ။ သတ္တဝါတွေ ဘယ်သူတည်ထောင်သလဲ။ သတ္တဝါကို ဘယ်သူ ဖြစ်စေသလဲ။ သတ္တဝါဟာ ဘယ်သူ့ကြောင့် သေသတုံး... (မှန်ပါ့) ဒါတွေ မဟုတ်တာတွေချည်း ရှောက်မေးတယ်....(မှန်ပါ့)။

တကာတကာမတို့ တရားတပွဲလုံးဟာ ခင်ဗျားတို့ ဘာသစ္စာတွေ ဖြစ်သလဲ....(ဒုက္ခသစ္စာတွေ ဖြစ်ပါတယ်)ပါသေးသလား....သတ္တဝါ....( မပါပါဘုရား )သတ္တဝါသေတာကော....(မပါပါဘုရား)။

ဒီ ခန္ဓာကြီးတွေဟာ အခု တရားဟောတဲ့ ဘုန်းကြီးကို ပြောလဲ ဘာသစ္စာလဲ....(ဒုက္ခသစ္စာပါ) တရားနာတဲ့ ခန္ဓာတွေ ကြည့်လိုက်ယင်လဲ(ဒုက္ခသစ္စာပါဘုရား)နို့....သတ္တဝါ မြင်သေးသလား (မမြင်ပါဘုရား)။

သတ္တဝါနဲ့ မေးထားတယ်။ ကေနာယံ ပကတော သတ္တောတဲ့၊ အယံသတ္တော=ဤသတ္တဝါကို။ ကေန = အဘယ် ပုဂ္ဂိုလ်သည်။ ပကတော=ပြုလုပ်ပါသနည်း....တဲ့။ အင်း... သတ္တဝါကို ဘယ်သူ ပြုလုပ်သတုံး... မေးထားတယ်....(မှန်ပါ့)။

"ကုဝံ သတ္တဿ ကာရကော" ကုဝံ-ကော=အဘယ်ပုဂ္ဂိုလ် သည်။ သတ္တဿ = သတ္တဝါကို။ ကာရကော = ပြုလုပ်သနည်း တဲ့....။ သတ္တဝါနဲ့ချည်း မေးထားတယ်....(မှန်ပါ့)။

ဟိုက ရဟန္တာမဆိုတော့ တကာကြွယ်တို့ မောင်ဘသော်တို့ တကာသစ်တို့....သူ့ကို ဘယ့်နှယ် သတ္တဝါတွေနဲ့ချည့် လာမေး နေပါလိမ့်၊သတ္တဝါလဲ မရှိဘဲနဲ့ သတ္တဝါနဲ့ လာမေးနေတာ ဘယ် သူပါလိမ့်မလဲ။ သူက ဝဇိရာဘိက္ခုနီမက တကာတကာမတွေ ကြည့်လိုက်တယ်....(မှန်ပါ့)။

ဝဇိရာဘိက္ခုနီမက ကြည့်လိုက်တဲ့ အခါကျတော့ ဪ.... မာရ်နတ် ငါ့ကို ကြက်သီးမွေးညှင်း ထ,အောင် ကြောက်မလား လို့ လုပ်တာ။' တနည်းအားဖြင့် ငါလုပ်နေတဲ့ သမာဓိပညာ ပျက်အောင် လာချောက်တာ ဆိုပြီးသကာလ တကာတကာမတို့ ဝဇိရာဘိက္ခုနီမက အဖြေပေးလိုက်တယ်... (မှန်ပါ့)။

"ကိန္နု သတ္တောတိ ပစ္စေသိ" မာရ = မာရ်နတ်။ ကိန္နု = အဘယ်ကြောင့်။ သတ္တောတိ= သတ္တဝါဟူ၍။ ပစ္စေသိ=မင်းက ယုံကြည်နေသလဲတဲ့....။ မင်းက သတ္တဝါ မဟုတ်ဘဲနဲ့ အဘယ့် ကြောင့် ယုံကြည်နေသတုံး....(မှန်ပါ့)။

တကာကြွယ် .. သတ္တဝါရှိပါ့မလား... (မရှိပါဘုရား) မရှိတာ ကို မင်းက ဘယ့်နှယ်ကြောင့် သတ္တဝါဟူ၍ ယုံကြည်ချက်နဲ့

**မေးနေသလဲတဲ့....**(မှန်ပါ)ဘိက္ခုနီမက ပြင်ပေးတာနော်....**တကာ** တကာမတို့....(မှန်ပါ)။

'မာရ ဒိဋ္ဌိဂတံနုတော' တေ တယာ=သင်သည်။ ဒိဋ္ဌိဂတံ နု= ဒိဋ္ဌိဖြစ်၍ နေသည် မဟုတ်ပါလော....။ မင်းမေးတဲ့ အမေးဟာ ဒိဋ္ဌိနဲ့ မေးတာတဲ့....(မှန်ပါ)။

တကာတကာမတို့ မိစ္ဆာဒိဋ္ဌိနဲ့ မေးနေတာ....(မှန်ပါ) သမ္မာ ဒိဋ္ဌိ သစ္စာ ပါသေးရဲ့လား....(မပါပါဘုရား)။

အဲဒီတွင် ဒီလို သူက ပြန်ပြီး ပြောပါတယ်။ "သုဒ္ဓသင်္ခါရ ပုဉ္စောယံ" အယံ=ဤခန္ဓာငါးပါးသည်။ သုဒ္ဓသင်္ခါပုဉ္စော = ခန္ဓာငါးပါး ဒုက္ခသစ္စာတရားသည်သာလျှင်။ ဟောတိ=ဖြစ်၏။ **မင်းက ဘယ်သတ္တဝါမေးနေတုံး။** ဒုက္ခသစ္စာဘဲ ရှိနေရမှာ မင်း က သတ္တဝါလုပ်နေရသလား....။ ဒါဖြင့် အခက်သွားဘဲ ။မင့်ကို က ဒိဋ္ဌိဖြစ်နေပါပေါ့လား....တဲ့...(မှန်ပါ)။

ဝဇိရာဘိက္ခုနီမက ပြန်ပြောတယ် တကာတကာမတို့ .... သဘောပါပလား....(ပါပါပြီဘုရား)။

> ကိန္နု သတ္တောတိ ပစ္စေသိ၊
> မာရ ဒိဋ္ဌိဂတံနု တေ။
> သုဒ္ဓသင်္ခါရပုဉ္စောယံ၊
> န ယိဓ သတ္တုပလဗ္ဘတိ။

ဣဓ=ဤလောက၌၊ သတ္တော=သတ္တဝါကို။ နဥပလဗ္ဘတိ = မရနိုင်ပါဘူးကွ။ ရှိမှ မရှိဘဲနဲ့....(မှန်ပါ)ဒုက္ခသစ္စာဘဲ ရှိတယ်.... (မှန်ပါ)သဘောကျပလား .. (ကျပါပြီဘုရား)။

အဲဒီတွင်မှ ဘိက္ခုနီမက တကာတကာမတို့ သတ္တဝါမရှိဘူး မာရ်နတ်ရ။ သတ္တဝါ ပြုလုပ်တတ်တဲ့သူလဲ မရှိဘူး၊ သတ္တဝါလဲ မရှိဘူးကွ။ ဒုက္ခသစ္စာသာ ရှိတယ်ကွ....(မှန်ပါ့ဘုရား) ဒီတွင်မှ နောက်ဆုံးပိတ် သူဖြေလိုက်တယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့........

ဒုက္ခမေဝဟိ သမ္ဘောတိ၊ဒုက္ခံ တိဋ္ဌတိ ဝေတိစ။

နာညတြ ဒုက္ခာသမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ်မှာ ....(မှန်ပါ့)

မာရ=မာရ်နတ်၊ ဒုက္ခမေဝ= ဒုက္ခတရားသည်သာလျှင် ခန္ဓာထဲ၌၊သမ္ဘောတိ=ဖြစ်ပေါ်လာ၏၊ဘာပေါ်ပေါ် ခန္ဓာထဲကပေါ်တာ ဒုက္ခသာ ပေါ်တာလို့ မှတ်သားကွတဲ့....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

တကာတကာမတို့ ခန္ဓာထဲက ဘာပေါ်လာလာ....(ဒုက္ခသာပေါ်ပါတယ်)ဒုက္ခ ပေါ်လာတာသာ သေသေချာချာမှတ်ပါ....(မှန်ပါ့)ယားတာကလေး ပေါ်လာ... (ဒုက္ခပါ) ကောင်းတာကလေး ပေါ်လာယင်... (ဒုက္ခပါ)နာတာကလေး ပေါ်လာယင်....(ဒုက္ခပါ) ပြုံးချင်တာကလေး ပေါ်လာယင်....(ဒုက္ခပါ)မဲ့ချင်တာကလေး ပေါ်လာယင် .... (ဒုက္ခပါ) အကုန်ဒုက္ခသစ္စာချည့် မှတ်ထား... (မှန်ပါ့ဘုရား)။

"ဒုက္ခမေဝဟိ သမ္ဘောတိ" ဒုက္ခမေဝ = ဒုက္ခတရားသည်သာလျှင်။ သမ္ဘောတိ=ဖြစ်ပေါ်လာ၏....(မှန်ပါ့ဘုရား)။

"ဒုက္ခံ တိဋ္ဌတိ ဝေတိစ" ခဏကလေး တည်နေလို့ ရှိယင်လဲ ဒီစိတ်ကလေး မပျောက်သေးလို့ တည်နေလို့ရှိယင် ဒုက္ခတည်နေတာလို့ မှတ်ထားလိုက်စမ်းပါတဲ့....(မှန်ပါ့ဘုရား) ။

တကာတကာမတို့ သုခကိုပါရဲ့လား.... (မပါ-ပါ) ဒုက္ခံ = ဒုက္ခတရားသည်။ ဝေတိစ=ပျက်တတ်၏။ ဒုက္ခကလေးပျက်သွားတယ်တဲ့....(မှန်ပါ့ဘုရား)။

ပေါ်တာက ဘာတုံး.... (ဒုက္ခပါ) ပျက်တာကော .... (ဒုက္ခပါဘဲ) တကယ်လို့ ခေတ္တကလေးများ တည်နေယင် ဘာတည်နေတာတုံး....(ဒုက္ခတည်တာပါ) ဒုက္ခတည်နေမှာဘဲ.... (မှန်ပါ့) သဘောပါပလား....(ပါ့ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ဘယ်တော့မှ ဝိပဿနာ အထူးမပေးပါဘူး၊ ပေါ်ရာသာရှုပါတော့၊ဒုက္ခသစ္စာ ချည့်မှတ်....(မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်....(ဒုက္ခသစ္စာချည့် မှတ်ရပါမယ်) ပေါ်တာကိုရှုနော်... ( မှန်ပါ့ ) အဲဒီ့ပေါ်တာကို ရှုတော့ ဘာတွေပေါ်လာသတုံး... (ဒုက္ခတွေပေါ်လာပါတယ်ဘုရား)။

ပေါ်ရာဟူသရွေ့လဲ ဒုက္ခသစ္စာမှတပါး တခြားဘာမှ မပေါ်ဘူး....(မှန်ပါ့ဘုရား)။

အသစ်ပေါ်တိုင်း· ပေါ်တိုင်း ပေါ်တာဒုက္ခသစ္စာ၊သိအောင်လုပ်တာ.... (မဂ္ဂသစ္စာပါ)သေတာ... (သမုဒယသစ္စာပါ) နောက်ခန္ဓာမလာတာ.... (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတော့ ဒီမှာ ဘိက္ခုနီမဖြေလိုက်တာက-ဒုက္ခာ-ဒုက္ခကို၊ အညတြ=ကြဉ်ထား၍၊ သမ္ဘောတိ = သတ္တဝါသန္တာန်ဖြင့် ဖြစ်တတ်သောတရားသည်၊ နတ္ထိ=မရှိ....(မှန်ပါ့ဘုရား)။

တကာကြွယ် ဒုက္ခမှတပါး ခန္ဓာကိုယ်ထဲ ပေါ်စရာကိုမရှိဘူးတဲ့....(မှန်ပါ့)သဘောကျပလား... (ကျပါပြီဘုရား)။

"နာည ဒုက္ခာ နိရုဇ္ဈတိ"တဲ့။ ဒုက္ခာ=ဒုက္ခကို အညတြ= ကြဉ်ထား၍၊ နိရုဇ္ဈတိ=ချုပ်တတ်သော တရားသည်၊ နတ္ထိ = မရှိဘူးတဲ့။ချုပ်တဲ့တရားဟာလဲ ဒုက္ခသစ္စာကလေးဘဲတဲ့ .... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒေါသကလေး ပေါ်လာလဲ-ပေါ်လာတာဘာသစ္စာ .... ( ဒုက္ခသစ္စာပါ ) ပျက်သွားပြန်ကော.... (ဒုက္ခသစ္စာပါဘုရား)။

ကုသိုလ်စိတ်ကလေး ပေါ်လာပြန်ကော .... (ဒုက္ခသစ္စာပါ) ပျက်သွားပြန်ကော... (ဒုက္ခသစ္စာပါ)ဒုက္ခပျက်တာဘဲ....(မှန်ပါ့) သဘောကျပလား... (ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ခန္ဓာကိုယ်ထဲမှာ ဘာပေါ်ပေါ် ဘာသစ္စာဆိုမလဲ....(ဒုက္ခသစ္စာချည့်ပါ) ပျက်သွားယင်.... (ဒုက္ခသစ္စာပါဘုရား)။

ပျက်တိုင်း-ပျက်တိုင်း၊ ပေါ်တိုင်း ပေါ်တိုင်း သိတာတခု ပေါ်လာတာ ဒါမဂ္ဂသစ္စာမှတ်....(မှန်ပါ့)ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ပျက်တိုင်း ပျက်တိုင်းသိတာ ဘာသစ္စာ.... ( မဂ္ဂသစ္စာပါ ) ပေါ်တိုင်း ပေါ်တိုင်းသိတာ....(မဂ္ဂသစ္စာပါဘုရား)။

လောဘ,ဒေါသ, မောဟ သေတာက သမုဒယချုပ်တာ.... (မှန်ပါ့) လောဘ,ဒေါသ,မောဟသေတဲ့အကွက် တကာတကာမတွေ နောက်ခန္ဓာမလာတာက နိရောဓသစ္စာ....(မှန်ပါ့)သဘောပါပလား....(ပါ-ပါပြီ) တယ်လဲအဘိုးတန်ပါလား .... (တန်ပါတယ်ဘုရား)။

အဲဒီတွင် ဘိက္ခုနီမက ဟော့....ခန္ဓာကိုယ်တကိုယ်လုံး တထစ်ချ မှတ်ထား မာရ်နတ်ရ။ မင်းသည်ကားလို့ ဆိုယင် အဟုတ်အမှတ်က သတ္တဝါမရှိဘူးကွ။ ခန္ဓာထဲမှာ ဖြစ်ပေါ်တာလဲဒုက္ခ၊ ပျက်သွားတာလဲဒုက္ခ ဤနှစ်ခုသာရှိတယ်....(မှန်ပါ့) ဘာတုံး.... (ဖြစ်ဒုက္ခနဲ့ပျက်ဒုက္ခပါဘုရား)။

အဲ... အခုယားတဲ့စိတ်ကလေး ပေါ်လာယင် .... (ဒုက္ခပေါ်တာပါ) ဒုက္ခပေါ်တာဘဲ....(မှန်ပါ့ဘုရား)။

ယားတဲ့စိတ်ကလေး ပျက်သွားယင် .... (ဒုက္ခပျက်တာပါဘဲ) ဝမ်းသာတဲ့စိတ်ကလေး ပေါ်လာယင် ... (ဒုက္ခဖြစ်တာပါ) ဝမ်းသာတဲ့စိတ်ကလေး ပျောက်သွားပြန်ယင်....( ဒုက္ခပျက်တာပါ ) ဘုရားရှိခိုးချင်တဲ့ စိတ်ကလေးပေါ်လာပြန်လဲ.... (ဒုက္ခဖြစ်တာပါဘုရား)မခိုးဖြစ်တော့ဘူး....(ဒုက္ခပါဘဲ) ဒုက္ခချုပ်သွားတာဘဲ.... (မှန်ပါ့)တကာကြွယ် သဘောပါပလား.... (ပါ့ပါပြီဘုရား)။

ကိုင်း....ရှုလိုက်တဲ့အတွက် **တကာတကာ**မတွေ ခန္ဓာကိုယ်ထဲမှာ တထစ်ချမှတ်ပါတော့၊ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ခန္ဓာကိုယ်ထဲမှာရှိတယ်....(မှန်ပါ့ဘုရား)။

ပြောကြစမ်းပါ.... (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာရှိပါတယ်) ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ခန္ဓာကိုယ်ထဲမှာရှိတယ်၊ တခြားဘာမှမရှိဘူး....(မှန်ပါ့ဘုရား)၊

ပုံသေက ဘာသစ္စာတုံး ...(ဒုက္ခသစ္စာပါ) သူ့ထဲက ထူးထူးခြားခြားကလေးတွေ အာရုံဒွါရတိုက်လို့ ပေါ်လာတိုင်း ပေါ်လာတိုင်း ဘာကလေးတွေ ပေါ်လာမယ် ထင်ကြသတုံး ....(ဒုက္ခသစ္စာကလေးတွေ ပေါ်လာပါတယ်) ဒုက္ခဖြစ်၍ ဒုက္ခချုပ်

တာဘဲမရှိဘူးလား.... (ရှိပါတယ်) ဒါဖြင့် ဖြစ်ပျက်ဘဲရှိတယ်.... (မှန်ပါ့ဘုရား)။

ဘာရှိသတုံး .... (ဖြစ်ပျက်ဘဲရှိပါတယ်) ဖြစ်ပျက်ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါ)သိတာက....(မဂ္ဂသစ္စာပါဘုရား)။

ဟောဒီအသိနဲ့ တကာတကာမတို့ ဖြစ်ပျက်ကို မြင်အောင် ကြည့်လို့ရှိယင် လောကီမဂ်ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ၚင်းဖြစ်ပျက်ကို မုန်းအောင် ရှုလို့ရှိယင်လဲ လောကီမဂ် နိဗ္ဗိန္ဒာဉာဏ်ဖြစ်ပါတယ်....(မှန်ပါ့ဘုရား)။

ၚင်း ဖြစ်ပျက်သည်ကားလို့ဆိုယင် ဒုက္ခသစ္စာ အစစ်ဘဲ။ ငါတော့ဖြင့် ရ,ကို မရချင်ဘူး။လိုက်ို မလိုချင်ဘူးဆိုယင် ဒုက္ခသစ္စာထဲ ခန္ဓာပါ ပျောက်သွားတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာပျောက်တော့ ဒုက္ခပျောက်သွားတယ်.... (မှန်ပါ့) ဒုက္ခပျောက်တော့ ဒုက္ခနိရောဓဆိုတဲ့ နိဗ္ဗာန်ဟာ ဒီနေရာမှာဘဲ တထိုင်ထဲပေါ်တယ်....(မှန်ပါ့ဘုရား)။

အင်း....နိဗ္ဗာန်က ပေါ်လာတာ၊ ပျောက်သွားတာက ဒုက္ခသစ္စာ....(မှန်ပါ့ဘုရား)။

ဒီနေရာမှာ ဒုက္ခချုပ်သွားတော့ ဘာမှမရှိတော့ဘူး၊ချမ်းသာကလေးတခုဘဲသိတော့တယ်....(မှန်ပါ့) ချမ်းသာတာကလေးက နိရောဓသစ္စာ....( မှန်ပါ့ ) ချမ်းသာတာကလေး သိနေတာက မဂ္ဂသစ္စာ....(မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတို့ နိဗ္ဗာန်သည် အနီးကလေးဘဲ.... (မှန်ပါ့) ဒီခန္ဓာဒုက္ခသစ္စာသိပြီး ဒီခန္ဓာမလိုချင်လို့ ဒီနေရာမှာတင် ပျောက်သွားယင် ဒီနေရာမှာ နိဗ္ဗာန်ရှိတယ် .... (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဝေးသလား- နီးသလား....(နီးပါတယ်ဘုရား)။

ဟ....ဘယ့်နှယ်ကြောင့် မရောက်ကြပါလိမ့်မလဲလို့ တကာ တကာမတွေ ဆရာဘုန်းကြီးကမေးတော့ လမ်းမသိလို့ဘုရား .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခမပေါ်တတ်တာနဲ့ နိဗ္ဗာန်ကိုမတွေ့ပါဘူး .... (မှန်ပါ့ ဘုရား)။

ဒုက္ခပေါ်တတ်ပလား.... (ပေါ်တတ်ပါပြီ) ဒုက္ခပေါ်ပြီးမှ ပေါ်ပါတယ်။ ဒီဖြစ်ပျက်ကို မြင်အောင်ရှု၊ ဒီဖြစ်ပျက်ကိုမုန်း အောင်ကြည့် တကာကြွယ်....(မှန်ပါ့ဘုရား)။

ဒီဖြစ်ပျက်တွေက ဒုက္ခသစ္စာပေါ့။ ဒါကြောင့်မို့ လိုကို့မလို ချင်ဘူးဆိုတော့ ကိုယ့်ခန္ဓာမလိုချင်တာဘဲ....(မှန်ပါ့ဘုရား)။

ကိုယ့်ခန္ဓာမလိုချင်တော့ ဖျတ်ဆို ဉာဏ်ကဝင်ချုပ်သွားတယ် (မှန်ပါ့)ကိုယ့်ဉာဏ်ကလေးက မလိုချင်တဲ့ဉာဏ်လဲ လာပါရော တကာတတာမတို့ နိဗ္ဗာန်ဘက်ကို ဒီဉာဏ်ကလေးကလှည့်သွား တယ်....(မှန်ပါ့)ခန္ဓာဘက်ကို မလှည့်တော့ဘူး.... (မှန်ပါ့) သ ဘောပါပလား....(ပါ့ပါပြီဘုရား)။

ဒါဖြင့် ရှုရင်းမတွနဲ့ ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက်ဆိုပြီးရှုသာ ရှု.... (မှန်ပါ့) ရှုရင်းရှုရင်း တကာတကာမတွေ ဖြစ်ပျက်သည် ချုပ်သွားလိမ့်မယ်....(မှန်ပါ့ဘုရား)။

ချုပ်သွားတော့လဲ မျက်လုံးဖွင့်မကြည့်နဲ့....(မှန်ပါ့) တခါ တည်း ဖြစ်ပျက်ဆိုတာ ခန္ဓာတွေမဟုတ်ဘူးလား....(မှန်ပါ့)အဲဒီ ဒုက္ခသစ္စာတွေ တကာကြွယ်- ဒီဒုက္ခသစ္စာတွေကြည့်ရင်း ကြည့် ရင်းနဲ့ဘဲရှိသေးရဲ့လား....(မရှိပါဘုရား)။

မရှိတဲ့အခါကျလို့ရှိယင် ဒီခန္ဓာပျောက်သွားတယ်-(မှန်ပါ့) ၅-မှာပျောက်တယ်..(မှန်ပါ့) ပျောက်သွားတဲ့ အခါကျတော့ ဘာနဲ့နေရစ်သတုံးဆိုတော့ တကာတကာမတွေက ခုနင်ကရှုတဲ့ ဉာဏ်ကလေးနဲ့ ဒုက္ခပျောက်တဲ့နေရာကို တည့်နေရစ်တယ် .... (မှန်ပါ့ဘုရား)။

ဒုက္ခပျောက်တဲ့နေရာက နိဗ္ဗာန်....(မှန်ပါ့) ဒီဉာဏ်ကလေးက မဂ်ဉာဏ်....(မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီ)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဝေးသလား-နီးသလား.... (နီးပါတယ်ဘုရား) ဟ....ဒီခန္ဓာတွေ အဆုံးမှာ နိဗ္ဗာန်ရှိတယ်.... (မှန်ပါ့) ဒီခန္ဓာက ဘာသစ္စာ.... (ဒုက္ခသစ္စာပါဘုရား) သူဆုံး သွားလို့ရှိယင်ဖြင့် ဘာသစ္စာ....(နိရောဓသစ္စာပါဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်ဟာ ဒို့ခန္ဓာအဆုံး ရှိနေတာဘဲ....၊ ဒို့ခန္ဓာ ဒို့ရှုလိုက်လို့ဒုက္ခသစ္စာသိလို့သူ့မလိုချင်လို့ သူပျောက် သွားတဲ့အချိန်မှာသူပျောက်တဲ့ နေရာမှာခန္ဓာသာ လွဲအောင် ရှုလို့ရှိယင် လွဲတဲ့နေရာမှာဘဲ ပြန်ပေါ်တယ်....(မှန်ပါ့)။

ခေတ်ရှင်ကြည့်တော့လဲ နောက်က ဘက်ကရောင်းဆိုတဲ့ ပိတ် ဖြူပေါ်မှာဘဲ ကြည့်ရဘာဘဲ....(မှန်ပါ့) ခေတ်ရှင် သိမ်းသွား တော့လဲ တကာတကာမတို့ ဘက်ကရောင်း အဖြူပေါ်မှာဘဲ မျက်လုံးရောက်နေတာဘဲ....(မှန်ပါ့)။

ခေတ်ရှင်ရှိတုန်းကနဲ့ ဒုက္ခသစ္စာနဲ့တူပါတယ်.... ( မှန်ပါ့ ) ခေတ်ရှင် ပြီးသွားတဲ့အခါ ဘက်ကရောင်း အဖြူကြည့်နေတာနဲ့ နိရောဓသစ္စာ မြင်တာနဲ့တူပါတယ်.... (မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဒုက္ခတွေ့ပြီးမှ နိရောဓ တွေ့ပါလိမ့်မယ်.... (မှန်ပါ့) ဒုက္ခမတွေ့သေးယင်....(နိရောဓ မတွေ့သေးပါ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါဖြင့် ဘိက္ခုနီမက ဘယ်လိုရှုရမယ်လို့ ပြောသတုံးဆိုတော့ ဒုက္ခဖြစ်၍ ဒုက္ခချုပ်တာသာရှိတယ် မာရ်နတ်ရေ.. တဲ့၊ သေသေ ချာချာ ပြောတယ်....(မှန်ပါ့)။

**အဲ**ဒီတုန်းက ဘယ့်နှယ် မာရ်နတ်ကြီးက အင်း.... ကြက်သီး မွေးညှင်းလဲ မထဘူး၊ သမာဓိ ပညာလဲ မပျက်ဘူး၊ ငါ့မာရ်နတ် မှန်းသာ သူသိပြီးသကာလ ငါသည်ကားလို့ဆိုယင် စိတ်မချမ်း သာဘဲနဲ့ဘဲ နတ်ပြည် ပြန်သွားရရှာတယ်၊ ဖျက်လို့မရဘူး.... (မှန်ပါ့)။

အဲဒီတော့.... တကာတကာမတို့ ခန္ဓာကိုယ်ထဲ ဘာဖြစ်၍ ဘာပျက်တာရှိသလဲ.... (ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ ရှိပါတယ် ဘုရား)။

**အဲ**....ဒုက္ခဖြစ်၍ ဒုက္ခပျက်တာသာ သေသေချာချာရှိတာ.... (မှန်ပါ့ဘုရား)။

ယားတာကလေးကော.... (ဒုက္ခဖြစ်တာပါဘုရား) ပျောက် သွားပြန်တာတော့လဲ ဒုက္ခပျက်တာဘဲ.... (မှန်ပါ့) ပေါ်လာ တော့....(ဒုက္ခဖြစ်တာပါဘုရား) ဒုက္ခပေါ်လဲ ဒုက္ခဖြစ်....(မှန်ပါ့ ဘုရား)။

အင်း.... ကောင်းတဲ့စိတ်ကလေး ပေါ်လာတော့.... (ဒုက္ခ ဖြစ်တာပါဘုရား) ကောင်းတဲ့စိတ်ကလေး ပျက်သွားတော့.... (ဒုက္ခပျက်တာပါဘုရား)။

ဘာမှ မတွေးနဲ့....၊ မကောင်းတဲ့စိတ်တွေ ကြည့်ဦးတော့သဲ မကောင်းတဲ့စိတ်လဲ ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ.... ( မှန်ပါ ) အဲဒါ ရှုချလိုက်....(မှန်ပါ)။

မကောင်းတဲ့ စိတ်ကလေးဟာလဲ ပေါ်လာတယ်၊ ကိုယ့်စိတ်ထဲ၊ **ဟို.... မစ္ဆေရစိတ်ကလေး** ပေါ်လာတယ် ဆိုလို့ရှိယင်.... **အဲဒါ....မစ္ဆေရကလေး**ပေါ်လာတာဒုက္ခပေါ်လာတာ....(မှန်ပါဘုရား ) မစ္ဆေရကလေး ဒီဉာဏ်နဲ့ သာကြည့်လိုက် မစ္ဆေရကလေးကလဲ ခဏနေ ပျောက်သွားတာဘဲ....(မှန်ပါ) ပျောက်သွားတော့ ဒါလဲ ဘာပျောက်တာတုံး.... ( ဒုက္ခပျောက်တာပါဘုရား) ဒုက္ခဖြစ်၍ ဒုက္ခပျောက်တာဘဲ....(မှန်ပါ)။

တကာတကာမတို့ ဘာများ ရှိသေးသတုံး....(မရှိပါဘုရား) ဒုက္ခဖြစ်၍ ဒုက္ခပျက်တာဘဲ ရှိတယ်ဆိုတာ သေချာပလား.... (သေချာပါပြီ)။

ဒါဖြင့် ဒုက္ခဖြစ်၍ ဒုက္ခပျက်တာက ဘာသစ္စာ....(ဒုက္ခသစ္စာပါဘုရား) ပျက်တိုင်းပျက်တိုင်း ဖြစ်ပျက်သိဘာက ...(မဂ္ဂသစ္စာပါဘုရား) သေတာက....(သမုဒယသစ္စာပါဘုရား) သေတော့နောက်ခန္ဓာ မလာတာက....(နိရောဓသစ္စာပါဘုရား)ရိပ်မိပလား (ရိပ်မိပါပြီဘုရား) ဒါဖြင့် လုပ်တတ်ပလား.... (လုပ်တတ်ပါပြီဘုရား)။

ဒါဖြင့် တရားနှလုံးသွင်းကြဆိုယင် ဘာသွင်းမယ်...., (ကိုယ့်ခန္ဓာ သွင်းရပါမယ်ဘုရား) ခန္ဓာက ဘာတွေပေါ်လာသိမ့်မယ် ထင်သတုံး....(ဒုက္ခသစ္စာတွေ ပေါ်လာပါလိမ့်မယ်ဘုရား)။

အဲ….ဒုက္ခသစ္စာကလေး ပေါ်လာတော့ နှလုံးသွင်းမပျက်ဘဲ ခန္ဓာကြည့်လိုက်တော့ ခန္ဓာက ဒုက္ခသစ္စာပြဘယ်၊ ဒုက္ခသစ္စာ။ သိတာက မဂ္ဂသစ္စာဖြစ်တော့ ဒီဥစ္စာသည် တရားမှန် တရားစစ် ဆိုတာ သေသေချာချာ မှတ်ကြ… (မှန်ပါ) ရှင်းကြပလား…. (ရှင်းပါပြီဘုရား)။

ကိုင်း….ယနေ့ ဒီတွင် တော်ကြဦးစို့….။

သာဓု… သာဓု….သာဓု….

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား
အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော
( ယမမင်းစစ်ခဏ်း )

# နေ့အလုပ်ပေး-တရားတော်

ဒီနေ့ဟောမည့်တရားသည် တကာ တကာမတို့ ဘုရားတဆူမှ တခါဟောတဲ့ တရား....လို့ မှတ်ထားရမယ်နော်.... (မှန်လှပါ ဘုရား)။

ဘုရားတဆူတဆူ ပွင့်ပါမှ တခါတခါဟောတဲ့ တရားလို့ ဆိုတော့ ဩော်.... ငါတို့ ကြားလဲကြားနာရခဲ့တယ်၊ မှတ်လဲ့ မှတ်ရလိမ့်မယ်.... (မှန်ပါ့) အရေးကြီးတာလဲ သိရလိမ့်မယ်.... (မှန်လှပါ)။

ဘုရားတဆူဘဆူမှ တကာကြွယ် တခါဟောတဲ့ တရား.... (မှန်လှပါဘုရား) ဘုရားတဆူပွင့်လို့ရှိယင် ဒီတခါဘဲ ဟောတာဘဲ၊ နောက် မဟောတော့ဘူး.... (မှန်ပါ့ဘုရား) ဒီတခါ ဟောလို့ ဒီတခါ ကျွတ်တမ်းဝင်ယင်-ဝင်ရော့၊ မဝင်လို့ရှိယင် ဖြင့် ဒီတရားကိုဖြင့် ထပ်ပြီး အသက်တမ်းတိုတဲ့ ဘုရားဖြစ်လေ သောကြောင့် မဟောနိုင်တော့ဘူး....(မှန်လှပါဘုရား)။

ဒါ့ကြောင့် ဒီတရားသည် တကာတကာမတို့ အရိယာတို့၏ အလုပ်ကို မမေ့ဘို့ ဟောတာဘဲ.... (မှန်လှပါဘုရား) အကျဉ်း ချုပ်လိုက်တော့ အရိယာတို့၏အလုပ်ကို မမေ့ပါနဲ့လို့ ဟော တာပါဘဲ....(မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ရှေး ဦးစွာ ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်နော်....(မှန်လှပါ ဘုရား) ဒီခန္ဓာကိုယ်ကြီးကို ဉာဏ်လှည့်ရလိမ့်မယ်။

ခါတိုင်းတော့ ဘယ့်နှယ်ကြောင့်တုံး... လို့ မေးတဲ့ အခါ ကျတော့ တကာတကာမတွေ အိမ်မှာ နေကြတယ် ဆိုတော့ ပြင်ဘက်သာ လှည့်နေတာဘဲ....(မှန်ပါ) ခန္ဓာဘက် လှည့်တယ် လို့ မပါဘူး....(မပါ-ပါဘုရား) လှည့်ပြန်တော့လဲ ဒီခန္ဓာကြီး ကို အနိစ္စဘက်, ဒုက္ခဘက်, အနတ္တဘက်ကို မလှည့်ဘဲနဲ့ ရုပ်ဟာ လဲ ငါဘဲ,ဝေဒနာလဲ ငါဘဲ, စိတ်လဲ ငါဘဲဆိုပြီး သကာလ ဒိဋ္ဌိနဲ့ ချည်း လှည့်နေတယ်.... (မှန်ပါ) ဉာဏ်နဲ့လှည့်တယ်လို့ ရှိရဲ့ လား....(မရှိပါဘုရား)။

ဩော်.... ယနေ့တော့ဖြင့် တကာတကာမတွေ ပြောင်းကြ ပါဦးဆိုတဲ့ဥစ္စာကိုဘုရားတဆူတဆူမှတခါဟောတဲ့တရားဖြစ်လေ သောကြောင့် ဒိဋ္ဌိနဲ့ မလှည့်ဘဲနဲ့ ဉာဏ်နဲ့ ခန္ဓာကို လှည့်ပေးပါ ဆိုတာကို ဘုန်းကြီးက တရားမဟောခင်ဘုရားသခင် ကိုယ်တော် မြတ်ကြီးကလဲ ငါဘုရား ပွင့်တဲ့နေ့ကစပြီး ဒီတကြိမ်ဘဲဟောတဲ့ တရား ဉာဏ်ခန္ဓာလှည့်ဘို့ ဟောတဲ့ တရား....လို့ သေသေချာ ချာ ဟောရှာတယ်....( မှန်ပါ့ဘုရား )။

တကာတကာမတွေ ခါတိုင်းတော့ ဒိဋ္ဌိနဲ့ ခန္ဓာလှည့်နေကြ တယ်.... (မှန်ပါ) အိမ်မှာနေတဲ့ အခါကျတော့ ဒါ-ဘယ်သူ့ဘို့

တုံး....ငါ့ဘို့ဆိုတော့ ခန္ဓာကို ဒိဋ္ဌိက လှည့်လိုက်တယ်....(မှန်ပါ့) ဘယ့်နှယ်ကြောင့် ဒါလောက် ရှာနေတာတုံး....ငါစားဘို့ပေါ့၊ ငါဝတ်ဘို့ပေါ့ ဆိုတော့ဒိဋ္ဌိနဲ့ ခန္ဓာလှည့်တယ်....(မှန်ပါ့ဘုရား)။

တခါတလေကျတော့ တဏှာနဲ့ လှည့်လိုက်တယ်.... (မှန်ပါ့) ဒါက ငါ့သား, ငါ့သမီး ရှိသကိုး၊ ငါ့သား, ငါ့သမီးဘို့သဲ ရှာရတယ်ဆိုတော့ တဏှာနဲ့ လှည့်လိုက်တယ်... (မှန်ပါ့)။

ဩော်....တကာတကာမတွေ နေ့တိုင်း ခန္ဓာ ဘာနဲ့ လှည့်နေကြပါလိမ့်မတုံး မေးတဲ့အခါကျတော့ ဒိဋ္ဌိနဲ့ တခါလှည့်လိုက်.... (မှန်ပါ့)တဏှာနဲ့ တခါ လှည့်လိုက်....(မှန်ပါ့)။

အင်း... တကာတကာမတွေ ဘာနဲ့ လှည့်နေသတုံး.... (ဒိဋ္ဌိနဲ့ လှည့်နေပါတယ်ဘုရား)။

ခန္ဓာဘက် လှည့်တော့ လှည့်တယ်....(လှည့်ပါတယ်)လှည့်ပေမဲ့ ဒိဋ္ဌိနဲ့ တခါ လှည့်လိုက်၊ တကာတကာမတို့ တဏှာနဲ့ တခါ လှည့်လိုက်....(မှန်ပါ့)။

ဩော်....တကာတကာမတို့ ခက်ပါပြီ၊ ဒိဋ္ဌိနဲ့ လှည့်ပြန်တော့လဲ ပဋိစ္စသမုပ္ပါဒ်က ဆက်သွားတယ်....(မှန်ပါ့)တဏှာနဲ့လှည့်ပြန်တော့လဲ....( ပဋိစ္စသမုပ္ပါဒ်က ဆက်သွားပါတယ်ဘုရား )ပဋိစ္စသမုပ္ပါဒ်က ဆက်သွားတယ်....(မှန်ပါ့)။

သေသေချာချာ မှတ်ကြပါ၊ တကာတကာမတို့ ခန္ဓာကိုယ်တနေ့ ဘယ်နှစ်ခါ လှည့်တယ်လို့လဲ ဘုန်းကြီးကဖြင့် ကျောင်းက-နေ ရေတွက်လို့ မဖြစ်ဘူး....(မှန်ပါ့)။

ကိုယ့်ဟာ ကိုယ်လှည့်လိုက်တာဖြင့် အင်း....ဈေးထွက်နေ - ဈေးထိုင်နေ - ပွဲရုံ ပွဲထိုင်လုပ်နေကြတယ်၊ စက်တွေ တည်ပြီး

ရောင်းဝယ် ဖေါက်ကားနေကြတယ်၊ ဒီထဲမှာ တကာတကာမ တွေ ကိုယ့်အချိုးနဲ့ ကိုယ်ပေါ့ဗျ....(မှန်ပါ့)။

အစုံဘဲ ဘုန်းကြီးတို့ တကာတကာမတွေ နေကြ - ထိုင်ကြ တော့ ဘယ်သူက ဘာနေကြတယ်ဆိုငြားသော်လဲ ကြီးကြီးကျယ် ကျယ်ရှာတဲ့ ပုဂ္ဂိုလ်ကလဲ ငါ့ဘို့- ငါ့သားဘို့- ငါ့သမီးဘို့ပါဘဲ.... (မှန်ပါ့)။

သေးသေးကွေးကွေးရှာတဲ့တကာတကာမတွေကလဲငါ့ဘို့-ငါ့ သား-ငါ့သမီးဘို့ ဖက်ဘဲ လှည့်တာဘဲ....(မှန်ပါ့)။

ဒါဖြင့် တကာသစ်တို့ တကာကြွယ်တို့က စဉ်းစားရမယ်....၊ ဩော်....နေ့တိုင်း ခန္ဓာဘက်သာ လှည့်ကြတယ်၊ တဏှာနဲ့ လှည့် တယ်၊ ဒိဋ္ဌိဘက် လှည့်နေတယ်....(မှန်ပါ့)။

ဘာနဲ့ လှည့်ကြပါလိမ့်....(တဏှာနဲ့ လှည့်ပါတယ်၊ ဒိဋ္ဌိနဲ့ လှည့်ပါတယ်ဘုရား)။

ဥာဏ်နားနဲ့ ထောင်ကြပါ၊ ဥာဏ်နားနဲ့ ထောင်ကြပါ .... (မှန်ပါ့) တကာတကာမတွေ နေ့တိုင်း ငါစားဘို့ဆိုတော့ ဒိဋ္ဌိ ဘက် လှည့်လိုက်တယ်....(မှန်ပါ့)မလှည့်ကြဘူးလား....(လှည့်ပါ တယ်ဘုရား)။

ငါ့သား-ငါ့သမီးဘို့ ဆိုတော့ ဘာတုံး—(တဏှာနဲ့လှည့်ပါ တယ်ဘုရား)။

အေး....တဏှာနဲ့လဲ လှည့်တယ် .. (မှန်ပါ့)ငါ့ဘို့ဆိုတော့ ဘာ နဲ့ လှည့်သတုံး....(ဒိဋ္ဌိနဲ့ လှည့်ပါတယ်)ငါ့သား-ငါ့သမီးဘို့ ဆို တော့....(တဏှာနဲ့ လှည့်ပါတယ်ဘုရား)။

တကာကြွယ် တနေ့လုံးဟာ ဒါနဲ့ ကုန်သွားတာဘဲ .... (ကုန် ပါတယ်)သဘောပါကြပလား....(ပါပါပြီဘုရား)။

ဘာနဲ့ လှည့်ကြသတုံး....(တဏှာနဲ့ လှည့်, ဒိဋ္ဌိနဲ့ လှည့်ပါ
တယ်ဘုရား)တဏှာနဲ့ လှည့်တာ တချီ....(မှန်ပါ)ဒိဋ္ဌိနဲ့လှည့်တာ
(တချီပါဘုရား) ကြောက်စရာကြီးပါလား....(မှန်ပါ)။

ခင်ဗျားတို့ ရှာနေတဲ့ အဖြစ်ဟာလေ....(မှန်ပါ) ဦးမာဒင်....
ဘယ့်နှယ်နေသတုံး....(ကြောက်စရာကြီးပါဘုရား)သို့သော်လဲ....
မကြောက်နဲ့ဦး ဖြစ်ပုံကလေးတော့ ပြရဦးမယ်....(မှန်ပါ)။

ဖြစ်ပုံကလေးတော့ ပြရဦးမယ် တကာတကာမတို့....ဒါက....
တကာတကာမတွေ၏ ခန္ဓာငါးပါး....(မှန်ပါ)ခန္ဓာငါးပါးရှိပြီး
သကာလ နေတော့ ခန္ဓာငါးပါးဟာ ယောကျ်ားခန္ဓာ, မိန်းမ
ခန္ဓာဘဲ ခင်ဗျားတို့ ထားပါတော့....(မှန်ပါ)။

ဒီ ခန္ဓာငါးပါးနဲ့ ဈေးထိုင်ရောင်းပြီးသကာလ နေတယ်။ ပွဲရုံ
ပွဲစားလုပ်ပြီးသကာလ နေကြတယ်။ ဒီနား လုပ်နေတဲ့ အခါကျ
လို့ရှိယင်ဖြင့် တကာတကာမတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်
စီးပွားရှာကြတယ်....(မှန်ပါ)။

စီးပွားရှာတော့ သူများက မေးယင်လဲ ဟာ... ဒီ အသက်
ဒီအရွယ်ကြီးနဲ့ ဘာဖြစ်လို့ တကာကြွယ်တို့ စီးပွားတွေ ရှာနေ
ကြသတုံး....ဦးသန်းမောင်တို့ ဘာဖြစ်လို့ ရှာကြသတုံး.... ကိုယ့်
အတွက်ပေါ့ဘုရား....ဆိုတော့ ဒီဟာကြီးကို ကိုယ် ယူပစ်လိုက်
တယ်. (မှန်ပါ)။

ဘာနဲ့ ယူပစ်လိုက်သလဲဆိုတော့ ဒီက ဒိဋ္ဌိနဲ့ ယူလိုက်တယ်-
(မှန်ပါ)ဒိဋ္ဌိနဲ့ ခန္ဓာငါးပါးကို ကိုယ်လုပ်ပစ်လိုက်တယ်.... (မှန်
လှပါဘုရား)။

ကိုယ့်အတွက်ပေါ့ဘုရား....(မှန်ပါ) ဟာ.... ကိုယ့်အတွက်ဖြင့်
လောက်လောက်ပါပြီကော။ ဒါလောက်ဆိုယင် နေနိုင်- ထိုင်နိုင်

ရှိပါပြီကောလို့ ဦးမာဒင်တို့ကိုဘဲ ဘုန်းကြီးက သတိပေးလိုက်တယ်....(မှန်ပါ့)။

ဩော်....ဘုန်းကြီးက ပြောတော့ ကျောင်းက-နေ ပြောတာ အလွယ်ကလေးရယ်....(မှန်ပါ့) ဘုန်းကြီးများလို အလွယ်တကူ ရတာ မဟုတ်ဘူး၊ တပည့်တော်တို့က အခြံအရံနဲ့ နေတာ.... (မှန်ပါ့)အခြံအရံဘက် လှည့်ပစ်လိုက်တယ်....(မှန်ပါ့)။

အခြံအရံဘက် လှည့်တာကတော့ တဏှာနဲ့ လှည့်တယ် .... (မှန်ပါ့)ကိုယ့်ဘက် လှည့်လိုက်တာကတော့ ဒိဋ္ဌိနဲ့....( မှန်ပါ့ ) အခြံအရံ သားသမီးတွေဘက် လှည့်လိုက်တော့ .... (တဏှာနဲ့ ပါဘုရား)။

ဩော်....တကာသစ် ဒီ တကာတကာမတွေ စီးပွားရှာတာ မရှာစေချင်လို့ မဟုတ်ပါဘူး....(မှန်ပါ့)လှည့်ပုံ နေရာမကျလို့ ပြနေပါတယ်ဆိုတာ သေသေချာချာ မှတ်ကြပါ....(မှန်ပါ့)။

လှည့်ပုံက... ( နေရာမကျလို့ ပြနေတာပါ )တကာကြွယ်.... ဒီတရား ကြားရခဲတယ်၊ ဘုရားတဆူတဆူမှ တခါဟောတာနော် (မှန်ပါ့)။

ဘုရား တဆူတဆူမှ....(တခါဟောတာပါ) တခါဘဲ ဟောတယ်လို့ဆိုတာ တကာတကာမတွေ သေသေချာချာ မှတ်ပါ.... (မှန်ပါ့)။

တကာကြွယ် ဘယ့်နှယ်ကြောင့် ဒီအရွယ်ကြီး အလုပ်တွေ မသိမ်းသေးသတုံးဗျ။ ဘုန်းကြီးကဘဲ မေးတယ်ထားပါတော့။ မိတ်ဆွေသင်္ဂဟတွေက မေးတယ်ထားပါတော့....(မှန်ပါ့)။

ဩော်.... ကိုယ်စားဘို့ဆိုတော့ ကိုယ့်အတွက်ကလေး ကိုယ် လုပ်ရသေးတာပေါ့....(မှန်ပါ့) အင်း....ဒိဋ္ဌိက ဘယ်ဘက် လှည့်

သွားသတုံး....(ခန္ဓာဘက် လှည့်ပါတယ်)ကိုယ့်ဘက်လှည့်တယ်....(မှန်ပါ့)ခန္ဓာကိုယ်ကြီးကို ကိုယ်ထင်လိုက်တယ်....(မှန်ပါ့)။

ဦးသန်းမောင် ဘယ်ဘက်လှည့်သတုံး ... (ကိုယ့်ဘက် လှည့်လိုက်ပါတယ်)ဩော်....ကိုယ်စားဘို့လဲ လိုသေးတယ်ဘုရား။ ဒါဒိဋ္ဌိဘက် လှည့်လိုက်တာနော်....(မှန်ပါ့)။

တကာကြွယ် ဒီလို လှည့်ဘူးရဲ့လား(လှည့်ဘူးပါတယ်)လှည့်ဘူးတာ နေ့တိုင်း လှည့်နေတာ တပည့်တော် မူးတောင်နေပြီလို့ ပြောပါတော့၊အဲဒါလောက် ဆိုးဝါးပါတယ်ဆိုတာလဲ ပေါ်ကြပလား....(ပေါ်ပါပြီ ဘုရား)။

နောက်တနေ့ မေးပြန်တော့ ခင်ဗျားကြီးလဲ ကြီးပြီဗျာ....။ ခေါင်းဖြူ စွယ်ကျိုးနဲ့ ဘာလုပ်နေစရာ ရှိသေးသတုံး.... ထိုင်ပါတော့လားလို့ မေးတဲ့အခါကျလို့ရှိယင်တော့ ဟော....ဗျာ....ပွားစည်းထားတာကလေးတွေက မကင်းရာ မကင်းကြောင်း ရှိနေသေးတယ်ဆိုတော့ တဏှာလှည့်လိုက်တယ် .... (လှည့်ပါတယ်ဘုရား)။

မကင်းရာ မကင်းကြောင်းဆိုတော့ ဘာနဲ့ လှည့်လိုက်သလဲ-(တဏှာနဲ့ လှည့်လိုက်ပါတယ်)မကင်းတာက တဏှာက မကင်းတာ....(မှန်ပါ့)။

တကာကြွယ်တို့များ လှည့်လိုက်တဲ့ဖြစ်ခြင်း ဒိဋ္ဌိနဲ့ လှည့်လိုက်တခါ....(မှန်ပါ့) တဏှာနဲ့ -- (လှည့်လိုက် တခါပါဘုရား)။

မသိပါဘူး ခင်ဗျားတို့....(မှန်ပါ့)မသိပါဘူး ဒါနဲ့ ညော့်ခံနေတာပါ....(မှန်ပါ့)။

ဦးမာဒင် ဒါနဲ့ ဘာလုပ်နေကြသလဲ....(ညော့်ခံနေပါတယ်)

ဖြစ်မှ ဖြစ်ရပလေ....အပါယ်သွားမလို့ ညှော်ခံနေတာ....(မှန်ပါ့ဘုရား)။

ဘယ်သွားမလို့လဲ .... (အပါယ်သွားမလို့ ညှော်ခံနေတာပါဘုရား)။

ဦးဘကြွယ်တို့ သေသေချာချာ နားထောင်ပါ ခင်ဗျားတို့၊ ကြပ်ကြပ်ဂရုစိုက်ပြီး နားထောင်ပါ၊ ခင်ဗျားတို့ လုပ်နေတဲ့ အလုပ်က အလွန်ကြောက်စရာ ကောင်းလွန်းလို့ ပြောပြီး သကာလ နေပါတယ်....(မှန်ပါ့ဘုရား)။

ဘုရားကလဲဒီအတိုင်းပြောပါကွာဘုရားတဆူတဆူပွင့်တဲ့အခါမှ ဒီဥစ္စာကိုမှ မင်းတို့ ဉာဏ်ရောက်အောင် မပြောနိုင်လို့ရှိယင် ဖြင့် ဒီတကာတကာမတွေဟာ အပါယ်လေးပါးမှ တက်စရာ မရှိဘူး....(မှန်ပါ့ဘုရား)။

တကာတကာမတွေ ဉာဏ်နားနဲ့ သေသေချာချာ ထောင်ကြပါနော်....၊အင်မတန်မှ အရေးကြီးတဲ့ အချက်ကို ပြောနေပေါ့ဆိုတဲ့ဥစ္စာ....(မှန်ပါ့ဘုရား)။

ကဲ....တကာကြွယ် ဆိုင်များထိုင်နေတဲ့အခါတိုက်များထိုင်ပြီး သကာလနေတဲ့အခါကျလို့ရှိယင်ဖြင့်ဘုန်းကြီးလာတဲ့အခါတကာကြွယ် အလုပ်မရပ်သေးဘူးလားဆိုတော့ ကိုယ်အရေးကလိုသေး သကိုးဘုရား....( မှန်ပါ့ )အင်း .... သာမညဆရာသမား ဆိုယင် ဒီအတိုင်း သူပြောမှာဘဲ....(ပြောပါမယ်ဘုရား)။

ဦးမာဒင်ကြီး ဘယ်လိုပြောမယ်ထင်သတုံး.... (ဒီအတိုင်းပြောမှာပါ)ဒီအတိုင်းဘဲ။ ဩော် .... တော်တော် ခက်နေပကော.... (မှန်ပါ့ဘုရား)။

ကိုယ့်အရေးဆိုလို့ရှိယင် ခင်ဗျားတို့ရှိတာနဲ့ ထိုင်စားလို့ရှိယင်ဖြင့် သေမှာနဲ့ တိုင်းလိုက်လို့ရှိယင်ဖြင့် ပိုတောင်းနေပါသေးတယ်၊ အသုဘ စရိတ်တောင် ကျန်ပါသေးတယ်.... (မှန်ပါ့ဘုရား)မကျန်ဘူးလား....(ကျန်ပါတယ်ဘုရား)။

ကျန်ပင်ကျန်ငြားသော်လဲ ဦးသန်းမောင်တို့၊ ဦးဘထွေးတို့က ဆင်ခြေလဲလိုက်တယ် (မှန်ပါ့)ဩော်.... ကိုယ့်အတွက်ကတော့ တင်းတိမ်လောက်ပါပြီ။ ကိုယ်ကပွားထားတာ ကလေးတွေ မျက်စိသူငယ် နေရစ်မှာစိုးလို့ ပိုလုပ်နေရတယ်(မှန်ပါ့ဘုရား)။

အင်း....တခုနဲ့ ညှော်ခံနေပြန်ပြီ....(မှန်ပါ့) တဏှာနဲ့ ညှော်ခံတယ်....(မှန်ပါ့) ကိုယ့်အတွက်ဆိုတော့ ဘာနဲ့ညှော်ခံသတုံး.... (ဒိဋ္ဌိနဲ့ညှော်ခံပါတယ်ဘုရား)။

ဘု-စု-ခရုတွေက ဘုရား.... မှီစားနေတာတွေက မနည်းဘူးဘုရာ့။ သူတို့က ခြေလက်မသန်စွမ်းသေးဘူးဘုရာ့၊ အကြံဉာဏ်မရှိသေးဘူးဘုရာ့။ ဒါ့ကြောင့် ကိုယ်၏စောင်မခြင်း နှုတ်၏စောင်မခြင်းနဲ့ မကင်းတရားကလေးက ရှိနေတော့....( မှန်ပါ့ ) မကင်းတရားကလေးက တဏှာကိုးဗျ....( မှန်ပါ့ )မကင်းတရားကလေးက ရှိနေတော့ တပည့်တော်များမှာ အရှင်ဘုရားများလိုလဲ ကျွတ်ကျွတ်လွတ်လွတ် မထွက်နိုင်တော့။ဩော်....သူမထွက်တော့ဘူးပြောတာ....(မှန်ပါ့) ဝဋ်ထဲက မထွက်တော့ဘူးတဲ့.... (မှန်ပါ့ဘုရား)။

တကာကြွယ် ဘာတဲ့တုံး- သူ့ဟာသူ ဗျာဒိတ်ပေးသွားတယ် (ပေးပါတယ်) ဘယ်လိုများပေးသွားတုံး .... (ဝဋ်ထဲကမထွက်တော့ဘူးပေးပါတယ်ဘုရား)။

ဝဋ်ထဲက မထွက်နိုင်သေးတော့- ထွက်မှာလဲ မဟုတ်ပါဘူး သူ့ဟာက၊ မထွက်နိုင်သေးတော့ ဆိုကတည်းကိုက တကာ တကာမတွေ အတော်ကြောက်စရာ ကောင်းနေပြီ....( မှန်ပါ့ ) ဩော်....သူများက မထွက်ဘူးလို့ ပြောတာလား။ သူကမထွက် ဘူးပြောတာလား....(သူကမထွက်ဘူးပြောတာပါဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ တကာကြွယ်.... ( မှန်ပါ့ ) ခင်ဗျားတို့ ပြောတဲ့ စကားထဲမှာကို ဝဋ်မှ မထွက်ဘူးဆိုတဲ့ ဝဋ်ကလေးက မကျွတ်သေးတော့ ဒီလိုဘဲဘုရား-တဝဲလည်လည်နေရသေးတယ်.... (မှန်ပါ့) အစရှိသည်နဲ့တဲ့ သားတွေ, သမီးတွေဘက် လှည့်ပြီး ညွှ့်ခံလိုက်တဲ့အခါကော မပါဘူးလား....(ပါ-ပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်း အလုပ်-လုပ်နေတာ ဒီညွှ့်ခံနှစ်ခုနဲ့ လုပ်နေ တာဘဲ....(လုပ်နေပါတယ်ဘုရား)။

နေ့တိုင်း အလုပ်-လုပ်နေကြတာ.... (ဒီညွှ့်ခံ နှစ်ခုနဲ့ လုပ်နေ ကြတာပါ) ဒိဋ္ဌိနဲ့ညွှ့်ခံလိုက်.... ( မှန်ပါ့ ) ပြီးတော့ကော .... (တဏှာနဲ့ညွှ့်ခံပါတယ်ဘုရား)။

ဦးဘထွေး ဘာနဲ့ညွှ့်ခံသတုံး....(ဒိဋ္ဌိနဲ့ညွှ့်ခံ,တဏှာနဲ့ ညွှ့်ခံ ပါတယ်ဘုရား)။

ဩော်....ဘုန်းကြီးတို့ တကာတကာမတွေ စီးပွားရှာနေတာ လား အောက်မေ့နေတယ်....တဲ့။အမြင်တော့ စီးပွားရှာနေကြ တာ....(မှန်ပါ့)အရောက်ကတော့ဖြင့် အပါယ်လေးပါးရောက်ရ မယ်....(မှန်လှပါဘုရား)။

အမြင်တော့ဖြင့် စီးပွားရှာနေတာဘဲ၊ ရှာရင်းမတ္တနဲ့ အပါယ် လေးပါး ရောက်ရမယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေ သေသေချာချာကြည့်ပါ့.... ( မှန်ပါ့ )

သေသေ ချာချာ ကြည့်ပါ တကာတကာမတို့ ဒီတရားမျိုး အင်မတန်မှလဲ ခဲယဉ်းပါတယ်....(မှန်ပါ့) ခင်ဗျားတို့ သာမည သီလတရားနဲ့ဆိုလို့ရှိယင်ဖြင့် ဒါအပြစ်မရှိပါဘူး....( မှန်ပါ့ ) ဝိပဿနာတရားနဲ့ကျလာတော့ ခင်ဗျားတို့ ထွက်ရပ်လမ်း အစစ် တရားနဲ့ကျလာတော့ အပြစ်ကရှိတယ်....(မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးကို ငါစားဘို့ဆိုပြီးရှာတော့ ခန္ဓာကိုယ်ပေါ် မှာ ငါဒိဋ္ဌိနဲ့ မစွဲဘူးလား... (စွဲပါတယ်)ဟော ဒိဋ္ဌိကလေး ပေါ် လာတော့ ဝမ်းထဲမှာဘဲ ပေါ်ပါတယ်....(မှန်ပါ့ဘုရား)။

မဟုတ်ပါဘူး၊ဒါ ကိုယ်စားဘို့ဆိုပြီး ရှာတော့ ခန္ဓာကိုယ် ကိုယ်ထင်တဲ့ဒိဋ္ဌိ ပေါ်လာတယ် ဆိုတာလဲ တကာတကာမတွေ အမြင်သားပါ....(မြင်ပါတယ်) မမြင်ရသေးဘူးလား .... (မြင်ရ ပါတယ်ဘုရား)။

ဒိဋ္ဌိပေါ်လာတော့ ပဋိစ္စသမုပ္ပါဒ်က မနေပါဘူး တကာ သစ်ရ....(မှန်ပါ့)ဒိဋ္ဌုပါဒါန်ဆိုတာ နောက်ကလိုက်လာတယ်.... (မှန်ပါ့) ဒိဋ္ဌိနောက်က ဒိဋ္ဌုပါဒါန်ဆိုတာ လိုက်လာတယ်.... (မှန်လှပါဘုရား)။

နောက်ကနေပြီး သကာလ ဥပါဒါနပစ္စယာ ကမ္မဘဝေါ လိုက်တယ် (မှန်ပါ့) မလိုက်ဘူးလား(လိုက်ပါတယ်) ကာယကံ ဝစီကံတွေနဲ့ ပြောလိုက် ဆိုလိုက်တွေ မလာဘူးလား....(လာပါ တယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိရှိလို့ စွဲစွဲလမ်းလမ်း တကာတကာမတွေ ကိုယ့် ခန္ဓာကိုစွဲစွဲလမ်းလမ်းဖြစ်တဲ့ ဥပါဒါန်က .. (လာပါတယ်ဘုရား)။

ဥပါဒါန်လာလို့ ဒီခန္ဓာကိုယ်ကြီးကို လူချင်းတူတူ သူချင်း

မျှမျှ ဝတ်ရစားရအောင် ပြုမဟဲ့-စုမဟဲ့ဆိုတဲ့ ကာယကံ, ဝစီကံတွေနဲ့ကော ထ,မလုပ်ဘူးလား....(လုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်, ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(မှန်ပါ့ဘုရား)

ကဲ....တကာသစ် ကမ္မဘဝပစ္စယာ....(ဇာတိပါ)ဟာ ရိုးရိုးမလုပ်နဲ့လေ....(အပါယ်ဇာတိပါ) ရိုးရိုးမလုပ်ပါနဲ့၊ ရိုးရိုးဆိုလို့ရှိယင် ဒီဟာတွေ မှားကုန်မှာစိုးလို့....(မှန်ပါ့ဘုရား)။

ဒိဋ္ဌိက အပါယ်ကျစေတတ်တယ်....(မှန်ပါ့) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံကကော....(အပါယ်ကျစေတတ်ပါတယ်ဘုရား)။

ဒါ့ကြောင့် တကာတကာမတွေ ဒီဘက်မှာ အပါယ်, ဇာတိ, ဇရာ,မရဏဆိုပြီး သုံးလုံးချတယ်.... (မှန်ပါ့) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဘာလုပ်ဘို့ ရှာကြတာတုံး ဆိုတော့ ကိုယ်လဲစားဘို့ပေါ့ဘုရား၊ ဟုတ်လား....(မှန်ပါ့) ကိုယ်လဲ စားဘို့ပေါ့ဘုရားဆိုတာ သူကပြောတာ....(မှန်ပါ့) ဘယ်သူက ပြောတာတုံး .... (ဒိဋ္ဌိက ပြောတာပါဘုရား)။

ကိုယ်လဲ စားဘို့ဆိုတော့ အဟုတ်ကို စားဘို့လားလို့ဆိုလို့ရှိယင်- အဟုတ်ကို စားဘို့ဆိုတော့ ဉပါဒါန်က ပြောတယ် ....(မှန်ပါ့ဘုရား)။

ဒါဖြင့် ခင်ဗျားထိုင်နေသလား-အားထုတ်နေသလား၊စားဘို့သောက်ဘို့အလုပ်ကို ကိုယ်ရော, နှုတ်ရော အားထုတ်လုပ်ရသေးသလားလို့ မေးလို့ရှိယင် ဘယ့်နှယ်ပြောမလဲ....(ပြောရ- ဆိုရ အားထုတ်ရပါတယ်)ဒါဖြင့် ကာယကံ,ဝစီကံ....(မှန်ပါ့ဘုရား)။

ဒီတခုက ဘာပါလိမ့်.... (ကာယကံ ဝစီကံပါဘုရား) ဒါဖြင့် မသေခင်တော့ဖြင့် ဒိဋ္ဌိ- ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ။ ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်- ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ....(မှန်ပါ့ဘုရား)။

နောက်တခါ လှည့်ပြန်တော့သဲ ဒီအတိုင်းလှည့်မယ် .... (မှန်ပါ့)သေတော့ကမ္မဘဝပစ္စယာ....(အပါယ်ဇာတိပါဘုရား)။

တကာတကာမတွေ ရှုတ်စမ်းပါ၊ ကမ္မဘဝပစ္စယာ- (အပါယ် ဇာတိပါဘုရား)။

ဦးမာဒင် ဒါလျှော့ဟောယင် ဘုန်းကြီးအပါယ်ရောက်မယ်- (မှန်ပါ့) လျှော့ဟောယင် အပါယ်ရောက်မယ်၊ ဘာဖြစ်လို့တုံး ဆိုတော့ ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ဟာ အပါယ်သွားရမှာကိုး....( မှန်ပါ့ ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ကိုယ်ဟူသော အထိမ်းအမှတ် ကို မဖြုတ်နိုင်သ၍ ကာလပတ်လုံး ဒိဋ္ဌိပြုတ်ပါ့မလား.... (မပြုတ် ပါဘုရား)။

ကိုယ်စားဘို့ဘုရား ဆိုတာ ဒီခန္ဓာငါးပါးကို ခန္ဓာငါးပါး ထင်သေးရဲ့လား၊ ကိုယ်ဘဲထင်သလား.... (ကိုယ်ဘဲထင်ပါတယ်) ကိုယ်ဘဲ ထင်ပါတယ်ဆိုတာ ဦးမာဒင် ငြင်းဘို့လိုသေးသလား- (မလိုပါ) ဦးသန်းမောင် ငြင်းဘို့လိုသေးသလား .... (မလိုပါ ဘုရား)။

ဘာလုပ်ဘို့ ဦးသန်းမောင်တို့ ဒီအလုပ်ကြီး လုပ်နေပါလိမ့်။ ကိုယ်စားဘို့ပေါ့ဘုရား.... (မှန်ပါ့) ဒီကိုယ်စားဘို့ .. ( မှန်ပါ့ ) ဒီကိုယ်စားဘို့ ဘယ်သူကပြောတာတုံး .... (ဒိဋ္ဌိကပြောတာပါ ဘုရား)။

ဒိဋ္ဌိကပြောတော့ ပဋိစ္စသမုပ္ပါဒ်က ဦးမာဒင် ရပ်ပါ့မလား• (မရပ်ပါ) မရပ်ဘူးဆိုတာ တကာကြွယ် သေချာပလား .... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်....( မှန်ပါ့ ) ဥပါဒါနပစ္စယာ .... (ကမ္မဘဝေါပါ) ကမ္မဘဝပစ္စယာ= သေသည်၏အခြားမဲ့၌ .... (အပါယ်ဇာတိပါဘုရား)။

ဩော် .... ဒါဖြင့် ဘုရား တဆူတဆူမှ တခါဟောတယ် ဆို တော့ ဒါဖြင့် အရှင်ဘုရားအလိုတော့ဖြင့် စီးပွားရှာစားဘို့ တောင် အတော်ခဲယဉ်းနေပြီ....(မှန်ပါ့) ဦးမာဒင်တို့က လဲမယ်။ သူတို့က ရှာချင်တဲ့ဘက်ကလူကိုး....( မှန်ပါ့ ) တကာကြွယ်က လဲမှာဘဲ....(လဲမှာပါ) ဘုန်းကြီးက တပါးတည်းပါဘဲ မထူး ပါဘူး....(မှန်ပါ့) ခင်ဗျားတို့က အကုန်ပါဘဲ.... (အကုန်ပါဘဲ) အတော်ဆိုးနေပြီဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ကိုယ်ဟူသော အထိမ်း အမှတ်ကို မဖြုတ်နိုင်သ၍ ကာလပတ်လုံး ဒိဋ္ဌိလာမယ် (မှန်ပါ့) ဒိဋ္ဌုပါဒါန်....(လာမှာပါ) ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ.... ( လာမှာပါ ) မလာပေဘူးလား....(လာပါတယ်ဘုရား)။

ဒါ ဘာပါလိမ့်မလဲလို့ မေးလုံးထုတ်တော့မှ....တဲ့၊ အရိယာ ဓမ္မကို ခင်ဗျားတို့ မကြိုးစားလို့ဖြစ်ရတာပါ... (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဖြစ်ရတာတုံး.... (အရိယာဓမ္မ မကြိုးစား လို့ ဖြစ်ရတာပါဘုရား)။

အရိယာဓမ္မ မကြိုးစားလို့ ဖြစ်ရတော့ ဩော်....ကိုယ့်အတွက် ရှာတယ်လို့ဆိုတဲ့ အဓိပ္ပါယ်သည်ကားလို့ ဆိုယင်ဖြင့် ပဋိစ္စ

သမ္ပပ္ပါဒ် ဒေသနာတော်နဲ့ ဦးဘထွေးတို့၊ ဦးသန်းဖေတို့၊ ဦးသန်း မောင်တို့ ဘုန်းကြီး လျှော့မပေးနိုင်တော့ဘူး .... (မှန်ပါ့ ဘုရား)။

မပေးနိုင်ဘူး၊ ဒါက ဒီအစဉ်အတိုင်း မသွားပါနဲ့ ဆိုလို့ ရပါ့မလား....(မရပါ) ဘုရားတားလဲ .. (မရပါဘုရား)။

အဲ....ခင်ဗျားတို့ အခု ဘုန်းကြီးပြောတဲ့ ဥာဏ်နဲ့ တားယင် ကိုယ့်ဥာဏ်နဲ့ ကိုယ်တားယင်ရတယ်....(မှန်ပါ့) ဘုရားကိုယ်တိုင် ကိုယ်တော်ကြီး ဒီနားကထိုင်တား ဒီပဋိစ္စသမုပ္ပါဒ် မရဘူး .... (မှန်ပါ့)ဘုန်းကြီးက ဒီအနား ညီအကို မောင်နှမ အမေမိဘ တွေ တော်ဘူးတာချည့်ဘဲ ဆိုပြီး ထိုင်တား....(မရပါ)ခင်ဗျား တို့ ဝမ်းထဲမှာ တန်းနေလို့ တကာသစ် ရကို-မရဘူး....(မရပါ) ရိုပ်မိကြပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဒီဥစ္စာဟာ တကာတကာမတို့ အရိယာမမြဖြစ်တဲ့ ဥစ္စာကို ခင်ဗျားတို့ ကြိုးစားလိုက်ပြန်တော့လဲ လွတ်သွားတယ် (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

တကာကြွယ်ရေ ... ကိုယ့်အတွက်တော့ စားဘို့ သောက်ဘို့ လုံလောက်ပြီမဟုတ်လား....(လုံလောက်ပါပြီ) ဘယ့်နှယ်ကြောင့် တကာကြွယ်တို့၊ ဦးမာဒင်တို့၊ ဦးသန်းမောင်တို့က ချွဲနေရသေး သတုံးလို့ မေးတော့ ဩော်....တကိုယ်ရေ တကာယမဟုတ်ဘူး ဘုရာ့... (မှန်ပါ့)လာပြီ ခင်ဗျားတို့ဆင်ခြေက....(မှန်ပါ့ဘုရား)။

ဘာတဲ့တုံး....(တကိုယ်ရေ တကာယမဟုတ်ပါ) အင်း....နဂိုရ် ကလဲ တကိုယ်ရေ တကာယနေချင်တဲ့ စိတ်လဲ မရှိပါဘူး .... (မှန်ပါ့)ဆင်ခြေသာလဲတာပါ။

ဆင်ခြေသာလဲတာပါ၊ တကိုယ်ရေတကာယလဲ မဟုတ်တော့ အရှင်ဘုရားမျှားလို မလွယ်ဘူးဘုရား .... (မှန်ပါ့) မကောင်းတရားတွေက သိပ်မျှားတယ်.... ( မှန်ပါ့ ) ဒါ ဆင်ခြေလဲကြမလား- မလဲကြဘူးလား....(လဲကြမှာပါဘုရား)။

ဆင်ခြေလဲတာလား၊ အဟုတ်ကိုပြောတာလား(အဟုတ်ပြောတာပါဘုရား)။

အံမာ.... တော်တော်ရဲပါ့ကလား။ အဟုတ်ကိုပြောတာတဲ့။ မကောင်းတရားရှိတာကို ကျုပ်တော့ မှန်မှန်ပြောလိုက်တာဘဲ .... (မှန်ပါ့)ဟုတ်လဲ ဟုတ်တယ်....(ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် မကောင်းတရားရှိတော့ ဒီဘက်က သားသမီးခန္ဓာငါးပါးတွေကို အကြောင်းရင်းခံပြီးတော့ သူပြပြန်တာဘဲ .... (မှန်ပါ့)မပြဘူးလား....(ပြပါတယ်ဘုရား)။

အဲ... မကောင်းတရားဆိုတော့ မကောင်းတာက တဏှာ....(မှန်ပါ့) တဏှာပစ္စယာ....(ဥပါဒါန်ပါ)ဥပါဒါနပစ္စယာ( ကမ္မဘဝပါ ) ကမ္မဘဝပစ္စယာ....(အပါယ်ဇာတိပါဘုရား)။

ဒါ ခင်ဗျားတို့ရှာနေတဲ့ အပြစ်ကဖြင့် ကိုယ့်ဘို့ ရှာလို့ ရှိယင်လဲ ဒိဋ္ဌိ- ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိ... (မှန်ပါ့)ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

ဟာ....မကောင်းတရားနဲ့ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ၊ ဘာလုံလောက်တာလဲ မပြောတတ်ပါဘူး.... ( မှန်ပါ့ ) ရတာတော့ အပါယ်လေးပါးဘဲ သူ့ဟာ.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီဘုရား)။

ကိုယ့်အတွက်ကတော့ တကာကြွယ် ဘယ့်နှယ်တဲ့ .... (လုံလောက်ပါပြီ) ဘာတွေ လုံလောက်နေတာတုံး ပြောပါဦး.... (အပါယ်ဇာတိပါ)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဘာတွေများ လုံလောက်နေတာတုံး ... (အပါယ်လေးပါးပါဘုရား။)

ခင်ဗျားတို့ ပြောတာကတော့ ကိုယ့်အတွက်ကတော့ လုံလောက်ပါပြီ။ မကောင်းတရားကလေးတွေ၊ ကိုယ်မွေးမြူထားတာကလေးတွေက ရှိပြီးသကာလနေတော့ ဒါကလေးတွေ မျက်စိသူငယ်နဲ့ နေရစ်မှာစိုးတော့၊ လူအောက်ကျမှာစိုးရိမ်တယ်ဘုရား ဆိုပြီး တကာတကာမတွေက ဒီသားသမီးတွေ ကူညီချင်တဲ့စိတ်မများဘူးလား....(များပါတယ်ဘုရား)။

သူတို့လူအောက်ကျမှာတော့ မစိုးရိမ်ဘူးလား .... (စိုးရိမ်ပါတယ်) ကိုယ်အပါယ်ကျမှာတော့....(မစိုးရိမ်ပါဘုရား)။

ဂွကျလိုက်တာ....အံမာလေး... ကြောက်စရာကြီးပါလား .... (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဒီခလေးတွေ လူ့အောက် ကျမှာတော့ ဘာတဲ့....(စိုးရိမ်ပါတယ်) ကိုယ်အပါယ်ကျမှာတော့.... (မစိုးရိမ်ပါဘုရား)။

ရဲတင်းပါပေ့ဗျာ၊ အတော်ဆိုးနေပြီ ဆိုတာ မပေါ်ကြသေးဘူးလား....(ပေါ်ပါပြီဘုရား)။

ဒါမသိလို့ ဖေါ်ပြောနေတာနော်.... (မှန်ပါ့) ဒီနေရာမှာ ဥာဏ်ဝင်လိုက်ယင်သဲ တချက်တည်းနဲ့ တကာသစ် ပြီးပါတယ်.... (ပြီးပါတယ်ဘုရား)။

သို့သော်လဲတဲ့ ခင်ဗျားတို့က အခုပြောတဲ့ နှစ်ချက်နေရာမှာ ဉာဏ်ဝင်ပြီးပလားလို့ မေးတော့ ဦးမာဒင်တို့ မဝင်ရသေးပါဘုရားဘဲ ဖြေရမယ်....(မှန်ပါ)ဦးသန်းမောင် မေးယင်ကော-(ဉာဏ်မဝင်ရသေးပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ...၊ အတော်ဆိုးနေပြီ တကားတကာမတို့....(မှန်ပါ)သေသေချာချာ ဉာဏ်နားနဲ့ ထောင်ကြည့်တော့ ဒါ...အိမ်တွင်းက နေ သွားတဲ့ အပါယ်လေးပါး....( မှန်ပါ )ထိုင်နေရင်း သွားတဲ့ အပါယ်လေးပါး....(မှန်ပါ) အိမ်တွင်းမှာ စီးပွါးရေး အကြံထုတ်နေရင်း မတ္တနဲ့....(သွားတဲ့ အပါယ်လေးပါးပါဘုရား)။

သြော်... ခင်ဗျားတို့ သူများပို့တာ မစောင့်နိုင်ဘူး၊ ကိုယ့်အိမ်က ကိုယ်သွားမယ်ပြောတဲ့ အဓိပ္ပါယ် ရောက်တယ်....(ရောက်ပါတယ်ဘုရား)။

သဘောကျပြီလား....(ကျပါပြီ) ကိုယ့်အိမ်က ကိုယ် ဘယ်သွားကြမတုံး....(အပါယ်သွားကြမှာပါဘုရား)။

ဉာဏ်နဲ့ စဉ်းစားကြပါနော်... (မှန်ပါ) ဉာဏ်နဲ့ စဉ်းစားပါ၊ ဒီဉစ္စာ ဒီဘက် ဇာတိကျအောင် ပြထားတဲ့ ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံ....(မှန်ပါ) သေသည်၏ အခြားမဲ့၌ အပါယ်ဇာတိ....(မှန်ပါ)။

ဒါ ဘယ်ကနေ သွားတာတုံးလို့ မေးတဲ့ အခါကျတော့ကိုယ့်ဘို့ လုပ်ရာက သွားတာ....(မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ကိုယ့်ဘို့တော့ လုံလောက်ပါပြီဘုရား...၊ အခု ရှာနေတာကိုယ်ကတော့ နေချိန်နဲ့ သေချိန် သေချိန်က များပါပြီ ....။

သို့သော်လဲ....သူတို့ ခြေရာ လက်ရာကလေးတွေ လက်ထပ် ရပြီး သကာလ လူ့အောက် မကျအောင်လို့ တပည့်တော်တို့ လူကြီး ဝတ္တရားကလဲ ရှိသေးတယ်....(မှန်ပါ့)။

တကာကြွယ် လူကြီး ဝတ္တရားက ဘာတဲ့....(ရှိပါသေးတယ် ဘုရား)။

အံ့မာလေး .... ကြောက်စရာကြီးပါလား....၊ လူကြီးဝတ္တရား ဦးမာဒင် ရှိသေးဆိုပါလား....(မှန်ပါ့)။

အင်း....လူကြီးဝတ္တရား မကျွတ်သေးဘူးပေါ့လေ.... (မှန်ပါ့) ကဲ .. ရှိပါစေတော့၊ ခင်ဗျားတို့ ဗျာဒိတ်နဲ့ ခင်ဗျားတို့ဘဲ....။

ဒါဖြင့် အဲဒီကျတော့ သူတပါး ငဲ့တဲ့အတွက် အားလုံး တကာတကာမတွေ သူတပါး ခင်မှု မင်မှု မကောင်းတရားရှိတဲ့ အတွက် မကောင်းတာက တဏှာ....(မှန်ပါ့)။

မကောင်းမှု စွဲလမ်းတာက....(ဥပါဒါန်) မကောင်းမှုကြောင့် ကာ ယကံ ဝစီကံနဲ့ လုပ်တာက....(ကမ္မဘဝပါ)ကမ္မဘဝပစ္စယာ ဒီလူ ကြီးတွေ သေတော့ ဘယ်သွားမတုံး (အပါယ်ဇာတိပါဘုရား)။

ရိပ်မိပြီ....(မှန်ပါ့)ဒါက မကောင်းတရားနဲ့ ကျသွားတာ....(မှန် လှပါ)ခုနင်ကတော့ ကိုယ့်ဘိုနဲ့ ကျတယ်....(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

မကောင်းတရားနဲ့ ကျတာ ကြိုက်သလား-ကိုယ့်ဘိုနဲ့ ကျတာ ကြိုက်သလား....(ဘယ်ဟာမှ မကြိုက်ပါဘုရား)။

တကာတကာမတို့ သေသေချာချာ နားထောင်ကြည့်တော့မှ ဒီ အရုပ်ဆိုးကြီးဟာ အတော်ကြီးတယ်နော်.... ( ကြီးပါတယ် ) ခင်ဗျားတို့ကိုယ်တိုင် ဒီအတိုင်း ရှာနေငြားသော်လဲ ဒီက အပါယ် လေးပါး သွားပါလားလို့ တကာသစ် မတွေးမိဘူး.... (မတွေး

မိပါဘုရား)မတွေ့မိတဲ့ အပြင် ခင်ဗျားတို့က ဖုံးများ ဖုံးလိုက်သေးတယ်....(မှန်ပါ)။

ဒီလို ကိုယ့်အတွက် ရှာတာကလေးဟာ နည်းနည်းပို၊ သားသမီးတွေ အတွက်ကလဲ လုံလောက် နည်းနည်းပိုလို့ .... အရှင်ဘုရားတို့ ဆွမ်းတို့ ကွမ်းတို့ လောင်းနိုင်တာပေါ့၊ အံမာ.... ဖုံးများ ဖုံးလိုက်သေးတယ်....( မှန်ပါ ) ဆွမ်းကလေး, ကွမ်းကလေးနဲ့ လာဖုံးလိုက်သေးတယ်....(မှန်ပါ)။

မဖုံးနဲ့....မဖုံးနဲ့၊ ခင်ဗျား ဆွမ်းမတတ်နိုင်ဘူး.... ( မှန်ပါ ) ကွမ်းကော...(မတတ်နိုင်ပါဘုရား)မတတ်နိုင်ဘူး တကာတကာမတို့ ဒါ ကိုယ့်လမ်းသာ ကိုယ်သွား၊ ရှုပ်မနေနဲ့ ( မှန်ပါ ) သဘောပါပလား....(ပါပါပြီဘုရား)။

ကိုင်း-ဒါတွေက ဘယ့်နှယ်ကြောင့် မဖုံးနဲ့လို့ ဆရာဘုန်းကြီးက ဆိုရသတုံးလို့ တကာတကာမတွေ မေးလို့ရှိယင်ဖြင့် ပိုတာလှူတာကိုး တကာသစ်ရ....(မှန်ပါ)။

ငါ့ဝတ်ပြည့်ပြီးမှ ဘာတုံး....(လှူတာပါဘုရား)သားသမီးဝတ်ပြည့်ပြီးမှ....(ပိုတာ လှူတာပါဘုရား)။

ဒါဖြင့် အပိုတွက်ဘဲရမယ်....(မှန်ပါဘုရား)တကာတကာမတို့ အပြည့်အစုံကတော့ အပါယ်ဘဲ ရမယ်....(မှန်ပါ)။

အပြည့်အစုံကတော့ (အပါယ်ဘဲ ရပါမယ်ဘုရား) အပိုတွက်ကလေးဘဲ သုဂတိရောက်မယ်....(မှန်ပါ) ရိပ်မိပလား....(ရိပ်မိပါပြီ) တယ်လဲ ကြောက်စရာကောင်းပါလား .... (ကြောက်စရာကောင်းပါတယ်ဘုရား)။

သေသေချာချာ ဥာဏ်နားနဲ့ စဉ်းစားကြည့်တော့မှ ခြောက်-စာနေ့မှာ ငါ ဒီအကြိမ်ပေါင်း ဘယ်နှစ်ကြိမ်ပါလိမ့်မလဲလို့....

တကာသစ်တို့ ဦးမာဒင်တို့ စဉ်စား.... (မရေတွက်နိုင်ပါ) မရေတွက်နိုင်ဘူး....(မှန်ပါ့)ရေတွက်နိုင်ပါ့မလား....(မရေတွက်နိုင်ပါဘုရား)။

ဒီနေ့တော့ဖြင့် ကိုယ့်အတွက် ကျေပြီ (မှန်ပါ့) အင်း--ဒီနေ့ ကိုယ်တွက် ကျေသတဲ့....(မှန်ပါ့)တကာတကာမတို့ ကိုယ့်အတွက် ကျေပြီဆိုတတည်းက ဒိဋ္ဌိလာပြီ....(လာပါပြီဘုရား)။

အင်း....ကိုယ့်အတွက်တွင် မကဘူး၊ ဒီနေ့တော့ဖြင့် သားတွေ သမီးတွေအတွက်ပါလှဲ လုံလောက်တယ်....(မှန်ပါ့)အင်း....တဏှာ နဲ့ သွားလိုက်တယ်....(မှန်ပါ့)။

ဦးမာဒင် ဒီနှစ်ခု ပုတီးစိပ်ဘူးရဲ့လား .... (စိပ်ဘူးပါတယ် ဘုရား)တကာကြွယ်ကော....(စိပ်ဘူးပါတယ်) ဘာစိပ်တာတုံး.... ခင်ဗျားဥစ္စာ- ရောက်မှ ရောက်ပါ့မလားလို့ စိပ်တာလား .... ရောက်ပြီးသား သေချာတာ စိပ်တာလား .... (ရောက်ပြီးသား သေချာတာ စိပ်တာပါဘုရား) ရောက်ပြီးသား သေချာတာ စိပ်တဲ့ အဓိပ္ပါယ်ဘဲ....(မှန်ပါ့)။

တကာတကာမတွေ ဒါ အရိယာဓမ္မဘုန်းကြီးက သွင်းမပေးလို့ရှိယင် တကာသစ် ဒါဘုန်းကြီး စကားတတ်လို့ ပြောတာလား....ဖြစ်စဉ်ကိုက် ပြောတာလား အကဲခတ်.... (ဖြစ်စဉ်ကိုက် ပြောတာပါဘုရား)။

တကာကြွယ် ဒီသာကြည့်၊ပဋ္ဌိစ္စသမုပ္ပါဒ်သာ ကြည့်၊ ဦးမာဒင် ဒါသာကြည့်....(မှန်ပါ့)။

ဘုန်းကြီး ဒီစကားတတ်လို့ .... အမျိုးမျိုး အဖုံဖုံ အဟော အပြောလည်လို့ ဒီလို မယူပါနဲ့....(မှန်ပါ့)။

သူ့ပဋိစ္စသမုပ္ပါဒ်ကို လွတ်ပြီးသကာလ ဘုန်းကြီးက ဟောတာ မဟုတ်ပါဘူး .. ( မှန်ပါ့ဘုရား ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒီ ပဋိစ္စသမုပ္ပါဒ်က တကာတကာမတို့ ကိုယ့်ဘို.... (မှန်ပါ့) ကိုယ့်ဘို ဆိုကတည်းကိုက ဒီကိုယ်ဆိုတဲ့ ဥစ္စာကလေးဟာ ကိုယ်ထင်တာကလေးဟာ ဒိဋ္ဌိလား... (ဒိဋ္ဌိပါ) သေချာပလား....(သေချာပါပြီဘုရား)။

ကိုယ့်ဘိုဆိုကတည်းက ခန္ဓာကိုယ်ကို ခန္ဓာငါးပါး အနိစ္စတရားလို့ ယူသေးရဲ့လား....(မယူပါဘုရား)။

တကယ်ကိုယ်လို့ မယူလိုက်ဘူးလား ...(ယူလိုက်ပါတယ်) ယူလိုက်ကတည်းက သူ့ကို ဘာဆိုကြမယ်.... ( ဒိဋ္ဌိလာပါတယ်ဘုရား )။

အဲ....ဒိဋ္ဌိလာတဲ့အခါကျတော့ ဦးမာဒင် ဒိဋ္ဌုပါဒါန် ရပ်ပါ့မလား....(မရပ်ပါဘုရား) ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံကော....(မရပ်ပါဘုရား)။

ခင်ဗျားတို့ကလဲ ရပ်အောင် ဘာတခုမှ ဒီကြားထဲ မင်္ဂသွင်းတာမဟုတ်ဘူး....(မသွင်းပါဘုရား)သွင်းသေးရဲ့လား....(မသွင်းပါဘုရား)။

မသွင်းတော့သူကရပ်ပါ့မလား....(မရပ်ပါဘုရား)မရပ်တော့ဒိဋ္ဌိ-ဒိဋ္ဌုပါဒါန်-ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ... (မှန်ပါ့) ကမ္မဘဝပစ္စယာ.... (အပါယ်ဇာတိပါဘုရား)။

အပါယ်ဇာတိဆိုတာက ငြင်းလို့ကို မရဘူး--(မရပါဘုရား) ရှင်းကြပလား....(ရှင်းပါပြီဘုရား)။

ဩော် ကြောက်စရာကြီးပါလား....တကာ တကာမတို့ ....(မှန်ပါ့ဘုရား)။

ဒါကြောင့်... အားလုံး တကာတကာမတွေ ဆွမ်းကလေး, ကွမ်းကလေးလောက်နဲ့ မဖုံးလိုက်ပါနဲ့.... (မှန်ပါ့) ကျောင်းကလေး ကန်ကလေး ဆောက်ပြီးတာနဲ့ကော.... (မဖုံးလိုက်ပါနဲ့ ဘုရား) မဖုံးနဲ့တဲ့၊ ဒီအကြိမ်နဲ့ ကျောင်းဆောက်တဲ့ အကြိမ်နဲ့ ကဲ....ချိန်ကြပါတော့.... ( မှန်ပါ့ ) ဘယ်သူက အကြိမ်အရေ အတွက်များသတုံး....(ဒိဋ္ဌိက အကြိမ်အရေ အတွက်များပါတယ် ဘုရား)။

ဒါက နေ့တိုင်းမဟုတ်လား.... (မှန်ပါ့) ကျောင်းဆောက် နေရင်းကော ဒါက လုပ်လျက်ဘဲ....(လုပ်လျက်ပါဘုရား)ဘုရား တည်နေရင်းကော.... ( လုပ်လျက်ပါဘုရား ) လွန်လှချည့်လား တကာတကာမတို့....(မှန်ပါ့-လွန်ပါတယ်ဘုရား)။

ကျောင်း....ကျောင်းဆောက်တာက တခြား၊ စီးပွားရေး.... စီးပွားရေး တခြားဘုရာ့....(မှန်ပါ့) တပည့်တော် အလုပ်မပျက် ပါဘုရား၊ ကျောင်းလာကြည့်ငြားသော်လဲ အိမ်က ဝင်ငွေရှိလျက် ပါဘဲ....(မှန်ပါ့) ဒီလိုများ ညှော်ခံကြသေးသလား....(ခံပါတယ် ဘုရား) အင်း ဒါဟာ အိမ်မှာလဲ ဒိဋ္ဌိမပြတ်ပါဘူး.... (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီ)။

အိမ်မှာလဲ ဒိဋ္ဌိမပြတ်ပါဘူး....တဲ့၊ တဏှာလဲ့ မပြတ်ပါဘူးတဲ့ (မှန်ပါ့ဘုရား) အဲဒီတော့ ဒီလာလုပ်တဲ့ ဥစ္စာဟာလဲ သက်သက် ကုသိုလ်အညွန့်ပေါက်တာပါဘဲ....(မှန်ပါ့)။

အိမ်မှာ အမဲကွက်ကြီးတွေက ထုတက်နေတာ ဘယ်သူမှ မပြောဘူး.... (မပြောပါဘုရား) ဒါကလေး အညွန့်တက်တယ် သာ ပြောနေတော့ တကာတကာမတို့ သိပ်ဆိုးဝါးနေတယ်.... (ဆိုးဝါးပါတယ်ဘုရား) တကာသစ် ရိပ်မိပလား (ရိပ်မိပါပြီ) ရှင်းပြီနော်... (ရှင်းပါပြီဘုရား)။

ဒါဟာ အဲဒီကြားကိုက္ခာ....တဲ့၊ မင်းတို့ တတ်နိုင်လို့ ရှိယင် ဖြင့် အရိယာမဂ် သွင်းပေးလိုက်ပါ....(မှန်ပါ)။

ကဲ.... တကာ တကာမတို့ ဒီကြားမှာ ဘာသွင်းပေးရမလဲ.... ( အရိယာမဂ် သွင်းပေးရပါမယ်ဘုရား ) သွင်းမပေးလို့ ရှိယင် မင်းတို့ တကာတကာမတွေ အကုန် အပါယ်သွားမယ်–(မှန်ပါ) ရှင်းပလား... (ရှင်းပါပြီဘုရား)။

အရိယာမဂ်ကမှလဲ တကာတကာမတို့ ဒီ-ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်နိုင်မှာ.... ( မှန်ပါဘုရား ) အရိယာမဂ် မဟုတ်လို့ ရှိယင်.... (မဖြတ်နိုင်ပါဘုရား)။

ကဲ....ဒါဖြင့် ဦးသန်းမောင်တို့ အရေးကြီးတယ်.... (အရေး ကြီးပါတယ်ဘုရား) ဦးဘထွေး ဘယ့်နှယ်တုံး....(အရေးကြီးပါ တယ်ဘုရား) ကယ်မည့်သူ ဘယ်သူတဲ့ဗျာ.... ( အရိယာမဂ်ပါ ဘုရား) တကာကြွယ်-ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

အားလုံး တကာတကာမတွေ နားကြီးကြီးနဲ့ ထောင်စမ်းပါ၊ ဘာမှ ဖြတ်နိုင်သတဲ့တုံး....(အရိယာမဂ်မှ ဖြတ်နိုင်ပါတယ်ဘုရား) အရိယာမဂ်ဘဲ မင်းတို့ အားကိုးရာ ရှိတော့တယ်.... (မှန်ပါ) ရှင်းပလား....(ရှင်းပါပြီဘုရား)။

အရိယာမဂ္ဂမှာဘဲ တကာတဘာမတို့ အားကိုးရာ ရှိတော့တယ် ဆိုတော့ အရိယာမဂ္ဂဆိုတာ ဒီဌာလဲ ဖြတ်တယ်....(မှန်ပါ) တဏှာလဲ ဖြတ်တယ်....(မှန်ပါ) ကံကော.... ( ဖြတ်ပါတယ်ဘုရား )။

ကိုင်း.... ဦးမာဒင် ရိပ်မိပလား.... (ရိပ်မိပါပြီ) တော်သေးတယ်ဘုရား....(မှန်ပါ) တော်သေးတယ်ဘုရာ့.... တပည့်တော်တို့ ဒီအကြိမ်ပေါင်းဖြင့် မရေတွက်နိုင်ဘူး .... (မှန်လှပါ) လူလားမြောက်တဲ့ အချိန်ကစပြီး ဒီ ပဋိစ္စသမုပ္ပါဒ်ချည်း လုပ်တာဘဲ.... (မှန်ပါဘုရား)။

တကာသစ် လူလားမြောက်တဲ့ အချိန်ကစပြီး.... ( ဒီ-ပဋိစ္စသမုပ္ပါဒ်ချည်း လုပ်ပါတယ်ဘုရား ) တဏှာ ပဋိစ္စသမုပ္ပါဒ်.... (လုပ်ပါတယ်ဘုရား) ဒိဋ္ဌိပဋိစ္စသမုပ္ပါဒ် (လုပ်ပါတယ်ဘုရား)။

ဒါ.... လူလားမြောက်တဲ့ အချိန်ကစပြီး တကာတကာမတို့ အပါယ်ချည်း ဒိုင်းဒိုင်းပြေးတာဘဲ.... ( မှန်ပါ- ပြေးပါတယ်ဘုရား)။

ဘယ် ဒိုင်းဒိုင်းပြေးကြသလဲ....(အပါယ်ဒိုင်းဒိုင်းပြေးပါတယ်ဘုရား)။

ဒါကြောင့်.... ဘုန်းကြီးတို့ တကာတကာမတွေ အရင်းအနှီးတွေမို့ ဩော်.... ဒီလာပြီး တရားဓမ္မကြိုးစားကြ၊ နည်းယူကြဆိုတာ ဘုန်းကြီးက ဝမ်းသာပါတယ်.... (မှန်ပါ) ဘယ့်နှယ်ကြောင့် ဝမ်းသာသတုံးဆိုယင် သူတို့အချိန်မှီသေးတယ်-(မှန်ပါဘုရား) အပါယ်လေးပါး တံခါးပိတ်ဘို့ အချိန်မှီသေးတယ်.... (မှန်လှပါ) မဂ်ဉာဏ်ရဘို့ အချိန်ရှိသေးတယ်... ( မှန်လှပါ ) မိဘ ရိုးရာနဲ့ သွားယင် သွားရော့ဟေ့.... (မှန်လှပါ) ဆိုတော့ တကာကြွယ် ဒါ-ဝမ်းမြောက်စရာဘဲ....(မှန်လှပါ)။

ကဲ....ဦးမာဒင်တို့ ဘာတုံးဗျာ....(ဝမ်းမြောက်စရာပါဘုရား) အရိယာမဂ္ဂကြိုးစား....(မှန်ပါ့ဘုရား) ကြိုးစားချိန် မှီသေးတယ် မဟုတ်လား....(မှန်ပါ့) ကဲ....ဦးဘထွေးတို့ကော.... (မှီပါသေးတယ်ဘုရား) မှီသေးတယ်၊ တော်သေးတယ်နော်....၊ ခင်ဗျားတို့မှာ ဆေးချက်ရှိသေးတယ်....(မှန်ပါ့)။

ကိုင်း....ခင်ဗျားတို့ ရှေးက ပုဂ္ဂိုလ်တွေ ရှေးက ဒီလို အရိယာမဂ္ဂ ဝါသနာမပါတဲ့ ပုဂ္ဂိုလ်တွေ ဟောမည့်-ပြောမည့် ပုဂ္ဂိုလ်တွေနဲ့ မကြုံတဲ့ပုဂ္ဂိုလ်တွေကျတော့ တကာကြွယ်တို့ ဦးမာဒင်တို့က ဆုံးဖြတ်ချက်ချကြည့်....၊ အရိယာမဂ္ဂနဲ့ ဖြတ်လိုက်ရရဲ့လားမေးယင် ဘယ့်နှယ်ပြောကြမလဲ.... ( မဖြတ်လိုက်ရပါဘုရား ) ဒါနဲ့ဘဲသွားတယ်....(မှန်လှပါ) မသွားရပေဘူးလား . (သွားရပါတယ်ဘုရား)ကြောက်စရာကြီးပါလား.... (ကြောက်စရာကြီးပါဘုရား) ဦးးလှဘူး ပေါ်ပြီဗျ....(ပေါ်ပါပြီဘုရား)။

ကိုင်း.... တကာတကာမတို့ ဘုရားတဆူတဆူမှ အရိယာမဂ္ဂတခါပေါ်လာတယ်ဆိုတာကော သေချာပလား....(သေချာပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာတကာမတို့ အရိယာမဂ္ဂနဲ့ ဖြတ်ပြမယ်နော်.... (မှန်ပါ့) ဖြတ်မပြခင် သူဟောတဲ့ အရိယာမဂ္ဂ မရှိလို့ မင်းတို့ အရိယာမဂ္ဂ အားမကိုးလို့ဖြစ်တဲ့ အရုပ်ဆိုးမှုကလေး ဘုရားက ရှေးဦးစွာ ဟောပါဦး....တဲ့.... (မှန်ပါ့) သဘောကျပလား .. (ကျပါပြီ)။

ကဲ....ဒါဖြင့် တကာတကာမတို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးနေတယ်....(မှန်လှပါ)။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတဲ့အခါကျလို့ ရှိယင် ရဟန်းတွေ အကုန်စုလာတယ်....၊ လူတွေလဲ လာကြတယ်....၊ ဘယ်သူတောင်းပန်လို့မှ မဟောဘူး၊ ငါဘုရားဖြစ်တဲ့အခါမှာ တကြိမ်ပြောရမည့်ဝတ္တရား၊ မင်းတို့ကို ပြောပြမယ်ဆိုပြီး အားလုံးသောပုဂ္ဂိုလ်တို့ကို တရားဟောလိုက်တယ်....(မှန်ပါ)။

ငါကကွာ....တဲ့၊ ဘုရားဖြစ်တဲ့ နေ့ကစပြီးသကာလ-တဲ့ အိမ်နှစ်အိမ်ကြားမှာ အိမ်နှစ်အိမ်ကလဲ မျက်နှာချင်းဆိုင်ပြီး တံခါးပေါက်ကလေးတွေနဲ့ဟိုအိမ်ကလဲ တံခါးနဲ့၊ ဒီအိမ်ကလဲ တံခါးနဲ့၊ ငါ-အလယ်ကနေထိုင်ကြည့်နေတယ်....(မှန်ပါ့)ဟိုအိမ်ကလူဆင်းသွားတာလဲမြင်တာဘဲကွ၊ ဒီအိမ်က လူတက်သွားတာလဲ....(မြင်ပါတယ်ဘုရား)ဘာ့ကြောင့်တုံးဆိုတော့ ငါက ဆင်းတာ၊တက်တာမြင်တဲ့နေရာက နေတာကိုးကွ တဲ့....(မှန်လှပါ)။

ထို့အတူဘဲ....တဲ့၊ ငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဘုရားဖြစ်တဲ့နေ့ကစပြီး ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ ငါကြည့်လိုက်တယ်....(မှန်ပါ့ဘုရား) နတ်ပြည်တက်သွားတဲ့ ပုဂ္ဂိုလ်လဲ ငါမြင်တာဘဲ-ကွ....(မှန်ပါ့) အပါယ်ဆင်းသွားတဲ့ပုဂ္ဂိုလ်ကော....(မြင်ပါတယ်ဘုရား)။

မြင်တာဘဲ....တဲ့၊ ဒါ-သူများပြောနဲ့ ငါမဟောဘူး....၊ ငါ့အမြင်နဲ့ ငါဟောမဟော့....တဲ့....(မှန်လှပါဘုရား)။

တကာတကာမတို့ ဘာတဲ့တုံး....(ငါ့အမြင်နဲ့ ငါဟောမယ်တဲ့ ဘုရား)။

အခုဟောမည့်တရား တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့နေ့ကစပြီးအိမ်နှစ်အိမ်ကြားမှာ ထိုင်နေတဲ့ပုဂ္ဂိုလ်နဲ့ ငါတူပါတယ်.... (မှန်ပါ့ဘုရား) တအိမ်က လူက သူ့အိမ် သူတက်သွားတာလဲ ငါမြင်လိုက်တာဘဲ....တဲ့.... (မှန်လှပါ) တအိမ်က လူက အောက်ဆင်းသွားတာလဲ ငါမြင်လိုက်တာဘဲ....(မှန်ပါ့)။

ထို့အတူဘဲ....တဲ့၊ ငါသည် ကြည့်နေတယ်....တဲ့ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့....၂လူ့ပြည်ကနေ အပါယ်ဆင်းသွားတာလဲ ငါမြင်လိုက်တယ်.... (မှန်လှပါဘုရား) လူ့ပြည်ကနေ နတ်ရွာသုဂတိနိဗ္ဗာန်တက်သွားတာလဲ....(မြင်လိုက်ပါတယ်ဘုရား)။

ငါသည် အဲဒီလိုမြင်လို့ သူများပြောသံကြားနဲ့ ယခုဟောတဲ့ တရားကို ဟောသည် မဟုတ်ဘူး... (မှန်ပါ့) ကိုယ်တိုင် အိမ်နှစ်ခုကြားမှာ ထိုင်ပြီး ကြည့်ပြီး အမြင်နဲ့ ပြောတဲ့ တရားလို့ မှတ်ပြီး မင်းတို့ နာစမ်းပါတဲ့....(မှန်ပါ့)ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

တရားဆက်ပြီး နှလုံးသွင်းကြပါ တကာတကာမတို့၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆင်းတာလဲ မြင်, တက်တာလဲ မြင်တဲ့ တရား....ငါကိုယ်တိုင် မြင်တဲ့တရား....ငါကိုယ်တိုင် မင်းတို့ ဟောတယ်....(မှန်ပါ့)ဆိုပြီးသကာလ ဟောလိုက်ပါတယ်တဲ့၊ ဘယ်လိုဟောသတုံးဆိုတော့ ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အပါယ်သွားတဲ့ ပုဂ္ဂိုလ် မြင်တယ်ကွ....(မှန်ပါ့)။

နတ်ရွာသုဂတိ နိဗ္ဗာန်သွားတဲ့ ပုဂ္ဂိုလ်လဲ ငါကိုယ်တိုင် မြင်တယ်၊ ဒိဗ္ဗစက္ခုအဘိညာဏ်နဲ့ သေသေချာချာ မြင်ပါတယ် .... (မှန်ပါ့)။

လူ့ပြည်မှာကွာ....တဲ့၊ သားရေး, သမီးရေး, စီးပွားရေးနဲ့ စားသောက်ပြီးသကာလ ရောင်းရေးဝယ်ရေးနဲ့ အချိန်ကုန်ပြီး သကာလနေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဒုစရိုက်တွေနဲ့ အသက် မွေးပြီး မုသားတွေပြောလိုက်၊အမျိုးမျိုးအဖုံဖုံ ခန္ဓာဉာဏ်မလှည့် ဘဲနဲ့ လုပ်ကိုင်စားသောက်နေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်-(မှန်ပါ့) အဲဒီ့ပုဂ္ဂိုလ်တွေ အပါယ်သွားတာလဲ ငါမြင်တယ်ကွတဲ့(မှန်ပါ့) သုစရိုက်တွေလုပ်ပြီး သကာလ သူတော်ကောင်း အလုပ်-လုပ်ပြီး သွားကြတဲ့ပုဂ္ဂိုလ်တွေ ဝိပဿနာအလုပ် လုပ်ပြီးနိဗ္ဗာန်သွားကြတဲ့ ပုဂ္ဂိုလ်တွေလဲ ငါမြင်တယ်ကွ....တဲ့....(မှန်ပါ့)။

သို့သော်....အပါယ်သွားတဲ့ ပုဂ္ဂိုလ်က များတဲ့အတွက် များ တဲ့ ပုဂ္ဂိုလ်အကြောင်း ငါ ရှေးဦးစွာ ပြောမယ်ဆိုပြီး ဘုရား သခင် ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည် ဇေတဝန်ကျောင်း မှာဘဲ ပြောဘယ်...(မှန်ပါ့)။

ဒီ သုစရိုက်တွေနဲ့ သားရေး, သမီးရေး, စီးပွားရေးတွေနဲ့.... အချိန်ကုန်ပြီးသကာလ သွားတဲ့ ပုဂ္ဂိုလ်မှာတဲ့ အပါယ်လေးပါး ယမမင်းဆီ ရောက်တယ်ကွတဲ့....(မှန်ပါ့)။

ယမမင်းဆီ ရောက်တဲ့အခါကျတော့ ယမမင်းက ဒီ ပုဂ္ဂိုလ် တွေကို ငရဲထိန်းတွေက ဖမ်းပြီး ယမမင်းဆီ ပြကြတယ်....(မှန်လှ ပါဘုရား)။

တခါတည်း ဒီကနေ တကာတကာမတို့ လူ့ပြည်က စုတေ သည်နဲ့ တပြိုင်နက်ဘည်း အပါယ်မှာ ဘွားကနဲ အပါယ်ကောင် ကြီး သွားဖြစ်တယ်....(မှန်ပါ့)။

ဖြစ်သည်နဲ့ တပြိုင်နက်တည်း ငရဲထိန်းတွေက ဖြစ်ရာ ဌာနက

နေပြီး လက်မောင်းတွေ ဟိုဘက် ဒီဘက် ဆွဲကြပြီး ယမမင်းဆီ ပြကြတယ်ကွာတဲ့....(မှန်ပါ့)။

ယမမင်းကို ပြောလိုက်တယ်တဲ့၊ ယမမင်းကြီး ဟောဒီ လူဖြင့် ဖမ်းရပါပြီ၊လူ့ပြည်က ဒုစရိုက် ဒုရာဇီဝတွေ အသက်မွေးလာတဲ့ ပုဂ္ဂိုလ်ပါ၊ သားရေး သမီးရေးနဲ့ အချိန်ကုန်ခဲ့ရတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါ့ကြောင့် ဒီအပါယ် ရောက်လာတဲ့ အတွက် ယမမင်းကြီး စစ်တော်မူပါဆိုပြီး ယမမင်းကြီး အပ်လိုက်တယ်.... (မှန်ပါ့ဘုရား)။

အဲဒီတော့ ယမမင်းကြီးက ထုံးစံအတိုင်း စစ်တယ်၊အမောင် လူသား လူ့ပြည်မှာ ခလေးသူငယ် လူမမယ်ကလေးတွေ ကိုယ့် ကျင်ကြီး - ကိုယ့်ကျင်ငယ်မှ မသိမ်းနိုင်ဘဲနဲ့ ခြေထောက်ကလေး ကလန်ကလန်နဲ့ လက်ကလေးတွေကလဲ ဟိုလှုပ် ဒီလှုပ်နဲ့ ကျင်ကြီး ကျင်ငယ်စွန့်တာမှ သူ့ဟာသူ မသိတဲ့ ခလေးကလေးကို မင်း မြင်ဘူးရဲ့လားတဲ့......(မှန်ပါ့ဘုရား)။

ယမမင်းက ခုနင်က ဖမ်းလာတဲ့ သားရေး, သမီးရေး, စီးပွားရေးနဲ့ အချိန်ကုန်လာတဲ့ လူကို စစ်လိုက်တယ်.... (မှန်ပါ့ဘုရား) မတရားသဖြင့် အသက်မွေးလာတဲ့ လူပေါ့ဗျာ....(မှန်ပါ့)။

ကျွန်တော် မြင်ဘူးပါတယ်လို့ ခုနင်က ငရဲရောက်တဲ့ပုဂ္ဂိုလ်က ထွက်လိုက်တယ်....(မှန်ပါ့)။

ဩော်....ဒီဒုက္ခတွေ လွတ်ရေး ကျွတ်ရေးဆိုတဲ့ ဒုက္ခသစ္စာတွေ လွတ်ရေး ကျွတ်ရေး မြင်ပြီးသကာလ ဒီဒုက္ခမှ လွတ်ရာ ရှာမယ်လို့များ မောင့်စိတ်ထဲ မပေါ်ဘူးလားတဲ့....(မှန်ပါ့) မေးလိုက်တယ်....( မှန်ပါ့ )ကျွန်တော် မပေါ်ပါဘူးခင်ဗျားတဲ့....(မှန်ပါ့ဘုရား)။

ဩော်....ရှေးဦးစွာ မင့်မှာ သေမင်းတမန်ဆိုတဲ့ဥစ္စာ သေသေချာချာ ဒီ ခလေးသူငယ် လူငယ်က ကျွန်တော့်မှာ ဒုက္ခ ဝတပါဘာမှ အသုံးမကျပါဘူး၊ သူပေး လူပေးနဲ့ စားရပါတယ်၊ သူထူငါထူမှ ကြွနိုင်ပါတယ်၊ ကျွန်တော်ဟာ ဒုက္ခသစ္စာကလေးပါလို့ ခလေးက ပြောလျက်သားနဲ့ မင့်ဉာဏ်ထဲမှာ ဒီခလေး ချစ်သာနေတယ်၊ ဒုက္ခသစ္စာလို့ မမြင်၊ ဒုက္ခသစ္စာ၏ ကျွတ်ရာ လုပ်ငန်းငါ ရှာမှဘဲ ဆိုတဲ့ စိတ်ကလဲ မပေါ်တော့ အမောင် တယ်မေ့ပါကလား....(မှန်ပါ့) ကောက်ချက် ရေးလိုက်တယ်....(မှန်လှပါဘုရား)။

အမောင် တယ်မေ့ပါကလားတဲ့၊ ခလေးက ဒုက္ခသစ္စာဟောနေတဲ့ဥစ္စာ မင်းက ဒုက္ခသစ္စာလို့ မထင်လာ၊မထင်လာတဲ့အတွက် မင်းမေ့ချက် တယ်ပြင်းထန်ပါကလား....(မှန်ပါ့)။

တကာတကာမတွေ ယမမင်းက ကောက်ချက်ထုတ်ပြီး စာအုပ်ပေါ် ရေးလိုက်တယ်....(မှန်ပါ့)။

တယ်မေ့လျော့တဲ့ ပုဂ္ဂိုလ်ပါကလားဆိုပြီးသကာလ ဦးလှဘူးရေ....ကောက်ချက်ရေးလိုက်တယ်....(မှန်ပါ့)။

ခလေးပြပြီး စစ်တယ်နော်....(မှန်ပါ့)တကာတကာမတို့ ပြန်စစ်ရဦးမယ်၊ ခင်ဗျားတို့အတွက်....(မှန်ပါ့)။

ခလေးကလေးတွေ မြင်ဘူးကြရဲ့လား .... (မြင်ဘူးပါတယ်ဘုရား) ခြေကလန် လက်ကလန်နဲ့လေ...(မှန်ပါ့)ကျင်ကြီး-ကျင်ငယ် အလိမ်းလိမ်းနဲ့ကော.... (မြင်ဘူးပါတယ်ဘုရား)။

ဒီခလေးကလေးတွေဟာ တကာတကာမတို့ သူပေး လူပေးနဲ့ ကြီးလာခဲ့ရတယ်....(ကြီးလာခဲ့ရပါတယ်ဘုရား)။

ထမင်းကလေးတွေလဲ သူပေးမှ လူပေးမှ၊ ကိုယ့်ဟာ ကိုယ်ယူစားနိုင်တဲ့ စွမ်းရည်သတ္တိလဲ မရှိပါဘူး....(မရှိပါဘုရား)နို့ ကလေးဘာကလေး ဆာလဲ ငိုတတ်တာမှ တပါး ဒီ့ပြင် ဘာရှိသေးသတုံး....(မရှိပါဘုရား)။

သူများပေးလာယင် သောက်ဘို့ဘဲ....(မှန်ပါ့)ကျင်ကြီး ကျင်ငယ်တွေလဲ ကိုယ့်ဟာနဲ့ ကိုယ် လူးလိမ်းနေတာဘဲ... (မှန်ပါ့)။

ကိုယ့်ဟာကိုယ် ရေတွေ့ ဘာတွေရှိရာ သွားပြီး ဆေးနိုင်ရဲ့လား....(မဆေးနိုင်ပါဘုရား) သူများ ပြုမှ စုမှဘဲ သူ့မှာ ပြီးရတယ်....(မှန်ပါ့ဘုရား)ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

အဲဒါကလေးမြင်တော့ ဒီ တကာတကာမတွေကလဲ ဩော်.... ဒုက္ခသစ္စာကလေးပါကလားလို့ ဘုန်းကြီးတို့ တကာတကာမတွေ မြင်တဲ့ ခလေးကို မြင်သဖြင့် ဒီ ဒုက္ခသစ္စာမှ လွတ်ရာရှာပါတော့မယ်ဆိုတဲ့ စိတ်ကော ပေါ်ရဲ့လား....(မပေါ်ပါဘုရား)။

ဒါဖြင့် ကောက်ချက်ရေးရုံဘဲ ရှိမယ်... (မှန်ပါ့)ရိပ်မိပလား-(ရိပ်မိပါပြီဘုရား)။

ကဲ... အမောင် တယ်မေ့ပါကလားလို့.... တပွဲလုံး ရေးပြီ....(မှန်ပါ့ဘုရား)။

တကာတကာမတို့ အမောင်တို့ အမတို့သည် ဘယ့်နှယ်တုံး-(မေ့ပါတယ်ဘုရား)။

တယ်မေ့ပါလားဆိုတာ ဘာမေ့တာတုံး တကာသစ် .... သစ္စာမေ့တာ....(မှန်ပါ့ သစ္စာမေ့တာပါဘုရား) ကြောက်စရာကောင်းလိုက်တာ....(မှန်ပါ့)။

တကာတကာမတို့ သစ္စာဟောနေတာ ဘာမေ့ပါလိမ့် .... (သစ္စာမေ့ပါတယ်ဘုရား)။

တကာကြွယ်ကော မေ့ဘူးရဲ့လား....(မေ့ပါတယ် ဘုရား)

ဒီ ခလေးကလေးမြင် ခင်ဗျားတို့က ပွေ့ကာ ချီကာနဲ့ ဒုက္ခသစ္စာ မထင်တဲ့အပြင် အညှန့်ကလေး ပေါက်လာတယ်တောင် ထင်သေးတယ်....(မှန်ပါ) ဖြစ်မှ ဖြစ်ရပလေ....၊ ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်နှယ်များ ထင်ကြသတုံး.... (အညှန့်ပေါက်တယ် ထင်ပါတယ်ဘုရား)။

အင်း....ဒါကလေး သွားပြီးသကာလ၊ ဒို့အမျိုးထဲ ဒါ... အညှန့်ကလေး ပေါက်လာတာဘဲ၊ ကောင်းကောင်းမွေးကြပါဟ၊ ရှာမှ ရှားကလေး ဖြစ်လာတယ်....(မှန်ပါ)။

ဖြစ်မှ ဖြစ်ရပလေ..၊ ခင်ဗျားတို့က ဒုက္ခသစ္စာဟောတာ အညှန့်ပေါက်လာတယ်လို့ ယူနေတော့....(မှန်ပါ) သဘောပါကြပလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် အမောင် မေ့လျော့တယ်တဲ့....၊အဲဒီတော့ အမောင် မေ့တဲ့ အပြစ်ဆိုတော့ မေ့တာက အဝိဇ္ဇာ....(မှန်ပါ) အဝိဇ္ဇာ ပစ္စယာ....(သင်္ခါရာပါဘုရား)။

သင်္ခါရပစ္စယာ-(ဝိညာဏံပါဘုရား)ဝိညာဏံဆိုတဲ့ အပါယ် ဝိညာဏ်ကို အမောင်ရမယ်....(မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

မေ့တာက ဘာတဲ့ ( အဝိဇ္ဇာပါဘုရား )အဝိဇ္ဇာကြောင့် ဘာဖြစ်သတုံး... ( သင်္ခါရဖြစ်ပါတယ်ဘုရား ) သင်္ခါရပစ္စယာ.... (ဝိညာဏံပါဘုရား) ဘယ်ဝိညာဏ်တုံး....(အပါယ်ပဋိသန္ဓေပါဘုရား)။

ကဲ....အမောင်မေ့မှုကြောင့် အဝိဇ္ဇာကြောင့် အမောင်ပြုချင်သလို ပြုပြီး နေခဲ့တယ်၊ ရောင်းချင်သလိုရောင်း ဝယ်ချင်သလို ဝယ်ပြီး နေခဲ့တယ်....(မှန်ပါ့)။

နေခဲ့တဲ့အတွက် အမောင်၏ အပါယ်ကိစ္စ အပါယ်ခံရမည့် ကိစ္စကို အမောင့်အမေ ပြုသည်မဟုတ်ဘူး....(မှန်ပါ့) အမောင့်အဖေ ပြုသည်မဟုတ်ဘူး... (မှန်ပါ့)ရဟန်း ပုဏ္ဏားတွေက လာပြုသည် မဟုတ်ဘူး၊ အမောင့်ကိစ္စကို အမောင်သာလျှင် ဆိုင်တယ်....(မှန်ပါ့)ကောက်ချက် ရေးတာ...(မှန်ပါ့)။

တကာတကာမတွေ ကြောက်စရာကောင်းတယ်.... (ကောင်းပါတယ်ဘုရား)။

မေ့တာက ဘာပါလိမ့်...( အဝိဇ္ဇာပါဘုရား )မေ့တော့ ရောင်းချင်သလိုရောင်း ဝယ်ချင်သလို ဝယ်တာက ဘာပါလိမ့်.... (သင်္ခါရပါဘုရား)။

အဲ....သင်္ခါရနဲ့ စုတေမနေ သေလွန်သွားတော့ အပါယ် ဝိညာဏ် မရပေဘူးလား....(ရပါတယ်ဘုရား)။

ကဲ....ဦးမောင် ပဋိစ္စသမုပ္ပါဒ်နဲ့ကျတော့ ငြင်းလို့ ရသေးရဲ့လား....(မရပါဘုရား) မေ့ပြစ် ဘယ်လောက် သင့်တယ်ဆိုတာ ပေါ်ကြပလား... (ပေါ်ပါပြီ ဘုရား)။

မေ့ပစ် အပါယ်လေးပါးသို့ ရောက်ပါတယ် .... (ရောက်ပါတယ်) ခင်ဗျားတို့က မေ့သွားတယ်နော်- သည်းခံပါ .... (မှန်ပါ့) မရဘူး၊ အပါယ်ကမရဘူး .... (မှန်ပါ့) ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

ကျုပ်က မေ့သွားလို့ပါ။ ပေးမယ်ဆိုတာ ကတိတော့ ရှိပါတယ်။ အိမ်ရောက်တော့ ကိစ္စတွေကများတော့ မေ့သွားလို့၊

ဒီတခါ သည်းခံလိုက်ပါဦး၊ အို....ကိစ္စမရှိဘူးတဲ့ ကိုယ့်လူချင်းကိုး ဒါက....(မှန်ပါ့ဘုရား)။

အပါယ်ကတော့ မေ့သွားတဲ့ဥစ္စာ အဝိဇ္ဇာသင်္ခါရဝိညာဏ်၊ မတတ်နိုင်ဘူးဟေ့....(မှန်ပါ့) နိယာမ....(မှန်ပါ့ဘုရား)။

တကာသစ် ဘာတဲ့..( နိယာမပါ ) အဝိဇ္ဇာတည်းဟူသော အကြောင်းက သင်္ခါရကို သေသေချာချာလုပ်ရမယ် .... (လုပ်ရပါမယ်) သင်္ခါရက ဘာလုပ်ရမယ်.... (ဝိညာဏ်ကိုလုပ်ရပါမယ်) အပါယ်ဝိညာဏ်ကို သေသေချာချာ လုပ်ရမယ်။ ဒီဥစ္စာ တကာ တကာမတို့ မေ့သွားလို့မရဘူး....(မရပါဘုရား)။

ဒါဖြင့် မေ့မှုကြောင် ပြုချင်သလိုပြုတယ်....(မှန်ပါ့) ပြုချင်သလိုပြုလို့ ရောက်ချင်သလိုရောက်- ရချင်သလိုရ ရတယ် ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် အရိယာဝမ္မ သိပ်အရေးကြီးတယ်ဆိုတော့ မမေ့ တာက- အရိယာဝမ္မ....(မှန်ပါ့)မေ့တာက မိစ္ဆာဝမ္မ....(မှန်ပါ့) ပေါ်ကြပလား.... (ပေါ်ပါပြီဘုရား)။

ကိုင်း .... ဒါနဲ့ ပဌမစစ်ချက်မှာဖြင့် အမောင်မေ့ပြစ်ဟာ အမောင်သာလျှင် ဆိုင်တယ်ဆိုပြီး ကောက်နုတ်ချက် ရေးလိုက်ပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတွေကော မေ့ဘူးကြရဲ့လား.... (မေ့ဘူးပါတယ်) ဘယ်သူဆိုင်ပါလိမ့်.... (မေ့တဲ့လူဆိုင်ပါတယ်) ရိပ်မိပြီ....(မှန်ပါ့ဘုရား)။

ဒီ အပါယ်လေးပါး ဘယ်သူဆိုင်သတုံး တကာတကာမတို့-(မေ့တဲ့လူပါ) မေ့တဲ့လူဆိုင်တယ်....(မှန်ပါ့) ဒီအထဲ မမေ့တဲ့

လူကလဲ အတော်ရှားတယ်....(မှန်ပါ) မရှားဘူးလား.... (ရှားပါတယ်ဘုရား)။

ရှားတယ်တဲ့။ ဒါဖြင့် တကာတကာမတို့ အရိယာဓမ္မမေ့နေကြပြီ....(မှန်ပါ့ဘုရား)။

ဒါနဲ့ ဖြုန်းကနဲ အပါယ်ထဲကို ကဲ....ကွာ - ကျစေဆိုတဲ့အမိန့်မချသေးဘူ....(မှန်ပါ့)ဒုတိယမေးတယ်။ အမောင် နံရိုးကျဲကျဲနဲ့ တောင်ဝှေး အဖေါ်လုပ်နေတဲ့ ခါးကိုင်း, နားထိုင်းနေတဲ့ပုဂ္ဂိုလ်များ အမောင် လူ့ပြည်မမြင်ဘူးလားတဲ့....(မှန်ပါ့)မြင်ပါတယ်ခင်ဗျာ....။

ဩော်....ဇရာဒုက္ခဆိုတာကော မင်းမသိဘူးလားတဲ့- (မှန်ပါ့) အိုတာတော့သိတယ်၊ ဒုက္ခသစ္စာတော့ မသိဘူးတဲ့ .... (မှန်ပါ့ဘုရား)။

ဩော်....ဒီလိုဘဲ အိုသွားလို့ရှိယင်ဖြင့် မအိုရာရှာမယ်ဆိုတဲ့ မဂ္ဂင်စိတ်ကလေးများကော မပေါ်ဘူးလားတဲ့....(မှန်ပါ့)မပေါ်ပါဘူးတဲ့။

ဩော်.... အမောင် တယ်မေ့ပါလား၊ လာပြန်ပြီ တကာတကာမတို့....(မှန်ပါ့ဘုရား)။

အအိုတွေတွေ့ယင်- ဒီတကာတကာမတွေလဲ အိုတဲ့ ပုဂ္ဂိုလ်တွေ့တွေ့လို့ရှိယင် မအိုခင်လုပ်မှဘဲဆိုတဲ့ စိတ်ကော လာကြရဲ့လား....(မလာပါ)တယ်မေ့ပါလား....(မှန်ပါ့) ဒါဘဲရှိတော့တာဘဲ .... ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

မေ့တာကဘာပါလိမ့်-(အဝိဇ္ဇာပါ)အဝိဇ္ဇာပစ္စယာ(သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ.... ( ဝိညာဏ်ပါ )အပါယ်ဝိညာဏ်....(မှန်ပါ့ဘုရား)။

ကဲ... ခင်ဗျားတို့မေ့တာ နည်းနည်းသက်သာသလား တကာ တကာမတို့....(မသက်သာပါ) ကြောက်စရာသိပ်ကောင်းတယ်.... (မှန်ပါ့ဘုရား)။

ဦးမာဒင်- ဒါလျှော့ဟောလို့ရှိယင် ဘုန်းကြီးအပါယ်ရောက် မနေဘ်... (မှန်ပါ့) ဦးဘထွေးတို့၊ ဦးသန်းမောင်တို့ လျှော့ဟော ယင် ဘုန်းကြီးအပါယ်ရောက်မယ်....(မှန်ပါ့) ဓမ္မကို အဓမ္မလုပ် ဟောရာရောက်တယ်... (မှန်ပါ့ဘုရား)။

ဒါကြောင့် ဒီအထဲမှာ ဘုန်းကြီးမရင်းတဲ့ တကာတကာမ တွေ တယောက်မှမပါဘူး....( မှန်ပါ့ ) လျှော့မဟောနိုင်ဘူး.... အကုန်အပါယ်ကျလိမ့်မယ်.. (မှန်ပါ့ဘုရား)။

ဒီပဋိစ္စသမုပ္ပါဒ်က ဘုရားတားလို့မရပါဘူး .... ( မရပါ ) ကိုယ်လုပ်တဲ့ ပဋိစ္စသမုပ္ပါဒ်က ကိုယ့်ဟာကိုယ်ခံရတယ်-(မှန်ပါ့) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါ) သင်္ခါရပစ္စယာ .... (ဝိညာဏံပါ ဘုရား) ဘယ်ဝိညာဏ်ပါလိမ့်....( အပါယ်ဝိညာဏ်ပါ ) အဲဒါ မေ့ပြစ်ဗျ....(မှန်ပါ့) အဝိဇ္ဇာဆိုတာ မေ့တာ....(မှန်ပါ့) ရှင်းပ လား....( ရှင်းပါပြီ )ဒါ ဘယ်သူတတ်နိုင်သတုံး .... (ဘယ်သူမှ မတတ်နိုင်ပါဘုရား)။

အဲဒါကြောင့်အမောင် မေ့ပြစ်ဟာ အမောင်သာလျှင် ဆိုင် တယ် ( မှန်ပါ့ ) ဒုတိယကောက်နုတ်ချက် ရေးလိုက်တယ်.... (မှန်ပါ့) သဘောကျကြပလား....( ကျပါတယ် ) ကြောက်စရာ ဘယ်လောက်ကောင်းသတုံး....(ကောင်းပါတယ်ဘုရား)။

ခင်ဗျားတို့ အဲဒီကျယင် အစစ်ခံရဦးမနေဘ်........ (မှန်လှပါ့) တကာတကာမတို့ အစစ်ခံရပါ့မလား....(မခံရပါဘုရား)။

ဟိုက မျက်လုံးဖွင့်ကြည့်ယင်ကို ဒီကသေတယ်။ ဒါလောက်ကြောက်စရာကောင်းတဲ့လူ၊ စစ်နေတဲ့ယမမင်းကြီးက.... (မှန်ပါ့) လိမ်ရမှာ ဖွက်ရမှာတော့ ဝေးပါသေးရဲ့....(မှန်ပါ့) အမှန်ချည့်ပြောရတယ်....(မှန်ပါ့)သဘောကျကြပလား (ကျပါပြီဘုရား)။

ကဲ....ဒါနဲ့ဘဲ အမောင်ရယ်တဲ့ ဒီဥစ္စာအမောင်ပြုတဲ့ အမောင့်မေ့ပြစ်ဟာ အရိယာဓမ္မတွေ အမောင်မေ့နေတဲ့ မေ့ပြစ်ဟာဖြင့် မင့်အမေလဲ မဆိုင်ဘူး၊ မင့်အဖေလဲမဆိုင်ဘူး၊ မင်းသားမယားလဲ မဆိုင်ဘူး၊ မင်းလုပ်ကျွေးနေတဲ့ သားသမီးများလဲ မဆိုင်ဘူး၊ ရဟန်းသံဃာတွေလဲ မဆိုင်ဘူး။ ဆွေမျိုးဉာတကာတွေလဲ မဆိုင်ဘူး၊ အမောင်မေ့ပြစ်ဟာ အမောင်သာလျှင် ပိုင်တယ်ဆိုပြီး ဒါကိုထုတ်ပြတယ်....(မှန်ပါ့) ဝိညာဏ်ထုတ်ပြတယ် ( မှန်ပါ့ ) ဝိညာဏ်ဆိုတာ အပါယ်ဝိညာဏ် မင်းအပါယ်ကျမယ် ပြောချလိုက်တယ်....(မှန်ပါ့ဘုရား)။

ဘယ်နှစ်ချက်ရှိသွားပြီလဲ .... ( နှစ်ချက်ရှိသွားပါပြီ ) ဒါနဲ့မကျေနပ်သေးပါဘူး၊ ဗြုန်းကနဲ အပါယ်ကျစေဆိုတဲ့ ဒီဂရိမချသေးပါဘူး....(မှန်ပါ့ဘုရား)။

အမောင်တဲ့လူ့ပြည်မှာနေတဲ့အခါကျတော့ရာဇဝတ်ဘေးဒဏ်သင့်တဲ့ ပုဂ္ဂိုလ်တွေများ မင်းမြင်ဘူးရဲ့လားတဲ့....(မှန်ပါ့) လက်ထိပ်တွေခတ်ပြီးသကာလ ကြိမ်တွေနဲ့ရိုက် မျဉ်းလုံးတွေနဲ့ ခြေတောက်လှိမ့်ပြီးသကာလ စစ်ဘာတွေ ခြေထောက် မိုးပေါ် ကြိုးနဲ့ဆွဲပြီး ခေါင်းတန်းလန်းအောက်မှာ နေစေပြီး စစ်တာတွေကော အမောင်မြင်ဘူးရဲ့လား။မြင်ဘူးပါတယ် .. တဲ့။

ဪ....မကောင်းမှုလုပ်တဲ့ ပုဂ္ဂိုလ်များ ဒိဋ္ဌဓမ္မအကျိုးပေးပါလား။ အရိယာဓမ္မမရသေးသ၍ ဒီသံသရာ ဒီလိုလည်နေမှာ

ပါကလားလို့ မင်းသည် အရိယာဓမ္မများလုပ်မယ်လို့ မတွေးမိဘူးလားတဲ့....(မှန်ပါ့ဘုရား)။

ကြားတော့ ကြားဘူးတယ်၊ မတွေးမိဘူးတဲ့ .... ( မှန်ပါ့ ) အမောင် တယ်မေ့ပါကလား....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုများ စွဲချက်တင်လိုက်ပါလိမ့် .... (တယ်မေ့ပါလားလို့ တင်ပါတယ်ဘုရား)။

တယ်မေ့ပါလား....။ဟိုမှာ လက်တွေ့တရားဟောဆရာ ရှိပါလျက်သားနဲ့ မကောင်းမှုဟာ ဒိဋ္ဌဓမ္မအကျိုးပေးတယ်၊ သံသရာမှာ ဗီထက်ကြီးကျယ်တယ်ဆိုတဲ့ဥစ္စာ ပေးရလိမ့်မယ်ဆိုတာ မင်းသတိထားပြီး သကာလ အရိယာအလုပ်များ လုပ်ဖြစ်ပါရဲ့လားတဲ့....(မှန်ပါ့ဘုရား)ဒီအတိုင်းမေးတာဘဲ....(မှန်ပါ့)။

ကျွန်တော် မလုပ်ဖြစ်ပါဘူးတဲ့၊ အမှန်ဘဲ ဖြေရတယ်နော်....(မှန်ပါ့ဘုရား)။

ဒေဝဒူတသုတ်တဲ့ တကာတကာမတို့၊ ဒေဝ-က=နတ်၊ဒူတ-က တမန်ပေါ့ဗျာ...(မှန်ပါ့) တခါတည်း ကိုယ့်ရှေ့မှာ တမန်တွေ ရောက်ပြီးသကာလ သေမင်းတမန်တွေ ရောက်ပြီး သကာလ တကာတကာမတို့ စစ်ဆေးတဲ့တရား.... ( မှန်ပါ့ )သဘောပါပလား....(ပါ-ပါပြီဘုရား)။

အမောင် တယ်မေ့ပါကလား။ အဲဒီ အမောင်မေ့ပြစ်ဟာ ဖြင့် အမောင်တယောက်ဘဲဆိုင်တယ်။ အမေကလဲ မဆိုင်ဘူး၊ အဖေကလဲ မဆိုင်ဘူး၊ အမောင်လုပ်ကျွေးတဲ့ သားသမီးတွေလဲ မဆိုင်ဘူး....(မှန်ပါ့) အမောင် ရှေ့ပေါ်မြတင်ထားတဲ့ အမောင့် သားသမီး ခင်ပွန်းမတွေလဲ မဆိုင်ဘူး .... (မှန်ပါ့ဘုရား)ဘေးက

ရဟန်း ပုဏ္ဏားတွေလဲမဆိုင်ဘူး၊ အမောင်သာလျှင် မေ့ပြစ်သင့်တယ်ဆိုပြီး ဒါဘဲပြတယ်....(မှန်ပါ)။

အဝိဇ္ဇာပစ္စယာ.... ( သင်္ခါရာပါဘုရား ) သင်္ခါရပစ္စယာ.... (ဝိညာဏံပါဘုရား)ဝိညာဏံ-ဆိုတဲ့ အပါယ်ဝိညာဏ် အမောင်ဘဲ ရမယ်....(မှန်လှပါဘုရား)။

ကဲ....တကာတကာမတို့ ဘယ်နှစ်ချက်ရှိသွားပြီလဲ....(သုံးချက်ရှိသွားပါပြီဘုရား)။

အမောင်... တဲ့၊ ပြန်စစ်တယ်၊ လူ့ပြည်တုံးကက္ခာ....တဲ့ ဘေးက ဆေးခွက်တွေက ဝိုင်းလို့၊ သူ့အဝတ်မှ သူမဖုံးနိုင်တဲ့ လူနာများ မြင်ဘူးရဲ့လားကွတဲ့....(မှန်ပါ)။

သူ့ရေမှ သူမသောက်နိုင်၊ သူ့ကျင်ကြီးမှ သူမသုတ်သင်နိုင်၊ အဝတ်တွေမှ မဖုံးနိုင်....၊ နဂိုရ် ဖုံးလာတာတွေဟာ အရှက်အကြောက်တွေတောင်မှ မလုံခြုံအောင်ဖြစ်လာတဲ့ လူမမာများ အမောင် မြင်ဘူးရဲ့လား... တဲ့- မြင်ဘူးပါတယ်....တဲ့ ... (မှန်ပါဘုရား)။

ဒါလဲ မြင်ဘူးတယ်....(မှန်ပါ)သြော်....ဒါဖြင့်'ဗျာဓိဓမ္မောမှိ ဗျာဓိံ အနတီတောတိ' ဆိုတဲ့ အတိုင်း ဒါ-မလွန်နိုင်တဲ့ တရားဘဲ၊ အဲဒီတော့ လွန်ရာဆိုတဲ့ နိဗ္ဗာန်ရောက်ကြောင်း အရိယာဓမ္မဖြစ်တဲ့ မဂ္ဂင်အလုပ်ကို လုပ်မယ်လို့ များ အမောင်လုပ်မယ်....လို့ သူ့မြင်တော့ မပေါ်ဘူးလား . တဲ့-(မှန်ပါ) ကျွန်တော် မပေါ်ပါဘူး ခင်ဗျား....တဲ့....(မှန်ပါ)။

တကာတကာမတွေကော ပေါ်ကြရဲ့လား(မပေါ်ပါဘုရား) ရှိပါစေတော့ ခင်ဗျားတို့တော့ အပါယ်ပါဘဲ-(မှန်ပါ)အတော်ကြောက်စရာကောင်းတယ်....(ကောင်းပါတယ်ဘုရား)။

အတော် ကြောက်စရာကောင်းတယ်နော်၊ ဒါ- အခုပြောတဲ့ တရားသည် တကာတကာမတို့ လူတိုင်း တရားဟောဆရာဖြစ်မှ မဂ္ဂင်အလုပ်-လုပ်ဖြစ်မယ်.... (မှန်လှပါဘုရား) မဂ္ဂင်အလုပ်- လုပ် ဖြစ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ ကယ်မည့်ယူမည့်လူရှိပါတယ်.... (မှန်ပါ့ဘုရား)တွေ့လျက်သားနဲ့ မေ့ပြီးသကာလ မဂ္ဂင်ရှောင်လို့ ရှိယင်ဖြင့် အပါယ်ဆောင်ရတော့မှာဘဲ.... (မှန်ပါ့) သဘောကျ ပလား....(ကျပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ မေ့ပြစ်သည် တကာတကာမတို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ချပြပါတယ်...(မှန်ပါ့) မေ့တာက ဘာတုံး.... (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)သင်္ခါရ ပစ္စယာ....(ဝိညာဏံပါဘုရား) အဲ....အပါယ် ဝိညာဏ်ဆိုတော့ တကာသစ် ဒါက ဘယ်သူ ရှောင်လို့ရသတုံး.... (မရပါဘုရား)။

ဦးဘထွေး ဒါ- မေ့ပြစ်နော်.... ( မှန်ပါ့ ) ဦးသန်းမောင် ဒါ-ဘာတုံး....(မေ့ပြစ်ပါဘုရား) မေ့တာဘာတုံး.... (အဝိဇ္ဇာ ပါဘုရား) အဝိဇ္ဇာပစ္စယာ....(သင်္ခါရာပါဘုရား)။

ဒါက နို့....ဘယ်သူကမှ ကန့်ကွက်လို့ကော ရရဲ့လား.... (မရပါဘုရား)အဝိဇ္ဇာရှိယင် သင်္ခါရဖြစ်မယ်....(မှန်လှပါဘုရား) သင်္ခါရရှိယင်....(ဝိညာဏ်ဖြစ်ရပါမယ်ဘုရား) အပါယ် ဝိညာဏ် ဖြစ်ရမယ်... (မှန်ပါ့) မဖြစ်ပါနဲ့ဆိုလို့.... (မရပါဘုရား) ဘုရား တားလို့လဲ... (မရပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

ဘုရားတားလို့သာရမယ်ဆိုယင်ဖြင့် သိဒ္ဓတ္ထမင်းသား ဖြစ်စဉ် အခါတုန်းက ယသော်ဓရာ့အဖေ သုပ္ပဗုဒ္ဓရှိသားဘဲ... (မှန်ပါ့) ယောက္ခမဆိုတာ အမေမိဘ... (မှန်ပါ့)အဲဒါ အပါယ်သွားတာ တားနိုင်ရဲ့လား-(မတားနိုင်ပါဘုရား) ဒီအဝိဇ္ဇာပစ္စယာသင်္ခါရာ

လုပ်ချလိုက်တာ....(မှန်ပါ့) ရှင်းကြပလား....(ရှင်းပါပြီ)သဘော ပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားမတားနိုင်ဘူး.... (မှန်ပါ့) တရားသာ တားနိုင်တယ်....(မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်ကို ဘုရားက....(မတားနိုင်ပါဘုရား) သံဃာက ( မတားနိုင်ပါဘုရား ) တရားကတော့.... ( တားနိုင်ပါတယ် ဘုရား)။

ဒါဖြင့် အရိယာမဂ္ဂင်တရား ခင်ဗျားတို့မလုပ်မဖြစ်ဘူး-(မှန်လှ ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ကဲ....တကာကြွယ်ရေ လာပြန်ပြီတဲ့၊ ကဲကွာ....ဒီကောင်တွေ အပါယ်သာ ဆွဲချလိုက်ပါတော့လို့ နောက်က စောင့်နေတဲ့ ငရဲ ထိန်းတွေကို မပြောဘူး....(မှန်ပါ့) မင်းဟာကွာ... တဲ့၊ လူ့ပြည့် မှာ မသာမျှား ပို့ဘူးပါရဲ့လားတဲ့.... (မှန်ပါ့) ပို့ဘူးပါတယ် ခင်ဗျား... တဲ့။

ဖူးဖူးယောင်ပြီးသကာလ ဒီအကောင်တွေ အဆင်းတွေပျက် ပြီး သကာလနေတဲ့ အသုဘကြီးမျှားမင်း မြင်ဘူးရဲ့လားကွတဲ့.... (မှန်ပါ့) မြင်ဘူးပါတယ် ခင်ဗျားတဲ့။

နို့....မြင်ဘူးတဲ့အခါကျတော့ ဒီအသေလွတ်ရာ မင်းရှာမယ် လို့ အရိယာစိတ်ကလေးမျှား မပေါ်ဘူးလား....တဲ့.... (မှန်ပါ့) မပေါ်ပါဘူးတဲ့ သေမျိုးမို့သေတယ်ဘဲ အောက်မေ့တယ်... (မှန်ပါ့) သွားပါရော....(မှန်ပါ့) ခင်ဗျားတို့လဲ ဒီအတိုင်းပါဘဲ (ဒီအတိုင်းပါဘုရား)။

ခင်ဗျားတို့ မသာပို့တော့ ကြော်.... သေမျိုးဘဲ သေမှာပေါ့- (မှန်ပါ့) ဘာမှ အရိယာမဗ္ဘက် လှည့်သေးသလား.... (မလှည့်ပါဘုရား)။

သူတော့ဖြင့် သေပြီ- ငါမသေရာရှာမယ်လို့ ဥပုသ်ကြီးနဲ့ မလိမ်ကြနဲ့ ဒီလိုစိတ်လာကြရဲ့လား....(မလာပါဘုရား)။

မလာဘူး....(မှန်ပါ့) တယ်လဲ ပြောင်ပြောင်ပြောပါလား- (မှန်ပါ့) သိပ်ကြောက်စရာကောင်းနေပြီနော်.... (မှန်ပါ့ဘုရား) အင်မတန် ဆိုးဝါးတဲ့ တကာတကာမတွေ မေ့ချက် ပြင်းထန်လိုက်တာ....(မှန်ပါ့)။

ဦးမာဒင်ဘယ့်နှယ်တုံး... (မေ့ချက်ပြင်းထန်ပါတယ်ဘုရား) ကြော်....တကာတကာမတို့ အသုဘပို့တာလဲ အလောင်းပေါင်း မရေတွက်နိုင်ကြပါဘူး....(မရေတွက်နိုင်ပါဘုရား)။

ကြော်....သေမျိုးမို့သေသွားရှာတာဘဲ၊ မလွန်ဆန်နိုင်တော့ သေရမှာဘဲ၊ ကိုယ်တို့လဲသေရမှာဘဲ.... ဒါတော့ ခင်ဗျားတို့ မရဏာနုဿတိတော့ လာတယ်၊ ဟုတ်လား.... (မှန်ပါ့)။

မရဏာနုဿတိတော့ လာပြီးသကာလ ခုနင်က မဂ္ဂင်အလုပ်- ရှာမယ်ဆိုတဲ့ အလုပ်ကတော့....( မလာပါဘုရား )။

ကြော်....ခင်ဗျားတို့ဟာ အောက်တန်းတရားတော့ လာပြီး အထက်တန်းတရား မလာဘဲ ဖြစ်နေတယ်.... ( မလာပါဘုရား ) ကြောက်စရာကောင်းလိုက်တာ....(မှန်ပါ့)။

ဘာတရားလာသတုံး.... ( အောက်တန်းတရား လာပါတယ်ဘုရား) ကြော်....သူသေသလို ကျုပ်တော့ ရှေ့သွားနောက်လိုက်

ပါဘဲ....(မှန်ပါ) ဒါက ဘာပါလိမ့်.... (အောက်တန်းတရားပါဘုရား)အောက်တန်းတရား သမထ....(မှန်ပါ)မရဏာနုဿတိလို့ ခေါ်တယ်....(မှန်ပါ) ရိပ်မိကြပလား .. (ရိပ်မိပါပြီဘုရား)။

ဟ....သူတော့ဖြင့် သေပြီ၊ ဒို့မသေရာ ရှာမယ်လို့ လာရဲ့လား.... (မလာပါဘုရား) အဲဒီ့ အထက်တန်းတရားကျတော့ ခင်ဗျားတို့က ညာဏ်မလှည့်ဘူး....(မှန်ပါဘုရား)။

ကဲ... ဦးသန်းမောင်တို့ ကျုပ်တို့ သိပ်ထူလွန်းတယ်ဗျာ.... (ထူပါတယ်ဘုရား) ဦးဘထွေး မထူဘူးလား.... (ထူပါတယ်ဘုရား)။

ဦးမာဒင်.... ( ထူပါတယ်ဘုရား ) ပါးကြစမ်းပါဦးဗျာ.... ဒါလောက် ဆရာကောင်း၊သမားကောင်းနဲ့ နေတဲ့ဥစ္စာ တကာကြွယ် ပါးကြစမ်းပါဦး.... (မှန်လှပါဘုရား) ကိုင်း....သေတော့ သေကုန်ပြီကွာ၊ ဒို့တော့ မသေရာရှာမယ်ဟေ့....(မှန်ပါဘုရား) ဒီလို အလောင်းတွေချည်း ဖြစ်ရ, မြေကြီး ကြီးပွားရေးတွေချည်း လုပ်နေရတယ်....(မှန်ပါ) အလောင်းချရတဲ့ဥစ္စာ ဘာပါလိမ့်.... (မြေကြီး-ကြီးပွားရေးပါဘုရား)။

နောက်တခါ အလောင်းချရပြန်ကော.... (မြေကြီး၊ကြီးပွားရေးပါဘုရား) နောက်တခါ အလောင်းချရပြန်ကော... (မြေကြီး ကြီးပွားရေးပါဘုရား ) မြေကြီး, ကြီးပွားလို့ ခင်ဗျားတို့ ဘာအသုံးကျသလဲ....(မကျပါဘုရား)။

ဒါ့ကြောင့်.... ခင်ဗျားတို့ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် အကြိမ်ကြိမ်ဖြစ်ရပါလို၏ဆိုတာ မြေကြီး,ကြီးပွားရေးလုပ်တာ- (မှန်လှပါဘုရား)။

ရှင်းပလား....( ရှင်းပါပြီ )ဒုက္ခသိမ်းရာ ငြိမ်းရာသာ သွား ပါတော့မယ်ဆိုလို့ ရှိယင် ကောင်းတယ်နော်....(မှန်ပါ့) မြေကြီး ကြီးပွားရေး အားမပေးပါနဲ့....( မှန်ပါ့ )သဘောကျပလား.... (ကျပါပြီဘုရား)။

ဘာအားမပေးရမှာတုံး....(မြေကြီး ကြီးပွားရေး အားမပေး ရမှာပါဘုရား)။

တကာကြွယ် အခု တကာတကာမတွေမှာ မြေကြီး ကြီးပွား ရေး အားပေးနေတဲ့ တကာတကာမတွေ မနည်းလှဘူးနော်.... (မနည်းပါဘုရား)။

ကိုင်း....ဒါနဲ့ မင်း မြင်ဘူးရဲ့လား....နှစ်ရက်, သုံးရက် ဖူးဖူး ယောင်နေတာ၊ မြင်ဘူးပါတယ်တဲ့....။

မြင်ဘူးတော့ ဩော်....ဒီအသေမျိုးဟာ အသုဘပါလား....၊ ဒုက္ခသစ္စာပါလား....၊ ဒုက္ခလွတ်ရာ ရှာမှဘဲဆိုတဲ့ အရိယာစိတ် ကလေးများ မပေါ်ဘူးလားကွာတဲ့....( မှန်ပါ့ )မပေါ်ပါဘူး ခင်ဗျာ၊ အမှန်ဘဲ အစစ်ခံရတယ်. (မှန်ပါ့)။

ဩော်....မောင် မေ့ချက် တယ်ပြင်းပါလား...( မှန်ပါ့ ) ဦးမာဒင် ဘာပြောလိုက်သတုံး...( မေ့ချက် ပြင်းပါတယ် ) ဦးသန်းမောင်တို့ ယမမင်းက ဘယ့်နှယ် ပြောလိုက်သလဲ....(မေ့ ချက် ပြင်းပါတယ်ဘုရား)။

မေ့ချက် တယ်ပြင်းပါလားဆိုတော့ မေ့တာ ဘာပါလိမ့် .. (အဝိဇ္ဇာပါဘုရား) အဝိဇ္ဇာပစ္စယာ(သင်္ခါရာပါဘုရား) သင်္ခါရ ပစ္စယာ....(ဝိညာဏ်ပါဘုရား)အပါယ်ဝိညာဏ်.... (မှန်ပါ့)။

ကိုင်း....ခင်ဗျားတို့ မေ့တာ၊ ဩော် .... တပည့်တော်တို့က သွားရေး, သမီးရေး, စီးပွားရေးကြောင့် မဂ္ဂင်အလုပ် မလုပ်ဖြစ်ဘူး ဘုရား....(မှန်ပါ့)။

မလုပ်ဖြစ်ဘူးဆိုတော့ ဩော်.... ခင်ဗျားတို့ သာမညဆရာ သမားကတော့ ဩော်....ငယ်သေးသကိုး၊ ငယ်လဲ သွား-အပါယ်ကို ရှုပ်မနေနဲ့ .. (မှန်ပါ့ဘုရား) သဘောကျပလား.... (ကျပါပြီဘုရား)။

လုပ်မနေကြပါနဲ့၊ သာမညစကားကို ဦးမာဒင် နားယောင်မနေပါနဲ့....(မှန်ပါ့)အချိန်မှီပါသေးတယ် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ....(မှန်ပါ့)။

တကာတကာမတို့ ဆရာသမားက ဘယ်လို ဆုံးမသတုံး .... (အချိန်မှီပါသေးတယ်၊ မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ)။

အချိန်မှီသေးတယ်၊ အချိန်မှီသေးတယ်၊ အခု အဟုတ် လုပ်ယင် အဟုတ်ရသေးတယ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီဘုရား)။

ကောင်းပြီတဲ့၊ ဒီလို ပြောလိုက်တော့ အမောင် မေ့ချက်တယ်ပြင်းတယ်၊ မေ့တဲ့ အပြစ်ဟာ အမောင်၏ ခင်ပွန်းမ,နဲ့လဲ မဆိုင်ဘူး....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ) အမောင်၏ သားသမီးတွေနဲ့ကော....(မဆိုင်ပါဘုရား)။

အမောင့် ဆွေမျိုးဉာတကာနဲ့ကော-(မဆိုင်ပါဘုရား)ရဟန်းသံဃာတွေနဲ့ကော....(မဆိုင်ပါဘုရား)။

ဒါဖြင့် အမောင် ဘယ်သူနဲ့မှ မဆိုင်ဘူး၊ အမောင့်မေ့ချက်သည် အမောင်သာလျှင် ဆိုင်တယ်- (မှန်ပါ့) ကောက်နုတ်ချက်ချပြန်ပြီ....(မှန်ပါ့)။

ဒါ ဘုရားက သူကိုယ်တိုင် အိမ်ပေါက်နှစ်ခုမှာ တက်တဲ့ ပုဂ္ဂိုလ်လဲ ငါ မြင်ပါတယ်ကွတဲ့၊ ဆင်းတဲ့ ပုဂ္ဂိုလ်သဲ ဒီလို စစ်နေတာတွေ ငါကိုယ်တိုင် မြင်ပါတယ်ကွတဲ့....(မှန်ပါ့)။

ကိုင်း....တကာ တကာမတို့ မုသားပြောတာလား .... တော်အောင် ရေ်အောင်နဲ့ မှန်းပြောနေတာလား.... ဘုရားဖြစ်တဲ့နေ့က စပြီး မြင်တာ ပြောနေတာလား....(ဘုရားဖြစ်တဲ့ နေ့က စ၍ မြင်တာ ပြောနေတာပါ)ယုံကြပလား....(ယုံပါပြီဘုရား)။

အဲဒီလို စစ်ချက်ကို စစ်ချက် ငါးချက် စစ်လိုက်တာ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံချည့် အဖြေ ထွက်လာတယ်....(မှန်ပါ့)။

တကာတကာမတို့ ဘယ်လိုထွက်ပါလိမ့်.... (အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံချည့် အဖြေထွက်ပါတယ် ဘုရား)။

တကာသစ် သတိထားနော်....( မှန်ပါ့ )အားလုံး တကာ တကာမတွေ သတိထားပါ....(မှန်ပါ့)။

ဘာတွေ အဖြေထွက်လာသတုံး.... (အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ အဖြေထွက်လာပါတယ်ဘုရား)။

ကိုင်း....ကောင်းကြသေးရဲ့လား....(မကောင်းပါ) ဒါချည့် လာနေတယ်....(မှန်ပါ့)။

အဝိဇ္ဇာဆိုတာ မသိတာ....(မှန်ပါ့) သင်္ခါရဆိုတာ ပြုချင်သလို ပြုတာ....( မှန်ပါ့ )ပြုချင်သလို ပြုလို့ ရောက်ချင်သလို ရောက်ရတဲ့ အပါယ်လေးပါး ခန္ဓာပေါ်လာတယ် .... (မှန်လှပါဘုရား)။

တကာတကာမတို့ မေ့လိုက်တာဆိုတဲ့ အပြစ်ဟာ သေးသေးလား... ကြီးကြီးလား....(ကြီးကြီးပါဘုရား) တယ်ကြောက်စရာကောင်းပါလား တကာကြွယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လူတသိန်း နတ်တသိန်း သေလို့ကွ....နတ်ပြည်တယောက် ပြန်မရောက်ဘူး။ လူ့ပြည်တယောက် ပြန်မရောက်ဘူး၊ အကုန် အပါယ်သွားတယ် ဆိုတာ ဒီမေ့ပြစ်တွေ မှတ်စမ်းပါ....(မှန်ပါ့)။

တကာတကာမတို့ ဘယ်အပြစ်ကြောင့် ကျပါလိမ့် .... (မေ့ပြစ်ကြောင့် ကျပါတယ်ဘုရား)။

ကဲ... ဒါဖြင့် မမေ့တာသည် အရိယာတရား....(မှန်ပါ့) မေ့တာသည် အပါယ်လေးပါးသွားတဲ့ တရား....(မှန်ပါ့)။

မေ့တာသည် .. (အပါယ်လေးပါးသွားတဲ့ တရားပါ)မမေ့တာသည်....(အရိယာတရားပါဘုရား)။

အရိယာတရားဆိုတော့ ဘုန်းကြီးက မမေ့တဲ့ သတိပဋ္ဌာန် အလုပ်ကို ပေးလိုက်လို့ရှိယင် ခင်ဗျားတို့ ဘာမှမစိုးရိမ်နဲ့... (မှန်လှပါ)သဘောကျပလား....(ကျပါပြီ)။

ဘာမှ မစိုးရိမ်နဲ့၊ ခန္ဓာကိုယ် ဖြစ်ပျက်တချက် မြင်လိုက်ယင် မစိုးရိမ်နဲ့....(မှန်ပါ့)။

ဒါအနည်းဆုံး အင်မတန် အဘိုးတန်တဲ့ အလုပ်ဆိုတာ မှတ်လိုက်စမ်းပါ....(မှန်ပါ့)ဖြစ်ပျက် ကျကျနန တချက်မြင်လိုက်လို့ရှိယင် ကျွတ်တမ်းဝင်တယ်....(မှန်ပါ့)။

ဒါဖြင့် မမြင်-မြင်အောင် ကြိုးစားရမယ်.... (မှန်ပါ့ဘုရား) သဘောကျပလား....(ကျပါပြီ)ဒါဖြင့် ဒါ အရိယာမမ္ဂဘဲ။

ဖြစ်ပျက်မြင်တဲ့ ဓမ္မသည်.... (အရိယာဓမ္မပါ) အဲဒီ အရိယာ ဓမ္မတချက်က အကုန် ကယ်နိုင်တယ်....(မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အားထုတ်ကြ စမ်းပါ၊ အားထုတ်ကြစမ်းပါဆိုတာ အဘိုးတန်လွန်းလို့ ပြော တာပါ....(မှန်ပါ့)။

မေ့တော့ကို'အဝိဇ္ဇာပစ္စယာ သင်္ခါရာ, သင်္ခါရပစ္စယာ ဝိညာ ဏံ'' တကာသစ် ဖြစ်ပါတယ်....(မှန်ပါ့)။

မမေ့တော့ကို အဝိဇ္ဇာက ချုပ်တယ်.... (မှန်ပါ့) မချုပ်ဘူး လား(ချုပ်ပါတယ်ဘုရား)။

သင်္ခါရကကော....( ချုပ်ပါတယ် ) ဝိညာဏ်ဆိုတဲ့ အပါယ် ပဋိသန္ဓေလေးပါးကကော....(ချုပ်ပါတယ်ဘုရား)။

ဩော်....ဒါဖြင့် သက်သေခံ လုံလောက်နေပြီ....(မှန်ပါ့- လုံ လောက်ပါပြီ)အပါယ်ကို မသွားတော့ဘူး....(မှန်ပါ့)သွားသေး ရဲ့လား....(မသွားပါဘုရား)။

ဩော်... မမေ့တဲ့ အတွက်ဟာ သိပ်အဘိုးတန်ပါလား .... (တန်ပါတယ်ဘုရား)။

ဦးမာဒင် ကျေနပ်လောက်ပါတယ် .... (ကျေနပ်လောက်ပါ တယ်ဘုရား) ကျေနပ်လောက်ပါတယ် တကာတကာမတို့ ဒါ.... ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကို ဘုရား တားမရပြောင်းသော်သဲ ခင်ဗျားတို့ ဉာဏ်တရားက တားလိုက်လို့ ဘုရား ဟောတော်မူတဲ့ အတိုင်း ဆရာဘုန်းကြီး ပေးတဲ့ ဉာဏ်တရားနဲ့ တားလိုက်လို့ ရှိယင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်သွားတယ်....(မှန်ပါ့)။

သင်္ခါရက ပြုပြင်တဲ့ တရား အပါယ်ရောက်ဘို့ ပြုပြင်တတ်တယ်။ သူက အသင်္ခါရတဲ့ မပြုပြင်တော့ဘူးဟော့တဲ့....(မှန်ပါ့) သူမှ မပြုပြင်တော့ အပါယ်ခန္ဓာကြီး ပေါ်ပါဦးမလား .... (မပေါ်ပါဘုရား)။

ဪ....ဒါဖြင့် တကာတကာမတို့ အရိယာမဂ္ဂတချက်ဟာ ဘယ်လောက်အဘိုးတန်သတုံး .... ( တန်ပါတယ် ) ဒါ့ကြောင့် ဖြစ်ပျက်ကလေး တချက်မြင်ယင် ဘုန်းကြီးကျေနပ်ပါတယ် .... (မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါနဲ့ ခုနင်က ဇာတ်ထုပ်ဘဲ ဘုရားဟောတော်မူတာ ဘုရားတဆူတဆူမှ တခါဟောတယ်ဆိုတော့ နားထောင်ပါဦးတဲ့ .... (မှန်ပါ့)ဒီမှာ ငါးချက်လဲ စစ်လိုက်တော့ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏ"ချည့် ဦးမာဒင် လာတော့တယ်.... (လာပါတယ်ဘုရား)။

အဲဒီ မင်းမေ့ပြစ်သည်ကားလို့ ဆိုယင် မင့်သား, မင့်သမီး, မင့်ဆွေမျိုး, ရဟန်းပုဏ္ဏားနဲ့တကွ ဘယ်သူမှမဆိုင်ဘူး မင်းသာဆိုင်တယ်ဆိုပြီး စစ်စရာမရှိတော့ ဟိုက ယမမင်းက ငြိမ်နေလိုက်တယ်....(မှန်ပါ့ဘုရား)။

ငြိမ်နေလိုက်သည်နဲ့ တပြိုင်နက်တည်း ခုနင်က ပုဂ္ဂိုလ်ကို လက်မောင်းတဖက် နှစ်ယောက်စီ ငရဲထိန်းတွေက ဆွဲပြီးတော့ ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ အိပ်ခိုင်းတယ်....(မှန်ပါ့ဘုရား)။

ရဲရဲပူတဲ့ သံပြားကြီးပေါ်မှာ ဆွဲလှဲကြပြီးသကာလ လက်တွေပေါ်မှာလဲ ရဲရဲပူတဲ့သံပြားကြီးတွေနဲ့ သံမယ်နကြီးတွေပေါ့ဗျာ (မှန်ပါ့) ကျုပ်တို့လိုပြောတော့ သံချောင်းတွေနဲ့ လက်ဝကပ်တိုင်ရိုက်သလို ရိုက်တယ် (မှန်ပါ့ဘုရား)။

တကာတကာမတို့ ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါ) ဒါ ရှေ့ မကျသေးဘူး၊ ရှေးဦးစွာ အပြစ်သင့်တာ မေ့ပြစ်ကလေးတွေ ပြောတာ....(မှန်ပါ့ဘုရား)။

ကဲ....ဦးသန်းမောင်တို့ ဒီလိုကျတော့ ခံနိုင်ရည်ရှိပါ့မလား.... (မရှိပါဘုရား)။

အောက်ကလဲ သံပြားက ရဲရဲပူ....(မှန်ပါ့) အရောင်နဲ့တကွ အခိုးမပါဘူးတဲ့ .... (မှန်ပါ့) အခိုးပါယင် ပြောနေမှာ စိုးလို့ အရောင်နဲ့တကွ နီရဲနေတဲ့အပေါ်မှာ ပက်လက်လှန် အိပ်ခိုင်း တယ်....(မှန်ပါ့ဘုရား)။

ပက်လက်လှန် အိပ်ခိုင်းတော့မှ ခြေဖဝါးရော -လက်ဖဝါး ရော- ခြေထောက်မှာလဲ ခုနင်က နီနေတဲ့ သံချောင်းကြီးနဲ့ ကပ် ပြီး ရိုက်တယ်....(မှန်ပါ့) လက်ဖဝါးတွေလဲရိုက်၊ အလယ်ဗိုက် ဖေါက်ပြီးရိုက်လိုက်၊ ငါးချက်ရိုက်ချတယ်....(မှန်ပါ့ဘုရား)။

ဦးမာဒင်ကြီး ဘယ့်နယ်လုပ်သည်းခံမလဲ .... ( မခံနိုင်ပါ ) တကာကြွယ် ဘယ့်နှယ်လုပ်ကြမလဲ.... (သည်းမခံနိုင်ပါ) ဘာ အပြစ်သင့်လို့ ဒီအပြစ်ရောက်ပါလိမ့်.... (မေ့ပြစ်ပါ) သြော်.... မမေ့လိုက်ယင် ဒို့ပြီးတော့မှာကိုး....(မှန်ပါ့ဘုရား)။

မမေ့လိုက်ယင်....(ပြီးတော့မှာပါ) ရှင်းပလား....(ရှင်းပါပြီ ဘုရား)။

မမေ့လိုက်ယင် သိပ်ကောင်းတယ်နော်....(မှန်ပါ့)မမေ့တာ ကြည့်ပါ၊ ဒီမှာပြနေတယ် တကာတကာမတို့ မမေ့တာ ဝိဇ္ဇာ လား- အဝိဇ္ဇာလား....(ဝိဇ္ဇာပါ) ဝိဇ္ဇာဆိုကတည်းက အဝိဇ္ဇာ ရှိသေးရဲ့လား....( မရှိပါ ) မရှိကတည်းက ဒီသင်္ခါရကော....

(မရှိပါ) ဒါမရှိကတည်းက ဒီအပါယ်ခန္ဓာပေါ်ပါဦးမလား.... (မပေါ်ပါဘုရား)။

ဩော်....ဒါဖြင့် ဒို့သည် အရိယာဓမ္မမမေ့မှု အရေးကြီးပါလား....(မှန်ပါ့) ဖြစ်ပျက်မြင်မှုအရေးကြီးတယ်.... (မှန်ပါ့) ဖြစ်ပျက်အဆုံးဖြစ်တဲ့ နိဗ္ဗာန်မြင်မှု.... (အရေးကြီးပါတယ်) ကိုင်း.... ဒါ မမေ့တဲ့ပုဂ္ဂိုလ်မြင်တာဘဲ....(မှန်ပါ့ဘုရား)။

သူ့ကျတော့လဲ သွားပါဆိုလို့ ဘယ်သူက တွန်းတွန်းမသွားရဘူး၊ အဝိဇ္ဇာသင်္ခါရကပို့မှ ရောက်မှာကိုး....(မှန်ပါ့) အဝိဇ္ဇာချုပ်ပေါ့ သင်္ခါရက ပို့နိုင်သေးရဲ့လား.... (မပို့နိုင်ပါဘုရား)။

သင်္ခါရကမှ မပို့နိုင်လို့ရှိယင် အပါယ်ဝိညာဏ် ခန္ဓာကြီး ခုနင်က သံပြားပူပေါ်အိပ်ပြီး။ မယ်နငါးချက်နှက်တဲ့ အခြေအနေကော ရောက်စရာရှိသေးရဲ့လား....(မရှိပါဘုရား)။

ကဲ....ဦးမာဒင်တို့ ကျေနပ်ပလား....(ကျေနပ်ပါပြီ) မေ့ဖြစ်လေ ဘယ်လောက်ကြီးတယ်ဆိုတာ....( ကြီးပါတယ် )ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

ဒီတွင်မှ တခါတည်း သူ့ကိုတခါ အင်မတန် ရဲရဲပူတဲ့သံပြားကြီးတွေနဲ့ ကော်ပြီးတော့ သံမယ်နတွေနှုတ်ပြီးသကာလ တကာတကာမတို့ မီးတောင်ကြီးပေါ်မှာ နွားလုပ်မောင်းပြီး ဆင်းချီတက်ချီခိုင်းတယ်....(မှန်ပါ့) ဘယ်လောက်ကြောက်စရာကောင်းသတုံး....(ကြောက်စရာကောင်းပါတယ်ဘုရား)။

မီးတောင်ကြီး ပေါ်မှာ နွားလုပ်ပြီးသကာလ နွားသဖွယ် ဒီတောင်ကြီးကို ဆင်းချီ တက်ချီခိုင်းတယ် တကာတကာမတို့.... (မှန်ပါ့) အောက်ကမီးတောင်နော်....(မှန်ပါ့) အပေါ်က သူ့မောင်းနေတာက ငရဲသား....(မှန်ပါ့) အဲဒီ အပေါ်မှာ ဆင်းချီ

တက်ချီအလုပ်ခိုင်းပါတယ် .. ( မှန်ပါ့ ) လုပ်နိုင်ကြပါ့မလား.... (မလုပ်နိုင်ပါ) ဘယ်နည်းနဲ့မှ မလုပ်နိုင်ဘူးဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါ့ဘုရား)။

ခင်ဗျားတို့ အခုသူတပါး မျက်စောင်းထိုးတာတော့ ရဲတယ်။ အဲဒီအပြစ်ကျတော့ ခံနိုင်ကြပါ့မလား... (မခံနိုင်ပါဘုရား)။

မုသားကလေး ဖုံးကာဖိကာတော့ ခင်ဗျားတို့က နှုတ်ချိုတာနဲ့ ဟုတ်သလိုလိုထင်ရငြားသော်ဟဲ ဒီမုသားပြစ်ကြောင့် အဲဒီရောက်မယ်ဆိုတော့ ဩော်....ပြောရတာနဲ့ ကာမိကြရဲ့လား.... (မကာမိပါ)ရှောင်ကြပါဆိုတာကို ဒီက သက်သေခံနေပါတယ်- (မှန်ပါ့)ရှင်းပလား . (ရှင်းပါပြီဘုရား)။

ဒီတွင် မကသေးပါဘူးတဲ့၊ ဒီတောင်ပေါ် တက်ချီ ဆင်းချီခိုင်းပြီးသည်၏ အခြားမဲ့၌တဲ့ တကာတကာမတို့ လက်ပံပင်ကြီးကလဲ ဆူးကြီးတွေနဲ့ လက်ပံပင်က သန်လဲသန်တယ် .... (မှန်ပါ့) သန်လဲသန်တော့ ဆူးက ၁၆-လက်မရှိတယ်....( မှန်ပါ့ ) အဲဒါကြီးကို အောက်ကနေ လှံတွေနဲ့ထိုးပြီးသကာလ တက်ဖြစ်အောင် တက်ခိုင်းတယ်....(မှန်ပါ့) ရင်ပတ်ငြိ ပခုံးငြိပြီးသကာလ တခါတည်း တကာတကာမတို့ အောက်ကလဲ ထိုးနေတော့ အတင်းတက်ရတာ....(မှန်ပါ့) သွေးရဲရဲ သံရဲရဲနဲ့ဘဲ ရောက်သွားတာဘဲ....(မှန်ပါ့ဘုရား)။

ရောက်သည်နဲ့ တပြိုင်နက်တည်း အပေါ်ကနေ မြန်မြန်ဆင်းခဲ့ဆိုတဲ့ အဓိပ္ပါယ်နဲ့ ဂျွန်းထိုးမှောက်ခုံ ဆင်းခဲ့ရတယ်.... (မှန်ပါ့ဘုရား)။

လုပ်နိုင်ကြပါ့မလား မေးလိုက်တယ် .... ( မလုပ်နိုင်ကြပါ ) သံပင်ကြီးပေါ့နော်....(မှန်ပါ့) ရဲရဲပြောင်နေတဲ့ သံပင်ကြီးပါ

တကာတကာမတို့ ငရဲဆိုတာ ခါးစည်းခံလို့မရပါဘူး.... (မှန်ပါ ဘုရား)။

ခင်ဗျားတို့လဲ ခါးစည်းကြိုး ဘယ်သူမှမပေးပါဘူး (မှန်ပါ) ခင်ဗျားတို့ဟာ ခင်ဗျားတို့ပါးစပ်က ငရဲခါးစည်းခံမယ်ပြောတာ အလကားပါ (မှန်ပါ) ရိုပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ အရင်းအနှီး တွေမို့ ဩော်....အပါယ်လေးပါး တံခါးပိတ်ယင်တော်ပြီနော် (မှန်ပါ) မမေ့ယင် ပိတ်တာဘဲဆိုတာကော ရိပ်မိကြပလား.... (ရိပ်မိပါပြီဘုရား)။

ခန္ဓာကိုယ်တချက်တည်း ဖြစ်ပျက်ကလေးမြင်လိုက်လို့ ရှိယင် ခင်ဗျားတို့ ငရဲမီးသိမ်း၍ ငရဲအိုးကုန်ပါတယ်....(မှန်ပါ) ငရဲမီး ငြိမ်းယင် ငရဲအိုးသိမ်းပါတယ် .... (မှန်ပါ) လုပ်ဖြစ်အောင်လုပ် ဝမ်းပါ....(မှန်ပါ) ရှင်းပလား .. (ရှင်းပါပြီဘုရား)။

ဒါနဲ့ ဒီကနေမပြီးသေးဘူး၊ ဒီကဆင်းလာပြီး သကာလ ဘင်ပုပ်ငရဲလို့ တခါတွေ့တယ် .... (မှန်ပါ) ဘင်ပုပ်ငရဲဆိုတာက တကာတကာမတို့ အပ်အသွားရှိတဲ့ ပိုးကောင်တွေက အသား တွေပေါက် အကြောတွေဖြတ်ပြီး ရိုးတွင်းချဉ်ဆီကိုစုပ်ပြီး စား တယ်....(မှန်ပါ) အဲဒီအထဲမှာ လွှတ်ပေးလိုက်တယ် .... (မှန်ပါ ဘုရား)။

တကာတကာမတို့ နေရဲပါ့မလား....(မနေရဲပါ) စိတ်မှကူးရဲ ပါ့မလား....(မကူးရဲပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာက ဘာဖြစ်အောင် လုပ်ရမလဲ.... (ဝိဇ္ဇာ ဖြစ် အောင် လုပ်ရပါမယ်) မေ့မှုကမမေ့မှုဖြစ်အောင်သာ လုပ်လိုက် (မှန်ပါ)။

မေ့မှုက....(မမေ့မှုဖြစ်အောင်လုပ်လိုက်) ဘယ်သူ့အပေါ်မှာ မမေ့ရမှာပါလိမ့်....(ကိုယ့်အပေါ်မှာပါဘုရား) ခန္ဓာပေါ်မှာ ဖြစ်ပျက်ကို မမေ့လိုက်ပါနဲ့.... (မှန်ပါ့) အနိစ္စတချက် မြင်ယင် အကုန်သွားတယ်... (မှန်ပါ့) ရှင်းပလား.... ( ရှင်းပါပြီဘုရား)။

အနိစ္စတချက် မြင်ကတည်းက တကာတကာမတို့ ဝိပဿနာမဂ်က သေချာပြီ....(သေချာပြီ) အဲဒီ အနိစ္စကို ဆုံးအောင်လိုက်လိုက်လို့ရှိယင် လောကုတ္တရာမဂ်ဖြစ်တော့ " စတူဟာ ပါယေဟိစ ဝိပ္ပမုတ္တော" ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတယ် ( မှန်ပါ့ဘုရား ) တကယ် မင်းတို့ ဒုက္ခသာ ချုပ်အောင်ရှုနိုင်လို့ရှိယင် မင်းအပါယ်လေးပါးဟာကွ မင့်အတွက် အကုန်သိမ်းတယ်....(မှန်ပါ့ဘုရား) ဆိုတော့ ဦးမာဒင်တို့ ဦးသန်းမောင်တို့ ဦးဘထွေးတို့ အရိုးကျေကျေ အရေခြောက်ခြောက်လုပ်....(မှန်ပါ့)သဘောကျပလား....(ကျပါပြီ)။

ဘာလုပ်ရမလဲ....(အရိုးကျေကျေအရေခြောက်ခြောက်လုပ်ရပါမယ်ဘုရား) မလျှော့ကြပါနဲ့ဆိုတာ သတိပေးလိုက်ပါတယ် (မှန်ပါ့) အချိန်မှီသေးလို့ပါ.... ( မှန်ပါ့ ) မမှီတဲ့ပုဂ္ဂိုလ်များအတွက် ဘုန်းကြီးများ ဘယ်လိုမှ သတိမပေးနိုင်တော့ပါဘူး....(မှန်ပါ့ဘုရား) ဟိုမှာ ရောက်ရမှာဖြင့် အမောင် ဒုက္ခရောက်မယ် .. (မှန်ပါ့)။

အဲဒါပြောပရစေဦး၊ အရှင်ခံရသလား- အသေခံရသလားလို့ မေးတော့ တကာတကာမတို့.... ဒီက အဝိဇ္ဇာ မချုပ်သ၍ကာလပတ်လုံး ဟိုမှာ အရှင်ချည်းဖြစ်နေတယ်....(မှန်ပါ့ဘုရား)

မီးလောင်လဲ မသေဘူး....၊ လှံနဲ့ ထိုးလဲမသေဘူး၊ သံမယ်နတွေ ရိုက်လဲ မသေဘူး....(မှန်ပါ့ဘုရား) ကဲ ဘယ်လောက် ကြောက်စရာကောင်းသလဲ....(ကောင်းပါတယ်ဘုရား)။

ဩော်.... ငါးကြော်လိုဘဲ သေပြီးမှ အကြော်ခံရယင်တော့ အရေးမကြီးပါဘူး....(မှန်ပါ့) ဒီလိုဆိုယင် ဘယ်သူဖြစ်ဖြစ် ခံရဲတာပေါ့၊ သေပြီးမှ အကြော်ခံရတာကိုး....(မှန်ပါ့)။

အခုတော့ မဟုတ်ဘူး....တဲ့၊ ဒီအထဲမှာ ဖျတ်ဖျတ်လူးပြီး အကြော်ခံရတာ.... (မှန်ပါ့) သေပါတော့လားဆိုတော့ မသေနိုင်ဘူးတဲ့- ဒီက အဝိဇ္ဇာက ကျေးဇူးပြုတယ်....(မှန်လှပါ)။

အဝိဇ္ဇာက တိုတိုပြောတော့ အဝိဇ္ဇာက ဟိုမှာ ခန္ဓာဆက်ဆက်ပြီး လုပ်ပေးနေတယ်.... (မှန်ပါ့)အဝိဇ္ဇာမချုပ်လို့ ဖြစ်ရတာ....(မှန်ပါ့)ဒါဖြင့်အဝိဇ္ဇာချုပ်ဘို့အရေး ဘုန်းကြီးက သတိပေးပါတယ်....(မှန်ပါ့ဘုရား)။

တကာတကာမတို့ ဟိုမှာ အရှင်ခံစရာရှိသေးရဲ့လား.... (မရှိပါဘုရား) အဝိဇ္ဇာမချုပ်လို့ အဝိဇ္ဇာသင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပြီး ဟိုမှာ အရှင်ဖြစ်နေတယ်....(မှန်ပါ့)။

ဒီက အဝိဇ္ဇာသာ ချုပ်လိုက်လို့ ရှိယင်ဖြင့် တကာတကာမတို့ သင်္ခါရလဲမရှိ၊ ဒီ ဝိညာဏ်ကော ပေါ်ပါဦးမလား.... (မပေါ်ပါဘုရား)။

အဲဒါကြောင့် အခုချုပ်ယင် အခု ဒီအပါယ်တံခါးပိတ်တယ် ( မှန်ပါ့ဘုရား ) လုပ်ဖြစ်အောင်လုပ်ပါဆိုတာ ဘုန်းကြီးက တိုက်တွန်းမှု စောင့်ရမှာလား၊ ကိုယ့်အရေးကိုယ်သိပြီး လုပ်ရမှာလား....(ကိုယ့်အရေး ကိုယ်သိပြီးလုပ်ရမှာပါဘုရား)။

ကြိုးစားကြစမ်းပါဆိုတာ လေးစားစွာနဲ့ဘဲ တိုက်တွန်းနေဘယ်....(မှန်ပါ့ဘုရား)။

ဒါနဲ့ဘဲ ဒီနေ့ရာထဲမှာ နေပြန်တော့လဲ မပြီးသေးတာနဲ့.... ဦးမာဒင်ရေ....ငါးမျှားချိတ်ကြီးနဲ့ ဆွဲပြီး ပြန်တင်တာဘဲ-(မှန်ပါ့ဘုရား)။

တင်ပြီးသကာလ ယူဇနာတရာရှိတဲ့ သံတံတိုင်းကြီးတွေ ခတ်ထားတဲ့အထဲ မီးဟုန်းဟုန်းတောက်တဲ့အထဲ ပစ်ထည့်တယ်.... (မှန်ပါ့ဘုရား)။

တခါတလေ အရှေ့တံခါးကပွင့်လို့ အရှေ့ဖက် ပြေးပါတော့မယ်ဆိုယင်ဖြင့်.... ခြေတောက်တွေ လက်တွေ အကုန် မီးလောင်ပြီး ဒီမှာလဲ မီးလောင်ခံပြီးလဲ ဟိုဘက်လွတ်အောင် ပြေးရသေးတယ်၊ သူရောက်သည်နဲ့ တံခါးပြန်ပိတ်တယ်.... (မှန်ပါဘုရား)။

တံခါးပြန်ပိတ်ပြီး အနောက်တံခါးကပွင့်ပြန်တော့ အနောက်ဖက်ပြေးပြန်တော့ လမ်းမှာ မီးလောင်ခံပြေးရတာဘဲ (မှန်ပါ့)

ဟိုမှာလဲ သူရောက် ပိတ်ပြန်တာဘဲ....(မှန်ပါ့)။

ဒီလိုကော နေရဲကြပါ့မလား....(မရဲပါဘုရား) ဒါဘယ်သူ့ကြောင့်ဆိုတာကော လက်သည်တွေ့ပလား.... (တွေ့ပါပြီဘုရား) မေ့ပြစ်....(မှန်ပါ့)။

တကာတကာမတို့ ဘာတဲ့.... (မေ့ပြစ်ပါဘုရား) ဘယ်သူ့အပေါ်မှာ မေ့တာတုံး....(ခန္ဓာအပေါ်မှာ မေ့တာပါဘုရား) ခန္ဓာအပေါ်မှာ အနိစ္စရှိလျက်နဲ့ အနိစ္စမသိ....တဲ့ မေ့ပြစ်....

(မှန်ပါ့) ဒုက္ခရှိလျက်နဲ့ ဒုက္ခမရှုဖြစ်တဲ့ မေ့ပြစ်....(မှန်ပါ့ဘုရား) အနတ္တရှိလျက်နဲ့ အနတ္တမရှုဖြစ်တဲ့....(မေ့ပြစ်ပါဘုရား) တယ်လဲ့ ကြောက်စရာကောင်းပါလား-(ကောင်းပါတယ်ဘုရား) သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒီကနေပြီးသကာလ တက်လာပြန်တော့....ဒီအထဲမှာ မသေလဲ မီးလောင်ခံပြီး ပြေးရကာမှ တခါ ငရဲသားတွေက ဆွဲတင်ပြီး သကာလ အမောင် ဘာမျှားစားချင်သလဲ....လို့ မေးပြန်တယ်....(မှန်ပါ့) ကျွန်တော် ထမင်းမစားရတာလဲကြာပါပြီ ဆိုတော့ ကဲ....ကဲ.... လှဲအိပ်ဆိုပြီးတော့ သံပြားပေါ်မှာ လှဲပြီး တကာတကာမတို့ အင်မတန်ရဲရဲပူတဲ့ သံချွန်ကြီးတွေနဲ့ ပါးစပ်ဖြဲတယ်....(မှန်ပါ့)။

ပြီးတော့မှသံတွေခဲရဲရဲကြီးတွေ ပါးစပ်ထဲ လောင်းထည့်တယ် ( မှန်ပါ့ဘုရား)။

သံတွေခဲရဲရဲကြီးတွေ လောင်းထည့်တဲ့အခါ ပါးစပ်လောင်-အူလောင်ပြီး ဒွါရပေါက်က ထွက်တယ်....(မှန်ပါ)။

ဘယ်လောက် ကြောက်စရာ ကောင်းသတုံး.... (ကောင်းပါတယ်ဘုရား) ဘယ်သူလုပ်တဲ့ လက်ချက်ပါလိမ့် တကာတကာမတို့....(အဝိဇ္ဇာလက်ချက်ပါဘုရား) မေ့ပြစ်လေဗျာ.... ( မှန်ပါ့ဘုရား)။

တကာသစ် ဘာတဲ့.... ( မေ့ပြစ်ပါဘုရား ) ဒါကြောင့်.... ဘုန်းကြီးတို့ သတိပဋ္ဌာန်ဆိုတာ မမေ့တာ....(မှန်ပါ့)မမေ့တာဟာ မေ့ပြစ်ကို ကယ်တင်မယ်.... ( မှန်ပါ့ ) ရှင်းကြပလား.... (ရှင်းပါပြီ)။

ဒါ့ကြောင့် ဘုန်းကြီးတို့တကာတကာမတွေ သားရေး၊ သမီးရေး၊ စီးပွားရေး အသာထားစမ်းပါဦးတဲ့၊ ကိုယ့်အရေး ကိုယ်ကယ်တင်စမ်းပါဆိုတဲ့ မမေ့မှုအလုပ်ကလေးကို နေ့တိုင်းပေးနေတယ်။ကြိုးစားပါကြိုးစားပါ၊သူများပြော,လူများပြောကိုမယုံနဲ့ဘုရားက ငါကိုယ်တိုင်မြင်ပြီး ပြောတာဆိုတာ ကေန်ယုံပါ.... (မှန်ပါ့)။

သူများပြော,လူများပြော ဟိုမှာ ငရဲခဏ်းကြီးရေးထားတာ မယုံပါနဲ့....(မှန်ပါ့)။

အခု ကိုယ်တော်မြတ်ကြီးက ငါဘုရားဖြစ်တဲ့နေ့ကစပြီး.... ငါ အိမ်နှစ်ခုကြားမှာ နေတာပါတဲ့၊ တက်တဲ့လူလဲ ငါမြင်ပါတယ်ကွ....တဲ့၊ ဆင်းတဲ့လူလဲ ငါမြင်ပါတယ်.... (မှန်ပါ့ဘုရား) ဆင်းတဲ့လူ ငရဲသွားတာလဲ ငါမြင်တယ်၊ တက်တဲ့လူ သုဂတိသွားတာလဲ ငါမြင်တယ်.... (မှန်ပါ့) သူများပြောသံကြားနဲ့ ပြောတာမဟုတ်ပါဘူး....၊ ငါ့မျက်လုံးဆိုတဲ့ ဒိဗ္ဗစက္ခုနဲ့ မြင်ပြီး ပြောတာပါဆိုတော့ ဦးသန်းမောင် မယုံစရာမရှိပါဘူး (မရှိပါဘုရား) ဦးဘထွေး ဘယ့်နှယ်တုံး.... (မယုံစရာမရှိပါဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ သားတွေ, မယားတွေနဲ့ အိမ်နီးချင်းတွေနဲ့ ပတ်ဝန်းကျင်တွေနဲ့ အစိုးရတွေနဲ့ တိုင်းပြည်လှည့်စားတာနဲ့ တော်လောက်ပြီဆိုပြီး မယုံပါနဲ့၊ ကိုယ့်အရေး ကိုယ်ကြီးလိုက်စမ်းပါ....(မှန်ပါ့)။

သူများပြောတာကို မယုံနဲ့ ဘုရားက ကိုယ်တိုင်ပြောတာကို ယုံလိုက်ပါ....(မှန်ပါ့) မမေ့တာ ဘယ်လောက် အဘိုးတန်တယ်ဆိုတာ ရိပ်မိပလား....(ရိပ်မိပါပြီ)။

ဟောဒီ မမေ့တော့ သူကလဲ ဝိဇ္ဇာဖြစ်ပါရော့ .... ဖြစ်ပျက်မြင်တဲ့ ဝိဇ္ဇာဖြစ်တယ် .... ( မှန်ပါ ) ဝိဇ္ဇာ ဖြစ်ယင် သင်္ခါရက ချုပ်သွားတယ်... (မှန်ပါ)။

အပါယ်သွားစရာ ဝိညာဏ်ပေါ်ဦးမလား-(မပေါ်ပါဘုရား) မမေ့တဲ့သတ္တိ တယ်အဘိုးတန်ပါလားဆိုတာ ပေါ်လာတယ်.... (ပေါ်လာပါတယ်)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဩော်.... ဒါဖြင့် သတိပဋ္ဌာန်ပါဋ္ဌိတော် ဆိုတဲ့ဥစ္စာ တကာ တကာမတို့ ဘုရားအဆူဆူမစွန့်ဘူးဆိုတာ အပါယ်လေးပါးပိတ်တဲ့တရားမို့....(မှန်ပါ) ဘုရားပွင့်လာပြန်ယင် သူ့ဟောရပြန်ပြီ (မှန်ပါ)မမေ့တဲ့တရားဘဲ ဟောရတယ်....(မှန်ပါ) ရှင်းပလား-ရှင်းပါပြီဘုရား)။

ကိုင်း....ဒါနဲ့ဘဲ တကာတကာမတို့ ဒီလိုနဲ့ဘဲ အမောင် ဘာ ဆာပြန်သတုံးမေးပြန်တယ်....(မှန်ပါ) ဘာဆာပြန်သတုံး မေးတော့ ကျွန်တော်ရေမသောက်ရတာ ကြာပြန်ပြီ ဆိုတော့လဲ တကာတကာမတို့ ကြေးရေပူတွေယူလာပြီး လောင်းပြန်တယ် ပါးစပ်ထဲဖို့လောင်းတာဘဲ....(မှန်ပါ) ပါးစပ်လောင်၊ အထဲက အူသိမ် အူမတွေလောင်၊ ဒွါရပေါက်က ထွက်သွားတာဘဲ တကာတကာမတို့....(မှန်ပါ) ဝ,စရာပါပါရဲ့လား.... (မပါပါ) ခံနိုင်ရည်ရှိပါ့မလား.... ( မရှိပါ )ခါးစည်းကြိုး ပေးရဦးမလား၊ ပေးလဲမရပါဘူး၊ ခါးစည်းကြိုးပေးယင် ရိပ်မိပလား.... (ရိပ်မိပါပြီဘုရား)။

မရပါဘူး တကာတကာမတို့၊ ခင်ဗျားတို့ ဒေါသအလိုက်က အပါယ်များ ကျုပ်-မကြောက်ဘူး....၊ မင်းတို့နဲ့ ဖြစ်ရလို့ ရှိယင် အပါယ်ကို ငါခါးစည်းခံမယ် ကိုစ္စမရှိဘူး တဲ့- (မှန်ပါ) ဒီလို ဒေါသအလိုက် ပြောငြားသော်လဲ ခါးစည်း ကြိုးပေးမည့် လူလဲ မရှိပါဘူး... (မရှိပါဘုရား) ရှင်းပလား-(ရှင်းပါပြီ)။

ခါးစည်းကြိုးမရှိလို့ ရှိယင် ကယ်မည့်ယူမည့်တရားဖြင့် အရိယာ မဂ္ဂဘဲရှိတယ်....(မှန်လှပါဘုရား) ရှင်းကြပလား- (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဘာလုပ်ရမှာပါလိမ့်.... (အရိယာမဂ္ဂ လုပ်ရပါမယ် ဘုရား)။

ဒါနဲ့ တကာတကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်၊ ဘယ်လိုဟောလိုက်သတုံးဆိုလို့ ရှိယင် တကာတကာ မတို့ အရိယာမဂ္ဂတွေ မင်းတို့မေ့နေလို့ ရှိယင်ဖြင့်ကွာ....တဲ့ ..၊ ဒီအပါယ်ငရဲဟာဖြင့် မင်းတို့ အိမ်သာမှတ်တော့ .... ( မှန်ပါ ဘုရား)။

အရိယာမဂ္ဂမေ့ယင် အပါယ်ငရဲဟာ .. ( တပည့်တော်တို့ အိမ်ပါဘုရား ) မင်းတို့အိမ်သာမှတ်တော့ ဆိုတော့.... တကာ တကာမတို့ အရိယာမဂ္ဂ မေ့သင့်ပါ့မလား .... (မမေ့သင့်ပါ ဘုရား)။

အဲဒါ ဘုန်းကြီးက အဘိုးတန်အောင်ပြောတယ်လို့ မယူကြ ပါနဲ့နော်....(မှန်ပါ)။

တကာကြီးတို့ တကာမကြီးတို့ ဆေးရှိငြားသော်လဲ အိမ်နား မှာ အပင်ပေါက်နေငြားသော်လဲ ကိုယ့်မှာ ဝေဒနာဖြစ်ငြား

သော်လဲ အိမ်နားမှာလဲ ဆေးပင်ရှိငြားသော်လဲ ဆေးပင်မသိယင် ဒီလူ ဒီဝေဒနာနဲ့သေမယ်....(မှန်ပါ့)။

အိမ်နားမှာတော့ ဆေးပင်ရှိတယ်.... ( မှန်ပါ့) သို့သော်.... ဆေးအဖြစ် သောက်လိုက်ယင် ပျောက်တယ်ဆိုတာ သူမသိတော့ တကာတကာမတို့ ဘယ်နည်းနဲ့မှ ဒီဝေဒနာရှင် သက်သာခွင့်ရပါ့မလား....(မရပါဘုရား)။

သူ့အိမ်နားမှာ ဆေးပင်ရှိလျက်သားနဲ့ ဘာဖြစ်လို့ ဒီဝေဒနာ မသက်သာဘဲနဲ့ သေပွဲဝင်ရသတုံး မေးလို့ရှိယင်ဖြင့် ဆေးပင်ရှိလျက် ဆေးပင်မှန်းမသိဘူး....(မှန်ပါ့) ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဆေးပင်တော့....(ရှိပါတယ်ဘုရား) လူနာ့ရှင်က ဘာမသိပါလိမ့်....(ဆေးပင်မှန်းမသိပါဘုရား)။

အဲဒီတော့ သာသနာပဆိုယင် ဝိဇ္ဇာဖြစ်တဲ့ဆေးပင်ကို ဘယ်သူမှ ရှာမသွားနိုင်ဘူး....(မှန်ပါ့ဘုရား)။

ဝိဇ္ဇာဖြစ်တဲ့ ဆေးပင်ကို .. (ဘယ်သူမှရှာမသွားနိုင်ပါဘုရား) အဲ... ဟောမည့်သူ ဘုန်းကြီးများရှိသေးတယ်.... (မှန်ပါ့) ဆရာတော်သမားတော်တွေ ရှိသေးတယ်....(မှန်ပါ့)။

အဲဒီတော့ အိမ်နားတွင် ပေါက်တဲ့ဆေးပင်ဟာ ဆေးမှန်းသိလို့ သောက်ယင် ရောဂါပျောက်ပါလိမ့်မယ်.... (မှန်ပါ့ဘုရား) နောက် ဘုန်းကြီးတို့ တသက်နှစ်သက်ဆိုသလိုပေါ့ဗျာ သာသနာကွယ်သွားတော့ ဦးမာဒင် ဒီဆေးပင်ဟာ အနားရှိငြားသော်လဲ ဘယ့်နှယ်တုံး ...(မသိပါဘုရား) ဝေဒနာရှင်က ဆေးပင်လို့ သိပါ့မလား....(မသိပါဘုရား)။

အဲဒီတော့ စာအုပ်တွေ ဘယ်လိုတင်တင်၊ ကျောက်စာတွေ ဘယ်လိုထုထားခဲ့ ထားခဲ့ ဆေးပင်မှန်းမသိဘူး....(မှန်ပါ့)သိပါ့ မလား....(မသိပါဘုရား)။

အခုလို လက်ထပ်ပြပြီးသကာလ လက်ထပ်ပြောနေတုန်းကို ခင်ဗျားတို့ မြန်မြန်ပြီးအောင် လုပ်လိုက်....(မှန်ပါ့) ရှင်းပလား-(ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အလုပ်-လုပ်မှရမယ်ဆိုတာလဲ ပေါ်ကြပြီ....(ပေါ်ပါပြီဘုရား)။

ဘာလုပ်မှရမယ်.... (အလုပ်-လုပ်မှရပါမယ်ဘုရား) အလုပ်-လုပ်မှ ဝိဇ္ဇာဖြစ်မယ်....(မှန်ပါ့) အလုပ်-မလုပ်လို့ရှိယင်.... (ဝိဇ္ဇာ မဖြစ်ပါဘုရား) ဝိဇ္ဇာမဖြစ်ဘူးဆိုတာ သေချာပလား.... (သေချာပါပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ အလုပ်-လုပ်မှ ဖြစ်မှာဖြင့် တိုတိုဘဲ ပြောကြပါစို့၊ ကဲ....နာရီကပိုသွားလို့.... ( မှန်ပါ့ ) တကာတကာမတို့မှာ သူတပါးစိတ် အကဲခတ်ရတာနဲ့ ကိုယ့်စိတ် အကဲခတ်ရတာနဲ့ တကာကြွယ်-တကာသစ် ဘယ်ဟာက လွယ် သတုံး .. (ကိုယ့်စိတ် အကဲခတ်ရတာကလွယ်ပါတယ်ဘုရား)။

ဟုတ်ကြရဲ့လား တကာတကာမတို့....(ဟုတ်ပါတယ်ဘုရား) သူများစိတ် အကဲခတ်ရတာက မှားတယ်ရှိ-မှန်တယ်ရှိ .. (မှန်ပါ့ ဘုရား) ကိုယ့်စိတ်အကဲခတ်ရတာကတော့....(မှန်ပါတယ်ဘုရား) အမှန်ချည်းဘဲဆိုတာ သေချာပလား....(သေချာပါပြီ) သဘော ကျပြီနော်....(ကျပါပြီ)။

ဒါဖြင့် ကိုယ့်စိတ်ကို ပဌမစိတ်ကို ရှိ-မရှိ နောက်စိတ်နဲ့

အကဲခတ်ပါ....(မှန်ပါ့) ၁-နံပါတ်ကို ၂-နဲ့ အကဲခတ်....(မှန်ပါ့ဘုရား)။

၁-နံပါတ်....(၂-နဲ့ အကဲခတ်ရပါမယ်ဘုရား) ကဲ....လောဘစိတ်က အရင်ဖြစ်တယ်၊ ရှိ-မရှိ မင်္ဂနဲ့ အကဲခတ်လိုက်စမ်း....(မရှိပါဘုရား)။

မရှိတော့ မရှိတာက အနိစ္စ၊ အကဲခတ်တာက မဂ္ဂဘဲ-(မှန်ပါ့ဘုရား)။

ဒေါသစိတ်ကလေးဖြစ်လာတယ်၊ ရှိ-မရှိ အကဲခတ်စမ်း....(မရှိပါဘုရား) မရှိတာက.... ( အနိစ္စပါဘုရား ) သိတာက...(မဂ္ဂပါဘုရား) မဂ္ဂဆိုယင် ဝိဇ္ဇာဖြစ်ပြီ .... (မှန်ပါ့) အဝိဇ္ဇာချုပ်ပြီ....(မှန်ပါ့) မချုပ်သေးဘူးလား.... (ချုပ်ပါပြီဘုရား) ဒီအပါယ်သွားစရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

ဒါဖြင့် တကာတကာမတို့ အချိန်ကလဲ ကုန်သွားလို့ ကိုယ့်စိတ်ကိုယ် အကဲခတ်တာ မဂ္ဂင်....(မှန်ပါ့)။

ကိုယ့်စိတ်ကိုယ် အကဲခတ်တာ....(မဂ္ဂင်ပါဘုရား) ကိုယ့်စိတ်အကဲခတ်တဲ့ အခါကျလို့ရှိယင် လောဘစိတ် အကဲခတ်လဲ နောက်က အကဲခတ်၊ ဒေါသ ဖြစ်ယင်ကော.... (အကဲခတ်ရပါမယ်ဘုရား) မောဟကလေးဖြစ်ယင်ကော....(အကဲခတ်ရပါမယ်ဘုရား)အိပ်ချင်တဲ့စိတ်ကလေးဖြစ်နေယင်ကော.... ( အကဲခတ်ရပါမယ်ဘုရား)။

အဲဒါ ဘယ်သူဟောသတုံးဆိုတော့ ရှင်သာရိပုတ္တရာနဲ့ ဘုရားဟောတယ်....(မှန်ပါ့) ရှင်သာရိပုတ္တရာရော-ဘုရားရော၊ ဟောကွာ... တဲ့၊ ဝိပဿနာဆိုတာ အလွယ်ကလေးပါ....(မှန်ပါ့ဘုရား)

ကိုယ့်စိတ်ကိုယ် အကဲခတ်တတ်လို့ရှိယင် ဝိပဿနာဖြစ်ပါတယ် (မှန်ပါ့)။

ကိုယ့်စိတ်ကိုယ် အကဲခတ်တတ်ယင်....(ဝိပဿနာဖြစ်ပါတယ်ဘုရား) သဘောကျပလား....(ကျပါပြီ)။

ဘာပြုလို့တုံးဆိုတော့ တကာတကာမတွေ့ အိပ်ချင်တဲ့ စိတ်ကလေးလာတယ်၊ အင်း....ဒါ-ဘာပါလိမ့်မတုံးလို့ အကဲခတ်လိုက်စမ်း....(မှန်ပါ့)။

အကဲခတ်လိုက်တဲ့အခါကျတော့.... အကဲခတ်တဲ့ စိတ်သာရှိတော့တယ်၊ အိပ်ချင်တဲ့စိတ်ရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဟာ....ခုနင်က အိပ်ချင်တာ မရှိတော့ဘူးဆိုတော့ မရှိတာ အနိစ္စ၊ အကဲခတ်တာက မဂ္ဂဝိဇ္ဇာ.... (မှန်ပါ့) ပဂ္ဂဝိဇ္ဇာမဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား)။

စိတ်ကလေးက ပျံ့လွင့်တယ်၊ပျံ့လွင့်တဲ့စိတ်ကလေး ရှိသေးလား အကဲခတ်စမ်း ...(မရှိပါဘုရား) မရှိတာ ဘာခေါ်မယ်.... (အနိစ္စပါဘုရား) သိတာက (မဂ္ဂပါဘုရား)။

မရှိမှန်း သိတာက မဂ္ဂဆိုတော့ ဦးမာဒင် မလွယ်လား... ( လွယ်ပါတယ်ဘုရား ) ကဲ....ဦးဘထွေးတို့ ဘယ့်နှယ်တုံး.... (လွယ်ပါတယ်ဘုရား)။

ဘာ အကဲခတ်ရမှာတုံး.... (မရှိတာအကဲခတ်ရပါမယ်ဘုရား) ကိုယ့်စိတ်ကိုယ် အကဲခတ်ရမယ်....(မှန်ပါ့)။

ကိုယ့်စိတ်က ရှေ့နားက၊ အကဲခတ်တာက နောက်ကမဂ္ဂ ... (မှန်ပါ့)။

ကိုယ့်စိတ်က အနိစ္စ....(မှန်ပါ့) အကဲခတ်တာက.... (မဂ္ဂပါဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ပေါ်တိုင်း ပေါ်တိုင်း အကဲခတ်၊ ရှုတဲ့ စိတ်လာလဲ ရှိ-မရှိ အကဲခတ်၊ ရှိုက်တဲ့စိတ်လာကော.... (ရှိ-မရှိ အကဲခတ်ရမှာပါဘုရား) စားချင်တဲ့စိတ်လာယင်ကော....(ရှိ-မရှိ အကဲခတ်ရမှာပါဘုရား)။

အကဲခတ်တော့ ဘာတွေ့သတုံး....( မရှိတာ တွေ့ပါတယ် ) မရှိတာ တွေ့တော့ မရှိတာက ဘာခေါ်မယ်... (အနိစ္စပါဘုရား) အင်း....အကဲခတ်တာဟာ....(မဂ္ဂပါဘုရား)။

ဒီလိုချည့်ဆိုတော့ တကာ တကာမတို့ ကိုယ့်ဝိညာဏက္ခန္ဓာ ပျက်တာ ကိုယ်သိတယ်....(မှန်ပါ)။

ဒါဖြင့် ကိုယ့်ခန္ဓာကြီးဟာ အနိစ္စခန္ဓာဆိုတာ သူများ ပြောလား....ကိုယ့်ဟာ ကိုယ်အကဲခတ်တာနဲ့ သိတာလား.... (ကိုယ့်ဟာ ကိုယ်အကဲခတ်တာနဲ့ သိတာပါဘုရား)။

ဒါဖြင့် အကဲခတ်တာနဲ့ သိတော့ မသိတာက အဝိဇ္ဇာ၊ သိတာက....(ဝိဇ္ဇာပါဘုရား) ဝိဇ္ဇာမဖြစ်ဘူးလား.... (ဖြစ်ပါတယ် ဘုရား)။

ဝိဇ္ဇာဖြစ်တော့ အဝိဇ္ဇာက မချုပ်ဘူးလား... (ချုပ်ပါတယ်) အဝိဇ္ဇာချုပ်တော့ သင်္ခါရကကော....(ချုပ်ပါတယ်)သင်္ခါရချုပ် တော့ကို တကာတကာမတို့ ဒီ ခန္ဓာတွေကကော....(ချုပ်ပါတယ် ဘုရား)။

အဲဒီ ဝိဇ္ဇာတလုံး ဖြစ်လိုက်လို့ရှိယင် ဝိဇ္ဇာ ဖြစ်ကတည်းက ဒိဋ္ဌိကော ရောချုပ်တယ်....(မှန်ပါ)တဏှာကော....(ချုပ်ပါတယ် ဘုရား)။

ချုပ်တယ်ဆိုကတည်းက ဒိဋ္ဌိကြောင့် ခုနင်က အပါယ်ခန္ဓာ ဖြစ်ရတယ်၊ တဏှာကြောင့် အပါယ်ခန္ဓာ ဖြစ်ရတာတွေဟာ

တကာ့တကာမတို့ တသံသရာလုံး ဖြစ်၊ မဂ်တကြိမ် ပေါ်ယင် အကုန်ပျောက်....(မှန်ပါ့)။

ဝိဇ္ဇာ တကြိမ်ပေါ်ယင်....(အကုန် ပျောက်ပါတယ်) ဒါဖြင့် တကာ့တကာမတို့အပါယ်လေးပါးလဲမသွားပါနဲ့တော့....(မှန်ပါ့ဘုရား)။

ဝိဇ္ဇာနဲ့ အပါယ်ကြေးတွေ ဆပ်လိုက်ယင် မပြီးဘူးလား .... ( ပြီးပါတယ်ဘုရား ) ဝိဇ္ဇာနဲ့ ဖြစ်ပျက်သိတဲ့ ဉာဏ်နဲ့ အပါယ်ကြေး ဆပ်လိုက်ယင် မပြီးဘူးလား....(ပြီးပါတယ်)ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ့တကာမတို့ ဘာနဲ့ ကြေးဆပ်ကြမယ်....(ဝိဇ္ဇာနဲ့ ကြေးဆပ်ကြပါမယ်ဘုရား)။

ဝိဇ္ဇာဉာဏ်နဲ့ ကြေးဆပ်ပါ....( မှန်ပါ့ )ဝိဇ္ဇာဉာဏ်ဆိုတာ အလိုလိုပေါ်တာလား.... ဖြစ်ပျက်မြင်မှ ပေါ်တာလား....(ဖြစ်ပျက်မြင်မှ ပေါ်တာပါဘုရား)။

ဒါဖြင့် တကာ့တကာမတို့ ၁-နံပါတ်စိတ်က ဖြစ်ပျက် .... (မှန်ပါ့) ၂—နံပါတ် အကဲခတ်တာက....(မဂ္ဂပါဘုရား) သဘောကျပလား....(ကျပါပြီဘုရား)။

ဒါဖြင့် ၁-နောက်ကို ၂-လိုက်နေယင် အပါယ်တံခါး ပိတ်တယ်....(မှန်ပါ့)။

၁-နောက်ကို....(၂ - လိုက်နေယင် အပါယ်တံခါး ပိတ်ပါတယ်ဘုရား)။

၁-က ဘာပါလိမ့်မတုံး .. (အနိစ္စပါဘုရား) ၂-က ဘာပါလိမ့်မတုံး....(မဂ္ဂပါ)အကဲခတ်တာ....(မှန်ပါ့)။

၁-က ဘာပါလိမ့်မတုံး....(အနိစ္စပါ) ၂-က ဘာတုံး....(အကဲ

ခတ်တာပါ)အကဲခတ်တာ မဂ်မဖြစ်ဘူးလား.... ( ဖြစ်ပါတယ် ) အဲဒါ မဂ္ဂဝိဇ္ဇာဆိုတာပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့် အဝိဇ္ဇာ ချုပ် မချုပ်....(ချုပ်ပါတယ်ဘုရား)အဝိဇ္ဇာ ချုပ်ယင် သင်္ခါရကကော....(ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အပါယ်ခန္ဓာဝိညာဏ်ဟာကော .... ( ချုပ်ပါတယ် ဘုရား )။

ဒါဖြင့် တကာတကာမတို့ ဝိဇ္ဇာမဂ္ဂင်နဲ့ အကဲခတ်လိုက်လို့ ရှိယင် အပါယ်ကြောက်စရာ ရှိသေးရဲ့လား....(မရှိပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ နောက်ဘဝ က လုပ်လာတဲ့ အပါယ်ကြွေးတွေကလဲ ရှိသေးတယ်....(မှန်ပါ) ဒီဘဝ မသိ မလိမ္မာခင်က လုပ်ထားတဲ့ အပါယ်ကြွေးတွေက ကော....(ရှိပါတယ်ဘုရား)။

အဲဒါ ဝိဇ္ဇာတလုံးတည်းနဲ့ ဆပ်လိုက်လို့ရှိယင် တကာတကာ မတို့ ကြွေးတသိန်းတင်နေတာ ဆားတလျက်နဲ့ ကျေပါတယ်.... (မှန်ပါ)။

ကြွေးတသိန်း တင်နေတာ....(ဆားတလျက်နဲ့ ကျေပါတယ် ဘုရား)။

ဆားကလေးတလျက်မှ ခင်ဗျားတို့က မလျက်ချင်ဘူးလား.... (လျက်ချင်ပါတယ်ဘုရား)လျက်လိုက်ယင် အကုန်ပျောက်မယ်ဆို တာ သေချာတယ်မဟုတ်လား....(သေချာပါတယ် ဘုရား)။

ဒါဖြင့် မဂ္ဂင်ဆားတလျက်ကိုဖြင့် လျက်ဖြစ်အောင် လျက် ပါဆိုပြီး ဒီတရားပွဲ သိမ်းလိုက်သည်။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း - မိုးကုတ် ဆရာတော်ဘုရား

အမရပူရမြို့-ဓမ္မာရုံ၌ ဟောကြား ဆုံးမတော် မူသော

( ရှင်ပြု ရေစက်ချ )

# နေ့အလုပ်ပေး-တရားတော်

( ၁၂-၁၀-၆၂ )

အလှူပေးတယ်လို့ ဆိုတဲ့ဥစ္စာ အားလုံး တကာတကာမတွေ မှတ်ထားရမယ်၊ အလှူပေးတယ်ဆိုတဲ့ ဥစ္စာ သူများလက်တွင်း ရောက်သွားတယ်ဆိုယင် လွဲတယ်။

အလှူပေးတော့ အလှူခံပုဂ္ဂိုလ်လက်ထဲ ရောက်သွားတယ် ဆိုလို့ရှိယင်ဖြင့် လွဲပါတယ်။

ဟာ....အလှူပေးတာဘဲဘုရား....၊အလှူခံပုဂ္ဂိုလ်လက်ထဲရောက်သွားတယ်ဆိုယင် လွဲတယ်ဆိုတဲ့ ဥစ္စာ တပည့်တော်များ တသက်လုံး ကြားလာတာဘဲ မယုံကြည်နိုင်ပါဘူး ဆိုလို့ရှိယင်လဲ စောဒက တက်ယင် တက်စရာဘဲလို့ အောက်မေ့ရမယ်။

ဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးပြီးသကာလ နေပါတယ်၊ ထိုကဲ့သို့ ....

သီတင်းသုံးပြီးသကာလ နေတဲ့အခါ နတ်တွေသည်ကား ဆိုလို့ရှိယင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး လာလျှောက်တယ်တဲ့....၊ ဩော်....အလှူပေးတယ် ဆိုတဲ့ဥစ္စာ တခြားလား အောက်မေ့တယ်ဘုရား....ကိုယ် ရ,လိုက်တာပါလားတဲ့.... ဆိုတော့ သူများရလိုက်တယ်လို့ဆိုတာ လွဲထွက်သွားတယ်....။

ကိုယ် ချ,လိုက်တယ်လို့ဆိုတာ ဦးတင်တို့ ဦးသန်းမောင်တို့ မှတ်ရမယ်....(မှန်ပါ့)။

အလှူပေးတာ သူများလက်ထဲ ရောက်သွားတာ မဟုတ်ဘူး။ ကိုယ် ရ,လိုက်တာ။

အားလုံး တရားနာတဲ့ မသောင်းတို့ သေသေချာချာ မှတ်ပါလို့ ဆိုတဲ့ဥစ္စာ မောင်ချစ်လှတို့၊ တကာမကြီးလဲ သေသေချာချာမှတ်၊ ဩော်....အလှူပေးတယ်ဆိုတဲ့ ဥစ္စာ သူများ ရတာ အောက်မေ့နေတယ် မဟုတ်ပါလား၊ မိမိ ရ,လိုက်တာပါလား ဆိုတာ သေသေချာချာ မှတ်ပါ။

ဒီတွင် ဥပမာအားဖြင့် ဘယ်လို ပြလိုက်သလဲ ဆိုတဲ့အခါ.... အိမ်ဘအိမ် မီးလောင်နေတယ်လို့ ဦးတင်တို့... ဦးသန်းမောင်တို့ မှတ်ထားလိုက်စမ်းပါနော်....(မှန်ပါ့)။

လောင်လို့ရှိယင် ဦးတင်အိမ် မီးလောင်တယ်၊ဦးသန်းမောင် အိမ် မီးလောင်တယ်၊ ဦးအောင်ဇံဝေတို့အိမ် မီးလောင်တယ် ထား၊ ရပ်ကြည့်နေလို့ရှိယင်ဖြင့်တဲ့ အိမ်ပေါ်က ပစ္စည်းဟာ ပြောင်သွားတာဘဲ။ ရသလောက်ဆွဲပြီး မီးထဲကနေပြီး သယ်နိုင်သ၍ သယ်ပြီး မီးကင်းတဲ့ နေရာက မလောင်သေးတဲ့ နေရာက သယ်ယူလိုက်မယ် ဆိုလို့ရှိယင်ဖြင့်....တဲ့၊ ဒီပစ္စည်းဟာ မီးထဲပါ

သွားသလား၊ ရသင့်သလောက် ရလိုက်တယ်လို့ ဆိုလို့ရှိယင်ဖြင့် သယ်တဲ့ပုဂ္ဂိုလ်ဟာ ရသင့်သလောက် ရတယ်လို့ ဦးတင် မှတ်ရမယ် (မှန်ပါ့)ဦးသန်းမောင်-မရဘူးလား ....(ရပါတယ်ဘုရား)။

မီးလောင်တာ ရပ်ကြည့်နေယင်တော့ မရတော့ဘူး .... (မှန်ပါ့) သယ်နိုင်သလောက် သယ်ပြီးသကာလ မလောင်သေးတဲ့ နေရာက မောင်ချစ်လှတို့ သယ်ယူလို့ရှိယင်ဖြင့် ထိုက်တန်သလောက် ရလိုက်တယ်လို့ ဆိုပါဦး....(မှန်ပါ့ဘုရား)။

အဲဒီရတဲ့ ပစ္စည်းဟာ ဘယ်သူပိုင်ပါလိမ့်မလဲလို့ မေးလို့ရှိယင်ဖြင့် အို....ကိုယ်ဆွဲထုတ်လို့ ကိုယ်ရလိုက်တာ ကိုယ်ပိုင်တာပေါ့လို့ ဆိုလို့ရှိယင်ဖြင့် အမှန်ဘဲလို့ ဆုံးဖြတ်ချက်ချရမယ်.... (မှန်ပါ့) မချထိုက်ဘူးလား....(ချထိုက်ပါတယ်ဘုရား)။

ဒီမှာလဲ ထို့နည်းအတူဘဲ....တဲ့၊မောင်ချစ်လှတို့- မသောင်းတို့ မခင်တို့မှတ်ရမှာ ခန္ဓာကိုယ်ကြီးကဇာတိမီး၊ဇရာမီး၊မရဏမီးကလဲ လောင်နေတယ်၊ ခန္ဓာအိမ်ကြီးကို ဇာတိမီးကလဲ ဦးသန်းမောင် နေ့တိုင်း လောင်နေတာဘဲ... (မှန်ပါ့ဘုရား)။

ဇရာမီးကလဲ နေ့တိုင်း အိုအောင်လောင်နေတာဘဲ။ မရဏမီးကလဲ နေ့တိုင်း သေအောင်လောင်ပြီးသကာလ နေတာဘဲ.... (မှန်ပါ့)မင်းတွေ၊ စိုးတွေ၊ သူခိုးတွေကလဲ ဒီဥစ္စာတွေကို သူတို့ ချိန်ရွယ်ပြီးသကာလ မလစ်နဲ့ လစ်ယင်ယူမဟ ဆိုပြီးသကာလ နေကြတာဘဲ။ မင်းကလဲ ဘယ်လိုအခွန်အကောက်တွေ ယူရပါမတုံးဆိုတဲ့ ရေ၊မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သော သူတွေကလဲ သူတို့ကလဲ ရာဇတောဝါဆိုတဲ့ မီးတွေ စောရတောဝါ ဆိုတဲ့ မီးတွေကလဲ လောင်လျက်ဘဲ....(မှန်ပါ့ဘုရား)။

အဲဒီလို မီးတွေ လောင်နေတော့ ခန္ဓာကိုယ်ကြီးကလဲမီး လောင်ပစ္စည်းတွေကိုလဲ ရေ့,မီး့,မင်း့, ခိုးသူ့,မချစ်မနှစ်သက်သော သူတို့ကလဲ ယူသွား လောင်သွား ဆောင်သွားဆိုသလို ဖြစ်ပြီး သကာလနေတော့ ဒီထဲကနေပြီးသကာလ ဒို့သားရှင်ပြုမယ်၊ သံဃာတော်တွေအား သင်္ကန်းတွေ, ဘိနပ်တွေ, ခြင်ထောင်တွေ မျက်နှာသုတ်ပုဝါတွေ ကြော်.... ဒို့ရန်သူမျိုးငါးပါး မီးတည်း ဟူသော လောင်နေတဲ့အထဲမှာ ကိုယ့်ဘို့ရအောင် ဆွဲထုတ်လိုက် မယ်။ ဇာတိ,ဇရာ, ဗျာဓိမရဏမီးတွေ ခန္ဓာကိုယ်ထဲ လောင်နေ တာထဲမှလဲ ဉာဏ်နဲ့ဆွဲထုတ်လိုက်မယ်။ တဏှာ, ဒိဋ္ဌိတို့ကစွဲလမ်း နေတဲ့ပစ္စည်းတွေ ဉာဏ်နဲ့ဆွဲထုတ်လိုက်မယ်ဆိုတော့ ဦးအောင် ဇံဝေတို့ဘဲ စဉ်းစားပါ။ ဦးတင်တို့၊ ဦးသန်းမောင်တို့ဘဲ စဉ်းစားပါ။

ခန္ဓာကိုယ်ကြီးကလဲမီးလောင် ပစ္စည်းကလဲ မီးလောင် နေတဲ့ အထဲက မီးမလောင်တဲ့ နေရာကို အလှူရှင်ကမှ ဆွဲမထုတ်လို့ ရှိယင်ဖြင့် ဒီဥစ္စာ အို့, နာ့, သေထဲ ပါသွားမှာဘဲ။ ရန်သူမျိုး ငါးပါးထဲကော....(ပါသွားမှာပါဘုရား)။

**အဲ** .... ပါသွားတော့ ဒါ မီးလောင်တဲ့ထဲ ပါသွားတာ ရပ်ကြည့်နေတဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်လို့မှတ်လိုက်စမ်း....(မှန်ပါ ဘုရား)။

အခုတော့ဖြင့် အခု ဒါနကိုပြုပြီးသကာလ ကြော် .... မီး မလောင်တဲ့နေရာ ပို့ထားမယ်ဆိုတော့ ကိုယ်ကဆွဲထုတ်လိုက်တဲ့ အတွက် မီးမလောင်တဲ့နေရာ ရောက်တဲ့ပစ္စည်းဟာ ဆွဲထုတ်တဲ့ ပုဂ္ဂိုလ်၏ပစ္စည်း....(မှန်ပါဘုရား)။

မီးထဲက ဆွဲထုတ်တဲ့ ပုဂ္ဂိုလ်၏ပစ္စည်းဆိုယင် ဦးသန်းမောင်လွဲပါ့မလား....(မလွဲပါဘုရား)။

ဒါဖြင့် ဒီဘက်က သားဖြစ်တဲ့ မောင်ချစ်လှတို့ မသောင်းတို့ တကာမကြီးတို့ ဒီနေ့ ဘာလုပ်တဲ့နေ့တုံးလို့ မေးတဲ့အခါကျ တော့မှ တပည့်တော်တို့ဘုရား- မီးလောင်မှန်းလဲ ဆရာသမားက ပြောထားလို့ သိနေပါပြီ။ ခန္ဓာကိုယ်ကြီးကလဲ မီးလောင်နေ တာ၊ ပစ္စည်းတွေကလဲ ရေ, မီး, မင်း,ခိုးသူ,မချစ်မနှစ်သက်သော သူဆိုတဲ့ မီးတွေက လောင်နေတာ။ လောင်နေမှန်းသိတဲ့အတွက် ဒါ တပည့်တော်တို့ဖြင့် ဆွဲထုတ်လိုက်တာဘဲ။

မီးထဲက ဆွဲထုတ်ပြီးသကာလ တပည့်တော်တို့ ကိုယ်တိုင် ဆွဲထုတ်တဲ့ နေ့ဘဲလို့ ဆိုလို့ရှိယင် မောင်ချစ်လှတို့- မခင်တို့ မလွဲဘူးလို့ ဆုံးဖြတ်ချက်ချ.... ( မှန်ပါ့ ) မသောင်း မှတ်မိရဲ့ လား....(မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် ယနေ့သည်ကားလို့ ဆိုယင် ခန္ဓာကိုယ်ကြီး ကလဲ အိုဘေး,နာဘေး, သေဘေး မီးလောင်နေတယ်။ ပစ္စည်း တွေကလဲ ရေ,မီး, မင်း ခိုးသူ မချစ်မနှစ်သက်သော သူတို့က လောင်နေတယ်....(မှန်ပါ့ဘုရား)။

ဒီထဲမှာ ဦးသန်းမောင်တို့ လူစုတွေက ဆွဲမထုတ်တော့ဘူး ဆိုယင်ဖြင့် လောင်တဲ့အထဲ ပါသွားမှာဘဲ၊ မပါပေဘူးလား.... (ပါ-ပါတယ်ဘုရား)။

ဒါ့ကြောင့် အလှူပေးတာ သူများရတာလားလို့ နဂိုရ်က မေးခဲ့ပါတယ်။ သူများလက်ထဲ ရောက်သွားတာလား၊ ကိုယ်မီး ထဲက ဆွဲထုတ်လို့ ကိုယ်ရလိုက်တာလားဆိုတာကို တေဘန်ဘို

အရေးကြီးလာတယ်.... ( မှန်ပါ့ ) ဘယ့်နှယ်ဝေဘန်ကြမလဲ.... (ကိုယ်မီးထဲက ဆွဲထုတ်တာပါဘုရား)။

ကိုယ့်အိမ်မီးလောင်နေလို့ ကိုယ်ဆွဲထုတ် ကိုယ်ရတာပေါ့ ဦးသန်းမောင်ရေ....(မှန်ပါ့) သူများရတာလား....(ကိုယ်ရတာပါ ဘုရား)။

ဒါဖြင့်အလှူပေးတာသည် သူများလက်ထဲ ရောက်သွားတာ လား၊ကိုယ်ရတာလားလို့ ဆိုလို့ရှိယင် ဘယ်လို ဆုံးဖြတ်ချက် ချမလဲ-(ကိုယ်ရတာပါဘုရား)။

အဲဒါ တကာတကာမတွေက ရှေးထုံး ရှေ့နည်း တွေနဲ့ ပြောဆိုနေတဲ့မောင်ချစ်လှတို့-မသောင်းတို့-မခင်တို့က အလှူပေး တဲ့အတွက် ထိုက်တန်သလောက်တော့ဖြင့် ကုန်သွားတာဘဲလို့ မေးကြတယ်....(မှန်ပါ့ဘုရား)။

အဲဒါ လွဲပါတယ်၊ နောင်ကို မေးချင်ကြလို့ရှိယင် ခင်ဗျား တို့ ပညာမျက်စိတပ်ပြီး မေးလိုက်ယင် မင်းအလှူဘယ်လောက် ရလိုက်သတုံး မေးဘို့သင့်တယ်....(မှန်ပါ့ဘုရား)။

ဦးသန်းမောင်ကြီးတို့က ဘယ်လောက်ကုန်သွားသတုံး မေး ချင် မေးနေဦးမှာ ကန့်လန့် .... ( မှန်ပါ့ ) ကန့်လန့်မေးချင် မေးနေဦးမှာ။

အဲဒီတော့ မောင်ချစ်လှတို့၊ မသောင်းတို့ သူများကမေးလို့ ရှိယင်ဖြင့် အကြောင်းတိုက်ဆိုင်လို့ မေးခဲ့သော် မင့်အလှူ ဘယ် လောက် ရလိုက်သတုံးမေးယင်· မှန်တယ်။ ဘယ်လောက်ကုန် သွားသတုံး မေးလို့ရှိယင်ဖြင့် ဟိုမီးဘက်က မေးတာနဲ့တူတယ်၊ သဲအိတ်ဘက်က မေးတာနဲ့မတူဘူး၊ တူသေးရဲ့လား .... (မတူ ပါဘုရား)။

အဲဒါ ဥာဏ်နဲ့ စဉ်းစားကြည့်တော့မှ မောင်ချစ်စိန်တို့ ခြေဉ်... မီးလောင်တဲ့အထဲက ဆွဲထုတ်တဲ့ဥစ္စာကို မီးလောင်တဲ့ ပုဂ္ဂိုလ်သာ ရ-ထိုက်တဲ့ပစ္စည်းဖြစ်နေလို့ သူဆွဲထုတ်လို့ သူရတာ။

အခုလဲ ခန္ဓာကိုယ်ကြီးကလဲ အိုဘေး, နာဘေး, သေဘေး မီးလောင်နေတယ်။ ဆဲ့တပါးသော မီးတွေကလဲ လောဘ, ဒေါသ, မောဟ, သောက, ပရိဒေဝ, ဒုက္ခ ဒေါမနဿ ဥပါယာသ ဆိုတဲ့ ဆဲ့တပါးသော မီးကလဲ ခန္ဓာကိုယ်ကြီးလောင်နေတယ်။

ပစ္စည်းတွေကလဲ ရေ-မီး- မင်း- ခိုးသူ မချစ်မနှစ်သက်သော သူတို့က လောင်ပြီးသကာလ သူတို့ ယူနေကြတာဘဲ။ဒီအထဲကမှ ဒို့သားရှင်ပြု ကထိန်ခင်းဆိုပြီး သကာလ အလှူပွဲကြီးကို မရ ရအောင် ထုတ်ယူလိုက်ဦးမှာဲ ဆိုပြီးသကာလ။ နို့မဟုတ်လို့ ရှိယင်လဲ ခန္ဓာကလဲကုန်၊ပစ္စည်းကလဲမီးလောင်လို့ကုန်၊ဆွဲမထုတ် လို့ရှိယင်ဖြင့် ဦးတင်တို့ ဦးသန်းမောင်တို့....ရ,လိုက်ပါဦးမလား (မရလိုက်ပါဘုရား)။

ဒါဖြင့် ဒီအလှူ ဘယ်လောက် ရလိုက်သတုံးလို့ မေးရမလား ဒီအလှူ ဘယ်လောက် ကုန်သွားသတုံးလို့ မေးရမလား ။ကဲ.... ဦးတင်ဘဲ တရားသူကြီးလုပ်ပြီး ဆုံးဖြတ်ချက် ချမ်းပါ-(ဒီအလှူ ဘယ်လောက် ရသတုံးလို့ မေးရမှာပါဘုရား)။

ဘယ်လောက် ရလိုက်သတုံးလို့ မေးရမှာ၊ မီးလောင်နေတဲ့ အထဲက ဆွဲထုတ်တာ (မှန်ပါ့)။

လောဘမီး,ဒေါသမီးနဲ့ စားသောက် သုံးပစ်လိုက်လဲ ဦး သန်းမောင် ကုန်သွားမှာဘဲ....(မှန်ပါ့) မကုန်ဘူးလား....(ကုန် ပါတယ်ဘုရား)။

ဥပမာ....လောဘမီး ဒေါသမီး မောဟမီးတွေနဲ့ သုံးဖြုံး ပစ်လိုက်လို့ရှိယင်လဲ လောဘမီး ဒေါသမီးလောင်လို့ ကိုယ့်မှာ စုထားတဲ့ ပစ္စည်းတွေ ကုန်သွားတာဘဲ....(မှန်ပါ့)။

တနည်း... မင်းကလဲ မင်းတို့ပစ္စည်း အကုန်သိမ်းမယ်ဟေ့....' တနည်းအားဖြင့်လဲ အမြတ်တော်ကြေးက အများကြီး ချပစ် လိုက်မယ်ဟေ့ .... ဆိုလို့ရှိယင်လဲ မင်း မီးလောင်သွားတာနဲ့ ဦးအောင်ဇေ့ယျ ကုန်သွားတာဘဲ....(မှန်ပါ့) မဟုတ်ဘူးလား.... (မှန်ပါ့ဘုရား)။

အဲဒီလို ကုန်သွားတဲ့ အထဲကမှ ဒါတွေ ကုန်မှာ သိနေ တာ။ လောင်နေတာ သိနေတဲ့အခါကျလို့ရှိယင် ဆဲ့မှ မထုတ်တော့ဘူးဆိုလို့ရှိယင်ဖြင့် ဦးသန်းမောင် ကိုယ်ပိုင် ရလိုက်စရာ မြင်သေးရဲ့လား... (မမြင်ပါဘုရား)။

ဒါဖြင့် ဒီနေ့ အလှူပွဲကြီးသည် ထီးတွေ၊ဘိနပ်တွေ၊ ပစ္စည်း တွေ၊ သင်္ကန်းတွေ၊ ခြင်ထောင်တွေ၊ မျက်နှာသုတ်ပုဝါတွေ၊ သံဃာ ၂၀၀-စာ သီလရှင်တွေလဲ ထိုက်တန်သလောက်လှူပြီး သကာက ၅-ရက်နေ့ ၄-ရက်နေ့ကို လှူကြ၊ပေးကြ၊ကမ်းကြမယ် လုပ်ပြီ- အလှူသာဆိုရတယ်....တဲ့။ လှူတော့ လှူလိုက်တာဘဲ တဲ့။ အလှူခံပုဂ္ဂိုလ်မှာတော့ ပစ္စည်းသာရလိုက်၍ ကိုယ့်မှာ တော့ သူတော်ကောင်း ရတနာရလိုက်တယ်....(မှန်ပါ့)။

သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့နိဗ္ဗာန်သွားရတနာတွေ ရလိုက်တယ်....(မှန်ပါ့)။

အလှူခံပုဂ္ဂိုလ်မှာတော့ အခုပြောတဲ့ ပစ္စည်းသာ ရလိုက် တယ်....(မှန်ပါ့)။

အလှူပေးတဲ့ ပုဂ္ဂိုလ်မှာတော့ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာဆိုတဲ့ သူတော်ကောင်း ရတနာတွေ ရလိုက်တဲ့ အတွက်ကဲ့ ဒီလိုတွက်လိုက်ပြန်တော့လဲ ကုန်သွားတာလား- ရလိုက်တာလား မေးလို့ရှိယင် မောင်ချစ်လှတို့၊ မသောင်းတို့ ဘယ့်နှယ်ဖြေမလဲ....(ရလိုက်တာပါ) ရလိုက်တာလို့ သေသေချာချာမှတ်ပါနော်....(မှန်ပါ့ဘုရား)။

ဟိုက....တကာမကြီး ကြွားရဲ့လား....( မှန်ပါ့ )ကြွားတယ်နော်....(မှန်ပါ့)ကြွားမှ-ကြွားမှ အသံကလဲ မထွက်ဘူး။

အဲဒီတော့ ဒီနေ့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဉာဏ်အမြင်ထူးခြားလာတဲ့အတွက် ကဲ .. ဒို့ဆရာဘုန်းကြီးဆီကို သွားကြစို့၊ ဒီမှာရှိတဲ့ သံဃာတွေလဲ ကထိန်ခင်းပြီးသကာလ သားကလေးရှင်ပြုကြစို့ ဆိုကဲ့ ဥစ္စာက မီးလောင်မှုန်းသိလို့ ဉာဏ်မျက်လုံးနဲ့ပွင့်လာတာ။ ခါတိုင်းတော့ အဝိဇ္ဇာမျက်လုံးနဲ့မို့ လောင်မှန်းမသိဘူး။

အခုတော့ ဉာဏ်မျက်လုံးပွင့်ပြီး မီးလောင်နေဟယ်ဟော့၊ ဒို့အမရပူရတောင်မြို့ သွားပြီးသကာလ ဆွဲယူတော်ပြီးသကာလ ကိုယ်ပိုင်လုပ်ကြစို့တော့ ဆိုပြီးသကာလ မျက်လုံးပွင့်ကဲ့ မြို့ဆိုလို့ရှိယင်လဲ ဦးတင်တို့၊ ဦးသန်းမောင်တို့ မလွဲဘူး ... (မလွဲပါဘုရား)။

မျက်လုံးမပွင့်လို့ စုသာနေမယ်ဆိုယင် စုရင်း လောဘမီး, ဒေါသမီးက သုံးပစ်လို့ကုန်ရင်း ရေ, မီး, မင်း, ခိုးသူတွေရဲ့ အချိန်ကျလာယင် အခွန်ဆောင်လိုက်ရရင်း, ပေးလိုက်ရရင်း ဆိုတော့ ခါတိုင်းတော့ဖြင့် စုလိုက်-ကုန်လိုက်- စုလိုက်-ကုန်လိုက်

မီးလောင်လိုက်။ ဒီလိုချည့်ဖြစ်နေတာ အခုတော့ အကုန်မီးလွတ်ရာ ပို့ပါတော့မယ်ကွာ၊ မီးလောင်မှန်း သိနေတဲ့ဥစ္စာ ဒို့ဟာဒို့ ဆွဲထုတ်ပြီးသကာလ မီးဘေးက ဆွဲထုတ်ပြီးသကာလ ပို့ပါတော့မယ်။ထားပါတော့မယ်ဆိုတော့ကို ဦးအောင်ဇေဝတို့ဘဲ စဉ်းစားပါတဲ့၊ ကုန်သွားတာလား- ရလိုက်တာလား....(ရလိုက်တာပါဘုရား)။

ဒါဖြင့် နောက်ဂွပြောနေတယ် ဒို့ဆရာဘုန်းကြီးကလို့ ဆိုကြမလား၊ လောကကြီးက လှဲနေတာလား၊ဆရာသမားကလှဲနေတာလားလဲ ကြည့်ကြပါဦး....(လောကကြီးက လှဲနေတာပါဘုရား) လောကကြီးက လှဲနေတာ။

ဦးသန်းမောင်တို့ နှုတ် ကောင်းကောင်းနဲ့ ကိုယ့်မိတ်ဆွေ သင်္ဂဟတွေက မင့်အလှူ ဘယ်လောက် ကုန်သတုံး ဟေ့။ အံ့မာ....သွားများမေးလိုက်သေးတယ်....(မှန်ပါဘုရား)။

သွားများ မေးလိုက်သေးတယ် ဘယ်လောက်ကုန်သတုံး .... လို့၊ ဘယ်လောက် ရလိုက်သတုံးဟေ့ ဆိုလို့ရှိယင် ဒါတည့်တယ်....(မှန်ပါ)မဟုတ်ဘူးလား....(ဟုတ်ပါဘယ်ဘုရား)။

ဘယ်လောက် ကုန်သွားသတုံး ဆိုလို့ရှိယင်ဖြင့်....တဲ့၊ မီးလောင်တာမှ ကုန်တယ် ပြောရတယ်.... ( မှန်ပါ ) ဆွဲထုတ်လို့ရတာကျတော့....( ကုန်တယ်လို့မပြောရပါ ) ဆွဲထုတ်လို့ရတဲ့ဟာတော့ ရတယ်လို့ ပြောရတယ်....(မှန်ပါဘုရား)။

ယနေ့တော့ဖြင့် ဒီတကာတကာမတွေဟာ မီးထဲကဆွဲထုတ်လို့ ရလိုက်ကာ၊ ရပြန်တော့လဲ အရမ်းဆွဲထုတ်ဘာလား- ဟုတ်လား။ မသိမလိမ္မာဘဲနဲ့ အရမ်းဆွဲထုတ်တာလား။ မျက်လုံး

မြင်မြင်နဲ့ ကောင်းဘာရွေးထုတ်တာလား ဆိုတဲ့ ဆွဲထုတ်မှုကလဲ နှစ်မျိုးရှိသေးတယ်....(မှန်ပါ့ဘုရား)။

မီးထဲက ဆွဲထုတ်တဲ့ဥစ္စာလဲ နှစ်မျိုးရှိပါသေးတယ်၊ ဘယ်လို နှစ်မျိုးရှိသလဲဆိုယင်ဖြင့် နိဗ္ဗာန်တည်းဟူသော ရတနာမြတ်ကြီး လိုချင်လို့ နိဗ္ဗာန်ဆွဲထုတ်တာက တမျိုး လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ရောက်ကြောင်း ပစ္စည်းတွေဆွဲထုတ်တာက တမျိုး.... (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့မီးထဲကဆွဲထုတ်ပေမဲ့လဲ ဦးအောင်ဇေ၀တို့ ဦးသန်း မောင်တို့ ဆွဲထုတ်တတ်ဦးမှ....(မှန်ပါ့) အလကား ဒီ မီးလောင် လို့ စဉ့်အိုးကြီးတွေ ဆွဲထုတ်နေလို့ အပိုပေါ့ဗျာ- ဟင် .... (မှန်ပါ့ဘုရား)။

စဉ့်အိုးတွေ ဆွဲထုတ်နေလို့ ဒါတွေဟာအပိုပေါ့၊ ထင်းတွေ ဆွဲထုတ်နေလို့ အပိုပေါ့တဲ့ လောင်နေတဲ့ဥစ္စာ၊ ဒါတွေ လောင် လို့တော့ ဘာအရေးကြီးစရာရှိသတုံး ...(မှန်ပါ့ဘုရား)။

ခုနင်က ပြောခဲ့တဲ့ နိဗ္ဗာန်ရတနာကြီးကို ဆွဲထုတ်မိတယ်။ ပညာမျက်စိနဲ့ကြည့်ပြီးသကာလ နိဗ္ဗာန်ရောက်ကြောင်းကို ဆွဲ ထုတ်မိမယ် ဆိုလို့ရှိယင် အတည့်ဘဲ....(မှန်ပါ့ဘုရား)။

လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ဆွဲထုတ်မိမယ်ဆိုယင် ဆွဲ ထုတ်မိတဲ့နေရာ နောက်ကမီးက ကူးပြီး လောင်ပြန်တယ် .... (မှန်ပါ့)သဘောပါကြပလား....(ပါ-ပါပြီဘုရား)။

ဒါဖြင့် ဆွဲထုတ်နည်းကလဲ ဦးသန်းမောင် လိုသေးသဗျာ.... (မှန်ပါ့)အရမ်းဆွဲထုတ်တာ တမျိုး၊မျက်လုံးအမြင်နဲ့ ဆွဲထုတ် တာတမျိုးဆိုတာကော မောင်ချစ်စိန် မှတ်မိပလား .... (မှတ်မိ ပါပြီဘုရား)။

အဲဒါကြောင့် ယနေ့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မောင် ချစ်လှတို့၊ မသောင်းတို့ လူစုနဲ့ တကာမကြီးတို့က သြော်....ဒို့ မီးထဲကဆွဲထုတ်ပေမဲ့ အဘိုးတန်တွေကို ဆွဲထုတ်ပြီး ကိုယ်ပိုင် လုပ်တာဘဲဆိုတော့ နိဗ္ဗာန်ရောက်ကြောင်းကိုသာ ဆွဲထုတ်လိုက် တာ။ နိဗ္ဗာန်ရောက်ကြောင်း ပစ္စည်းကိုလဲ ဆွဲထုတ်လိုက်တယ်၊ နတ်ပြည်ရောက်ကြောင်း ပစ္စည်းတွေကို ဆွဲထုတ်ဘို့ အရေးမကြီး ဘူး ဆိုပြီးသကာလ ယနေ့သည် နိဗ္ဗာန်ရောက်ကြောင်း ပစ္စည်း ကိုသာလျှင် လိုချင်လို့ ရေစက်ချပွဲကြီးကို ဆင်နွှဲပါ၏ဆိုတာ ဆုံးဖြတ်ချက်ချရမယ်....(မှန်ပါဘုရား)။

နှစ်မျိုးရှိသွားပြီနော်.... ( မှန်ပါ ) နှစ်မျိုးရှိသွားပြီဆိုတာ သေသေချာချာမှတ်ပါ....(မှန်ပါဘုရား)။

ဆွဲထုတ်နည်းကလဲ နှစ်မျိုး၊ ပဌမ ကုန်တာနဲ့ ရတာကိုဝေဘန် တာက တမျိုး....(မှန်ပါဘုရား)။

ကုန်တာနဲ့ ရတာ ဦးသန်းမောင် ဒီနေ့ ကုန်တဲ့နေ့လား· ရတဲ့နေ့လား....(ရတဲ့နေ့ပါဘုရား)။

ဆွဲထုတ်ပြန်တော့လဲ အသုံးမကျတာ ဆွဲထုတ်လို့ဥာဏ်မပါ တဲ့နဲ့ဆွဲထုတ်တာက တမျိုး၊ အသုံးမဖြစ်နိုင်တာ ဆွဲထုတ်လို့ ရတာကတမျိုးဆိုတော့ မျက်စိမမြင်တဲ့လူ ဆွဲထုတ်တာက တမျိုး ကိုးဗျ....(မှန်ပါ) မျက်စိမြင်တဲ့လူ ဆွဲထုတ်လို့ရတဲ့ပစ္စည်းက .... (တမျိုးပါဘုရား) တမျိုးဆိုတော့ အခု တရားဟောတာသည် နာရီဝက်နီးသွားပြီ တကာတကာမတို့ နှစ်မျိုးတော့ မှတ်ဘို့ တော့ ကောင်းပြီ..( မှန်ပါ ) ဦးသန်းမောင် မှတ်မိပလား.... (မှတ်မိပါပြီဘုရား)။

မှတ်မိပြီတဲ့၊ ဦးအောင်ဇံဝေကော မှတ်မိပလား .... (မှတ်မိပါပြီဘုရား)။

တချို့ပုဂ္ဂိုလ်များ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်လိုချင်လို့ မီးထဲက ဆွဲထုတ်ပြီးသကာလ လှူလိုက်တယ်- တန်းလိုက်တယ်၊ ပေးလိုက် ကမ်းလိုက်တယ်ဆိုတာ မီးကူးလောင်တာ .... (မှန်ပါ့ဘုရား)။

ဒီမှာလဲ လောင်လျက်ဘဲ။ ဟိုရောက်ရာတွေမှာလဲ လူ့ပြည် နတ်ပြည်၊ ဗြဟ္မာ့ပြည် ဒီခန္ဓာကြီးနဲ့ ဒီပစ္စည်းတွေ မလောင်ပေဘူးလား- လောင်မလား....(လောင်ပါတယ်ဘုရား)။

ဒါဖြင့် မီးကူးတော့ ဒီနေရာကတော့ ဆွဲထုတ်တယ်၊ဟိုနေရာကျမှ ဆက်လောင်တဲ့ဥစ္စာမျိုး ဆွဲထုတ်ငြားသော်လဲ မျက်စိမမြင်တဲ့ လူ ဆွဲထုတ်တဲ့ ပစ္စည်းဖြစ်လေသောကြောင့်၊ ဒါလဲမီးထဲက ဆွဲထုတ်လို့ ရလိုက်ပါရဲ့။ ရပေမဲ့လဲ မီး ဆက် လောင် လို့ မကောင်းဘူး....(မှန်ပါ့)ရှင်းပလား ... (ရှင်းပါပြီ) ယနေ့တော့ မောင်ချစ်လှတို့၊ မသောင်းတို့ တကာမကြီးတို့က ဆွဲထုတ်တာသည်ကားလို့ ဆိုသို့ရှိယင်ဖြင့်တဲ့ အဘိုးမဖြတ်နိုင်တဲ့ ပစ္စည်းကို ဆွဲထုတ်မယ်ဆိုတော့ နိဗ္ဗာန်ကိုသာလျှင် ရကြောင်းပစ္စည်းကို ဆွဲထုတ်ပါမည်ဆိုပြီး မအို့မသေအမြဲနေတဲ့နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်နဲ့သာ ဆွဲထုတ်ပါမယ် ဆိုပြီးသကာလ ယနေ့ အလှူပွဲဆင်နွဲတဲ့အတွက်ဆွဲထုတ်တဲ့အထဲက နောင် မီးမလောင်မဲ့ ပစ္စည်းကို ရပါတယ်...(မှန်ပါ့)။

လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ဆုတောင်းပြီး လှူကြ၊ ပေးကြ၊ ကမ်းကြမယ်ဆိုယင် လူ့ပြည်၊ နတ်ပြည်တော့ ဖြစ်မှာဘဲ၊ မီးလောင်စရာ ပစ္စည်းဘဲ ပြန်ရတယ်....(မှန်ပါ့)။

ဟာ....နိဗ္ဗာန်ရောက်ကြောင်းကိုသာ တပည့်တော်တို့ ယနေ့ လုပ်ပါတယ်ဆိုယင်ဖြင့်တဲ့.. ဘုန်းကြီးတို့ တကာတကာမတွေမှာ မီးမလောင်တဲ့ ပစ္စည်းကို ဆွဲထုတ်မိတဲ့အတွက် အဘိုး မဖြတ်နိုင်တဲ့ ပစ္စည်း အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကြီးကို ဆွဲထုတ်မိတဲ့အတွက် အလှူပေးတဲ့ အလုပ်ဟာ အင်မတန်မှ ဥာဏ်ပါတဲ့ အလုပ်၊ ဆွဲထုတ်ယူတာထဲမှာလဲ မှန်ကန်စွာ ဆွဲထုတ်နိုင်တဲ့ ဥာဏ်စွမ်းရှိတယ်ဆိုတာ ဦးသန်းမောင် ဆုံးဖြတ်ချက်ချပါ... (မှန်ပါ)။

ဒီစကားနှစ်လုံးဟာ မောင်ချစ်စိန် အရေးမကြီးဘူးလား.... (ကြီးပါတယ်ဘုရား)အင်မတန် အရေးကြီးတယ်ဆိုတာ ဆွဲထုတ်တောင်မှ ထုတ်တတ်ဦးမှ၊ စိုးစိုးစပ်စပ် ဆွဲထုတ်နေပြီး အရှုံးလုပ်ထုတ်နေလို့လဲ ဦးသန်းမောင် တော်ပါ့မလား.... (မတော်ပါဘုရား)။

တကယ့် အနဂ္ဃ·အဘိုးမဖြတ်နိုင်တာ ထိုက်တန်တဲ့ နိဗ္ဗာန်ရကြောင်းကြီး ဆွဲထုတ်လိုက်တော့မှ သူ့ မပြတ်တဲ့ ပစ္စည်း....၊ မပျောက်တဲ့ ပစ္စည်း၊ မပျက်တဲ့ ပစ္စည်းရတယ်လို့ ဆုံးဖြတ်ချက်ချလိုက်စမ်းပါ....(မှန်ပါ)။

ဒါဖြင့် မီးထဲက ဆွဲထုတ်ပေမဲ့ အကန်းဆွဲထုတ်တာနဲ့ အမြင်ရှိတဲ့ ပုဂ္ဂိုလ် ဆွဲထုတ်တာနဲ့ ဦးတင် မခြားနားဘူးလား....(ခြားနားပါတယ်ဘုရား)ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

အဲဒါ ဦးသန်းမောင် ဒီရောက်လို့ ကြားရပြန်ပြီ ထူးထူးဆန်းဆန်းတွေ....(မှန်ပါ) မကြားရသေးဘူးလား— (ကြားရပါပြီဘုရား)။

ကြားရပြီ၊ ဆွဲထုတ်နည်းက မီးလောင်လို့ ဆွဲထုတ်လို့ ရတဲ့အထဲကပေမဲ့ အဘိုးတန်-မတန် ရှိသေးတယ်၊ ဆွဲထုတ်တဲ့နည်းက မှန်ဦးမှ....( မှန်ပါ့ဘုရား )မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ခုနင်က လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း ပစ္စည်းတွေကိုဆွဲထုတ်မိလို့ရှိယင် ဆွဲထုတ်တဲ့ ပစ္စည်းနဲ့ လူ့ပြည်၊နတ်ပြည်၊ဗြဟ္မာ့ပြည် ယူလိုက်မယ်ဆိုယင်လဲ မီးကူးစက်လောင်ဦးမှာဘဲ....(မှန်ပါ့)။

ဟော....ဒီဆွဲထုတ်တဲ့ ပစ္စည်းနဲ့ နိဗ္ဗာန်တည်းဟူသော အရပ်သွားတော့မယ်ဆိုလို့ရှိယင်လဲ မီးကူးစက်လောင်စရာ ရှိသေးရဲ့လား....( မရှိပါ )ဆယ့်တပါးသော မီးငြိမ်းတာ နိဗ္ဗာန်မဟုတ်လား....(မှန်ပါ့)။

အဲဒါကြောင့် ဆွဲထုတ်တဲ့ မီးကပေမဲ့ ဦးသန်းမောင် မလိုဘူးလား....(လိုပါတယ်ဘုရား)။

အရမ်းဆွဲထုတ်လို့ရှိယင် အရမ်းဖြစ်တာဘဲ....(မှန်ပါ့) အမြင်မှန်နဲ့ ဆွဲထုတ်လို့ရှိယင် အမြင်မှန် ရတာဘဲဆိုတာ ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ကဲ....ဒါဖြင့် မောင်ချစ်လှတို့ မသောင်းတို့ ယနေ့ အလှူပွဲကြီးသည် မအို့မသေ အမြဲနေတဲ့ နိဗ္ဗာန်ကြီးကို မီးထဲက ဆွဲထုတ်တဲ့ ပစ္စည်း ရလိုက်တာဘဲ၊ မီးလောင်နေမှန်း သိလို့ မီးက ဒုက္ခသစ္စာ၊ မီးလောင်နေတာကို သိလို့ ဆွဲထုတ်နိုင်တဲ့ ဉာဏ်က မဂ္ဂသစ္စာ ဖြစ်နေသောကြောင့် ဒီမဂ်မှသာလျှင် မအို့မသေ အမြဲ

နေတဲ့ နိဗ္ဗာန်ကို ပို့ဆောင်နိုင်တဲ့ ယာဉ်ရထားကြီး **ကေန်** ဖြစ်နေသောကြောင် ငါတို့သည် နိဗ္ဗာန်သွားကြောင်း ယာဉ်ရထားကောင်းကို အခု ကိုယ်တိုင်ရတဲ့ နေ့ဘဲဆိုတာ ဆုံးဖြတ်ချက်ချပါ၊ မိုးကင်းရာသို့ဖြင့် ရောက်ပေပြီဆိုတဲ့ ဆုံးဖြတ်ချက်ကိုလဲ ချဖြစ်အောင်ချပါဆိုတာ ဆရာသမားက သတိပေးလိုက်တယ်နော် .... (မှန်ပါ့ ဘုရား)။

ကိုင်း .... ဒါဖြင့် ဩော် .... နေရာကျပါပေါ့လား၊ သုံးဆယ့်တဘုံ အပြင်ဘက် ထုတ်တာပါလား....(မှန်ပါ့)။

ခင်ဗျားတို့ ပစ္စည်းသည်ကားလို့ဆိုယင် မီးထဲက ဆွဲထုတ်ပြောသော်လဲ သုံးဆယ့်တဘုံအတွင်း ထုတ်မိလို့ရှိယင် ဒီနေ့ မလောင်ယင် ဟိုနေ့ လောင်ဦးမှာဘဲ....(မှန်ပါ့)။

သုံးဆယ့်တဘုံက မီးဟုန်းဟုန်း တောက်တဲ့ ဘုံကိုး .... (မှန်လှပါဘုရား)။

ဒီနေ့ မလောင်ယင် ဟိုနေ့ လောင်ဦးမှာဘဲဆိုတာ သိနေတော့ ဒါဖြင့် ဒီနေ့ ဆွဲထုတ်တဲ့ ပစ္စည်းဟာ နိဗ္ဗာန်အရောက် ဆွဲထုတ်နိုင်တဲ့အတွက် မီးမလောင်တဲ့ နေရာ ဆယ့်တပါးသော မီးတို့၏သိမ်းရာ ငြိမ်းရာ မလောင်နိုင်ရာ အရပ်ကို ပို့လိုက်တဲ့အတွက်တဲ့....သမ္မာဒိဋ္ဌိမျက်လုံးရှိတဲ့ ပုဂ္ဂိုလ်၏ အလှူပွဲကြီး ဆိုယင်ကောလွဲပါ့မလား....(မလွဲပါဘုရား)။

ဦးသန်းမောင် အရေးမကြီးဘူးလား....(ကြီးပါတယ်ဘုရား) လှူပေမဲ့ ရော့... အင့်ဆိုတဲ့ ဥစ္စာက အလွယ်ကလေးပေါ့ဗျာ.... (မှန်ပါ့ဘုရား)။

တကယ်အဘိုးတန်ကို မီးထဲက ဆွဲထုတ်ပြီးသကာလ မီးလွတ်တဲ့ နေရာ တကယ်ပို့မှုကျတော့ တကယ်ကို သိမှသာလျှင် .... တကယ် အဘိုးတန်တယ်ဆိုတဲ့ ဥစ္စာ ပေါ်လာပါတယ်နော် .... (မှန်ပါ့ဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒါကြောင့်....

အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။

တံတဿ ဟောတိ အတ္ထာယ၊ နောစ ယံ တတ္ထ ဍယှတိ။

ဒါ ဒီအတိုင်း ပါဠိတော်မှာ လာပါတယ် .... ( မှန်ပါ့ ) အာဒိတ္တသ္မိံ အဂါရသ္မိံ=မီးလောင်နေတဲ့ အိမ်၌၊ ယံ ဘာဇနံ = အကြင် အဘိုးထိုက်တန်တဲ့ ပစ္စည်းကို၊ နီဟရတိ=ထုတ်ဆောင်၏၊ တံ=ထိုထုတ်ဆောင်တဲ့ ပစ္စည်းသည်၊ တဿ = ထိုသယ်ယူသော ပုဂ္ဂိုလ်၏၊ အတ္ထာယ=အကျိုးငှါသာလျှင်၊ ဟောတိ=ဖြစ်၏။ နောစယံ တတ္ထဍယှတိ....တဲ့၊ မီးထဲက ဆွဲမထုတ်ဘဲ ပုဂ္ဂိုလ်အားတဲ့ ဆွဲထုတ်လို့ ရတဲ့ ပစ္စည်းတော့ မီးမလောင်တော့ဘူး။ ဆွဲမထုတ်လို့ ဒီအတိုင်းဘဲ စားရေး, သောက်ရေး, နေရေး, ထိုင်ရေး,ဝတ်ရေး, မင်းရေး, စိုးရေးနဲ့ ဆိုလို့ရှိယင်လဲ ဒါ အကုန်မီးလောင်သွားတာဘဲတဲ့၊ ဘာမျှး ကိုယ့်ဘို ရလိုက်တယ်လို့ကို ဦးသန်းမောင် ရှိသေးရဲ့လား....(မရှိပါဘုရား) သဘောပါကြပလား.... (ပါပါပြီဘုရား)။

"ဧဝံ အာဒိတ္တကော လောကော" တဲ့....။ လောကကြီးမှာ ဒီလို မီးလောင်နေပါတယ်ကွာ... တဲ့။ အာဒိတ္တသုတ် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်မှာလို့ ဦးတင်က မှတ်လိုက်.... (မှန်ပါ့) အာဒိတ္တသုတ်=မီးလောင်ပုံကို ဟောတဲ့ သုတ်တဲ့....။

ကဲ....ဒါဖြင့် "စေ၀ံ အာဒိတ္တကော လောကော"လောကကြီးဟာ ခန္ဓာကိုယ်လဲ မီးလောင်နေတာဘဲတဲ့။ ပစ္စည်းလဲ မီးလောင်နေတာဘဲတဲ့....(မှန်ပါ့)။

ဘာလောင်သလဲဆိုတော့ခန္ဓာကိုယ်ကျတော့"ဇရာယ မရဏေနစ"တဲ့၊ ခန္ဓာကိုယ်ကျတော့ ဇရာမီး-မရဏမီးကလောင်နေတယ်တဲ့၊ ပစ္စည်းကျတော့ ရေ-မီး-မင်းခိုးသူ- မချစ် နှစ်သက်သောသူတို့က လောင်နေတယ်တဲ့၊ ဆယ့်တပါးသော ကိလေသာမီးကလောင်နေတယ်....တဲ့။

"နီဟရေထေဝဒါနေန"တဲ့၊ ဒီဒါနနဲ့မှ မီးအထဲက ထုတ်မယူလို့ရှိယင် ဒီ့ပြင် ထုတ်ယူတဲ့နည်းက ရှိကိုမရှိတော့ဘူးတဲ့၊ ဒီလိုမှမီးထဲက ဆွဲမထုတ်လို့ရှိယင်လဲ ရကို မရနိုင်တော့ဘူး....တဲ့။

ဒါ့ကြောင့် "ဒိန္နံ သုခဖလံ ဟောတိ"တဲ့၊ အဲဒီ လှူတဲ့ ဥစ္စာသည် သုခဆိုတဲ့ နိဗ္ဗာန်, ဖလဆိုတဲ့ အကျိုးနိဗ္ဗာန်၊ အဲဒီ့ နိဗ္ဗာန်ကို ဒီဆွဲထုတ်လိုက်တဲ့ ပစ္စည်းက နိဗ္ဗာန်ကို ပို့ဆောင်တယ်ဆိုတဲ့ အဓိပ္ပါယ် သေသေချာချာမှတ်ပါတဲ့။

"ဒိန္နံသုခဖလံဟောတိ" ဒီဆွဲထုတ်လို့ရတဲ့ ပစ္စည်းကတော့ဖြင့် သုခနိဗ္ဗာန်ချမ်းသာ ကိုယ်အလိုရှိတဲ့ဆီကို ရောက်ပါတယ်တဲ့....(မှန်ပါ့)။

အကယ်၍ ဒီဥစ္စာ မထုတ်တော့ဘူးဆိုလို့ရှိယင်ဖြင့် ရေ-မီး-မင်း-ခိုးသူ-မချစ်မနှစ်သက်သောသူတို့ အကုန်ယူသွားတာဘဲ-တဲ့။

"စောရာ ဟရန္တိ ရာဇာနော"တဲ့၊ခိုးသူတွေကလဲ ယူသွားတာဘဲ...တဲ့၊ 'ရာဇာနော' တွေဆိုတဲ့ မင်းတွေကလဲ သိမ်းသွားတာဘဲ...တဲ့။

အဲဒါကြောင့် ယနေ့ အလှူပွဲကြီးသည် မီးထဲက ဆွဲထုတ်လိုက်လို့ရတဲ့နေမို့ ကိုယ်ပိုင်ရတဲ့နေ့လို့ မောင်ချစ်လှတို့ မသောင်းတို့ တကာမကြီးတို့က ဆုံးဖြတ်ချက်ချပါလို့ ဆရာဘုန်းကြီးက သတိပေးလိုက်ပါတယ်....(မှန်ပါ့)။

ဦးသန်းမောင် သဘောပါရဲ့လား....(မှန်ပါ့ဘုရား) မောင်ချစ်လှကော သဘောပါရဲ့လား....(ပါ-ပါတယ်ဘုရား) မင်းတို့ကိုယ်မင်းတို့ မီးလောင်နေတယ်ဆိုတာကော သိပလား.... (သိပါပြီဘုရား) ဇရာမီး, မရဏမီး လောင်နေတယ်....နော်....( မှန်ပါ့ဘုရား)။

ပစ္စည်းတွေကလဲ မင်းတွေ့ စိုးတွေ့ သူခိုးတွေက ဝိုင်းနေတယ်ဆိုတာကော သိပလား....(သိပါတယ်ဘုရား)။

သိနေတော့ ဒီအထဲကနေပြီးသကာလ မီးမလောင်အောင်ဆွဲထုတ်မယ်ဆိုပြီးသကာလ သားရှင်ပြုအလှူပွဲကြီး-ကထိန်ပွဲကြီးမိတ်ဆွေ သင်္ဂဟတွေ ကျွေးပွဲ့ မွေးပွဲ့ ကမ်းပွဲကြီး....၊ ဒီအလုပ်ကိုလုပ်လိုက်တဲ့ အတွက်....တဲ့ ဒီပစ္စည်းကတော့ မီးလောင်တဲ့အထဲပါသွားသေးသလား... တဲ့၊ အိုမီး နာမီး သေမီးထဲလဲ ပါသေးရဲ့လား.... (မပါ-ပါဘုရား) မင်းမီး စိုးမီး သူခိုးမီးထဲကော....(မပါ-ပါဘုရား)။

မပါတော့ ဒိဥစ္စာ မသောင်းတို့ ကိုယ်ပိုင် မရလိုက်ဘူးလား.(ရလိုက်ပါတယ်ဘုရား)။

အဲ... ကိုယ်ပိုင်ရလိုက်တယ်၊ မီးထဲက ဆွဲထုတ်လို့ရတဲ့ ပစ္စည်း(မှန်ပါ့) ဆွဲထုတ်လို့ ရတဲ့ပစ္စည်းကလဲ အဘိုးတန်ပစ္စည်း ဖြစ်အောင် ဆရာဘုန်းကြီးက ဟော့....မင်းတို့ ဒီပစ္စည်းနဲ့ ဒီလိုလှူလို့

ရှိယင် မအို့မသေ အမြဲနေတဲ့ နိဗ္ဗာန်ကိုသာ ဆုတောင်းကြ....၊ ဒါသာလျှင် အရေးကြီးတယ်ကွ....ဆိုပြီးသကာလ ပြောလိုက်ပြန်တော့ ဆွဲထုတ်တဲ့ ပစ္စည်းကလဲ အဘိုးတန်ပစ္စည်းမို့ အဘိုးတန်တဲ့ဆီဘဲ ပို့ခြင်းစွမ်းရည်သတ္တိ ရှိသည် ဖြစ်လေသော ကြောင့် ဒီတကာတကာမတွေမှာ....တဲ့ ကိုယ်ပိုင်ရတဲ့နေ့ မီးလွှတ်တဲ့နေ့ အဘိုးတန်ပစ္စည်းကို ရတဲ့နေ့ဆိုပြီးသကာလ.... ဆုံးဖြတ်ချက် ချပါ....တဲ့။

ပြီးတော့ ဒီမှာ ၄-ရက်နေ့ကျပြန်တော့ ဘာလုပ်မတုံးလို့ ဆိုတော့ သံဃာများနှင့်တကွ လူတွေပါ "အန္နဒေါ ဗလဒေါ ဟောတိ" အန္နဒေါ=ထမင်းကျွေးခြင်းသည် (ဝါ) ဆွမ်းအလှူသည်။ ဗလဒေါ=အားကိုလှူသည်။ ဟောတိ=ဖြစ်၏။

၄-ရက်နေ့ကျတော့လဲ အားလုံးကို အားအင်ဗလ ပြည့်ဝပါစေဆိုပြီးသကာလ ဆွမ်းလှူတာ မဟုတ်ဘူး၊ အားအင်ဗလ လှူပွဲကြီးလဲ လာပါလိမ့်ဦးမယ်။

"ဝတ္တဒေါ ဟောတိ ဝဏ္ဏဒေါ"တဲ့၊ ဝတ္ထဒေါ=အဝတ်ကို လှူခြင်းသည်။ ဝဏ္ဏဒေါ.... အဆင်းကိုလှူသည်။ ဟောတိ=ဖြစ်၏-ဆိုတော့ မင်းတို့လှူတဲ့ သင်္ကန်းတွေကို သံဃာတွေက ခြုံကြ၊ ရုံကြပြီဆိုမှဖြင့် သံဃာများမှာလဲ ကြည်ညိုဘွယ်ရာရှိ၊ သီလရှင်တွေမှာလဲ ကြည်ညိုဘွယ်ရာရှိ၊ လူတွေမှာလဲ စားသောက်ကောင်းတဲ့အခါ ခန္ဓာကိုယ်က ဝဖြိုးပြီး အရောင်အဆင်းတွေ ထွက်လာတောင့်တောင့်တင်တင်းဖြစ်လာ၊ ကြည့်ကောင်း ရှုကောင်း ဖြစ်လာတော့ ဩော်....အဆင်းလှူတဲ့ နေ့ဆိုယင်လဲ လွဲပါ့မလား.... (မလွဲပါဘူးရား)။

"ယာနဒေါ သုခဒေါ ဟောတိ" တဲ့၊ ဒီဘိနပ်တွေလှူတာ ဒါကတော့.... ယာဉ်မော်တော်ကား လှူတာနဲ့ အတူတူဘဲ....၊ မော်တော်ကားစီးတော့လဲ အညောင်းအညာပြေဘို့ ဆူးတွေမှ လွတ်ဘို့ ဖုံတွေမှ လွတ်ဘိုဆိုပြီးသကာလ အဲဒီ မော်တော်ကား လှူတာနဲ့, ဒီဘိနပ်လှူတာလဲ မောင်ချစ်လှတို့ မသောင်းတို့ မခင်တို့က ဪ....ယာဉ်ရထား လှူတဲ့နေ့ပါလား ဆိုလို့ရှိယင် လဲ ဟုတ်တယ်... (မှန်ပါ့)။

"ဒီပဒေါ ဟောတိ စက္ခုဒေါ" တဲ့၊ အဲဒီနေ့ကျလို့ရှိယင်လဲ မီးတွေဘာတွေထွန်း၊ အမျိုးမျိုးအဖုံဖုံ လှူကြ,တန်းကြ,ပေးကြ ကမ်းကြမှာ ဖြစ်လေသောကြောင့်....တဲ့၊ မျက်စိကို လှူတဲ့နေ့ဆို လို့ရှိယင်လဲ မျက်စိက ညမှောင်နေတယ်၊ မီးထွန်းလိုက်တဲ့အခါ အားလုံးသော ပုဂ္ဂိုလ်တွေ မြင်ကြရတဲ့အခါကျတော့ ဪ.... ဒါ-မီးအလှူလား- အမြင်ကိုလှူတဲ့အလှူလား... လို့ မေးယင် ဘယ့်နှယ် ပြောကြမလဲ.... (အမြင်ကိုလှူတဲ့အလှူပါဘုရား)။

ဒါဖြင့် မျက်စိလှူတဲ့နေ့ဆိုလဲ အဲဒီနေ့ဟာ အမှန်ဖြစ်ရတော့ မယ်....(မှန်ပါ့)။

'သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ'တဲ့၊ အဆောက်အအုံတွေကလဲ လှူထားပါတယ်... တဲ့၊ မိုးကုတ်မှာ လဲလှူ....၊ ဘယ်မှာလဲလှူ ဆိုတဲ့ အဲဒါတွေ လှူထားတော့လဲ အာယု,ဝဏ္ဏ,သုခ,ဗလ,ပဋိဘာန ဆိုတာ ငါးမျိုးစလုံး လှူတာ ဖြစ်နေသောကြောင့်လဲ အလှူတကာ့ အလှူဘဲမှာလဲ မြတ် တယ်လို့ ဆုံးဖြတ်ချက်ချပါ....(မှန်ပါ့)။

ဪ... ဒါဖြင့် ဒို့သည်ကား မီးထဲက ဆွဲထုတ်တဲ့ ပစ္စည်းနဲ့ အလှူမျိုးစုံ လှူရ,ပေးရ,ကမ်းရတာတည် ငါတို့ ဘယ်အကျိုး

ငှာ လိုချင်လို့ လှူပါသတုံးလို့ မေးခွန်းထုတ်လို့ရှိယင်ဖြင့်တဲ့၊ ဦးသန်းမောင်တို့ သေသေချာချာမှတ်ပါ၊ ဘယ်အကျိုးငှါ လိုချင်လို့ လှူကြသတုံးဆိုတော့ တကာတကာမတို့ ခင်ဗျားတို့သည် အမိဝမ်းခေါင်းထဲကလာခဲ့ကြပါတယ်။ အမိဝမ်းခေါင်းထဲမှာ ကလလ ရေကြည်ကလေး တည်ခဲ့ကြရပါတယ်၊ ကိုယ့်ကျတော့ သူ့ကျတော့လဲ အတူတူဘဲ။

အဲဒီ ကလလရေကြည်ဟာ အပေါ်က အစာသစ်တွေ့။ အောက်က အစာဟောင်းတွေကြားမှာ ကလလ ရေကြည်ဆိုတဲ့ ရေကြည်ပေါက်ကလေး တပေါက် စ,ပြီး မူတည်ပါတယ်၊ လူတယောက်၏အစ... (မှန်ပါ့ဘုရား)။

ဒါကလေးက ရေသောက်ပြီးတော့ လှုပ်လိုက် စားလိုက်ဖြစ်ဆိုတော့ နေရ-ထိုင်ရတာကလဲ အင်း.... အစာဟောင်းနဲ့ အစာသစ်ကြား၊ အူမအူသိမ်တွေ အညစ်အကြေးတွေ နံတဲ့အထဲမှာ နေရတော့ ဒီထဲမှာ ကလလရေကြည် တည်နေရတဲ့ မသောင်းဖြစ်စေ၊ မောင်ချစ်လှဖြစ်စေ၊ တကာမကြီးဖြစ်စေ၊ ဦးသန်းမောင်တို့ဖြစ်စေ ဒါ ဒုက္ခရောက်နေတာဘဲ၊ သဘောကျပလား-(ကျပါပြီဘုရား)။

ဝမ်းထဲမှာ ဒုက္ခနဲ့နေခဲ့ကြရတာလား၊ သုခနဲ့နေခဲ့ကြရတာလား... (ဒုက္ခနဲ့ နေခဲ့ကြရတာပါဘုရား)။

ဒုက္ခနဲ့နေရတော့ အဲဒီဒုက္ခကြီးကို တပည့်တော်တို့ ယခုမြင်ပြီဘုရား၊ ဆရာဘုန်းကြီးကလဲ ဥာဏ်မျက်လုံး ညွှန်ပြတဲ့အတွက် မြင်ပါပြီ... ။

အဲဒီ ဒုက္ခကြီးကို မြင်ခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊ မလိုချင်ခြင်း ရှိပါ၍၊ အဲဒီ ဒုက္ခသစ္စာကြီးကို တပည့်တော်

တို့ ဉာဏ်နဲ့ အခု တွေးကြည့်တော့ မြင်သောကြောင့် ဒီ ဒုက္ခမှ လွတ်ချင်လို့ ဒီ သံဃာ ၂၀၀-အား ဒီပစ္စည်းတွေကို အချိုးကျ အစုလိုက် လှူဒါန်းပါ၏လို့ ယခု စိတ်ပြောင်းလိုက်ပါ....(မှန် လှပါဘုရား)။

ဒုက္ခမှ လွတ်ချင်လို့ လှူတာကွ....နော်.... (မှန်ပါ့) ဒုက္ခက ဘာသစ္စာတုံး ဦးတင်တို့....(ဒုက္ခသစ္စာပါဘုရား)မြင်တဲ့ ဉာဏ်က (မဂ္ဂသစ္စာပါဘုရား)။

အဲဒီ ဉာဏ်နဲ့ လှူပါ၏ဆိုတော့ မဂ်ဉာဏ်နဲ့ လှူတဲ့ အလှူ ( မှန်ပါ့ဘုရား ) ရှင်းပလားဟေ့ မောင်ချစ်လှ....( ရှင်းပါပြီ ဘုရား )။

တကာမကြီး မဂ်ဉာဏ်နဲ့ လှူတဲ့ အလှူလို့ မှတ်လိုက် .... (မှန်ပါ့)ရှင်းပြီနော်....(ရှင်းပါပြီဘုရား)။

ဒုက္ခမြင်တဲ့ ဉာဏ်က မဂ်ဉာဏ်ကိုး၊ အဲဒီ ဒုက္ခမြင်တဲ့ မဂ် ဉာဏ်နဲ့ ဒုက္ခမြင်တဲ့ ဉာဏ်နဲ့တပည့်တော်တို့ လွတ်ချင်လို့ဘုရား၊ အဲ့ဒီ့ဉာဏ်နဲ့ လှူပါတယ် ဆိုသောကြောင့် ဒါ-သဒ္ဓါတရားနဲ့ လှူတာတော့ သဒ္ဓါကနောက်လိုက်ဖြစ်ပြီး ဉာဏ်က ရှေ့သွား ဖြစ်တယ်လို့ ဦးအောင်ဇံဝေတို့က မှတ်လိုက်စမ်းပါ....(မှန်ပါ့ ဘုရား)။

သဒ္ဓါက နောက်လိုက်....(မှန်ပါ) ဉာဏ်က.... (ရှေ့သွားပါ ဘုရား)။

ဒါဖြင့် ဉာဏ်က ရှေ့သွားဖြစ်သေသောကြောင့် ဒီဉာဏ်က လဲ သာမညဉာဏ်လား....လို့ မေးတဲ့အခါကျတော့ ဒုက္ခသစ္စာ သိတဲ့ဉာဏ်ဆိုသောကြောင့် မဂ်ဉာဏ်နဲ့ လှူတဲ့အလှူပဲဖြစ်လေ သောကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်မှတပါး ဘယ်မှ

အကျိုးမပေးတော့ဘူးလို့ ယုံကြည်မှ မောင်ချစ်လှတို့လင်မယား နော်....(မှန်ပါ့)။

ကဲ....ဒါဖြင့် လိုက်ကြစမ်းကွာ....

> တပည့်တော် .... တပည့်တော်မတို့သည် ဇာတိဒုက္ခဘေးကြီးကို ကေန်သိ တကယ်သိပြီး၊ ဤမည်သော ဒုက္ခကြီးကိုရှုံခြင်း၊ မုန်းခြင်း၊ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊ မလိုချင်ခြင်းရှိသည်ဖြစ်ပါ၍ ထိုဇာတိဒုက္ခကင်းရာနိဗ္ဗာန်ကိုသာ ရည်မှန်း၍ ဤသက်န်းတော်ကို ပင့်လျှောက်ပြီးသော သံဃာတော် အရှင်မြတ်တို့အား ဒုက္ခငြိမ်းရာ ရည်မှန်း၍ လှူဒါန်းပါ၏၊ အရှင်ဘုရား။

ဩော်....ဒုက္ခငြိမ်းရာ ရည်မှန်းပြီးလှူဒါန်းတဲ့ပစ္စည်းပါလား-(မှန်ပါ့) ဒုက္ခငြိမ်းရာဆိုတာ နိဗ္ဗာန်လို့ မောင်ချစ်လှကမှတ်လိုက်နော်....(မှန်ပါ့ဘုရား)။

အဲဒီတော့ ကိုယ့်ဇာတိဒုက္ခကြီး ကိုယ်မုန်းလွန်းလို့ လှူပါတယ်ဆိုကတည်းက နောက်ဇာတိဒုက္ခ ရစရာရှိသေးရဲ့လား ....(မရှိပါ)ဒါကြောင့်မို့ ဒုက္ခသိမ်နိဗ္ဗာန် ... (မှန်ပါ့) ဒုက္ခသိမ်းနိဗ္ဗာန်နော်....(မှန်ပါ့ဘုရား)။

အဲဒီ့ ဝမ်းခေါင်းထဲမှာကွာ အမေ့ကျောဘက် မျက်နှာမူဒို့နေခဲ့ရတာ မင်းတို့နေခဲ့ရတာ....(မှန်ပါ့)။

ဒူးနှစ်ဖက်ပေါ်မှာ တတောင်နှစ်ခုထောက်၊ ခေါင်းပေါ်မှာ လက်နှစ်ခုယှက်၊အမေ့ကျောဘက်မျက်နှာလှည့်၊ အမေက ကုန်းလိုက်ယင် လည်ပင်းချိုးလိုက်သလို။ အမေက နောက်သွားတော့

ဂုတ်ချိုးလိုက်သလို။ အဲဒီထဲမှာ အင်မတန် ကျဉ်းမြောင်း ...., အောက်ကလဲ ကျင်ကြီးပေါ်မှာ အမေ့ ကျင်ကြီးပေါ် ထိုင်ရတယ်။ အပေါ်က အမေစားတဲ့ အစာသစ်။ ခွေးအန်ဖတ်နဲ့ တူတဲ့ အစာသစ်တွေကို ရှက်ထားရတယ်။

အသက်ကလဲ ရှူလို့ မရဘူးဆိုတော့ အကောင်အထည်ကလေး ဖြစ်လာတော့ အသက်ကလဲ ရှူလို့မရဘူး၊ ကွေးလို့ ဆန့်လို့လဲ မရဘူးဆိုတော့ မောင်ချစ်လှတို့၊ မသောင်းတို့ တွေးစမ်း ဒုက္ခလား- သုခလား .... (ဒုက္ခပါဘုရား)။

ဩော်....ဒါ ပဋိသန္ဓေနေရတဲ့ ဒုက္ခပါလား၊ ကိုးလ, ဆယ်လ ထမင်းကျွေးမည့်လူမရှိဘူး၊ ကျင်ကြီးသုတ်ပေးမည့် လူ မရှိဘူး၊ ထိုင်နေရတာလဲ စောင်းစရာ လှည့်စရာမရှိဘူး၊ ဒါ ဘာသစ္စာခေါ်ကြမလဲ....(ဒုက္ခသစ္စာပါဘုရား)။

အဲဒီ ဒုက္ခသစ္စာကြီးကို အခု ဉာဏ်နဲ့ ကိုယ်နေခဲ့တာ ကြည့်လိုက်တဲ့အခါကျတော့ နောင်တဖန်နေချင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒါဖြင့် ဒီဒုက္ခကြီးမှ တပည့်တော်တို့ဘုရား ကိုးလလွယ်, ဆယ်လ မစောင်းရ မတိမ်းရ အသက်မရှူရ ကျွေးမည့်မွေးမည့်သူ မရှိဘူး၊ ကယ်မည့် ယူမည့်လူမရှိဘူး။ အထီးကျန် တကောင်ကြွက် တမျက်နှာ- ဘယ်သူမှ ကူမည့်လူမှမရှိဘဲကိုးဗျ....(မှန်ပါ) နာလို့လဲ နှိပ်ပေးမည့်လူမရှိဘူး၊ ကျင်ကြီးသွားဘို့ရာ နေရာလဲ မရှိဘူး....၊ ကျင်ငယ်သွားဘို့ရာ နေရာမရှိဘူး....။ ဒီနေရာ စွန့် ဒီနေရာနေ၊ ဒီဟာဘယ်သူ သုတ်သင်ပေးမတုံး၊ ဘယ်သူမှ သုတ်သင်မပေးဘူး၊ တကောင်ကြွက် တမျက်နှာဘဲ။ အကူအညီ

မရှိဘူး ကိုယ့်လက်ကိုယ့်ခြေက ဒုက္ခ ပေးတမို့ ဘာမှမလုပ်နိုင်ဘူး (မှန်ပါ့) ရိပ်မိပလား....(ရိပ်မိပါပြီဘုရား)။

**အဲ**ဒီအဖြစ်ကို ဦးသန်းမောင်ကြီးတို့ ကြုံချင်သေးရဲ့လား.... (မကြုံချင်ပါ)မောင်ချစ်လှတို့ကော ဟေ့....မသောင်းတို့ ကြုံချင်သေးရဲ့လား....(မကြုံချင်ပါ) မကြုံချင်တော့ ဒါဘာသစ္စာဆိုကြမလဲ... (ဒုက္ခသစ္စာပါဘုရား)။

ဆင်းရဲတာ အမှန် ဒုက္ခသစ္စာဘဲနော်....(မှန်ပါ့) ဒု့က စက်ဆုတ်စရာ၊ ခ့က အသုံးမကျတာ။ သစ္စာ့က မှန်တာ။ဒုခ့သစ္စာကိုး....(မှန်ပါ့) စက်ဆုတ်စရာ, အသုံးမကျတာ အမှန်။ ဦးသန်းမောင် ပေါ်ပြီ....(ပေါ်ပါပြီဘုရား)။

အဲဒီလိုနေရတဲ့ဥစ္စာ စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဆိုတာ ပါဠိလိုတော့ ဒုက္ခသစ္စာ။ မြန်မာလိုတော့ စက်ဆုတ်စရာ အသုံးမကျတာ အမှန်ဖြစ်လေသောကြောင့် ဤကိုးလခွဲဆယ်လ ဤအထဲမှာ နေရမှုကြီးကို တပည့်တော်တို့သည် အခုဉာဏ်နဲ့ ကြည့်လိုက်တော့ ဆရာဘုန်းကြီးပြောတဲ့ အတိုင်းသြော် .... ဒီလိုနေခဲ့ရတာကိုးဆိုတာ သိသောမဂ်ဉာဏ်ကလေးပေါ်လာတယ်။ သမ္မာဒိဋ္ဌိမဂ္ဂင်ကလေး ပေါ်လာတယ်....(မှန်ပါ့ဘုရား)။

အဲဒီ မဂ္ဂင်ကလေးနဲ့ ကြည့်လိုက်တော့ မသောင်းတို့ ဒီနေရာ နေချင်သေးရဲ့လား .... ( မနေချင်ပါ ) မောင်ချစ်လှကော.... (မနေချင်ပါဘုရား)။

ဘယ့်နှယ်ကွာ အမေ့ကျောဘက် မျက်နှာမူနေရတယ်၊ ဒူးနှစ်ဖက်ပေါ်မှာလဲ တတောင်နှစ်ခု ထောက်ပြီး ခေါင်းပေါ်မှာ

လက်က ဒီလိုယှက်နေရတယ်....(မှန်ပါ့) လှည့်စရာ ပတ်စရာလဲ မရှိဘူး၊ အသက်ကလဲ ရှူမှုရှိုက်မှုမရဘူး၊ ဝဋ်ကောင်မို့အသက် ရှည်နေတာဟေ့....(မှန်ပါ့) ဝိပါကဝဋ်ကောင်မို့ အသက်ရှည် နေတာ....(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

အဲဒီဒုက္ခကြီးကို နောင်တဖန် တွေ့ချင်ကြုံချင်ကြသေးသလား လို့ဟေ့....ခင်မင်တဲ့လူတွေမေးပြီ။ နောက်နေချင်သေးရဲ့လား- (မနေချင်ပါဘုရား)။

မနေချင်တာ ဘာဖြစ်လို့ မနေချင်တာတုံးမေးယင် ဘယ့် နှယ်ပြောကြမလဲ.... (ဒုက္ခကြောက်လို့ပါဘုရား)။

အဲ....ဒုက္ခရောက်တာက ဒုက္ခသစ္စာ၊ မလိုချင်တဲ့ဉာဏ်က မဂ္ဂ သစ္စာ...(မှန်ပါ့)ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒုက္ခရောက်နေတာက မောင်ချစ်လှ ဘာသစ္စာတုံး .... (ဒုက္ခ သစ္စာပါ) မနေချင်တဲ့ ဉာဏ်က....(မဂ္ဂသစ္စာပါဘုရား)။

အဲဒီ ဒုက္ခရောက်တဲ့နေရာ မနေချင်လို့ ဒုက္ခလွတ်ရာ ကျွတ်ရာ ကိုသာ ဆောက်ချင်တဲ့ ဉာဏ်နဲ့ ဤသင်္ကန်း, ဤခြင်ထောင်, ဤ မျက်နှာသုတ်ပုဝါ, ဤဘိနပ်, ဤသားရှင်ပြုတဲ့ကိစ္စ, ဤသီလ ရင်တွေကို လှူဒါန်းပေးကမ်းတဲ့ အလုပ်တွေကို ဒီဒုက္ခမရောက် ချင်လို့ ဒုက္ခကိုလွတ်စေချင်သော စိတ်ထားနဲ့ ဒုက္ခလွတ်ချင်တဲ့ ဉာဏ်နဲ့ မဂ်ဉာဏ်နဲ့ တပည့်တော်တို့ ယနေ့ လှူဒါန်းပြီးပါပြီ ဆိုတာ ဆုံးဖြတ်ချက်ချလိုက်ပါနော်....(မှန်ပါ့ဘုရား)။

ဒုက္ခလွတ်ချင်လို့လှူတာ ဦးသန်းမောင်၊ ဘာမှမလိုချင်ဘူး- (မှန်ပါ့)ဒုက္ခလွတ်ချင်တာဘဲ။

ကိုးလခွဲ ဆယ်လအခုနေ- နေကြည့်စမ်းပါ ဦးသန်းမောင်ကြီး ကိုယ်တိုင်ကို အို…ဒီနေရာနောက်ဘယ်တော့မှ မလာဘူးဆိုတာ ချက်ခြင်းပြောချိရဲ့….(မှန်ပါ့) မပြောပေဘူးလား-ပြောမလား (ပြောပါမယ်ဘုရား)။

အောက်ကကျင်ကြီးပေါ် ထိုင်ရပါတယ်၊ အပေါ်က ခွေး အန်ဖတ်နဲ့တူတဲ့ အစာတွေခေါင်းပေါ်ရွက်ရပါတယ်၊ အမေ့ ကျောဘက်မျက်နှာမူရပါတယ်၊ ဒူးနှစ်ဖက်ပေါ်မှာ တတောင် နှစ်ခုထောက်ပြီး လက်နှစ်ခုက လက်ဖျားကလေးတွေက ခေါင်း ပေါ်မှာ အုပ်နေရပါတယ်။ မကွေးသာ မဆန့်သာ ကိုးလခွဲ ဆယ်လဆိုတော့ ခင်ဗျားတို့ တနာရီထိုင်ကြည့် နှစ်ခါသုံးခါ ပြောင်းတယ်… (မှန်ပါ့ဘုရား)။

ဟိုမှာ ဒုက္ခတမို့ ပြောင်းလို့ရွေ့လို့ရရဲ့လား မရပါဘူး။ နံလိုက် စော်လိုက်တာကလဲ လွန်လို့၊ အဲဒီ ဒုက္ခရောက်တဲ့နေရာ ပြန်ချင်သေးရဲ့လား… (မပြန်ချင်ပါဘုရား)။

အဲဒါ ဇာတိဒုက္ခလို့ခေါ်ပါတယ်၊ သတ္တာန်နည်းနဲ့နော် …. (မှန်ပါ့) အဲဒီဇာတိဒုက္ခကြီးကိုလဲ ရှုခြင်း မုန်းခြင်း ပျင်းရိခြင်း ငြီးငွေ့ခြင်း မလိုချင်ခြင်းရှိပါ၍ အဇာတိဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ရည်မှန်းပြီးသကာလ ဤသက်န်းနှင့်တကွ လျှာဘယ်ဝတ္ထုတို့ကို လှူဒါန်းပါ၏လို့ စိတ်ပြောင်းလိုက်ကြစမ်းပါ (မှန်ပါ့ဘုရား)။

မောင်ချစ်လှ ပြောင်းပြီးပလား…. (ပြောင်းပြီးပါပြီ) ဒုက္ခ လွတ်ရာကိုရောက်နိုင်တဲ့ စိတ်ထားနဲ့သာ အလှူပွဲကြီးဆင်နွဲပါ၏ လို့ ပြောင်းလိုက်စမ်းပါ… (မှန်ပါ့) သဘောပါပလားဟေ့…. (ပါပါပြီဘုရား)။

ဘာမှမ လိုချင်ကြနဲ့နော် ဦးသန်းမောင်ကြီး၊ယောင်ချာချာ မလုပ်ကြနဲ့....(မှန်ပါ) ယောင်ချာချာမလုပ်နဲ့ ဦးအောင်ဇော်ဝေကြီး....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ယောင်ချာချာလုပ်သားလို့ ဒီဒုက္ခကြီးဝဋ်မကျွတ်သေးတာ (မှန်ပါဘုရား)။

ကဲ.... ဒါဖြင့် တခါမေးဖွားကာနီး ကျလာပြန်တော့လဲတဲ့၊ နဂိုရ်ကတော့ ကျောဘက်မျက်နှာပေးပြီး ခေါင်းက အထက်ထားရတယ်။ နောက်တော့ ကံကြောင့်ဖြစ်တဲ့ လေကနေပြီး သကာလ မောင်ချစ်လှ အောက်ကနေ တွန်းမှုတ်လိုက်တဲ့အခါ အမေဖွားရမည့်နေရာမှာ ခေါင်းပြုပြီး ဂျွမ်းပြန်သွားတယ်.... (မှန်ပါဘုရား)။

ဦးသန်းမောင် ဒီဂျွမ်းပြန်ကြီးနဲ့များ နေချင်သေးရဲ့လား.... (မနေချင်ပါဘုရား)။

ဟိုမေးခါနီးကျတော့ ခေါင်းက မေးရမှာကိုးဗျ...(မှန်ပါ) အဲဒီတော့ ဂျွမ်းမပြန်ဘဲနဲ့ ရပါ့မလား....(မရပါဘုရား)။

ဒီတွင် အဲဒီခလေးစိတ်ထဲမှာ မောင်ချစ်လှတို့ မသောင်းတို့ ဒို့ဖြစ်ရတဲ့ ဖြစ်ထွေးပေါ့ဗျာ။ အသူတရာနက်တဲ့ ချောက်ထဲ အလံတရာနက်တဲ့ ချောက်ကြီးထဲ ငါတော့ အရင်ဒုက္ခ‌တွေကသဲ မခံနိုင်အောင်ဆင်းရဲပါတယ်။ ဒီတခါတော့ သေပွဲနွဲ့ရတော့မှာဘဲလို့ ခလေးစိတ်ထဲ ထက်သွားတာဘဲ....(မှန်ပါ)တခါ ည်းကြောက်သွားတယ်....(မှန်ပါဘုရား)။

ဦးသန်းမောင် ရောက်ချင်သေးရဲ့လား.... (မရောက်ချင်ပါ) တော်တော့ဗျ....(မှန်ပါဘုရား)။

ဟော့... ဒီနေရာတွေ့ခင်တဲ့ပုဂ္ဂိုလ်များ ပါသေးလား။ဂျွမ်းစိုက်နေရတဲ့နေရာရောက်ချင်တဲ့ပုဂ္ဂိုလ် ပါသေးလား .... (မပါ-ပါ) အဲဒါ ဘာသစ္စာဆိုကြမယ်....(ဒုက္ခသစ္စာပါဘုရား)။

အားလုံးလိုက်ကြ တကာတကာမတို့--။

တပည့်တော် .... တပည့်တော်မတို့သည်၊ မွေးဖွားခါနီးဖြစ်သော အနုန်းပင်စိုက်ရတဲ့ ဒုက္ခကို....၊ ခန္ဓာကိုယ်က အနုန်းပင်စိုက်သလို ဖြစ်နေတယ်....(မှန်ပါ့) အောက်လဲမကျ အထက်လဲ မတက်၊ တခါတည်း အသက်ကလဲ မရှူနိုင် သူ့စိတ်မှာတော့.... သေပွဲတော့ နွဲပြီလို့ .... အောက်မေ့တယ်၊ ဒီခလေး စိတ်ထဲမှာတော့.... (မှန်ပါ့ဘုရား)။

မွေးဖွားခါနီး ဖြစ်သော ခန္ဓာသည် အနုန်းပင်စိုက်သကဲ့သို့ ဆင်းရဲအတိ အမှန်ရှိတာကို တပည့်တော်တို့ ကိုယ်တိုင် ဉာဏ်နဲ့ ကြည့်၍ သိပြီဖြစ်ပါ၍ ဤမွေးဖွားခါနီး ဒုက္ခကို ရွံခြင်း, မုန်းခြင်း, ငြီးငွေ့ခြင်း, ပျင်းရိခြင်း မလိုချင်ခြင်းရှိသည်ဖြစ်ပါ၍ဒုက္ခလွတ်ရာ အဇာတိဟု ဆိုအပ်သောပဋ္ဌသန္ဓေ မနေရာမှန် ပြည်နိဗ္ဗာန်ကိုသာ ရည်မှန်း၍ဤသက်န်းနှင့်ဤပစ္စည်း စသည်ကို လှူဒါန်းပါ၏အရှင်ဘုရား....။

အဲဒီတော့ ဒုက္ခကြောက်၍ လှူတဲ့ အလှူပွဲ....(မှန်ပါ့) ဒုက္ခကြောက် နိဗ္ဗာန်ရမှာဘဲ....(မှန်ပါ့)။

ဒုက္ခမကြောက်တဲ့ ပုဂ္ဂိုလ်ဘယ်တော့မှ နိဗ္ဗာန်မရဘူးလို့ ဆုံးဖြတ်ချက်ချ....(မှန်ပါ့)။

ကဲ .... မွေးဖွားတော့မယ်ဆိုတော့ စဉ်းစားကြည့်ပါတဲ့ .... ဟာလက်မရှိတဲ့ သံကွင်းပေါက်ကလေး ဖေါက်ထား၊ ကြွက်ကိုယ်လုံးက နှစ်လက်မရှိတယ်။ ဒါနဲ့ နောက်က နေပြီး ကြိမ်တွေ ဒုတ်တွေနဲ့ အမြဲဝိုင်းလိုက်ပြီးသကာလ ဒီကြွက်လိုက်တော့ အတင်းတိုးထွက်တဲ့အခါ အပေါ်မှာ အရေခွံ ကျန်ရစ်တော့ ဟိုမှာ သွေးရဲရဲနဲ့ ပြင်ဘက်ထွက်သွားတယ်....(မှန်ပါ)။

အဲဒီလို အမိဝမ်းခေါင်းထဲက ပြင်ဘက် ထွက်ရတဲ့ ဒုက္ခကြီးဟာလဲ ထွက်ရာဌာနက ကျဉ်းမြောင်း၊ ထွက်ရမည့် ခလေးက ကြီးထွားနေတဲ့အချိန် ဖြစ်နေသောကြောင့်လဲ အို....ကြွက်အရေမပါသလို အပြင်ဘက် ထွက်ရတာဘဲ....(မှန်ပါ)။

ဘယ်လောက်များ ဆင်းရဲတယ်ဆိုတာ ကိုယ်မွေးဖွားခံခဲ့ရတဲ့ ဒုက္ခ ဘယ်လောက်ကြီးတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

• အခုသာ ခင်ဗျားတို့က ဉာဏ်နဲ့ မကြည့်လို့ မေ့နေလို့ .... (မှန်ပါ)သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် မွေးဖွားခံရတဲ့ ဒုက္ခဟာလဲ တကာတကာမတို့ သေးကြသလား....ကြီးကြသလားဆိုတာ အကဲခတ်စမ်းပါဦး....(ကြီးပါတယ်ဘုရား)။

အဲဒီ ဒုက္ခကြီးကိုလဲ အခု ဉာဏ်နဲ့ ကြည့်လိုက်တော့ မမြင်ဘူးလား....ကိုယ်မွေးဖွားခဲ့ရတာ ဒီလို မွေးဖွားခဲ့ရတယ်နော် .... (မှန်ပါ)။

ဒီ ဒုက္ခကြီးဟာ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား) အဲဒီ ဒုက္ခသစ္စာကြီးကိုလဲ နောင်တဖန် ဘယ်တော့မှ မတွေ့ချင်လို့ .... ဒုက္ခသိတဲ့ ယခု သိတဲ့ ဥာဏ်နဲ့ တပည့်တော်တို့ သံဃာတော်များအအားကထိန်လျှသက်နှင့်တကွ အရံသံဃာတို့အား လှူဒါန်းပါ၏၊ ဒုက္ခကျွတ်ခြင်းကိုသာ အလိုရှိ၍ လှူဒါန်းပါ၏ .... အရှင်ဘုရားဆိုတော့ တကာတကာမတို့ ဩက္ကန္တိက ဒုက္ခဆိုတာ မွေးဖွားတဲ့ ဒုက္ခ၊ အဲဒီ ဒုက္ခမှ လွတ်ချင်လို့ လှူတာဆိုတော့ နောက် ဘာမှ ခန္ဓာကိုယ် ဖြစ်ချင်တဲ့စိတ် မရှိဘဲနဲ့ လှူတဲ့အလှူ (မှန်ပါ့ဘုရား) ခန္ဓာဖြစ်ချင်ယင် ဒုက္ခသစ္စာရဦးမှာကိုး....(မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ရှေ့သွားပါဦးတဲ့....။ ဒီ တကာတကာမတွေဟာ မွေးဖွားပြီးသကာလ အပြင်ဘက် ရောက်လာတော့ အတွင်းလေမထိ-နေမထိနဲ့ နေရတဲ့ ခလေးကလေး ဦးသန်းမောင် .... (မှန်ပါ့)။

ပြင်ဘက်ကျတော့ ဝမ်းဆွဲမတွေက ဆရာမတွေက ကိုင်လိုက်-တယ် လိုက် - ရေနဲ့ လုပ်ချလိုက်၊ တချို့လဲ ခေါင်းရိတ်လိုက် ဆိုပြီးသကာလ ဒီတခါတော့မှ ငါသည် လောကန္တရစ်ငရဲတော့ ကျပြီ၊ ဒီ ဝဋ္ဋကတော့ခုနင်က မသေခဲ့ဘူး၊ အခု သေပွဲ နွှဲရပြန်ပြီ ဆိုပြီး ခလေးက မငိုနိုင်ဘဲနဲ့ တက်သွားတယ်....(မှန်ပါ့)။

ခလေးက ကြောက်လွန်းလို့....ကြောက်လွန်းလို့....၊ လက်ကြမ်း ခြေကြမ်းနဲ့များ ကိုင်လိုက်ယင် နေပူ လေပူတွေက လာလွန်းလို့....(မှန်ပါ့) အတွင်းတော့ လေပူ.... နေပူမှ မရှိဘဲကိုး (မှန်လှပါဘုရား)။

အဲဒီတော့ ဦးသန်းမောင် အပြင်ဘက် တွေ့ရတဲ့ ဒုက္ခ သေးသလား....ကြီးသလား....(ကြီးပါတယ်ဘုရား)။

အဲ....ဒီဒုက္ခကိုလဲ ခင်ဗျားတို့ ကိုယ့်ကိုယ်တိုင် တွေ့ခဲ့ရသောကြောင့် ဒီ ဒုက္ခကြီးကိုသာ ရှုခြင်း, မုန်းခြင်း,ငြီးငွေ့ခြင်း, ပျင်းရိခြင်း, မလိုချင်ခြင်း ရှိသည်ဖြစ်ပါ၍ ဤသက်နှင့် တကွ .... ခြင်ထောင် ဘိနပ် အစရှိသည်တို့ကို သံဃာတော် ၂၀၀-တို့အား နုက္ခလွတ်ရာ ရည်မှန်းပြီး လှတ်လိုတဲ့ ဆန္ဒ ပြင်းပြပြီး လှူဒါန်းပါ၏လို့....စိတ်ထား ပြောင်းလိုက်ကြပါ .... (မှန်ပါ့ဘုရား)။

မောင်ချစ်လှ ပြောင်းဖြစ်အောင် ပြောင်းပါ၊ မသောင်းတို့ ပြောင်းပါ၊ ဘကလာမကြီးက နောက်ကနေ ပြောင်းပါဆိုတာ ဒီက,နေ သတိပေးနေတယ်....(မှန်ပါ့)။

ကိုင်း...တခါ မသေလို့ အပြင်ဘက် ရောက်လာပြန်တော့.... အပေတ်ကလေးနဲ့ တုပ်ပြီးသကာလ ချိုကလေးတွေနဲ့ ကျင်ကြီးကလေးတွေနဲ့ ကျင်ငယ်ကလေးတွေနဲ့ ရေဆာလဲ အမေက နို့ပေးလိုပေး၊ နို့ဆာလို့ရှိယင် ရေပေးလိုပေး၊ တောင်းကလဲ မတောင်းတတ်၊ ပါးစပ် ဟလျက်နဲ့ အော်ရုံသာ အော်တတ်တယ်၊ ဘာမှမပီသ၊ ခြေထောက်ပါလျက်နဲ့ မသွားတတ်၊ ကျင်ကြီး - ကျင်ငယ် ဒီနားတွင် စွန့်ချလိုက်။ ခြင်ကိုက်ပြန်ယင်လဲ ဟိုဘက်က ဒီဘက်လိမ့်။ ခြင်ကိုက်ပါတယ်လို့ ဘယ်သူ့မှ မပြောတတ်ဆိုတော့ ခြေပါပါရဲ့ ခြေအသုံးမကျ။ လက်ပါပါရဲ့ .... (လက်အသုံးမကျပါဘုရား) ပါးစပ် ပါပါရဲ့....(ပါးစပ် အသုံးမကျပါဘုရား)။

ဒါဖြင့် ဒုက္ခိတကလေး ဖြစ်နေတယ်....(မှန်ပါ့ဘုရား) **အဲဒီ** ဒုက္ခိတကလေးကို မင်းတို့ ဘာသစ္စာဆိုကြမလဲ.... (ဒုက္ခသစ္စာ ပါဘုရား)။

ဒါကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာတရားလို့ ဟောလိုက်ပါတယ်....(မှန်ပါ့)။

အဲဒီ အချိန်လဲ ခန္ဓာငါးပါးဟာ စုံပြီ....( မှန်ပါ့ဘုရား )စုံတော့ ဘာသစ္စာတုံး....(ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာ ဟုတ်-မဟုတ် ကြည့်စမ်း။ ခြေပါလို့ ခြေအသုံးချလို့ ရရဲ့လား... (မရပါဘုရား)။

လက်ပါလို့ကော....(မရပါဘုရား) ပါးစပ်ပါလို့ကော .... (မရပါဘုရား)။

ဦးသန်းမောင် ဘာပြောတတ်သတုံး....(ဘာမှ မပြောတတ်ပါဘုရား)။

ဒါဖြင့် သူပေး လူပေး....သူထူ ငါထူမှ ကြွနိုင်တဲ့ ခလေး--။ သူပေး လူပေးနဲ့ စားရတဲ့ ဒုက္ခိတ။ သူထူ ငါထူမှ ထ,နိုင်တဲ့ ဒုက္ခိတဆိုတာ သေချာပလား....(သေချာပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘယ်လမ်းက လာခဲ့ကြတာတုံး မေးယင် ဘယ့်နှယ် ဖြေကြမလဲ....အခု ဒီအခြေအနေ ရောက်လာတာ .... (ဒုက္ခိတ ဘဝက လာခဲ့တာပါဘုရား)။

ဒုက္ခိတဘဝက လာခဲ့တာ။ ခင်ဗျားတို့က သူများခြေကျိုး လက်ကျိုးတော့ ဒုက္ခိတကလေး သနားစရာနဲ့။ ကိုယ်ကျိုးခဲ့တာ

တော့ ပြန်ကြည့်တာ မဟုတ်ဘူး....(မှန်ပါ)ပေါ်ပလား....(ပေါ်ပါပြီဘုရား)ကိုယ်လဲ ဒီအတိုင်းဘဲ မဟုတ်လား....(ဟုတ်ပါတယ်ဘုရား )။

အဲဒါကြောင့်.... ဒုက္ခိတဘဝကလေးကို မောင်ချစ်လှတို့, မသောင်းတို့ တကာမကြီးတို့ နောက်ထပ် ရောက်ချင်သေးသလား (မရောက်ချင်ပါဘုရား)။

အဲဒီ ဒုက္ခိတဘဝ ဒုက္ခသစ္စာကိုလဲ တပည့်တော်တို့ ရှုံခြင်း, မုန်းခြင်း, ငြီးငွေ့ခြင်း, ပျင်းရိချင်း, မလိုချင်ခြင်း ရှိသည် ဖြစ်ပါ၍ ဒီဒုက္ခလွတ်ရာကိုသာ ရည်မှန်း၍ ဤသက်န်းနှင့် တကွ ပစ္စည်းတွေကို လှူဒါန်းပါ၏။ ဒုက္ခရောက်ရာမှ လွတ်လိုလို့ လှူဒါန်းပါ၏ဘုရား....လို့ စိတ်ထားပြောင်းပစ်ပါ....(မှန်ပါ)။

အခုအချိန်မှာ သိပ်အရေးကြီးတယ်၊ ဒါလှူနေတဲ့ အချိန်ဘဲ-(မှန်ပါ)။

အဲဒီလို ဒုက္ခိတဘဝကလဲ လွတ်လာပါရော.... ခလေးကြီး မြောက်လာပြီဟေ့....လို့ မပြောကြဘူးလား.... (ပြောပါတယ်ဘုရား) ခလေးကလေး တော်တော်ကြီး မြောက်လာပြီလို့မပြောကြဘူးလား....(ပြောပါတယ်ဘုရား)။

အဲဒါကြီးတယ်ဆိုတာ အိုတာ....(မှန်ပါ) ဇရာဒုက္ခ ရောက်လာတယ်....(မှန်ပါ)။

ရင့်ရင့်-ရင့်ရင့်လာတာ....သရက်သီး ရင့်ရင့် ရင့်ရင့်လာတာ.... ဦးသန်းမောင် ကြွေမလို့ မဟုတ်လားဗျ....(မှန်ပါ)။

ဒီမှာလဲ ရင့်ရင့်လာတာ ဘာတုံး။အိုတာမဟုတ်လား(မှန်ပါ့) အိုယင် သေမလို့ မဟုတ်လား....(မှန်ပါ့)။

ဘယ်မှာတုံး ဇာတိဒုက္ခကြီး ဇရာဒုက္ခနဲ့ဆက်တွေလာတော့။ အိုတဲ့ဒုက္ခနဲ့ ဆက်တွေလာတော့ တကာတကာမတို့ ကျုပ်တို့မှာ ဝမ်းထဲနေတုန်းက ဇာတိဒုက္ခ။ ပြင်ဘက် ရောက်လာတော့ ဇရာ ဒုက္ခနဲ့ဆိုတော့ မောင်ချစ်စိန် ချမ်းသာတာပါသေးလား....(မပါ ပါဘုရား) ပေါ်ကြပလား....(ပေါ်ပါပြီဘုရား)။

နောက်ကို ဘယ်အချိန်ပျော်ကြလို့ ဘယ်အချိန်ချမ်းသာကြ သတုံး မေးလို့ရှိယင် ခင်ဗျားတို့ ပြောကြစမ်းပါ၊ ဘယ်အချိန် ချမ်းသာကြသတုံး.. (ဘယ်အချိန်မှ မချမ်းသာပါဘုရား) ဘယ် အချိန်မှ မချမ်းသာဘူးဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ) အဲဒါ ဇရာဒုက္ခလို့ မှတ်လိုက်စမ်းပါ....(မှန်ပါ့)။

ဒါဖြင့် အဲဒီ ဇရာဒုက္ခဆိုတာ ငမ်းထဲက တစောမီးတွေက တနေ့ညက ဟောသလို လောင်လောင်- လောင်လောင်နေတော့ ခန္ဓာကိုယ်က ကြီးထွား-ကြီးထွား-ရင့်ကျက်-ရင့်ကျက်ပြီးသကာလ အရိုးတွေကမာ၊ အကြောတွေက မာပြီးသကာလ ရင့်ကျက်လာ တာဟာ သေခါနီးလောင် လောင်တဲ့မီးလို့မှတ် လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

ဒါ ဇရာဒုက္ခလို့ခေါ်ပါတယ်၊ ဦးသန်းမောင် ရိပ်မိပလား (ရိပ်မိပါပြီဘုရား) နောက်က တကာတကာမတွေ.... ရိပ်မိကြ ပလား....(ရိပ်မိပါပြီ) ဘာဒုက္ခတုံး . (ဇရာဒုက္ခပါဘုရား)။

အေး.... အဲဒီ ဇရာဒုက္ခကြီးကိုလဲ ဇာတိဒုက္ခပြီး ဇရာဒုက္ခ ဆက်တွေရတဲ့အတွက် ဒီဇရာဒုက္ခကြီးကိုလဲ ရှုခြင်း, မှန်းခြင်း,

ပျင်းရိခြင်း,ငြီးငွေ့ခြင်း, မလိုချင်ခြင်း ရှိသည်ဖြစ်ပါ၍ ဤဉာဏ်နဲ့ သူ့ကို ဦးတည်တဲ့ဉာဏ်နဲ့ တပည့်တော်တို့သည် ဇရာဒုက္ခ၏ လွတ်ရာဖြစ်သော အဇရာ-မအိုရာဖြစ်တဲ့ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ ဤသံသာမျာအား တပည့်တော်တို့ ယိုက်ကန်တဲ့ ဘိနပ်,သက်န်း အစရှိသည်တို့ကို မအိုရာမှန် ပြည်နိဗ္ဗာန်ကို ရောက်လိုသော စိတ်နဲ့ မဂ်ဉာဏ်နဲ့ လှူပါ၏ဘုရား....လို့ ပြောင်းလိုက်ကြ။

ဒါ....အင်မတန် အရေးကြီးသွားပြီ.... (မှန်ပါ့ဘုရား) အင်မတန် အရေးကြီးသွားပြီ ဦးသန်းမောင် ရိုးတိုးယားတား လုပ်မနေနဲ့....နော်.... (မှန်လှပါဘုရား) အင်မတန် မကြီးဘူးလား.... (ကြီးပါတယ်ဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ ဒီလာနေပြီးသကာလ သွားပြန်တော့ ဒီခန္ဓာကိုယ်ကြီးဟာ အစဉ်အတိုင်းသွားတော့.... တော်တော်ကြာ ရောဂါတွေကရ... (မှန်ပါ့) အင်း....ဆရာဝန်တွေလဲခေါ်၊ ကိုယ့်ဆေးမှ ကိုယ်မသောက်နိုင်၊ ကိုယ့်ကျင်ငယ်မှ ကိုယ်မသွားမနိုင်နိုင်၊ ကိုယ့်အဂတ်မှ ကိုယ်မဖုံးမပိနိုင်တဲ့ ဗျာဓိဒုက္ခကော ရောက်ဦးမှာလား....မရောက်တော့ဘူးလား- (ရောက်မှာပါဘုရား)။

ဟာ....ဒါ ခန္ဓာ့လမ်းစဉ်ဘဲ၊ ဘယ်မှာ မရောက်ဘဲ ရှိရမလဲ.... (မှန်ပါ့) သဘောကျပလား... (ကျပါပြီ)။

ခန္ဓာ့လမ်းစဉ် ဘယ်မရောက်ဘဲ ရှိမလဲ့ုံး၊ ကေန်ရောက် တကယ်ရောက်ပေါ့....(မှန်ပါ့)။

ဒါဖြင့် ခန္ဓာဟာ စ,ကတည်းက မကောင်းလိုက်တာ အခုအချိန်ကျအောင် ကောင်းတာပါသေးရဲ့လား.... ( မပါ-ပါဘုရား)။

ဗျာဓိဒုက္ခတွေနဲ့ တွေ့တဲ့အခါကျတော့ အဲဒါ "ဗျာဓိပို ဒုက္ခသစ္စ"....လို့ မောင်ချစ်လှတို့က မှတ်ထား၊ တကာမကြီးကမှတ်၊ မသောင်းတို့မှတ်....(မှန်ပါ့)။

အဲဒီ့ ဗျာဓိဒုက္ခကြီးကိုလဲ တပည့်တော်တို့ ရောက်ရမှာ ကေန်သိပြီဖြစ်လေသောကြောင့် ဒီဗျာဓိဒုက္ခကြီးကိုလဲ နောင်တဖန် မရောက်ချင်သောစိတ် ပြင်းပြသည်ဖြစ်ပါ၍ အဗျာဓိဆိုတဲ့ နိဗ္ဗာန်ကိုရည်မှန်း၍ တပည့်တော်တို့သည် ယနေ့ အလှူပွဲကြီးကို ရေစက်ချပြီး လှူဒါန်းပါ၏လို့ မောင်ချစ်လှ ပြောင်းလိုက်.... (မှန်ပါ့) သဘောပါပလား....(ပါ-ပါပြီဘုရား)။

နောင် ရလို၏ ဆက်သွားတော့ ခန္ဓာ့လမ်းစဉ်က လာသေးတာပေါ့ ဆုံးမှ မဆုံးသေးဘဲ....(မှန်ပါ့)။

သေခါနီး ဒုက္ခဆိုတာ ရှိသေးတယ် ဦးတင်ရ.... ( မှန်ပါ့ ) သေခါနီး ဒုက္ခဆိုတာ ရှိသေးတော့ကို ဦးသန်းမောင်ကြီးတို့ သေခါနီးမှ တော်တော်နဲ့ အကုသိုလ်တွေလုပ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့နာလိုက်တာ,ကျင်လိုက်တာ,ကိုက်လိုက်တာ, ခဲလိုက်တာ အကြောတွေက ဟိုကဆွဲ- ဒီကဆွဲ၊ ကိုယ့်ဟာကိုယ် ဟိုစောင်းချင် ဒီတည့်ချင်နဲ့ ဆိုတော့ သေခါနီး ဒုက္ခကော မကြီးဘူးလား.... ကြီးသလား....(ကြီးပါတယ်ဘုရား)။

အဲဒါလဲ ဘယ်သူရှိလို့ ပေါ်လာတာတုံးမေးယင် ဘယ့်နှယ် ပြောကြမလဲ- ခန္ဓာရှိလို့ ပေါ်လာတာ....(မှန်ပါ့)ရှင်းကြပလား (ရှင်းပါပြီဘုရား)။

အဲဒီ မရဏဒုက္ခကြီးကလဲတွေ့လတ္တံ့ ဖြစ်နေသောကြောင့်.... ဒီမရဏဒုက္ခကိုလဲ နောင်ကိုမတွေ့ချင် မကြုံချင်တဲ့ဉာဏ်နဲ့ တပည့်တော်တို့ ဤသက်နှံ, ဤခြင်ထောင်, ဤဘိနပ် အစရှိသည်ကို သံဃာတော်များအား အချိုးကျ ရည်မှန်း၍ လှူဒါန်းပါ၏လို့ ပြောင်းလိုက်စမ်းပါ နော်....(မှန်ပါ့)။

တကယ်လို့ ဒီလိုမှ ဒီနေရာ ရောက်ချင်ပါသေးတယ် ဆိုယင် ဇာတိ ပြန်လှည့်တော့မယ်....(မှန်ပါ့) သေပြီးယင် တခါဇာတိ ပဋိသန္ဓေ ပြန်လှည့်မှာပေါ့....(မှန်ပါ့)။

ဦးသန်းမောင် ဝိုင်းသွားပြီ....(မှန်ပါ့)ဇာတိကလာတာ အခု သေပြီး ဘယ်ပြန်လှည့်ပြန်သတုံး....ဇာတိ ပြန်ရောက်ပြန်တယ်.... (မှန်ပါ့)။

ဇာတိ ပြန်ရောက်ပြန်တော့ ဦးတင် တပတ်မရသေးဘူးလား (ရပါပြီဘုရား)

ဒီလို အပတ်ပေါင်းနောက်က ဘယ်လောက်လည်ခဲ့သတုံး.... ယို့ ဦးသန်းမောင် မေးယင် ဘယ့်နှယ်ဖြေပါ့မလဲ....(မရေတွက်နိုင်ပါဘုရား)။

ဒါဖြင့် လည်ချင်သေးသလား ခင်ဗျားတို့....(မလည်ချင်ပါဘုရား)။

အဲ.... မလည်ချင်တဲ့ဉာဏ်သည် သံသရာပြတ်ချင်တဲ့ ဉာဏ်။ အဲဒီ သံသရာပြတ်ချင်တဲ့ဉာဏ်နဲ့ တပည့်တော်တို့ ခန္ဓာသံသရာကြီးကို ပြတ်ချင်တဲ့ဉာဏ်နဲ့။ ပြတ်လိုသော ဆန္ဒပြင်းပြသည်ဖြစ်၍ လှူဒါန်းပါ၏လို့ ပြောင်းရမယ်ဆိုတာ သဘောကျပလား- (ကျပါပြီ) ရှင်းပြီနော်....(ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ တခုကိုသာ ရည်မှန်းပြီး လှူဒါန်းကြစို့နော်....(မှန်ပါ့) ကဲ.. ရေစက်ချပေတော့....။

ဘန္တေ = အရှင်ဘုရား။ မယံ= အကျွန်ုပ်တို့သည်။ ရာဂါဒိပီဠိ = ရာဂ အစ ရှိကုန်သော။ ကောဒသဂ္ဂိဟိ= ဆယ့်တပါးသော မီးတို့ဖြင့် ပဋိပီဠိတံ = အလွန်အကဲ ညှဉ်းဆဲ၍နေထသော။ သံသာရဘယံ=ဒြွားရဟတ်ပမာ ချာချာပတ်၍ တဖြစ်တည်း ဖြစ်၍နေသော သံသရာ ဘေးကြီးကို။ အတိဘာယိတွာ=အလွန် ကြောက်ပါကုန် သည်ဖြစ်၍။ တဒေဘာ=ထိုသံသရာဘေးဘယမှ။ မုတ္တာ= ကင်းလွတ်ရကုန်သည်။ ဟုတွာ=ဖြစ်၍။ နိဗ္ဗာနံ=နိဗ္ဗာန် ချမ်းသာဖြတ်ကြီးကို။ သဗ္ဗဲ ကာရဏာဟဉ္စာယ=မကြာမတင် ဆောလျင်ကူးမြောက်မျက်မှောက်ပြုပါရခြင်းအကျိုးငှာ ဉာဏစက္ခုနာ= ဉာဏ်ပညာစက္ခုဖြင့်။ ဂဝေသန္တော= ရှာ မှီးသည်ရှိသော်။ ဘိက္ခဝေ= သံသရာဘေးတွေ့သောရှေ့မျှော် လေ့ ရှိကြကုန်သော သူတော်ကောင်း သာပေါ်ကြို။ ပုညံ= ကောင်းမှုကုသိုလ်ဟူသမျှသည်။ သခံ= လူ့နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကြီးကို။ ဇနေတိ= ဖြစ် စေတတ်၏။

ကုသိုလ်ကတော့ဖြင့်တဲ့....လူချမ်းသာ- နတ်ချမ်းသာ - နိဗ္ဗာန် ချမ်းသာဟူသော အကျိုးကို ပေးတာဘဲတဲ့။ သို့သော်.. မောင် ချစ်လှတို့ တကာမကြီးများက လူချမ်းသာ ဒုက္ခသစ္စာ မလိုချင် ပါ။နတ်ချမ်းသာ ဒုက္ခသစ္စာ မလိုချင်ပါ။နိဗ္ဗာန်ချမ်းသာကိုသာ သုခသစ္စာ ဖြစ်သောကြောင့် တပည့်တော်တို့ ရလိုပါ၏လို့ .... စိတ်ပြောင်းလိုက်နော်....(မှန်ပါ့)။

သုခံ=လူနတ်-နိဗ္ဗာန် သုံးတန်သော ချမ်းသာမြတ်ကြီးကို။ ဇနေတိ=ဖြစ်စေတတ်၏။ ဣတိ=ဤသို့။ဝုတ္တံ= သုံးလူ့ဆရာ စေသတ္တာသည် ကောင်းစွာ ဟောကြားအပ်သော စကားရပ်ကို။ မနသိကတွာ= နှလုံးနှစ်ချိုက်ပိုက်မိကြကုန်သည် ဖြစ်၍။ တိသရဏေန = သရဏဂုံ သုံးပါးနှင့်။သဟ=တကွ။ပဉ္စသီလာနိ=အင်္ဂါငါးပါးနှင့် ပြည့်စုံသော ပရမတ္ထ သီလတော်မြတ်ကြီးကို။ သမာဒိယိတွာ ဂဏှိတွာ=ကောင်းစွာ ခံယူဆောက်တည်ပြီး၍။ ဣမာနိစိဝရာဒိနိဒေယျဓမ္မဒါတဗ္ဗဝတ္ထုနိ= ဤအသီးသီးသော သင်္ကန်းအစရှိသော ဒေယျဓမ္မဒါတဗ္ဗဝတ္ထုအစုစုတို့ကို။ အာယသမန္တာနံ= အရှင်ဘုရားတို့၏။ သမ္မုခေ= မျက်မှောက်တော်၌။ဒက္ခိဏောဒကံ=မြတ်သော အလှူရေစက်ကို။ နိဗ္ဗာနာယ= မအိုမသေနိဗ္ဗာန်အကျိုးငှာ ရည်မှန်း၍ ဘာမှမရလိုဘူး၊ ဆင်းရဲကင်းတဲ့ နိဗ္ဗာန်ကိုသာ ရလို၍ ဤသံဃာများအား လှူဒါန်းပါ၏၊ မီးထဲက ဆွဲထုတ်တဲ့ ပစ္စည်းကို ဤနေရာ ဌာန၌သည်ပိုးထားပါ၏၊ ရှင်းပလား.... ( ရှင်းပါပြီဘုရား )။

အညေဟိ= တပါးကုန်သော၊ ပုညေဟိစ=အနမတဂ္ဂ သံသရာကအစ ယခုဘဝတိုင်အောင် ပြုလုပ်ဆည်းပူးခဲ့ကြသော ကုသိုလ်ကံ စေတနာတို့ကြောင့်ငင်း။ မယံ=. တပည့်တော်-တပည့်တော်မတို့သည်။ အဇာတိံ = ပဋိသန္ဓေ မနေရာစင်စစ်ဖြစ်သော။ အဇရံ= မအိုရာစင်စစ်ဖြစ်သော။ အမတံ= မသေရာစင်စစ်ဖြစ်သော။ သိဝံ= ဇာတိ ဇရာ ဗျာဓိ မရဏ စသည် ထောင်သောင်း ဘေး

အပေါင်းတို့၏ ငြိမ်းချမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ မြတ်ကြီးကို။ ဣစ္ဆိတဝရေန = အလိုရှိအပ်- တောင့်တ အပ်သော ဆုမြတ်အပေါင်းနဲ့။ သဉ္စိကရေယျာမ = မငြိုမငြင် ဆောလျင်ကူးမြောက် မျက်မှောက် ပြုရပါ လို၏အရှင်ဘုရား....။

ဘန္တေ = အရှင်ဘုရား။ မယံ = အကျွန်ုပ်တို့သည်။ ဣမိနာ ဒါနပုညေန = ဤသို့ပေးလှူရသော ကုသိုလ်ကံ စေတနာကြောင့်ရင်း။ ဣမိနာသီလပုညေန = ဤကဲ့သို့ဆောက်တည်ရသော သီလကုသိုလ်ကံစေတနာကြောင့်ရင်း။ အညေဟိ = တပါးကုန်သော။ ပုညေဟိစ = အနုမောဒနာသံသရာက စ၍ ယခုဘဝပြုလုပ်ခဲ့ရသော ကုသိုလ်ကံ ကောင်းမှု စေတနာတို့ကြောင့်ရင်း။ မယံ = တပည့်တော်- တပည့်တော်မတို့သည်။ အဇာတိံ = ပဋိသန္ဓေဆိုတာမြူမှမသန်းဘဲ ဇာတိအစရှိသည်တို့၏ ကင်းရာဖြစ်သော ဒုက္ခသစ္စာ၏ ငြိမ်းရာဖြစ်သော အဇာတိဆိုတဲ့ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား.... ။

ဣမဿ = ဤကောင်းမှုကံ၏။ ဘာဂံ = အဘို့ကို။ ဂုဏဝိသိဋ္ဌတရာနံ = ဂုဏ်ကျေးဇူးအားဖြင့် အထူးကြီးမားလှကုန်သော။ မာတာပိတုန္နံ = မိခင်,ဘခင်တို့အားရင်း။ အာစရိယာနဉ္စ = ဆရာသမားတို့အားရင်း။ ဣမာသံ ၁ရိသာနဉ္စ = ယခု စည်းဝေး ရောက်လာကြ ကုန်သော ပရိသတ်တို့အားရင်း။ကေတိံ သဘဝေ = သုံးဆယ့်တဘုံ၌၊ စရန္တာနံ = ကျင်လည်ပြေးသွား၍ နေကြကုန်သော။ သဗ္ဗ

သတ္တာနုဒ္ဒ=အလုံးစုံသောသတ္တဝါအပေါင်းတို့အားရှင်း၊ ဘာဇေမ = ရေစက်သွန်ချ အမျှ ပေးဝေပါ ကုန်၏။ တေသတ္တာ= ထိုသတ္တဝါအပေါင်းတို့သည်။ အမှေဟိ= အကျွန်ုပ်တို့နှင့်။ သမံ=ထပ်တူထပ်မျှ။ ပုညဘာဂံ= ကုသိုလ်အဘို့ကောင်းမှု အဘို့ကို။ လဘိတွာ=အတူတကွ အမျှရကြကုန်သည်ဖြစ်၍။ သုခိတာ= ကိုယ်စိတ်နှစ်ဖြာ ချမ်းချမ်းသာသာ ရှိကြကုန်သည်။ မုဒိတာ=ပီတိမောက် လွှမ်း၍ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်။ဘဝန္တု= ဖြစ်ကြပါစေကုန်သတည်း........။

မောင်ချစ်လှ....အမျှဝေလိုက်....။

အမျှ....အမျှ....အမျှ....ယူတော်မူကြပါခင်ဗျာ။

သာဓု....သာဓု... သာဓု....

မိုးကုတ် ဝိပဿနာ အမှတ်စဉ် - ( ၁၅ )
ပြီးပါပြီ၊

# မှတ်ချက်

# မှတ်ချက်

# မှတ်ချက်

# မှတ်ချက်

# ရနိုင်သောဌာနများ

★

ဤအဖွဲ့မှရိုက်နှိပ်ထုတ်ဝေပြီးထုတ်ဝေသတ္တ့ သောစာအုပ်များကို အောက်ဖော်ပြပါ ဌာနများတွင် ရရှိနိုင်ပါသည်။
အဖွဲ့မှ ရပ်ဝေးသို့ တင်ပို့ခြင်းလက်လီရောင်းခြင်းမပြုပါ။

## ရန်ကုန်မြို့

(၁) ပညာအလင်းပြ စာအုပ်တိုက် -၁၃၀-ဗိုလ်ချုပ်လမ်း
(၂) ဗုဒ္ဓဓမ္မလောက စာအောင်- ရွှေတိဂုံဘုရား လမ်း
(၃) ဦးချစ်ထွေး၊ အမှတ် ၃၃-ဘုန်းကြီးလမ်း
(၄) ရွှေတိဂုံဘုရား တောင်ဘက်စောင်းတန်း ဦးချစ်ဘော် ဆိုင်-နှင့် အခြား စာအုပ်ဆိုင်များ
(၅) ဟံသာဝတီ စာအုပ်ဆိုင်။ ဗိုလ်အောင်ကျော်လမ်း

## မန္တလေးမြို့နှင့် အခြားမြို့များ

(၆) သစ်ဘုရားသားအေး(လ်) ရုံ ဈေးချိုတော်
(၇) အောင်မြန်မာ ကျုမ့်ဖိုင် အောင်ပိုမ်း ဈေးချို
(၈) ဦးဘဓေလး-ဂျစ်ကားဟံဆိပ် အထည်တိုက် မုံရွာမြို့
(၉) ဦးဘအုန်း-ဒေါ်ကျင်လှမ် ၁၆-ကုန်စုံလမ်း၊ ပုသိမ်မြို့
(၁၀) အောင်နိုင် စာပေတိုက်၊ နဝရတ်ဆိုင်တိုက် ၁၁၅- အခန်းအမှတ် ဘီစီ-လမ်းမတော် ပြည်မြို့
(၁၁) ရွှေမောင်းစာအုပ်ဆိုင်၊ ဗိုလ်ချုပ်လမ်း ဟင်္သာတမြို့
(၁၂) ဦး မောင် ရှန်၊ ၁-စကာဝါလမ်း၊ ရွှေတောင်ရုံ၊ မော်လမြိုင်မြို့။
(၁၃) ဦးတင်အောင် ဒေါ်ခင်ကြည်၊ဈေးအနီးဆင်ဖြူကျွန်း

သတိပြုရန်။ ။အဖွဲ့တည်ရာဌာန၌ လက်လီရောင်းချခြင်းမပြုပါ။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ်( ၁၁၃ )

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရား၏

# ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ
ကမကထပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။